အရှင်ဇနကာဘိဝံသ

၏

# ဝီထိ ☆ နှင့် ☆ သုံးချက်စု

## ဘာသာဋီကာ



(ဒုတိယအကြိမ်)

စာမူခွင့်ပြုချက်အမှတ် - (၂၃/၉၅) (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၆၆/၉၅) (၇)

ပုံနှိပ်မှတ်တမ်း - ၁၉၉၅ ခုနှစ်၊
(ဒုတိယအကြိမ်)

ကြီးကြပ်စီစဉ်သူ - မောင်တင်မြင့်
(မဟာဂန္ဓာရုံ-ကပ္ပိယဒါယကာ)

ထုတ်ဝေသူ - ဦးမောင်မောင် (မြ-၀၁၈၂၄)
မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့။

အတွင်းစာသားပုံနှိပ်သူ နှင့် မျက်နှာဖုံးပုံနှိပ်သူ - ဦးသန်းဝင်း (၀၅၂၅၉)
သော်တာဝင်းအော့(ဖ်)ဆက်
အမှတ်(၇) ကြေးပန်းတိမ်တန်းလမ်း
ကန်တော်ကလေး၊ ရန်ကုန်မြို့။
ဖုန်း-၈၀၁၁၅

အတွင်းစာမျက်နှာမွမ်းမံ - ကိုနိုင်ဝင်း (မြစုမွန်ကွန်ပျူတာ)

ကွန်ပျူတာစာစီ - မြစုမွန်ကွန်ပျူတာစာစီ
အမှတ် ၂၆၇ (ဒုတိယထပ်)
ဗိုလ်မြတ်ထွန်းလမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၉၃၇၆၁

စောင်ရေ - ၂၀၀၀

တန်ဖိုး - ၁၈၀-ကျပ်

## ဖြန့်ချိရေး

မဟာဂန္ဓာရုံကျောင်းတိုက် ဇရပ်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း၊
အခန်း ၅၊ တိုက် ၂၊ ဆာရာဝန်များရိပ်သာ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး
... မြို့နယ် ရန်ကုန်မြို့။ အိမ်ဖုန်း- ၀၁-၂၄၁၃၁

## ပလ္လင်ခံ

သယံ ဗုဒ္ဓေါ သမ္ဗောဓေသိ,
ဓမ္မေပိ ဓမ္မသတ္တိယော၊
အယော နော တဿ သုတတ္တံ,
အယော နော ဓမ္မစိန္တနံ။

ယော **စိနော–မကိုင်ရှိုရောင်လျှံ,** ဩျှောင်ပျံဝယ်, အောင်လံစွင့်စွင့်, လွှင့်တလူလူ, **အကြင်** အောင်တော်မူ မြတ်ဘုရားသည်၊ ဓမ္မေပိ–ရှေ့နောက် **စဉ်လျက်, ဖြစ်တိုင်းပျက်၍, ဆက်ဆက်မနော,** တရားသဘောတို့ကိုရင်း၊ **ဓမ္မသတ္တိယောပိ–တရားတိုင်း၏,** ဓာတ်ခံပြည့်လျက်, သတ္တိအင်အား, **စွမ်းပကားတို့ကိုရင်း၊** သယံဗုဒ္ဓေါ–ဗောဓိမဏ္ဍိုင်, ခမ်းဝါမြိုင်ဝယ်, ကိုယ်တိုင် **စထွင်, သိမြင်တော်မူပြီးသည်ဖြစ်၍၊** သမ္ဗောဓေသိ–သိတန်သမျှ, ဝေနေယျကို, **မြွက်ဟာလှစ်ဘော်, သိစေတော်မူခဲ့ပေပြီ၊** တဿ ဇိနဿ–အောင်မြေနက်သန်, **ဗောဓိမဏ်ဝယ်, အောင်လံစွင့်စွင့်,** လွှင့်တလူလူ, ထိုအောင်တော်မူ မြတ် **ဘုရား၏၊** သုတတ္တံ–တရားဓမ္မ, ဩဝါဒကို, ကြား‌ရရှင်ပျော်, သားသမီးတော် ဖြစ်ရခြင်းသည်၊ **အယောနော**–ကိုယ့်တွက်ကိုယ့်ဟာ, ကိုယ်ကျိုးပါသဖြင့်, ကိုယ့်မှာခုနှယ်, ဩော်–––ဝမ်းမြောက်ဘွယ်ကြီးပါတကား၊ ဓမ္မစိန္တနံ–**ဓမ္မသက်သက်, ရှေ့နောက်ဆက်၍,** ဖြစ်ပျက်နေဟန်, ကြောင်းကျိုးမှန်ကို, **ဖန်ဖန်ခွဲဝေ, ကြံစည်၍** နေရခြင်းသည်၊ အယောနော–ကိုယ့်သန္တာန်တွင်း, **ဉာဏ်ရောင်လင်း၍,** ရှင်းကာ ရှင်းကာ, ဩော်–အားရဘွယ်ကြီးပါ တကား။

ယခုလက်ရှိ ကမ္ဘာလောကကြီး၌ ဗုဒ္ဓဘာသာ ဟိန္ဒူဘာသာ ခရစ်ယာန်ဘာသာ မဟာမေဒင်ဘာသာဟု ဘာသာကြီး ၄ ရပ် ထင်ရှားလျက် ရှိ၏၊ ထိုဘာသာကြီး ၄ ရပ်ကို ကိုးကွယ်ကြသူ လူကြီးလူကောင်း သူတော်ကောင်း အခေါ်ခံသူတို့မှာ မိမိတို့ ဘာသာ၏ သခင် (ဘာသာကို စထွင်ခဲ့သော) ဗုဒ္ဓရှင်တော်ကို ညွှန်ပြဘို့ရန် တာဝန်ရှိကြသည့် အလျောက် များမြော် လှစွာသော အခြားဘာသာဝင် လူကြီး လူကောင်းတို့သည်

မိမိတို့ဘာသာ၏ သခင်ကို ထာဝရဘုရားရှင်ဟု ညွှန်ပြခဲ့ကြလေသည်၊ ထိုသုဂတ ရှင်ဘို့ ပညတ်အပ် ဟောပြအပ်သော တရားတို့၌ ဗုဒ္ဓဘာသာ၏ သခင် သဗ္ဗညုဘုရားရှင်၏ တရားတော်များကဲ့သို့ "စက္ခုဝိညာဉ် ဖြစ်ပြီးနောက် သမ္ပဋိစ္ဆိုန်းစိတ် ပေါ်လာသည်, သမ္ပဋိစ္ဆိုန်းနောက် သန္တီရဏ ပေါ်လာသည်" စသည်ဖြင့် သိမ်မွေ့သော စိတ်အစဉ်၏ အဖြစ်အပျက် အဆက်ဆက် နိယာမ ဓမ္မတာကိုလည်း ဖော်ပြခြင်းမရှိ၊ "မည်သည့် အကျိုးတခု ဖြစ်ဘို့ ရန် မည်မျှလောက်သော အကြောင်းအပေါင်းတို့က မည်ကဲ့သို့သော သတ္တိဖြင့် ပြုစီမံရသည်"ဟု ဟေတုအာရမဏ စသော ပစ္စည်းတရားတို့ကိုလည်း ခွဲခြားချက် မရှိချေ။

အတိအလင်း ဘွင်းဘွင်းကြီး ရေးသား ရမည်ဆိုသော်-ထို အခြား ဘာသာတရားတို့၌ ဖဿ ဝေဒနာ သညာ စသော သဘောရိုးကလေး များ၏ နာမည်လောက်မျှ မတွေ့ရပေ၊ ယခုခေတ်၌ လောကဓာတ်ပညာ လွန်စွာ ထွန်းကားလာစေကာမူ ထိုလောကဓာတ်ပညာဖြင့် (တိုက်ရိုက် မဟုတ်) မှန်းဆ၍သိရသော ဓာတ်မှုန့်ကလေးမှာ "Atom" ခေါ် အနုမြူ ကလေးသာတည်း၊ ထို အနုမြူမှုန့်ကလေး၌ မည်သည့် ဓာတ်သဘောတွေ စုနေသည်-ဟု သိဘို့ အရေးမှာ လောကဓာတ်ပညာ၏ အရာမဟုတ် တော့ပြီ၊ သဗ္ဗညုဘုရားရှင်ကား "ထိုအနုမြူထက်သေးသော ပရမာနုမြူမှုန့် ကလေး၌ အသေးဆုံးရုပ်ကလာပ်တွေ ပေါင်းစပ်လျက်ရှိ၏, ကလာပ် တခု တခု၌ ၂၈ထိ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဟူသော ရုပ်ပေါင်း ရှစ်ခု စုမိကာ သဟဇာတသတ္တိ အညမညသတ္တိ နိဿယသတ္တိ အတ္ထိသတ္တိ အဝိဂတသတ္တိတို့ဖြင့် အပြန်အလှန် ကျေးဇူးပြုလျက် ရှိကြသည်ဟု တာဝတိံ သာနတ်ပြည်ဝယ် နတ် ဗြဟ္မာတို့ အလယ်မှာ လောကဓာတ်ပညာရပ် တို့ကို ကောင်းစွာ ဩသတော်မူခဲ့ပေသည်။

အချုပ်အားဖြင့်ကား ထိုကဲ့သို့ ဘာသာအမျိုးမျိုး ရောယှက် ရှုပ်ထွေး နေသော ကမ္ဘာကြီးတွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ဖြစ်လာရခြင်း သည် မိမိတို့အတွက် အလွန် ကံကောင်းလေစွ၊ ထို ဗုဒ္ဓရှင်တော်မြတ်

ရွှေနှုတ်တော်ထွက် တရားအချို့ကို (ပဋ္ဌာန်း သတိပဋ္ဌာန် ဓမ္မစကြာ အနတ္တလက္ခဏာသုတ် မင်္ဂလသုတ် ပရိတ်တော် စသည်ကို)မိမိတို့နှုတ်တွင်းသို့ သွင်းကာသွင်းကာ ရွတ်ဆိုနေရခြင်းသည် မိမိအတွက်မှာ မင်္ဂလာ ကြက်သရေရှိလေစွ၊ မြို့ရွာအုသံ မဆူညံဘဲ လူသံတိတ်ချိန်ဝယ် ဆိတ်ငြိမ်သော ကျောင်းကလေး၌ လေဧလေညှင်းတို့ တသင်းသင်းလာတုန်းမှာ တကမ္ဘာလုံး၏ ရုပ်နာမ်ဝိထိအစဉ်ကို ပဋ္ဌာန်းပစ္စည်းတင်၍ ဆင်ခြင်ကြည့်ရှုရသည့်အခါ မြဲသောအရာ ချမ်းသာအစစ် အနှစ်သာရ ဘာတခုမျှ ရှာမရဘဲ "ဤအကြောင်းတရားကြောင့် ဤအကျိုးတရား ဖြစ်ရသည်, ဤ အကြောင်းတရား မရှိလျှင် ဤအကျိုးတရားလည်း မရှိနိုင်တော့ပြီ"ဟု မိမိ၏ ရုပ်နာမ်နှင့်တကွ ဟုတ်မှန်သော အချက်ကို နက်နက်နဲနဲ မြင်နိုင်သောကြောင့် ဗုဒ္ဓရှင်တော်မြတ် တရားတော်များကို စဉ်းစားကြံစည်၍ နေရခြင်းသည် တကယ်တန်း နိဗ္ဗာန်လိုသူမှာ ချက်ခြင်း ရနိုင်ဘွယ်ရာ အကြောင်း–ဆုတမျိုးမျိုး မြှော်ကိုးသူတို့မှာ ပါရမီ ဓာတ်ခံ ရင့်သန်ဘွယ်ရာ အကြောင်းဖြစ်၍ ဩော်–––အလွန့်အလွန် ကောင်းမြတ်ပေစွတကား။

ဤသို့လျှင် မိမိတို့မှာ ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းက ပဌမအဆင့်ကံကောင်းလှပြီ ဖြစ်၍ ဒုတိယတဆင့်တက်ကာ အခြားဘာသာ၌ မပါရှိသော အဘိဓမ္မာ ရုပ်နာမ်ဝိထိ အကြောင်းနှင့် ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်နည်းကို အသီးအသီး ခွဲခြားစိတ်ဖြာနိုင်ပါမူ လွန်စွာ့လွန်စွာ အကျိုးများဘွယ် ရှိရကား ဤကျမ်း၌ ညွှန်ပြမည့် ဝီထိနှင့် သုံးချက်စုများကို "ရလျှင်ပြီးရော"ဟု သဘောမထားဘဲ ထက်သန်သော ဆန္ဒဖြင့် အဓိပ္ပာယ်ဆိုရိုးကုန်အောင် စုံလင်စွာ လေ့ကျက်၍ တတိယတဆင့် တက်ပြီးလျှင် လေးနက်စွာ စဉ်းစားနိုင်သော ပညာရှိ သူတော်ကောင်းကြီးများ ဖြစ်ကြပါစေသောင်။

၃–၉–၁၀၀

အရှင်ဇနကာဘိဝံသ

# မာတိကာ


| အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|
| **ပဋ္ဌာန်းဒွါရဝီထိခဏ်း** | |
| အတိမဟန္တာရုံဝီထိများ ... | ၄ |
| မဟန္တာရုံဝီထိများ .. | ၈ |
| ပရိတ္တာရုံနှင့် အတိပရိတ္တာရုံဝီထိများ. .. | ၁၁-၁၁ |
| စိတ်သရုပ်-အာရုံ-ဝတ္ထု ... | ၁၃ |
| ဘုံ-ပုဂ္ဂိုလ် .. | ၁၅ |
| မနောဒွာရဝီထိ စသည့်စစ်တမ်း ... | ၁၇ |
| **ကာမဇော မနောဒွါရဝီထိခဏ်း** | |
| တဒါရမဏဝါရ ... | ၂၂ |
| ဇဝနဝါရ ဝိဘူတာရုံ-အဝိဘူတာရုံဝီထိများ ... | ၂၅ |
| အဗျာကတဝါရ-အိပ်မက်ဝီထိ ... | ၂၈ |
| စိတ်သရုပ်-အာရုံ-ဝတ္ထု ... | ၂၉ |
| ဘုံ-ပုဂ္ဂိုလ် ... | ၃၀ |
| တဒနုဝတ္တိက ဝီထိများ ... | ၃၂ |
| ဝိညတ္တိဂှာဟကဝီထိများ ... | ၃၈-၃၉ |

| အကြောင်းအရာ | | မျက်နှာနံပါတ် |
|---|---|---|
| **အပ္ပနာဇောဝါရစဉ်း** | | |
| ဈာနဝီထိများ | ... | ၄၁ |
| မဂ္ဂဝီထိများ | ... | ၅၁ |
| ဖလ သမာပတ္တိဝီထိများ | ... | ၅၇ |
| အဘိညာဝီထိများ | ... | ၆၀ |
| နိရောဓသမာပတ္တိဝီထိများ | ... | ၇၁ |
| **မရဏာသန္နဝီထိစဉ်း** | | |
| ပဉ္စဒွါရဝီထိများ | ... | ၇၇ |
| မနောဒွါရဝီထိများ | ... | ၈၃ |
| ဘဝင်သွင်းရန် အချုပ် | ... | ၈၆ |
| ပရိနိဗ္ဗာနဝီထိများ | ... | ၈၉ |
| **ရုပ်ဝီထိစဉ်း** | ... | ၉၈ |
| **၃ ချက်စဉ်း** | | |
| ဟေတုပစ္စည်း | ... | ၁၂၉ |
| အာရမ္မဏပစ္စည်း | ... | ၁၃၇ |
| အဓိပတိပစ္စည်း | ... | ၁၄၀ |
| အနန္တရ–သမနန္တရပစ္စည်း | ... | ၁၅၂–၃ |
| သဟဇာတပစ္စည်း | ... | ၁၅၈ |
| အညမညပစ္စည်း | ... | ၁၆၆ |

# မာတိကာ


| အကြောင်းအရာ | | မျက်နှာနံပါတ် |
|---|---|---|
| နိဿယပစ္စည်း | ... | ၁၇၀ |
| ဥပနိဿယပစ္စည်း | ... | ၁၈၅ |
| ပုရေဇာတပစ္စည်း | ... | ၁၉၆ |
| ပစ္ဆာဇာတပစ္စည်း | ... | ၂၀၁ |
| အာသေဝနပစ္စည်း | ... | ၂၁၁ |
| ကမ္မပစ္စည်း | ... | ၂၁၇ |
| ဝိပါကပစ္စည်း | ... | ၂၂၄ |
| အာဟာရပစ္စည်း | ... | ၂၃၀ |
| ဣန္ဒြိယပစ္စည်း | ... | ၂၃၅ |
| ဈာနပစ္စည်း | ... | ၂၄၂ |
| မဂ္ဂပစ္စည်း | .. | ၂၄၄ |
| သမ္ပယုတ္တပစ္စည်း | ... | ၂၄၆ |
| ဝိပ္ပယုတ္တပစ္စည်း | ... | ၂၄၈ |
| အတ္ထိ-အဝိဂတ | ... | ၂၅၅ |
| နတ္ထိ-ဝိဂတ | ... | ၂၅၈ |
| **၃ ချက်စု သရုပ်ခွဲ** | ... | ၂၆၂ |
| **၂၄ ပစ္စည်း အနက်ကျယ်** | ... | ၂၇၅ |
| **ဓာတုကထာဆောင်ပုဒ် အကောက်လင်္ကာ** | ... | ၂၈၅ |
| **နေတ္တိဟာရ အကောက်လင်္ကာ** | ... | ၃၂၃ |

# ဝီထိ နိဒါန်းအချို

**ဝီထိအန္တရဂတံ နာထံ၊ နတွာန ဝီထိဝါစနံ။**
**ဝီထိယာ ဝဏ္ဏယိဿာမိ၊ ဝါစေန္တု ဝီထိဝါစိနော။**

စိတ်တို့၏ အစဉ်အတန်းကို စိတ်ဝီထိ၊ ရုပ်တို့၏ အစဉ်အတန်းကို ရုပ်ဝီထိ ဟူ၍ သာသနာတော်ဝယ် အတော်ထင်ရှား အသုံးများသော သိဘွယ် တရပ်ရှိ၏၊ ထိုဝီထိကို နားမလည်လျှင် များစွာသော ပါဠိတော် အဋ္ဌကထာဝယ် (အထူးအားဖြင့် ပဋ္ဌာန်းဆိုင်ရာဝယ်) ယောင်လယ်လယ် ဖြစ်ကြရသည်၊ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သော ယောဂီ ပုဂ္ဂိုလ်များအတွက် အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်နိုင်ဘို့ အချက်မှာ ဤ ဝီထိများသာလျှင် အသက်ပမာ ဖြစ်၏၊ ထို့ကြောင့် သာသနာတော်၏ နှလုံးသည်းပွတ်ပမာ လွန်စွာ အရေးကြီးသော ဝီထိ၏ အကြောင်းအရာကို ကောင်းစွာ နားလည်ထိုက်ကြပေသည်။

ထိုသို့ နားလည်ထိုက်သည်အားလျော်စွာ စိတ်ဝီထိအတွက်ကို စဉ်းစား လျှင် အဘိဓမ္မတ္ထသင်္ဂြိုဟ် ဝီထိပိုင်းအဆိုမှာ လွန်စွာကျဉ်းမြောင်းလှသဖြင့် ပြည့်ဝစုံလင်သော မြန်မာလို ဆိုရိုးကို ရှေးဆရာတော်တို့ အမျိုးမျိုးစီစဉ် တော်မူခဲ့ကြသော်လည်း ရှည်မျောတော်မူလှသည့်ပြင် အဓိပ္ပာယ် စုံလင် အောင် မသော်ပြသည့်အတွက်ကြောင့် အာရုံနှုတ်တက် ဆောင်ရွက်ဘို့ရာ များစွာစိတ်မပါကြချေ။ ထို့ကြောင့် ရှေးဆရာတော်တို့၏ လက်ရိုး လက်ဆန်း ဝီထိအခဏ်းတို့ကို မှီငြမ်းအတု လက်ကိုင်ပြုလျက် ရှုလိုက်တိုင်း သန့်ရှင်း အောင် မကျဉ်းမကျယ် အဓိပ္ပာယ်နှင့်တကွ ဝီထိဆိုရိုးကို စီစဉ်လိုက်ရ ပေသည်။

**အမှာ။** ။ ဝီထိပိုင်း ဘာသာဋီကာကို လေ့လာအပြီးတွင် ဤဝီထိ ဆိုရိုးကို တိုးတက်လေ့လာမှသာ စိတ်ဝီထိအတွက် လုံလောက်ပြီဟု တာဝန်ခံနိုင်ပါမည်၊ သို့အတွက် ဤဝီထိဆိုရိုးကို ညဝါလိုဆို၍ ဖြစ်စေ၊ နေ့ဝါလို ကြည့်ရှုရွတ်အံ၍ ဖြစ်စေ တနည်းနည်းဖြင့် နှုတ်တက်အောင်

## နိဒါန်းအချို

လေကျင့်နိုင်ကြပါစေ၊ ဝိထိပိုင်း ဘာသာဋီကာဝယ် သဘာဝ အဓိပ္ပါယ်ကို အသွယ်သွယ် ပြခဲ့ပြီးဖြစ်၍ ဤ၌ဝိထိဆိုးရိုးစကားနှင့် သက်ဆိုင်သော အဓိပ္ပာယ်များကိုသာ ပြထားပါသည်။ .

အရှင်ဇနကာဘိဝံသ

---

## ဝိထိပုံစံများ၌

### အကျဉ်းချုပ် သင်္ကေတများ

| | | | |
|---|---|---|---|
| ၀၀၀ | = ဥပါဒ်ခဏ ဌီခဏ ဘင်ခဏ | ဇ | = ဇော |
| ဘ | = ဘဝင် | တ | = တဒါရုံ |
| တီ | = အတီတဘဝင် | အာ | = အာဂန္တုကဘဝင် |
| န | = ဘဝင်္ဂစလန | မ | = မနောဒွါရာဝဇ္ဇန်း |
| ဒ | = ဘဝင်္ဂုပစ္ဆေဒ | ပ | = ပရိကံ |
| ပ | = ပဉ္စဒွါရာဝဇ္ဇန်း | ဥ | = ဥပစာ |
| စ | = စက္ခုဝိညာဏ် | နု | = အနုလုံ |
| သော | = သောတဝိညာဏ် | ဂေါ | = ဂေါတြဘု |
| ဃာ | = ဃာနဝိညာဏ် | ဝေါ | = ဝေါဒါန် |
| ဇိ | = ဇိဝှါဝိညာဏ် | ဈ | = ဈာန် |
| ကာ | = ကာယဝိညာဏ် | ဘိ | = အဘိညာ |
| သံ | = သမ္ပဋိစ္ဆိုန်း | မ | = မဂ် |
| ဏ | = သန္တီရဏ | ဖ | = ဖိုလ် |
| ဝု | = ဝိုဋ္ဌော | ဋိ | = ပဋိသန္ဓေ |

စု= စုတိ

---

# ဝီထိဆိုရိုးနှင့်ဒွိဂကာ

“ဝိယန္တိ ဂစ္ဆန္တိ သတ္တာ ဧတ္ထာတိ ဝီထိ၊ ဝီထိ ဝိယာတိ ဝီထိ” ဟူသည်နှင့် ညီစွာ သတ္တဝါတို့သန္တာန်၌ နိယာမ အတိုင်း ဖြစ်ကြသော စိတ်အစဉ်သည် သွားလာရာ လမ်းခရီး

ဆိုရိုး

အဓိပ္ပာယ်။ ။ “ဧတ္ထ–ဤလမ်းခရီး၌၊ သတ္တာ–တို့သည်၊ ဝိယန္တိ ဂစ္ဆန္တိ–သွားလာကြကုန်၏၊ ဣတိ–ထို့ကြောင့်၊ သာ–ထိုလမ်းခရီးသည်၊ ဝီထိ–မည်၏” ဤစကားအရ ဝီထိသဒ္ဒါသည် သတ္တဝါတို့၏ သွားလာရာ လမ်းစဉ်ကို ဟောရင်းတည်း၊ သတ္တဝါတို့ သန္တာန်၌ဖြစ်သော စိတ်အစဉ်သည် ထိုလမ်းခရီး အစဉ်နှင့်တူ၏၊ တူပုံကား–လမ်းအစဉ်သည် တလမ်းပြီး တလမ်း ဆက်ကာဆက်ကာဖြစ်နေသကဲ့သို့ စိတ်အစဉ်လည်း တစိတ်ပြီး တစိတ် ဆက်ကာဆက်ကာ ဖြစ်နေ၏။ အယံ–ဤစိတ်အစဉ်သည်၊ ဝီထိ ဝိယ–လမ်းခရီးအစဉ်နှင့်တူ၏၊ ဣတိ–ထို့ကြောင့်၊ သာ–ထိုစိတ်အစဉ်သည်၊ ဝီထိ–ဝီထိမည်၏။ [ဆရာတို့ကား လမ်းခရီးသည် ရွာအစဉ်ကို မကျော်လွန် သကဲ့သို့, နိယာမဓမ္မတာ အတိုင်းဖြစ်စဉ်ကို မကျော်လွန်ခြင်းကို လမ်းခရီးနှင့် တူသည်–ဟုဆိုကြ၏။]

တနည်း– ပန္တိ ဝီထျာ ဝဠိ သေဏိ ပါဠိ”ဟု အဘိဓာန်လာ အစဉ် အတန်းဟောသဒ္ဒါတို့တွင် ဝီထိသဒ္ဒါလည်း ပါဝင်ရကား ဤအရာ၌ ဝီထိ သဒ္ဒါသည် စိတ်တို့၏ အစဉ်အတန်းကို ဟောသော “အနိပ္ဖန္နပါဋိပဒိက” ပုဒ်တည်း၊ ထို့ကြောင့် “ဝီထိ=စိတ္တပရံပရာ” ဟု အရာရာ၌ ဖွင့်သည်၊ စိတ္တပရံပရာ–စိတ်တို့၏ အစဉ်အဆက်သည်၊ ဝါ–အစဉ်အဆက်အားဖြင့် ဖြစ်နေသော စိတ်သည်၊ ဝီထိ–ဝီထိမည်၏။

အစဉ်နှင့် တူသောကြောင့် ဝီထိမည်၏။ ထိုဝီထိသည်လည်း ပဉ္စဒွါရဝီထိ, မနောဒွါရဝီထိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ပဉ္စဒွါရဝီထိသည်လည်း စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဒွါရဝီထိ ဟု ဒွါရ အပြားအားဖြင့် ငါးပါးရှိပြန်၏။ ထိုတွင် စက္ခုဒွါရဝီထိသည်လည်း အတိမဟန္တာရုံ ဝီထိ, မဟန္တာရုံ ဝီထိ, ပရိတ္တာရုံဝီထိ, အတိပရိတ္တာရုံဝီထိ ဟု အာရုံအပြားအားဖြင့် လေးပါးရှိပြန်၏။ထိုတွင် အတိမဟန္တာရုံ ဝီထိသည်လည်း တဒါရုံ အဆုံးရှိသော တဒါရမဏဝါရ, ဇော အဆုံးရှိသော ဇဝနဝါရ ဟု ဝါရအားဖြင့် နှစ်ပါးအပြားရှိပြန်၏။

**ထိုတွင် တဒါရမဏဝါရ အတိမဟန္တာရုံ စက္ခုဒွါရဝီထိ ဖြစ်ပုံကား–** ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြ

**ပဉ္စဒွါရ–မနောဒွါရဝီထိ။** ။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဤငါးဒွါရကို "ပဉ္စဒွါရ" ဟုခေါ်၏၊ ၎င်းငါးဒွါရ၌ ရူပါရုံစသော အာရုံငါးပါး တို့ ထိခိုက်ထင်လာ၍ ဖြစ်ရသော စိတ်အစဉ်အတန်းကို "ပဉ္စဒွါရေ ပဝတ္တာ ဝီထိ"အရ ပဉ္စဒွါရဝီထိ ဟုခေါ်၏၊ ဘဝင်ဟူသော မနောဒွါရ၌ ထင်လာသော အာရုံကို စွဲ၍ဖြစ်သော စိတ်အစဉ်ကို "မနောဒွါရေ ပဝတ္တာ ဝီထိ" အရ မနောဒွါရဝီထိ ဟုခေါ်သည်။

**စက္ခု ဒွါရိက အတိမဟန္တာရုံဝီထိ တဒါရမဏဝါရ။** ။"စက္ခုဒွါရေ ပဝတ္တာဝီထိ"အရ စက္ခုဒွါရ၌ ထင်လာသောအာရုံကို စွဲ၍ဖြစ်သော စိတ်အစဉ်သည် စက္ခုဒွါရဝီထိမည်၏၊ အတိမဟန္တာရုံကို အာရုံပြုသည့်အခါ ထိုစက္ခုဒွါရဝီထိ သည်ပင် အတိမဟန္တာရုံ ဝီထိလည်းမည်၏၊ အာရုံသစ် တခုကိုစွဲ၍ စိတ်အစဉ်တမျိုး ဖြစ်လေရာ ထိုအစဉ်သည် တဒါရုံတွင် ဆုံးခဲ့သော် ထိုအဆုံး တဒါရုံဖြင့် မှတ်သား၍ တဒါရမဏဝါရ (တဒါရုံဖြင့် မှတ်သားအပ်သော စိတ်အကြိမ်)ဟု ခေါ်ဝေါ်အပ်သည်၊ "တဒါရမဏေန ဥပလက္ခိတော ဝါရော= တဒါရမဏဝါရော" တည်း။

သည်မှစ၍ အတီတဘဝင် တကြိမ် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဇော ခုနစ်ကြိမ် တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ တဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား ဒုတိယ တဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် တဒါရမဏဝါရ အတိမဟန္တာရုံ စက္ခုဒွါရဝီ ထိမည်၏။

တဒါရမဏဝါရ အတိမဟန္တာရုံ စက္ခုဒွါရဝီထိပုံ

ဘ "တီ န ဒ ပ စ .သံ ဏ

ooo ooo ooo ooo ooo ooo ooo ooo

ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ" ဘ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဤဝီထိပုံ၌ ရှေးဦးစွာပြအပ်သော ဘဝင်နှင့် တဒါရုံနောင်ပြအပ်သော ဘဝင်သည် ဤဝီထိတွင်မပါ၊ ဤဝီထိမဖြစ်မီ ရှေးက ဘဝင်ပေါင်းများစွာ ဖြစ်နေ ကြောင်းနှင့် ဤဝီထိနောက်၌လည်း ဘဝင်ပေါင်းများစွာ ဖြစ်ပြီးမှ အခြားထိုက်သင့်ရာဝီထိများ ထပ်၍ဖြစ်ကြောင်း ပြလို၍ အပိုထည့်ရသော ဘဝင်များတည်း၊ အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒတို့လည်း ဝီထိ မဟုတ်သေး ဝီထိမှအလွတ် ဝီထိမုတ်စိတ်များတည်း၊ သို့သော် ရူပါရုံ ဥပါဒ်သည်မှစ၍ ချုပ်သည့် တိုင်အောင် ရုပ်၏အသက် တဆယ့်ခုနစ်ချက်ခန့် ကာလကို ရေတွက်လျှင် အတီတဘဝင်မှစ၍ ရေတွက်ရမည် ဖြစ်သော ကြောင့် ထိုဘဝင်များ ကို ဝီထိတွင်းသို့ သွင်းထားသည်၊ စင်စစ်မှာ ပဉ္စဒွါရာ ဝဇ္ဇန်းကစ၍ တဒါရုံ တိုင်အောင်သာ ဝီထိစိတ်များ—ဟု မှတ်။

ဤစက္ခုဒွါရဝီထိဖြင့် "ငါသည် ဤမည်သော ဝတ္ထုကိုမြင်၏, အနီဘဲ အဖြူဘဲ မည်သူမည်ဝါဘဲ" စသည်ဖြင့် မသိနိုင်သေး၊ ရူပါရုံ သာမန် လောက်ကိုသာ မြင်ရ သိရသေးသည်၊ ဤဝီထိနောက်၌ ထိုက်သင့်

**ဇဝနဝါရ အတိမဟန္တာရုံဝီထိ**

ဇဝနဝါရသည်လည်း အာဂန္တုက ဘဝင်ကျသော ဝါရ၊ အာဂန္တုက ဘဝင် မကျသော ဝါရ၊ အားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုတွင် **အာဂန္တုက ဘဝင် မကျသော ဇဝနဝါရ အတိမဟန္တာရုံ စက္ခုဒွါရဝီထိ ဖြစ်ပုံကား**– ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် တကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဇော ခုနစ်ကြိမ် ဖြစ်ပြီးလျှင် ဘဝင်နှစ်ကြိမ်ကျပြီးသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ တဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား ဒုတိယ ဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ဇဝနဝါရ အတိမဟန္တာရုံ စက္ခုဒွါရ ဝီထိမည်၏။

သလောက် ဘဝင်များ ခြားပြီး၍ တဒနုဝတ္တိကမနောဒွါရဝီထိများဖြစ်မှ ဖြူ နီ ကြောင် ကြား စသည်ကို ခွဲခြား၍ သိနိုင်သည်။

**ဇဝနဝါရ**။ ။ ဝီထိပုံမှာ တဒါရမဏဝါရအတိုင်းတွင် တဒါရုံနှစ်ကြိမ် မပါရုံသာတည်း၊ ရှေ့တဒါရမဏဝါရနှင့် ဤဇဝနဝါရ ဝီထိတို့ ထူးခြားပုံကား "ကာမေဇဝနသတ္တာ လမ္ဗနာနံ နိယမေသတိ ဝိဘူတေ တိမဟန္တေစ, တဒါရမဏ မီရိတံ" နှင့်အညီ ရှေ့ဝီထိသည် ကာမဘုံသား သန္တာန်၌သာ ဖြစ်၏၊ ဤဝီထိကား ကာမဘုံသား၌လည်း ဖြမ်၏, ရူပဘုံသား၌လည်း ဖြစ်သည်၊ သဂြိုဟ်၌ အတိမဟန္တာရုံဝီထိကို တဒါရမဏဝါရဟုသာမိန့်ဆိုသည်ကား အလွန်အားဖြင့် ညွှန်ပြသော ဥက္ကဋ္ဌနိဒ္ဒေသ စကားတည်း။

ထိုမှတပါး – ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သော ကာမပုဂ္ဂိုလ်သန္တာန်၌ ဘုရားအဆင်းတော် စသော အတိဣဋ္ဌ အတိမဟန္တရူပါရုံ

**အာဂန္တုကဘဝင်ကျသော အတိမဟန္တာရုံဝီထိ**

သောမနဿ ပဋိသန္ဓေ နေခဲ့သော တိတ္ထိစသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဘုရား အဆင်းတော် စသော အတိကဣဋ္ဌ အတိမဟန္တာရုံ ထင်လာခဲ့သော်, ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် တကြိမ်အလွန်တွင် စက္ခုပသာဒ ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဥ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဒေါသဇော ခုနစ်ကြိမ်, အာဂန္တုက ဘဝင်တစ်ကြိမ် ထို့နောင် မူလဘဝင် တကြိမ်ကျပြီးသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ တဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား ပဌမမူလ ဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် အာဂန္တုက ဘဝင်ကျသော အတိမဟန္တာရုံဝီထိ မည်၏။

ကိုအာရုံပြု၍ ဒေါသဇောဖြစ်ခဲ့သော် "အတိဣဋ္ဌေ ပန သောမနဿသဟ ဂတာနေဝ" နှင့်အညီ တဒါရုံကျလျှင် အာရုံအားလျော်စွာ သောမနဿ တဒါရုံသာကျရမည် ဖြစ်၍ ဒေါသဇောနှင့် သောမနဿ တဒါရုံတို့ ရှေ့သွား နောက်လိုက်မညီရကား တဒါရုံမကျတော့ဘဲ ဤဇဝနဝါရ အတိမဟန္တာရုံ ဝီထိနောက် ပဋိသန္ဓေနှင့် အလားတူဥပေက္ခာဘဝင်သာ ကျရတော့သည်။

**အာဂန္တုကဘဝင်ကျသော အတိမဟန္တာရုံဝီထိပုံ**

| | | | | | |
|---|---|---|---|---|---|
| တီ | န | ဒ | ပ | စ | သံ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဏ | ဝုံ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | အာ | ဘ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

**မဟာဏ္တာရုံဝီထိများ** ။ မဟာဏ္တာရုံ ဝီထိသည်လည်း ဇဝနဝါရ အားဖြင့် တပါးသာ, အတီတဘဝင် နှစ်ကြိမ်လွန်သော ပဌမ မဟာဏ္တာရုံဝီထိ, သုံးကြိမ်လွန်သော ဒုတိယ မဟာဏ္တာရုံဝီထိ အားဖြင့် နှစ်ပါးစီအပြားရှိ၏။ ထိုတွင် တပါးတပါး၌ အာဂန္တုက ဘဝင်မကျသောဝါရ, အာဂန္တုက ဘဝင်ကျသောဝါရ အားဖြင့် နှစ်ပါးစီ အပြားရှိပြန်၏။ ထိုတွင် **ပဌမ မဟာဏ္တာရုံဝီထိ ဖြစ်ပုံကား**-ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် နှစ်ကြိမ် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဇောခုနစ်ကြိမ် ဖြစ်ပြီးလျှင် ဘဝင်တကြိမ် ကျပြီးသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ တဆယ့်ခုနစ်ချက် ရပ်သက်စေ့ရကား ပဌမဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် အာဂန္တုကဘဝင် မကျသော ပဌမ မဟာဏ္တာရုံဝီထိမည်၏။

**ကြွင်းမဟာဏ္တာရုံဝီထိများ** ။ အာဂန္တုက ဘဝင်ကျသောဝီထိ၌ ဇောကို ဒေါသဇောချ သဒ္ဒမဇောနှောင် အာဂန္တုကဘဝင် ကျလျက် အာဂန္တုကဘဝင်၏ ဘင်နှင့်ပြိုင်၍ ရူပါရုံစက္ခုပသာဒတို့ ချုပ်ကြ၏၊ အတီတဘဝင် သုံးကြိမ်လွန်၍ အာဂန္တုက ဘဝင်မကျသော ဝီထိ-အာဂန္တုကဘဝင်ကျသော ဝီထိများ၌ကား သတ္တမဇော၏ ဘင်နှင့်ပြိုင်၍ ရူပါရုံ စက္ခုပသာဒတို့ ချုပ်ကြလေသည်၊ ထိုဝီထိများ၏ ဆိုရိုးကို ပဌမ မဟာဏ္တာရုံမှီး၍ ဆိုပါ၊ ဝီထိပုံကိုလည်း အတိမဟာဏ္တာရုံ ဝီထိကို နည်းမှီး၍ ချတတ်လောက်ပါပြီ၊ အာဂန္တုကဘဝင် မကျသော ပဌမ မဟာဏ္တာရုံ ဝီထိတပုံကိုသာ ပြအံ့။

## အာဂန္တုကဘဝင်မကျသော ပဌမမဟန္တာရုံ ဝိထိ

ဘ “တီ တီ နံ ဒ ပ စ သံ
ooo ooo ooo ooo ooo ooo ooo ooo ·

ထ ဝု [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ဘ”
ooo ooo ooo ooo ooo ooo ooo ooo ooo ooo

အာဂန္တုကဘဝင်ကျသော အတိမဟန္တနှင့် မဟန္တာရုံဝိထိတို့ အထူး။ ။အတိမဟန္တာရုံ၌ အာရုံက အတိဣဋ္ဌဖြစ်လျှင်သော ဒေါသဇောနောင် သောမနဿတဒါရုံ မကျနိုင်၍ အာဂန္တုကဘဝင်ကျရသည်၊ အာရုံကဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာတဒါရုံကျမည်, အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာတဒါရုံ ကျမည်ဖြစ်၍ ဣဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံတို့၌ အာဂန္တုကဘဝင် ကျဘွယ်မလို၊ ဤမဟန္တာရုံ၌ကား သောမနဿပဋိသန္ဓေ နေလာသူဖြစ်လျှင် ဒေါသဇောနောင် ပဋိသန္ဓေနှင့် အလားတူသော သောမနဿဘဝင် မကျနိုင်ရကား အတိဣဋ္ဌ, ဣဋ္ဌမဇ္ဈတ္တ, အနိဋ္ဌ–ဟု သတ်မှတ်နေဘွယ်မလို၊ ဘယ်အာရုံ၌မဆို ဒေါသဇော ဇောလျှင် အာဂန္တုကဘဝင် ကေန်ကျရမည်၊ ထို့နောက်မှ မူလ သောမနဿဘဝင် ကျနိုင်သည်၊ ဤသို့ အတိမဟန္တာရုံ၌ အတိဣဋ္ဌဖြစ်မှ ဒေါသဇောနောင် အာဂန္တုကဘဝင်ချရခြင်း, မဟန္တာရုံ၌ အာရုံမရွေး ဒေါသဇောနောင် အာဂန္တုကဘဝင်ချရခြင်းသည် ထိုဝိထိ နှစ်ရပ်အတွက် ထူးခြားသော သတ်မှတ်ချက်တည်း။

အမှာ။ ။ (ဗြဟ္မာများ သန္တာန်၌ ဒေါသဇော မရှိသောကြောင့် ဤအာဂန္တုကဘဝင်ကျသော ဝိထိများ မရထိုက်) ပရိတ္တာရုံ, အတိပရိတ္တာရုံ ဝိထိများ၌ကား ဇောပင် မဇော၍ အာဂန္တုက ဘဝင်ချခွင့်မရှိပြီ၊) အာဂန္တုကဘဝင်ကျရခြင်း၏ အကြောင်းနှင့် စပ်၍ မှတ်ဘွယ်များကို ဝိထိပိုင်း ဘာသာဋီကာ တဒါရုံမဏနိယမ အခန်း၌ ပြခဲ့ပြီ။

**ပရိတ္တာရုံဝီထိများ** ပရိတ္တာရုံ ဝီထိသည်လည်း ဝေါဋ္ဌဗ္ဗနဝါရ အားဖြင့် တပါးသာ, အတီတဘဝင် လေးကြိမ် လွန်သော ပဌမပရိတ္တာရုံဝီထိ; ငါးကြိမ်, ခြောက်ကြိမ်, ခုနစ်ကြိမ်, ရှစ်ကြိမ်, ကိုးကြိမ် လွန်သော ဆဋ္ဌပရိတ္တာရုံ ဝီထိအားဖြင့် ခြောက်ပါး အပြားရှိ၏၊ ထိုတွင် ပဌမ ပရိတ္တာရုံဝီထိဖြစ်ပုံကား– ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတ ဘဝင် လေးကြိမ် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်း သန္တီရဏဝုဋ္ဌော သုံးကြိမ်ဖြစ်ပြီးလျှင် ဘဝင်လေးကြိမ် ကျပြီးသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ တဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား စတုတ္ထဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ပဌမပရိတ္တာရုံဝီထိမည်၏။

**ပဌမပရိတ္တာရုံဝီထိပုံ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | တီ | တီ | တီ | တီ | နု | ဒ | ပ | | |
| | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | | |
| စ | သံ | ဏ | ဝု | ဝု | ဝု | ဘ | ဘ | ဘ | ဘ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

**ကြွင်းပရိတ္တာရုံ ဝီထိများ။** ။အတီတဘဝင် ငါးချက်လွန်၍ ဝုဋ္ဌော သုံးကြိမ်ဖြစ်ပြီးလျှင် ဘဝင်သုံးကြိမ်အကျတွင် တတိယဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဒုတိယ ပရိတ္တာရုံဝီထိ, အတီတဘဝင် ခြောက်ချက်လွန်၍ ဝုဋ္ဌောသုံးကြိမ်ဖြစ်ပြီးလျှင် ဘဝင်နှစ်ကြိမ်အကျတွင်ဒုတိယဘဝင်၏ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော တတိယပရိတ္တာရုံဝီထိ, အတီတဘဝင် ခုနစ်ချက်

**အတိပရိတ္တာရုံဝီထိများ**

အတိပရိတ္တာရုံဝီထိသည်လည်း မောဃဝါရအားဖြင့် တပါးသာ, အတီတဘဝင် ဆယ်ကြိမ်လွန်သော ပဌမ အတိပရိတ္တာရုံ ဝီထိ, ဆယ့်တကြိမ်, ဆယ့်နှစ်ကြိမ်, ဆယ့်သုံးကြိမ်, ဆယ့်လေးကြိမ်, ဆယ့်ငါးကြိမ် လွန်သော ဆဋ္ဌအတိပရိတ္တာရုံ ဝီထိ အားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုတွင် **ပဌမ အတိပရိတ္တာရုံ ဝီထိ ဖြစ်ပုံကား**– ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင် ဆယ်ကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန နှစ်ကြိမ်ဖြစ်ပြီးနောက် ဝီထိစိတ် မဖြစ်ဘဲ ဘဝင်ဆက်၍ ဖြစ်ပြီးလျှင် ဘဝင်ငါးကြိမ် ကျပြီးသည့် အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ တဆယ့်ခုနစ်ချက် ရုပ်သက်

လွန်၍ ဝုဋ္ဌောသုံးကြိမ် ဖြစ်ပြီးလျှင် ပဋ္ဌမဘဝင် အကျတွင် ထိုဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော စတုတ္ထပရိတ္တာရုံဝီထိ, အတီဘဝင် ရှစ်ချက်လွန်၍ ဝုဋ္ဌောသုံးကြိမ်ဖြစ်ပြီးလျှင် တတိယဝုဋ္ဌော၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ပဥ္စမပရိတ္တာရုံဝီထိ, အတီတဘဝင် ကိုးချက်လွန်၍ ဝုဋ္ဌောနှစ်ကြိမ်ဖြစ်ပြီးလျှင် ဒုတိယဝုဋ္ဌော၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော ဆဋ္ဌပရိတ္တာရုံ ဝီထိများကိုလည်း ပဌမပရိတ္တာရုံဝီထိကို နည်းမှီ၍ဆိုလေ၊ ဝီထိပုံစံများကိုလည်း နားလည်လောက်ပြီ။

ပဌမ အတိပရိတ္တာရုံဝီထိပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | တီ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |
| | န | န | ဘ | ဘ | ဘ | ဘ | ဘ | | |
| | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | | |

ဇေ့ရကား ဘဝင်္ဂစလနနောင် ပဋ္ဌမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ပဌမအတိပရိတ္တာရုံဝီထိမည်၏။

. .

**ကြွင်းအတိပရိတ္တာရုံဝီထိများ ။** ။အတီတဘဝင် ဆယ့်တကြိမ် လွန်ပြီးလျှင် စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဒုတိယ အတိပရိတ္တာရုံ ဝီထိ, အတီတဘဝင် ဆယ့်နှစ်ကြိမ် လွန်ပြီးလျှင် တတိယ ဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော တတိယ အတိပရိတ္တာရုံဝီထိ, အတီတဘဝင် ဆယ့်သုံးကြိမ် လွန်ပြီးလျှင် ဒုတိယဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော စတုတ္ထအတိပရိတ္တာရုံဝီထိ, အတီတဘဝင် ဆယ့်လေးကြိမ် လွန်ပြီးလျှင် ပဌမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ပဋ္ဌမ အတိ ပရိတ္တာရုံ ဝီထိ, အတီတဘဝင် ဆယ့်ငါးကြိမ်လွန်ပြီးလျှင် ဒုတိယ ဘဝင်္ဂ စလန၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်း ရှိသော ဆဋ္ဌအတိပရိတ္တာရုံဝီထိများလည်း ဖြစ်ကြ၏၊ ဝီထိပုံစံများကိုလည်း ချကြည့်ပါလေ။

**ပဋ္ဌာန်ဒါရဝီထိပေါင်း။** ။ရှေးက ချရိုးမှာ အတိမဟန္တာရုံ တဝီထိ, မဟန္တာရုံ နှစ်ဝီထိ, ပရိတ္တာရုံ ခြောက်ဝီထိ, အတိပရိတ္တာရုံ ခြောက်ဝီထိဟု စက္ခုဒွါရ၌ ၁၅,သောတဒွါရစသည်၌ ၁၅ စီဖြစ်၍ ပဋ္ဌာန်ဒါရဝီထိပေါင်း ၇၅ သာရှိသည်၊ ဤကျမ်း၌ကား တဒါရုံမကျသော အတိမဟန္တာရုံဇဝန ဝါရနှင့် သင်္ဂြိုဟ်ကျမ်း၌ပင် တိုက်ရိုက်ပြထားသော အာဂန္တုကဘဝင် ကျသော ဝါရများကို တိမ်မြုပ်နေမည်စိုး၍ ချရိုးအဖြစ်၌ ထည့်သွင်းထား သောကြောင့် အတိမဟန္တာရုံ ၃ ဝီထိ, မဟန္တာရုံ ၄ ဝီထိစီရှိရကား စက္ခု ဒွါရ၌ ၁၉ ဝီထိ, ထို့အတူ သောတ ဃာန ဇိဝှါ ကာယဒွါရတို့၌ ၁၉ ဝီထိစီရှိသောကြောင့် ပေါင်း ၉၅ ဝီထိရှိသည်။ "ပဋ္ဌနဝုတိ" စသော လင်္ကာများကား သင့်သလို အနည်းငယ် ပြင်ဆင်ထားသော ပရမတ္ထ သရူပဘေဒနီလာ လင်္ကာများတည်း။

**စိတ်သရုပ် , အာရုံ , ဝတ္ထု** ပဉ္စနဝုတိ, ဝိထိပဉ္စဒွါ, ချရာစိတ်စု, စတုပညာ, ကာမသာချည်း၊ အာရုံမှာမူ, ဘဝင်ဟူသမျှ, သုံးဝအတိတ်, ကံနိမိတ်တည်း၊ ကြွင်းစိတ်အာရုံငါး,မှီကားသူ့ပင်, သူ့ဝိညာဉ်သာ၊ ကြွင်းလျှင်စိတ်စု, ရှေးရှေးဥသည့်,ဝတ္ထုဟဒယ, စွဲမှီကြသည်, ဒွိဟလွတ်ကင်းရှင်းလေတည်း။

**စိတ်သရုပ်, အာရုံ, ဝတ္ထုအဓိပ္ပါယ်**

**ပဥ္စနဝုတိ၊ ပေ၊ ကာမသာချည်း**–ဤ ၉၅ ပါးသော ပဉ္စဒွါရဝိထိများ၌ ချဘို့ရာ စိတ်စုကား "သဗ္ဗထာပိ ပဉ္စဒွါရေ စတုပညာသစိတ္တာနိ ကာမာဝစရာနေဝ" ဟူသော ဒွါရသင်္ဂဟနှင့်အညီ, ကာမစိတ် ၅၄ ပါးချည်းသာတည်း၊ "ကာမစိတ် ၅၄ ပါးတည်းက ထိုက်သင့်သော စိတ်များကိုသာ ချရမည်၊ "ဈာန်ဇဇော မဂ်ဖိုလ်ဇဇော မဟုတ်သောကြောင့် အပ္ပနာဇောများနှင့် မသက်ဆိုင်" ဟူလို။

**အာရုံမှာမူ, ဘဝင်ဟူသမျှ, သုံးဝအတိတ်, ကံနိမိတ်တည်း**– အာရုံအားဖြင့်ကား ဝိထိစိတ်၏ ရှေ့သွားဖြစ်သော အတီတဘဝင် ဘဝင်စလနဘဝင်ုပစ္ဆေဒနှင့် ဝိထိစိတ်၏ နောက်လိုက်ဖြစ်သော ဘဝင်များသည် အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃ ပါးတွင် တပါးပါးကို အာရုံပြု၏၊ "ဒွါရဝိမုတ္တာနဥ္စ ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ ဆဗ္ဗိဓံပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နံ မတီတံ ပညတ္တိဘူတံဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ" ဟူသော အာရမ္မဏသင်္ဂဟစကားရပ်၏ အဓိပ္ပာယ်ကိုကြည့်။

ကြွင်းစိတ်ရုံငါး–ဘဝင်မှကြွင်းသော ပဉ္စဒွါရာဝဇ္ဇန်း အစ တဒါရုံအဆုံးရှိသော ဝိထိစိတ်များကား ထိုက်သည့်အားလျော်စွာ ရူပါရုံစသောအာရုံငါးပါးကို အာရုံပြု၏၊ ဆိုလိုရင်းကား "စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသံပိ ရူပမေဝ အာရမဏံ, တဥ္စ ပစ္စုပ္ပန္နံ၊ တထာ သောတဒွါရိက စိတ္တာ ဒီနံပိ ဘဒ္ဒါဒီနိ, တာနိစ ပစ္စုပ္ပန္နာနိယေဝ" ဟူသော အာရမဏသင်္ဂဟနှင့်

အညီ စက္ခုဒွါရိက ဝိထိစိတ်တို့သည် အတီတဘဝင်တကြိမ်၊ ၂ ကြိမ်စသည် အလွန်တွင် စက္ခုဒွါရ၌ ထင်လာ၍ မချုပ်သေးသော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏၊ ထိုနည်းအတူသောတဒွါရိက ဝိထိစိတ်တို့သည် ပစ္စုပ္ပန် သဒ္ဒါရုံကို, ဃာနဒွါရိက ဝိထိစိတ်တို့သည် ပစ္စုပ္ပန် ဂန္ဓာရုံကို, ဇိဝှါဒွါရိက ဝိထိစိတ်တို့သည် ပစ္စုပ္ပန် ရသာရုံကို, ကာယဒွါရိက ဝိထိစိတ်တို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုကြသည် ဟူလို။

မှီကားသူ့ပင်, သူ့ဝိညာဉ်သာ-ပဉ္စဝေါကာရဘုံ၌ ဖြစ်သော စိတ်တို့သည် စက္ခုစသော ဝတ္ထုရုပ် ၆ ပါးတို့တွင် တပါးပါးကိုမှီ၍ ဖြစ်ကြရ၏၊ ထို့ကြောင့် အမှီအားဖြင့်ကား သူ့ဝိညာဉ်က သူ့ဝတ္ထုကိုပင် မှီကြသည်၊ ဆိုလိုရင်းမှာ-"ပဉ္စဝိညာဏဓာတုယော ယထာက္ကမံ စက္ခွာဒိ ပဉ္စပသာဒဝတ္ထူနိ နိဿာယေဝပဝတ္တန္တိ"နှင့်အညီ စက္ခုဝိညာဉ်က စက္ခု ဝတ္ထုကို, သောတဝိညာဉ်က သောတဝတ္ထုကို, ဃာနဝိညာဉ်က ဃာနဝတ္ထုကို, ဇိဝှါဝိညာဉ်က ဇိဝှါဝတ္ထုကို, ကာယဝိညာဉ်က ကာယဝတ္ထုကိုမှီသည်-ဟူလို၊ ထိုကဲ့သို့ မှီရာ၌ တပည့်သားသမီးတို့သည် ထင်ရှားရှိသော (မစုတေသေးသော) ဆရာမိဘကိုသာ မှီခိုကြသကဲ့သို့, ထို့အတူ ပဉ္စဝိညာဉ်တို့သည် ၎င်းအခိုက်၌ ထင်ရှားတည်ရှိသော (မချုပ်သေး၍ ပစ္စုပ္ပန်ဟု ဆိုရသော) ပဉ္စဝတ္ထုကိုမှီကြသည်၊ [ယခုခေတ် အချို့ ဆရာတို့ အယူဝါဒကို မန္တာယုက စသော စစ်တမ်း၌ သိရလတံ့။]

ကြွင်းလျှင်စိတ်စု, ရှေးရှေးဥသည့်, ဝတ္ထုဟဒယ, စွဲမှီကြသည်-ပဉ္စဝိညာဉ်မှ ကြွင်းသော အတီတဘဝင်စသော စိတ်စုကား မိမိ၏ရှေးရှေး စိတ်နှင့် အတူဥသည့် (ဥပါဒ်ကို "ဥ"ဟုဆိုထားသည်) ဟဒယဝတ္ထုရုပ်ကို မှီကြသည်၊ ဆိုလိုရင်းကား-"ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆန သန္တီရဏ ပန မနောဓာတုစ၊ ပေ၊ အဝသေသာပန မနောဝိညာဏ ဓာတုသန္တီရဏစ၊ပေ၊ ဟဒယံ နိဿာယေဝ ပဝတ္တန္တိ" နှင့်အညီ အတီတဘဝင်သည် မိမိ ရှေ့က ဘဝင်စိတ်နှင့်အတူ ဥပါဒ်သော (အတူပြိုင်၍ ဖြစ်သော) ဟဒယ ဝတ္ထုကို, ဘဝင်္ဂစလနသည် အတီတဘဝင်နှင့် ပြိုင်တူဥပါဒ်သော ဟဒယ ဝတ္ထုကို, ဘဝင်္ဂုပစ္ဆေဒသည် ဘဝင်္ဂစလနနှင့် ပြိုင်တူဥပါဒ်သော ဟဒယ

**ဘုံနှင့် ပုဂ္ဂိုလ်**

လွတ်ကင်းဒွိဟ, ရှင်းရှင်းပလော, ကာမဥ္စသာ, ဈာနာဒိတ္တယံ, တဒါရမ်နော, ဒေါသဇောကျ, စက်သောတဟု, ပဋ္ဌသန္ဓိ, ရေတွက်ဘိလော၊ ကြွင်းသည့် စက်သော, ပဋ္ဌဝေါ-ဟု, ပုဂ္ဂလော ရှစ်, ဝိထိဖြစ်သည်, စိစစ် ဘဝင် သွင်းလေတည်း။

ဝတ္ထုကို ပဋ္ဌဒွါရာဝန္နန်သည် ဘဝင်္ဂုပစ္ဆေဒနှင့် ပြိုင်တူဥပါဒ်သော ဟဒယ ဝတ္ထုကို, (စက္ခုဝိညာဉ်ကား စက္ခု ဝတ္ထုကိုမှီသဖြင့်ချန်ထားခဲ့) သမ္ပဋိစ္ဆိုန်း သည် စက္ခုဝိညာဉ်နှင့် ပြိုင်တူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီ၏၊ [ဟဒယ ဝတ္ထုရုပ်သည် ကမ္မဇရုပ် ဖြစ်သောကြောင့် ပဋိသန္ဓေ ခဏမှစ၍ စိတ်၏ ဥပါဒ်တိုင်း ဌီတိုင်း ဘင်တိုင်း အမြဲဖြစ်လျက် ရှိသည်၊ သို့အတွက် စက္ခုဝိညာဉ်စိတ်နှင့်ပြိုင်၍ ဥပါဒ်သော ဟဒယ ဝတ္ထုကိုလည်း မှီနိုင်သည် ကို သတိပြု။] သန္တီရဏသည် သမ္ပဋိစ္ဆိုန်းနှင့် ပြိုင်တူ ဥပါဒ်သော ဟဒယ ဝတ္ထုကို, ဝုဋ္ဌောသည် သန္တီရဏနှင့် ပြိုင်တူဥပါဒ်သော ဟဒယ ဝတ္ထုကို, ပဌမဇောသည် ဝုဋ္ဌောနှင့် ပြိုင်တူဥပါဒ်သော ဟဒယ ဝတ္ထုကို, ဒုတိယ ဇောသည် ပဌမဇောနှင့် ပြိုင်တူဥပါဒ်သော ဟဒယဝတ္ထုကို, ဤသို့စသည်ဖြင့် ဒုတိယ တဒါရုံနောင် ဘဝင်သည် ဒုတိယ တဒါရုံနှင့် ပြိုင်တူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီသည် ဟူလို။

## ဖြစ်ရာဘုံနှင့် ပုဂ္ဂိုလ်

**ကာမဥ္စသာ,ဈာနာဒိတ္တယံ, တဒါရမ်နော, ဒေါသဇောကျ, စက်သောတ** တည်း-[တဒါရမ်နော=တဒါရုံရောနှောလျက်ပါသော၊ ဒေါသဇောကျ =ဒေါသ ဇောကျသော၊ စက်သောတ=စက္ခုဒွါရိက ဝိထိနှင့် သောတ ဒွါရိကဝိထိ၊] ၁၉ပါးစီပြားသော ဃာနဒွါရိက ဇိဝှါဒွါရိက ကာယဒွါရိက ဝိထိများ, တဒါရုံကျသော စက္ခုဒွါရိကဝိထိ ၁, သောတ ဒွါရိကဝိထိ ၁, ဒေါသဇော ဇော၍ အာဂန္တုကဘဝင် ကျသော (အတိမဟန္တာရုံ မဟန္တာရုံ) စက္ခု ဒွါရိက ၃, သောတဒွါရိက ၃, ပေါင်း ၆၅ ဝိထိသည် ကာမဘုံဥ္စသာ ဖြစ်၏,

ရူပဘုံ၌ မဖြစ်နိုင်၊ "ရူပလောကေ ပန ဃာနာ ဒိတ္တယံ နတ္ထိ, ရူပါဝစရ ဘူမိယံ ပဋိဃဇဝနံ တဒါရမဏ ဝဇ္ဇိတာနိ" တို့ကို ထောက်၍ ရူပဘုံ၌ မဖြစ်နိုင်ကြောင်းကို သိလေ (ရုပ်တရား လုံးဝမရှိသော အရူပဘုံ၌ ဤပဋ္ဌာန်ဒါရဝီထိ အားလုံးပင် မရှိပြီ။)

ကြွင်းသည့် စက်သော, ပဋ္ဌာဝေါဟု-စက္ခုဒ္ဒါရိကဝီထိ ၁၉ မျိုးတို့တွင် တဒါရုံနှင့် ဒေါသဇောစေသော ၄ ဝီထိမှ ကျန်သော စက္ခုဒ္ဒါရိက ၁၅ ဝီထိ, ထို့အတူ သောတဒ္ဒါရိက ၁၅ ဝီထိ, ဤဝီထိ ၃၀ ကားကာမ ရူပဘုံ ဟူသော ပဋ္ဌာဝေါကာရ ၂၅ ဘုံ၌ဖြစ်သည်၊ ဤစကား ၂ ရပ်ကို ပေါင်း၍ ကာမဘုံ၌ ပဋ္ဌာန်ဒါရိကဝီထိ ၆၅ ပါးလုံးရ၏၊ ရူပဘုံ၌ကား တဒါရုံ ဒေါသဇော မပါသော စက္ခုဒ္ဒါရိက သောတဒ္ဒါရိကဝီထိ ၃၀သာ ရသည်ဟုမှတ်။

ပုဂ္ဂလောရှစ်, ဝီထိဖြစ်သည်–မဂ္ဂဋ္ဌပုဂ္ဂိုလ်အဖြစ်၌ စိတ္တက္ခဏ တချက်သာ ကြာသောကြောင့် ဤပဋ္ဌာန်ဒါရဝီထိများ ဖြစ်ခွင့်မရ၊ ပုထုဇဉ် ၄ ယောက်, ဖလဋ္ဌ ၄ ယောက်, ဤပုဂ္ဂိုလ် ၈ ယောက် သန္တာန်၌သာ ဖြစ်သည်။ [အနာဂါမ် ရဟန္တာတို့၌ ဒေါသကို ပယ်ပြီး ဖြစ်သောကြောင့် အာဂန္တုက ဘဝင်ကျသော ဝီထိများမရနိုင်ကြောင်းကိုလည်း သတိပြုပါ။]

စိစစ်ဘဝင် သွင်းလေတည်း–ဝီထိစိတ်၏ ရှေ့နောက်ဘဝင်များကို စိစစ်၍ သွင်းချလေ၊ ကာမပုဂ္ဂိုလ်၏ ဝီထိဖြစ်လျှင် ကာမဘဝင် တဆယ်ကိုချ၊ ရူပပုဂ္ဂိုလ်၏ ဝီထိဖြစ်လျှင် ရူပဘဝင် ငါးခုကိုချ၊ ကာမဘဝင် တဆယ်တွင်လည်း ဒုဂ္ဂဟိအဟိတ် ပုဂ္ဂိုလ်ဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဘဝင်ကိုချ၊ သုဂတိအဟိတ် ပုဂ္ဂိုလ်ဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဘဝင်ကိုချ၊ ဒွိဟိတ် ပုဂ္ဂိုလ်ဖြစ်လျှင် ကုသလဝိပါက် ဉာဏဝိပ္ပယုတ်လေးခုတွင် တခုခုကိုချ၊ကာမတိဟိတ်ပုဂ္ဂိုလ် အရိယာ ပုဂ္ဂိုလ် ဖြစ်လျှင် မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခုတွင် တခုခုကိုချ၊ ပဋ္ဌမဈာန်ဘုံသား ရူပပုဂ္ဂိုလ်များ ဖြစ်လျှင် ရူပဝိပါက် ပဋ္ဌမဈာန်ချ၊ ဤသို့ စသည်ဖြင့် ဘုံအလိုက် ပုဂ္ဂိုလ်အလိုက် စိစစ်၍ ရှေ့နောက်ဘဝင်များကို သွင်းချလေဟူလို။

မန္တာယုက စသည် စစ်တမ်း။ ။စက္ခုပသာဒသည် ကမ္မဇရုပ်ဖြစ်ရကား "ခဏေ ခဏေ သမုဋ္ဌာပေတိ" အရစိတ်၏ ဥပါဒ်ခဏ ဌီခဏ ဘင်ခဏတိုင်းမရပ်မစဲတဖွဲဖွဲဖြစ်၏၊ ထိုရုပ်တရားများသည် ဌီခဏ၌ အလွန်အားရှိသည်ဟု အဆိုရှိရာ စက္ခုဝိညာဉ်စိတ် ဖြစ်သည့်အခါ ဌီအခိုက်၌တည်နေသော စက္ခုပသာဒ အမျိုးအစားပေါင်း ၄၉ မျိုးရှိ၏၊ (ရုပ်၏ အသက်ခဏ ငယ် ၅၁ ရှိသည်တွင် ဥပါဒ်ဆဲ ၁နှင့် ချုပ်ဆဲ ၁ ကိုနုတ်က ဌီအခိုက်၌ ၄၉ မျိုးသာရှိမြဲတည်း၊) ထို ၄၉ ပါးသော စက္ခုပသာဒတို့တွင် ၁–အဘယ်စက္ခုပသာဒ၌ စက္ခုဝိညာဉ် မှီသနည်း, ၂–"စက္ခုပသာဒ၌ ရူပါရုံထင်လာ၏" ဟု ဆိုရာဝယ် အဘယ်စက္ခုပသာဒ၌ ထင်လာသနည်း, ၃–စက္ခုဒွါရဝီထိဟု ဆိုရာဝယ် အဘယ်စက္ခုပသာဒသည် ဒွါရကိစ္စကို ပြီးစေသနည်းဟု မေးမြန်းလေ့ရှိ၏၊ အဖြေကား–၄၉ ပါးသော စက္ခုပသာဒတို့တွင် ပဋ္ဌမဆုံး အတီတဘဝင်နှင့် ပြိုင်၍ဥပါဒ်သော စက္ခုပသာဒ၌ စက္ခုဝိညာဉ် မှီသည်၊ ထိုပသာဒ၌ပင် စက္ခုဒွါရဝီထိ၏ အာရုံဖြစ်သော ရူပါရုံထင်လာသည်၊ ထိုပသာဒသည်ပင် ဤစက္ခုဒွါရိကဝီထိ၏ ဒွါရကိစ္စကို ပြီးစေသည်ဟု ယခုခေတ်ဆရာတို့ အမှတ်အသားပြုကြလေသည်၊ ထိုဝါဒ အလို မန္တာယုက စသည်ဖြင့် စိစစ်ပြဆိုကြ၏။

[ဆောင်]အတီတရှေး,တေရသမ, ဘင်ကစ၍ ပဋ္ဌမဘဝင်,ဘင်တွင်တိုင်အောင် ရုပ်မြားမြောင်ကို ခေါ်ဆောင်မန္တ–အာယုကတဲ့၊ အတီတဟူ, ဌီစယ္ဟူလစ်, အာဝဇ္ဇန, ဘင်သို့ကျအောင်, ဖြစ်သမျှရုပ်, အမန္တုက်တည်း တီတုပ္ပါဒ–တခုမှုဟု,အပြိုင်ဥသည့်, ဝတ္ထုရုပ်သာ, မန္ဒိုမာမို့, ငါးဖြာဝိညာဉ် ယင်းတွင်မှီတုံ,အာရုံထင်လှာ,ယင်း၌သာတည်း, ဒွါရာကိစ္စ, ယင်းကပြီးစေ, မိန့်ကြလေသည်, ခုနေ ခေတ်သုံး အယူတည်း။

စက္ခုဝိညာဉ်စသော ပဉ္စဝိညာဉ်၏မှီရာဝတ္ထုကို ရွေးချယ်ဘို့ရာ ဤမန္တာယုကစသော စစ်တမ်းများ ဖြစ်ပေါ်လာရသောကြောင့် ပဉ္စဝိညာဉ် ဖြစ်သည့်အခါ ဌီအခိုက်မှာတည်ရှိသော ဝတ္ထုရုပ်တို့ကိုသာ ရွေးချယ်စိစစ်ရလိမ့်မည်၊ ထိုရုပ်ဝတ္ထုများကား အတီတဘဝင်၏ရှေး တေရသမဘဝင်၏ ဘင်

ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ တိ နု ဒ ပ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

မန္ဒာယုကဇက္ခုပသာဒပေါင်း ၃၇ | မဇ္ဈိမာယုက ၁ | အပမန္ဒာယုက ၁၁

ဓ သံ ဏ ဝု ဝ (၇ ကြိမ်) တ တ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ခဏမှစ၍ ပဥ္စဒါရာဝဇ္ဇန်း၏ ဘင်ခဏတိုင်အောင် အတွင်း၌ စိတ်၏ ခဏတိုင်း ခဏတိုင်း ဖြစ်သမျှ ဝတ္ထုရုပ်ဝို့သည်း၊ ထိုကြောင့် တေရသမဘဝင်၏ ဘင်ကစ၍ အာဝဇ္ဇန်း၏ ဘင်တိုင်အောင် ခဏငယ် တချက်လျှင် ၎းမျိုးဒမျ ရေတွက်ကြည့်က ၄၉ မျိုး ရှိကြောင်းကို သိရလတံ့၊ ပဥ္စဝိညာဉ် ဥပါဒ်သည့်အခါ ထို ၄၉ မျိုးလုံး ဖျေပ်သေးသဲ ၌အမိုက်၌ တည်ရှိကြလေသည်။

ပဥ္စဝိညာဉ်ဥပါဒ်သည့်အခါ အတူဥပါဒ်သော ဝတ္ထုရုပ်, တေရသမဘဝင်၏ ဌီအခိုက်၌ ဖြစ်ခဲ့၍ ပဥ္စဝိညာဉ် ဥပါဒ်သည့်အခါ ချုပ်ဆဲဖြစ်သော ဝတ္ထုရုပ်, ချုပ်လေပြီးသော ရှေးရှေး ဝတ္ထုရုပ်, မဖြစ်သေးသော အနာဂတ် ဝတ္ထုရုပ်များမှာ "ပဥ္စဝိညာဉ်၏ မှီရာဖြစ်လေသလား" ဟု ယုံမှားဘွယ်မရှိသောကြောင့် ဤ မန္ဒာယုက ဖသော စပ်တပ်း၌ အသုံးပြုဘွယ်မလို၊ ထို့ပြင်–ဝတ္ထုရုပ်တို့သည် စိတ္တက္ခဏ ၁၇ ချက် အသက်အညီအမျှရှိသောကြောင့် ပင်ကိုယ်သဘောအတိုင်းအားဖြင့် မန္ဒာယု မဇ္ဈိမာယု အပမန္ဒာယု ဟု မကွဲပြား၊ သို့သော် ထိုထို ဝီထိ၏ အာရုံ အသက်နှင့် နှိုင်းစာ၍ ပမန္ဒာယုစသော အမည်အားဖြင့် ခွဲခြားရသည်။

အတီတဂရှေး၊ ၆ပ၊ ခေါ်သောင် မန္ဒ,အာယုကတဲ့–အတီတဘဝင်မှ ပြန်၍ရေတွက်လျှင် တေရသမမြော် ဘဝင်၏ ဘင်ခဏမှစ၍ ပဥ္စမဘဝင်၏ ဘင်ခဏတိုင်အောင် ခဏတိုင်းဖြစ်ခဲ့သော ဝတ္ထုရုပ်များသည် ဤမဟွေ့

ဒွါရိကဝီထိ၏ အာရုံဖြစ်သော ရူပါရုံမချုပ်ခင် ချုပ်ကြလေသောကြောင့် "မန္ဒအာယု ယေသံတိ မန္ဒာယုကာနိ" အရ မန္ဒာယုက မည်ကြလေသည်။

"ယေသံ–အကြင် ဝတ္ထုရုပ်တို့၏၊ မန္ဒ–ရူပါရုံအသက်ကို ထောက်က နည်းငယ်တိုလျသော၊ အာယု–အသက်သည်၊ အတ္ထိ–ရှိ၏" ဟုဆို၊ ရူပါရုံ မချုပ်ခင် ချုပ်ပုံကား–အတီတဘဝင်ရှေ့က ပဌမဘဝင်၏ ဘင်နှင့်ပြိုင်တူ ဖြစ်ခဲ့သော ဝတ္ထုရုပ်သည် ဒုတိယတဒါရုံ၏ ဌီခဏလောက်တွင် ချုပ်၏, ရူပါရုံမချုပ်ခင် ခဏငယ်တချက်ခန့် အသက်တိုလျက်ရှိ၏၊ ပဌမဘဝင်၏ ဌီနှင့်ပြိုင်၍ ဖြစ်ခဲ့သော ဝတ္ထုရုပ်စသည်တို့ ခဏငယ် ၂ ချက်ခန့်အသက် တိုဟန်စသည်ကို အစဉ်အတိုင်းသိလေ၊ တေရသမဘဝင်၏ ဘင်နှင့်ပြိုင်တူ ဥပါဒ်ခဲ့သော ဝတ္ထုရုပ်သည် စက္ခုဝိညာဉ်၏ ဌီခဏ၌ ချုပ်၏၊ ရူပါရုံ မချုပ်ခင် ခဏငယ် ၃၇ ချက်ခန့်မျှ တင်ကြို၍ ချုပ်လေသည်၊ ဤသို့လျှင် ဤဝီထိဆိုင်ရာ ရူပါရုံကိုထောက်က ရူပါရုံအောက် တိုလျသော အသက်ရှိ သောကြောင့် တေရသမဘဝင်၏ဘင်မှစ၍ ပဌမဘဝင်၏ ဘင်တိုင်အောင် အတွင်း၌ ဖြစ်သမျှ ပသာဒဝတ္ထုရုပ်ပေါင်း ၃၇ ကို မန္ဒာယုက စက္ခု ပသာဒဟု ခေါ်ဆိုရလေသည်။

**အတီတဟူ, ဋ္ဌီဓဃူလစ်၊ ပေ၊ အမန္ဒုက်တည်း–** အတီတဘဝင်၏ ဌီခဏမှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်ခဏသို့ ကျရောက်အောင် အတွင်း၌ ခဏတိုင်း ခဏတိုင်းဖြစ်သော ပသာဒဝတ္ထုရုပ်ပေါင်း ၁၁ သည် ဤဝီထိ ဆိုင်ရာ ရူပါရုံချုပ်ပြီးနောက်မှ ချုပ်ကြသဖြင့် "အမန္ဒအာယု ယေသံ"အရ အမန္ဒာယုကမည်ကြလေသည်၊"ယေသံ–အကြင်ဝတ္ထုရုပ်တို့၏၊ အမန္ဒ–ရူပါ ရုံအသက်ကိုမှီးက မနည်းသော (ရှည်သော)၊ အာယု–အသက်သည်၊ အတ္ထိ– ရှိ၏"ဟုဆို၊အတီတဘဝင်၏ ဌီခဏ၌ဖြစ်သော ဝတ္ထုရုပ်သည် ဒုတိယတဒါရုံ နောင် ပဌမဘဝင်၏ ဥပါဒ်ခိုက်ကျမှချုပ်သဖြင့် ဤဝီထိ၏ရူပါရုံထက် အသက် ရှည်ကြောင်းကို သိရာ၏၊ ထို့နောက် ဝတ္ထုရုပ်များကိုလည်း စိစစ်ကြည့်လေ။

**တီတုပ္ပါဒ, တစုမ္မှုဟု၊ ပေ၊ မစ္ဆိမာမို့–** အတီတဘဝင်နှင့်အတူ ဥပါဒ်သည့် ပသာဒဝတ္ထုရုပ် တမျိုးသည်သာ ဤဝီထိဆိုင်ရာ ရူပါရုံနှင့်

ပြိုင်တွဲချုပ်သဖြင့် ရူပါရုံထက် အသက်ရှည်လည်း မရှည်–တိုလည်းမတို အလယ်အလတ်ကျသောကြောင့် "မၛ္ဈိမံ အာယု ယဿာတိ မၛ္ဈိမာယုက" အရ မၛ္ဈိမာယုက မည်ရလေသည်၊ "ယဿ–အကြင်ဝတ္ထုရုပ်၏၊ မၛ္ဈိမံ–အလယ်အလတ်ဖြစ်သော၊ အာယု–အသက်သည်၊ အတ္ထိ–ရှိ၏" ဟု ဆို၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ မဏိမဥ္ဇူသာ၌–

"သတ္တတ္တိံ'သ မန္ဒာယုကာ, ဧကံ၀ မၛ္ဈိမံ မတံ၊

အမန္ဒေ ကာဒသာ စေတိ, ဝိညာတဗ္ဗာ ဝိဘာဝိနာ"...

ဟု–မိန့်လေသည်၊ မန္ဒာယုကာ–မန္ဒာယုက ပသာဒ ရုပ်တို့သည်၊ သတ္တတ္တိံ'သ– ၃၇ ပါးတည်း၊ မၛ္ဈိမံ–မၛ္ဈိမာယုက ပသာဒကို၊ ဧကံ–တပါးတည်းသာ ဟူ၍၊ မတံ–သိအပ်၏၊ အမန္ဒာ–အမန္ဒာယုက ပသာဒ တို့သည်၊ ဧကာဒသ–၁၁ ပါးတို့တည်း၊ ဣတိ–ဤသို့၊ ဝိဘာဝိနာ–ပညာရှိသည်၊ ဝိညာတဗ္ဗာ–သိထိုက်ကုန်၏။

**ငါးဖြာဝိညာဉ်, ယင်းတွင်မှီတုံ**– ထို ၄၉ မျိုးသော ပသာဒဝတ္ထု ရုပ်တို့တွင် ယင်းမၛ္ဈိမာယုက ပသာဒသည် မၛ္ဈိမပဋိပတ် အလယ်အလတ် ကျသဖြင့် စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဉ်, သောတဒွါရိက ဝီထိစသည်၌ သောတဝိညာဉ် စသော ဝိညာဉ် ၅ ပါးတို့ မှီဘို့ရာ လွန်စွာသင့်မြတ်သတဲ့။

**အာရုံထင်ရာ, ယင်း၌သာတည်း, ဒွါရာကိစ္စ, ယင်းကပြီးစေ**– ရူပါရုံ စသော အာရုံငါးပါးသည် ယင်းမၛ္ဈိမာယုက စက္ခုပသာဒ၌သာ ထင်၍, **ဝီထိစိတ်**၏ဖြစ်ဘို့ရာ အရင်းခံ ဒွါရကိစ္စကိုလည်း ယင်းမၛ္ဈိမာယုက ပသာဒကသာပြီးစေသည်ဟု အဘိဓမ္မာဝတာရဋီကာ မဏိမဥ္ဇူသာတို့မှစ၍ ယခုကာလ ဆရာအချို့တို့မိန့်ဆိုသုံးစွဲရိုးပြကြလေသည်ဟူ၍။ [ဤဘာသာ ဋီကာ၏ အယူဝါဒကို ၃ ချက်စု နိဿယပစ္စည်း အဖွင့်၌ တွေ့ရလတဲ့။]

**နောက်နောက် ဝီထိများအတွက်**။ ။"အတီတရှေး , တေရသမ, ဘင်ကစ၍" ဟူသော လင်္ကာသည် အတီတဘဝင် တချက်လွန်သောဝီထိ နှင့်သာ တိုက်ရိုက် သက်ဆိုင်၏၊ အတီတဘဝင် ၂ချက် ၃ချက် ၄ ချက် စသည်လွန်သော မဟန္တာရုံ ပရိတ္တာရုံဝီထိတို့၌ကား အတီတဘဝင်တချက်

တိုးလျှင် မန္တာယုကဘာက်၌ ပသာဒ ၃ ချက်လျော့, အမန္တာယုကဘာက်၌ ၃ ချက်တိုး, ဤသို့စသည်ဖြင့် အတီတဘဝင် တိုးသလောက် မန္တာယုကဘာက်ကလျော့, အမန္တာယုကဘာက်ကတိုး၍ ရေတွက်ရမည်၊ မဇ္ဈိမာယုက ပသာဒမှာ ပဌမဆုံး အတီတဘဝင်နှင့် အတူဥပါဒ်သော ပသာဒတခုချည်းသာတည်း။

**ဆဌပရိတ္တာရုံဝိထိပုံ**

ဘ ဘ ဘ ဘ ဘ , တိ တိ တိ တိ တိ တိ တိ တိ တိ န ဒ ပ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

မန္တာယုကပသာဒ ၁၃ | မဇ္ဈိမာယုက ၁ | အမန္တာယုကစက္ခုပသာဒ ၃၅

စ သံ ဃာ ဇိ ကူ ဘ

ooo ooo ooo ooo ooo ooo

အလယ်ဝိထိများ၌ အတိုးအဆုတ် သိနိုင်လောက်ပြီ၊ အတိပရိတ္တာရုံဝိထိ၌ စက္ခုဝိညာဉ်ပင် မဖြစ်ရကား ထိုစက္ခုဝိညာဉ်၏ မှီရာပသာဒကို ရွေးချယ်နေဘွယ် မလို၊ သောတဒွါရဝိထိ စသည်များ၌လည်း ဤနည်းအတိုင်း စိစစ်နိုင်လောက်ပြီ၊ ဤမန္တာယုကစသော စစ်ချက်၌ သခေ်ပဝဏ္ဏနာဝယ် တနည်းလာသေး၏၊ အလိုရှိက ရှုကြလေတော့။

**ပဉ္စဒွါရဝိထိပြီးပြီ။**

**ကာ.မဇော မနောဒွါရဝီထိ**

မနောဒွါရဝီထိသည်လည်း ကာမဇောဝါရ အပ္ပနာဇောဝါရ အားဖြင့် ၂ ပါး အပြား ရှိ၏၊ ထိုတွင် ကာမဇောဝါရ သည်လည်း သုဒ္ဓမနောဒွါရဝီထိ, တဒနုဝတ္တိက မနောဒွါရဝီထိအားဖြင့် ၂ပါး အပြားရှိ၏၊ ထိုတွင် သုဒ္ဓမနောဒွါရဝီထိ သည်လည်း တဒါရမဏာဝါရ, ဇဝနဝါရအားဖြင့် ၂ ပါးအပြားရှိ၏။

**တဒါရမဏာဝါရ**

ထိုတွင် တဒါရမဏာဝါရ သည်လည်း ဝိဘူတာရုံအားဖြင့် ၁ ပါးသာ, ပစ္စုပ္ပန်နိပ္ဖန္နရုပ် အာရုံ အတိတ် အနာဂတ်နိပ္ဖန္နရုပ်နှင့် တေကာလိက ကာမ စိတ်စေတသိက်အာရုံ အားဖြင့် ၂ ပါး အပြားရှိ၏၊ ထိုတွင် ပစ္စုပ္ပန် နိပ္ဖန္နရုပ်သည်လည်း အတိတဘဝင် တကြိမ်အလွန်တွင်

**ကာမဇောမနောဒွါရဝီထိ**

**သုဒ္ဓ, တဒနုဝတ္တိကာ။** ။ ပဉ္စဒွါရ၏ နောက်လိုက်မဟုတ်ဘဲ သက်သက် မနော်ဒွါရ၌ ထင်လာသော အာရုံကို အာရုံပြုသော ဝီထိသည်သုဒ္ဓ မနောဒွါရဝိဝ်ိမည်၏၊ သုဒ္ဓိကမနောဒွါရဝီထိ ဟုလည်းခေါ်၏၊ ကြေးစီ ခေါင်းလောင်. စသည်ကို တီးခေါက်သည့်အခါ ပဌမအသံ ပေါ်လာပြီး နောက် "ကြေးညီးသံ" ခေါ် အသံအဆင့်ဆင့်တို့ အတော်ကြာမြင့်အောင် မြှိုဟီးနေသကဲ့သို့ ပဉ္စါရိက ဝီထိတမျိုးတမျိုးပြီးနောက် ထိုဝီထိ၏အာရုံ ကိုပင် ဆက်လက်ယူသော မနောဒွါရဝီထိများလည်း အာရုံ၏ အင်အား အလျောက် အတော်မြားမြောက်စွာ ဖြစ်ကြလေသည်၊ ထိုဝီထိများကို "တဒနုဝတ္တိက မနောဒွါရဝီထိ" ဟုခေါ်၏၊ တံ-ထို ပဉ္စဒွါရဝိဝ်ိ ၎.၊အန ဝတ္တတိ-အစဉ်လိုက်တတ်၏၊ ဣတိ-ထို့ကြောင့်၊ တဒနုဝတ္တိကာ-မည်၏၊ 'ဝိထိဟူသော ဣတ္ထိလိင်ကို ငဲ့၍ ဥပါသိကာပုဒ်ကဲ့သို့ တဒနုဝတ္တိကာ ဟု ဆိုလိုက်သည်၊ အနုဗန္ဓိကာ (နောက်လိုက်) ဝိထိဟုလည်း ခေါ်ကြသေး၏။]

ထင်လာသော အာရုံ, ၂ ကြိမ် ၃ ကြိမ် ၄ ကြိမ် ၅ ကြိမ် အလွန်တွင် ထင်လာသော အာရုံအားဖြင့် ၅ ပါးအပြားရှိ၏။

ထိုတွင် ပစ္စုပ္ပန်နိပ္ဖန္နရုပ်တို့ ဥပါဒ်ပြီးနောက် အတီတဘဝင် တကြိမ်အလွန်တွင် မနောဒွါရ၌ ထင်ရှားစွာ ထင်လာသည် ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ခုနစ်ကြိမ် တဒါရုံ ၂ ကြိမ်ဖြစ်ပြီးနောက် ဘဝင် ၄ ကြိမ်မြော် တွင် နိပ္ဖန္နရုပ် အဋ္ဌာရသတို့ ၁၇ ချက် ရုပ်သက် စေ့ရကား စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် တဒါရမဏဝါရ ပဌမဝိဘူတာရုံဝီထိ မည်၏၊ တို့အတူ တဒါ ရမဏဝါရ ဒုတိယ တတိယ စတုတ္ထ ပဥ္စမဝီထိအားဖြင့် ငါး မျိုးသော ဝိဘူတာရုံဝီထိများ ဖြစ်ကြလေသည်။

အတိတ် အနာဂတ်ဖြစ်သော နိပ္ဖန္နရုပ်နှင့် ကာမစိတ် စေတသိက် တပါးပါးတို့ မနောဒွါရဝယ် ထင်ရှားစွာ ထင်လာရာ၌

**တဒါရမဏဝါရ။** ။ဤဝါရ၌ "ဝိဘူတေ တိမဟန္တေစ, တဒါရမဏ မီရိတံ"နှင့်အညီ ဝိဘူတာရုံတမျိုးသာ ရှိ၏၊ ဤ တဒါရမဏဝါရအတွက် သတ္တရသာယုက ရစကောင်းသော ရုပ်များကို ရွေးချယ်ရာ၌ ဝိညတ် လက္ခဏရုပ်များမှတပါး ၂၂ ပါးသော ရုပ်များကို ရွေးကရွေးချယ်ကြ၏၊ သို့သော် အနိပ္ဖန္နရုပ်ဟူသမျှသည် ရုပ်ပိုင်း၌ပြခဲ့သည့်အတိုင်း ပရမတ်အစစ် မဟုတ်ကြ၊ တဒါရုံကိစ္စ တပ်သော မဟာဝိပါက်သန္တီရဏတို့ကား ပရမတ် အစစ်ကိုသာ အာရုံပြုကြသည်၊ ထို့ကြောင့် နိပ္ဖန္နရုပ် အဋ္ဌာရသကိုသာ ဤကျမ်းက ရွေးချယ်ပေသည် တဒါရုံတို့က ကာမအာရုံများကို အာရုံပြု သောကြောင့် အတိတ် အနာဂတ် နိပ္ဖန္နရုပ်များနှင့် ကာလ ၃ ပါး၌ ထိုက်သလို ဖြစ်ကြသော တေကာလိက ကာမစိတ်များကို အာရုံပြုသော ဆဋ္ဌဝိဘူတာရုံဝီထိကိုလည်း ဤတဒါရမဏဝါရ၌ ပြလိုက်ပေသည်။

ကား အတီတဘဝင် မကျတော့ဘဲဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ၇ ကြိမ်မှ တဒါရုံ ၂ ကြိမ် ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်ကြလေသည်။

**ဒုတိယဝိဘူတာရုံဝိထိစသည်**။ ။ပဉ္စုပ္ပန်နိပ္ဖန္နရုပ်တို့ ဥပါဒ်ပြီးနောက် အတီတဘဝင် ၂ ကြိမ်အလွန်တွင် မနောဒွါရ၌ ထင်ရှားစွာထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ပေ၊ တဒါရုံ ၂ ကြိမ် ဖြစ်ပြီးနောက်ဘဝင် ၃ ကြိမ်မြောက်တွင်ဇနိပ္ဖန္နရုပ်အဋ္ဌာရသတို့ ၁၇ ချက် ရုပ်သက်ဇေ့ရကား တတိယဘဝင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝိထိသည် တဒါရုမဏာဝါရ ဒုတိယဝိဘူတာရုံဝိထိမည်၏၊ ဤနည်းကို မှီး၍ တတိယ စတုတ္ထ ပဥ္စမဝိထိများကိုလည်း သိလေ၊ ဤဝိထိများ၌ တဒါရုံ ၂ ကြိမ် ကျရဥူးမည်ဖြစ်၍ အတီတဘဝင် ၅ ကြိမ်ထက်ပို၍ မလွန်သင့်ပြီ၊ အတိတ် အနာဂတ် နိပ္ဖန္နရုပ်နှင့် ပေကာလိက ဘာမစိတ် စေတသိက်တို့ တပါးပါး ထင်လာရာ၌ကား ပစ္စုပ္ပန်ရုပ် အား၍ပဟုတ်သောကြောင့် အထိတဘဝင် ချဘွယ်မလို၊ သတ္တရသာယုက တွက်စစ်ရသော အာရုံများ မဟုတ်သဖြင့် မည်သည့်စိတ်၏ ဘင်နှင့်ပြိုင်၍ချုပ်သည်ဟု အာရုံချုပ်ရာခဏကိုလည်းပြဘွယ်မလို။

တဒါရုမဏာဝါရ–ပဥ္စမဘူတာရုံဝိထိပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | “တိ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | |
| ဇ | ဇ | ဇ | တ | တ | ဘ | ဘ | ဘ | ဘ” | |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

တဒါရုမဏာဝါရ–ဆဋ္ဌဝိဘူတာရုံဝိထိပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဘ | “န | ဒ | မ | ဇ | (၇ ကြိမ်) | | တ | တ” | ဘ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

**ဓဝနဝါရ ပစ္စုပ္ပန်နိပ္ပန္နရုပ်အာရုံ** ဓဝနဝါရ သည်လည်း ဝိဘူတာရုံ အဝိဘူတာရုံအားဖြင့် ၂ ပါး အပြားရှိ၏၊ ထိုတွင် ဝိဘူတာရုံသည်လည်း ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံ ကြွင်းသောအာ ရုံအားဖြင့် ၂ ပါး အပြားရှိ၏၊ ထိုတွင် ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံသည်လည်း အတိတဘဝင် တကြိမ်အလွန်တွင် ထင်လာသော အာရုံ, ၂ ကြိမ်, ၃ ကြိမ်, ၄ ကြိမ်, ၅ ကြိမ်, ၆ကြိမ်, ၇ ကြိမ် အလွန်တွင် ထင်လာသောအာရုံ အားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထိုတွင် ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသတို့ ဉပါဒ် ပြီးနောက် အတိတဘဝင် တကြိမ် အလွန်တွင် မနောဒွါရ၌ ထင်ရှားစွာ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ

**ဓဝနဝါရ, ပစ္စုပ္ပန်နိပ္ဖန္နရုပ်အာရုံ။** ။ ပစ္စုပ္ပန်နိပ္ဖန္နရုပ်တို့ထင်လာရာ၌ ဖြဟ္မာများသန္တာန်မှာဖြစ်မှုဝိဘူတာရုံပင် ဖြစ်သော်လည်း တဒါရုံကျခွင့်မရှိ၊ ကာမဘုံသားသန္တာန်မှာ ဖြစ်သော်လည်း တစုံတခုသော အကြောင်းကြောင့် တဒါရုံမကျသော ဝိဘူတာ၊ ဝီထိများရှိနိုင်ကြောင်းကို "ကာမေဓဝနသတ္တာ–လမ္ဗနာနံ နိယမေ သတိ" ဂါထာအဖွင့် ဘာသာ ဋီကာ၌ပြခဲ့ပြီ၊ ထို့ကြောင့် ဓဝနဝါရ၌ ဝိဘူတာရုံ အဝိဘူတာရုံဟု အာရုံ ၂ မျိုးပင်ရနိုင်လေသည်၊ ပစ္စုပ္ပန်နိပ္ဖန္နရုပ်တို့က သတ္တရသာယုက ရစကောင်းသောကြောင့် မည်သည့်အချိန်ကစ၍ထင်လာလျှင် မည်သည့်စိတ်၏ ဘင်နှင့်ပြိုင်၍ချုပ်သည်ဟု ပိုင်းခြားခွင့်ရှိရကား ဆိုရိုး၌ အတိတဘဝင် အမျိုးမျိုးလွန်ပုံပြ၍ပိုင်းခြားလိုက်ရပေသည်၊ဇော ၇ ကြိမ် စောရသျှူးမည် ဖြစ်သောကြောင့် အတိတဘဝင် ၇ ကြိမ်ထက်လည်း ပို၍မလွန်သင့်၊ထို့ကြောင့် ဤပစ္စုပ္ပန်နိပ္ဖန္နရုပ်ကိုအာရုံပြုသော ဓဝနဝါရဝီထိများကို ဝိဘူတာရုံ ၇ ဝီထိအဝိဘူတာရုံ ၇ ဝီထိဟု ပိုင်းခြားလိုက်ရ ပေသည်၊ ဝီထိပုံမှာ တဒါရုဝါရ၊ ဇောဝါရအတိုင်း အတိတဘဝင် သင့်သလိုတိုး၍ တဒါရုံ ၂ ကြိမ်မကျဘဲ ဘဝင်ထိုက်သင့်သမျှချရုံသာတည်း။

မနောဒွါရာဝဇ္ဇန်း ဇော ၇ ကြိမ်ဖြစ်ပြီးနောက် ဘဝင် ၆ ကြိမ် မြောက်တွင် နိပ္ဖန္နရုပ် အဋ္ဌာရသတို့ ၁၇ ချက်ရုပ်သက်စေ့ ရကား ဆဋ္ဌဘဝင်၏ဘဝင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ဇဝနဝါရ ပဉ္စမ ဝိဘူတာရုံ ဝီထိ မည်၏၊ ထိုအတူ ဇဝနဝါရ ဒုတိယ တတိယ စတုတ္ထ ပဉ္စမ ဆဋ္ဌ သတ္တမဝီထိ အားဖြင့် ခုနစ်မျိုးသော ဝိဘူတာရုံဝီထိသည်ငင်း, ထိုပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသတို့ မထင်မရှား ထင်လာရာ၌ ခုနစ်မျိုးသော အဝိ ဘူတာရုံ ဝီထိသည်ငင်း ထိုက်သည် အားလျော်စွာ ဖြစ်ကြ လေသည်။

**အာ ရုံ ၂ မျိုး လုံး ဝင် အ တီ တ ဘ ဝင် ညီ မျှ နိုင် ပုံ** ။ ။အတီတ ဘဝင် များစွာလွန်မှ ထင်လာလျှင် ပဉ္စဒွါရဝီထိက အာရုံများကဲ့သို့ အားသေးသော အာရုံ (ဝါ–အဝိဘူတာရုံ)ဟုပင် ဆိုထိုက်သည် မဟုတ် ပါလော၊ အဘယ့်ကြောင့် ဝိဘူတာရုံ အဝိဘူတာရုံ ၂ မျိုးလုံး၌ပင် အတီတဘဝင် လွန်ပုံ အညီအမျှ ရှိနိုင်ပါသနည်းဟု မေး၊ အဖြေကား မနောဒွါရဝီထိများ၌ အာရုံ၏ အစွမ်းက ပဓာနမဟုတ်, စိတ်အစွမ်းကသာ ပဓာနဖြစ်သည်၊ အတီတဘဝင် မည်မျှပင်လွန်မှ ထင်လာစေကာမူ စိတ်အစွမ်းက ထက်မြက်နေလျှင် ဝိဘူတာရုံ အဖြစ်ဖြင့် ထင်လာပေသည်သာ၊ ယောဂီပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ပထဝီဓာတ်ကို အာရုံပြု၍ ကမ္မဋ္ဌာန်းစီးဖြန်းသည့် အခါ ကမ္မဋ္ဌာန်းအားမရှိသေးခင် အဝိဘူတာရုံ ရုံအဖြစ်ဖြင့် အတီတဘဝင် တကြိမ် ၂ ကြိမ် စသည်လွန်မှ ထင်လာ၍, ကမ္မဋ္ဌာန်းအားထုတ်သော စိတ်ကအတော်အသားကျသည့်အခါ ဝိဘူတာ အဖြစ်ဖြင့် ထင်လာပေမည်၊ ထိုသို ထင်ရာ၌ ရံခါ အတီတဘဝင် တကြိမ်အလွန်တွင် ထင်လာ၍ ရံခါ ၂ ကြိမ် ၃ ကြိမ် စသည် ထိုက်သလို လွန်မှ ထင်လာပေလိမ့်မည်၊ ထိုကြောင့် ဝိဘူတ အဝိဘူတ အာရုံ ၂ မျိုးလုံး၌ပင် အတီတဘဝင် လွန်ပုံ အညီအမျှ ရှိနိုင်ပေသည်။

**ပစ္စုပ္ပန်နိပ္ဖန္နရုပ်မှ** ပစ္စုပ္ပန်နိပ္ဖန္နရုပ်မှ ကြွင်းသော စိတ် ကြွင်းသော အာရုံများ စေတသိက်ရုပ် နိဗ္ဗာန် ပညတ်တို့တွင် တပါးပါးသည် ထင်ထင်ရှားရှား ထင်လာသည်ရှိသော် ဘဝင် စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ၇ ကြိမ်ဟူသော ဝိဘူတာရုံဝိထိ, နိဗ္ဗာန်မှ ကြွင်းသော ထိုအာရုံများတွင် တပါး ပါးသည် မထင်မရှား ထင်လာသည် ရှိသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ၇ ကြိမ်ဟူသော အဝိဘူ တာရုံ ဝိထိများ ဖြစ်ကြလေသည်။

**အတီတဘဝင်ချမှု။** ။ ပစ္စုပ္ပန်နိပ္ဖန္နရုပ်ဟခုခုကို အာရုံပြု၍ ဥဒယဗ္ဗယ ဉာဏ် ဘင်္ဂဉာဏ်တို့ဖြစ်သည့်အခါ ခဏငယ်တချက်မျှမလွန်မီ ဥပါဒ်ခိုက်၌ ၎င်း ခဏပေါင်းများစွာလွန်ပြီးနောက် ဘင်ခဏရောက်မှ၎င်း မနောဒွါရ၌ထင်လာကြ၏၊ ဥပါဒ်ခိုက်မှာပင် ထင်လာနိုင်သေးလျှင် ခဏငယ်တချက် ၂ ချက် စိတ္တက္ခဏတချက်နှင့် ခဏငယ် ၁–၂ ချက်စသည်ဖြင့် ခဏကြီး ခဏငယ် အသွယ်သွယ် လွန်မှလည်း ထင်လာပေမည်သာ၊ ထို့ကြောင့် အတီတဘဝင် တချက်လွန်မှ ၂ ချက်လွန်မှ စသည်ဖြင့် ခဏကြီးအလွန် အလွန်တွင်သာ ထင်လာပုံကို ပြခြင်းသည် အကျိုးများလှမည် မဟုတ်၊ သို့သော် ရှေးဆရာတို့ ဝိထိဆိုရိုးနှင့် ကိုက်ညီတန်သမျှ ကိုက်ညီစေရန် သဘောထား၍ အတီတဘဝင်များကို သတ်မှတ်ပြလိုက်ရပေသည်။

**ပစ္စုပ္ပန်နိပ္ဖန္နရုပ်မှ ကြွင်းသောအာရုံများ။** ။ အတိတ်အနာဂတ် ပစ္စုပ္ပန်ဖြစ်သော စိတ်စေတသိက်, အတိတ်အနာဂတ်နိပ္ဖန္နရုပ်နှင့် အနိပ္ဖန္န ရုပ်များ, နိဗ္ဗာန် ပညတ်, ဤအာရုံများတွင် တပါ·ပါးထင်ရာ၌ အတီတ ဘဝင်လည်းမချရ, မည်သည့်စိတ်နှင့်ပြိုင်၍ ချုပ်သည်ဟုလည်း မစိစစ်ရ တော့ပြီ၊ သို့အတွက် ဝိထိမပြားတော့ဘဲ ထင်ရှားလျှင် ဝိဘူတာရုံ, မထင် ရှားလျှင် အဝိဘူတာရုံဟု အာရုံအားဖြင့် ၂ ပါးသာ ပြားတော့သည်၊ ဤဝိထိများ၌ ဇော ၇ ကြိမ်ဟူသော[illegible]ကားဂ်ု့သည်း ပကတိရိုးရာအဖြစ်

**အဗျာကတဝါရ** အိပ်မက်ထည်း၌ မြင်လိုက်သလို ကြားလိုက်
**အိပ်မက်ဝီထိ** သလိုဖြစ်ဘို့ရာ အဝိဘူတာရုံ တခုခုထင်လာ
သည် ရှိသော် ဘဝင်စလနဲ့ ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ၂
ကြိမ် ၃ ကြိမ် ဖြစ်ပြီးနောက် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

များသည်ကို ရည်ရွယ်သော စကားတည်းဟုမှတ်၊ ယမကပါဠိဋီကာရိယ ကာလစသည်၌ ချာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများသည် ဤ ဇဝနဝါရမနောဒွါရဝီထိပင်တည်း၊ ထိုအခါ ဇော ၄ ကြိမ် ၅ ကြိမ် သာဖြစ်သည်၊ ထို့ပြင် ဤဇဝနဝါရ၌ အာဂန္တုကဘဝင်ကျသော ဝိဘူ တာရုံ အဝိဘူတာရုံဝီထိများလည်း ရစကောင်း၏၊ ထိုဝီထိများ၏ အာရုံ နှင့် တကွဒေါသဇောစောပုံကို တဒါရမဏနိယမဘာသာဋီကာ၌ဖွင့်ပြခဲ့ပြီ။

**အဗျာကတဝါရ အိပ်မက်ဝီထိ။** ။ အိပ်ပျော်နေသည့်အခါ ဝီထိ စိတ် လုံးဝမဖြစ်, ဘဝင်ချည်းသာဖြစ်နေ၏၊ ထိုသို့ အိပ်ပျော်စဉ် သွေးလေ ချောက်ချားမှုစသော အကြောင်းကြောင့် အာရုံအသစ် ထင်လာသည့် အခါ အိပ်မက်မက်၏၊ ထိုသို့ အိပ်မက်မက်ရာ၌ လက်ခြေလှုပ်ရှားမှု ယောင်ယမ်း ပြောဆိုမှုတို့မှာ ကာယဝိညတ်နှင့်တကွ ဖြစ်ကြသည်သာ များပေလိမ့်မည်၊ ထိုဝိညတ်ကို ကာမဇော အဘိညာဉ်တို့ကသာ ဖြစ်စေနိုင်၏၊ ထို့ကြောင့် တဒါရမဏဝါရဇဝနဝါရ ယခိပ်မက်ဝီထိများလည်းရှိကောင်း၏၊ ထိုဝီထိများမှာ ပြခဲ့သော ဝီထိတို့၌ပါဝင်လေပြီ၊ ဤအဗျာကတဝါရ အိပ်မက်ဝီထိ၌ကား ဇောစိတ်မပါ, အားလုံး အဗျာကတစိတ်ချည်းသာတည်း၊ ထို့ကြောင့် "သုပိနေနေဝ ဒိဋ္ဌံဝိယ မေတိ ကထနကာလေပိ အဗျာကတောယေဝ" ဟု ဉာဏဝိဘင်္ဂ‌ဋ္ဌကထာမိန့်ပြီး မနောဒွါရာဝဇ္ဇန်း ၂ ကြိမ် ၃ ကြိမ်ဖြစ်ကြောင်း ကား မူလဋီကာ အဆိုတည်း၊ သို့သော် မူလဋီကာက ဤအဗျာကတဝါရ ဝီထိကို မနှစ်သက်လှ။

**သုဒ္ဓမနောဒွါရဝီထိပေါင်း။** ။ ဤဆိုအပ်ပြီးသော အစဉ်ဖြင့် ပစ္စုပ္ပန် နိပ္ဖန္နရုပ်ကို အာရုံပြုသော တဒါရမဏဝါရ ဝိဘူတာရုံ ၅ ဝီထိ, အတိတ်

**စိတ်သရုပ်အာရုံဝတ္ထု** ဘောဝိသတိ ဝီထိသုဒ္ဓါ၊ မနောကာမ–
ဇောဝါရဥ္စ၊ ပဥ္စဝိညာ၊ မနောဓာပစ်၊
ကော်တာလီသ၊ ကာမသာချည်း၊ အာရုံမှာမူ၊ ဘဝင်ဟူသမျှ၊
သုံးဝအတိတ်၊ ကံနိမိတ်တည်း၊ ကြွင်းစိတ်များတုံ၊ တဒါရုံတို့၊
ကျကုန်လေရာ၊ ဝိဘူတာဝယ်၊ သတ္တာရသ၊ အသက်ရသည့်၊
နိပ္ဖန္နရုပ်၊ ပစ္စုပ်တဖြာ၊ တေကာလိက၊ ကာမစေစိတ်၊ အတိတ်
နာဂ–ရုပ်နိပ္ဖန်ဟု၊ အာရုံပြု၏၊ ကြွင်းစုဝိဘူ၊ အဝိဘူကား၊ မခြား

အနာဂတ် နိပ္ဖန္နရုပ်နှင့် တေကာလိက ကာမစိတ်စေတသိက်ကို အာရုံ
ပြုသော တဒါရမဏဝါရ ဝိဘူတာရုံ တဝီထိ၊ ထိုအတူ ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို
အာရုံပြုသော ဇဝနဝါရ ဝိဘူတာရုံ ၇ ဝီထိ၊ အဝိဘူတာရုံ ၇ ဝီထိ၊ကြွင်း
အာရုံများကို အာရုံပြုသော ဝိဘူတာရုံဝီထိ၊ အဝိဘူတာရုံဝီထိ၊ အဗျာကတ
ဝီထိအားဖြင့် သုဒ္ဓမနောဒွါရဝီထိပေါင်း ၂၃ မျိုးရှိသည်။

## စိတ်သရုပ်နှင့် ဝတ္ထုအာရုံ

**ဘောဝိသတိ၊ ယေ၊ ကာမသာချည်း**–ကာမဇောဝါရဖြစ်သည် အားလျော်စွာ
ဤ ၂၃ ပါးသော မနောဒွါရဝီထိများ၌ ချဲ့ရာ စိတ်စုကား ဒွေးပဉ္စဝိညာဉ်
၁၀ မနောဓာတ် ၃ ခုကြဉ်သော ကာမစိတ် ကော်တာလီသာ (၄၁) သာ
တည်း၊ "ဝိတ္တာရေန ပနေတ္ထေက–စတ္တာလီသ ဝိဘာဝယေ" စကားအရပင်
ဖြစ်သည်။

**ကြွင်းစိတ်များတုံ၊ တဒါရုံတို့၊ ကျကုန်လေရာ၊ ဝိဘူတာဝယ်၊
သတ္တာရသ၊ အသက်ရသည့်၊ နိပ္ဖန္နရုပ်၊ ယေ၊ အာရုံပြု၏**–တဒါရုံ ကျသော
ဝိဘူတာရုံဝီထိဝယ်ဘဝင်မှကြွင်းသော စိတ်များ၏ အာရုံကား ပစ္စုပ္ပန်နိပ္ဖန္နရုပ်
ကိုလည်း အာရုံပြု၏၊ ပစ္စုပ္ပန် အတိတ် အနာဂတ် (တေကာလိက)
ဖြစ်သော ကာမစိတ်စေတသိက်နှင့် အတိတ် အနာဂတ် နိပ္ဖန္နရုပ်ကိုလည်း
အာရုံပြု၏။

ထူးထွေ, စိတ်စေရုပ်ကုန်, ပညတ်စုံကို, အာရုံစွဲကပ်၊ နိဗ္ဗာန်ဓာတ်မူ, ဝိဘူတွက်တာ, တဘက်သာတည်း၊ မှီရာမှတ်ရှု, ရှေးရှေးဥသည့်, ဝတ္ထုပြဟာဒယံ, စွဲမှီကြသည်, ဒွိဟလွတ်ကင်း, ရှင်းလေတည်း။

**ဘုံနှင့် ပုဂ္ဂိုလ်** လွတ်ကင်းဒွိဟ, ရှင်းရှင်းပလော, ကာမဘုံသာ, တဒါရုံကျ, ဝိဘူတတည်း၊ ကြွင်းထ ဝိဘူ,အဝိဘူဝယ်, ဘုံသုံးဆယ်ဟု, အလွယ်ထုတ်ပြ, ပုဂ္ဂလရှစ်, ဝီထိဖြစ်သည်, စိစစ်ဘဝင် သွင်းလေတည်း။

**ကြွင်းစုဝိဘူ, အဝိဘူကား, မခြားထူးထွေ, စိတ်စေရုပ်ကုန်, ပညတ်စုံကို, အာရုံစွဲကပ်–** ကြွင်းသော ဇဝနဝါရ ဝိဘူတာရုံ အဝိဘူတာရုံဝီထိ စိတ်တို့ကား အထူးအထွေ မခြားနားဘဲ စိတ်စေတသိက် ရုပ်နှင့် ပညတ်အားလုံးကို အာရုံပြု၏၊ ထင်ရှားလျှင် ဝိဘူတာရုံဝီထိ၏ အာရုံ, မထင်ရှားလျှင် အဝိဘူတာရုံဝီထိ၏ အာရုံဟု ဤမျှသာ ကွဲပြား၏၊ ပစ္စုပ္ပန်နိပ္ဖန္နရုပ်ဖြစ်လျှင် အတီတဘဝင်ချ၍ ကြွင်းအာရုံများ၌ အတီတဘဝင် မချရသည်သာ ထူးသည်ကို ဝီထိစဉ်ပြန်၍ သတိပြု။

**နိဗ္ဗာန်ဓာတ်မူ, ဝိဘူတွက်တာ, တဘက်သာတည်း–**နိဗ္ဗာန်ကား ဝိဘူတာရုံဝီထိ၏ အာရုံသာတည်း၊ မှီရာ ဝတ္ထုမှာ ပဉ္စဒွါရဝီထိအတိုင်းပင်။

**ကာမဘုံသာ, တဒါရုံကျဝိဘူတတည်း၊ ကြွင်းထဝိဘူ, အဝိဘူဝယ်, ဘုံသုံးဆယ်ဟု အလွယ်ထုတ်ပြ–**တဒါရုံကျသော ဝိဘူတာရုံဝီထိတို့သည် ကာမဘုံသာ ဖြစ်ကုန်၏၊ ကြွင်းသော ဇဝနဝါရ ဝိဘူတာရုံ အဝိဘူတာရုံ ဝီထိတို့ကား အသညသတ်ကြဉ်သော ဘုံသုံးဆယ်လုံးမှာပင် ထိုက်သင့်သလိုရကြ၏၊ ပုဂ္ဂိုလ်အားဖြင့်လည်း ပုထုဇဉ် ၄ ယောက်ဖလဋ္ဌ ၄ ယောက် ဤရှစ်ယောက်၌ဖြစ်ကုန်၏၊ [အဗျာကတဝါရ အိပ်မက် ဝီထိ၌ လူ့ဘုံပုထုဇဉ် သောတာပန် သကဒါဂါမ်၌သာဖြစ်ထိုက်၏၊ အနာဂါမ် ရဟန္တာနှင့် နတ်ဗြဟ္မာတို့မှာ အိပ်မက် မမက်နိုင်ရာ။]'

ရှေး ဝါ ဒ နှင့် ဤ ကျမ်း ၏ အ ယူ ။ ။ ဝိထိလက်ရိုးမှစ၍ ရှေးရှေး ဆရာတို့သည် "ယဒိဝိဘူတ–မာရမဏာအာပါတ–မာဂစ္ဆတိ" စသော သဗ္ဗြိဟ် စာသွားမှုကို ပမာပြု၍ "ဝိဘူတာရုံမှန်လျှင် အမြဲတဒါရုံကျရမည်" ဟု ယူပြီးလျှင်, မဟဂ္ဂုတ် လောကုတ္တရာ စိတ်စေတသိက်နှင့် နိဗ္ဗာန်ပညတ်ကို အာရုံပြုရာ၌ ကာမတရားမဟုတ်သောကြောင့် တဒါရုံမကျနိုင်၊ တဒါရုံ မကျလျှင် ထိုအာရုံများသည် အဝိဘူတာရုံသာ ဖြစ်ရမည်–ဟု ယူဆတော် မူကြလေသည်၊ ထိုအယူအတိုင်းမှန်လျှင် ဗြဟ္မာတို့သန္တာန်၌ တဒါရုံမကျ နိုင်ရကား ထင်ထင်ရှားရှား ထင်လာသော ဝိဘူတာရုံဝိထိများ ဖြစ်ခွင့် ရတော့မည်မဟုတ်၊ စင်စစ်မှာ စိတ်ဓာတ်ကြည်လင်သော ဗြဟ္မာတို့ဝယ် ကာမပုဂ္ဂိုလ်များထက်ပင် ဝိဘူတာရုံ အထင်များပေလိမ့်မည်။

ထို့ပြင် ,နိဗ္ဗာန်ကို အဝိဘူတာရုံ၌ သွင်းထားသည်မှာ လွန်စွာစဉ်းစား ဘွယ်ရာပေတည်း၊ နိဗ္ဗာန်ကို အာရုံပြုနိုင်သော ကာမဇောဝိထိစိတ်တို့ကား အလွန်ထက်မြက်သော ပစ္စဝေက္ခဏာဝိထိစိတ်ပေတည်း၊ ထိုစိတ်များဖြင့် နိဗ္ဗာန်ကို မထင်မရှား သိသည်မဟုတ်၊ မဂ်စိတ်ဖိုလ်စိတ်များ ဖြစ်ပြီးနောက် အလွန်ထင်ရှားစွာ ဆက်လက်၍ သိသည်၊ မဂ္ဂဝိထိ ဖလဝိထိ မရောက်ခင် လည်း နိဗ္ဗာန်ကို အာရုံမပြုနိုင်ပါ၊ ထို့ကြောင့် နိဗ္ဗာန်သည် ဝိဘူတာရုံ အစစ်သာတည်း။

မဟဂ္ဂုတ် လောကုတ္တရာစိတ် စေတသိက်နှင့် ပညတ်အာရုံများကို အဝိဘူတာရုံ၌ တဘက်သတ် သွင်းတော်မူကြခြင်းမှာလည်း စဉ်းစားဘွယ်ပင် တည်း၊ ရှာန်ကိုဝင်စားပြီးနောက် ထိုရှာန်အင်္ဂါကို ဆင်ခြင်ရာ, မဂ္ဂဖလ ဝိထိဖြစ်ပြီးနောက် ထိုမဂ်ဖိုလ်ကို ဆင်ခြင်ရာ၌၎င်း, ပထဝီကသိုဏ်းပညတ် ကို အာရုံပြု၍ ကမ္မဋ္ဌာန်းပေါက်လုရာ ကာမဇော စောတုန်းအခါ၌၎င်း, ထိုအာရုံများ အဘယ့်ကြောင့် မထင်ရှားဘဲ ရှိရာအံ့နည်း အလွန်ထင်ရှား သော ဝိဘူတာရုံများသာတည်း၊ သို့အတွက် "နိဗ္ဗာန်မှာ ဝိဘူတာရုံတမျိုး သာအခြားသော စိတ် စေတသိက် ရုပ်ပညတ်တို့မှာ ဝိဘူတာရုံ အဝိ ဘူတာရုံ ၂ မျိုးပင်ရှိ၏" ဟု မှတ်ကြပါလေ။

**တဒါရုဏ်ကာဝီထိ**

တဒါရုဏ်ကာမနောဒွါရ ဝီထိ သည်လည်း စက္ခုဒွါရဝီထိနောက်သို့ လိုက်သော ဝီထိ, သောတ, ဃာန, ဇိဝှါ, ကာယဒွါရ ဝီထိနောက်သို့ လိုက်သော ဝီထိအားဖြင့် ငါးပါး အပြားရှိ၏၊ ထိုတွင် စက္ခုဒွါရဝီထိ နောက်သို့ လိုက်သော ဝီထိသည်လည်း အတီတဂ္ဂဟဏဝီထိ သမူဟဂ္ဂဟဏဝီထိ အတ္ထဂ္ဂဟဏဝီထိ နာမဂ္ဂဟဏဝီထိ အားဖြင့် လေးပါးအပြားရှိ၏၊ ထိုတွင် အတီတဂ္ဂဟဏဝီထိဖြစ်ပုံကား– စက္ခုဒွါရဝီထိ၏အခြားမဲ့၌ ထိုက်သမျှ ဘဝင်ကျပြီးနောက် ထိုစက္ခုဒွါရဝီထိ၏ အာရုံဖြစ်သော အတိတ်ရူပါရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ၇ ကြိမ် (ဝိဘူတာရုံဖြစ်လျှင် တဒါရုံ ၂ ကြိမ်, အဝိဘူတာရုံဖြစ်လျှင် တဒါရုံမကျဘဲ) ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

**တဒါရုဏ်ကာမနောဒွါရဝီထိ**။ ။ "အတိတ်, သမူဟ, အတ္ထဒြပ်, နာမ်ပညတ်, လေးရပ် နောက်လိုက်များ" ဟူသည်နှင့်အညီ ရှေးဦးစွာ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသော စက္ခုဒွါရဝီထိ ဖြစ်ပြီးနောက် ထိုက်သင့်သလောက် ဘဝင်ကျပြီးလျှင် ချုပ်လေပြီးသော အတိတ်ရူပါရုံကို အာရုံပြု၍ အတီတဂ္ဂဟဏ မနောဒွါရဝီထိဖြစ်သည်၊ ဤမနောဒွါရဝီထိ၏ အာရုံကား ဝိဘူတာရုံ အဝိဘူတာရုံ ၂ မျိုးပင်ဖြစ်သင့်၏။ [အတီတ= အတိတ်အာရုံကို+ ဂဟဏ= ယူသော (အာရုံပြုသော) ဝီထိ။]

လူတစ်ယောက်ကိုမြင်ရာ၌ စက္ခုဒွါရိက တဝီထိ, အတီတဂ္ဂဟဏ တဝီထိ ဤဝီထိတစုံမျှဖြင့် လူတကိုယ်လုံးကို မြင်နိုင်သေးသည်မဟုတ်၊ ဦးခေါင်းပိုင်းကိုစ၍ မြင်လျှင် ဦးခေါင်း၏တစိတ်တပိုင်းမှာရှိသော ရူပါရုံကို အာရုံပြုပြီးနောက် ထိုဦးခေါင်း၏ အခြားသော အစိတ်အပိုင်းများကိုရွေ့ကာ

ထို့နောက် ရူပါရုံအများကို ပေါင်းရုံး၍ အာရုံပြုသော သမူဟဂ္ဂဟဏဝီထိ၊ ရူပါရုံ၏တည်ရာ အထည်ကိုယ်ဒြပ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိ၊ အများ ခေါ်ဝေါ်အပ်သော နာမည်ပညတ်ကို အာရုံပြုသော နာမဂ္ဂဟဏဝီထိများ ထိုက်သည် ရွေ့ကာ အာရုံပြုသော စက္ခုဒွါရိကဝီထိ အတီတဂ္ဂဟဏဝီထိတို့ အစုံများစွာဖြစ်ပြီးမှ မြင်ရသမျှ ဥုးခေါင်းတခုလုံး၏ ရူပါရုံအပေါင်းကို အာရုံပြုသော သမူဟဂ္ဂဟဏ မနောဒွါရဝီထိဖြစ်၏၊ ဤဝီထိလည်း အတိတ် ရူပါရုံအပေါင်းဖြစ်သော ကာမတရားကို အာရုံပြုသောကြောင့် ဝိဘူတာရုံဖြစ်က တဒါရုံကျနိုင်သေး၏၊ "ရူပါရုံအပေါင်း" ဟုဆိုသော်လည်း ပညတ် မဟုတ် အစိတ်အစိတ် ရူပါရုံကို ကြည့်ထားလျှင် အပေါင်းဟူ၍ မရှိ၊ ထို့ကြောင့် ရူပါရုံအပေါင်းဟူသည် ပရမတ်ပင်တည်း။ [သမူဟ= အပေါင်း အာရုံကို+ ဂဟဏ= ယူသောဝီထိ။]

ထိုသမူဟဂ္ဂဟဏဝီထိတို့လည်း ဘဝင်ခြားကာခြားကာ အတော်များစွာ ဖြစ်ပြီးနောက် ထိုရူပါရုံ၏တည်ရာ ဥုးခေါင်းအထည်ကိုယ်ဒြပ်ကို တပ်အပ် သိနိုင်သော အတ္ထဂ္ဂဟဏ မနောဒွါရဝီထိတို့ အတော်များစွာဖြစ်၏၊ ဤဥုးခေါင်းအထည်ကိုယ်ဒြပ်ကို အာရုံပြုရာ၌ အထည်ကိုယ် ဒြပ်က ပညတ် ဖြစ်သောကြောင့် ဝိဘူတာရုံဖြစ်ဖြစ် အဝိဘူတာရုံဖြစ်ဖြစ် တဒါရုံမကျနိုင်၊ ဇဝနဝါရမနောဒွါရဝီထိများသာဖြစ်တော့သည်။ [အတ္ထ= အထည်ကိုယ်ဒြပ် ကို+ ဂဟဏ= ယူသောဝီထိ။]

ထို့နောက် ထိုအထည်ကိုယ်ဒြပ်၏ လောက အခေါ်အဝေါ်အတိုင်း "ဥုးခေါင်း" ဟူသော နာမည်ကိုသိသော နာမဂ္ဂဟဏဝီထိလည်း အများ အပြားပင်ဖြစ်၏ [နာမည်ဟူသည် ပရမတ်တရားမဟုတ်၊ တစုံတယောက်က စထွင်၍ ပညတ်လိုက်သော ပညတ်မျိုးသာဖြစ်၍ "နာမည်ပညတ်" ဟု ပြောဆိုလေ့ရှိသည်၊ ထို့ကြောင့် နာမဂ္ဂဟဏဝီထိ၌လည်း ဝိဘူတာရုံ ဖြစ်ဖြစ် အဝိဘူတာရုံဖြစ်ဖြစ် တဒါရုံကျခွင့်မရှိ။ [နာမ= နာမည် ပညတ်ကို + ဂဟဏ= ယူသောဝီထိ။]

အားလျော်စွာ ဖြစ်ကြ၏၊ ဃာန ဇိဝှါ ကာယဒွါရိကဝီထိတို့၏ နောက်လိုက်ဖြစ်သော တဒနုဝတ္တိက ဝီထိများလည်း ဤအစဉ်အတိုင်း ဖြစ်ကြလေသည်။

ဤသို့လျှင် ဦးခေါင်းအတွက် နာမဂ္ဂဟဏတိုင်အောင် ဝီထိပေါင်း များစွာကျပြီးမှ ဦးခေါင်းအောက်က လည်ပင်း လက် ကိုယ်စသော ကိုယ် အင်္ဂါအစိတ်အပိုင်းများကို မြင်တန်သမျှ မြွေကာ မြွေကာ ဝီထိပေါင်းများစွာ ဖြင့် သိပြီးနောက် လူတကိုယ်လုံးကို မြင်သိသော စက္ခုဒွါရိကအစ နာမဂ္ဂဟဏ အဆုံးရှိသော ဝီထိများဖြင့် လူဒြပ်-လူဟူသော နာမည်ပညတ် ကို တပ်အပ်သေချာ သိရသေသည်၊ အထည်ကိုယ် သေးငယ်လျှင် သေးငယ် သလောက် ကြီးလျှင် ကြီးသလောက်, ဝီထိအနည်းအများကွဲပြား၍ ဆိုင်ရာ အထည်ကိုယ်ဒြပ်နှင့် အမည်ပညတ်များ သိနိုင်ပုံကိုလည်း ချဲ့တွင်ကြည့်လေ၊ အတ္ထဂ္ဂဟဏဝီထိဖြစ်ပြီးနောက် ပင်ကိုယ်က နာမည်သိဘူးမှလည်း နာမဂ္ဂ ဟဏဝီထိ ဆက်ဖြစ်မည်၊ ပင်ကိုယ်က လူကို "လူခေါ်ကြောင်း" နာမည် မသိသေးသော ကလေးသူငယ်တို့မှာ နာမဂ္ဂဟဏဝီထိ ဆက်လက်မဖြစ်နိုင်၊ ဘယ်အရာဝတ္ထုဉ်မဆို နာမည်မသိဘူးကနာမဂ္ဂဟဏဝီထိမဖြစ်နိုင်ဟုမှတ်။

အချို့ဆရာတို့ကား အတ္ထဂ္ဂဟဏနာမဂ္ဂဟဏဝီထိများသည် ပဥ္စဒွါရိက ဝီထိ၏ အာရုံကိုလိုက်၍ ယူခြင်းမဟုတ်, ရူပါရုံစသည့်တို့၏ အတ္ထ နာမ ပညတ်များ ကို အာရုံပြုသောကြောင့် တဒနုဝတ္တိကဝီထိဟု မဆိုလိုကြ, သုဒ္ဓ မနောဒွါရဝီထိဟုသာ ဆိုလိုကြသည်၊ ဤဒြကား အာရုံချင်း ကွဲပြား သော်လည်း ပဥ္စဒွါရဝီထိနှင့် ဆက်သွယ်၍ဖြစ်သမျှသော မနောဒွါရဝီထိများကို တဒနုဝတ္တိကာဟုချည်း ဆိုလိုပေသည်၊ ပဥ္စဒွါရဝီထိ ဖြစ်တိုင်းလည်း အတ္ထဂ္ဂဟဏ နာမဂ္ဂဟဏဝီထိများ အမြဲလိုက်ပါသည်ဟု မဆိုသာ, တရံ တခါ အတီတဂ္ဂဟဏ ဝီထိလောက်ဖြင့်ပင် ဝီထိစဉ်ပြတ်သော အရာလည်း ရှိပေလိမ့်မည်။

ဃာနဒွါရိကဝီထိ စသည် နောက်သို့လိုက်သော တဒနုဝတ္တိကဝီထိများ အာရုံယူပုံကား-ဂန္ဓာရုံဝယ် သမူဟဂ္ဂဟဏဝီထိက အဆင့်ဆင့်ယူအပ်သော

သောတဒွါရဝိထိ နောက်သို့ လိုက်သော ဝီထိ သည်ကား အတီတဂ္ဂဟဏ ဝိထိ သမူဟဂ္ဂဟဏ ဝိထိ တို့၏ အခြား.မဲ့၌ နာမဂ္ဂဟဏဝိထိ ရှေးဦးစွာ ဖြစ်ပြီးမှ အတ္ထဂ္ဂဟဏဝိထိ ဖြစ်လေသည်။

အနံ့ အပေါင်းကို အာရုံပြု၏၊ အတ္ထဂ္ဂဟဏဝိထိက အနံ့၏ တည်ရာ ဒြဗ်ကို အာရုံပြု၏၊ နာမဂ္ဂဟဏဝိထိက ရေမွှေးနံ့ နံ့သာဆီနံ့ စသော အမည်ကို အာရုံပြုသည်၊ ရသာရုံဝယ် သမူဟဂ္ဂဟဏဝိထိက အဆင့်ဆင့်ယူအပ်သော အရသာအပေါင်းကို, အတ္ထဂ္ဂဟဏဝိထိက အရသာ၏တည်ရာ ခဲဘွယ် ဘောဇဉ်ဒြဗ်ကို, နာမဂ္ဂဟဏဝိထိက ထမင်းအရသာ ဟင်းအရသာစသော နာမည်ကို အာရုံပြုသည်၊ ဖောဋ္ဌဗ္ဗာရုံဝယ် သမူဟဂ္ဂဟဏဝိထိကအဆင့်ဆင့် ထိအပ်သော ဖောဋ္ဌဗ္ဗာရုံအပေါင်းကို, အတ္ထဂ္ဂဟဏဝိထိက ဖောဋ္ဌဗ္ဗာရုံ၏ တည်ရာ ဖဲမွေ့ရာ ကမ္ဗလာစသော အထည်ဒြဗ်တို့ကို, နာမဂ္ဂဟဏဝိထိက ဖဲအတွေ့ ကမ္ဗလာအတွေ့စသော အမည်ကို အာရုံပြုသည်။

**သောတဒွါရိကာ နုဝတ္တိက ဝိထိများ။** ။ တစုံတယောက်က "ဂေါ"ဟူသော သဒ္ဒ(အသံ) ကိုရွတ်ဆိုလိုက်သည့်အခါ တိုပစ္စုပ္ပန် (ရွတ်ဆဲ) သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရိကဝိထိဖြစ်ပြီးနောက် လိုက်သင့်သလော် ဘဝင်ခြား၍ အတိတ်ဖြစ်သော သဒ္ဒါရုံကို အာရုံပြုသော အတီတဂ္ဂဟဏ ဝိထိခေါ် မနောဒွါရဝိထိ ဖြစ်၏၊ ဤဝိထိအစုံကား အဟော်များ.များ ထပ်ကာ ထပ်ကာ ဖြစ်သည်-ဟု ကြံသင့်၏၊ ထင်ရှား.စေအံ့-အက္ခရာ တလုံး၏အသံသည် ရဿသံဖြစ်လျှင် လက်ဖျောက်တချက်တီးခန့်ကြာ၍, ဒီဃသံဖြစ်လျှင် လက်ဖျောက် ၂ ချက်တီးခန့်ကြာ၏၊ လက်ဖျောက်တချက် တီးခန့် ကာလအတွင်း၌ကား "ကောဋိသတသဟဿ သခ်ါ သန်ါရာ ဥပ္ပဇ္ဇန္တိ" အရ စိတ်ပေါင်း ကုဋေတသိန်းခန့်မျှဖြစ်နိုင်၏၊ ထိုကြောင့် ဂေါဟူသော အသံလုံးကြီးတခု၌ ထပ်၍ ထပ်၍ ဖြစ်သော အစိတ်အစိတ် ပစ္စုပ္ပန် သဒ္ဒါရုံပေါင်းများစွာကို အာရုံပြုသော သောတ ဒွါရိကဝိထိပေါင်းများစွာ, လိုက်သင့်သလောက် ဘဝင်ခြားပြီးမှ အတိတ်

သဒ္ဒါရုံကို အာရုံပြုသော အတီတဂ္ဂဟဏ၊ ဝီထိပေါင်းများစွာ ထပ်ကာ ထပ်ကာ ဖြစ်သည်ဟု ကြံသင့်သည်။

ဤ အက္ခရာတလုံးသံ၌ အပေါင်းသဒ္ဒါရုံကို အာရုံပြုသော သမူဟဂ္ဂဟဏဝီထိ မရနိုင်၊ အတီတဂ္ဂဟဏဝီထိ၏ အခြားမဲ့၌ "ဂေါ" ဟူသောနာမည်ပညတ်ကို အာရုံပြုသော နာမဂ္ဂဟဏ ဝီထိများစွာဖြစ်၏၊ သောတဒွါရိကဝီထိ အတီတဂ္ဂဟဏဝီထိ အခိုက်တုန်းက အသံသာမန်ကိုသာ ကြားသိနိုင်၏၊ ဂေါဟုပိုင်ပိုင်နိုင်နိုင် မသိသေး၊ ဤနာမဂ္ဂဟဏ ဝီထိကျမှ "ဂေါ" ဟုပြောဆိုကြောင်းကို နားလည်သည်၊ နာမဂ္ဂဟဏဝီထိ၏ အခြားမဲ့၌ ဂေါဟူသောအသံ(သဒ္ဒ)၏ ဟောနက်ဖြစ်သော နွားဒြဗ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိဖြစ်လေသည်။ [ဤသဒ္ဒါရုံ တဒနုဝတ္တိက၌ နာမဂ္ဂဟဏဝီထိက ရှေ့၊ အတ္ထဂ္ဂဟဏဝီထိက နောက်ဖြစ်ပုံကို သတိပြုပါ။]

သဒ္ဒံ ပဌမ စိတ္တေန, တီတံ ဒုတိယ စေတသာ၊
နာမံ တတိယစိတ္တေန, အတ္ထံ စတုတ္ထ စေတသာ။

သဒ္ဒံ–ပစ္စုပ္ပန်သဒ္ဒါရုံကို၊ ပဌမစိတ္တေန–ပဌမသောတဒွါရိကဝီထိစိတ်ဖြင့်၊ ဇာနာတိ–သိ၏၊ အတီတံ–အတီတ်သဒ္ဒါရုံကို၊ ဒုတိယစေတသာ–ဒုတိယမနောဒွါရိကစိတ်ဖြင့်၊ ဇာနာတိ–၏၊ နာမံ–နာမည်ပညတ်ကို၊ တတိယစိတ္တေန–တတိယမနောဒွါရိကစိတ်ဖြင့်၊ ဇာနာတိ–၏၊ အတ္ထံ–အနက်ဒြဗ်အတ္ထပညတ်ကို၊ စတုတ္ထစေတသာ–စတုတ္ထမနောဒွါရိကစိတ်ဖြင့်၊ ဇာနာတိ–၏။

အက္ခရာ ၂ လုံး ၃ လုံးစသည်ရှိသော သဒ္ဒါရုံကို အာရုံပြုရာ၌ကား သမူဟဂ္ဂဟဏဝီထိရထိုက်၏၊ ထင်ရှားစေအံ့၊–"ဗုဒ္ဓ"ဟု တစုံတယောက ရွတ်ဆိုရာ၌ "ဗုဒ်" ဟုရွတ်ခိုက် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသော သောတဒွါရိက, ချုပ်ပြီးစ အတိတ်သဒ္ဒါရုံကို အာရုံပြုသော အတီတဂ္ဂဟဏ,ဤဝီထိတစုံ အတော်များစွာ ဖြစ်၏၊ ထို့နောက်"ဓ"ဟု ရွတ်ဆိုခိုက်၌လည်း ထိုဝီထိတစုံ အတော်များစွာဖြစ်၏၊ ထို့နောက် ချုပ်လေပြီးသော "ဗုဒ်, ဓ" အသံ ၂ ရပ်ကို ပေါင်းစပ်၍ အာရုံပြုသော သမူဟဂ္ဂဟဏဝီထိများစွာ ဖြစ်၏၊ ဤသို့လျှင် အက္ခရာ ၃ လုံးရှိသော "သဗ္ဗညု" အသံ၌ သောတ

ဒွါရိက အတိတဂ္ဂဟဏဝီထိတို့ သဒ် အတွက် အစုံများစွာ၊ ဗဉ်အတွက် အစုံများစွာ၊ ဥူအတွက် အစုံများစွာ ဖြစ်ပြီးမှ "သဒ် ဗဉ် ဥူ" အသံ ၃ ရပ်ကို ပေါင်းစပ်၍ အာရုံပြုသော သမူဟဂ္ဂဟဏ ဝီထိများစွာ ဖြစ်၏၊ ဤသို့အကျွရာ တလုံးတိုးလျှင် ဝီထိတစုံတစုံတိုး၍ ရေတွက်လေ၊ ဤသမူ ဟဂ္ဂဟဏဝီထိများဖြစ်ပြီးမှ ဗုဒ္ဓဟူသော နာမည် သဗ္ဗညူဟူသော နာမည် ပညတ်ကို အာရုံပြုသော နာမဂ္ဂဟဏဝီထိ များစွာဖြစ်၏၊ ထို့နောက် ဗုဒ္ဓ သဗ္ဗညူတို့၏ ဟောနက်ဖြစ်သော ဘုရားဒြပ် (အတ္ထပညတ်) ကို အာရုံ ပြုသော အတ္ထဂ္ဂဟဏဝီထိ ဖြစ်၏။

နာမဂ္ဂဟဏဝီထိဖြစ်ပြီးနောက် ဤ "ဂေါ" ဟူသော နာမည် (သဒ္ဒါ) သည် နွားဒြပ် (အနက်)ကို ဟော၏ဟု ရှေးကမှတ်ဘူးသော သင်္ကေတ (အမှတ်အသား) ရှိမှလည်း နွားဒြပ်အနက်ကိုနားလည်သော အတ္ထဂ္ဂ ဟဏဝီထိ ဖြစ်နိုင်မည်၊ ကုလားစကားကို နားမလည်လျှင် ကုလားသံ နာမည်တွေကို ကြားသိသော နာမဂ္ဂဟဏဝီထိတွေ မည်မျှလောက်ပင် ဖြစ်နေသော်လည်း ဘယ်အနက်ဒြပ်ကို ဆိုလိုမှန်း နားမလည်နိုင်၊ ထိုသို့ နားမလည်နိုင်သဖြင့် ယခင် အတ္ထဂ္ဂဟဏ ဝီထိများ မဖြစ်ဟု သိလေ၊ ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာ၌-

"သောတာ့လမ္ဗနံ မာပန္နေ၊ သင်္ကေတေန ဝဝတ္ထိတော၊
အတ္ထသာ ဉာပကော သဒ္ဒေါ၊ နာသန္တေ ကာရဏဒွယေ"

ဟုမိန့်လေပြီ... သောတာလမ္ဗနံ-သောတဒွါရိကဝီထိ၏ အာရုံအဖြစ် သို့၊ အာပန္နေ-ရောက်သည်လည်း ဖြစ်စေ၊ သင်္ကေတေန-ဤသဒ္ဒါသည် ဤအနက်ကို ဟော၏ ဟူသော အမှတ်အသားဖြင့်၊ ဝဝတ္ထိတော-ရှေးက မှတ်သားအပ်ဘူးသည်လည်း ဖြစ်စေ၊ သဒ္ဒေါ-သဒ္ဒါ (အသံ) သည်၊ အတ္ထဿ-အနက်ဒြပ် အတ္ထပညတ်ကို၊ ဉာပကော-သိစေနိုင်၏၊ ကာရဏ ဒွယေ-နား၌ ကြားခြင်း ရှေးကမှတ်သားဘူးခြင်း ဟူသော အကြောင်း ၂-ပါးသည်၊ အသန္တေ-မရှိလျှင်၊ နဉာပကော-အနက်ကို မသိစေနိုင်။

ပါဠိသံကို မြန်မာလူမျိုးများ ကြားရာ၌ ပါဠိနာမည်ကို အာရုံပြုသော နာမဂ္ဂဟဏဝီထိ၏ အခြားမဲ့၌ မြန်မာလို "နွား"ဟူသော မြန်မာနာမည်ကို

ကာယဝိညတ္တိဂ္ဂဟဏ အလိုဆန္ဒနှင့် တကွ ကိုယ်လက်အင်္ဂါ

ဝီထိ

လှုပ်ရှား စကားပြောဆိုသည်ကို မြင်ရ ကြားရရာ၌ကား စက္ခုဒွါရ သောတဒွါရ ဝီထိနောက်သို့ လိုက်သော ဝိညတ္တိဂ္ဂဟဏ အဓိပ္ပါယဂ္ဂဟဏ မနောဒွါရဝီထိများ ဖြစ်သေး၏၊ ဖြစ်ဟန်ကား–"ရူပံ ပဌမစိတ္တေန, တီတံ ဒုတိယ စေတသာ၊ တတိယေန တု ဝိညတ္တိံ, ဘာဝံ စတုတ္ထစေတသာ" နည်းပြဂါထာနှင့်အညီ, တပါးသောသူက လက်ကို လှုပ်ယပ်၍ ခေါ်လိုက်သည်ရှိသော် ရှေးဦးစွာ လှုပ်ရှားသောလက်၏ ရူပါရုံကို အာရုံပြုသော စက္ခုဒွါရဝီထိ, အတိတ် ရူပါရုံကို ကူးပြောင်း၍ အာရုံပြုသော နာမဂ္ဂဟဏ ဝီထိတမျိုးဖြစ်ရလိမ့်မည်၊ ထို့ အတူအခြားဘာသာစကားကို ကြားရာ၌ မိမိဘာသာဖြစ်သော နာမည် ကို ကူးပြောင်း၍ ကူးပြောင်း၍ သိသော နာမဂ္ဂဟဏဝီထိ အပိုကျခွင့် ရှိသည်ကိုလည်း သတိပြုလေ၊ ဤကားမှတ်သားနိုင်ရုံ အကျဉ်းသာတည်း။

ဆရာတို့ကား နာမဂ္ဂဟဏနှင့် အတ္ထဂ္ဂဟဏဝီထိ အကြား၌ "ဤသဒ္ဒါ သည် ဤအနက်ကိုဟော၏" ဟု ရှေးက မှတ်သားအပ်သည့် သင်္ကေတ ပညတ်ကို အာရုံပြုသော သင်္ကေတဂ္ဂဟဏဝီထိ, ထို သင်္ကေတနှင့် ယခု သဒ္ဒကိုဆက်သွယ်သော သမ္ဗန္ဓဂ္ဂဟဏဝီထိ "ဤသဒ္ဒါသည် ငါမှတ်သား ဘူးသော နှာ ခြွဗ်ကိုပင်ဟော၏" ဟု ဆုံးဖြတ်သော ဝိနိစ္ဆယဝီထိများကို ချလိုကြသေး၏၊ ရူပါရုံတဒနုဝတ္တိကနှင့်လည်း အတ္ထနှင့် နာမဂ္ဂဟဏတို့ အကြားဝယ် ဤဝီထိများ ချလိုကြ၏၊ သို့သော် ထိုမျှလောက် အနုစိတ်၍ ပုဂ္ဂိုလ်တိုင်းမှာ ဖြစ်ဟို့ခဲယဉ်းလှ၏၊ တချို့ ဉာဏ်ကြီးရှင်များမှာကား တချို့အခါ၌ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ကာယဝိညတ္တိဂ္ဂဟဏဝီထိ။ ။ ရူပံ–ပစ္စုပ္ပန်ရူပါရုံကို၊ ပဌမစိတ္တေန– ရှေးဦးစွာ စက္ခုဒွါရိက ဝီထိစိတ်ဖြင့်၊ ဇာနာတိ–သိ၏၊ အတီတံ အတိတ် ရူပါရုံကို၊ ဒုတိယစေတသာ–ဒုတိယ မနောဒွါရိကစိတ်ဖြင့်၊ ဇာနာတိ–

အာရုံပြုသော အတီတဂ္ဂဟဏဝီထိ, လာစေလိုသော အခြင်း အရာကို သိစေတတ်သည့် ကာယဝိညတ်ကို အာရုံပြုသော ဝိညတ္တိဂ္ဂဟဏဝီထိ, လာစေလိုသော အလိုဆန္ဒကို အာရုံပြုသော အဓိပ္ပါယဂ္ဂဟဏဝီထိများ ဖြစ်ကြလေသည်။

**ဝစီဝိညတ္တိဂ္ဂဟဏ ဝီထိ** သောတဒွါရ ဝီထိနှော်သို့ လိုက်ရာ၌ကား "သဒ္ဒံ ပဌမစိတ္တေန, တီတံ ဒုတိယ စေတသာ၊ တတိယေန တု ဝိညတ္တိံ, ဘာဝံ စတုတ္ထစေတသာ" ၏၊တတိယေန တု–တတိယမနောဒွါရိက စိတ်ဖြင့်ကား၊ဝိညတ္တိံ–ကာယဝိညတ်ကို၊ ဇာနာတိ–၏၊ ဘာဝံ–အလိုဆန္ဒကို၊ စတုတ္ထစေတသာ–ဖြင့်၊ ဇာနာတိ–၏။

ဤ ဂါထာ၌ အပေါင်းရုပ်ပါရုံကို အာရုံပြုသော သမူဟဂ္ဂဟဏ ဝီထိ အတ္ထဂ္ဂဟဏဝီထိများ မလာသော်လည်း လက်ကိုအထက်မှ အောက်သို့ ချ၍ လှုပ်ယမ်လိုက်သည့်အခါ အထက်ရုပါရုံကိုသာ မြင်ရရုံမျှဖြင့် ဝိညတ်နှင့်အလိုဆန္ဒကို မသိနိုင်သေး အထက်ရုပါရုံ, ဇဉ်းငယ် အောက်ကျသော ရုပါရုံ, ထို့အောက် အဆင့်ဆင့် အောက်ကျသော ရုပါရုံတို့ကို စက္ခုဒွါရ ဝီထိ အတီတဂ္ဂဟဏဝီထိတို့ဖြင့် ထပ်ကာထပ်ကာ အကြိမ်များစွာ ယူပြီးမှ သမူဟဂ္ဂဟဏဝီထိဖြင့် အပေါင်းရုပါရုံကိုလည်း အာရုံပြုရလိမ့်ဦးမည်၊ ဤသမူဟဂ္ဂဟဏဝီထိ၏ အခြားမဲ့၌ လက်ယပ်ခြင်း၏ အထိမ်းအမှတ် (လာခြင်း ကြိယာ ဟူသော) အတ္ထပညတ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝီထိလည်း ဖြစ်ဦးမည်သာတည်း၊ ထို့နောက်မှ ဝိညတ်နှင့် အလိုဆန္ဒကို သိသော ဝီထိများ ဖြစ်နိုင်မည်။

**ဝစီဝိညတ္တိဂ္ဂဟဏဝီထိ။** ။သောတဒွါရဝီထိနှော်သို့ လိုက်ရာ၌လည်း အသံက အက္ခရာတလုံးဖြစ်လျှင် သမူဟဂ္ဂဟဏဝီထိမလို အက္ခရာများလျှင် များသလောက် ဝီထိတိုး၍ သမူဟဂ္ဂပဟဏဝီထိလည်းချထိုက်၏၊ ထို့နောက် "လာ" ဟူသော နာမည် ပညတ်ကို အာရုံပြုသော နာမဂ္ဂဟဏဝီထိ,

နည်းပြဂါထာနှင့် အညီ, တပါးသူက "လာ" ဟု ခေါ်လိုက်သည် ရှိသော် "လာ" ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံ, အတိတ်သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရိကဝိထိ, အတီတဂ္ဂဟဏဝိထိ,လာစေလိုသော အခြင်းအရာကို သိစေတတ်သည့် ဝစီဝိညတ်ကို အာရုံပြုသော ဝစီဝိညတ္တိဂ္ဂဟဏဝိထိ, လာစေလိုသော အလိုဆန္ဒကို အာရုံပြုသော အဓိပ္ပါယဂ္ဂဟဏဝိထိများ ဖြစ်ကြလေသည်။

လာခြင်း ကြိယာဟူသော အတ္ထပညတ်ကို အာရုံပြုသော အတ္ထဂ္ဂဟဏဝိထိများလည်း ဖြစ်ရဦးမည်သာတည်း၊ ထို့နောက်မှ ဝိညတ္တိဂ္ဂဟဏဝိထိနှင့် အဓိပ္ပါယဂ္ဂဟဏ ဝိထိများဖြစ်သည်၊ ဤကား လူတိုင်းမကင်းစကောင်းသော ဝိထိများတည်း၊ ဆရာတို့ကား–ဤကဲ့သို့ လက်လှုပ်လျှင် "ခေါ်သည်" ဟု ရှေးက မှတ်သားအပ်သော သင်္ကေတပညတ်ကို အာရုံပြုသော ဝိထိ, ထိုသင်္ကေတနှင့် ယခု လှုပ်ပုံကို စပ်၍ သိသော သမ္ဗန္ဓဝိထိ,"ခေါ်သည်" ဟု ဆုံးဖြတ်သော ဝိနိစ္ဆယဝိထိများလည်း သမူဟဂ္ဂဟဏ နာမဂ္ဂဟဏ အတ္ထဂ္ဂဟဏဝိထိများ၏ အခြားမဲ့၌ ချလိုကြသေး၏၊ ပုဂ္ဂိုလ်တိုင်းမှာ ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကား ဆင်ခြင်ကြပါလေတော့။

**စိတ်ဖြစ်ပုံကို အကုန်မပြနိုင်။** ။ ဤကာမဇောတို့၏ ပကတိရိုးရာအခါ၌ပင် အာရုံအားသေးပါမူ ဖြကြိမ် ဇောနိုင်ခြင်း, မစ္ဆိမနိကာယ်ဆောင်ဆရာတို့ အလိုအားဖြင့် တဒါရုံတကြိမ်ကျနိုင်ခြင်းများလည်း ရှိသေးရကား ဝိထိစိတ်အမှန်ဖြစ်ပုံကို အကုန်ပြနိုင်ဘွယ်မရှိပေ၊ ဉာဏ်ကြီးရှင်တို့သာ ဝိထိစိတ်အမှန် ဖြစ်ပုံကို ဝိပဿနာဆင်ခြင်သလို ထင်မြင်အောင် ဆင်ခြင်ကြပါကုန်။

**အပ္ပနာဇောဝါရ ဝီထိ** အပ္ပနာဇော ဝီထိသည်လည်း ဈာနဝီထိ မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိ အဘိညာဝီထိ နိရောဓသမာပတ္တိဝီထိ အားဖြင့် ငါးပါးပြား၏၊ ထိုတွင် ဈာနဝီထိ သည်လည်း အာဒိကမ္မိက ဝီထိ သမာပဇ္ဇန ဝီထိ အားဖြင့် နှစ်ပါးပြား၏၊ ထိုတွင် အာဒိကမ္မိကဝီထိ ဖြစ်ဟန် ကား–ပထဝီကသိုဏ်း စသော ကမ္မဋ္ဌာန်းကို စီးဖြန်းဘန်များ သဖြင့် ဈာန်ရချိန်နီးလတ်သော်, ပထဝီကသိုဏ်း ပညတ် စသော ဆိုင်ရာ အာရုံတခုခု မနောဒွါရ၌ ထင်လာသဖြင့် ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မန္ဒပညာ ဒန္ဓာဘိညာ ပုဂ္ဂိုလ်၌ "ပရိကံ ဥပစာ အနုလုံဂေါတြဘု" ဟု "ဥပစာသမာဓိ ဇောလေး ကြိမ် တိက္ခပညာ ခိပ္ပါဘိညာ ပုဂ္ဂိုလ်၌ ဥပစာ အနုလုံ ဂေါတြ ဘု" ဟု သုံးကြိမ်, အပ္ပနာသမာဓိဇော–ဟု ဆိုအပ်သော ဈာန် တကြိမ် ဖြစ်၏၊ ထို့နောက် ထိုက်သင့်သလောက် ဘဝင်ခြား၍ ဝီတက်စသော ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိများ ထိုက်သည်အားလျော်စွာ ဖြစ်ကြလေသည်။

**အပ္ပနာဇောဝါရဝီထိ။** ။ ဤ အပ္ပနာဝီထိနှင့် စပ်၍ သိအပ် သိထိုက်သမျှ အဓိပ္ပာယ်သည် ကမ္မဋ္ဌာန်းပိုင်းဝယ် တိုက်ရိုက် လာသောကြောင့် ဝီထိစဉ်လာသမျှ အဓိပ္ပာယ်ကိုသာ ပြဆိုပေအံ့။ [သမာပဇ္ဇနကို သမာပတ္တိ ဟုလည်း ခေါ်၏၊ အာဒိကမ္မိကခေါ်ပုံ သမာပဇ္ဇန (သမာပတ္တိ) ခေါ်ပုံ မန္ဒပညာဒန္ဓာဘိညာ– တိက္ခပညာခိပ္ပါဘိညာခေါ်ပုံများကို ဝီထိပိုင်း ဘာသာ ဋီကာ အပ္ပနာဇောဝါရ ဇဝနနိယမတို့၌ ဖွင့်ပြခဲ့ပြီ။]

**မန္ဒပညာ၏ အာဒိကမ္မိကဝီထိပုံ**

| ဘ | "န | ဒ | မ | ပ | ဥ | နု | ဂေါ | ဈ" | ဘ |
|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

သမာပဇ္ဇနဝိထိ ဖြစ်ဟန်ကား–မိမိ ရအပ်ပြီးသော ဈာန် တပါးပါးကို ဝင်စားလိုသည်ရှိသော် ပထဝီကသိုဏ်း ပညတ်စသော ဆိုင်ရာ အာရုံ တခုခု မနောဒွါရ၌ ထင်လာသဖြင့် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မန္ဒပညဒန္ဓာဘိည ပုဂ္ဂိုလ်၌ ပရိကမ် ဥပစာအနုလုံ ဂေါတြဘူဟု ဥပစာရသမာဓိဇော ၄ကြိမ်, တိက္ခ ပညခိပ္ပါဘိည ပုဂ္ဂိုလ်၌ ဥပစာ အနုလုံဂေါတြဘူဟု ဥပစာရ သမာဓိဇော ၃ ကြိမ် ထိုနောက် ဈာန် ၂ ကြိမ် ၃ ကြိမ်မှစ၍ ထိုက်သည့် အားလျော်စွာ အကြိမ်များစွာဖြစ်၏၊ ဈာန်မှထပြီး နောက် ထိုက်သင့် သလောက်ဘဝင်ခြား၍ပစ္စဝေက္ခဏာဝိထိများ လည်းဖြစ်ကြလေသည်။

**ဈာနဝိထိနှင့် ပစ္စဝေက္ခဏာ ဝိထိအပြား** ဈာန်ကိုးခုကို, ကု–ကြိ–အာ–သံ, တိက်–မန် မြောက်ရေး, ဒွေသတ္တရို, ဈာန်ဝိထိပြား၊ အင်တပါး၌, တပါးရကောင်း, ပစ္စဝေက်ပေါင်း မှာ, များပြားစွာသည့်, တရာကိုးဆယ်နှစ်စွန်းတည်း။

**တိက္ခပညာ၏ သမာပဇ္ဇနဝိထိပုံ**

| ဘ | "န | ဒ | မ | ဥ | နု | ဂေါ | ဈ | ဈ | ဈ"ဘ |
|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ ၀၀၀ |

**ပစ္စဝေက္ခဏာဝိထိ။** ။ ဈာန်ကို ပဌမဆုံး ရပြီးနောက်ဖြစ်စေ ဝင်စားပြီး နောက်ဖြစ်စေ၊ ထိုဈာန်အတွင်း၌ပါသော ဈာန်အင်္ဂါစုံကို တခုစီတခုစီပြန်၍ ဆင်ခြင်သော ဝိထိကို ပစ္စဝေက္ခဏာဝိထိဟုခေါ်၏၊ ပြခဲ့ပြီးသော ကာမဇော ဝါရ သုဒ္ဓမနောဒွါရ ဝိထိများပင်တည်း၊ ဤဝိထိများ၌ ဇောကို အချို့က ၅ ကြိမ်သာ ချရိုးပြုကြ၏၊ တန်ခိုးပြရာ အခါ၌ကဲ့သို့ အရေးတကြီး ဆင်ခြင် ရမည့် အခါ၌သာ ၄ ကြိမ် ၅ ကြိမ် ဇော၏၊ စိန်ပြေနပြေဇောခွင့်ရသည့် ပကတိ ကာလ၌မူကား ကာမဇောတို့ ရိုးရာ ၇ ကြိမ်သာဇောခွင့်ရှိကြောင်း ကို "ဘဂဝတော ပနယမကပါဋိဟာရိယကာလာဒီသု"စသော ပါဌ်အဖွင့်၌ ပြခဲ့ပြီ၊ မဟဂ္ဂုတ်ဈာန်အင်္ဂါကို အာရုံပြုသောကြောင့် တဒါရုံလည်းကျဘွယ်မရှိ။

**ဈာနဝိထိအပြား။** ။ ရူပဈာန် ၅ အရူပဈာန် ၄ ဤ ၉ ခုကို(ကု–ကြိ) ကုသိုလ် ကြိယာ ၂ မျိုးဖြင့် မြှောက် ၁၈ ဝိထိ, "ကုသိုလ်ဈာနဝိထိ ၉, ကြိယာဈာနဝိထိ ၉"ဟူလို၊[ဝိပါက်မှာ ဝိထိမှတ်ဖြစ်၍ အလွတ်တည်း။] (အာ–သံ) ထို ၁၈ ကို အာဒိကမ္မိကဝိထိ, သမာပဇ္ဇနဝိထိ ၂မျိုးဖြင့်မြှောက် ၃၆ ဝိထိ, (တိက်–မန်) ထို ၃၆ ကို တိက္ခပညာခိပ္ပါဘိညပုဂ္ဂိုလ်၏ ဝိထိ မန္ဒပညာဒန္ဓာဘိညပုဂ္ဂိုလ်၏ ဝိထိ ၂မျိုးဖြင့်မြှောက် ဒွေသတ္တရိ (၇၂)ဝိထိ ဖြစ်၏၊ ထိုတွင် ပဌမဈာနဝိထိ သက်သက်ကို ရေတွက်လျှင် ပဌမဈာန်ကို ကုသိုလ်ကြိယာ ၂ မျိုးဖြင့် မြှောက် ၂ ဝိထိ, ၎င်း ၂ကို အာဒိကမ္မိကသမာပဇ္ဇနာ ၂မျိုးဖြင့် မြှော် ၄ ဝိထိ, ၎င်း ၄ကို တိက္ခ မန္ဒ ပုဂ္ဂိုလ် ၂မျိုးဖြင့် မြှော် ၈ ဝိထိရ၏၊ ဒုတိယဈာန တတိယဈာန စတုတ္ထဈာနဝိထိများလည်း ၈ ဝိထိစီပင်၊ ပဉ္စမဈာနဝိထိကား ရူပပဉ္စမဈာန်၁, အရူပဈာန် ၄, ဤ၅ ပါးကို ကုသိုလ်ကြိယာစသည်ဖြင့် အစဉ်အတိုင်းမြှောက်လျှင် ၄၀ ဖြစ်၏။

**ပစ္စဝေက္ခဏာဝိထိအပြား။** ။ ဈာန်အင်္ဂါတပါးတပါး၌ ပစ္စဝေက္ခဏာ ဝိထိလည်း တပါးတပါးစီရကောင်းသောကြောင့် ပဌမဈာန် ၈ ဝိထိတွင် တဝိထိ တဝိထိ၌ ဈာန်အင်္ဂါငါးပါးစီ ရှိရကား ၈ ကို ၅ဖြင့် မြှောက်လျှင် ပဌမဈာန်အင်္ဂါတွေကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝိထိပေါင်း ၄၀, ဒုတိယဈာန် ၈ ဝိထိတွင် ဈာန်အင်္ဂါလေးပါးစီ ရှိရကား ဒုတိယဈာန်အင်္ဂါ တွေကို ဆင်ခြင်သော ဝိထိ (၈X၄ လီ) ၃၂, တတိယဈာန် ၈ ဝိထိတွင် ဈာန်အင်္ဂါသုံးပါးစီ ရှိရကား တတိယ ဈာန်အင်္ဂါတွေကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိ (၈X၃ လီ) ၂၄, စတုတ္ထဈာန် ၈ ဝိထိတွင် ဈာန်အင်္ဂါ နှစ်ပါးစီရှိရကား စတုတ္ထဈာန်အင်္ဂါတွေကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိ (၈X၂ လီ) ၁၆, ပဉ္စမဈာန် ၄၀ တွင် ဈာန်အင်္ဂါနှစ်ပါးစီ ရှိရကား ပဉ္စမဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိ ၈၀ ဖြစ်၏၊ အားလုံး ပေါင်းလျှင် ဈာနပစ္စဝေက္ခဏာ ဝိထိပေါင်း ၁၉၂ ဖြစ်သည်။ [အခြားသော နည်းဖြင့်လည်း ဈာနဝိထိ ပစ္စဝေက္ခဏာဝိထိကိုကို မြှောက်ဟွားကြသေး၏၊ ဤမျှဖြင့် တော်လောက်ပြီ။]

**ပဥ္စမဈာနဝိထိ၌** ပဉ္စမဈာန်, အာဒိကမ်၌, ချရန်မနော **စိတ်သရုပ်, အာရုံ, ဝတ္ထု** တိဇော့ကာမ, သောမနနှင့်, ပဉ္စမဈာန်, ခုနစ်တန်သာ, အာရုံမှာမူ, ဘဝင်ဟူသမျှ, သုံးဝအတိတ်, ကံနိမိတ်တည်း၊ ကြွင်းစိတ်ခုနစ်, ဥပေက္ခာကြည့်, ပစ္စဝိသတိ, ပညတ္တိကို, ပြဘိမြဲစွာ, မှီရာမှတ်ရှု, ရှေးရှေးဥသည့်, ဝတ္ထုဟဒယ, စွဲမှီကြသည်... ဒွိဟာလွတ်ကင်း ရှင်းလေတည်း။

**ပဉ္စမဈာနဝိထိ၏ စိတ်သရုပ် အာရုံ ဝတ္ထု။** ။ အာဒိကမ္မိက ပဉ္စမဈာနဝိထိ၌ ချဘို့ရန် စိတ်ကား (မနော) မနောဒွါရာဝဇ္ဇန်း ၁, တိဟိတ်ကာမကုသိုလ်ကြိယာ သောမနဿဇော ၄ (မဟာကုသိုလ်ကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်များကို ဆိုလိုသည်၊) ပဉ္စမဈာန်ကုသိုလ်ကြိယာစိတ် ၂,ပေါင်း ၇ ပါးသာတည်း၊ ဤစိတ်တို့တွင် ဉာဏသမ္ပယုတ် ကုသိုလ်ကြိယာတို့ကား ပရိကံ ဥပစာ အနုလုံဂေါတြဘု ကိစ္စတပ်သော စိတ်များတည်း၊ ပဉ္စမဈာန်က သောမနဿသဟဂုတ် ဖြစ်၍ ဤ ပရိကံစသော ဇောများလည်း သောမနဿသဟဂုတ်ချည်း ဖြစ်ရလေသည်၊ "သောမနဿသဟဂတဇဝနာ နန္တရံ အပ္ပနာပိ သောမနဿသဟဂတာဝ ပါဋိကင်္ခိတဗ္ဗာ" ကို ထောက်ပါ၊ ပုထုဇဉ်သေက္ခတို့ သန္တာန်၌ ကုသိုလ်ပဉ္စမဈာန်ဖြစ်၍ ရဟန္တာသန္တာန်၌ ကြိယာပဉ္စမဈာန် ဖြစ်သောကြောင့် ကုသိုလ်ကြိယာအားဖြင့် ခွဲခြားသင့်ပုံကိုလည်း သတိပြု။

**ကြွင်းစိတ်ခုနစ်၊ ပေ၊ ပြဘိမြဲစွာ** – ဘဝင်မှ ကြွင်းသော မနောဒွါရာဝဇ္ဇန်းအစ, ဈာန်အဆုံးရှိသော ဝီထိစိတ်တို့သည် ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တပညတ်ကို ကြည့်၍ ကြွင်းသော ရူပဈာန်၏ ပညတ် ၂၅ ပါးတွင် တပါးပါးကို အာရုံပြုသည်၊ ဥပေက္ခာဗြဟ္မဝိဟာရ၏ အာရုံကို ကြည့်ရပုံနှင့်တကွ ပထဝီကသိုဏ်းစသော ပညတ် ၂၅ ပါးကို ကမ္မဋ္ဌာန်းပိုင်း ဘာသာဋီကာမှာ ကြည့်။

**ဘုံ, ပုဂ္ဂိုလ်, ဘဝင်** လွတ်ကင်းဒွိဟ, ရှင်းရှင်းပ လော, ကာမ သုဂတိ, ဘူမိဌ်သာ၊ ဖလာ–တိဈာန်, ငါးတန် တွက်စစ်, ပုဂ္ဂိုလ်ဖြစ်သည်, စိစစ်ဘဝင် သွင်းလေတည်း။

**အထက်အာဒိကမ္မိက ဝီထိများ** ထက်ဈာန်မှာလည်း, တူစွာ ဤနှင့်, ဆင့်ကာမြင့်၍, ထည့်လင့်ဘွင်ဘုံ, အာရုံမှာလည်း, ကမ္မဋ္ဌာန–သင်္ဂဟဌ်, ပြသည့်အတိုင်း, ကသိုဏ်းဆယ်ဖြာ, စသည်သာဟု, အကျဉ်းပြုသည်, သောတ မှတ်ဘွယ် အချုပ်တည်း။

**ဘုံ, ပုဂ္ဂိုလ်, ဘွင်။** ။ဤအာဒိကမ္မိကဝီထိများ၌ ရှေးဝါဒနှင့် ဤကျမ်း၏ အယူအဆတို့ မတူကြပေ၊ လက်ာဖြင့် ပြထားသော ဝါဒမှာဝီထိလက်ရိုး စသော ရှေးဆရာတို့ဝါဒတည်း၊ ဤကျမ်း၏အယူအဆကို နော်မှပြပေအံ့၊ ဤပဌမဈာန အာဒိကမ္မိက ဝီထိသည် ကာမသုဂတိ ၇ ဘုံ၌သာဖြစ်၏၊ ပုဂ္ဂိုလ်အားဖြင့် ဖလဋ္ဌပုဂ္ဂိုလ် ၄, ဈာန်ရတိဟိတ်ပုဂ္ဂိုလ် ၁, ဤ ၅ယောက်၌ဖြစ်၏၊ ကာမသုဂတိဘုံ၌သာဖြစ်သော ဝီထိဖြစ်ရကား ရှေ့နောက်ဘဝင်များ၌ ကာမတိဟိတ် ဘဝင် ၄ပါးတွင် တပါးပါးကိုချရမည်။

**အထက်အာဒိကမ္မိကဝီထိများ။** ။ ဒုတိယဈာန် စသော အာဒိကမ္မိကဝီထိများလည်း ပဌမဈာန်အတိုင်းတွင် ဘဝင်နှင့်ဘုံများကို ထပ်ဆင့်ထည့်သွင်းရမည်၊ထပ်ဆင့်ဟန်ကား–ဒုတိယဈာန အာဒိကမ္မိက ဝီထိသည် ကာမသုဂတိ ၇ ဘုံအပြင် ပဌမဈာန်ဗြဟ္မာ့ဘုံ၌လည်းဖြစ်၏၊ ဘဝင်လည်း ကာမတိဟိတ်ဘဝင် ၄တွင် ပဌမဈာန်ဝိပါက်ဘဝင်စိတ်ကို ထပ်၍ထည့်၊ တတိယဈာနဝီထိ၌ ဒုတိယဈာန်ဘုံနှင့် ဒုတိယဈာန်ဝိပါက်စိတ်ကို ထပ်၍ထည့်၊ စတုတ္ထဈာန်ကြောင့် တတိယဈာန် ဗြဟ္မာ့ဘုံ၌သာဖြစ်ရကား စတုတ္ထဈာနဝီထိသည် ကာမသုဂတိဘုံနှင့် ပဌမဈာန် ဒုတိယဈာန်ဗြဟ္မာ့ဘုံ တို့၌သာဖြစ်ခဲ့ရမည်ဖြစ်၍ ဘုံကိုထပ်ဆင့်ဘွယ်မလို၊ ဒုတိယဈာန်ဘုံတုန်းက တတိယဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်လျှင် ပဌမဈာန်ဝီထိ၌ တတိယဈာန်

ဘုံနှင့် စတုတ္ထဈာန်ဝိပါက်စိတ် ဘဝင်များကို ထပ်၍ထည့်၊ အာကာသာ နဉ္စာယတနဝီထိသည် ကာမသုဂတိနှင့် အသညသတ် ကြဉ်သော ရူပ ၁၅ ဘုံ၌ဖြစ်၏၊ ဝိညာဏဉ္စာယတနဝီထိ၌ ထိုဘုံများအပြင် ပဌမအရူပ ဘုံကို ထပ်၍ ထည့်၊ အာကိဉ္စညာယတနဝီထိ၌ ဒုတိယအရူပဘုံကို ထပ်၍ ထည့်၊ နေဝသညာ နာသညာယတန ဝီထိ၌ တတိယအရူပဘုံကို ထပ်၍ ထည့်၊ ဘုံတိုးသလောက် ဘဝင်များကိုလည်း တိုးဆင့်ရာ၏၊ ဤကား ရှေးဆရာတို့၏ ဝါဒတည်း။

ရှေးဆရာတို့ အလိုကို ထင်ရှားစေဦးအံ့– လူဖြစ်စေ နတ်ဖြစ်စေ ကာမသုဂတိဘုံ၌တည်နေစဉ် ဈာန်ကိုအားထုတ်၍ ပဌမဈာန်ရှိအံ့၊ ထိုပဌမ ဈာနအာဒိကမ္မိက ဝီထိသည် ကာမသုဂတိဘုံ၌ဖြစ်၏၊ ထိုဘုံမှစုတေ၍ ပဌမဈာန် ဖြဟ္မာ့ဘုံသို့ ရောက်သည့်အခါ ကာမသုဂတိဘုံတုန်းက ရအပ် ပြီးသော ပဌမဈာန်ကုသိုလ်သည် ထိုဗြဟ္မာ့သန္တာန်၌ မကွယ်ပဘဲ တည်မြဲ တည်နေရကား ထိုပဌမဈာန်ဗြဟ္မာ့ဘုံ၌ ပဌမဈာန အာဒိကမ္မိက ဝီထိဖြစ် ဘွယ်မလို၊ ဈာန်ဝင်စားသည့်အခါ သမာပဇ္ဇနဝီထိသာ ဖြစ်တော့သည်၊ ထို့အတူ ဒုတိယဈာနအာဒိ ကမ္မိက ဝီထိလည်း ဒုတိယဈာန်ဘုံ၌ မဖြစ် ကာမသုဂတိနှင့် ပဌမဈာန်ဘုံ၌သာ ဖြစ်သည်၊ ဤသို့ စသည်ဖြင့် အထက် အထက်ဘုံ၏ ဆိုင်ရာ အာဒိကမ္မိကဈာနဝီထိသည် အောက်အောက်ဘုံ၌သာ ဖြစ်ခဲ့ရမည်ဟု ယူဆကြလေသည်။

**စိစစ်ချက်။** ။ထိုရှေးဆရာတို့ အယူအတိုင်း "ရအပ်ပြီးသော ဈာန်များ ဘဝကူးသော်လည်း မကွယ်ပနိုင်ဘူး" ဆိုလျှင် တော်တော်တန်တန်ဖြင့် ဗြဟ္မာ့ပြည်မှ ကာမဘုံသို့ပြောင်းခဲ့ကြတော့မည်မဟုတ်, ဗြဟ္မာ့ပြည်မှာပင် ပြောင်းရွှေ့ခံစားဘို့ရှိသည်သာမက, အထက်အထက်ရူပဘုံသို့ ရောက်ပြီး ပုတုဇဉ်သည်ပင် အောက်ဗြဟ္မာ့ဘုံသို့ ပြန်လည်ဘို့ရန် အင်မတန် ခဲယဉ်း ပေမည်၊ ထင်ရှားစေအံ့–ရှေးဆရာတို့ အလိုအတိုင်းဆိုလျှင် ကာမဘုံမှ ပဌမဈာန်ရပြီးသူသည် ဝုတေပြီးနောက် ပဌမဈာန်ဘုံသို့ရောက်သည့်အခါ ပဌမဈာန်ကို ရမြဲရနေ၏၊ ရမြဲရသည့်တွက် ထပ်ကာထပ်ကာ ဝင်စားလိမ့်

မည်၊ ထိုပဌမဈာန်ဘုံမှ သက်တမ်းစေ့၍ စုတေသည့်အခါ ရမြဲရ၍ ဝင်စားအပ်သော ပဌမဈာန်ကြောင့် ပဌမဈာန်ဘုံမှာပင် ထပ်၍ဖြစ်ရာ၏၊ ကာမဘုံသို ပြန်လည်မည်မဟုတ်ရာ၊ အကယ်၍ ဒုတိယဈာန်ကို တိုးတက်ရလျှင် ဒုတိယဈာန်ဘုံသို့ တက်လတံ့၊ ထိုဘုံ၌လည်း ဒုတိယဈာန် မကွယ်ပသဖြင့် အထက်ဈာန်မရဘဲ စုတေလျှင် ဒုတိယဈာန်ဘုံ၌ပင် ထပ်၍ ဖြစ်ရာ၏၊ ကာမဘုံကို မဆိုထားဘိ, ပဌမဈာန်ဘုံသို့မျှ သက်ဆင်းပြောင်းရွှေ့တော့မည် မဟုတ်ရာ၊ ဤသို့သောနည်းအားဖြင့် ရူပဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် ပုထုဇဉ်ပင် ဖြစ်သော်လည်း အထက်သို့သာ တက်ခွင့်ရှိ၍ (အောက်အောက်ဘုံ-ကာမဘုံကို နှစ်သက်သော နိကန္တိကတဏှာအတွက်ကြောင့် ဈာန်မလျှော့သမျှ) တော်တော်တန်တန်ဖြင့် အောက်သို့ သက်ဆင်းခွင့် မရှိတော့ရာ။

ဤကျမ်း၏အယူ။ ။ ဤကျမ်း၏ အယူကား-ကာမသုဂတိ ၇ ဘုံကပဌမဈာန်ဖြစ်စေ, ဒုတိယဈာန် စသည်ဖြစ်စေ ရပြီးနောက် စုတေလျှင် ထိုကုသိုလ်ဈာန်ကွယ်၏၊ ထိုကုသိုလ်ဈာန်၏ အစွမ်းကြောင့် ရူပဘုံ၌ဆိုင်ရာ ဈာနဝိပါက်စိတ်သာ ပဋိသန္ဓေ ဘဝင်ကိစ္စတပ်လျက် ဖြစ်၏၊ ဝိပါက်စိတ်များက ဘဝင်ကိစ္စတပ်၍ ဖြစ်သောကြောင့် ဗြဟ္မာတို့သည် မည်သည့်အာရုံမှ အာရုံမပြုတဲ့အခါ ထိုဈာနဝိပါက်များအတွက် ဈာန်ဝင်စားနေသကဲ့သို့ဖြစ်၏၊ သို့ဖြစ်၍ ပဌမဈာန်ဘုံ ရောက်သည့်အခါ ပဌမဈာန်ကို ထပ်မံ၍ အားထုတ်မှ ပဌမဈာန်ရမည်၊ ထပ်၍ အားမထုတ်လျှင် ပဌမဈာန် ဝင်စားသော သမာပဇ္ဇနဝီထိလည်း မဖြစ်နိုင်၊ ထပ်မံအားထုတ်၍ ရပြန်လျှင် ထိုပဌမဈာန်ဘုံ၌ ပဌမဈာနအာဒိကမ္မိကဝီထိပင် ဖြစ်၏၊ ထို့အတူ ဒုတိယဈာန်ရ၍ ဒုတိယဈာန်ဘုံ ရောက်သည့်အခါ ကုသိုလ်ဈာန်တွေ အားလုံးကွယ်ခဲ့ပြီ၊ ပဌမဈာန်ကစ၍ အားထုတ်မှ အဆင့်ဆင့်တိုးတက်၍ ရမည်၊ ထိုဘုံကျမှ ရအပ်သမျှ ဈာန်အားလုံး အာဒိကမ္မိကချည်းတည်း၊ (ထို့ကြောင့် "ပဌမဈာန အာဒိကမ္မိကဝီထိသည် ကာမသုဂတိ ၇ ဘုံနှင့် ရူပ ၁၅ ဘုံလုံး၌ ဖြစ်ထိုက်၏, အထက် ရူပဈာန အာဒိကမ္မိက ဝီထိများ၌လည်း ဤနည်းပင်" ဟု ယူလိုပေသည်။)

[ပါဠိတော်] အထခေါ ဉာဏာရော သဉ္စော အာယုကမ္မာယာ၀ါ ပုညကမ္မာယာ၀ါ အာဘာဿရကာယာ စဝိတွာ သုညံ ဗြဟ္မာဝိမာနံ ဥပပဇ္ဇတိ။

[အဋ္ဌကထာ] အထ သတ္တာနံ ပကတိယာ ဝသိတဋ္ဌာနေ နိကန္တိ ဥပ္ပဇ္ဇတိ, တေ ပဌမဇ္ဈာနံ ဘာဝေတွာ တတော ဩတရန္တိ။...

ဟူသော သီလက္ခန်ပါဠိတော် အဋ္ဌကထာတို့ကား ထိုရှေးဆရာတို့ ဝါဒကို ပယ်ရှားချဲ့ကျမ်း၏ ဝါဒကို ထောက်ခံခြင်းအားဖြင့် တချက် ခုတ် ၂ ချက်ပြတ်သော သာဓကတို့ပေတည်း၊ ထင်ရှားစေအံ့–ထိုပါဠိအဋ္ဌကထာများသည် ကမ္ဘာပျက်ပြီးနောက် ကမ္ဘာပြန်တည်စအခါ ဗြဟ္မာမရှိ သေးသော ပဌမဈာန်ဗြဟ္မာဘုံ၌ ဗြဟ္မာသစ်တို့ ဖြစ်ပုံကို ပြသော ပါဠိ အဋ္ဌကထာတည်း၊ ပါဠိတော်၌ "ပုညကမ္မာယာ" ဟူသော စကားသည် ထိုအာဘာဿရ (ဒုတိယဈာန်) ဘုံ၌ ဆက်လက်ဖြစ်ဘို့ရာ ဒုတိယဈာန် အရှိန်ကုန်ပြီ ဟုပြ၏၊ ထိုသို့ပြသဖြင့် ထိုဒုတိယဈာန်ဘုံ၌ ထိုဗြဟ္မာမှာ ဒုတိယဈာန် လက်ရှိမဟုတ်ကြောင်း သိသာပြီ။

ထိုဒုတိယဈာန်လက်မဲ့ဖြစ်သော ဗြဟ္မာသည် ပဌမဈာန်ဘုံ၌ ဖြစ်လို၍ ပဌမဈာန်ကို ထပ်မံအားထုတ်ကြောင်းကား "ပဌမဇ္ဈာနံ ဘာဝေတွာ" ဟူသော အဋ္ဌကထာက ထင်ရှားစေ၏၊ ထိုသို့ ထင်ရှားစေသဖြင့် ထို အာဘာဿရ ဘုံသား ဗြဟ္မာသန္တာန်၌ အားမထုတ်မီက ပဌမဈာန်လည်း လက်ရှိ မဟုတ်ကြောင်း သိသာပြန်၏ ထိုစကားနှစ်ရပ်ကို ချုပ်လိုက်လျှင် အာဘာဿရ (ဒုတိယဈာန်) ဘုံသား ဗြဟ္မာသန္တာန်၌ တမင်အားမထုတ် မီက မည်သည့် ကုသိုလ်ဈာန်မျှ မရှိကြောင်း ကောင်းကောင်းကြီး ထင်ရှားလေပြီ။

အာရုံမှာလည်း၊ ဃ၊ သောတုမှတ်ဘွယ် အချုပ်တည်း– ဤဒုတိယ ဈာနစသော အာဒိကမ္မိကဝီထိများ၏ အာရုံမှာ ကမ္မဋ္ဌာနသင်္ဂဟ၌ ပြသည့် အတိုင်း ကသိုဏ်း ၁၀ ပါး စသည်တည်း၊ ဒုတိယ တတိယ စတုတ္ထဈာန် များ၏ အာရုံမှာ ကသိုဏ်း ၁၀ ပါးအောက် ဗြဟ္မဝိဟာရ ၃ ပါး၏အာရုံ

**သမာပဇ္ဇနဝိထိ** သမာပဇ္ဇန, ဟူသမျှလည်း, ရူပဘွင်ကုန်, ဘုံအကုန်ဟု, ဆိုရုံလောက်မျှ, အထူးပြ၏၊ အရူပတုံ, အထက်ဘုံဝယ်, အောက်နယ်ဈာန်များ, မရငြား သည်, မှတ်သား စစ်စစ် ဆေးဆေးတည်း။

ဖြစ်သော သတ္တာပညတ် ၃ မျိုး အာနာပါန၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်, ပေါင်း ၁၄ တည်း၊ ပဥ္စမဈာန်၏ အာရုံကိုကားကသိုဏ်း ၁၀ ပါး ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သောသတ္တာပညတ်,ထွက်သက် ဝင်သက်ပညတ်ပေါင်း ၁၂ တည်း၊ အရူပဈာန် ၄ ပါး၏ အာရုံကား "ကောင်းကင်ခေါ်မှတ်, ပညတ်တဖြာ, ပဌမာရုပ္ပ, ဝိညာဏနှင့်, ဘာဝ နတ္ထိ, တတိယာရုပ္ပ-ဝိညာဏံ, လေးတန်အာရုံ စဉ်တိုင်းတည်း"။

**သမာပဇ္ဇနဝိထိ။** ။ရူပအရူပဈာန်အားလုံး၏ သမာပဇ္ဇနဝိထိကား "တူစွာညှိနှင့်, ဆင့်ကာမြှင့်၍" ဟုမဆိုဘဲ "ရူပဘွင်အကုန်, ရူပဘုံအကုန်" ဟုဆိုရမည်၊ ချဲ့ဦးအံ့-ကာမဘုံ၌ ဈာန် ၉ ပါးလုံးကို ရသူသည် ကာမ ဘုံ၌ပင် ထိုဈာန်များကိုဝင်စားနိုင်၏၊ ပဌမဈာန်ဘုံ၌လည်းဈာန် ၉ ပါးလုံး ရနိုင်၏၊ သုဒ္ဓါဝါသ အကနိဋ္ဌဘုံ၌လည်း ဈာန် ၉ ပါးလုံးရနိုင်၏၊ သုဒ္ဓါ ဝါသ ဗြဟ္မာများလည်း အဘိညာဉ်ရဘို့ရန် အော်ရူပဈာန်နှင့် အရူပဈာန် များကို ဝင်စားရသေးသည်၊ ထို့ကြောင့် ရူပ အရူပဈာန် အားလုံး၏ သမာပဇ္ဇန ဝိထိများသည် ကာမသုဂဘုံ ၇ ဘုံနှင့် ရူပ ၁၅ ဘုံ၌ပင် ဖြစ်ခွင့်ရှိသည်။ [ဤရူပသမာပဇ္ဇနဝိထိ၌လည်း ဘုံနှင့်ဘွင်များကို အာဒိကမ္မိက ဝိထိကဲ့သို့ အဆင့်ဆင့် တိုးမြှင့်သောနည်း ရှိသေး၏၊ ယုတ္တိမရှိချေ။]

**အရူပတုံ, အထက်ဘုံဝယ်, အောက်နယ်ဈာန်များ, မရငြားသည်–** "ဥပရူပရိအာရုပ္ပါ, နအာယူဟန္တိ ဟေဋ္ဌိမံ" ဟူသည့် အတိုင်း အထက် အထက် အရူပဘုံသို့ရောက်ပြီး ပုဂ္ဂိုလ်သည် အောက်အော်ဈာန်ကိုရလည်း မရ, ထပ်မံ၍လည်းအားမထုတ်ကြရကား ပဌမအရူပဘုံ၌ ရူပဈာနသမာ ပဇ္ဇနဝိထိမဖြစ်၊ အရူပဈာနသမာပဇ္ဇနဝိထိ ၄ မျိုးသာ ဖြစ်သင့်တော့၏။ ဒုတိယ အရူပဘုံ၌ ပဌမအာရုပ္ပသမာပဇ္ဇနဝိထိမဖြစ်, အထက် ၃ မျိုးသာ

**ပစ္စဝေက္ခဏာဝီထိ၏ စိတ်သရုပ်စသည်** ပစ္စဝေက္ခဏာ, ချုရာမနော, ကာဇော သောဘာန, သတ္တရသာ၊ အာရုံမှာမူ ဘဝင်ဟူသမျှ, သုံးဝအတိတ်, ကံနိမိတ်တည်း၊ ကြွင်းစိတ်များမှာ, ဈာန်အင်္ဂါကို၊ ဘုံပုဂ္ဂိုလ်မူ, ထိုထိုဈာန်နဲ့, တူမကွဲသည်, အမြဲယုံကြည် မငြင်းတည်း။

ဖြစ်တော့၏၊ တတိယအရူပဘုံ၌ အထက်အာရုပ္ပနစ်ပါးသာ, စတုတ္ထအရူပဘုံ၌ စတုတ္ထာရုပ္ပဈာနသမာပဇ္ဇနဝီထိသာ ဖြစ်တော့သည်၊ ရှေ့နောက် ဘဝင်ကိုလည်း ရသမျှဘုံကိုကြည့်၍ ထည့်နိုင်လောက်ပြီ။

**ပစ္စဝေက္ခဏာ ဝီထိ၏ စိတ်သရုပ်စသည်။** ။ ပစ္စဝေက္ခဏာဝီတိများ၌ ချုဘို့ရာစိတ်ကား–မနောဒွါရာဝဇ္ဇန်း ၁, သောဘာနဖြစ်သော ကာမဇော (မဟာကုသိုလ် ကြိယာဇော) ၁၆, ပေါင်း ၁၇ သာတည်း၊ တိဟိတ် ပုထုဇဉ် နှင့် သေက္ခသန္တာန်၌ဖြစ်မူ မဟာကုသိုလ် ဇောကိုချ, ရဟန္တာ သန္တာန်၌ ဖြစ်မူ မဟာကြိယာဇောကိုချ–ဟူလို။

**ကြွင်းစိတ်များမှာ, ဈာန်အင်္ဂါကို–** ဘဝင်မှကြွင်းသော ဝီထိစိတ် များမှာ ဈာန်အင်္ဂါကို အာရုံပြု၏၊ ပဌမဈာနဝီထိနောက် ပစ္စဝေက္ခဏာ ဝီထိဖြစ် လျှင် ပဌမဈာန်၌ ပါဝင်သော အတိတ်ဖြစ်သော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးတွင် တပါးစီကိုသာ အာရုံပြု၏၊ နေဝသညာ နာသညာယတနဈာန ဝီထိ၏ နောက်၌ အတိတ်ဖြစ်သော ဥပေက္ခာ ဧကဂ္ဂတာကို (တပါးစီ) အာရုံပြု၍ ဖြစ်၏–ဟု သိလေ။

ဘုံပုဂ္ဂိုလ်မူ, ထိုထိုဈာန်နဲ့, တူမကွဲသည်– ဘုံပုဂ္ဂိုလ်မှာ ထိုထိုဈာန ဝီထိအတိုင်းပင်တည်း၊ ပဌမဈာနဝီထိဖြစ်ရာ ဘုံပုဂ္ဂိုလ်သည် ပဌမဈာန ဝီထိနောက်က ပစ္စဝေက္ခဏာဝီထိ၏ ဖြစ်ရာလည်း ဟုတ်၏၊ နေဝသညာ နာသညာယတနဈာနဝီထိဖြစ်ရာ ဘုံပုဂ္ဂိုလ်သည် ထို ဝီထိနောက်က ပစ္စဝေက္ခဏာ ဝီထိ၏ ဖြစ်ရာလည်း ဟုတ်၏–ဟူလို။

**ဈာနဝီထိပြီးပြီ။**

**မဂ္ဂဝီထိ** မဂ္ဂဝီထိသည်လည်းသောတာပတ္တိမဂ္ဂ, သကဒါဂါမိမဂ္ဂ, အနာဂါမိမဂ္ဂ, ⁄အရဟတ္တမဂ္ဂဝီထိ အားဖြင့် လေးပါး အပြားရှိ၏၊ ထိုတွင် သောတာပတ္တိမဂ္ဂ ဝီထိသည်လည်း ပဌမဈာနဝီထိ ဒုတိယဈာန ဝီထိ တတိယဈာနဝီထိ စတုတ္ထ ဈာန ဝီထိ ပဥ္စမဈာနဝီထိအားဖြင့် ငါးပါးအပြားရှိ၏၊ ထိုတွင် ပဌမဈာန သောတာပတ္တိမဂ္ဂဝီထိ ဖြစ်ဟန်ကား– တောဘုမက သခ်ါရတို့၌ အနိစ္စ စသော အခြင်းအရာသည် လွန်စွာထင်လာသဖြင့် မဂ်ရခါ နီးလတ်သော်...ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, မန္ဒပညဒန္ဓာဘိညပုဂ္ဂိုလ်၌ "ပရိကံ ဥပစာ အနုလုံဂေါတြဘု" ဟု ဥပစာရ သမာဓိဇော လေးကြိမ်, ထို့နောင် မဂ်ဇောတကြိမ် ဖိုလ်ဇောနှစ်ကြိမ်,တိက္ခ

**မဂ္ဂဝီထိ။** ။သောတာပတ္တိမဂ်ကို ရသော ပုဂ္ဂိုလ်သည် စိတ်ပိုင်း၌ ပြခဲ့သည့်အတိုင်း အချို့မှာ ဝိတက် ဝိစာရ စသော ဈာန်အင်္ဂါ ငါးပါးနှင့်ယှဉ်သော မဂ်ကိုရ၏၊ အချို့ကား လေးပါး သုံးပါး နှစ်ပါး တနည်း– ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်သော မဂ်ကိုရ၏၊ ထိုကဲ့သို့ ဈာန်အင်္ဂါယှဉ်ပုံ ငါးမျိုးပြားခြင်းကြောင့် သောတာ ပတ္တိမဂ္ဂဝီထိလည်း ပဌမဈာနဝီထိ စသည်ဖြင့် ငါးမျိုးပြားရလေသည်။

မန္ဒပညာ၏ ပဌမဈာန သောတာပတ္တိမဂ္ဂဝီထိပုံ

ဘ "နံ ဒ မ ပ ဥ နု ဂေါ မ ဖ ဖ" ဘ

ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ

ဒုတိယဈာနဝီထိ တတိယ စတုတ္ထ ပဥ္စမဈာနဝီထိများနှင့် အသက်မဂ္ဂဝီထိများလည်း ဤပဌမဈာနသောတာပတ္တိမဂ္ဂဝီထိနှင့် တူ၏၊ အထက်မဂ္ဂဝီထိဝယ် ဂေါတြဘုအရာ၌ "ဝေါဒါန်"ကို ချရခြင်းသာ ထူးတော့၏။

ပညာခိပ္ပါဘိညာပုဂ္ဂိုလ်၌ “ဥပစာ အနုလုံ ဂေါတြဘု” ဟု ဥပစာရသမာဓိဇော သုံးကြိမ်၊ ထို့နောင် မဂ်ဇော တကြိမ် ဖိုလ်ဇော သုံးကြိမ် ဖြစ်၏၊ ထို့နောက် ထိုက်သင့်သလောက် ဘဝင်ခြား၍ မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်အပ်ပြီးသော ကိလေသာ, ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ ဖြစ်ကြလေသည်။

**မန္ဒပညာ၏ အထက်မဂ္ဂဝီထိပုံ**

ဘ “န ဒ မ ပ ဥ နု ဂေါ မ ဖ ဖ” ဘ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

သောတာပတ္တိမဂ်၏ ရှေ့သွားဖြစ်သော ဉာဏ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖြတ်တော်၍, အရိယအနွယ်ကို ပေါ်ပေါက်စေတတ်သောကြောင့် မုချ ‘ဂေါတြဘု’ မည်၏၊ ဤအထက်မဂ်တို့၏ ရှေ့သွားဖြစ်သောဉာဏ်ကား ထိုကဲ့သို့ ပုထုဇဉ်အနွယ်ကို ဖြတ်တောက်ဘွယ် အရိယအနွယ်ကို ဖြစ်ပေါ်စေဘွယ်မရှိတော့ရကား မုချအားဖြင့် ဂေါတြဘု အမည်မရနိုင်၊ သို့သော် မဂ်တရား၏ ရှေ့သွားချင်း တူသောကြောင့် သဒိသူပစာရ ပရိယာယ်အားဖြင့် “ဂေါတြဘု” ဆိုလိုလျှင် ဆိုဥုးတော့၊ စင်စစ်မှာမူ အချို့အချို့ ကိလေသာတို့မှ ထပ်မံစင်ကြယ်သောကြောင့်ငှင်း စင်စစ် စင်ကြယ်သော နိဗ္ဗာန်ကို အာရုံပြုသောကြောင့်ငှင်း “ဝေါဒါန”ဟုဆိုရပေသည်။ [ဝေါဒါန သဒ္ဒါသည် စင်ကြယ်ခြင်း ဖြူစင်ခြင်းအနက်ကို ဟော၏။]

[မဟာဋီကာ] ပဌမမဂ္ဂ ပုရေစာရိကဉာဏံ ဟိ ပုထုဇ္ဇနဂေါတ္တာဘိဘဝနတော အရိယဂေါတ္တဘာဝနတော စ နိပ္ပရိယာယတော ဂေါတြဘူတိ ဝုစ္စတိ၊ ဣဒံ (ဒုတိယမဂ္ဂပုရေစာရိကဉာဏံ) ပန တံသဒိသတာယ ပရိယာယတော ဂေါတြဘု၊ ဧကစ္စ သံကိလေသဝိသုဒ္ဓိယာ ပန အစ္စန္တဝိသုဒ္ဓိယာ (နိဗ္ဗာနဿ) အာရမဏကရဏတော စ ဝေါဒါနန္တိ ဝုစ္စတိ။

**မဂ္ဂဝီထိနှင့်** မဂ်လေးတန်ကို, ဈာန်-တိတ် မန္တ,
**ပစ္စဝေက္ခဏာ ဝီထိအပြား** ပါဒကနှင့်, သမ္မ ပုဂ္ဂလဓ်,တွက်စစ်
မြောက်က, တရာ့နှစ်ဆယ်, များကျယ် သောင်းသောင်း,
ပစ္စဝေက်ပေါင်းမှာ-ရသချာသည်, ငါးရာခုနစ်ဆယ် နှင်နှင်
တည်း။

**မဂ္ဂဝီထိအပြား။** ။ မဂ်လေးပါးကို ဈာန် ၅ ပါးဖြင့် မြှောက်၂၀၊ ဤ ၂၀ကို တိက္ခပညခိပ္ပါဘိညာ မန္ဒပညာဒန္ဓာဘိညာ ပုဂ္ဂိုလ် ၂ မျိုးဖြင့်မြှော် ၄၀ ဖြစ်၏၊ ထို ၄၀ ကိုပါဒကဈာန် သမ္မသိတဈာန် ပုဂ္ဂလဇ္ဈာသယ ၃မျိုး ဖြင့်မြှော် မဂ္ဂဝီထိပေါင်း ၁၂၀ ဖြစ်၏၊ [ဤ ပါဒက သမ္မသိတ ပုဂ္ဂလဇ္ဈာ သယ ဈာန်တို့ဖြင့် မြှော်ပွားမှုသည် မဂ္ဂဝီထိကို ထူးခြားစေနိုင်တော့သည် မဟုတ်၊ ပါဒကဈာန် ဟူသည်လည်းမြှောက်ပြီး ၄၀ ၌ပါဝင်ပြီ၊ သမ္မသိတ ပုဂ္ဂလဇ္ဈာသယဈာန်တို့ဟူသည်လည်း မြှောက်ပြီး ၄၀ ၌ပါဝင်ပြီ၊ မြှောက် ပွားရာ၌ သဘောသတ္တိ တမျိုးမျိုးထူးလာမှ မြှောက်ပွားသင့်သည်၊ ထို့ကြောင့် ဤပါဒကဈာန် စသည်ဖြင့် မြှောက်ပွားနည်းသည် သင့်မည် မထင်, ရှေးကမြှောက်ပွားရိုးလည်းဖြစ် များစွာလည်း အရေးမကြီး သောကြောင့် ထည့်သွင်းလိုက်ရပေသည်။]

**ပစ္စဝေက္ခဏာဝီထိအပြား ။** ။ ပစ္စဝေက္ခဏာဝီထိ ပေါင်းကား· သောတာပတ္တိမဂ္ဂဝီထိနောင်၌ မဂ်ကိုဆင်ခြင်သောတဝီထိ, ဖိုလ်ကို ဆင်ခြင် သော တဝီထိ နိဗ္ဗာန်ကို ဆင်ခြင်သောတဝီထိ, ပယ်အပ်ပြီးသော ကိလေသာ ကို ဆင်ခြင်သော တဝီထိ, ကျန်ကိလေသာကို ဆင်ခြင်သော တဝီထိအားဖြင့် ၅ ဝီထိ, သကဒါ ဂါမိမဂ္ဂဝီထိ, အနာဂါမိမဂ္ဂဝီထိတို့နောင်၌လည်း ၅ ဝီထိစီ, အရဟတ္တမဂ္ဂဝီထိ၌ကား (ကျန်ကိလေသာ မရှိ၍) ၄ ဝီထိသာ, ပေါင်း အကျဉ်း ၁၉ ဝီထိဖြစ်၏။

**အကျယ်အားဖြင့်ကား**-ယခင်မြှောက်ပွားပြီးသော မဂ္ဂဝီထိ ၁၂၀ တွင် သောတာပတ္တိမဂ္ဂဝီထိမျိုး ၃၀ ရှိသောကြောင့် တဝီထိတဝီထိနောင် ပစ္စဝေက္ခဏာဝီထိ ၅ မျိုးစီရှိရကား, ၃၀ကို ၅ ဖြင့်မြှောက် ၁၅၀ဖြစ်၏၊

**ပဥ္စမဈာနသောတာပတ္တိ မဂ္ဂဝီထိ၌ စိတ်သရုပ်စသည်** သောတာမဂ္ဂ, ပဥ္စမဈာန်, ချရန် မနော, တိဓောကာမ, သောဘန ကုသိုလ်, မိမိဖိုလ်မဂ်, ဤငါးချက်သာ၊ အာရုံမှာမူ, ဘဝင် ဟူသမျှ, သုံးဝအတိတ်, ကံနိမိတ်တည်း၊ ကြွင်းစိတ်နတိုင်, သုံးဆိုင်ဘူမ, သခ်ါရတည်း၊ ကြွင်းထ နိဗ္ဗာန်, မှီရန် မှတ်ရှု, ရှေးရှေးဥသည့်, ဝတ္ထုဟဒယ, စွဲမှီကြသည်, ဒွိဟလွတ်ကင်း ရှင်းလေတည်း။

**ဘုံနှင့် ပုဂ္ဂိုလ်** လွတ်ကင်းဒွိဟ, ရှင်းရှင်းပလော, ကာမသုဂတိ- ဘူမိရှုပေ, ကြဉ်သုဒ္ဓေတည်း၊ တိဟေသက မဂ္ဂဖလဋ္ဌ, သုံးတန်တွက်စစ်, ပုဂ္ဂိုလ်ဖြစ်သည်, စိစစ်ဘဝင် သွင်းလေတည်း။

ထို့အတူသကဒါဂါမိမဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာဝီထိ ၁၅၀ အနာဂါမိ မဂ္ဂဝီထိနောင်ပစ္စဝေက္ခဏာဝီထိ ၁၅၀, အရဟတ္တမဂ္ဂဝီထိ ၃၀ ကို ပစ္စဝေက္ခ ဏာဝီထိ ၄ မျိုးဖြင့်မြှောက် ၁၂၀ ဖြစ်၏၊ အားလုံးပေါင်းလျှင် ပစ္စဝေက္ခ ဏာဝီထိပေါင်း- ၅၇၀ ဖြစ်သည်၊ [ပါဒကဈာန်စသည်ဖြင့် မမြှောက်ဘဲ မဂ္ဂဝီထိ ၄၀ကိုသာ ယခုအစဉ်အတိုင်းမြှော်ပါလျှင် ၁၉၀ သာဖြစ်သင့်၏။]

**ပဥ္စမဈာနသောတာပတ္တိမဂ္ဂဝီထိ၏ စိတ်သရုပ်စသည်။** ။ ပဥ္စမဈာနသောတာ ပတ္တိမဂ္ဂဝီထိ၌ ချရန်စိတ်များကား မနောဒွါရာဝဇ္ဇန်း ၁, မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော ၂, မိမိဥစ္စာဖြစ်သော သောတာပတ္တိမဂ် ၁, သောတာပတ္တိဖိုလ် ၁, ပေါင်း ၅ ပါးတည်း၊ ဘဝင်မှ ကြွင်းသော စိတ်တို့တွင် မနောဒွါရာဝဇ္ဇန်း ပရိကမ် ဥပစာ အနုလုံ တိုင် အောင်သော စိတ်တို့သည် တေဘူမကသခ်ါရကို အာရုံပြု၏၊ "ကာမ ရူပ အရူပဘုံဖြစ်သော ရုပ်နာမ် သခ်ါရတရားများကို အာရုံပြုသည်" ဟူလို၊ ကြွင်သော ဂေါတြဘု မဂ်ဖိုလ်စိတ်တို့ကား နိဗ္ဗာန်ကို အာရုံပြုကုန်၏။

**အထက်ချာနမဂ္ဂဝီထိနှင့် ပစ္စဝေက္ခဏာ ဝီထိ**

အထက်ထက်ချာန်, နည်းတူကြံလော,
ထက်ယာမ်မဂ်မှ, အရူ သုဒ္ဓတ်–သင့်
အောင်ထပ်လျက်, ပစ္စဝေက်ကို, မဂ် ဖိုလ် နိဗ္ဗာန်, ဆင်ခြင်

**ဘုံနှင့် ပုဂ္ဂိုလ်။** ။ ဤပဉ္စမချာနသောတာပတ္တိမဂ္ဂဝီထိသည် ကာမသုဂတိ ၇ ဘုံ, သုဒ္ဓါဝါသကြဉ်သော ရူပ ၁၀ဘုံ၌ဖြစ်၏၊ [သုဒ္ဓါ ဝါသ အရူပဘုံတို့၌ သောတာပတ္တိမဂ္ဂဝီထိ မရှိ၊ [တိဟေ=တိဟိတ်ပုထုဇဉ်၊ သကာမဂ္ဂဖလ= မိမိမဂ်ဖိုလ်၌တည်သော] တိဟိတ်ပုဂ္ဂိုလ် ၁, သောတာပတ္တိ မဂ္ဂဋ္ဌ ဖလဋ္ဌပုဂ္ဂိုလ် ၂, ဤ ၃ ယောက်၌ဖြစ်၏၊ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘု အခိုက်မှာ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ် သန္တာန်၌ဖြစ်၍, သောတာပတ္တိမဂ် အခိုက်မှာ မဂ္ဂဋ္ဌပုဂ္ဂိုလ်သန္တာန်ဖြစ်၏၊ ဖိုလ်ဇော အခိုက်မှာ သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်သန္တာန်၌ဖြစ်သည် ဟူလို၊ ကာမသုဂတိနှင့် ရူပဘုံ၌ ဖြစ်ရကား ရှေ့နောက်ဘဝင်ကို ကာမတိဟိတ် ဝိပါက် ၄, ရူပဝိပါက် ၅ ကိုချ၊ ဤကား ပဉ္စမချာန သောတာပတ္တိ မဂ္ဂဝီထိအတွက် မှတ်ဘွယ်တည်း။

**အထက်ချာနမဂ္ဂဝီထိများ။** ။ သောတာပတ္တိမဂ်၏ အထက်ထက် ချာန်များ၌လည်း စိတ်သရုပ် အာရုံဘုံဘဝင်တို့ကို ပဉ္စမချာနဝီထိနည်းတူ ကြံပါလေ၊ ပဥ္စမချာနမဂ္ဂဝီထိ၌ မဂ်၏ ရှေ့ကပရိကံစသည်၌ မဟာကုသိုလ် ဥပေက္ခာသမ္ပယုတ် ၂ ပါးကို ချရုံသာထူးသည်၊ အထက်မဂ်များ၏ ချာန ဝီထိ၌ စိတ်သရုပ်အာရုံတို့မှာ သောတာပတ္တိမဂ္ဂဝီထိအတိုင်းပင်တည်း၊ မိမိ ဆိုင်ရာ မဂ်ဖိုလ်ကို ပြောင်းလွှဲ၍ ထည့်ရုံသာထူးသည်၊ ဘုံအားဖြင့်ကား– သကဒါဂါမိ၊ မိမဂ္ဂဝီထိ အနာဂါမိမဂ္ဂဝီထိတို့၌ကာမသုဂတိ ၇ ဘုံ ရူပ ၁၀ဘုံ တွင် အရူပ ၄ ဘုံကို ထပ်၍ထည့်၊ အရဟတ္တမဂ္ဂဝီထိ၌ကား– ထို ၂၁ဘုံ တွင် သုဒ္ဓါ ဝါသ ၅ ဘုံတို့ကို ထပ်၍ထည့်၊ ဘုံတိုးသလောက် ဘဝင်လည်း တိုးရကား ကာမတိဟိတ်ဘဝင် ၄ ရူပါရူပဘဝင် ၉ ကိုချည်း ချလေ၊ ပုဂ္ဂိုလ်မှာ "တိဟေသကာ– မဂ္ဂဖလဋ္ဌ အရဋ္ဌ ထိုက်သည်အားလျော်စွာ

ဟာန်၌, သမ္ပယုတ္တ, ဓောကာမတည်း၊ ဟိန- သေသေ, ကိလေတို့မှာ, ဝိယုတ္တာလည်း, ရှိသတည်းဟု, ကျမ်းကြီး ကျမ်းငယ်, ခွန်းတုံ့ လှယ်သည့်, မကျယ်မကျဉ်းမှာတမ်းတည်း။

အဓိပ္ပါယ်သွင်း၍ယူရာ၏၊ တိဟိတ်ပုထုဇဉ်က သောတာပတ္တိမဂ်ကို တက်ရသကဲ့သို့ သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်က သကဒါဂါမိမဂ်ကို တက်ရကား သကဒါဂါမိမဂ္ဂဝိထိသည် သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ် ၁, သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် ၁, သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ် ၁, ဤသုံးယောက်၌ ဖြစ်၏စသည်ဖြင့် သိလေ။

**ပစ္စဝေက်ကို၊ ဟေ၊ ဓောကာမတည်း-** ပစ္စဝေက္ခဏာဝိထိတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သော ဝိထိများ၌ ဉာဏသမ္ပယုတ် ကာမကုသိုလ် ကြိယာ ဇော ၈ ပါးကိုချ၊ [ဝိပ္ပယုတ်က မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံ မပြုနိုင်ကြောင်းကို အာရမဏ သင်္ဂဟမှာရှု] ပဟီနကိလေသာ, သေသကိလေသာကိုဆင်ခြင်ရာ၌ကား ဝိပ္ပယုတ်လည်း ရသင့်သောကြောင့် ကာမကုသိုလ် ကြိယာဇော ၁၆ ကိုချ၊ ဤ ပစ္စဝေက္ခဏာဇောများကား အဆောတလျင်ဇောဘွယ်မလိုသောကြောင့် ၇ ကြိမ်သာ ဇောကြသည်၊ [ရဟန္တာသန္တာန်၌ ကြိယာဇော, သေက္ခသန္တာန်၌ ကုသိုလ်ဇောဟု ခွဲလေ၊ ကြွင်းသော မှတ်ဘွယ်ကို ကမ္မဋ္ဌာန်းပိုင်း" "မဂ္ဂ ဖလဥ္စနိဗ္ဗာနံ" စသော ဂါထာ အဖွင့် ဘာသာဋီကာမှာရှု။] အာရုံမှာ မဂ်ကိုဆင်ခြင်သော ဝိထိ၌ မဂ်ကို အာရုံပြု၏စသည်ဖြင့် ကျန်ကိလေသာကို ဆင်ခြင်သောဝိထိ၌ ကျန်ကိလေသာကို `အာရုံပြု၏ဟု သိလေ၊ ပုဂ္ဂိုလ်ကာ ဖိုလ်ဇောကျပြီး၍ ဖဝင်ကျပြီးမှ ဆင်ခြင်သောကြောင့် ဖလဋ္ဌပုဂ္ဂိုလ် ၄ ယောက်၌ ဆိုင်ရာဆိုင်ရာ ပစ္စဝေက္ခဏာဝိထိများ ဖြစ်၏၊ ဘုံအားဖြင့် ထိုထိုမဂ္ဂဝိထိဖြစ်ရာဘုံ၌ ဖြစ်၏။

မဂ္ဂဝိထိပြီးပြီ။

---

**ဖလသမာပတ္တိဝီထိ** ဖလသမာပတ္တိဝီထိသည်လည်း မဂ္ဂဝီထိကဲ့သို့ သောတာပတ္တိဖလဝီထိစသောအားဖြင့်ပြား၏၊ ထိုတွင် ပဌမဈာန သောတာပတ္တိဖလ ဝီထိ ဖြစ်ဟန်ကား– သောတာပတ္တိဖိုလ်ကို ရပြီးသော သောတာပန် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ယခုဘဝ၌ပင် ဖလသမာပတ်ချမ်းသာကို စံစားနေထိုင်လိုသည်ရှိသော်, တေဘူမက သင်္ခါရတို့၏ အနိစ္စ စသော အခြင်းအရာ လွန်စွာ ထင်လာသဖြင့် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မန္ဒပည · ဒန္ဒဘိညပုဂ္ဂိုလ်၌ အနုလုံလေးကြိမ်, တိက္ခပည ခိပ္ပါဘိညပုဂ္ဂိုလ်၌ အနုလုံ သုံးကြိမ်, ထို့နောင် အလိုရှိတိုင်း ဖိုလ်အကြိမ်များစွာ ဖြစ်၏။ဖလသမာပတ်မှ ထသောအခါ ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

**ဖလသမာပတ္တိဝီထိ** ။ ။ စည်းစိမ်ရှင် ဖြစ်ကြသော လူမင်းနတ်မင်း ဗြဟ္မာမင်းတို့သည် မိမိတို့ စည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့, နိဗ္ဗာန်တည်း ဟူသော စည်းစိမ်ချမ်းသာရှင် အရိယာ သူတော်စင်တို့လည်း မိမိတို့နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပစ္စက္ခ၌ပင် ခံစားစံစားလျက် ချမ်းချမ်းသာသာ နေထိုင်ကြလေသည်၊ ထိုသို့ နေထိုင်ရာ၌ နိဗ္ဗာန်ကို အာရုံပြုနိုင်သော ဖိုလ်ဇောပေါင်း အကြိမ်များစွာ ဖြစ်စေခြင်းကို ဖလသမာပတ် ဝင်စား သည်ဟု ခေါ်၏။

### မန္ဒပည၏ ဖလသမာပတ္တိဝီထိ

ဘ "န ဒ မ နု နု နု နု ဖ များစွာ ဘ

၀၁၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

[အနုလုံ ၃ ကြိမ်ချ၍ တိက္ခပည၏ ဝီထိပုံကိုလည်း သိလေ။]

**ဖလသမာပတ်အပြား။** ။ အစွန်းတရား၊ နှစ်ဆယ်သာ၊ဖလာဝိထိ ပေါင်း နှင့်အညီ ဖလသမာပတ္တိဝိထိလည်း မဂ္ဂဝိထိကဲ့သို့ ၁၂၀ ရှိသော ဟူ၏၊ ဤကျမ်းအလိုမှာ ၄၀ သာတည်း၊ ဤဝိထိ အားလုံး ကာမသုဂတိနှင့် ရူပ အရူပဘုံတို့၌ ရ၏၊ သို့သော် သုဒ္ဓါဝါသဘုံ၌ သောတာပတ္တိဖလ သကဒါဂါမိဖလ ဝိထိများ မရနိုင်သည်ကို သတိပြု၊ ရှေ့နောက် ဘဝင် ဟူသမျှလည်း တိဟိတ်ဘဝင် ၁၃ တွင်တပါးပါးကိုချ၊ အောက်ဖိုလ် ၃ ဝိထိ၌ အနုလုံဇောတို့ကို မဟာကုသိုလ် ဉာဏသမ္ပယုတ်ချ။

ထိုတွင် ပဋမစျာန်ဖြစ်လျှင် ဥပေက္ခာသမ္ပယုတ်ကို၊ အောက်ဈာန်များ ဖြစ်လျှင် သောမနဿသမ္ပယုတ်ကိုချ၊ အရဟတ္တဖလသမာပတ္တိ၌ မဟာ ကြိယာ ဉာဏသမ္ပယုတ်ကို ဈာန်အလိုက် သောမနဿ ဥပေက္ခာ ခွဲ၍ ချ၊ "သောမနဿသဟဂတဖလနာနန္တရံ" စသော အပ္ပနာဇောဝါရစကားကို အပ္ပနာဝိထိတိုင်းမှာ သတိထားလေ၊ မိမိဖိုလ်ကိုသာ မိမိ ဝင်စားသော ကြောင့် သောတာပတ္တိဖလသမာပတ္တိ၌ သောတာပတ္တိဖိုလ်၊ အရဟတ္တ ဖလသမာပတ္တိ၌ အရဟတ္တဖိုလ်ကိုချ။

**အနုလုံနာမည်။** ။ ဖိုလ်ဇော၏ရှေ့ ဥပစာရသမာဓိဇောတို့ကို အနုလုံ" ဟုချည်း နာမည်တပ်ရသည်မှာ...

> "အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော၊ သေက္ခာနံ အနုလောမံ ဖလသမာပတ္တိယာ အနန္တရ ပစ္စယေန ပစ္စယော" ဟု ပဋ္ဌာန်းပါဠိတော်မှာပင် အနုလုံဟု နာမည်ရှိသောကြောင့်တည်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "ဂေါတြဘု"ဟု လည်း နာမည်တပ်သေး၏။

**ဤအနုလုံတို့ နိဗ္ဗာန်ကိုအာရုံမပြု။** ။ ဖိုလ်ဇော ရှေ့က အနုလုံသည် မဂ်ရှေ့က ဂေါတြဘုများကဲ့သို့ နိဗ္ဗာန်ကို အာရုံမပြု၊ သင်္ခါရကိုသာ အာရုံ ပြု၏၊ ချဲ့ဥူးအံ့-မဂ်တရားတို့သည် မိမိ ကိန်းရာသန္တာနကို ဝဋ္ဋဒုက္ခ သင်္ခါရနယ်ပယ်မှ ကယ်ဆယ်ထုတ်ဆောင်ခြင်း ကိစ္စရှိရကား ထိုမဂ်တို့၏

ရှေ့သွားဂေါတြဘု တရားသည်လည်း ဝဋ္ဋ ဒုက္ခ သင်္ခါရကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြုမှသာ မဂ်၏ ကိစ္စနှင့် သင့်တင့်ချေမည်၊ ဖိုလ်တရားတို့ကား ဝဋ္ဋဒုက္ခသင်္ခါရနယ်ပယ်မှ ကယ်ဆယ်ထုတ်ဆောင်သော တရားများ မဟုတ်ကြ၊ ဒိဋ္ဌဓမ္မသုခဝိဟာရ အကျိုးမျှသာ ရှိသဖြင့် ထိုဖိုလ်၏ ရှေ့သွား အနုလုံ တရားသည် သင်္ခါရစွန့်လွှတ်ဘွယ် မလိုတော့ပြီ၊ ထို့ကြောင့် ဖလသမာ ပတ္တိဝီထိ၌ ဖိုလ်၏ရှေ့သွား အနုလုံတရားသည် မဂ်၏ရှေ့သွား ဂေါတြဘု ဝေါဒါန်များကဲ့သို့ နိဗ္ဗာန်ကိုအာရုံမပြုဘဲ သင်္ခါရကိုသာ အာရုံပြုရလေသည်။ ...ဝိသုဒ္ဓိမဂ်ဋီကာ။

**မဂ္ဂဝီထိ၌ ဖိုလ်ဇောများကို ဖလသမာပတ်ဟု မဆိုရ။** ။ မဂ္ဂဝီထိတွင်းဖြစ်ပါသော ဖိုလ်ဇော ၂ ကြိမ် ၃ ကြိမ်မှာ သူတို့အတွက် ပရိကမ် သီးခြား မပြုရ, မဂ်၏ အရှိန်ဖြင့် အဆင်သင့်ဖြစ်ရသော အကျိုးမျှသာ ဖြစ်၍ "ဖလသမာပတ်" ဟု မခေါ်နိုင်၊ မဂ်နှင့် မဆက်ဘဲ သီးခြားဖိုလ်ဇော ဖြစ်ဘို့ရန်ကား သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုဆင်ခြင်သော အားဖြင့် ပရိကမ် အသီးအခြားပြုရသည်၊ ထို့ကြောင့် မဂ်နှင့်မရောဘဲ သီးခြားစောသော ဖိုလ်ဇောတို့ကိုသာ "ဖလသမာပတ်" ဟု ခေါ်ဆိုရလေသည်။

**သမာပတ်မှ ထပုံ။** ။ ဖလသမာပတ် မဝင်စားမီက ဤ၍ ဤမျှကြာအောင် ဝင်စားမည်ဟု ပိုင်းခြားကန့်သတ်ပြီးမှ ဝင်စားရသည်၊ ထို့ကြောင့် ရည်ရွယ်ချက် အချိန်စေ့သည့်အခါ ဖိုလ်ဇောအစဉ် ရပ်တန့်၍ ဘဝင်စိတ် ဖြစ်ပေါ်လာသည်၊ ထိုသို့ ဘဝင်စိတ် ဖြစ်ပေါ်လာသည်ကို ဖလသမာပတ်မှ ထသည်ဟု ဆိုရလေသည်။

ဖလသမာပတ္တိဝီထိ အဖွင့် ပြီး၏။

**အဘိညာဝီထိ** အဘိညာ ဝီထိသည်လည်း ဣဒ္ဓိဝိဓအဘိညာ ဝီထိ, ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါ သာနုဿတိ, ဒိဗ္ဗစက္ခု, ယထာကမ္မူပဂ, အနာဂတံသအဘိ ညာဝီထိဟု ခုနစ်ပါး အပြားရှိ၏၊ ထိုတွင် ဣဒ္ဓိဝိဓ အဘိညာ သည်လည်း အဓိဋ္ဌာနိဒ္ဓိ, ဝိကုဗ္ဗနိဒ္ဓိ, မနောမယိဒ္ဓိ အားဖြင့် သုံးပါးအပြားရှိ၏၊ ထိုတွင် အဓိဋ္ဌာနိဒ္ဓိ အဘိညာဝီထိ ဖြစ်ဟန် ကား– ယေဘုယျအားဖြင့် သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တန်ခိုးအမျိုးမျိုးကို ဘန်ဆင်း လိုသည် ရှိသော် ကသိုဏ်း တပါးပါးကို အာရုံပြု၍ ရူပ ပဉ္စမဈာန်ကို ဝင်စား သော သမာပဇ္ဇနဝီထိ ဖြစ်၏၊ ဤကား အဘိညာ၏ အခြေခံ ဖြစ်သော ပါဒကဈာနဝီထိတည်း။

**အဘိညာဝီထိ။** ။ အဘိညာဟူသည် "အဘိဝိသေသသော ဇာနာ တီတိ" အရရူပကုသိုလ်ကြိယာ ပဉ္စမဈာန်၌ယှဉ်သော အလွန်အကြူး အထူး သိတတ်သော ဉာဏ်တည်း၊ ထိုဉာဏ်နှင့် ယှဉ်သောကြောင့် ပဉ္စမဈာန် တခုလုံးကိုလည်း အဘိညာ ဟု ခေါ်နိုင်သည်။

**ယေဘုယျအားဖြင့်၊ လ၊ ပုဂ္ဂိုလ်သည်**–[စတုက္ကနည်းအားဖြင့် ရူပ ဈာန် ၄ ပါး, အရူပဈာန် ၄ပါးကို သမာပတ် ၈ ပါး ဟုခေါ်၏] ဤ အဘိညာဉ်တို့ကို ရလိုသော ပုဂ္ဂိုလ်သည် များသောအားဖြင့် သမာပတ် ရှစ်ပါးကိုရပြီး ဖြစ်စေ၍ ယင်းသမာပတ်များကို ကသိုဏ်းရှစ်ပါးဝယ် ဝိသုဒ္ဓိမဂ်၌လာသော နည်းအတိုင်း အမျိုးမျိုး အဖုံဖုံ အစုံအဆန် ပြန်လှန် ခုန်ကျော်လျက် သွက်သွက်ကြီး လေ့လာပြီးနော် ဝသီဘော်မြောက်ပြီးမှ ပြအပ်လတ့်သော အစီအစဉ်ဖြင့် အဘိညာဉ်ကို ပြည့်စုံစေနိုင်သည်၊ အချို့ ထူးခြားသော ပုဂ္ဂိုလ်မြတ်တို့ကား ရူပပဉ္စမဈာန်ကို ရရုံဖြင့်ငင်း, မဂ်ကို ရသည်နှင့်တပြိုင်နက်ငင်း အဘိညာဉ်ကိုလည်း ရနိုင်ကြပေသည်၊ ထိုအဘိ ညာဉ်ကို ရပြီးသော ပုဂ္ဂိုလ်သည် အဘိညာဉ်ကို ဖြစ်စေလိုသည်ရှိသော်

ထို့နောက် မိမိကိုယ်ကို အများဖြစ်အောင် ဖန်ဆင်းလိုလျှင် ထိုအများကို အမှန်းအတားအားဖြင့် အာရုံပြု၍ "သတံ ဟောမိ, သဟဿံ ဟောမိ" စသည်ဖြင့် ပရိကမ်ပြုသော

"ပါဒကဈာန်, ပရိကမ်နှင့် တဘန်ပါဒက, ဖြစ်ပြီးမှ, ကျတုံအဘိညာ" ဟူသည်နှင့်အညီ, များသောအားဖြင့် ဤအစဉ်အတိုင်း လေးဝီထိမြောက်မှ အဘိညာဝီထိကျ၏။

## ပါဒကဈာနဝီထိပုံ

ဘ "န ဒ မ ပ ဥ နု ဂေါ ဈ ဈ ဈ" ဘ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀၀၀၀

ဤပါဒကဈာနဝီထိ၌ ဈာန်ပေါင်းမည်မျှ ချရမည်ဟုမလာ, သမာပတ္တိဝီထိမျိုးဖြစ်သောကြောင့် အကြိမ်လိုသလောက် ကျနိုင်ရာ၏၊ အရေးကြီးသည့်အခါ၌ကား ဈာန်များစွာကျမည်မဟုတ်၊ ထို့နောက်ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ ထုံးစံအတိုင်း ဖြစ်ရဦးမည်။

**ပါဒကဈာန်၏ အကျိုး။** ။ ဤပါဒကဈာန်ကို ဝင်စားခြင်းသည် ဘာအကျိုးရှိသနည်းဟု မေး၊ အဖြေကား–ဤပါဒကဈာန်ကို ဝင်စား၍ သမာဓိကောင်းစွာရသော ပုဂ္ဂိုလ်သည် နောက်၌ "သတံ ဟောမိ သဟဿံ ဟောမိ" စသည်ဖြင့် ပရိကမ်ပြုသည့်အခါ ဆိုင်ရာအာရုံ၌ ပရိကမ်စိတ်ကို ကောင်းစွာ ထားနိုင်၏၊ ထို့ကြောင့် ပါဒကဈာန် ဝင်စားခြင်းသည် သမာဓိရသဖြင့် ပရိကမ်စိတ်ကို ကောင်းစွာ ထားနိုင်ခြင်း အကျိုးရှိ၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌–"ပုဗ္ဗေ အဘိညာပါဒက ဈာန သမာပဇ္ဇနံ ပရိကမ္မစိတ္တဿ သမာဓာနတ္ထံ" ဟု မိန့်ပြီ။

## ပရိကမ္မဝီထိပုံ

ဘ "န ဒ မ ဓ င ဓ ဓ ဓ ဓ ဓ" ဘ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ကာမဇောမနောဒွါရဝီထိတို့ ဖြစ်ကုန်၏၊ ဤကား တန်ခိုးပေါ်ပေါက်ရန် ပြုစိမ်သော ပရိကမ္မဝီထိတည်း။

ထို့နောက် ကသိုဏ်းတပါးပါးကို အာရုံပြု၍ ရူပပဥ္စမဈာန်ကို ဝင်စားသော သမာပဇ္ဇနဝီထိဖြစ်ပြန်၏၊ ဤကား အဘိညာ၏ အခြေခံပင်ဖြစ်သော တဘာန်ပါဒက ဈာနဝီထိတည်း။

ထို့နောက် ပရိကမ်ပြုအပ်ပြီးသော သတ သဟဿ နိမ္မိတရုပ်တွေကို အာရုံပြု၍ ပရိကမ် ပြုခဲ့တိုင်း ဖြစ်စေနိုင်သော

ဤပရိကမ်ပြုရာ၌ "သတံ ဟောမိ သဟဿံ ဟောမိ" ဟု မန္တာန်စုတ်သလို မန်းမှုတ်နေရမည် ဟု မဆိုလို၊ "တရာဖြစ်စေသတည်း, တထောင်ဖြစ်စေသတည်း, မည်ဂို့ မည်ပုံ ဖြစ်စေသတည်း" ဟု ဖြစ်စေလိုရာကို စိတ်ဖြင့် အာရုံပြု၍ ဆောက်တည် မိဋ္ဌာန်နေခြင်းတည်း၊ ထို့ကြောင့် ဤဝီထိကို အဓိဋ္ဌာနဝီထိ ဟုလည်းဆိုကြ၏၊ ကာမဇောမနောဒွါရဝီထိ ပင်တည်း၊ တဝီထိသာမက, စိတ်ထည်း၌ စွဲလောက်အောင် အတော်များများ ဖြစ်ဘွယ်ရှိသည်၊ ထို့နောက် အဘိညာဉ်၏ အခြေခံအဖြစ်ဖြင့် ပဥ္စမဈာန်ကို ထပ်မံဝင်စားရပြန်၏။

**နောက်ထပ်ပါဒကဈာနဝီထိအကျိုး။** ။ ဤပါဒကဈာန်ကို တဘာန်ဝင်စားခြင်းသည် ဘာအကျိုးရှိသနည်း-ဟုမေး၊ အဖြေကား-တဘာန်ထပ်၍ ဝင်စားခြင်းသည် အဘိညာဉ်ကို အားပေးခြင်း အကျိုးရှိ၏၊ "အဘိညာဉ်အားရှိအောင် ပါဒကဈာန်ကို ထပ်မံ ဝင်စားပြန်သည်" ဟူလို၊ ထို့ကြောင့် "ပုန သမာပဇ္ဇနံ အဓိဋ္ဌာနစိတ္တဿ ဗလဂ္ဂါဟတ္ထံ" ဟုမိန့်ပြီ။

"ပင်ကိုယ်က အဘိညာဉ်အလေ့အလာ ရပြီးသူမှာ ဤပါဒကဈာန်ကို ထပ်၍ မဝင်စားသော်လည်း အဘိညာဖြစ်ပေါ်လာနိုင်၏" ဟု ယူရန်ရှိ၏၊ ထို့ကြောင့် သင်္ဂြိုဟ်နှင့်တကွ တချို့ အဋ္ဌကထာကြီးများ၌ ဤနောက်ထပ်ပါဒကဈာနဝီထိ မလာ။

အဘိညာဝီထိဖြစ်၏၊ ဤဝီထိဖြစ်သည်နှင့် တပြိုင်နက် ဖန်ဆင်းလိုတိုင်းသော တန်ခိုးအမျိုးမျိုး ပေါ်လာလေသည်။

### အဘိညာဝီထိပုံ

ဘ "န ဒ မ ပ ဥ နု ဂေါ် ဘိ" ဘ

ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဤအဘိညာဝီထိမပေါ်သေးသမျှ ပါဒကဈာနဝီထိ ပရိကမ္မဝီထိတို့ကို ထပ်ကာထပ်ကာ ဖြစ်စေရသည်၊ အရူပဘုံ၌ ရူပပဥ္စမဈာန်ကို မဝင်စားသောကြောင့် ဤဝီထိများမရ, ကာမသုဂတိ ၇ ဘုံ, ရူပ ၁၅ ဘုံတို့၌သာရ၏၊ ထို့ကြောင့် ရှေ့နောက်ဘဝင်များ၌ ကာမတိဟိတ်ဘဝင် ၄, ရူပဘဝင် ၅, ကိုချ၊ တိဟိတ်ပုထုဇဉ် ၁, ဖလဋ္ဌ ၄, ဤပုဂ္ဂိုလ် ၅ယောက်၌ဖြစ်၏၊ ရဟန္တာ၌ကြိယာ အဘိညာဉ်ကို ချ၊ ပုထုဇဉ် သေက္ခတို့၌ ကုသိုလ်အဘိညာဉ်ကိုချ၊ အဘိညာဉ်ရှေ့က ဇောတို့ကို မဟာကုသိုလ်ကြိယာ ဉပေက္ခာသမ္ပယုတ်ကိုချည်းချ၊ သို့မှ ပဥ္စမဈာန်နှင့်လိုက်ရောမည်၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ပရိကမ်ဇောသုံးကြိမ်သာချ၊ [ဣဒ္ဓိဝိဓအမျိုးမျိုးနှင့် ဒိဗ္ဗသောတစသော အဘိညာဉ်တို့၏ ဖြစ်ပုံအစီအစဉ် သဘောကို ကမ္မဋ္ဌာန်းပိုင်း အဘိညာခဏ်းမှာရှု။]

ဒိဗ္ဗသောတစသော အဘိညာဉ်တို့၌ ပရိကမ်ပြုပုံမှတပါး ကြွင်းသောအစဉ်သည် ဣဒ္ဓိဝိဓ အဘိညာဉ်အတိုင်းပင် ဖြစ်၏၊ ဒိဗ္ဗသောတ၌ "တေသသဒ္ဒံ သုဏာမိ=ဤသူ၏ အသံကို ကြားလို၏" ဟူသည်ဖြင့် ပရိကမ်ပြုရာ၏၊ ပရစိတ္တဝိဇာနန၌ "တေသ စိတ္တံ ဇာနာမိ=ဤသူ၏ စိတ်ကို သိလို၏" ဟူသည်ဖြင့် ပရိကံပြုရာ၏၊ ပုဗ္ဗေနိဝါသာနုဿတိ၌ "ပုဗ္ဗေနိဝုတ္တံဇာနာမိ=ရှေး၌ စွဲမှီနေအပ်ဘူးသော မိမိသူတပါးတို့၏ ခန္ဓာ, ထိုခန္ဓာနှင့် စပ်သော အမည်အနွယ်စသော ပညတ် ပရိနိဗ္ဗာန်စံလေပြီးသော ဘုရား ရဟန္တာတို့၏ နိဗ္ဗာန်ကို သိလို၏" ဟု အလိုရှိရာကို ပရိကမ်ပြုရာ၏။

ဒိဗ္ဗစက္ခုဉ္ဉ ပါဒကဈာန်ကို ဝင်စားသည့်အခါ ကသိဏ်းအားလုံးနှင့် မလျော်, အရောင်အလင်းပေါ်လာဘို့ရာ တေဇော ဩဒါတ အာလောက ကသိဏ်းသုံးပါးတွင် တပါးပါးကို အာရုံပြု၍ ဝင်စားပြီးလျှင် "တေသသရူပံ ပဿာမိ=ဤသူ၏ အဆင်းကို မြင်လိုခ၏" ဟု ပရိကမ်ပြုရာ၏၊ ယထာကမ္မူ ပဂဥ် "အတိတံ ကမ္မံ ဇာနာမိ=ဤသူ၏ အတိတ်ကံကို သိလို၏" ဟု ပရိကမ်ပြုရာ၏၊ အနာဂတံသဥ် "အနာဂတံ အံသံ ဇာနာမိ=ဤသူ၏ အနာဂတ်အဘို့ကို သိလိုခ၏" ဟု ပရိကမ်ပြုရာ၏။

ပုဗ္ဗေနိဝါသာနုဿတိဥ် "ပုဗ္ဗေ နိဝုတ္ထ ခန္ဓံ ဇာနာမိ" ဟုရှေးဆရာတို့ ပရိကမ်ပြုပုံကို ပြကြ၏၊ ခန္ဓာသာမက, ခန္ဓာနှင့်စပ်သော အမည်အနွယ် စသော ပညတ်နှင့် နိဗ္ဗာန်ကို အလိုရှိသလို ပရိကမ်ပြုရမည် ဖြစ်သော ကြောင့် "ခန္ဓ" သဒ္ဒါ လိုမည်မထင်။

အနာဂတံသဉ်လည်း "အနာဂတံ ခန္ဓံ ဇာနာမိ" ဟု ရှေးကပြကြ၏၊ ခန္ဓာသာမက, အမည်အနွယ် ပညတ် နိဗ္ဗာန်ပါ ပါနေသောကြောင့် "ခန္ဓ" သဒ္ဒါကို ဖြုတ်၍ ပုဒ်ရှိအတိုင်း "အနာဂတံ အံသံ ဇာနာမိ" ဟု ပရိကမ် ပြုသင့်သည်၊ အဋ္ဌကထာများဉ် အထူးမလာ "အနာဂတံ အံသံ-အနာဂတ် အဘို့ကို" ဟု အနက်ဆို။

ဤကား လောကီအဘိညာ ခုနစ်ပါးတည်း၊ ထိုတွင် အနာဂတံသနှင့် ယထာကမ္မူပဂကို ဒိဗ္ဗစက္ခုလျှင် အရင်းခံ-ဒိဗ္ဗစက္ခု၏ အခြံအရံ ဖြစ် သောကြောင့် ဒိဗ္ဗစက္ခုဉ်သွင်း၍ လောကီအဘိညာ ၅ ပါးဟုလည်း အချို့ အရာဥ် ဆို၏။ "ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါး, သမာပတ် ရှစ်ပါး" ဟုလာရာဥ်ကား ယင်း ၅ ပါးတွင် အာသဝက္ခယ (အရဟတ္တမဂ်) အဘိညာဉ်ကိုထည့်၍ ခြောက်ပါးဟု မှတ်။

[ဆောင်] စ-သော ဣဒ်-ပ, ပုဗ်-ယ-အ-ဟု, သတ္တဘိညာ၊
ငါးဖြာဖြစ်က, ယ-နှင့် အ ကို, စ-ဥ်သွင်းယူ၊ ခြောက်မူ
အာသဝက်, ထိုဝယ်စွက်, သုံးချက် နားလည်စေ။

**အဘိဉာဏ်အာရုံ** — အဘိညာပြု, အာရုံစုကို, ယခုခွဲဘိ, မှတ်စွဲ သိလော–ဣဒ္ဓိဝိဓ, ဘိညာကလျှင်, ကာမ မဟာဂ္ဂုတ်, တိတ်–ပစ္စုပ္ပန်, နာဂတံဟု, ခြောက်တန် သဘော–အာရုံစော၏။

**အဘိဉာဏ်အာရုံ။** ။ ဘုရားရှင်သည် ဓမ္မသင်္ဂဏီ ပါဠိတော်၌ ပရိတ္တာရမဏတိက် စသော အာမရဏ လေးတိက်ကို ဟောတော်မူသည် အားလျော်စွာ အဘိညာတို့၏ အာရုံကို ထိုအာရမဏတိက်တို့ အတွင်းသို့ သွင်း၍ ရထိုက်သလို ပြရိုးပြုကြသည်။

[ဝိသုဒ္ဓိမဂ်] အာရမဏတ္တိကာ ,ဝုတ္တာ, ယေ စတ္တာရော မဟေသိနာ၊
သတ္တန္နမပိ ဉာဏာနံ, ပဝတ္တိံ တေသု ဒီပယေ။

၁၊ ဣဒ္ဓိဝိဓ၊ လေ၊ ခြောက်တန်သဘော, အာရုံစော၏ ဖြပွား ပြည်သို့ သွားလိုသောအခါစသည်၌ ခန္ဓာကိုယ်ကို စိတ်ကဲ့သို့ လျင်မြန်စေလိုလျှင် "ဤကိုယ်သည် စိတ်ကဲ့သို့ လျင်မြန်စေသတည်း" ဟု အဓိဋ္ဌာန်ရ၏၊ ထိုအဓိဋ္ဌာန် စိတ်သည် (ပရိတ္တာရမဏတိက်အလို) ကာမတရားဖြစ်သော ခန္ဓာကိုယ် (ရုပ်) ကို အာရုံပြု၏၊ ထိုခန္ဓာသည် ပစ္စုပ္ပန်ဖြစ်သောကြောင့် (အတီတာရမဏတိက်အလို) ပစ္စုပ္ပန်တရားကို အာရုံပြု၏၊ ထိုခန္ဓာသည် အဇ္ဈတ္တတရား ဖြစ်သောကြောင့် (အဇ္ဈတ္တာရမဏတိက် အလို) အဇ္ဈတ္တ တရားကို အာရုံပြု၏၊ ပါဒကဈာန်ကို အာရုံပြု၍ "ဤစိတ်သည် ကိုယ်၏ အလိုအတိုင်း ဖြစ်စေသတည်း" ဟု မိဋ္ဌာန်ရာ၌ အာရုံဖြစ်သော ဈာန်စိတ် သည် မဟဂ္ဂုတ် အတိတ် တရားဖြစ်၏၊ အပြင်ပဝယ် ဆင် မြင်း စသည်ကို ဖန်ဆင်းရာ၌ ဆင်မြင်း စသည်သည် ကာမ ဗဟိဒ္ဓ ပစ္စုပ္ပန်အာရုံ ဖြစ်၏၊ အရှင်မဟာကဿပ၏ ဓာတ်တော်များကို ထာပနာစဉ်တုန်းက ဓာတ်တော် တိုက်တွင်း၌ထားသော ဆီမီး ပန်းတို့ကို "နော်နောင်အခါ မညှိုးနွမ်းစေ သတည်း" ဟု မိဋ္ဌာန်တော်မူရာ၌ အချို့စိတ်များသည် ပစ္စုပ္ပန် ဆီမီး ပန်းတို့ကို အာရုံပြု၍ အချို့မိဋ္ဌာန်ဝီထိများက အနာဂတ် ဆီမီးပန်းတို့ကို

သောတဒိဗ္ဗာ, အဘိညာကား, ကာမပစ္စုပ်, သဒ္ဒရုပ်ကို,
ဖွင့်ထုတ်ဆိုလော။

ထိုထိုပရ–စိတ္တဝိဇာ, အဘိညာမှ, ရှေ့လာ နောက်ဆက်,
ခုနစ်ရက်က, ကာမ မဟဂ္ဂုတ်, လောကုတ် ဗဟိဒ်, ထိတ်
နာဂတံ, ပစ္စုပ္ပန်စုံ, ဓမ္မာရုံဝယ်, အာရုံစွဲလေ, ပြုတတ်ပေ၏။

လည်း အာရုံပြုပေလိမ့်မည်၊ ဤပြခဲ့သော အာရုံတွင် အချို့ရူပါရုံ, အချို့ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံ, အချို့ဈာန်စိတ် အထည်ကိုယ်ဖြစ် သော ဓမ္မာရုံတည်း၊ ဤသို့ အာရုံ ၆ ပါးလုံးပင် ပါဝင်ကြလေသည်၊ ထို့ကြောင့် "ဣဒ္ဓိဝိဓ–ဘိညာကလျှင်, ကာမ မဟဂ္ဂုတ်, တိတ် ပစ္စုပ္ပန်, နာဂတံဟု, ခြောက်တန်သဘော, အာရုံဆော၏" ဟု ဆိုရပေသည်။ [အဇ္ဈတ္တဗဟိဒ္ဓ ၂ မျိုး ရကြောင်းကိုကား လင်္ကာ၏ အဆုံး၌ "ပရစိတ္တာ, အဘိညာမှ, ကြွင်းလာ သေသတံ, အရပ်ရပ်တို့, အဇ္ဈတ် ဗဟိဒ်, နှစ်မျိုး ကြိတ်သည်" ဟူသော စကားဖြင့် ပြ၏။]

၂။ **သောတဒိဗ္ဗာ၊ ပေ၊ ကာမာဝစ္စုပ်, သဒ္ဒရုပ်ကို**–ဒိဗ္ဗသောတ အဘိညာကား ပကတိနားဖြင့် မကြားနိုင်သော မိမိကိုယ်တွင်းက အဇ္ဈတ္တ သဒ္ဒါရုံကို ဖြစ်စေ, ဗဟိဒ္ဓအဝေးက သဒ္ဒါရုံကိုဖြစ်စေ အာရုံပြုနိုင်၏၊ ထို့ကြောင့် အဇ္ဈတ္တ ဗဟိဒ္ဓ ကာမတရားဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏၊ ["ကာမာဝစရံ အနာရမဏံ" ဟူသည်နှင့်အညီ ရုပ်ဟူသမျှ ကာမတရားချည်း ဖြစ်ကြောင်းကို အမြဲသတိပြု။

၃။ **ထိုထိုပရ–စိတ္တဝိဇာ၊ ပေ၊ ဓမ္မာရုံဝယ်, အာရုံစွဲလေ**–သူတပါး၏ စိတ်ဟု ဆိုသဖြင့် အဇ္ဈတ္တဗဟိဒ္ဓ ၂ မျိုးတွင် ဗဟိဒ္ဓ, အာရုံ ၆ ပါးတွင် ဓမ္မာရုံတည်း၊ စိတ်သာမက စေတသိက်ကိုပါ အာရုံပြုသောကြောင့် နာမ်ခန္ဓာ ၄ပါးလုံးကို အာရုံပြုသည်ဟုမှတ်၊ ပရိတ္တာရမ္မဏတိက်အရ ကာမမဟဂ္ဂုတ် လောကုတ္တရာစိတ် ဟူသမျှကို အစွမ်းရှိသလော် အာရုံပြုနိုင်၏၊ (အာရမ္မဏသင်္ဂဟကိုသတိပြု) ရှေ့ ၇ ရက် နော် ၇ ရက်အတွင်းဖြစ်သမျှ

ပုဗ္ဗေနိဝါသံ, အဘိညံမှ, အနုဿရ, ရှေးဘဝမှ, စ၍ ပြန်ကာ,ကာမာမဟဂ္ဂုတ်, လောကုတ်စိတ်စေ, ရုပ်တွေတွေဟု,

စိတ်ကို အာရုံပြုနိုင်သည်ဟု ဆိုသောကြောင့် အတီတာရမဏာတိက်အရ ၇ ရက် အတွင်းက အတိတ်စိတ် အနာဂတ်စိတ်နှင့်တကွ ပစ္စုပ္ပန်စိတ်ကို အာရုံပြုနိုင်သည်၊ ပစ္စုပ္ပန်စိတ်ကို အာရုံပြုရာ၌ အဋ္ဌကထာဋီကာတို့ အယူ အဆ မတူကြပုံကို ဝီထိပိုင်းဘာသာဋီကာ မနောဒွါရဝီထိခဏ်းမှာရှု။ [ဤ ပရစိတ္တဝိဇာနနအဘိညာကို စေတောပရိယအဘိညာ ဟုလည်း ခေါ်၏၊ စေတော=သူများစိတ်ကို+ ပရိယ= ပိုင်းခြား၍ သိသောဉာဏ်။]

**၄။ ပုဗ္ဗေနိဝါသံ၊ ဆေ၊ ခြောက်ရပ်အာရုံ** – [ပုဗ္ဗေ–လွန်စခဲ့ပြီ ဒုတိယဘဝမှစ၍ ရှေးရှေးဘဝ၌+ နိဝါသ= ကိုယ်တိုင် စွဲမှီ တည်နေအပ်ဘူးသော အာရုံ, သူတပါးတို့ စွဲမှီ တည်နေအပ်ဘူးသော အာရုံများ၊] ပုဗ္ဗေနိဝါသာနုဿတိ အဘိညာကားလွန်ပြီးစ ဒုတိယဘဝမှစ၍ မိမိ၏၎င်း သူတပါး၏၎င်း ရုပ်နာမ်ခန္ဓာဟူသော ကာမ မဟဂ္ဂုတ် လောကုတ္တရာစိတ် စေတသိက်များဖြစ်သည့် အတိတ်တရားရှ, ထိုရုပ်နာမ်ခန္ဓာနှင့် ဆက်သွယ် နေသော အမျိုးအနွယ် အမည်ပညတ် အရပ်ရပ်နှင့် နိဗ္ဗာန်တရား ဤအာရုံ ၆ ပါးကို အာရုံပြု၏။

**ရာသီစုကား**– "စေတောပရိယညာဏံ စတုတ္ထံ အတီတေ သတ္တ ဒိဝသဗ္ဘန္တရေ အနာဂတေ သတ္တဒိဝသဗ္ဘန္တရေ ပရေသံ စိတ္တံ ဇာနန္တဿ အတီတာရမဏံ အနာဂတာရမဏဉ္စ ဟောတိ, သတ္တဒိဝသာတိက္ကမေ ပန တံ ဇာနိတုံ န သက္ကောတိ၊ အတီတာနာဂတံသညာဏာနံ ဟိ ဧသ ဝိသယော" ဟူသော အဋ္ဌသာလိနီဝယ် "သတ္တဒိဝသာတိက္ကမေ၊ပေ၊ ဧသ ဝိသယော"ကို ထောက်၍ လွန်လေပြီးသော ၇ ရက်၏ ပြင်ဘက်မှစ၍ဤဘဝ၌ ဖြစ်ပြီးသော ခန္ဓာစသည်ကိုလည်း ပုဗ္ဗေနိဝါသာနုဿတိအဘိညာကအာရုံ ပြုသည်ဟု ဆိုထား၏၊ "အဋ္ဌသာလိနီလာ အတီတံသဉာဏ် ဟူသည် ပုဗ္ဗေနိဝါသာနုဿတိပင်တည်း" ဟု ရာသီစုက ယူလိုသည်။

အတိတ်စုနှင့်, နိဗ္ဗုပညတ်, ခြောက်ရပ် အာရုံ, စွဲကပ်တုံ၏။
တဖုံဒိဗ္ဗ–စက္ခုကဝယ်, ကာမအမှန်, ပစ္စုပ္ပန်တုံ, ရူပါရုံသာ။

သို့သော် ထိုရာသီစု အံယူမျိုးကို ဝိသုဒ္ဓိမဂ်က ပယ်ထားပြီးဖြစ်၏၊ ဝိသုဒ္ဓိမဂ်ကား ဤဘဝအတွက် မိမိနှင့်စပ်သော လွန်ပြီးအာရုံ ဟူသမျှကို ရှိုးရှိုး ပရိကမ္မသမာဓိနှင့် ယှဉ်သော ဉာဏ်ကပင် (ပရိကမ်ပြုသော မနောဒွါရ ဝိထိကပင်) အာရုံပြုနိုင်၏၊ "အတီတံသဉာဏ်ဖြင့် အာရုံပြုသည်"ဟု အချို့ဆိုရာဝယ် အတီတံသဉာဏ် ဟူသော စကားကို ရူပါဝစရ (ပုဗ္ဗေနိဝါသ) အဘိညာဉ်ကို ရည်ရွယ်ဆိုလျှင် မသင့်, "အတိတ်ကို အာရုံ ပြုသော ရှိုးရှိုး ပရိကမ္မ သမာဓိနှင့် ယှဉ်သော ကာမာဝစရ ဉာဏ်ကို ရည်ရွယ်ဆိုလျှင် သင့်၏" ဟူလို။

**[ဝိသုဒ္ဓိမဂ်]** တတ္ထ ပဌမံ နိသဒ္ဓတော ပဘုတိ ယာဝ ပဋိသန္ဓိတော အာရမဏံ ကတွာ ပဝတ္တံ ဉာဏံ ပုဗ္ဗေနိဝါသဉာဏ်နာမ နဟောတိ တံ ပန ပရိကမ္မသမာဓိဉာဏ်နာမ (ပုဗ္ဗေ နိဝါသ အဘိညာ ဖြစ်ဘို့ရာ ရှေးဦးစွာ ပရိကမ်ပြုသော ကာမာဝစရ ဉာဏ်မည်သည်) ဟောတိ၊ အတီတံသဉာဏံတိပိ ကေဝေဒန္တိ, တံ ရူပါဝစရံ သန္ဓာယ နယုဇ္ဇတိ။

**ဝရမတ္တဒီပနိဋ္ဌကား–**ဤဘဝ၌ လွန်ခဲ့ပြီးသော သူတပါး၏ စိတ်စေတသိက်နှင့် အမျိုးအနွယ်စသော ပညတ် နိဗ္ဗာန်ကို ပုဗ္ဗေနိဝါသ အဘိညာက အာရုံပြုသည်ဟု ယူ၏၊ အဋ္ဌကထာတို့၌ အထူး မလာသော်လည်း မသင့်ဘွယ်ရာရှိ၏၊ မိမိ၏စိတ်စေတသိက် စသည်ကို အာရုံပြုရာ၌သာ ဝိသုဒ္ဓိမဂ်က အဘိညာ၏ အာရုံ မဟုတ်ဟု ပယ်သည်၊ လွန်ခဲ့ပြီးသော စိတ်စသည်ကို အာရုံပြုရာ၌ ပယ်သည် မဟုတ်။

၅။ တဖုံဒိဗ္ဗ စက္ခုကဝယ်၊ ပေး ရူပါရုံသာ– ဒိဗ္ဗစက္ခု အဘိညာကား ကာမတရားဖြစ်သော အဇ္ဈတ္တ (ပကတိမျက်စိဖြင့်မမြင်နိုင်သောကိုယ်တွင်း သန္တာန်) ဗဟိဒ္ဓသန္တာန်၌ ပစ္စုပ္ပန်ရူပါရုံ ဟူသမျှကို အာရုံပြုသည်။

ယထာကမ္မူ-ပဂဟူသည်, လောကီကုသိုလ်, အကုသိုလ်ဟု,
ထိုထို ကာမ, မဟဂ္ဂနှင့်, တိတတဖုံ, ဓမ္မာရုံတည်း။

မှတ်ကုန်တဘန်, နာဂတံကား, လာရန်ရှိသမျှ, ခုနေ့စ၍,
ကာမ မဟဂ္ဂုတ်၊ လောကုတ်စိတ်စေ, ရုပ်ထွေထွေဟု, နာဂတ်
စုနှင့်, နိဗ္ဗူ့ပညတ်, ခြောက်ရပ်စုံပြ, အာရုံရ၏။

ပရစိတ္တာ, အဘိညာမှ, ကြွင်းလာသေသတ်, အရပ်ရပ်တို့,
အဇ္ဈတ်ဗဟိဒ်, နှစ်မျိုးကြိတ်သည်, ခွဲစိတ်သေချာ မြဲမြဲတည်း။

၆။ ယထာကမ္မူ၊ ဿ၊ ဓမ္မာရုံတည်း- ကံအားလျော်စွာ ထိုထိုဘဝ
သို့ ကပ်ရောက်ပြီးသူတို့၏ အတိတ်ကံ(စေတနာ)ကို အာရုံပြုသော အဘိညာ
တည်း၊ ကံကို ပဓာနပြု၍ ကံနှင့်ယှဉ်သော စိတ်စေတသိက် နာမက္ခန္ဓာ
၄ ပါးလုံးကိုပင် အာရုံပြုသည်၊ ထို့ကြောင့် "ကာမ မဟဂ္ဂုတ်ဖြစ်သော
အတိတ်ကုသိုလ် အကုသိုလ်ဟူသော ဓမ္မာရုံကို အာရုံပြုသည်" ဟုဆိုသည်။

၇။ နာဂတံကား၊ ဿ၊ အာရုံရ၏- ပုဗ္ဗေနိဝါသအဘိညာသည်
အတိတ်တရားစုကို အာရုံပြုသကဲ့သို့, ဤ အနာဂတံသ အဘိညာသည်
အနာဂတ်တရားစုကို အာရုံပြု၏၊ သို့သော် ကာလ ပိုင်းခြားပုံချင်းကား
မတူတတ်ပေ၊ ပုဗ္ဗေနိဝါသက လွန်ခဲ့ပြီးသော ဒုတိယဘဝမှစ၍ အတိတ်
တရားစုကို အာရုံပြု၏၊ ဤအနာဂတံသကား ယနေ့အဘို့မှစ၍ အဇ္ဈတ္တ
ဗဟိဒ္ဓ မိမိသူတပါး သန္တာန်၌ရှိသော ကာမမဟဂ္ဂုတ် လောကုတ္တရာစိတ်
စေတသိက် ရုပ်ဟူသော အနာဂတ်တရားစုနှင့် အနွယ်အမည် အထည်ဒြပ်
ပညတ် နိဗ္ဗာန်တို့ကိုပါ အာရုံပြုနိုင်သည်။

ဋီကာကျော်၌-ပရစိတ္တဝိဇာနနနှင့် ရောမည်စိုးသောကြောင့် လာလတံ့
၈ ရက်မြောက်မှစ၍ စိတ်စေတသိက်ကို ဒုတိယလာလတံ့နေ့မှစ၍ ကြွင်
အာရုံကို အနာဂတံသဉာဏ်က အာရုံပြုသည်ဟု ခွဲခြား၍ဆို၏၊ ဒုတိယ
နေ့မှစ၍ ကြွင်းအာရုံကို အာရုံပြုလျှင် ပဌမနေ့အတွက် လာလတံအာရ

များကို ဘယ်ဉာဏ်က အာရုံပြုမည်နည်း၊ အနာဂတံသ အဘိညာ၏ နယ်ပင် မဟုတ်ပါလော။

ရာသီစုဌ်ကား–လာလတ့ံ. ခုနစ်ရက်၏ပြင်ဘက် ရှစ်ရက်မြောက်မှ စ၍ အနာဂတ်တရားစုကိုသာ ယူလေသည်၊ "သတ္တဒိဝသာတိက္ကမေ ပန တံ ဓာနိတုံ န သက္ကောတိ, အတီတာနာဂတံသညာဏာနံ ဟိ သေ ဝိသယော" ဟူသော အဋ္ဌသာလိနီကိုပင် ထောက်ဟန်တူ၏၊ ထိုအဋ္ဌသာလိနီလာ အနာဂတံသဉာဏ်ဟူသည် ရူပါဝစရ အဘိညာ မဟုတ်ကြောင်းကို ညွှန်ပြခဲ့သော ဝိသုဒ္ဓိမဂ်စကားဖြင့် မှတ်ယူသင့်၏။

ထိုရာသီစုအလိုအားဖြင့် လာလတ့ံ ၇ ရက်အတွင်း၌ စိတ်စေတသိက်ကို ပရစိတ္တအဘိညာက အာရုံပြုသောကြောင့် ရှိပါစေတော့, စိတ်စေတသိက်မှကြွင်းသော ရုပ် အနွယ်အမည် အထည်ဒြပ် အရပ်ရပ်သော ပညတ်နှင့် နိဗ္ဗာန်ကို မည်သည့်ဉာဏ်ကအာရုံပြုသည်–ဟု ယူမည်နည်း၊ အနာဂတံသ အဘိညာကပင် အာရုံပြု၏ ဟု ယူထိုက်သည် မဟုတ်ပါလော၊ ဤကျမ်း၏ အလိုမှာ ယနေ့အဘို့မှစ၍ ခုနစ်ရက်အတွင်း၌ ဖြစ်လတ့ံသော စိတ်စေတသိက်ကို ပရစိတ္တ အဘိညာနှင့် အနာဂတံသအဘိညာ ၂ မျိုးလုံးကပင် အာရုံပြုနိုင်၏၊ (အာရုံ တမျိုးထည်း၌, ဉာဏ် ၂မျိုးပြိုင်လို့ အပြစ်မရှိ၊ သင့်ရာ ဉာဏ်က အာရုံပြုလိမ့်မည်၊) ၇ ရက်အတွင်း၌ စိတ်စေတသိက်မှ ကြွင်းသော အာရုများကိုငှင်း, ၇ ရက်မှနောက် စိတ်စေတသိက်နှင့် တကွ အာရုံအားလုံးကိုငှင်· အနာဂတံသ အဘိညာကသာ အာရုံပြုသည်ဟု ယူလိုပေသည်၊ ဤသို့ ယူခြင်းသည်သာလျှင်...

"တတ္ထ ကိဉ္စာပိ စေတောပရိယညာဏံ အနာ၊၊တာရမဏံ ဟောတိ, တံ ပန သတ္တဒိဝသဗ္ဘန္တရေ ဥပ္ပဇ္ဇနကစိတ္တမေဝ အာရမဏံ ကရောတိ, ဣဒံ (အနာဂတံသညာဏံ) အနာဂတေ ကပ္ပသတ-သဟဿေ ဥပ္ပဇ္ဇနကစိတ္တံပိ ခန္ဓပဋိဗဒ္ဓံပိ"... ...ဟူသော အဋ္ဌသာလိနီနှင့် သင့်တင့်ဘွယ် ရှိသည်။

အဘိညာဝိထိ ပြီး၏။

နိရောဓသမာပတ္တိ နိရောဓ သမာပတ္တိ ဝီထိ ဖြစ်ဟန်ကား–

ဝီထိ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမရူပီ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်သည် "ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ" နှင့်အညီ, လေးလန်လှသော ခန္ဓာဝန်ကို ရွက်ဆောင်ရသဖြင့် လွန်စွာ ငြီးငွေ့လှ၍ ဒိဋ္ဌဓမ္မ နိဗ္ဗာန်ချမ်းသာကို ခံစားလိုသည် ရှိသော်, လောကီပဌမစျာန်ကို ဝင်စားပြီးလျှင် ထိုဈာန်၌ရှိသော စိတ်စေတသိက် သင်္ခါရကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ ရှု၏၊ ထိုနည်းတူစွာ ဒုတိယ တတိယ စတုတ္ထ အာကာသာ နဉ္စာယတန ဝိညာဏဉ္စာယတန ဈာန်တိုင်အောင် ဝင်စား၍ ဈာန်မှထတိုင်း ထတိုင်း ဈာန်ရှိသော သင်္ခါရကို ဝိပဿနာ ရှုပြီးနောက် အာကိဉ္စညာယတန ဈာန်ကို ဝင်စားပြီးလျှင် ဈာန်မှ အထတွင် ဝိပဿနာ မရှုဘဲ နာနာဗဒ္ဓ အဝိကောပန

**နိရောဓသမာပတ္တိဝီထိ။** ။ ဤနိရောဓသမာပတ်လည် ဈာန်အစဉ် တည်းဟူသော သမထ, ထိုဈာန်တို့၌ရှိသော သင်္ခါရကို အနိစ္စ စသည်ဖြင့် ရှုခြင်းတည်းဟူသော ဝိပဿနာ, ဤသို့ သမထနှင့် ဝိပဿနာ အစုံတွဲ၍ အစဉ်အတိုင်းတက်မှ ရအပ်သော သမာပတ်ဖြစ်၏၊ အရူပဘုံ၌ ထိုကဲ့သို့ အစဉ်အတိုင်းတက်ဘွယ်ရာ ရူပဈာန်များမရှိရကား ကာမရူပီ (ကာမရူပ ဘုံ၌ ဖြစ်သော) အနာဂါမ် ရဟန္တာများသာ ဝင်စားနိုင်ကြသည်။

**နာနာဗဒ္ဓအဝိကောပန–** [နာနာဗဒ္ဓ= အမျိုးမျိုးသော အရပ်၌ စပ်နေသော မိမိပရိက္ခရာ ဘဏ္ဍာများကို+ အဝိကောပန= မပျက်စီးရအောင် ဓိဋ္ဌာန်ခြင်း] မိမိကိုယ်၌ စပ်လျက်ရှိသော သင်္ကန်းစသည်မှာ သမာပတ်၏ အစွမ်းကြောင့် မပျက်စီးနိုင်၊ မိမိနှင့် ဝေးကွာ၍ အခြားနေရာ၌နေသော မိမိဘဏ္ဍာကို ရေ မီး ခိုးသူစသော ရန်သူတို့ မဖျက်ဆီးနိုင်စေသတည်းဟု ဓိဋ္ဌာန်ခြင်းသည် နာနာဗဒ္ဓ အဝိကောပနမည်၏။

သံဃပဋိမာနန သတ္ထုပက္ကောသန အဒ္ဓါနပရိစ္ဆေဒ ဤပုဗ္ဗကိစ္စကိုပြုသော ကာမဇောမနောဒွါရဝိထိတို့ ဖြစ်ကုန်၏။

**သံဃပဋိမာနန**–[သံဃ = သံဃာတော်၏ + ပဋိမာနန = မြှော်လင့်တော်မူခြင်း၊] တစုံတခု သံဃကိစ္စ ပြုဘွယ်ရှိ၍ မိမိကို သံဃာများက စောင့်ဆိုင်းမြှော်လင့်ခြင်းသည် သံဃပဋိမာနနတည်း၊ ဤ၌ကား ထိုကဲ့သို့ မြှော်လင့်စောင့်ဆိုင်းသည့်အခါ အခေါ်မလာမီ သမာပတ်မှ ထအံ့ဟု ဆင်ခြင်ခြင်းသည် သံဃပဋိမာနနမည်၏၊ထိုကဲ့သို့ ဆင်ခြင်၍ဝင်စားလျှင် စောင့်ဆိုင်းသည်နှင့် တပြိုက်နက် သမာပတ်မှထနိုင်၏၊မဆင်ခြင်ဘဲဝင်စားမူကား သံဃအမိန့်ဖြင့် ကြားလောက်ရာ အရပ်က "အရှင့်ကို သံဃာများမြှော်နေသည်"ဟု ပြောလိုက်လျှင် ချက်ခြင်းသမာပတ်မှ ထရ၏၊ သံဃအာဏာတော်သည် ဤမျှလောက်ပြင်းထန်၏။

**သတ္ထုပက္ကောသန**– အလိုတော်ရှိ၍ ဘုရားရှင်က ခေါ်တော်မူခြင်းသည် သတ္ထုပက္ကောသနတည်း၊ ဤ၌ကား ဘုရားရှင် ခေါ်တော်မူလိုသည့်အခါ အခေါ်မလွှတ်မီ သမာပတ်မှ ထအံ့–ဟု ဆင်ခြင်ခြင်းကို သတ္ထု ပက္ကောသနဟုမှတ်၊ ထိုကဲ့သို့ ဆင်ခြင်၍ ဝင်စားလျှင် အခေါ်မလွှတ်မီ သမာပတ်မှ ထနိုင်၏၊ မဆင်ခြင်ဘဲဝင်စားလျှင်ကား ဘုရားအမိန့်တော်ဖြင့် ကြားလောက်ရာ အရပ်ကခေါ်လျှင် အမှန်ပင် ထရချိမ့်မည်၊ ဘုရား အာဏာတော်လည်း ဤမျှလောက် ပြင်းထန်၏။ [ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက်၌ကား ဤသတ္ထုပက္ကောသနကို ဆင်ခြင်ဘွယ် မလိုပြီ။]

**အဒ္ဓါနပရိစ္ဆေဒ**–မိမိအသက်ရှည်ရာ အခွန့်ကာလကို ပိုင်းခြားခြင်းသည် အဒ္ဓါနပရိစ္ဆေဒမည်၏၊ ဤသမာပတ်ကို ဝင်စားမည့် ပုဂ္ဂိုလ်သည် လူ့ဘုံဖြစ်က "ငါ၏ အသက်ခုနစ်ရက်မျှ တည်နိုင်မည်လား မတည်နိုင်မည်လား" ဟု ပိုင်းခြားဆင်ခြင်ရာ၏၊ အကယ်၍ မဆင်ခြင်ဘဲ ဝင်စားလျှင် ဝင်စား၍ ကားဖြစ်၏၊သို့သော် ခုနစ်ရက်အတွင်း အသက်ကုန်က သမာပတ်မှ ထရလိမ့်မည်၊ သမာပတ်အတွင်း၌ မစုတေသင့်၊ သမပတ်မှ ထလျှင် ထခြင်း စုတေလျှင်လည်း အနာဂါမ်မှာ ရဟန္တာဖြစ်အောင် အားထုတ်ခွင့်

ထို့နောက် နေဝသညာနာသညာယတနစျာန်ကို ဝင်စားသည့်အခါ ဈာန်နှစ်ကြိမ်အဆုံး၌ စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းဟူသော နိရောဓသမာပတ် ဖြစ်၏၊ သမာပတ်မှ ထသောအခါ အနာဂါမ် ပုဂ္ဂိုလ်၌ အနာဂါမိဖိုလ် တကြိမ်၊ ရဟန္တာ၌ အရဟတ္တဖိုလ် တကြိမ်, ထို့နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

မရ၍ အကျိုးဆုတ်ယုတ်၏၊ ရဟန္တာမှာလည်း မိမိရဟန္တာဖြစ်ကြောင်းကို သံဃာအား ပြောပြခွင့်မရ, အဆုံးအမ ဩဝါဒကို မပေးရသဖြင့် သာသနာတော်နှင့်စပ်သော အကျိုးများဆုတ်ယုတ်လေသည်၊ ထို့ကြောင့် ဤအခွါန ပရိစ္ဆေဒကို မုချဆင်ခြင်သင့်၏၊ ရှေ့ ၃ ပါးကား မဆင်ခြင်သော်လည်း အကျိုးမဆုတ်ယုတ်ချေ၊ ဖြဟ္မာပြည်၌ကား ဤပုဗ္ဗကိစ္စ ၄ပါးလုံးကိုပင် ဆင်ခြင်ဘွယ်မလို, အလိုရှိက အခွါနပရိစ္ဆေဒကိုသာ ဆင်ခြင်ဘွယ်ရှိသည်၊ [နိရောဓသမာပတ် ဝင်စားနိက်ဝယ် ဣဒ္ဓိဝိဓ အဘိညာဉ်အရာ၌ ပြအပ်သော သမာဓိဝိပ္ဖါရိဒ္ဓိ အစွမ်းကြောင့် သူတပါး လက်ချက်ဖြင့် အသက်မသေနိုင်။]

**နိရောဓသမာပတ္တိဝိထိပုံ**

| ဘ | "န | ဒ | မ | ပ | ဥ | နု | ဂေါ | ဈ | ဈ |
|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

(နိရောဓ) ဖ" ဘ

... ၀၀၀ ၀၀၀ -

ဤဝိထိ၌ဈာန်ကား နေဝသညာနာသညာယတနစျာန်တည်း၊ အနာဂါမ်ဖြစ်လျှင် ကုသိုလ်ဈာန်နှင့်, ဖိုလ်လည်း အနာဂါမိဖိုလ်ကိုချ၊ ရဟန္တာဖြစ်လျှင် ကြိယာဈာန်, ဖိုလ်လည်းအရဟတ္တဖိုလ်ကိုချ၊ ပရိကမ် စသည်တို့ကား။ ဥပေက္ခာဈာန်၏ ရှေ့သွားဖြစ်၍ မဟာကုသိုလ် ကြိယာ ဥပေက္ခာသဟဂုတ် သမ္ပယုတ်ကိုချ၊ ကား သုဂတိဘုံ ရူပဘုံ၌ ဖြစ်ရကား ကာမတိဟိတ်ဘဝင် ၄, ရူပဘဝင် ၅ကိုချ။

**အကြောင်းအကျိုး။** ။ နိရောဓသမာပတ်သည် အရိယာမဂ်ပညာ၏ အကျိုးအာနိသင်တည်း၊ ဖလသမာပတ်တို့ကား ဝိပဿနာ၏ အကျိုး အာနိသင်တည်း၊ အဘိညာဉ်တို့ကား လောကီဈာန် သမာဓိ၏ အကျိုး အာနိသင်တည်း။ ဤနိရောဓသမာပတ်ကို ကာမရူပဘုံနှစ်မျိုးဖြင့်မြှောက် x ၂, ထို ၂မျိုးကို အနာဂါမ်ရဟန္တာနှစ်ပါးဖြင့်မြှောက် x ၄, ထို ၄ မျိုး ကို တိက္ခမန္ဒ ပုဂ္ဂိုလ် ၂မျိုးဖြင့်မြှောက် x ၈ ဖြစ်၏။

**ဈာန် ၂ ကြိမ်သာကျပုံ။** ။ အဘယ့်ကြောင့် နိရောဓသမာပတ်၏ ရှေ့၌ ဈာန်နှစ်ကြိမ်သာ ကျရပါသနည်း-ဟုမေး၊ အဖြေကား-ရှေ့ကအား ထုတ်ခဲ့သမျှ ပယောဂသည် နိရောဓသမာပတ်အတွက်ချည်း ဖြစ်သော ကြောင့် ဈာန် ၂ ကြိမ်သာ ကျရသည်၊ ထင်ရှားစေအံ့-ပဌမဈာန်မှစ၍ သမထ ဝိပဿနာ အစုံအစုံ တွဲလျက် အထက်သို့ တက်ကာ တက်ကာ အားထုတ်လာသော ပယောဂသည် နေဝသညာနာသညာယတနဈာန်ကို ဝင်စားရန်အတွက် မဟုတ်၊ နိရောဓသမာပတ်အတွက် ချည်းသာ ဖြစ် သည်၊ ထို့ကြောင့် နေဝသညာနာသညာယတနဈာန်သို့ ဆိုက်သည့်အခါ လိုရာအကျိုး မပြီးသေးရကား တာရှည်စွာ မဝင်စားနိုင်ဘဲ နှစ်ကြိမ်မျှ (တကြိမ်လည်းအဆိုရှိ၏။) ဖြစ်ပြီးနောက် နိရောဓစခန်းသို့ ရောက်လေသည်။

**အနာဂါမ်ရဟန္တာသာ။** ။ အဘယ့်ကြောင့် အနာဂါမ်ရဟန္တာ များသာ ဝင်စားနိုင်သနည်း-ဟုမေး၊ အဖြေကား-သောတာပန် သကဒါ ဂါမ်တို့သည် သမာဓိနှင့် ကောင်းကောင်းကြီး ဆန့်ကျင်ဘက် ဖြစ်သော ကာမစ္ဆန္ဒနီဝရဏ အနုသယဓာတ်ကို အကြွင်းမဲ့ မပယ်နိုင်သေးသောကြောင့် ထိုပုဂ္ဂိုလ်များ၌ သမာဓိအားမကောင်းသေး, အနာဂါမ်ရဟန္တာ တို့သာ ယင်းကာမစ္ဆန္ဒကို လုံးဝ ပယ်ပြီး ဖြစ်၍ သမာဓိ အားကောင်းသည်၊ ထို့ကြောင့် အနာဂါမ် ရဟန္တာများသာ ဝင်စားနိုင်သည်။

သမာဓိ ပရိဗန္ဓသ, ကာမရာဂဿ ဟာယိနံ၊
အတ္ထိတ္တာ အနုပုဗ္ဗာယ, နိရောဓေ ကာမရူပိနံ။

သမာဓိ ပရိဗန္ဓဿ သမာဓိ၏ဘေးရန်ဖြစ်သော၊ ကာမရာဂဿ-ကာမ ရာဂါနုသယကို၊ ဟာယိနံ-အကြွင်းမဲ့ ပယ်စွန့်ကုန်ပြီးသော၊ ကာမရူပိနံ-

ကာမရူပီ အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်တို့၏၊ အနုပုဗ္ဗာယ- အစဉ်အတိုင်း ,ဝင်စားအပ်သော သမာပတ်ရှစ်ပါး၏၊ အတ္တိတ္တာ-ရှိသည်၏ အဖြစ်ကြောင့်လည်း၊ နိရောဓာ-နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်းသည်၊ ဟောတိ-ဖြစ်၏။

**ရည်ရွယ်ချက်အကျိုး။** ။ ဘယ်အကျိုးငှါ အနာဂါမ် ရဟန္တာများ ဤသမာပတ်ကို ဝင်စားတော်မူကြသနည်း-ဟုမေး၊ အဖြေကား-သင်္ခါရတရားတို့၌ သံဝေဂဉာဏ်ဖြင့် ငြီးငွေ့တော်မူကြ၍ သင်္ခါရတို့နှင့် ကင်းတန်သမျှ ကင်းလျက် ချမ်းသာစွာနေခြင်း အကျိုးငှါ အနာဂါမ်ရဟန္တာများ ဝင်စားတော်မူကြသည်။

ဥဒယဗ္ဗယသင်္ခါရေ, ဥက္ကဏ္ဌိတွာန ယောနိသော၊
သုခံ ဝိဟရိဿာမာတိ, သမာပဇ္ဇန္တိ တေ ဣမံ။

ဥဒယဗ္ဗယသင်္ခါရေ- ဖြစ်ကြ ပျက်ကြ သင်္ခါရ၌၊ ယောနိသော သင့်တင့်လျော်ကာသံဝေဂဉာဏ်ဖြင့်၊ ဥက္ကဏ္ဌိတွာန- ငြီးငွေ့ကြကုန်၍၊ သုခံ-ချမ်းချမ်းသာသာ၊ ဝိဟရိဿာမ-နေရကုန်တော့အံ့၊ ဣတိ-ဤသို့ နှလုံးသွင်းတော်မူကြကုန်လျက်၊ တေ-ထိုအနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့သည်၊ ဣမံ-ဤသမာပတ်ကို၊ သမာပဇ္ဇန္တိ-ဝင်စားတော်မူကြကုန်၏။

**ကာမဘုံ၌ ၇ ရက်သာ။** ။ ကာမဘုံ၌ အလွန်ဆုံးရက်ပေါင်းမည်မျှ ဝင်စားနိုင်သနည်း-ဟုမေး၊ အဖြေကား-အာဟာရကိုမှီ၍ အသက်မွေး ရသော ကာမဘုံသားတို့၏ တကြိမ်စားအပ်သော အာဟာရသည် ၇ ရက်သာ မျှတစေနိုင်သောကြောင့် အလွန်ဆုံး ၇ ရက်မျှ ဝင်စားနိုင်ကြသည်။

အာဟာရ-မုပဇီဝိနံ, ဘုတ္တသ ဧကဒိဝသံ၊
သတ္တာဟံဝ ယာပနတော, ကာမေ သတ္တာဟ မေဝစ။

အာဟာရံ-ခဲဘွယ်သောဇဉ် အာဟာရကို၊ ဥပဇီဝိနံ-မှီ၍ အသက်ရှည်ရကုန်သော ကာမဘုံသားတို့၏၊ ဧကဒိဝသံ-တနေ့၌၊ ဘုတ္တသ-စားအပ်သော အာဟာရ၏၊ သတ္တာဟံဝ-ခုနစ်ရက်ပတ်လုံးသာ၊ ယာပနတော-

မှုတခေနိုင်ခြင်းကြောင့်၊ ကာမေ–ကာမဘုံ၌။သတ္တာဟ–ခုနစ်ရက်သာလျှင်၊ နိရောဓာ–နိရောဓသမာပတ်ကို ဝင်စားခြင်းသည်၊ ဟောတိ–ဖြစ်၏။

၇ ရက်အတွင်း၌ကား အလိုအတိုင်း ဝင်စားနိုင်၏၊ ရူပဘုံမှာ ထိုကဲ့သို့ အာဟာရကို မငဲ့ရ၍ အလိုရှိသမျှ ဝင်စားနိုင်၏၊ "ကာမဘုံ" ဟူသော စကားလည်း လူ့ပြည်ကာမဘုံကို ရည်ရွယ်ဟန်တူသည်၊ အထက်နတ်ပြည်များ၌ ဤသမာပတ်ကို ဝင်စားနေခွင့် ရမည်မဟုတ်, လောကီအာရုံတွေမှ ဆိတ်ကွယ်ရာ မရသောကြောင့် အနာဂါမ်ဖြစ်လျှင် ဗြဟ္မာ ပြည်သို့ ပြောင်း၏၊ ရဟန္တာဖြစ်လျှင် မကြာခင် ပရိနိဗ္ဗာန်စံ၏၊ အောက်ဘုမ္မစိုးနတ်များ အတွက်မှာမူ သူတို့အာဟာရက စွမ်းဆောင်နိုင်သလောက်ရက်ကို ပိုင်းခြား၍ ဝင်းစားနိုင်သည်ဟု ကြံယူသင့်သည်။

**သင်္ခတစသည် မဆိုသင့်, သို့သော် နိပ္ဖန္န။** ။ ဤနိရောဓသမာပတ်သည် သင်္ခတလော, အသင်္ခတလော, လောကီလော, လောကုတ္တရာလော ဟုမေး၊ အဖြေကား–သင်္ခတစသော အမည်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိရာ၌သာ မှည့်ခေါ်ထိုက်သော အမည်ဖြစ်၏၊ ဤ စိတ်စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းဟူသည် ထင်ရှားရှိသော ပရမတ္ထမဟုတ်ရကား သင်္ခတ–အသင်္ခတ–လောကိယ–လောကုတ္တရာ ဟုမဆိုသင့်၊ သို့သော် သမာပတ်ဝင်စားသော ပုဂ္ဂိုလ်က တမင်အစွမ်းထုတ်မှ ပြီးစေရသော သမာပတ် ဖြစ်သောကြောင့် "နိပ္ဖါဒိယတေ–ပြီးစေအပ်၏၊ ဣတိ–ထို့ကြောင့်၊ နိပ္ဖန္နာ–နိပ္ဖန္နမည်၏" ဟူသော ဝစနတ္ထအရ "နိပ္ဖန္နတရား" ဟုဆိုရမည်။

**[ဝိသုဒ္ဓိမဂ်]** သင်္ခတာတိပိ အသင်္ခတာတိပိ လောကိယာတိပိ လောကုတ္တရာတိပိ န ဝတ္တဗ္ဗာ၊ ကသ္မာ. သဘာဝတော နတ္ထိတာယ၊ ယသ္မာ ပန သာ သမာပဇ္ဇန္တဿ ဝသေန သမာပန္နာနာမ ဟောတိ, တသ္မာ နိပ္ဖန္နာတိ ဝတ္တုံ ဝဋ္ဋတိ, နော အနိပ္ဖန္နာ။

နိရောဓသမာပတ္တိဝိထိ ပြီး၏။

**မရဏာသန္နဝီထိ**

မရဏာသန္န ဝီထိသည် ပဉ္စဒွါရဝီထိ မနော ဒွါရဝီထိအားဖြင့် ၂ပါး အပြားရှိ၏၊ ထိုတွင် ပဉ္စဒွါရ ဝီထိသည်လည်း စက္ခုဒွါရဝီထိ သောတ ဃာန ဇိဝှါကာယဒွါရ ဝီထိအားဖြင့် ၅ ပါး အပြားရှိ၏၊ ထိုတွင် စက္ခုဒွါရ ဝီထိသည်လည်း ဇောနောင်စုတိ, ဇောဘဝင်နောင် စုတိ, တဒါရုံနောင် စုတိ, တဒါရုံဘဝင်နောင် စုတိအားဖြင့် လေးပါး အပြားရှိပြန်၏၊ ထိုတွင် ဇောနောင် စုတိကျသော ဝီထိ ဖြစ်ဟန်ကား– ဆွေမျိုး စသည်တို့က ယူဆောင်ပြ၍ သော်၎င်း, အလိုအလျောက်သော်၎င်း, ရူပါရုံသည် ဥပါဒ်

မရဏာသန္နဝီထိ ။ ။ အကြင်ဝီထိအဆုံးတွင် ဘဝင်အနည်းငယ် ခြား၍၎င်း, မခြားဘဲသော်၎င်း, မုချစုတိစိတ်ဖြစ်၏၊ ထိုဝီထိကို "မရဏာသန္နဝီထိ" ဟု ခေါ်သည်၊ ရှေးဆရာမြတ်တို့သည် ပဋိသန္ဓေဝီထိဟု သီးခြား မပြ, စုတိအခြားမဲ့၌ ပဋိသန္ဓေ ဝီထိကို တဆက်ထည်း ပြတော်မူကြသည်၊ ထို့ကြောင့် မရဏာသန္န ဝီထိဆိုလျှင် ပဋိသန္ဓေ ဝီထိလည်း ပါဝင်ပြီ ဟုမှတ်။

### ဇောနောင်စုတိဝီထိ

ဘ "တီ န ဒ ပ စ သံဏ ဝု ဇ ဇ
ooo ooo ooo ooo ooo ooo ooo ooo ooo ooo
ဇ ဇ ဇ စု ဋိ ဘ ၁၄ ကြိမ် ဘ
ooo ooo ooo ooo ooo ooo ooo ooo ooo
မ် ဇ ၅ကြိမ် ဇ" ဘ
ooo ooo ooo ooo ooo

ဤကား အတိမဟန္တာရုံ မရဏာသန္နဝီထိတည်း၊ ကာမဇော ကာမသတ္တာ ကာမရူပါရုံ သုံးပါးစုံသော်လည်း တဒါရုံမကျဘဲ, ကမ္မဇရုပ်များ

သည်မှစ၍ အတီတဘဝင် တချက်အလွန်တွင် စက္ခုပသာဒ၌ ထင်လာသည်ရှိသော်, ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော မရဏာသန္နဇော ငါးကြိမ် စုတိ-ပဋိသန္ဓေ ဘဝင်တဆယ့်ငါးချက်, သို့မဟုတ်- တဆယ့်ခြောက်ချက် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်, ထို့နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

**စိတ်သရုပ် အာရုံ ဝတ္ထု** ဝီထိမရဏ, အာသန္နဟု, ပဉ္စဒွါရ, စိတ်ချရာကား- ကြိယာဇော, လျှင်း မနှေးနှင့်, ကြွင်းသော ကာမ၊ အာရုံကမ္မ, ဘဝဟောင်းတွင်,

ချုပ်ချိန်တန်လျှင် ဤပုံအတိုင်း အမှန်ပင် စုတေရတော့မည်၊ ထိုမှတပါး ဥပေက္ခာနှင့် ပဋိသန္ဓေနေခဲ့၍ အတိက္ကန္တာရုံ၌ ဒေါသဇောကျလျှင် တဒါရုံ မကျဘဲ ဤပုံအတိုင်း စုတေရလိမ့်မည်။

ဇောနောင် ဘဝင်စုတိကျသော ဝီထိ၌ ဘဝင်ကို တကြိမ်သာမကနှစ်ကြိမ် သုံးကြိမ်လည်း ကမ္မဇရုပ်များ မချုပ်သေးက ချခွင့်ရှိ၏၊ ဥပေက္ခာနှင့် ပဋိသန္ဓေနေခဲ့၍ အတိက္ကန္တာရုံ၌ဒေါသဇောကျလျှင် ဤဝီထိမျိုးဖြစ်ခွင့်ရှိ၏၊ သောမနဿနှင့် ပဋိသန္ဓေနေခဲ့၍ ဒေါသဇောကျလျှင်လည်း အာဂန္တုက ဘဝင်ချ၍ ဤဝီထိမျိုးဖြစ်ခွင့်ရှိပြန်၏၊ အတိမဟန္တာရုံသာမဟုတ်, ဇောနောင် စုတိကျရာ၌ မဟန္တာရုံဝီထိများလည်း ဖြစ်ခွင့်ရှိသည်။

**စိတ်သရုပ်စသည်။** ။ [ဤ မရဏာသန္နဝီထိခဏ်းဝယ် ခက်ခဲသော မှတ်သားဘွယ်များကို မရဏုပ္ပတ္တိခဏ်း ရူပပဝတ္တိက္ကမခဏ်းစသည်မှာရှု။]

**ဝီထိမရဏ၊ ပေ၊ ကြိယာဇော, လျှင်းမနှေးနှင့်, ကြွင်းသော ကာမ-** ဤ ပဉ္စဒွါရ မရဏာသန္နဝီထိ၌ ချရသောစိတ်ကား ကြိယာဇော ၂

နုတိဘွင်မှာ, သုံးအင်အတိတ်, ကံ နိမိတ်တည်း၊ ကြွင်းစိတ်သေသ, ဟောင်းဘဝဝယ်, ပဋ္ဌအာရုံ, ပစ္စုပ်ကြုံသည့်, မှတ်ကုန်ကမ္မ–နိမိတ္တရှင့်၊ ဘဝသစ်တွင်, သန္ဓေတွင်လည်း, ယင်းပဋ္ဌာရမ်, ပစ္စုပ္ပန်–တိတ်, သင့်ရာစိတ်လော၊ မနောဒွါရ–ဝဇ္ဇနနှင့် ဘဝနိကန်, ခုနစ်တန်ကား, သန္ဓေသစ်ဟု, စင်စစ်ဆိုချက်,

ကြည့် ကာမစိတ် ၄၅ တည်း၊ ကြိယာဇောကား ရဟန္တာများ သန္တာန်၌သာ ဖြစ်သောကြောင့် ကြည့်ရသည်၊ ရဟန္တာများသည် ဤပဋ္ဌဒွါရဝိထိဖြင့် စုတိတော် မမူကြဘူးတဲ့။

**အာရုံကမူ၊ ပေး ကံနိမိတ်တည်း**– ဘဝဟောင်းဘက်က ဘဝင်များနှင့် စုတိစိတ်မှာ ထုံးစံအတိုင်း အတိတာ–နန္တရ ဘဝက မရဏာသန္နဇောသည် ယူပေးအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် တပါးပါးကို အာရုံပြု၏။

**ကြွင်းစိတ်သေသ၊ ပေး နိမိတ္တရှင့်**–ဘဝင်စုတိတို့မှ ကြွင်းသော ပဋ္ဌဒွါရာဝဇ္ဇန်း တဒါရုံတိုင်အောင်သော ဝိထိစိတ်တို့ကား ပစ္စုပ္ပန်ပဋ္ဌာရုံ (ရူပါရုံစသော ၅ပါး) တည်းဟူသော ကမ္မနိမိတ်ကို အာရုံပြုကြ၏၊ ချဲ့ဦးအံ့–မရဏာသန္နဝိထိ၏ အာရုံသည် ကံကမ္မနိမိတ် ဂတိနိမိတ်ဟု တခုခုအမည်ရကြ၏၊ ကံဟူသည် လောကီကုသိုလ် အကုသိုလ် စေတနာ တည်း၊ ထို့ကြောင့် ဤပဋ္ဌာရုံသည် ကံ ဟု အမည်မရထိုက်၊ ဂတိနိမိတ်ဟူသည် လားရာဂတိ၏ အမှတ်အသား ထိုဂတိ၌ တွေ့ကြုံရမည့် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အာရုံများတည်း၊ ထိုဂတိနိမိတ်လည်း ဤပဋ္ဌဒွါရဝိထိ၌မထင်, မနောဒွါရ၌သာ ထင်နိုင်သည်–ဟု ယူကြလေပြီ၊ ကမ္မနိမိတ်–ဟူသည် ကုသိုလ်ကံ အကုသိုလ်ကံ ပြုစဉ်အခါတွင် ပါဝင်သော အဆောက်အဦးတည်း၊ ထိုအဆောက်အဦးသည် ကံပြီးခြင်း၏ အကြောင်းဖြစ်သောကြောင့် ကမ္မနိမိတ်မည်၏၊ ထိုကမ္မနိမိတ်အဆောက်အဦးသည် ရူပါရုံစသော အာရုံများ.ပင်တည်း၊ ထိုအာရုံများတွင် ပဋ္ဌဒွါရဝိထိက ပစ္စုပ္ပန်ကိုသာ

ဝိပါက် ခန္ဓာ, ကင္မတ္တာစု, အာရုံ ပြု၏၊ ဝတ္ထု မှီရန်, စိစစ် ဟန်မူ, ဝိညာဏ်ပဉ္စ, စုတိမှလျှင်, ပြန်ဆရေတွက်, ဆဲ့ခုနစ် ချက်နှင့်, ပြိုင်ဘက် ရေးရှု, ဆိုင်လျက် ဥသည့်, ဝတ္ထုပဉ္စ, စွဲမှီရသတဲ့၊ ဟောင်းဘဝကြွင်း၊ စိတ်တသင်းကား, ယင်း နည်းပြန်ပြ, ဟဒယကို, မှီကြပေလစ်, သန္ဓေသစ်ဟူ, အဖြစ် တူနှင့်, ကြွင်းမူစိတ်စု, ရေးရေးဥသည့်, ဝတ္ထုဟဒယ, စွဲမှီကြသည့်, ဒွိဟလွတ်ကင်းရှင်းလေတည်း။

အာရုံပြုသောကြောင့် "ပစ္စုပ္ပန် ပဉ္စာရုံ ကမ္မနိမိတ်ကို အာရုံပြု၏" ဟု ဆိုရပေသည်။ ဤ [ပဉ္စာရုံ၏ ကမ္မနိမိတ် အစစ် မဟုတ်ကြောင်းကိုကား ဝီထိမုတ်ပိုင်း ဘာသာဋီကာ မရဏာပ္ပတ္တိခဏ်း၌ရှု။]

**ဘဝသစ်တွင်၊ ပေ၊ သင့်ရာစိတ်လော–** ဘဝသစ်က ပဋိသန္ဓေစိတ်နှင့် ဘဝင်များလည်း ယင်းပဉ္စာရုံ ကမ္မနိမိတ်ကိုပင် အာရုံပြု၏၊ ပစ္စုပ္ပန် ကမ္မနိမိတ်, အတိတ်ကမ္မနိမိတ်ဟု သင့်လျော်ရာစိတ် ဖြစ်ရလိမ့်ဦးမည်၊ အတိတ ဘဝင်မှစ၍ စုတိစိတ်ကျအောင် ရေတွက်ကြည့်လျှင် ရူပါရုံ အသက်တဆယ့် ခုနစ်ချက် မပြည့်သေးက ပဋိသန္ဓေစိတ်နှင့် ဘဝင်တချို့တို့ ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၏၊ နောဲနောဲ ဘဝင်တို့မှာ အတိတ်ရူပါရုံ ကမ္မနိမိတ် ကိုသာ အာရုံပြု၏၊ စုတိစိတ်သို့ ရောက်သည့်အခါ တဆယ့်ခုနစ်ချက်ပြည့် နေလျှင် ပဋိသန္ဓေစိတ်ကစ၍ ဘဝင်ဟူသမျှ အတိတ် ကမ္မနိမိတ်ကိုချည်း အာရုံပြုရမည်၊ (ဓောနောင် စုတိကျသော ပဋ္ဌမဝီထိပုံကိုကြည့် အတိတ ဘဝင်နှင့် အတူဥပါဒ်သော ရူပါရုံသည် စုတိကျသည့်အခါ စိတ္တက္ခဏ ၁၄ ချက်သာရှိ၍, ၃ချက်ခန့် အသက်ကျန်သေး၏၊ ထို့ကြောင့် ပဋိသန္ဓေ စိတ်နှင့် ဘဝင် ၂ကြိမ်တို့ ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို ဆက်၍ အာရုံပြု၏၊ တတိယဘဝင်မှစ၍ နောင်တဘဝလုံး ဘဝင်များသည် အတိတ်ဖြစ်သော ထိုရူပါရုံကမ္မနိမိတ်ကိုပင် အာရုံပြုကြရသည်၊ တဒါရုံဘဝင်စုတိကျသော ဝီထိဖြစ်လျှင် အတီတဘဝင်နှင့်အတူ ဥပါဒ်သော ရူပါရုံသည် စုတိကျလျှင်

၁၇ ချက် အသက်စေ့နေပြီ၊ ထို့ကြောင့် ပဋိသန္ဓေသစ်မှစ၍ ဘဝင်ဟူသမျှ အတိတ်ရှုပါရုံ ကမ္မနိမိတ်ကိုသာ အာရုံပြုရတော့သည်၊ ဤသို့ ဘဝသစ် စိတ်များ အာရုံကို စိတ်ဖြာခွဲခြားရမည်–ဟူလို။

**မနောဒွါရ၊ ပေ၊ အာရုံပြု၏**–မနောဒွါရာဝဇ္ဇန်းနှင့် ဘဝနိကန္တိက လောဘဇော ၇ ကြိမ်တို့ကား "ပဋိသန္ဓေ"ဟု ခေါ်ဝေါ်အပ်သော နာမ်ဝိပါက် ခန္ဓာနှင့် ကဋတ္တာ (ကမ္မဇ) ရုပ်ကို အာရုံပြု၏၊ [ပဋိသန္ဓေကိစ္စ တပ်သော ဝိပါက်စိတ်စေတသိက် အံ့တူတကွဖြစ်သော ကမ္မဇရုပ်များကို "ပဋိသန္ဓေ" ဟုခေါ်၏၊ ဥပမာ–မဟာဝိပါက် ပဌမစိတ် စေတသိက် တေဇ္ဇာိသ ကမ္မဇ ကလာပ်သုံးစည်းကို "တိဟိတ်ပဋိသန္ဓေ"ဟုခေါ်၏၊ ဤပဋိသန္ဓေကိုပင် "ဘဝ"ဟုခေါ်ရပြန်သည်၊ ယင်းဘဝကိုပင် အာရုံပြုလျက် နှစ်သက်တတ်သော လောဘဇောကို "ဘဝနိကန္တိက လောဘဇော"ဟု ခေါ်ရလေသည်၊ (နိကန္တိက သဒ္ဒါသည် တပ်နှစ်သက်ခြင်း အနက်ကိုဟော၏၊) သတ္တဝါဟူသမျှ ငရဲ၌ ကျသော် လည်း ကိုယ့်ဘဝကို ကိုယ်နှစ်သက်ကြမြဲတည်း။]

**ဝိညာဏ်ပဥ္စ၊ ပေ၊ ဝတ္ထုပဥ္စ, စွဲမှီရသတဲ့–** မှီရာဝတ္ထု စိစစ်ဟန်ကား "စုတိစိတ္တော ပရိသတ္တရသမစိတ္တဿ ဌိတိကာလ မုပါဒါယ ကမ္မဇရူပါနိ နုပ္ပဇ္ဇန္တိ" အရ စုတိစိတ်မှအထက် ပြန်၍ရေတွက်သော် တဆယ့်ခုနစ်ချက် မြောက် စိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်သစ်များ မဖြစ်တော့ရကား ဒွေး ပဥ္စဝိညာဏ် တဆယ်သည် ပဝတ္တိပဥ္စဒွါရဝီထိများကဲ့သို့ မဟုတ်ဘဲ, စုတိစိတ် မှအထက် တဆယ့်ခုနစ်ချက်မြောက် စိတ်နှင့်အတူ ဥပါဒ်သော ပဥ္စဝတ္ထုကို မှီသည်ဟု ယူကြ၏။ [ဤကျမ်းအလိုမှာ ပဥ္စဝိညာဉ် ဥပါဒ်သည့်အခါ ထင်ရှား ရှိသမျှ ပဥ္စဝတ္ထုတွင် ဘယ်ဝတ္ထုကိုမဆို မှီနိုင်၏–ဟု ယူလိုသည်၊ နိဿယ ပစ္စည်းကို ကြည့်။]

**ယောင်းဘဝကြွင်း၊ ပေ၊ ဟဒယကို, မှီကြပေလစ်–** ဖွေပဥ္စဝိညာဏ်မှ ကြွင်းသော ရှေးဘဝစိတ်စုကား တိုနည်းအတူစုတိစိတ်မှ ပြန်၍ ရေတွက် သျှင် ၁၇ ချက်မြောက် စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကိုမှီသည်၊ [ပဝတ္တိကာလကဲ့သို့ ရှေးရှေး စိတ်နှင့် အတူဥပါဒ်သော၊ဟဒယဝတ္ထုမရှိ။]

**ဘုံနှင့် ပုဂ္ဂိုလ်** လွတ်ကင်းခြင်းဟာ၊ ရှင်းရှင်းပလော၊ ကာမရူပေ၊ စုတိကြွေ၍၊ သန္ဓေကာမ၊ ဘုံဌာနကို၊ မှတ်သားဆို၏၊ ပုဂ္ဂိုလ်ခြောက်တန်၊ ပုထုဇန်နှင့်၊ ဖလဋ္ဌနှစ်၊ အောက်တန်းဖြစ်သည့်၊ စိစစ်ဘဝင် သွင်းလေတည်း။

**သန္ဓေသစ်ဟူ၊ အဖြစ်တူနှင့်**- ပဋိသန္ဓေသစ်ကားထိုဘဝ၌ မိမိရှေ့က ဥပါဒ်ပြီး ဟဒယဝတ္ထုမရှိသောကြောင့် မိမိနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီရသည်၊ ထို့ကြောင့် ဟဒယဝတ္ထုနှင့် ပဋိသန္ဓေစိတ်တို့ အညမည နိဿယ ပစ္စည်း တပ်ကြလတ့်။

**ကြွင်းမူစိတ်စု၊ ရှေးရှေးဥသည့်၊ ဝတ္ထုဟဒယ** ပဋိသန္ဓေမှ ကြွင်းသော ဘဝင် မနောဒွါရဝဇ္ဇန်းနှင့်ဇောတို့ကား မိမိ၏ ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၏၊ ပဉ္စမဘဝင်စိတ်သည် ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၏၊ စသည်ဖြင့်ရဲ့လေ။

**ကာမရူပေ၊ စုတိကြွေ၍၊ သန္ဓေကာမ၊ ဘုံဌာနကို**- ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၊ ရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များ၌ ဤပဉ္စဒွါရဝီထိဖြစ်ရကား ဘုံအားဖြင့် ဘဝဟောင်းအတွက် ကာမဘုံနှင့် ရူပဘုံ၌ ဖြစ်၏။ [ရူပဘုံမှ စုတေရာ၌ ဃာနာဒိတ္တယဝီထိ မရပုံ၊ တဒါရုံမကျနိုင်ပုံများကိုလည်း သတိပြု၊ ရူပ အရူပဘုံသို့ သွားမည့်သူ၌ ပထဝီကသိဏ်းစသော ကမ္မနိမိတ်ကို အာရုံပြုသောကြောင့်၎င်း၊ အရူပဘုံမှ ကာမဘုံသို့ လာမည့်သူများ၌ ရုပ်အာရုံကို အာရုံမပြုနိုင်သောကြောင့်၎င်း ဤပဉ္စဒွါရဝီထိများ ဖြစ်ခွင့်မရှိ။]

ပုဂ္ဂိုလ်ခြောက်တန်-အနာဂါမ် ရဟန္တာများ ကာမဘုံ၌ ပဋိသန္ဓေ မနေသောကြောင့် ပုထုဇဉ် ၄ ယောက် နှင့် သောတာပန် သကဒါဂါမ်တို့၌ ဤပဉ္စဒွါရဝီထိဖြစ်၏။ [စိစစ်ဘဝင်သွင်းလေတည်း-အရ နောက်၌ ပြလတ့်။]

**ပဉ္စဒွါရမရဏာသန္နဝီထိ ပြီး၏။**

**မနောဒွါရဝီထိ** မနောဒွါရဝီထိသည်လည်း ပုထုဇဉ် သေက္ခတို့၏ မရဏာသန္နဝီထိ, ရဟန္တာတို့၏ မရဏာသန္နဝီထိအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် ပုထုဇဉ် သေက္ခတို့၏ မရဏာသန္န ဝီထိသည်လည်း ကာမဘုံမှစုတေ၍ ကာမဘုံ၌ပင် ဖြစ်လတ့်သောပုဂ္ဂိုလ်၌ ဇောနောင် စုတိ, ဇောဘဝင်နောင် စုတိ,တဒါရုံနောင် စုတိ, တဒါရုံဘဝင်နောင် စုတိ, အားဖြင့် ပဉ္စဒွါရနည်းတူ လေးဝီထိပင်ဖြစ်၏၊ ကာမဘုံမှ စုတေ၍ အခြားဘုံဝယ် ဖြစ်လတ့်, အခြားဘုံမှ စုတေ၍ ကာမဘုံဝယ် ဖြစ်လတ့် ပုဂ္ဂိုလ်များ၌ကား ဇောနောင်စုတိ, ဇောဘဝင်နောင် စုတိအားဖြင့် နှစ်ဝီထိသာ ဖြစ်၏။

**မနောဒွါရ မရဏာသန္နဝီထိ**။ ။ ကာမဘုံမှ စုတေ၍ ကာမဘုံ၌ဖြစ်သူမှာ ကာမဇောကာမသတ္တာ ဝိဘူတကာမအာရုံ သုံးပါးစုံသဖြင့် တဒါရုံကျကောင်းသော ဝီထိများလည်း ရှိ၏၊ အဝိဘူတာရုံဖြစ်၍၎င်း, ဝိဘူတကာမအာရုံပင်ဖြစ်သော်လည်း အလွန်စုတိခါနီး၍၎င်း, တဒါရုံ မကျကောင်းသော ဝီထိများလည်းရှိ၏၊ ထို့ကြောင့် လေးဝီထိပင်ရထိုက်သည်၊ ကာမဘုံမှ စုတေ၍ အခြားဘုံသွားမည့် ပုဂ္ဂိုလ်မှာ ကာမဇော ကာမသတ္တာ မှန်သော်လည်း "ရူပါဝစရပဋိသန္ဓိယာပနုပဥ္စတ္တိဘူတံ ကမ္မနိမိတ္တံ မေဂါ ရမဏံ ဟောတိ, တထာ အရူပါဝစရ ပဋိသန္ဓိယာစ မဟဂ္ဂတဘူတံပဥ္ဉတ္တိဘူတံစ"နှင့်အညီ ရူပ အရူပ ပဋိသန္ဓေစိတ်တို့က ပညတ် မဟဂ္ဂုတ်ကို ထိုက်သလိုအာရုံပြုရကား ထိုဘုံသို့သွားမည့် ကာမပုဂ္ဂိုလ်၏ မရဏာသန္နဇောကလည်း ထိုပညတ်မဟဂ္ဂုတ်ကိုသာ အာရုံပြုရမည်ဖြစ်သောကြောင့် တဒါရုံမကျထိုက်တော့ပြီ၊ အခြားဘုံမှ ကာမဘုံသို့ လာရာ၌ကား ကာမသတ္တာ မဟုတ်သောကြောင့် တဒါရုံမကျထိုက်၊ ထို့ကြောင့် ဇောနောင်စုတိ, ဇောဘဝင်နောင် စုတိကျသော နှစ်ဝီထိသာ ရသည်။

**စိတ်သရုပ်စသည်** အရဟတ္တ. နိဗ္ဗာနမှ, သေသမနော, ဒွါရ ဓောငယ်, ချသော စိတ်စု, ရေတွက်ပြု သော်, ဆယ်ခုဝိညာ, မနောဓာနှင့်, ကြိယာဇော, ကြဉ်သော ကာမ, ဒွတ္တိံသတည်း၊ အာရုံမှာမူ, အာရမဏ–သင်္ဂဟနှင့်, မရဏာပွတ္တိ, မွေနှောက်ကြည့်လော၊ များသည့်အတွက်, ချွင်း

ဤဝိထိများ၏ အာရုံသည် အတိတ်ပစ္စုပ္ပန် ကာမ မဟဂ္ဂုတ် ပညတ် ဟု အမျိုးမျိုးရှိ၏။ ထိုအာရုံများတွင် ပစ္စုပ္ပန်ကမ္မနိမိတ်ကို ဖြစ်စေ, ဂတိ နိမိတ်ကိုဖြစ်စေ အာရုံပြုရာ၌ ဇောနောင်စုတိလျှင် အတိတဘဝင်မှစ၍ ရေတွက်က စုတိတိုင်အောင် စိတ္တက္ခဏ ၁၀ချက်သာ ရသေး၏၊ ပဋိသန္ဓေ နှင့် ဘဝင် ၆ ချက်တို့ ပစ္စုပ္ပန်ရှုပါရုံကိုပင် ဆက်လက်အာရုံပြုနိုင်သည်၊ ဤဝိထိက ဘဝင်များထက် ပို၍ ပစ္စုပ္ပန်ကို အာရုံပြုနိုင်သော ဘဝင်မရှိ။

**အရဟတ္တ, နိဗ္ဗာနမှ၊ သေ၊ ဒွတ္တိံ သတည်း**–ရဟန္တာတို့၏ ပရိနိဗ္ဗာန ဝီထိမှကြွင်းသော မနောဒွါရမရဏာသန္နဝီထိ၌ ချရန်စိတ်များကား ပဉ္စ ဒွါရ၌ သီးခြားဖြစ်သော ဒွိပဉ္စဝိညာဏ် ၁၀, မနောဓာတ် ၃, ရဟန္တာ သန္တာန်၌သာ ဖြစ်သော ကြိယာဇော ၉, ဤ ၂၂ ပါးကြဉ်သော ကာမစိတ် ၃၂ ပါးတည်း။

**အာရုံမှာမူ၊ပေ၊ ချွင်းချက်ချန်ပြီ**– အာရုံမှာ အလွန်များလှ၍ ချွင်း ချက်ထားလိုက်ပြီ၊ အာရမဏသင်္ဂဟ "ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိ သင်္ခါတာနံ၊ ပေ၊ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ အာရမဏံဟောတိ" ဟူသော အခဏ်းနှင့် မရဏုပ္ပတ္တိအခဏ်းကိုသာ မွေနှောက်၍ ကြည့်လေ တော့ ဟူလို၊ အချုပ်မှာ–အရူပဘုံသို့ရောက်မည့် ပုဂ္ဂိုလ်၏ ဝီထိ၌ "ရူပါဝစရ ပဋိသန္ဓိယာ ပညတ္တိဘူတံ ကမ္မနိမိတ္တာ ရမဏံ ဟောတိ"နှင့်အညီ,မရဏာ သန္နဇောနှင့် ပဋိသန္ဓေဘဝင်တို့သည် ကသိဏ်. ပညတ်စသော ကမ္မနိမိတ် ကိုချည်းအာရုံပြုကုန်၏၊ အရူပဘုံသို့ ရောက်မည့် ပုဂ္ဂိုလ်၌ "ဟေဋ္ဌာအရူပါ

ချက်ချန်ပြီ၊ အမှိမျှားမှာ, ပဋ္ဌဒွါနှင့်, မကွာတူလစ်, မှုမသစ်ဘူး၊ ဘုံဖြစ်ကိုတွေး, ပုဂ္ဂိုလ်ရေးကား, လေးပုထုဇန်, ဖလင်္ဂွတွင်, ရဟာန်ကြဉ်သည်, ဘဝင်စိစစ် သွင်းလေတည်း။

ဝစရ ပဋိသန္ဓိယာစ မဟဂ္ဂတဘူတံ ပညတ္တိဘူတဥ္စ”နှင့်အညီ မဟဂ္ဂုတ်နှင့် ပညတ်တမျိုးမျိုး ကမ္မနိမိတ်ကိုချည်း အာရုံပြုကုန်၏၊ [မဟဂ္ဂုတ် ပညတ် ခွဲခြားချက်ကို ထိုပါဠိအဖွင့်မှာ ကြည့်၊] ကာမဘုံသို့ ရောက်မည့် ပုဂ္ဂိုလ်၏ ဝိထိဥ္စကား ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် တပါးပါးဖြစ်သော ကာမတရား အာရုံခြောက်ပါးတွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၏။

– **အမှိမျှားမှာ၊ သေ၊ မှုမသစ်ဘူး–** မိရာဝတ္ထုအတွက်မှာ ပဋ္ဌဒွါရ မရဏာ သန္နအဆိုအတိုင်းပင်ဖြစ်၏၊ အရူပဘုံဥ္စကား မိရာဝတ္ထု စိစစ်ဘွယ် မလို။

**ဘုံဖြစ်ကိုတွေး၊ သေ၊ ရဟာန်ကြဉ်သည်–** ဘုံအားဖြင့် အသညသတ် ကြဉ်ဘုံ ၃၀ လုံးရ၏၊ [အသညသတ်ဥ္စကားရုပ်တရားဖြင့်သာ စုတေရ၏၊] ပုဂ္ဂိုလ်အားဖြင့် ရဟန္တာကြဉ် ပုထုဇဉ် ၄–ဖလဋ္ဌ ၃ ယောက်ဥ္စထိုက်သလို ဖြစ်၏။

**ပုထုဇဉ်သေက္ခတို့၏**

**မနောဒွါရ မရဏာသန္နဝိထိ ပြီးပြီ။**

---

**ဘဝင်သွင်းရန် အချုပ်** ဘဝင် သွင်းရိုပ်, အကျဉ်းစိတ်အုံ၊ အဟိတ်ဒွိ ခြောက်, စုတိနော်နေ, သန္ဓေကာမ, တဆယ် ချလော၊ ကာမ ပုထု, တိဟိတ် စုဝယ်, နှစ်ဆယ် သန္ဓိ၊ ချရိုး ရှိ၏၊ အရိယာတိ, ကာ–စုတိနောင်, သန္ဓိတေရ, တိဟိတ်ချခဲ့၊ အသညာဘုံ, စုတိတုံက, ကာမဒွိဟိတ်, တိဟိတ်သန္ဓေ, ရှစ်ခု နေရှင့်၊ ဝေဟပ္ဖိုလ်တိုင်, ဆယ်ခိုင်ရူပ, ပုထုဇ္ဇ၏, ငါ့စုတိ နောင်, သန္ဓိသတ္တရ, သဟိတ်ချတဲ့၊ သုဘာကိဏ်ကြုံ, အောက်

**ဘဝင်သွင်းရိုပ်, အကျဉ်းစိတ်အုံ**– “မည်သည့်ဘုံက မည်သည့်စုတိ နောင် မည်သည့်ပဋိသန္ဓေကိုချ” ဟုပြသဖြင့် ဘဝဟောင်းဘက်က မည်သည့် ဘဝင်ကိုချ၍ ဘဝသစ်ဘက်၌ မည်သည့်ဘဝင်များကို ချရမည်–ဟု သိနိုင် ရကား မရဏာသန္န ဝီထိများ၌ ဘဝင်သွင်းချပုံကို ရှေ့စုတိ–နောက် ပဋိသန္ဓေတို့ဖြင့် အကျဉ်းချုပ်ပြဆိုပေအံ့၊ ဤလက်ာဖြင့် ဘဝင်သွင်းချပုံကို သိရရုံသာမက, ဘုံအပြောင်း အလွဲကိုလည်း နားလည်ရမည် ဖြစ်သော ကြောင့် အထူးသတိပြုကြပါလေ။

**အဟိတ်ဒွိ ခြောက်, စုတိနော်နေ, သန္ဓေကာမ, တဆယ်ချလော**– အဟိတ်စုတိ ၂, ဒွိဟိတ်စုတိ ၄, ဤ ၆ နောင် ကာမပဋိသန္ဓေ ၁၀ကိုချ၊ အဟိတ်ဒွိဟိတ်ပုဂ္ဂိုလ်စုတေလျှင် ဈာန်မရ၍ ကာမဘုံ၌သာ အဟိတ်ပဋိ သန္ဓေ ၂, မဟာဝိပါက် ၈ တွင် တခုခုဖြင့် ပဋိသန္ဓေ နေရမည်၊ ထို့ကြောင့် ဆိုင်ရာ မရဏာသန္နဝီထိ၌ ဘဝဟောင်းတွင် အဟိတ်ဒွိဟိတ် ဘဝင် တခုခုချ၊ ဘဝသစ်၌ ကာမဘဝင် ၁၀တွင် တခုခုကိုချလေ–ဟူလို။

**ကာမပုထု, တိဟိတ်စုဝယ်, နှစ်ဆယ်သန္ဓိ**– တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၏ ကာမစုတိ ၄ နောင် ပဋိသန္ဓေစိတ် ၁၉, အသညသတ်ရုပ် ပဋိသန္ဓေ ၁, ပေါင်း ၂၀ ချရိုးရှိ၏။

**အရိယာတိ, ကာစုတိနောင်, သန္ဓိတေရ, တိဟိတ်ချခဲ့**– အရိယာ ပုဂ္ဂိုလ်များ၏ တိဟိတ်ကာမစုတိ ၄ နောင် ကာမတိဟိတ် ပဋိသန္ဓေ ၄, ရူပါရူပပဋိသန္ဓေ ၉ ပေါင်း တိဟိတ် ပဋိသန္ဓေ တေရ (၁၃) ချရ၏။

ကိုးဘုံက, အရိယစုတိ, လေးခု၏နောင်, မိမိသဝန္ဓေ, မကြွင်းစေ
လျက်, ထက်ထက်ရူပ, အရူပဟု, ကိုးဝသန္ဓေ, တည်ရိုးပေ
တည်း၊ ဝေဟပ္ဖိုလ်က, အရိယမှု, တပါးဘုံ၌, မဖြစ်ထိုက်ပြီ,
ထို၌ ဆင့်ကာ, ပြန်သင့်ရာရဲ့၊ သုဒ္ဓါ ဘုံမြတ်, ခါမထပ်နှင့်,
ထက်ရပ် သုဒ္ဓ, တဝသန္ဓိ၊ အကနိဋ္ဌ, စုတိလေက, သန္ဓေ

**အသညဘုံ၊ ဗေ၊ ရှစ်ခုနေရှင့်–** အသညသတ် စုတိနောင် ဈာန်အထူး မရ၍ အခြားရူပါရူပဘုံသို့မသွား, ကာမဘုံသို့သာ လာရမည်၊ သို့သော် အဟိတ်ပဋိသန္ဓေ မနေရ, ဥပစာရဈာန်၏ အစွမ်းကြောင့် ကာမဒွိဟိတ် တိဟိတ် ပဋိသန္ဓေသာ နေရမည်၊ သို့အတွက် အသညသတ်စုတိနောင် ကာမဒွိဟိတ်တိဟိတ် ပဋိသန္ဓေ ၈ ခုရ၏။

**ဝေဟပ္ဖိုလ်တိုင်၊ ဗေ၊ သဟိတ်ချတဲ့–** ဝေဟပ္ဖိုလ်တိုင်အောင် ရူပ ဆယ်ဘုံမှ ပုထုဇဉ်၏ စုတိ (ရူပဝိပါက်) ၅–ခုနောင် မဟာဝိပါက် ၈, မဟဂ္ဂုတ်ဝိပါက် ၉, ပေါင်း သဟိတ်ပဋိသန္ဓေ သတ္တရ (၁၇) ချရသတဲ့။

**သုဘကိဏ်ကြို၊ ဗေ၊ တည်ရိုးပေတည်း–** သုဘကိဏ် တိုင်အောင် ရူပအောက် ကိုးဘုံမှ အရိယာ၏ စုတိ (ပဌမဈာန်ကြဉ်ရူပဝိပါက်) ၄ နောင် မိမိဘုံ၌ထပ်၍ ပဋိသန္ဓေနေနိုင်သောကြောင့် မိမိပဋိသန္ဓေနှင့်တကွ အထက် အထက် ရူပ အရူပ ပဋိသန္ဓေ ၉ ခုရ၏၊ အရိယာဖြစ်လျှင် "ဗြဟ္မလောက ဂတာ ဟေဋ္ဌာ, အရိယာ နောပပဇ္ဇရေ" အရ အောက်အောက်ဘုံသို့ မဆင်းကြတော့ချေ။

**ဝေဟပ္ဖိုလ်၊ ဗေ၊ ပြန်သင့်ရာရဲ့–** ဝေဟပ္ဖိုလ်ဘုံက အရိယာများ စုတေသော် တပါးဘုံ၌ပြောင်း၍မဖြစ်၊ အကယ်၍ သဒ္ဓါစသော ဣန္ဒြေ နုသေး၍ အရဟတ္တဖိုလ်မရသေးလျှင် ထိုဝေဟပ္ဖိုလ်ဘုံ၌ကား ပြန်ဖြစ်သင့်ရာ သေးရဲ့၊ ဝေဟပ္ဖိုလ် အကနိဋ္ဌ နေဝသညာနာသညာ (ဘဝဂ်) ဘုံတို့၌ ဖြစ်ပြီး အရိယာသည် ထိုဘုံတို့က ဘုံထွဋ်ဘုံများဖြစ်သောကြောင့် တပါး ဘုံ၌ မဖြစ်ကြရပြီ။ [အကျယ်ကို ဝိထိပိုင်းဘာသာဋီကာ အဆုံးမှာ ရှု။]

နေသူ, မရှိဟူ၏၊ အရူပဌာန်, ပုထုဇန်တို့, တဘာန်စုတိ, ဖြစ်ပြန်
ဘိသော်, မိမိ သန္တေ, ထက်ထက်နေ၍, အော်ဘွေ ကာမ,
တိဟိတ်ကျလျက်, ရှစ်ခု.ထွက်၏၊ ယင်းတွက် အရိ, နောက်
စုတိမှ, မိမိသန္တေ, ထက်ထက်နေဟု, အဖြေပြုဘို့, စေ့ငုကုန်စင်,
မှတ်တမ်းတင်သည်,.,..... ဘဝင်စိစစ် သွင်းဘို့တည်း။

**သုဒ္ဓါဘုံမြတ်၊ ပေ၊ တဝသန္တိ–** သုဒ္ဓါဝါသဘုံမှ စုတေမည့် ပုဂ္ဂိုလ်မှာ
အနာဂါမ် ရဟန္တာသာတည်း၊ ထိုတွင် အနာဂါမ်သည် မိမိဖြစ်ခိုက် သုဒ္ဓါ
ဝါသဘုံ၌ တခါထပ်၍မဖြစ်, အထက်သုဒ္ဓါဝါသသို့သာ သွားရသည်၊ ထို့
ကြောင့် သုဒ္ဓါဝါသစုတိနောင် သုဒ္ဓါဝါသပဋိသန္ဓေမရှာန် ပဋိသန္ဓေတခုသာ။

**အကနိဋ္ဌေ, စုတိလေက, သန္တေနေသူ, မရှိဟူ၏–** အကနိဋ္ဌဘုံက
စုတေလျှင် ပဋိသန္ဓေနေသူမရှိ၊ ကေန်ရဟန္တာဖြစ်ပြီးမှ စုတေရမည့်" ဟူလို။

**အရူပဌာန်၊ ပေ၊ ရှစ်ခုထွက်၏–** အရူပဘုံဌာနမှ ပုထုဇဉ်တို့ စုတေ
ပြန်သော် မိမိဘုံ၌ထပ်၍လည်းဖြစ်, အထက်အထက် အရူပဘုံသို့လည်း
တက် ကာမဘုံသို့ ပြန်၍လည်း တိဟိတ်ပဋိသန္ဓေ နေနိုင်ရကား, ကာမ
တိဟိတ် ၄, အရူပ ၄, ပေါင်း ပဋိသန္ဓေရှစ်ခုထွက်၏။

**ယင်းတွက်အရိ၊ ပေ၊ ထက်ထက်နေဟု–** ယင်းအရူပဘုံမှ အရိယာ
စုတေသော် မိမိဘုံ၌ရင်း, အထက်အထက်ဘုံ၌ရင်း ဖြစ်ရကား အရူပနှင့်
သန္တေ ၄ ခုသာရ၏။

ဤစုတိနှင့် ပဋိသန္ဓေအဆက်ကိုကြည့်၍ ဘုံသွားအလိုက် မနောဒွါရ
မရဏာသန္နဝီထိများကို အစိတ်အစိတ်ချနိုင်လျှင် သာ၍ ကြေပွန်ဘွယ်ရှိ၏၊
ဥပမာ–"အဟိတ်ဒွိခြောက်, စုတိနောက်နေ, သန္တေကာမ, တဆယ် ချလော"
ကိုရှု၍ ကာမဘုံမှ အဟိတ်ဒွိဟိတ်၏ ကာမဘုံ၌ဖြစ်သော မနော ဒွါရမရဏာ
သန္န ၄ ဝီထိကို ချကြည့်လျှင် ဘုံပုဂ္ဂိုလ် စိတ်သရုပ် ဘဝင်များ အလွန်
ထင်ရှားလိမ့်မည်။

ဘဝင်သွင်းရန်အချုပ် ပြီး၏။

**ပရိနိဗ္ဗာနဝိထိ**

ပရိနိဗ္ဗာန ဝိထိသည်လည်း ကာမဇော မနောဒွါရဝိထိဖြစ်လျှင် ပြခဲ့သည့်အတိုင်း ဇောနောင် စုတိစသောအားဖြင့် လေးပါး အပြားရှိ၏၊ အပ္ပနာဇောများ ဖြစ်ပြီးနောက် ပရိနိဗ္ဗာန်စံရာ၌ကား ဈာနသမနန္တရဝိထိ ပစ္စဝေက္ခဏာသမနန္တရဝိထိ အဘိညာသမနန္တရဝိထိ ဇီဝိတသမသီသိဝိထိအားဖြင့် လေးပါးအပြား ရှိ၏။

ပရိနိဗ္ဗာန ဝိထိ။ ။ ဈာန်မရသည့် သုက္ခဝိပဿက ပုဂ္ဂိုလ် ဖြစ်၍သော်၎င်း, ဈာနလာဘီပင် ဖြစ်သော်လည်း ဈာန်ကို မဝင်စားဘဲသော်၎င်း မနောဒွါရကာမဇောဝိထိအဆုံး၌ ပရိနိဗ္ဗာနစုတိကျ၏၊ ဝိထိပုံမှာ ပြခဲ့ပြီးသော မနောဒွါရ မရဏာသန္နဝိထိ အတိုင်းသာတည်း၊ စုတိ နောက်၌ ပဋိသန္ဓေ ဘဝင်စသည်ကို မချရခြင်းသာ ထူး၏။

အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်းဇော တဒါရုံဟူသော ဝိထိစိတ်တို့သည် အခြားမရဏာသန္နဝိထိ များကဲ့သို့ ကံ ကမ္မနိမိတ် ဂတိနိမိတ် အမည်ရသော အာရုံမဟုတ်ဘဲ ရိုးရိုးတေဘူမက နာမ်ရုပ်များနှင့် ပညတ် အာရုံများတွင် တပါးပါးကို အာရုံပြုသည်၊ "ကံကအကျိုးပေးဘွယ်မလိုသောကြောင့် ကံအာရုံ ကမ္မနိမိတ်အာရုံများ မထင်နိုင်၊ လားရာဂတိမရှိသောကြောင့် ဂတိနိမိတ်လည်း မထင်နိုင်၊ ရိုးရိုး လောကီ ရုပ်နာမ်နှင့် ပညတ် တပါးပါးသာ ထင်လာလိမ့်မည်ဖြစ်၍ ထိုအာရုံကိုပင် ပရိနိဗ္ဗာန ဝိထိစိတ်က အာရုံပြုမည်" ဟူလို။

ပရိနိဗ္ဗာနစုတိစိတ်ကား "ပဋိသန္ဓိ ဘဝင်္ဂဉ္စ, တထာ စဝန မာနသံ၊ ဧကမေဝ တထေဝေက–ဝိသယဉ္စေက ဇာတိယံ" ဟူသော ထုံးစံအတိုင်း မူလပဋိသန္ဓေတည်ခဲ့စဉ်က အာရုံနှင့်တူစွာ ကံကမ္မနိမိတ် ဂတိနိမိတ် ၃ ပါးတွင် တပါးပါးကို အာရုံပြုသည်။ [ကေစိဝါဒနှင့်တကွ မှတ်သားဘွယ် ဟူသမျှကို ဝိထိမှတ်ပိုင်း ဘာသာဋီကာ မရဏုပ္ပတ္တိစတုက္ကအဖွင့်မှာ ရှု။]

ထိုတွင် ဈာန်ကိုဝင်စားသည့်အဆုံး၌ စုတိကျသော ဝီထိသည် ဈာနသမနန္တရ ဝီထိ မည်၏၊ ဈာန်ဝင်စားပြီးနောက် ပစ္စဝေက္ခဏာဝီထိ ဖြစ်ပြီးမှ စုတိစိတ်ကျသော ဝီထိသည် ပစ္စဝေက္ခဏာသမနန္တရဝီထိ မည်၏၊ အဘိညာဉ်ကို ဝင်စားပြီးမှ စုတိကျသော ဝီထိသည် အဘိညာသမနန္တရ ဝီထိမည်၏။

**ဈာနသမနန္တရဝီထိ။** ။ ဤဝီထိသည် ကာမသုဂတိ ရူပ အရူပ ဘုံ၌ဖြစ်၏၊ ဈာန်ကို ထိုက်သလို အကြိမ်များစွာချ၊ ရဟန္တာ သန္တာန်၌ ဖြစ်၍ ရှေ့နောက်ဇောများ ကြိယာချည်းသာတည်း၊ အာရုံမှာ ထိုထို ဈာန်အားလျော်စွာကသိုဏ်း ပညတ်စသည်ကို အာရုံပြု၏၊ ရှေ့ဘဝင်နှင့် စုတိကား ထုံးစံအတိုင်း ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃ ပါးတွင်တပါးပါး ကို အာရုံပြု၏၊ ဈာန်နောင်ဘဝင်, ဘဝင်နောင်စုတိကျသော ဝီထိလည်း ရှိကောင်း၏၊ ထို့ကြောင့် ဈာန်နောင်စုတိ, ဈာန်ဘဝင်နောင်စုတိ ၂ ဝီထိကို ကြိယာဈာန် ၉ ဖြင့် မြှောက် ၁၈, ထို ၁၈ ကို တိက္ခမန္ဒပုဂ္ဂိုလ် ၂မျိုးဖြင့် မြှောက် ၃၆ ဝီထိ ဖြစ်၏။

**ပစ္စဝေက္ခဏာ သမနန္တရဝီထိ။** ။ဤဝီထိ၌ဇောတို့မှာ ကာမဇော ချည်းသာတည်း၊ မရဏာသန္နအခါဖြစ်၍ ဇော ၅ ကြိမ်သာကျရသည်၊ ဈာန သမနန္တရကဲ့သို့ ကာမသုဂတိရူပ အပရူဘုံ၌ ထိုက်သလိုဖြစ်၏၊ အာရုံအား ဖြင့် ဝင်စားအပ်သော ဈာန်၏အင်္ဂါကို အာရုံပြု၏၊ ဇောဘဝင်နောင် စုတိကျသော ဝီထိလည်းရှိကောင်း၏၊ ထို့ကြောင့် ဇောနောင်စုတိ ဇော ဘဝင်နောင်စုတိသော ၂ ဝီထိကို ပဌမဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၅ ပါးဖြင့်မြှော် ၁၀, ဒုတိယဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၄ ပါ.ဖြင့် မြှော် ၈, ဘတိယဈာန်နောင်ဖြစ်က ဈာန်အင်္ဂါ ၃ ပါးဖြင့်မြှော် ၆, ဝတုတ္ထ ပဥ္စမ ဈာန်တို့နောင်ဖြစ်က ဈာန်အင်္ဂါ ၂ ပါးစီဖြင့်မြှော် ၁၄ ဝီထိဖြစ်၏၊အားလုံး

ဇိဝိတိန္ဒြေ ချုပ်ခါနီးမှ အရဟတ္တဖိုလ်ကို ရသဖြင့် အရဟတ္တမဂ္ဂဝီထိ ဖြစ်ပြီးနောက် ဘဝင်ခြား၍ မဂ်ဖိုလ် စသည်ကို

ပေါင်းလျှင် ပစ္စဝေက္ခဏာဝီထိပေါင်း ၃၄ ဖြစ်၏၊ ဤဝီထိများကို မဟာပရိနိဗ္ဗာနသုတ္တဋ္ဌကထာ၌ ပြ၏။

[ပရိနိဗ္ဗာနဋ္ဌ] စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ ဘဂဝါ ပရိနိဗ္ဗာယီတိဧတ္ထ ဈာနသမနန္တရံ ပစ္စ ဝေက္ခဏာ သမနန္တရန္တိ ဒွေ သမနန္တရာနိ၊ တတ္ထ ဈာနာ ဝုဋ္ဌာယ ဘဝင်္ဂ ဩတိဏ္ဏဿ တတ္ထေဝ ပရိနိဗ္ဗာနံ ဈာန သမနန္တရံ နာမ၊ ဈာနာ ဝုဋ္ဌာဟိတွာ ပုန ဈာနင်္ဂါနိ ပစ္စဝေက္ခိတွာ ဘဝင်္ဂ ဩတိဏ္ဏဿ တတ္ထော ပရိနိဗ္ဗာနံ ပစ္စ ဝေက္ခဏာ သမနန္တရံနာမ။

ဤအဋ္ဌကထာ၌ "ဘဝင်္ဂ ဩတိဏ္ဏဿ–ဘဝင်သို့ သက်စဉ်၊ တတ္ထေဝ ထိုဘဝင်အခိုက်၌ သာလျှင်၊ ပရိနိဗ္ဗာနံ–ပရိနိဗ္ဗာန်စံခြင်း" ဟု ဆိုသောကြောင့် "ဈာန်နောင် ပစ္စဝေက္ခဏာဇောနောင် ဘဝင် စုတိကျသော ဝီထိများရ၏၊ စုတိ ဟူသည်လည်း ဘဝင်စိတ်ပင် ဖြစ်ရကား ဈာန်နောင် ပစ္စဝေက္ခဏာဇောနောင် စုတိသော ဝီထိလည်းရှိ၏" ဟု သိလေ။

**အဘိညာသမနန္တရဝီထိ။** ။ ဤဝီထိသည် "ဝုဋ္ဌဟိတွာ ပရိနိဗ္ဗာယီတိ ဣဒ္ဓိစိတ္တတော ဝုဋ္ဌဟိတွာ ဘဝင်္ဂစိတ္တေန ပရိနိဗ္ဗာယီ" ဟု ဥဒါနဋ္ဌကထာ စသည်၌လာ၏၊ အဘိညာအမျိုးမျိုးတွင် ဣဒ္ဓိဝိဓအဘိညာကိုသာ မရဏာသန္နအရာ၌ အလိုရှိကြ၏၊ "ပါဒကဈာန်, ပရိကမ်နှင့်, တဖန်ပါဒက, ဖြစ်ပြီးမှ, ကျတုံအဘိညာ" ဟူသော အစဉ်အတိုင်း အဘိညာဝီထိ ဖြစ်ပြီးသည့် အခြားမဲ့၌ ပရိနိဗ္ဗာနစုတိကျမည်၊ အဘိညာနောင့်စုတိ အဘိညာ ဘဝင်နောင် စုတိဟု ၂မျိုးပင် ရထိုက်၏၊ ထို ၂ မျိုးကို တိက္ခ မန္ဒပုဂ္ဂိုလ် ၂ မျိုးဖြင့် မြှောက် ၄ ဝီထိရ၏၊ ဤအဘိညာဝီထိသည် ကာမ သုဂတိနှင့် ရူပဘုံ၌သာဖြစ်သည်၊ အရူပဘုံ၌ အစဉ်အတိုင်း ဝင်စားဘို့ရာ သမာပတ် ၈ ပါးမရှိသောကြောင့် အဘိညာမရှိသည်ကို သတိပြုလေ။

ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ အဆုံး၌ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်၏ ဝီထိသည် ဇီဝိတသမသီသိဝီထိ မည်၏။

**ဇီဝိတ သမသီသိဝီထိ။** ။ကိလေသာတို့၏ ဦးခေါင်းပမာ အချုပ်အခြာ ဖြစ်သော သီသကား အဝိဇ္ဇာတည်း၊ ဝဋ္ဋဒုက္ခ၏ ဦးခေါင်းပမာ အချုပ်အခြာ ဖြစ်သော သီသကား ဇီဝိတိန္ဒြေတည်း၊ "အဝိဇ္ဇာပြုတ်လျှင် ကိလေသာအားလုံး ချုပ်၏၊ ဇီဝိတိန္ဒြေ အဆက်ပြတ်လျှင်လည်း ဝဋ္ဋဒုက္ခ သံသရာ ခန္ဓာအစဉ်ရပ်စဲတော့၏" ဟူလို၊ တစုံတယောက်သော ယောဂီပုဂ္ဂိုလ်သည် ရောဂါဝေဒနာ လွန်စွာဘိစီးသဖြင့် သံသရာကြီးကို ငြီးငွေ့ စက်ဆုပ်လျက် လေးလေးနက်နက် တရားကို အားထုတ်လေ့လာရာ မဂ်အစဉ်အတိုင်းတက်၍ အရဟတ္တမဂ္ဂဝီထိဖြင့် အဝိဇ္ဇာအပြုတ်တွင် ဇီဝိတိန္ဒြေလည်းချုပ်ရကား ကိလေသာသီသနှင့် ဝဋ္ဋသီသတို့ အပြုတ်အချုပ်ပြိုင်တူ ညီမျှလျက်ရှိလေသည်၊ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ဇီဝိတသမသီသိပုဂ္ဂိုလ်ဟု ခေါ်၏၊ "ဇီဝိတေန သမံ အဝိဇ္ဇာသီသံ ယဿာတိ ဇီဝိတသမသီသီ" ဟု ဝိဂြိုဟ်ပြု၊ ယဿ–အကြင်ပုဂ္ဂိုလ်၏၊ ဇီဝိတေန–ဇီဝိတိန္ဒြေနှင့်၊ သမံ–ချုပ်ရာကာလချင်းညီမျှသော၊ အဝိဇ္ဇာသီသံ–အဝိဇ္ဇာတည်းဟူသော ဦးခေါင်းသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ထို့ကြောင့်၊ ဇီဝိတသမသီသီ–မည်၏။

ဤ၌ "အဝိဇ္ဇာနှင့် ဇီဝိတတို့ အချင်းချင်းညီမျှသည်" ဟု ဆိုသော်လည်း ချုပ်ရာခဏချင်းကား မညီမျှနိုင်၊ အလှည့်အကြိမ် "ဝါရ" ချင်းညီမျှသည်ကို ရည်ရွယ်၍ "သမသီသီ=ညီမျှသော သီသရှိသည်" ဟု ဆိုရလေသည်၊ ထင်ရှားစေအံ့–အဝိဇ္ဇာ၏ ချုပ်ရာခဏသည် အရဟတ္တမဂ် ခဏတည်း၊ထို အရဟတ္တမဂ်နောင်ဖိုလ် ၂ ကြိမ် ၃ ကြိမ် ဘဝင်ခြားပြီးနောံ မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများဖြစ်ပြီးမှ ပရိနိဗ္ဗာနစုတိကျ၍ ထိုခဏရောက်မှ ဇီဝိတိန္ဒြေကချုပ်ရလေသည်၊ ထို့ကြောင့် အဝိဇ္ဇာနှင့် ဇီဝတသည် ချုပ်ရာခဏချင်းပြိုင်တူမကျနိုင်၊ သို့သော် စိတ်တကြိမ်တကြိမ်ဟူရာ၌ ခဏငယ်တချက်ခန့်မက, စပ်ဆိုင်ရာ ဝီထိအားလုံးကိုပင် စိတ်တကြိမ်ဟု ဆိုရသည်၊ ထို့ကြောင့် အရဟတ္တမဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာဝီထိအားလုံး

နိဗ္ဗုံး — စလယ် အဆုံး၊ ကုန်သိမ်းကြွေး၍၊ နိဂုံးဌာန၊ အကျဉ်း ပြုပိမ့်၊ ရှေးက အကျော်၊ ဆရာတော်တို့၊ ထုတ်ဖော် ရိုး–ဆန်း၊ ဝိထိခဏ်းကား၊ တင်းကြမ်းအပြည့်၊ ရှိပင်ရှိလည်း၊ အတိဝိတ္တာ၊ သခေ်ပါဖြင့်၊ ဓိပ္ပါယတ္တ၊ ရှင်းမပြ၍၊ ကာလ သောတု၊ သဘောနတို့၊ မရှုလိုအား၊ ဖြစ်သည်များကြောင့်၊ ရှေးသွားမဖယ်၊ အဓိပ္ပာယ်နှင့်၊ မကျယ်မကျဉ်း၊ အလွယ်ရှင်း ၍၊ လိုရင်းကိုသာ၊ ပြခဲ့ရာဝယ်၊ ပဋ္ဌဒွါရော၊ ကာမဇောဏ်၊

ပြီးဆုံးမှ စိတ်တာဝါရ၊ ဝါ–စိတ်တကြိမ်ပြီး၏၊ ဤနည်းအားဖြင့် အဝိဇ္ဇာ ချုပ်ရာဝါရဩပင် ဓိဝိတလည်း ချုပ်သောကြောင့် ဝဋ္ဋသိသသည် ကိလေ သာသိသ အဝိဇ္ဇာနှင့် ချုပ်ရာဝါရ (ချုပ်ကာလ) ပြိုင်တူကျသည့်–ဟု ဆိုလို သည်၊ ဤဓိဝိတသမသီသိပုဂ္ဂိုလ်ကို သတ္တဂုံတ္တရဋ္ဌကထာ၌ပြ၏။

[အဋ္ဌကထာ] ယဿ ပန ဥပက္ကမတောဝါ ပရိယာဒါနတော ဝါ ဓိဝိတ ပရိယာဒါနဥ္စ အာသဝက္ခယောစ ဧကပ္ပဟာရေနေဝ ဟောတိ၊ အယံ ဓိဝိတသမသီသီနာမ၊ ပေ၊ တက္က ကိဥ္စာပိ အာသဝပရိယာ ဒါနံ မဂ္ဂစိတ္တေန၊ ဓိဝိတပရိယာဒါနံ စုတိစိတ္တေနဟောတိတိ ဥဘိန္နံ ဧကက္ခဏေ သမ္ဘဝေါနာမ နတ္ထိ၊ ယသ္မာ ဂန ဿ အာသဝေသု ခီဏမတ္တေသု ပစ္စဝေက္ခဏာနန္တ ရမေဝ ဓိဝိတပရိယာဒါနံ ဂစ္ဆတိ၊ အန္တရံ နပညာယတိ၊ တသ္မာ ဧဝံ (ဓိဝိတသမသီသိတိ) ဝုတ္တံ။

ယဿ–အကြင်ပုဂ္ဂိုလ်၏၊ ဥပက္ကမတောဝါ–မိမိကိုယ်ကို မိမိသတ်ခြင်း၊ သူတပါးတို့က သတ်ခြင်းအစရှိသော လုံ့လကြောင့်သော်၎င်း၊ ပရိယာ ဒါနတောဝါ– အလိုလိုကုန်ဆုံးခြင်း၍သော်၎င်း၊ ဓိဝိတ ပရိယာဒါနဥ္စ ဓိဝိတ၏ ကုန်ခြင်းသည်၎င်း၊ အာသဝက္ခယောစ–အာသဝေါတို့၏ ကုန် ခြင်းသည်၎င်း၊ ဧကပ္ပဟာရေနေဝ–တပြိုင်နက်တည်းသာလျှင်၊ ဟောတိ ဖြစ်၏၊ ဧသည်ဖြင့် အနက်ဆိုလေ။

မနောဒွါရာ, အပ္ပနာသော်, ဈာနာ–မဂ္ဂ, ဖလ ဘိညာ, နိရောဓာ နေ့ာ, ဓောမရဏ–အာသန္နဟု, ရှစ်ဝ ပိုင်းခြား, ပရိုဏ်းသား လျက်, အများမှတ်ထုံး, ကမ္ဘတ်ဖုံးသည်, နိဂုံး ဤတွင် အပြီး တည်း။

ဤဝီထိသည် ကာမဘုံ၌သာ ဖြစ်ဘွယ်ရှိ၏ဟု ယူကြ၏၊ ဤဝီထိ၌ ဓောကား ပစ္စဝေက္ခဏာဓောတည်း၊ ဓောဘဝင်တို့နောင် စုတိကျသော ဝီထိလည်း ရနိုင်သေး၏၊ ပုထုဇ္ဇနိယာ ပထသမသီသိ, ရောဂသမသီသိ ပုဂ္ဂိုလ် များ ကျမ်းဂန်၌ ရှိသေးသော်လည်း ဤမရဏာသန္နဝီထိခဏ်းနှင့် မသက် ဆိုင်၊ အလိုရှိက မာရသံယုတ် ဂေါဓိက သုတ္တန္တကထာမှာ ရှု။

နိဂုံး။ ။ ဤမျှသောစကားအစဉ်ဖြင့် ၁–ပဉ္စဒွါရဝီထိ, ၂–ကာမဇော မနောဒွါရဝီထိ, ၃ (အပ္ပနာဇောတွင်) ဈာနဝီထိ, ၄–မဂ္ဂဝီထိ, ၅–ဖလ သမာပတ္တိဝီထိ, ၆ အဘိညာဝီထိ, ၇ နိရောဓသမာပတ္တိဝီထိ, ၈–မရဏာ သန္နဝီထိအားဖြင့် အခဏ်း ၈ ပါး ပရိုဏ်းတားသကဲ့သို့ ပိုင်းခြား၍ပြရာ ဝီထိဘာသာဋီကာသည် ဤနေရာ၌ အနားသတ် ကမ္ဘတ်ဖုံးသကဲ့သို့ နိဂုံး အရောက် ပြီးမြောက်ပေပြီ။

အနာယာသေန နိဋ္ဌာနံ, ဂတာ ယံဝီထိဝါစနာ၊
ဝိယာန္တု စေနေယျာ ဝိထိံ, နိဋ္ဌံ ဂမေန္တု နိဗ္ဗုတိံ။

ဝီထိဆိုင်ရာနှင့် ဘာသာဋီကာ ပြီး၏။

## ရုပ်ဝီထိ နိဒါန်းအချို

[သင်္ဂဟ] ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ ဌီတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ ဩဇာ ဖရဏ မုပါဒါယ အာဟာရသမုဋ္ဌာနာစေတိ စတုသမုဋ္ဌာန ရူပကလာပသန္တတိ ကာမလောကေ ဒီပဇာလာဝိယ နဒီသောတော ဝိယစ ယာဝတာ ယုက မဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။

ဟူသည်နှင့်အညီ, ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်း ၄ပါး ကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်ကို ယခုကာလ၌ ရုပ်ဝီထိဟု ခေါ်ဝေါ် ကြ၏။ ထိုရုပ်ဝီထိသည် ကာမပုဂ္ဂိုလ်၏ဝီထိ ရူပပုဂ္ဂိုလ်၏ဝီထိဟု ၂ မျိုးရှိ ၏။ ထိုတွင် ကာမပုဂ္ဂိုလ်၏ဝီထိ၌ ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ဝီထိ သံသေဒဇ ဩပပါတိကတို့၏ ဝီထိအားဖြင့် ၂ ပါးရှိပြန်ရာ ယခုအခါ၌ ဂဗ္ဘသေယျပုဂ္ဂိုလ် ၏ ဝီထိကိုသာ ပြပေအံ့။

ဤရုပ်ဝီထိအရာဝယ် ကမ္မပစ္စယအာဟာရဇကလာပ် စိတ္တပစ္စယ အာဟာ ရဇကလာပ် ဥတုပစ္စယ အာဟာရဇကလာပ် အာဟာရပစ္စယ အာဟာရဇ ကလာပ်များနှင့် ဗဟိဒ္ဓဥတုကြောင့်ဖြစ်သော ဥတုဇကလာပ်များကို ပြလေ့ မရှိကြ၊ သင်္ဂြိုဟ်ကျမ်း၌ တိုက်ရိုက်လာသော ကလာပ်များကိုသာ ပြလေ့ရှိကြ သည်၊ ထို့ကြောင့် ဤကျမ်း၌လည်း အများပြသည့် ကလာပ်များကိုသာ ပြပေအံ့ စိတ္တောတုပဟာရဇကလာပ်အများတွင်လည်း သဒ္ဒနဝကလဟုတာ ဒေကာဒသက ကလာပ် စသည်တို့မှာ စန္ဒာကိုယ်၌ အမြဲမဖြစ်သောကြောင့် မပြဘဲအမြဲဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်အစဉ်ကိုသာပြမည်၊ ထိုရုပ်ကလာပ် အစဉ်ကို စိတ်ဝီထိအစဉ်နှင့် တွဲဘက်ပြရမည်ဖြစ်၍ စိတ်ဝီထိတုန်းက ပဋိ သန္ဓေဝီထိ စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ နိရောဓသမာပတ္တိဝီထိ မရဏာ သန္နဝီထိတို့ကိုလည်း ပြန်လှန်ကြည့်ရှုကြပါကုန်။ [ရုပ်ဝီထိကားအရမကျက် သော်လည်း သတိပြု၍ ကြည့်ရှု မှတ်သားထိုက်ပေသည်။]

**ကမ္မဇကလာပ်။** ။ ဂဗ္ဘသေယျကပုဂ္ဂိုလ် သန္တာန်ဝယ် အစဉ်မပြတ် ဖြစ်ပျက်နေသော ရုပ်ကလာပ် အစဉ်သည် ကမ္မဇကလာပ်အစဉ် စိတ္တဇ ကလာပ်အစဉ် ဥတုဇကလာပ်အစဉ် အာဟာရဇကလာပ်အစဉ်ဟု ၄–မျိုး ရှိ၏။ ထိုတွင် "တတ္ထ ကုသလာ ကုသလကမ္မ မဘိသင်္ခတံ အဇ္ဈတ္တိက သန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိမုပါဒါယ ခဏေခဏေ သမုဋ္ဌာပေတိ" ဟူသည်နှင့်အညီ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကာယဒသက ဘာဝဒသက ဝတ္ထုဒသကဟူသော ကမ္မဇကလာပ် ၃ စည်းဖြစ်၏။ ဌီခဏ၌ ထို ၃ စည်း ထပ်ဖြစ်၏။ ဘင်ခဏ၌လည်း ထို ၃ စည်းပင် ထပ်ဖြစ်၏။ ဤသို့စသည်ဖြင့် ခဏတိုင်းခဏတိုင်း၌ ကမ္မဇကလာပ် ၃ စည်း ၃စည်း ထပ်၍ ထပ်၍ တိုးပွားခဲ့လေရာ ပဋိသန္ဓေနောင် သောဠသမဘဝင်၏ ဘင်သို့ရောက်သည့် အခါ ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ဖြစ်ခဲ့ကြသော ကမ္မဇကလာပ် ၃ စည်း သည် ၁၇ ချက် ရုပ်သက်စေ့သဖြင့် ချုပ်လေတော့၏။ ထို့ကြောင့် သောဠ သမဘဝင်၏ ဘင်ခဏ၌ ကမ္မဇကလာပ်ပေါင်း ၁၅၃ စည်းရှိသည်တွင် ဖြစ်ဆဲ ၃ စည်း, တည်ဆဲ ၁၄၇ စည်း, ချုပ်ဆဲ ၃ စည်းဟု အသီးသီး မှတ်သားရေတွက်၍ ဓိဝိတနဝကနှင့် ဒသကစသည်တို့ မဖြစ်မှီ ဖြစ်ဆဲ တည်ဆဲ ချုပ်ဆဲကလာပ်များ အညီအမျှ ရှိကြလေသည်။

**စိတ္တဇကလာပ်။** ။ အာရုပ္ပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တ တိံဝိဓံပိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ ပဌမဘဝင်္ဂမုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာ ပေတိ" ဟူသည်နှင့်အညီ ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်မှစ၍ စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း စိတ္တဇကလာပ်များ အထပ်ထပ် တိုးပွားလေရာ, ပဌမ ဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇကလာပ်တို့သည် မနောဒွါရာ ဝဇ္ဇန်း၏ ဘင်သို့ရောက်သည့်အခါ ၁၇ ချက် ရုပ်သက်စေ့သဖြင့် ချုပ်လေ တော့၏။ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်း၏ဘင်ခဏ၌ စိတ္တဇကလာပ် ပေါင်း ၁၇ စည်းရှိသည်တွင် (ဥပါဒ်ခဏ၌သာဖြစ်ဆဲရှိ၍ ဌီခဏဘင်ခဏ

တို့၌ ဖြစ်ဆဲမရှိသောကြောင့်) တည်ဆဲ ၁၆ စည်း၊ ပျက်ဆဲတစည်း ဟု အသီးသီး မှတ်သား ရေတွက်လေ၊ နောက်နောက်ကာလ၌လည်း ပဋ္ဌ ဝိညာဏ်မဖြစ်သမျှ နိရောဓ သမာပတ်ဝင်စားရာ အခါမဟုတ်သမျှ ဤနည်း အတိုင်းပင် ရှိကြလေသည်။

**ဥတုဇကလာပ်။** ။ "သိတုဏှောတုသမညာတာ တေဇောဓာတု ဋ္ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ သမုဋ္ဌာပေတိ" ဟူသည်နှင့်အညီ, ပဋိသန္ဓေ စိတ်နှင့် အတူဥပါဒ်သော ကမ္မဇကလာပ် ၃ စည်းတွင် ဥတုခေါ်သော တေဇောဓာတ်ပါ၏။ ထိုဥတုသည် ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏ၌ မိမိတို့လည်း ဋ္ဌီသို့ ရောက်ကြပြီးဖြစ်၍ ဥတုဇကလာပ် ၃ စည်းကို ဖြစ်စေကြသည်၊ ပဋိသန္ဓေ၏ ဋ္ဌီခဏ၌ဖြစ်သော ကမ္မဇကလာပ် ၃ စည်းတွင် ပါသော ဥတုကြောင့်လည်း ပဋိသန္ဓေ၏ဘင်ခဏ၌ ဥတုဇကလာပ် ၃ စည်းတိုးပြန်၏၊ ဤသို့လျှင် ကမ္မဇကလာပ်နှင့် ဆက်သွယ်၍ဖြစ်ရသော ကမ္မပစ္စယဥတုဇ ကလာပ်တို့သည် ခဏတိုင်း ခဏတိုင်း၌ တိုးပွားကြလေ၏။

ပဌမဘဝင်၏ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇကလာပ်တွင် ပါဝင်သော ဥတု သည်လည်း ပဌမဘဝင်၏ဋ္ဌီခဏ၌ ဥတုဇရုပ်ကလာပ်တစည်းကိုဖြစ်စေ၏၊ ဒုတိယဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇကလာပ်တွင်ပါဝင်သော ဥတုသည်လည်း ဒုတိယဘဝင်၏ဋ္ဌီခဏ၌ စိတ္တဇကလာပ်ကို ဖြစ်စေပြန်၏။ ဤသို့လျှင် စိတ္တဇကလာပ်နှင့် ဆက်သွယ်၍ဖြစ်ရသော စိတ္တပစ္စယ ဥတုဇ ကလာပ်တို့သည်လည်းစိတ်၏ ဋ္ဌီခဏတိုင်း၌ ထပ်၍ ထပ်၍ တိုးပွားကြ လေ၏၊ ထို့ကြောင့် ကမ္မပစ္စယဥတုဇ စိတ္တပစ္စယဥတုဇကလာပ်ပေါင်းကို ပဌမဘဝင်၏ ဋ္ဌီခဏ၌ ၁၃ စည်း, ဘင်ခဏ၌ ၆ စည်း, ဒုတိယဘဝင်၏ ဥပါဒ်ခဏ၌ ၁၉ စည်း, ဋ္ဌီခဏ၌ ၂၃ စည်းစသည်ဖြင့် ဝိထိပုံ ဂဏန်းစဉ်ကို ကြည့်၍ သိရှိကြပါလေ၊ [၁၃ စည်း, ၁၆ စည်း စသည်ဆိုရာ၌ ကလာပ်အမျိုး ပေါင်း ၁၃ စည်း ၁၆ စည်းဟုယူပါ၊ ထို ၁၃ စည်းပေါင်းမှာ ခန္ဓာကိုယ်၌ များစွာ ရှိနိုင်သည်၊ ဤပဋိသန္ဓေဝိထိခဏ်း၌ ဗဟိဒ္ဓ အာဟာရဇရုပ်များလည်း မရှိသေး သောကြောင့် အာဟာရဇကလာပ်ကိုမပြဘဲ ချန်ထားရသည်ကိုလည်းသတိပြု။]

**ဓိဝိတနဝက ကလာပ်။** ။ ဓိဝိတနဝကကလာပ်သည် အင်္ဂကထာကြီးများ အလိုအားဖြင့် ကာမဘုံသားတို့သန္တာန်၌လည်း ကာယဘာဝဒသကတို့ကဲ့သို့ တကိုယ်လုံးပြန့်နှံ့လျက် တည်ရှိသောကြောင့် ပဋိသန္ဓေနေပြီးနောက် မကြာမီပင် တစုံတခုသော စိတ်၏ ဥပါဒ်ဋ္ဌီဘင် ၃ ပါးတွင် တပါးပါးနှင့်ပြိုင်၍ဖြစ်နိုင်သော်လည်း ရေတွက်၍လွယ်ကူစေခြင်းငှါ စိတ်၏ဖြစ်ရာ စိတ်၏ဥပါဒ်ခဏဌာ၌ရှေးကဖြစ်ခဲ့မြဲ ကမ္မဇကလာပ် ၁၅၃ စည်းတွင် ဤဓိဝိတနဝကကလာပ်ကိုထည့်၍ ၁၅၄ စည်းရှိ၏၊ ဋ္ဌီခဏ၌ ၁၅၅ စည်း, ဘင်ခဏ၌ ၁၅၆ စည်း, ဤသို့စသည်ဖြင့်ခဏတိုင်းတိုးသောကြောင့်ဓိဝိတနဝကကလာပ်စ၍ဖြစ်ပြီးနောက် ခဏငယ် ၅၁ ချက်ခန့်သို့ရောက်သည့်အခါ ကမ္မဇကလာပ်ပေါင်း ၂၀၄ စည်းရှိ၏။ ထိုတွင်ဖြစ်ဆဲ၄ စည်း,ပျက်ဆဲ ၄ စည်း,တည်ဆဲ၁၉၆ စည်းဟု, ခွဲခြားပြီးလျှင် စက္ခုစသည်တို့ မဖြစ်သေးသမျှ နောက်ကာလ၌ ဤအတိုင်းပင် မယုတ်မလွန် ရှိကြလေသည်။

စိတ္တဇကလာပ်ကား ၁၇ စည်းသာတည်း။ဓိဝိတနဝကကလာပ်ဥပါဒ်၍ဋ္ဌီသို့ရောက်သည့်အခါ ဓိဝိတနဝကကလာပ်တွင်ပါဝင်သော ဥတုက ဥတုဇကလာပ်ကို ဖြစ်စေပြန်သောကြောင့်ရှေးကဖြစ်ခဲ့မြဲ ဥတုဇကလာပ်၁၇၀ နှင့်တကွ ဥတုဇကလာပ်ပေါင်း ၁၇၁ စည်းရှိ၏။ ဤသို့လျှင် ခဏတိုင်းခဏတိုင်း၌ ဓိဝိတနဝကကလာပ်က ထပ်၍ထပ်၍ ဥပါဒ်လေရာ ဋ္ဌီသို့အရောက်အရောက်မှာ ကမ္မပစ္စယဥတုဇကလာပ်တစည်းလည်းထပ်၍ထပ်၍ တိုးပွားလေသည်၊ ထိုကဲ့သို့ တိုးပွား၍ ခဏငယ် ၅၁ ချက်ခန့်သို့ အသီးသီးရောက်သည့်အခါ ပဌမဆုံးဖြစ်သော ဓိဝိတနဝကကလာပ်နှင့် ထို ဓိဝိတနဝကကလာပ်၏ အဆက်အသွယ်ဖြစ်သော ဥတုဇကလာပ်လည်း ချုပ်၏။ ထို ပဌမဆုံး ဓိဝိတနဝကကလာပ် ရုပ်သက်စေသည့်အခါ ဥတုဇကလာပ် ၂၂၀ ရှိ၏။ ထို့နောက် ခိတ်၏ဥပါဒ်ခဏ၌ ဒိဝိတနဝက၏ အဆက်အသွယ်ဖြစ်သော ကမ္မပစ္စယဥတုဇကလာပ် တစည်းတိုးပြန်သဖြင့် ၂၂၁ စည်းရှိ၏၊ ထို့နောက် ဥတုဇကလာပ်များ အတိုးအဆုတ်မရှိသေး၊ ထို ၂၂၁ စည်းတွင် ဖြစ်ဆဲ ကမ္မပစ္စယဥတုဇကလာ် ၄ စည်း, (စိတ္တပစ္စယဥတုဇတို့က

စိတ်၏ ဥပါဒ်တိုင်းချုပ်သောကြောင့်) ချုပ်ဆဲ ၅ စည်း, တည်ဆဲ ၂၁၂ စည်း ပါဝင်၏၊ စိတ်၏ ဌီခဏ၌(စိတ္တပစ္စယဥတုဇကလာပ်တစည်း အမြဲဖြစ်သောကြောင့် ဖြစ်ဆဲ ၅ စည်း, ချုပ်ဆဲ ၄ စည်း တည်ဆဲ ၂၁၂ စည်း ပါဝင်၏၊ စိတ်၏ ဘင်ခဏ၌ (စိတ္တပစ္စယဥတုဇတို့က အဖြစ်အပျက် မရှိသောကြောင့်) ဖြစ်ဆဲ၄ စည်း,ချုပ်ဆဲ ၄ စည်း, တည်ဆဲ ၂၁၃ စည်း ပါဝင်သည်ဟု ခဏတိုင်းမှာ သတိပြု၍ ဇိတိပုံကို ကြည့်ရှုပါလေ။

**အာဟာရဇကလာပ်။** ။ပဋိသန္ဓေတည်ပြီးနောံ တသတ္တာဟ ၂ သတ္တာဟလွန်မှ အာဟာရဇကလာပ်ဖြစ်သည်ဟု ပြောဆိုရိုးရှိ၏၊ ဤကျမ်း၏အယူအဆကို ရူပပဝတ္တိက္ကမ ဘာသာဋီကာ၌ ပြခဲ့ပြီ။] "ဩဇာ သင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာနရူပံ အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ' ဟူသည်နှင့်အညီ မိခင် စားအပ်သော အာဟာရဩဇာသည် သူငယ်၏ကိုယ်၌ ပြန့်နှံ့သည့်အခါ ထိုအစာ၌ ပါသော ဩဇာသည် ဥပါဒ်ပြီးနောက် ဋ္ဌီသို့ရောက်လျှင် အာဟာရဇကလာပ်ကို ဖြစ်စေ၏၊ ထိုအာဟာရဇကလာပ်သည် စိတ်၏ ဥပါဒ် ဋ္ဌီ ဘင် ခဏ ၃ ပါးတွင် တပါးပါးသော ခဏ၌ပင် ဖြစ်နိုင်သော်လည်း မှတ်သား၍ လွယ်ကူစေခြင်းငှါ စိတ်၏ ဥပါဒ်ခဏ၌ စ၍ဖြစ်သည်ဟု ယူကြစို့၊စားမျို အပ်သော အာဟာရ၌ ဩဇာအသစ်ဖြစ်လျက် ရှိသောကြောင့် စိတ်၏ ခဏတိုင်း၌ အာဟာရဇကလာပ်များလည်း အမြဲဥပါဒ်လျက်ရှိသည်၊ ထို့ကြောင့် ပဌမစ၍ဖြစ်ရာ စိတ်၏ဥပါဒ်ခဏ၌ အာဟာရဇကလာပ်တစည်း, ဋ္ဌီခဏ၌ ၂ စည်း, ဘင်ခဏ၌ ၃ စည်း ဤသို့စသည်ဖြင့် တိုးပွား၍ပဌမဆုံးဖြစ်သော အာဟာရဇကလာပ်တို့ ခဏငယ် ၅၁ ချက်စေ့သည့်အခါ အာဟာရဇကလာပ်ပေါင်း ၅၁ စည်းရ၏၊ ထိုတွင် ဖြစ်ဆဲတစည်း, ချုပ်ဆဲတစည်း,တည်ဆဲ ၄၉ .စည်းတည်း၊ ဤနည်းအားဖြင့် ခန္ဓာကိုယ်၌ အာဟာရဇကလာပ် အတိုးအဆုတ် မရှိ ၅၁ စည်းသာ ရနိုင်လေသည်။

ကမ္မဇ စိတ္တဇ ကလာပ်များ အတိုးအဆုတ် မရှိသေး၊ ဥတုဇကလာပ်ကား အာဟာရဇကလာပ် ပဌမဖြစ်ပြီးနောံ ဋ္ဌီခဏသို့ရောက်လျှင် ရှေးက

ရှိသော ၂၂ စည်းတွင် ဥတုဇကလာပ်တစည်းတိုး၏၊ ဤနည်းအားဖြင့် အာဟာရနှင့်ဆက်သွယ်၍ဖြစ်သော အာဟာရပစ္စယဥတုဇကလာပ်သည် ခဏတိုင်း တစည်းတစည်းတိုးပွားလျက် ခဏငယ် ၅၁ ချက်ခန့်စေအောင် ၅၁ စည်း တိုးပွားလေသည်၊ ထိုအခါ၌ ဥတုဇကလာပ်ပေါင်း ၂၇၂ စည်းရှိ၏၊ ထိုကလာပ်တို့၏ဖြစ်ဆဲ တည်ဆဲ ချုပ်ဆဲများကိုလည်း ခွဲခြားစိစစ်လေ၊ ဤမှနောက်၌ စက္ခုစသည် မဖြစ်သမျှ စတုဇကလာပ်များ အတိုးအဆုတ် မရှိကြောင်းကို ဝိထိပုံကြည့်၍ သိပါလေ။

**စက္ခာဒိစတုက္ကတို့ဖြစ်ရာအခါ။** ။အဋ္ဌကထာ မူလဋီကာတို့အလို အားဖြင့် စက္ခု သောတ ဃာန ဇိဝှါ ပသာဒ ဟူသော ကမ္မဇကလာပ် ၄ ဝည်းသည် ကောဒသမသတ္တာဟ၌ မရှေးမနှောင်းဖြစ်ကြ၏၊ တပြိုင်နက် တခဏတည်း၌ မည်သည့်နည်းနှင့်မျှဖြစ်ခွင့်မရှိ၊ သို့ရာတွင် မှတ်သား၍ လွယ်ကူစေခြင်းငှါ စိတ်၏ဥပါဒ်ခဏ၌ တပြိုင်နက်ဖြစ်သည်–ဟု ယူကြစို့ ကမ္မဇကလာပ်တိုးလျှင် ကမ္မပစ္စယဥတုဇကလာပ်လည်း ဌီခဏ၌ တိုးသည် ဟုအမြဲမှတ်၊ ထို့ကြောင့် စ၍ဖြစ်ရာ စိတ်၏ ဥပါဒ်ခဏ၌ ရှေးရှိသော ကမ္မဇကလာပ် ၂၀၄ စည်းတွင် နောက်ထပ် ၄ စည်းတိုး၍ ၂၀၈ စည်း ဥတုဇကလာပ်ကား ၂၇၂ စည်းပင် ရှိသေး၏၊ ဌီခဏ၌ ကမ္မဇကလာပ် ၂၁၂ စည်း ဥတုဇကလာပ် ၂၇၆ စည်း,ဘင်ခဏ၌ ကမ္မဇကလာပ် ၂၁၆ စည်း, ဥတုဇကလာပ် ၂၈၀, ဤသို့လျှင် ခဏငယ် ၅၁ ချက်စေအောင် ၄ စည်းစီ တိုးပွားလေရာ ခဏငယ် ၅၁ ချက် စေသည့်အခါ ကမ္မဇကလာပ် ၄၀၈ စည်းရှိ၍ ထို့နောက် ခဏ၌ ဥတုဇကလာပ် ၄၇၆ စည်း ရှိ၏၊ ဖြစ်ဆဲ, ချုပ်ဆဲ, တည်ဆဲကလာပ်များကိုလည်း နည်းမှီ၍ သိလောက်ပြီ၊ ထိုမှနောက်၌ စတုဇကလာပ်တို့ ပဉ္စဝိညာဏဝီထိနှင့် နိရောဓသမာပတ် ဝင်စားသည့်အခါ မဟုတ်သမျှ အတိုး အဆုတ် မရှိကြောင်းကို ဝိထိပုံကြည့်၍ သိပါလေ။

**ပဉ္စဝိညာဏဝီထိဖြစ်သည့်အခါ။** ။ ပဉ္စဝိညာဏ်တို့သည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ပဉ္စဝိညာဏ်ဥပါဒ်ခိုက်၌ စိတ္တဇကလာပ် ၁၆

စည်းသာရ၏၊ ထိုတွင် တည်ဆဲ ၁၅ စည်း, ချုပ်ဆဲတစည်းသာဖြစ်သော ကြောင့် ပဋိသန္ဓေ၏ ဥပါဒ်မှစ၍ ၁၇ ချက်မြောက် စိတ်၏ ဘင်တိုင် အောင် စိတ္တဇကလာပ် ၁၆ စည်းသာရသည်၊ ထို၁၇ချက်မြောက် စိတ်၏ ဘင်ခဏ၌ကား ချုပ်ဆဲမရှိ ၁၆ စည်းလုံး တည်ဆဲသာဖြစ်၍ ၁၈ ချက် မြောက် စိတ်ဥပါဒ်သည့်အခါ စိတ္တဇကလာပ်တစည်း တိုးပြန်သောကြောင့် ၁၇ စည်း ဖြစ်မြဲဖြစ်ပြန်၏၊ ထိုမှ နောက်၌ အတိုးအဆုတ် မရှိသေး။

**နိရောဓသမာပတ်အခါ**။ ။နိရောဓသမာပတ္တိအခါ စိတ်မရှိသော ကြောင့် နေဝသညာ နာသညာယတနဇော၏ ဘင်ခဏ၌ စိတ္တဇကလာပ် ၁၇ စည်းရှိ၏၊ ထို့နောက် ခဏငယ် ၃ ချက်ခန့် အကြာအကြာဝယ် စိတ္တဇကလာပ် တစည်းစီ လျော့သောကြောင့် နေဝသညာ နာသညာ ယတနဇောနောင် စိတ္တက္ခဏ ၁၆ ချက်ခန့်ကြာသည့်အခါ စိတ္တဇကလာပ် အားလုံး ချုပ်ဆုံးလေ၏၊ သမာပတ်မှထသည့်အခါ အနာဂါမိဖိုလ် (သို့ မဟုတ် အရဟတ္တဖိုလ်) ဇော၏ဥပါဒ်မှစ၍ တစည်းတစည်း ဖြစ်ပြန်ရာ, စိတ္တက္ခဏ ၁၇ ချက်ခန့်ကြာလျှင် စိတ္တဇကလာပ်ပေါင်း ၁၇ စည်းဖြစ်မြဲ ဖြစ်ပြန်၏၊ ဥတုဇကလာပ်တို့မှာ စိတ္တဇကလာပ်၏ အတိုးအဆုတ်အတိုင်း တိုးကြ ဆုတ်ကြလေသည်၊ ကမ္မဇကလာပ်တို့ကား မရဏာသန္နအခါသို့ မရောက်သမျှ အတိုးအဆုတ် မရှိကြတော့ပြီ။

**မရဏာသန္နအခါ**။ ။ဤပြခဲ့ပြီးသော ကမ္မဇရုပ်အစဉ် စိတ္တဇရုပ်အစဉ် အာဟာရဇရုပ်အစဉ် ဥတုဇရုပ်အစဉ်ကို ရည်ရွယ်၍ "ဧတုသမုဋ္ဌာန ရူပ ကလာပသန္တတိ ကာမလောကေ ဒီပဇာလာဝိယ နဒီသောတောဝိယစ ယာဝတာယုက မဗ္ဗောစ္ဆိန္နာ ပဝတ္တတိ"ဟု မိန့်ဆိုပေသည်၊ ဤ စတု သမုဋ္ဌာနရုပ်ကလာပ်အစဉ်ကိုပင် "ကိုယ်" ဟုခေါ်၍, ထိုရုပ်ကလာပ်အစဉ် ဟူသောကိုယ်၌ ကိလေသာ အနုသယဓာတ်တို့ ကိန်းဝပ်လျက်ရှိသော ကြောင့် ဆိုင်ရာအာရုံနှင့်တွေ့ကြုံသည့်အခါ ထိုကိလေသာအနုသယဓာတ် တို့မှ ထကြွသောင်းကြမ်းလျက် မကောင်းကာဏ်းလှသော အကုသိုလ်ဇွေ စုဆောင်း တည်ထောင်နေစဉ်ပင် ယ ၂င်ရုပ်ကလာပ်တို့ ချုပ်ပြတ်ဘို့အချိန်

ရောက်သည့်အခါ..."မရဏကာလေ ပန စုတိစိတ္တော ပရိ သတ္တရသမ စိတ္တာသ ဋ္ဌိတိကာလမုပါဒါယ ကမ္မဇရူပါနိ နုပ္ပဇ္ဇန္တိ" ဟူသည်နှင့်အညီ, စုတိစိတ်မှအထက် ၁၇ ချက်မြောက်စိတ်၏ ဋ္ဌိခဏလောက်ကစ၍ ကမ္မဇ ရုပ်သစ်များ မဖြစ်တော့ရကား ချုပ်လေပြီးသော ၈ စည်းအတွက် လျော့၍ လျော့၍ ရေတွက်ရာ စုတိစိတ်၏ဘင်ခဏ၌ ကမ္မဇရုပ်အားလုံး ပြတ်ပြတ် ပြန်းလျက် ချုပ်ဆုံးရလေတော့သည်။

ထို့နောက် စိတ္တဇကလာပ်များလည်း စုတိစိတ်နောက် အသစ်မဖြစ်တော့ရကား ချုပ်လေပြီးအတွက် တစည်းတစည်းလျော့၍ ရေတွက်ရာ စုတိ စိတ်နောက် ခဏငယ် ၄၈ ချက်မြောက်၌ စိတ္တဇကလာပ် ပြတ်လေ တော့၏၊ အာဟာရဇကလာပ်မှာ စုတိစိတ်၏ဘင်တိုင်အောင် ဖြစ်နိုင်ကြ သေးသဖြင့် စုတိစိတ်နောက် ခဏငယ် ၅၀ ခန့်လောက်ကြာမှ ပြတ်လေ သည်၊ ဥတုဇကလာပ်တို့ကား "ယာဝမတကဠေဝရသခါတာ မဝတ္တန္တိ" ဟူသည့်အတိုင်း အလောင်းကောင်အနေသို့ ရောက်ရှုံတွင်မက အရိုးဆွေး ၍ မြေလှေး မြေမှုန်း မြေသားအဖြစ်ဖြင့် ကြွင်းကျန်ရစ်လေသတည်း။

[သံသေဒဇ ဩပပါတိကတို့၏ ရူပကလာပသန္တတိကိုလည်း ဤနည်း ကို မှီးလျက် အဖြစ်အပျက်ကို နားလည်နိုင်လောက်ပြီ။]

အနာဒိကောယံ သံသရော, ပုဗ္ဗကောဋိ န နာယတိ၊
ဓဝံ ဒီဃရတ္တံ ဒုက္ခံ, တိဗ္ဗံ ပစ္စနုဘူတကံ၊
ဗျသနံ ပစ္စနုဘူတံ, ကဋသီ ဝဍ္ဎိတာ ဇဟုံ၊
ယာဝဉ္စ သဗ္ဗသင်္ခါရေ, အလမေဝ နိဗ္ဗိန္ဒိတုံ၊
အလံ ဝိရဇ္ဇိတုံ, အလံ ဝိမုစ္စိတုံ။

------

ပဋိသန္ဓေ တည်ခါစ၌ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ ကလာပ် | စိတ္တဇ ကလာပ် | ဥတုဇ ကလာပ် | ၃ ရ ကလာပ် |
|---|---|---|---|---|---|
| | ဥပါဒ် | ၃ | + | + | ၃ |
| ဋီ | ဋီ | ၆ | + | ၃ | ၉ |
| | ဘင် | ၉ | + | ၆ | ၁၅ |
| | ဥပါဒ် | ၁၂ | ၁ | ၉ | ၂၂ |
| ၁ ဘ | ဋီ | ၁၅ | ၁ | ၁၃ | ၂၉ |
| | ဘင် | ၁၈ | ၁ | ၁၆ | ၃၅ |
| | ဥပါဒ် | ၂၁ | ၂ | ၁၉ | ၄၂ |
| ၂ ဘ | ဋီ | ၂၄ | ၂ | ၂၃ | ၄၉ |
| | ဘင် | ၂၇ | ၂ | ၂၆ | ၅၅ |
| | ဥပါဒ် | ၃၀ | ၃ | ၂၉ | ၆၂ |
| ၃ ဘ | ဋီ | ၃၃ | ၃ | ၃၃ | ၆၉ |
| | ဘင် | ၃၆ | ၃ | ၃၆ | ၇၅ |
| | ဥပါဒ် | ၃၉ | ၄ | ၃၉ | ၈၂ |
| ၄ ဘ | ဋီ | ၄၂ | ၄ | ၄၃ | ၈၉ |
| | ဘင် | ၄၅ | ၄ | ၄၆ | ၉၅ |
| | ဥပါဒ် | ၄၈ | ၅ | ၄၉ | ၁၀၂ |
| ၅ ဘ | ဋီ | ၅၁ | ၅ | ၅၃ | ၁၀၉ |
| | ဘင် | ၅၄ | ၅ | ၅၆ | ၁၁၅ |
| | ဥပါဒ် | ၅၇ | ၆ | ၅၉ | ၁၂၂ |
| ၆ ဘ | ဋီ | ၆၀ | ၆ | ၆၃ | ၁၂၉ |
| | ဘင် | ၆၃ | ၆ | ၆၆ | ၁၃၅ |

| စိက် | ခဏ | ကမ္မဇ | စိတ္တဇ | ဥတုဇ | ၃ စုကလာပ် |
|---|---|---|---|---|---|
| | ဥပါဒ် | ၆၆ | ၇ | ၆၉ | ၁၄၂ |
| ၇ ဘ | ဋ္ဌီ | ၆၉ | ၇ | ၇၃ | ၁၄၉ |
| | ဘင် | ၇၂ | ၇ | ၇၆ | ၁၅၅ |
| | ဥပါဒ် | ၇၅ | ၈ | ၇၉ | ၁၆၂ |
| ၈ ဘ | ဋ္ဌီ | ၇၈ | ၈ | ၈၃ | ၁၆၉ |
| | ဘင် | ၈၁ | ၈ | ၈၆ | ၁၇၅ |
| | ဥပါဒ် | ၈၄ | ၉ | ၈၉ | ၁၈၂ |
| ၉ ဘ | ဋ္ဌီ | ၈၇ | ၉ | ၉၃ | ၁၈၉ |
| | ဘင် | ၉၀ | ၉ | ၉၆ | ၁၉၅ |
| | ဥပါဒ် | ၉၃ | ၁၀ | ၉၉ | ၂၀၂ |
| ၁၀ ဘ | ဋ္ဌီ | ၉၆ | ၁၀ | ၁၀၃ | ၂၀၉ |
| | ဘင် | ၉၉ | ၁၀ | ၁၀၆ | ၂၁၅ |
| | ဥပါဒ် | ၁၀၂ | ၁၁ | ၁၀၉ | ၂၂၂ |
| ၁၁ ဘ | ဋ္ဌီ | ၁၀၅ | ၁၁ | ၁၁၃ | ၂၂၉ |
| | ဘင် | ၁၀၈ | ၁၁ | ၁၁၆ | ၂၃၅ |
| | ဥပါဒ် | ၁၁၁ | ၁၂ | ၁၁၉ | ၂၄၂ |
| ၁၂ ဘ | ဋ္ဌီ | ၁၁၄ | ၁၂ | ၁၂၃ | ၂၄၉ |
| | ဘင် | ၁၁၇ | ၁၂ | ၁၂၆ | ၂၅၅ |
| | ဥပါဒ် | ၁၂၀ | ၁၃ | ၁၂၉ | ၂၆၂ |
| ၁၃ ဘ | ဋ္ဌီ | ၁၂၃ | ၁၃ | ၁၃၃ | ၂၆၉ |
| | ဘင် | ၁၂၆ | ၁၃ | ၁၃၆ | ၂၇၅ |
| | ဥပါဒ် | ၁၂၉ | ၁၄ | ၁၃၉ | ၂၈၂ |
| ၁၄ ဘ | ဋ္ဌီ | ၁၃၂ | ၁၄ | ၁၄၃ | ၂၈၉ |
| | ဘင် | ၁၃၅ | ၁၄ | ၁၄၆. | ၉၅ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | ဥတုဇ | ၃ စုကလာပ် |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၃၈ | ၁၅ | ၁၄၉ | ၃၀၂ |
| ၁၅ ဘ | ဋ္ဌီ | ၁၄၁ | ၁၅ | ၁၅၃ | ၃၀၉ |
| | ဘင် | ၁၄၄ | ၁၅ | ၁၅၆ | ၃၁၅ |
| | ဥပါဒ် | ၁၄၇ | ၁၆ | ၁၅၉ | ၃၂၂ |
| ၁၆ ဘ | ဋ္ဌီ | ၁၅၀ | ၁၆ | ၁၆၃ | ၃၂၉ |
| | ဘင် | ၁၅၃ | ၁၆ | ၁၆၆ | ၃၃၅ |
| | ဥပါဒ် | ၁၅၃ | ၁၇ | ၁၆၉ | ၃၃၉ |
| ၁၇ ဘ | ဋ္ဌီ | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဘင် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဥပါဒ် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| ၁၈ ဘ | ဋ္ဌီ | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဘင် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |

ဇီဝိတနဝက ကလာပ်စ၍ ဖြစ်သည့်အခါ ဝိထိပုံ

| | | | | | |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၅၄ | ၁၇ | ၁၇၀ | ၃၄၁ |
| စိတ် | ဋ္ဌီ | ၁၅၅ | ၁၇ | ၁၇၁ | ၃၄၃ |
| | ဘင် | ၁၅၆ | ၁၇ | ၁၇၂ | ၃၄၅ |
| | ဥပါဒ် | ၁၅၇ | ၁၇ | ၁၇၃ | ၃၄၇ |
| စိတ် | ဋ္ဌီ | ၁၅၈ | ၁၇ | ၁၇၄ | ၃၄၉ |
| | ဘင် | ၁၅၉ | ၁၇ | ၁၇၅ | ၃၅၁ |
| | ဥပါဒ် | ၁၆၀ | ၁၇ | ၁၇၆ | ၃၅၃ |
| စိတ် | ဋ္ဌီ | ၁၆၁ | ၁၇ | ၁၇၇ | ၃၅၅ |
| | ဘင် | ၁၆၂ | ၁၇ | ၁၇၈ | ၃၅၇ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | ဥတုဇ | ၃ စုကလာပ် |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၆၃ | ၁၇ | ၁၇၉ | ၃၅၉ |
| စိတ် | ဋ္ဌီ | ၁၆၄ | ၁၇ | ၁၈၀ | ၃၆၁ |
| | ဘင် | ၁၆၅ | ၁၇ | ၁၈၁ | ၃၆၃ |
| | ဥပါဒ် | ၁၆၆ | ၁၇ | ၁၈၂ | ၃၆၅ |
| စိတ် | ဋ္ဌီ | ၁၆၇ | ၁၇ | ၁၈၃ | ၃၆၇ |
| | ဘင် | ၁၆၈ | ၁၇ | ၁၈၄ | ၃၆၉ |
| | ဥပါဒ် | ၁၆၉ | ၁၇ | ၁၈၅ | ၃၇၁ |
| စိတ် | ဋ္ဌီ | ၁၇၀ | ၁၇ | ၁၈၆ | ၃၇၃ |
| | ဘင် | ၁၇၁ | ၁၇ | ၁၈၇ | ၃၇၅ |
| | ဥပါဒ် | ၁၇၂ | ၁၇ | ၁၈၈ | ၃၇၇ |
| စိတ် | ဋ္ဌီ | ၁၇၃ | ၁၇ | ၁၈၉ | ၃၇၉ |
| | ဘင် | ၁၇၄ | ၁၇ | ၁၉၀ | ၃၈၀ |
| | ဥပါဒ် | ၁၇၅ | ၁၇ | ၁၉၀ | ၃၈၃ |
| စိတ် | ဋ္ဌီ | ၁၇၆ | ၁၇ | ၁၉၂ | ၃၈၅ |
| | ဘင် | ၁၇၇ | ၁၇ | ၁၉၃ | ၃၈၇ |
| | ဥပါဒ် | ၁၇၈ | ၁၇ | ၁၉၄ | ၃၈၉ |
| စိတ် | ဋ္ဌီ | ၁၇၉ | ၁၇ | ၁၉၅ | ၃၉၁ |
| | ဘင် | ၁၈၀ | ၁၇ | ၁၉၆ | ၃၉၃ |
| | ဥပါဒ် | ၁၈၁ | ၁၇ | ၁၉၇ | ၃၉၅ |
| စိတ် | ဋ္ဌီ | ၁၈၂ | ၁၇ | ၁၉၈ | ၃၉၇ |
| | ဘင် | ၁၈၃ | ၁၇ | ၁၉၉ | ၃၉၉ |
| | ဥပါဒ် | ၁၈၄ | ၁၇ | ၂၀၀ | ၄၀၁ |
| စိတ် | ဋ္ဌီ | ၁၈၅ | ၁၇ | ၂၀၁ | ၄၀၃ |
| | ဘင် | ၁၈၆ | ၁၇ | ၂၀၂ | ၄၀၅ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | ဥတုဇ | ၃ စုကလာပ် |
|---|---|---|---|---|---|
| | ဥပါဒ် | ၁၈၇ | ၁၇ | ၂၀၃ | ၄၀၇ |
| စိတ် | ဋ္ဌီ | ၁၈၈ | ၁၇ | ၂၀၄ | ၄၀၉ |
| | ဘင် | ၁၈၉ | ၁၇ | ၂၀၅ | ၄၁၁ |
| | ဥပါဒ် | ၁၉၀ | ၁၇ | ၂၀၆ | ၄၁၃ |
| စိတ် | ဋ္ဌီ | ၁၉၁ | ၁၇ | ၂၀၇ | ၄၁၅ |
| | ဘင် | ၁၉၂ | ၁၇ | ၂၀၈ | ၄၁၇ |
| | ဥပါဒ် | ၁၉၃ | ၁၇ | ၂၀၉ | ၄၁၉ |
| စိတ် | ဋ္ဌီ | ၁၉၄ | ၁၇ | ၂၁၀ | ၄၂၁ |
| | ဘင် | ၁၉၅ | ၁၇ | ၂၁၁ | ၄၂၃ |
| | ဥပါဒ် | ၁၉၆ | ၁၇ | ၂၁၂ | ၄၂၅ |
| စိတ် | ဋ္ဌီ | ၁၉၇ | ၁၇ | ၂၁၃ | ၄၂၇ |
| | ဘင် | ၁၉၈ | ၁၇ | ၂၁၄ | ၄၂၉ |
| | ဥပါဒ် | ၁၉၉ | ၁၇ | ၂၁၅ | ၄၃၁ |
| စိတ် | ဋ္ဌီ | ၂၀၀ | ၁၇ | ၂၁၆ | ၄၃၃ |
| | ဘင် | ၂၀၁ | ၁၇ | ၂၁၇ | ၄၃၅ |
| | ဥပါဒ် | ၂၀၂ | ၁၇ | ၂၁၈ | ၄၃၇ |
| စိတ် | ဋ္ဌီ | ၂၀၃ | ၁၇ | ၂၁၉ | ၃၃၉ |
| | ဘင် | ၂၀၄ | ၁၇ | ၂၂၀ | ၄၄၀ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၂၂၁ | ၄၄၂ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၂၂၁ | ၄၄၂ |
| | ဘင် | ၂၀၄ | ၁၇ | ၂၂၁ | ၄၄၂ |

## အာဟာရဇကလာပ် စ၍ဖြစ်သည့်အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ စု ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁ | ၂၂၁ | ၄၄၃ |
| စိတ် | ဋ္ဌိ | ၂၀၄ | ၁၇ | ၂ | ၂၂၂ | ၄၄၅ |
| | ဘင် | ၂၀၄ | ၁၇ | ၃ | ၂၂၃ | ၄၄၇ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄ | ၂၂၄ | ၄၄၉ |
| စိတ် | ဋ္ဌိ | ၂၀၄ | ၁၇ | ၅ | ၂၂၅ | ၄၅၁ |
| | ဘင် | ၂၀၄ | ၁၇ | ၆ | ၂၂၆ | ၄၅၃ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၇ | ၂၂၇ | ၄၅၅ |
| စိတ် | ဋ္ဌိ | ၂၀၄ | ၁၇ | ၈ | ၂၂၈ | ၄၅၇ |
| | ဘင် | ၂၀၄ | ၁၇ | ၉ | ၂၂၉ | ၄၅၉ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၀ | ၂၃၀ | ၄၆၁ |
| စိတ် | ဋ္ဌိ | ၂၀၃ | ၁၇ | ၁၁ | ၂၃၁ | ၄၆၃ |
| | ဘင် | ၂၀၄ | ၁၇ | ၁၂ | ၂၃၂ | ၄၆၅ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၃ | ၂၃၃ | ၄၆၇ |
| စိတ် | ဋ္ဌိ | ၂၀၄ | ၁၇ | ၁၄ | ၂၃၄ | ၄၆၉ |
| | ဘင် | ၂၀၄ | ၁၇ | ၁၅ | ၂၃၅ | ၄၇၁ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၆ | ၂၃၆ | ၄၇၃ |
| စိတ် | ဋ္ဌိ | ၂၀၄ | ၁၇ | ၁၇ | ၂၃၇ | ၄၇၅ |
| | ဘင် | ၂၀၄ | ၁၇ | ၁၈ | ၂၃၈ | ၄၇၇ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၁၉ | ၂၃၉ | ၄၇၉ |
| စိတ် | ဋ္ဌိ | ၂၀၄ | ၁၇ | ၂၀ | ၂၄၀ | ၄၈၁ |
| | ဘင် | ၂၀၄ | ၁၇ | ၂၁ | ၂၄၁ | ၄၈၃ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ဖု ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၄ | ၁၇ | ၂၂ | ၂၄၂ | ၄၈၅ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၂၃ | ၂၄၃ | ၄၈၇ |
| | ဘင် | ၂၀၄ | ၁၇ | ၂၄ | ၂၄၄ | ၄၈၉ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၂၅ | ၂၄၅ | ၄၉၁ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၂၆ | ၂၄၆ | ၄၉၃ |
| | ဘင် | ၂၀၄ | ၁၇ | ၂၇ | ၃၄၇ | ၄၉၅ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၂၈ | ၂၄၈ | ၄၉၇ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၂၉ | ၂၄၉ | ၄၉၉ |
| | ဘင် | ၂၀၄ | ၁၇ | ၃၀ | ၂၅၀ | ၅၀၁ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၃၁ | ၂၅၁ | ၅၀၃ |
| စိတ် | ဋ္ဌီ | ၂၀၃ | ၁၇ | ၃၂ | ၂၅၂ | ၅၀၅ |
| | ဘင် | ၂၀၄ | ၁၇ | ၃၃ | ၂၅၃ | ၅၀၇ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၃၄ | ၂၅၄ | ၅၀၉ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၃၅ | ၂၅၅ | ၅၁၁ |
| | ဘင် | ၂၀၄ | ၁၇ | ၃၆ | ၂၅၆ | ၅၁၃ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၃၇ | ၂၅၇ | ၅၁၅ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၃၈ | ၂၅၈ | ၅၁၇ |
| | ဘင် | ၂၀၄ | ၁၇ | ၃၉ | ၂၅၉ | ၅၁၉ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၀ | ၂၆၀ | ၅၂၁ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၄၁ | ၂၆၁ | ၅၂၃ |
| | ဘင် | ၂၀၄ | ၁၇ | ၄၂ | ၂၆၂ | ၅၂၅ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ရိ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၃ | ၂၆၃ | ၅၂၇ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၄၄ | ၂၆၄ | ၅၂၉ |
| | ဘင် | ၂၀၄ | ၁၇ | ၄၅ | ၂၆၅ | ၅၃၁ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၆ | ၂၆၆ | ၅၃၃ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၄၇ | ၂၆၇ | ၅၃၅ |
| | ဘင် | ၂၀၄ | ၁၇ | ၄၈ | ၂၆၈ | ၅၃၇ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၄၉ | ၂၆၉ | ၅၃၉ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၅၀ | ၂၇၀ | ၅၄၁ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁ | ၂၇၁ | ၅၄၃ |
| | ဥပါဒ် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| စိတ် | ဋ္ဌီ | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |

**စက္ခာဒိစတုက္ကကလာပ် စျဲဖြစ်သည့်အခါ ဝီထိပုံ**

| | | | | | | |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၀၈ | ၁၇ | ၅၁ | ၂၇၂ | ၅၄၈ |
| စိတ် | ဋ္ဌီ | ၂၁၂ | ၁၇ | ၅၁ | ၂၇၆ | ၅၅၆ |
| | ဘင် | ၂၁၆ | ၁၇ | ၅၁ | ၂၈၀ | ၅၆၄ |
| | ဥပါဒ် | ၂၂၀ | ၁၇ | ၅၁ | ၂၈၄ | ၅၇၂ |
| စိတ် | ဋ္ဌီ | ၂၂၄ | ၁၇ | ၅၁ | ၂၈၈ | ၅၈၀ |
| | ဘင် | ၂၂၈ | ၁၇ | ၅၁ | ၂၉၂ | ၅၈၈ |
| | ဥပါဒ် | ၂၃၂ | ၁၇ | ၅၁ | ၂၉၆ | ၅၉၆ |
| စိတ် | ဋ္ဌီ | ၂၃၆ | ၁၇ | ၅၁ | ၃၀၀ | ၆၀၄ |
| | ဘင် | ၂၄၀ | ၁၇ | ၅၁ | ၃၀၄ | ၆၁၂ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၉ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၂၄၄ | ၁၇ | ၅၁ | ၃၀၈ | ၆၂၀ |
| စိတ် | ဌီ | ၂၄၈ | ၁၇ | ၅၁ | ၃၁၂ | ၆၂၈ |
| | ဘင် | ၂၅၂ | ၁၇ | ၅၁ | ၃၁၆ | ၆၃၆ |
| | ဥပါဒ် | ၂၅၆ | ၁၇ | ၅၁ | ၃၂၀ | ၆၄၄ |
| စိတ် | ဌီ | ၂၆၀ | ၁၇ | ၅၁ | ၃၂၄ | ၆၅၂ |
| | ဘင် | ၂၆၄ | ၁၇ | ၅၁ | ၃၂၈ | ၆၆၀ |
| | ဥပါဒ် | ၂၆၈ | ၁၇ | ၅၁ | ၃၃၂ | ၆၆၈ |
| စိတ် | ဌီ | ၂၇၂ | ၁၇ | ၅၁ | ၃၃၆ | ၆၇၆ |
| | ဘင် | ၂၇၆ | ၁၇ | ၅၁ | ၃၄၀ | ၆၈၄ |
| | ဥပါဒ် | ၂၈၀ | ၁၇ | ၅၁ | ၃၄၄ | ၆၉၂ |
| စိတ် | ဌီ | ၂၈၄ | ၁၇ | ၅၁ | ၃၄၈ | ၇၀၀ |
| | ဘင် | ၂၈၈ | ၁၇ | ၅၁ | ၃၅၂ | ၇၀၈ |
| | ဥပါဒ် | ၂၉၂ | ၁၇ | ၅၁ | ၃၅၆ | ၇၁၆ |
| စိတ် | ဌီ | ၂၉၆ | ၁၇ | ၅၁ | ၃၆၀ | ၇၂၄ |
| | ဘင် | ၃၀၀ | ၁၇ | ၅၁ | ၃၆၄ | ၇၃၂ |
| | ဥပါဒ် | ၃၀၄ | ၁၇ | ၅၁ | ၃၆၈ | ၇၄၀ |
| စိတ် | ဌီ | ၃၀၈ | ၁၇ | ၅၁ | ၃၇၂ | ၇၄၈ |
| | ဘင် | ၃၁၂ | ၁၇ | ၅၁ | ၃၇၆ | ၇၅၆ |
| | ဥပါဒ် | ၃၁၆ | ၁၇ | ၅၁ | ၃၈၀ | ၇၆၄ |
| စိတ် | ဌီ | ၃၂၀ | ၁၇ | ၅၁ | ၃၈၄ | ၇၇၂ |
| | ဘင် | ၃၂၄ | ၁၇ | ၅၁ | ၃၈၈ | ၇၈၀ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၉ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၃၂၈ | ၁၇ | ၅၁ | ၃၉၂ | ၇၈၈ |
| စိတ် | ဋ္ဌီ | ၃၃၂ | ၁၇ | ၅၁ | ၃၉၆ | ၇၉၆ |
| | ဘင် | ၃၃၆ | ၁၇ | ၅၁ | ၄၀၀ | ၈၀၄ |
| | ဥပါဒ် | ၃၄၀ | ၁၇ | ၅၁ | ၄၀၄ | ၈၁၂ |
| စိတ် | ဋ္ဌီ | ၃၄၄ | ၁၇ | ၅၁ | ၄၀၈ | ၈၂၀ |
| | ဘင် | ၃၄၈ | ၁၇ | ၅၁ | ၄၁၂ | ၈၂၈ |
| | ဥပါဒ် | ၃၅၂ | ၁၇ | ၅၁ | ၄၁၆ | ၈၃၆ |
| စိတ် | ဋ္ဌီ | ၃၅၆ | ၁၇ | ၅၁ | ၄၂၀ | ၈၄၄ |
| | ဘင် | ၃၆၀ | ၁၇ | ၅၁ | ၄၂၄ | ၈၅၂ |
| | ဥပါဒ် | ၃၆၄ | ၁၇ | ၅၁ | ၄၂၈ | ၈၆၀ |
| စိတ် | ဋ္ဌီ | ၃၆၈ | ၁၇ | ၅၁ | ၄၃၂ | ၈၆၈ |
| | ဘင် | ၃၇၂ | ၁၇ | ၅၁ | ၄၃၆ | ၈၇၆ |
| | ဥပါဒ် | ၃၇၆ | ၁၇ | ၅၁ | ၄၄၀ | ၈၈၄ |
| စိတ် | ဋ္ဌီ | ၃၈၀ | ၁၇ | ၅၁ | ၄၄၄ | ၈၉၂ |
| | ဘင် | ၃၈၄ | ၁၇ | ၅၁ | ၄၄၈ | ၉၀၀ |
| | ဥပါဒ် | ၃၈၈ | ၁၇ | ၅၁ | ၄၅၂ | ၉၀၈ |
| စိတ် | ဋ္ဌီ | ၃၉၂ | ၁၇ | ၅၁ | ၄၅၆ | ၉၁၆ |
| | ဘင် | ၃၉၆ | ၁၇ | ၅၁ | ၄၆၀ | ၉၂၄ |
| | ဥပါဒ် | ၄၀၀ | ၁၇ | ၅၁ | ၄၆၄ | ၉၃၂ |
| စိတ် | ဋ္ဌီ | ၄၀၄ | ၁၇ | ၅၁ | ၄၆၈ | ၉၄၀ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၂ | ၉၄၈ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၃ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| စိတ် | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |

ပဥ္စဝိညာဏဝီထိဖြစ်သည့်အခါ ဝီထိပုံ

| | | | | | | |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| တိ | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| န | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ဒ | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ပ | ဋ္ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဝိ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| သံ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၇ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ကာ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ရူ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ၎ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ၎ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ၎ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ၎ | ဋ္ဌီ | ၃၉၂ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၃၉၆ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ၎ | ဋ္ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ဇ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဇ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| တ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| တ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ မျိုး ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| ဘ | ဌီ | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဘင် | ၄၀၈ | ၁၆ | ၅၁ | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၅ | ၉၅၁ |
| ဘ | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |

နိရောဓသမာပတ်ဝင်စားသည့်အခါ ဝိထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ မျိုး ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ချ | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဥပါဒ် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ချ | ဌီ | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| | ဘင် | ၄၀၈ | ၁၇ | ၅၁ | ၄၇၆ | ၉၅၂ |
| ဤမှနေ၍ | | ဤမှနေ၍ | ၁၆ | ဤမှနေ၍ | ၄၇၆ | ၉၅၁ |
| | | | ၁၆ | | ၄၇၅ | ၉၅၀ |
| | | | ၁၆ | | ၄၇၅ | ၉၅၀ |
| စိတ်ဟူသမျှ | | (၄၀၈) | ၁၅ | (၅၁) | ၄၇၄ | ၉၄၈ |
| | | | ၁၅ | | ၄၇၄ | ၉၄၈ |
| | | | ၁၅ | | ၄၇၄ | ၉၄၈ |
| မဖြစ်ပြီ။ | | စည်းချည်း။ | ၁၄ | စည်းချည်း။ | ၄၇၄ | ၉၄၇ |
| | | | ၁၄ | | ၄၇၃ | ၉၄၆ |
| | | | ၁၄ | | ၄၇၃ | ၉၄၆ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၀ ကလာပ် |
|---|---|---|---|---|---|---|
| | | ” | ၁၃ | ” | ၄၇၃ | ၉၄၅ |
| | | ” | ၁၃ | ” | ၄၇၂ | ၉၄၄ |
| | | ” | ၁၃ | ” | ၄၇၂ | ၉၄၄ |
| | | ” | ၁၂ | ” | ၄၇၂ | ၉၄၃ |
| | | ” | ၁၂ | ” | ၄၇၁ | ၉၄၃ |
| | | ” | ၁၂ | ” | ၄၇၁ | ၉၄၂ |
| | | ” | ၁၁ | ” | ၄၇၁ | ၉၄၀ |
| | | ” | ၁၁ | ” | ၄၇၀ | ၉၄၁ |
| | | ” | ၁၁ | ” | ၄၇၀ | ၉၄၀ |
| | | ” | ၁၀ | ” | ၄၇၀ | ၉၃၉ |
| | | ” | ၁၀ | ” | ၄၆၉ | ၉၃၈ |
| | | ” | ၁၀ | ” | ၄၆၉ | ၉၃၈ |
| | | ” | ၉ | ” | ၄၆၉ | ၉၃၇ |
| | | ” | ၉ | ” | ၄၆၈ | ၉၃၆ |
| | | ” | ၉ | ” | ၄၆၈ | ၉၃၆ |
| | | ” | ၈ | ” | ၄၆၈ | ၉၃၅ |
| | | ” | ၈ | ” | ၄၆၇ | ၉၃၄ |
| | | ” | ၈ | ” | ၄၆၇ | ၉၃၄ |
| | | ” | ၇ | ” | ၄၆၇ | ၉၃၃ |
| | | ” | ၇ | ” | ၄၆၆ | ၉၃၂ |
| | | ” | ၇ | ” | ၄၆၆ | ၉၃၂ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ မျိုး ကလာပ် |
|---|---|---|---|---|---|---|
| | | ,, | ၆ | ,, | ၄၆၆ | ၉၃၁ |
| | | ,, | ၆ | ,, | ၄၆၅ | ၉၃၀ |
| | | ,, | ၆ | ,, | ၄၆၅ | ၉၃၀ |
| | | ,, | ၅ | ,, | ၄၆၅ | ၉၂၉ |
| | | ,, | ၅ | ,, | ၄၆၄ | ၉၂၈ |
| | | ,, | ၅ | ,, | ၄၆၄ | ၉၂၈ |
| | | ,, | ၄ | ,, | ၄၆၄ | ၉၂၇ |
| | | ,, | ၄ | ,, | ၄၆၃ | ၉၂၆ |
| | | ,, | ၄ | ,, | ၄၆၃ | ၉၂၆ |
| | | ,, | ၃ | ,, | ၄၆၃ | ၉၂၅ |
| | | ,, | ၃ | ,, | ၄၆၂ | ၉၂၄ |
| | | ,, | ၃ | ,, | ၄၆၂ | ၉၂၄ |
| | | ,, | ၂ | ,, | ၄၆၂ | ၉၂၃ |
| | | ,, | ၂ | ,, | ၄၆၁ | ၉၂၂ |
| | | ,, | ၂ | ,, | ၄၆၁ | ၉၂၂ |
| | | ,, | ၁ | ,, | ၄၆၁ | ၉၂၁ |
| | | ,, | ၁ | ,, | ၄၆၀ | ၉၂၀ |
| | | ,, | ၁ | ,, | ၄၆၀ | ၉၂၀ |
| | | ,, | | ,, | ၄၆၀ | ၉၁၉ |
| | | ,, | | ,, | ၄၅၉ | ၉၁၈ |
| | | ,, | | ,, | ၄၅၉ | ၉၁၈ |

## နိရောဓမှ ထသည့်အခါ ဝီထိပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၇ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၄၀၈ | ၁ | ၅၁ | ၄၅၉ | ၆၁၉ |
| ဖ | ဋ္ဌိ | ၄၀၈ | ၁ | ၅၁ | ၄၆၀ | ၆၂၀ |
| | ဘင် | " | ၁ | " | ၄၆၀ | ၆၂၀ |
| | ဥပါဒ် | " | ၂ | " | ၄၆၀ | ၆၂၁ |
| ဘ | ဋ္ဌိ | " | ၂ | " | ၄၆၁ | ၆၂၂ |
| | ဘင် | " | ၂ | " | ၄၆၁ | ၆၂၂ |
| | ဥပါဒ် | " | ၃ | " | ၄၆၁ | ၆၂၃ |
| ဘ | ဋ္ဌိ | " | ၃ | " | ၄၆၂ | ၆၂၄ |
| | ဘင် | " | ၃ | " | ၄၆၂ | ၆၂၄ |
| | ဥပါဒ် | " | ၄ | " | ၄၆၂ | ၆၂၅ |
| ဘ | ဋ္ဌိ | " | ၄ | " | ၄၆၃ | ၆၂၆ |
| | ဘင် | " | ၄ | " | ၄၆၃ | ၆၂၆ |
| | ဥပါဒ် | " | ၅ | " | ၄၆၃ | ၆၂၇ |
| ဘ | ဋ္ဌိ | " | ၅ | " | ၄၆၄ | ၆၂၈ |
| | ဘင် | " | ၅ | " | ၄၆၄ | ၆၂၈ |
| | ဥပါဒ် | " | ၆ | " | ၄၆၄ | ၆၂၉ |
| ဘ | ဋ္ဌိ | " | ၆ | " | ၄၆၅ | ၆၃၀ |
| | ဘင် | " | ၆ | " | ၄၆၅ | ၆၃၀ |
| | ဥပါဒ် | " | ၇ | " | ၄၆၅ | ၆၃၀ |
| ဘ | ဋ္ဌိ | " | ၇ | " | ၄၆၆ | ၆၃၂ |
| | ဘင် | " | ၇ | " | ၄၆၆ | ၆၃၂ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၇ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ” | ၈ | ” | ၄၆၄ | ၉၃၃ |
| ဘ | ဌီ | ” | ၈ | ” | ၄၆၇ | ၉၃၄ |
| | ဘင် | ” | ၈ | ” | ၄၆၇ | ၉၃၄ |
| | ဥပါဒ် | ” | ၉ | ” | ၄၆၇ | ၉၃၅ |
| ဘ | ဌီ | ” | ၉ | ” | ၄၆၈ | ၉၃၆ |
| | ဘင် | ” | ၉ | ” | ၄၆၈ | ၉၃၆ |
| | ဥပါဒ် | ” | ၁၀ | ” | ၄၆၈ | ၉၃၇ |
| ဘ | ဌီ | ” | ၁၀ | ” | ၄၆၉ | ၉၃၈ |
| | ဘင် | ” | ၁၀ | ” | ၄၆၉ | ၉၃၈ |
| | ဥပါဒ် | ” | ၁၁ | ” | ၄၆၉ | ၉၃၉ |
| ဘ | ဌီ | ” | ၁၁ | ” | ၁၇၀ | ၉၄၀ |
| | ဘင် | ” | ၁၁ | ” | ၄၇၀ | ၉၄၀ |
| | ဥပါဒ် | ” | ၁၂ | ” | ၄၇၀ | ၉၄၁ |
| ဘ | ဌီ | ” | ၁၂ | ” | ၁၇၁ | ၉၄၂ |
| | ဘင် | ” | ၁၂ | ” | ၄၇၁ | ၉၄၂ |
| | ဥပါဒ် | ” | ၁၃ | ” | ၄၇၁ | ၉၄၃ |
| ဘ | ဌီ | ” | ၁၃ | ” | ၄၇၂ | ၉၄၄ |
| | ဘင် | ” | ၁၃ | ” | ၄၇၂ | ၉၄၄ |
| | ဥပါဒ် | ” | ၁၄ | ” | ၄၇၂ | ၉၄၅ |
| ဘ | ဌီ | ” | ၁၄ | ” | ၄၇၃ | ၉၄၆ |
| | ဘင် | ” | ၁၄ | ” | ၄၇၃ | ၉၄၆ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ဖုံ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ” | ၁၅ | ” | ၄၇၃ | ၉၄၇ |
| ဘ | ဋ္ဌီ | ” | ၁၅ | ” | ၄၇၄ | ၉၄၈ |
| | ဘင် | ” | ၁၅ | ” | ၄၇၄ | ၉၄၈ |
| | ဥပါဒ် | ” | ၁၆ | ” | ၄၇၄ | ၉၄၉ |
| ဘ | ဋ္ဌီ | ” | ၁၆ | ” | ၄၇၅ | ၉၅၀ |
| | ဘင် | ” | ၁၆ | ” | ၄၇၅ | ၉၅၀ |
| | ဥပါဒ် | ” | ၁၇ | ” | ၄၇၅ | ၉၅၁ |
| ဘ | ဋ္ဌီ | ” | ၁၇ | ” | ၄၇၆ | ၉၅၂ |
| | ဘင် | ” | ၁၇ | ” | ၄၇၆ | ၉၅၂ |
| | | | **မရဏာသန္နအခါ ဝီထိပုံ** | | | |
| | ဥပါဒ် | ၄၀၈ | ၁၇ | ” | ၄၇၆ | ၉၅၂ |
| တိ | ဋ္ဌီ | ၄၀၀ | ၁၇ - | ” | ၄၇၆ | ၉၄၄ |
| | ဘင် | ၃၉၂ | ၁၇ | ” | ၄၆၈ | ၉၂၈ |
| | ဥပါဒ် | ၃၈၄ | ၁၇ | ” | ၄၆၀ | ၉၁၂ |
| နံ | ဋ္ဌီ | ၃၇၆ | ၁၇ | ” | ၄၅၂ | ၈၉၆ |
| | ဘင် | ၃၆၈ | ၁၇ | ” | ၄၄၄ | ၈၈၀ |
| | ဥပါဒ် | ၃၆၀ | ၁၇ | ” | ၄၃၆ | ၈၆၄ |
| ဒ | ဋ္ဌီ | ၃၅၂ | ၁၇ | ” | ၄၂၈ | ၈၄၈ |
| | ဘင် | ၃၄၄ | ၁၇ | ” | ၄၂၀ | ၈၃၂ |
| | ဥပါဒ် | ၃၃၆ | ၁၇ | ” | ၄၁၂ | ၈၁၆ |
| ပ | ဋ္ဌီ | ၃၂၈ | ၁၇ | ” | ၄၀၄ | ၈၀၀ |
| | ဘင် | ၃၂၀ | ၁၇ | ” | ၃၉၆ | ၇၈၄ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ ၇ ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၃၁၂ | ၁၆ | ” | ၃၈၈ | ၇၆၇ |
| စ | ဋ္ဌီ | ၃၀၄ | ၁၆ | ” | ၃၇၉ | ၇၅၁ |
| | ဘင် | ၂၉၆ | ၁၆ | ” | ၃၇၁ | ၇၃၄ |
| | ဥပါဒ် | ၂၈၈ | ၁၆ | ” | ၃၆၃ | ၇၁၈ |
| သံ | ဋ္ဌီ | ၂၈၀ | ၁၆ | ” | ၃၅၅ | ၇၀၂ |
| | ဘင် | ၂၇၂ | ၁၆ | ” | ၃၄၇ | ၆၈၆ |
| | ဥပါဒ် | ၂၆၄ | ၁၆ | ” | ၃၃၉ | ၆၇၀ |
| ဃာ | ဋ္ဌီ | ၂၅၆ | ၁၆ | ” | ၃၃၁ | ၆၅၄ |
| | ဘင် | ၂၄၈ | ၁၆ | ” | ၃၂၃ | ၆၃၈ |
| | ဥပါဒ် | ၂၄၀ | ၁၆ | ” | ၃၁၅ | ၆၂၂ |
| ဇိ | ဋ္ဌီ | ၂၃၂ | ၁၆ | ” | ၃၀၇ | ၆၀၆ |
| | ဘင် | ၂၂၄ | ၁၆ | ” | ၂၉၉ | ၅၉၀ |
| | ဥပါဒ် | ၂၁၆ | ၁၆ | ” | ၂၉၁ | ၅၇၄ |
| ဓ | ဋ္ဌီ | ၂၀၈ | ၁၆ | ” | ၂၈၃ | ၅၅၈ |
| | ဘင် | ၂၀၀ | ၁၆ | ” | ၂၇၅ | ၅၄၂ |
| | ဥပါဒ် | ၁၉၂ | ၁၆ | ” | ၂၆၇ | ၅၂၆ |
| ဓ | ဋ္ဌီ | ၁၈၄ | ၁၆ | ” | ၂၅၉ | ၅၁၀. |
| | ဘင် | ၁၇၆ | ၁၆ | ” | ၂၅၁ | ၄၉၄ |
| | ဥပါဒ် | ၁၆၈ | ၁၆ | ” | ၂၄၃ | ၄၇၈ |
| ဓ | ဋ္ဌီ | ၁၆၀ | ၁၆ | ” | ၂၃၅ | ၄၆၂ |
| | ဘင် | ၁၅၂ | ၁၆ | ” | ၂၂၇ | ၄၄၆ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄ မျိုး ကလာပ် |
|---|---|---|---|---|---|---|
| | ဥပါဒ် | ၁၄၄ | ၁၆ | ” | ၂၀ | ၄၃၀ |
| ဇ | ဋ္ဌီ | ၁၃၆ | ၁၆ | ” | ၂၁၁ | ၄၁၄ |
| | ဘင် | ၁၂၈ | ၁၆ | ” | ၂၀၃ | ၃၉၈ |
| | ဥပါဒ် | ၁၂၀ | ၁၆ | ” | ၁၉၅ | ၃၈၅ |
| ဇ | ဋ္ဌီ | ၁၀၂ | ၁၆ | ” | ၁၈၇ | ၃၆၆ |
| | ဘင် | ၁၀၄ | ၁၆ | ” | ၁၇၉ | ၃၅၀ |
| | ဥပါဒ် | ၉၆ | ၁၆ | ” | ၁၇၁ | ၃၃၄ |
| တ | ဋ္ဌီ | ၈၈ | ၁၆ | ” | ၁၆၃ | ၃၁၈ |
| | ဘင် | ၈၀ | ၁၆ | ” | ၁၅၅ | ၃၀၂ |
| | ဥပါဒ် | ၇၂ | ၁၆ | ” | ၁၄၇ | ၂၈၆ |
| တ | ဋ္ဌီ | ၆၄ | ၁၆ | ” | ၁၃၉ | ၂၇၀ |
| | ဘင် | ၅၆ | ၁၆ | ” | ၁၃၁ | ၂၅၄ |
| | ဥပါဒ် | ၄၈ | ၁၆ | ” | ၁၂၃ | ၂၃၈ |
| ဘ | ဋ္ဌီ | ၄၀ | ၁၆ | ” | ၁၁၅ | ၂၂၂ |
| | ဘင် | ၃၂ | ၁၆ | ” | ၁၀၇ | ၂၀၆ |
| | ဥပါဒ် | ၂၄ | ၁၆ | ” | ၉၉ | ၁၉၀ |
| ၡ | ဋ္ဌီ | ၁၆ | ၁၆ | ” | ၉၁ | ၁၇၄ |
| | ဘင် | ၈ | ၁၆ | ” | ၈၃ | ၁၈၅ |

ရုပ်ဝိထိဓေါ်
ရူပကလာပသင်္ဂဟ တိ ပြီးပြီ။

--------

# ၃ ချက်စု နိဒါန်းအရှိ

ပဋ္ဌာနနယ။ ။ ပဋ္ဌာနဒ္ဓ ပဥ္စပသာရပုဒ်သည် အထူးထူး အပြားပြား ဟူသော နာနပ္ပကာရအနက်ကို ဟော၏၊ ဌာနသဒ္ဒါသည် ပစ္စယသဒ္ဒါ၏ ပရိယာယ်ဖြစ်၍ "အကြောင်း" ဟူသော အနက်ကို ဟော၏၊ အကြောင်း ဟူသည် အကျိုးတရား၏ဖြစ်ကြောင်း ဖြစ်သော ပစ္စယသတ္တိနှင့် သတ္တိမန္တ တရားစုတည်း၊ "နာနပ္ပကာရာနိ ဌာနာနိ ဧတ္ထာတိပဋ္ဌာနံ" ဧတ္ထ–ဤ ကျမ်း၌၊ နာနပ္ပကာရာနိ–အထူးထူးအပြားပြား များကုန်သော၊ ဌာနာနိ– အကြောင်းဖြစ်သော ပစ္စယသတ္တိ,သတ္တိမန္တ ပစ္စည်းတရားတို့သည်၊ သန္တိ– ရှိကုန်၏(ဟောအပ်ကုန်၏)၊ ဣတိ ထိုသို့ ပစ္စယသတ္တိ သတ္တိမန္တ တရား စုကို ဟောရာ၏အဖြစ်ကြောင့်၊ တံ–ထိုကျမ်းသည်၊ ပဋ္ဌာနံ–ပဋ္ဌာန်းမည်၏၊ ချဲ့ဦးအံ့–ဟိတ် ၆ ပါးတွင် မောဟတခုတည်း၌ပင် ဟေတုသတ္တိ အဓိပတိ သတ္တိ သဟဇာတသတ္တိ အစရှိသောအားဖြင့် များသောသတ္တိရှိ၏၊ ဤသို့ တရားတပါးပါး၏ များပြားသောသတ္တိတို့ကိုလည်း ပဋ္ဌာန်းပါဠိတော်၌ ဟောပြတော်မူသည်၊ ဟေတု တပစ္စည်းထည်း၌ပင် တရားကိုယ်အားဖြင့် ဟိတ် ၆ ပါးဖြစ်၍ များ၏၊ ဤသို့ တရားကိုယ်အားဖြင့် များပြားသော သတ္တိမန္တ ပစ္စည်းတရားစုကိုလည်း ပဋ္ဌာန်းပါဠိတော်၌ ဟောပြတော်မူ၏၊ ထိုပဋ္ဌာန်းကျမ်း၌လာသော "မည်သည့်တရားက မည်သည့်တရားအား မည်သည့် ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ဟု သိရာသိကြောင်း ဖြစ်သော စကားရပ်သည် ပဋ္ဌာနနယမည်၏။ [သတိမန္တ ဗန္ဓုမန္တ ဟူသကဲ့သို့ သတ္တိ ရှိသောတရားကို သတ္တိမန္တ ဟု ခေါ်သည်။]

၃ ချက်စု။ ။ ပဋ္ဌာန်းနည်း၌ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်ဟူသော တရား ၃ ချက်သည် လိုရင်းဖြစ်၏၊ ဤ ၃ ချက်ကို နားလည်လျှင် ပဋ္ဌာန်းပါဠိတော်အတွက် အခြေခံလုံလောက်ပြီ၊ ထို ၃ ချက်ကို ပေါင်းစုလျက်

"၃ ချက်စု" ခေါ်သော မြန်မာဆိုရိုး အကောက်သည် မြန်မာအဋ္ဌကထာ ဟု ဆိုရလောက်အောင် ခရီးရောက်၏၊ ထို့ကြောင့် ၃ ချက်စုအဓိပ္ပာယ်ကို မူတယ်ပြု၍ သဂြိုဟ်ခက်ဆစ်စကားစုကိုပါ ရောနှောဖွင့်ပြမယ်အံ့၊ ဤပဋ္ဌာန်း နည်းအဖွင့်ဝယ် ၃ ချက်စု အဓိပ္ပာယ်များ အလွန်ထင်ရှားပါလတ့်။

**ပစ္စည်း။** ။ ပစ္စယပုဒ်ကို မြန်မာလိုပစ္စည်းခေါ်၏၊ ပစ္စယကို "ပတိ+ အယ" ဟု ပုဒ်ခွဲ၊ ပတိသဒ္ဒါသည် "စွဲ၍"ဟူသော ပတိစ္စအနက်ကိုဟော၏၊ အယသဒ္ဒါကား "ဖြစ်ခြင်း" ဟူသော ပဝတ္တနအနက်ကိုဟောသည်၊ "ပတိစ္စ ဖလံ အယတိ ဧတသ္မာတိ ပစ္စယော" ဧတသ္မာ–ဤအကြောင်းကြောင့်၊ ဖလံ–အကျိုးပစ္စယုပ္ပန်တရားသည်၊ ပတိစ္စ–စွဲ၍၊ အယတိ–ဖြစ်ရ တည်ရ၏၊ ဣတိ–ထို့ကြောင့်၊ သော–ထိုအကြောင်းတရားသည်၊ ပစ္စယော–ပစ္စယ မည်၏၊ ဤဝိဂြိုဟ်အရ အကျိုးပစ္စယုပ္ပန်တရားတို့၏ စွဲ၍ဖြစ်တည်ကြောင်း တရားကို ပစ္စည်းခေါ်သည်–ဟုမှတ်၊ [အကြောင်းတရားနှင့် မကင်းနိုင်၊ အကြောင်းတရားမရှိဘဲ အကျိုးတရား မဖြစ်နိုင်မှုကို "ပတိစ္စ=အကြောင်း တရားကိုစွဲ၍" ဟု ဆိုသည်။]

ဤပစ္စယသဒ္ဒါသည် သဒ္ဒါနက်အားဖြင့် "အကြောင်း" ဟူသော အနက် ကို ဟော၏၊ လက္ခဏာ (အများမှတ်သားအပ်သော) အနက်အားဖြင့် "ဥပကာရ–ကျေးဇူးပြု" ဟူသောအနက်ကို ဟော၏၊ မဖြစ်သေးသော အကျိုး ပစ္စယုပ္ပန်ကို ဖြစ်ပေါ်ဥပါဒ်စေခြင်း, တပါးသော အကြောင်း ကြောင့် ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားကို ဋ္ဌီအခိုက်၌ တည်တန့်စေခြင်း ကို "ကျေးဇူးပြုသည်" ဟု ဆိုသည်၊ ဥပမာ–ကြွယ်ဝသူက ဆင်းရဲသူကို အလုပ်တခုရအောင် ချီးမြှောက်ခြင်း, ရပြီးသောအလုပ်ကို မဆုတ် ယုတ်စေဘဲ တည်တန့်အောင် ထောက်ပံ့ခြင်းကို "ကျေးဇူးပြုသည်" ဟု လောက၌ ခေါ်ဝေါ်ကြသကဲ့သို့တည်း၊ ထို့ကြောင့် အခြေပြု၍ "ဖြစ်စေ တည်စေ, ဤ ၂ ထွေ, ခေါ်လေ ကျေးဇူးပြု" ဟု ဆိုခဲ့သည်။

**ပစ္စယုပ္ပန်–ပစ္စနိက်။** ။ "ပစ္စယတော–အကြောင်းတရားကြောင့်၊ ဥပ္ပန္န–ဖြစ်သော တရားတည်း"အရ အကြောင်းပစ္စည်းကြောင့် ဖြစ်သော အကျိုးတရားကို ပစ္စယုပ္ပန်ဟု ခေါ်၏၊ ပစ္စနိက် ဟူသည်ကား ပစ္စနီက ဟူသော ပါဠိမှလာသော မြန်မာအခေါ်တည်း၊ ထိုပစ္စနီကကို "ပတိ+ အနီက" ဟု ပုဒ်ခွဲ၊ ပတိသဒ္ဒါသည် ဝိရုဒ္ဓ (ဆန့်ကျင်ဘက်) အနက်ကို ဟော၍၊ အနီကသဒ္ဒါက "ဟတ္ထာနီကံ–ဆင်အပေါင်း" ဟူသကဲ့သို့ အပေါင်း ဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် ပစ္စယုပ္ပန်တွင် မပါဝင်ဘဲ ပစ္စယုပ္ပန်၏ ဆန့်ကျင်ဘက်တရားအပေါင်းကို ပစ္စနိက်ခေါ်သည်။

တချို့က "ပစ္စည်းတရား၏ ကျေးဇူးပြုကို မခံရသဖြင့် ပစ္စည်းတရားနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ပစ္စနိက်ခေါ်သည်" ဟု အဓိပ္ပာယ်တမျိုး ပြောကြ၏။ ထိုသူတို့ ပြောတိုင်း မှန်လျှင် မောဟမူဒွေး၌ မောဟသည် ဟေတုပစ္စည်း၌ ပါဝင်ပြီးနောက် ပစ္စနိက်၌ ပါပြန်၏၊ သို့ဖြစ်၍ ထိုမောဟ မူဒွေး၌ မောဟသည် "သူသည်ပင် သူ၏ဆန့်ကျင်ဘက် ပစ္စနိက် ဖြစ်ရလိမ့် မည်" ထို့ကြောင့် ထိုအချို့ဆရာတို့စကားကို စဉ်းစားထိုက်သည်သာမက– "ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ပေ၊ နဟေတုပစ္စယာ" စသည်ဖြင့် ပါဠိတော်၌ပင် "ဟေတုပစ္စည်းကြောင့် ဖြစ်သော ပစ္စယုပ္ပန်တရား, ဟေတုပစ္စည်းကြောင့် မဖြစ်သော ပစ္စနိက် တရား" ဟု အတိအလင်း ပစ္စယုပ္ပန်နှင့် ပစ္စနိက်ကို အပြန်အလှန် ဟော တော်မူသောကြောင့် ပစ္စယုပ္ပန်၏ ဆန့်ကျင်ဘက်ကို (ပစ္စယုပ္ပန်တွင် မပါ ဝင်ဘဲ ပစ္စယုပ္ပန်၏ ပြောင်းပြန်တရားစုကို) ပစ္စနိက်ပေါ်သည်–ဟု မုချ ဆတ်ဆတ် မှတ်ယူထိုက်သည်။

**တိုက်တွန်းချက်။** ။ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် အကြောင်းအကျိုး ဆက်သွယ်ပုံကို အကြမ်းစား နားလည်ပြီးနောက် ပဋ္ဌာန်းနည်းသို့ ရောက် သည့်အခါ "အကြောင်းအကျိုး ဆက်သွယ်ရာဝယ် မည်သည့်တရားက

မည်သည့်တရားအား မည်သည့်သတ္တိဖြင့် ဆက်သွယ်မိအောင် ကျေးဇူးပြုနေသည်” ဟု အနုစိတ်၍ သိရပြန်သောကြောင့် “ကမ္ဘာ့အဆောက်အဦးဖြစ်သော ကြကာသလောကကြီးနှင့်တကွ သတ္တဝါတွေ၏ ရုပ်နာမ်ခန္ဓာကို စီမံဖန်ဆင်းနိုင်သော ပရမအတ္တ (ထာဝရဘုရားစသူတို့) မရှိ, ခန္ဓာကိုယ်တွင်း၌ အရာရာကို ပြုလုပ်စီမံ ခံစံတတ်သော ဇီဝအတ္တ အသက်ကောင် ဝိညာဉ်ကောင်) မရှိ” ဟူသော သမ္မာအယူသည် ဖြူစင်သန့်ရှင်း ညစ်ကြေးကင်းလျက် အနတ္တအချက်အလက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းနိုင်ကြပါလိမ့်မည်၊ သို့ဖြစ်၍ ယခုပြမည့် ပဋ္ဌာန်းနည်း ၃ ချက်စု၌ အစွမ်းကုန် ဉာဏ်စိုက်၍ နှစ်ခြိုက်စွာ လေ့လာကြပါကုန်။

## လေ့ကျင့်ခန်းမေးခွန်း

၁။ ပဋ္ဌာနအမည်ရခြင်း၏ အကြောင်းကိုပြ၍, ပဋ္ဌာနပုဒ်ကို ဝိဂြိုဟ်လုပ်ပါ။

၂။ ပစ္စယပုဒ်ကို ဝိဂြိုဟ်ပြု၍, ပစ္စယသဒ္ဒါ၏ သဒ္ဒတ္ထ လက္ခဏတ္ထ ၂ မျိုးကိုပြပါ။

၃။ “ပစ္စယော=ကျေးဇူးပြု” ဟု ဆိုရာ၌ အဘယ်ကို ကျေးဇူးပြုဟု ခေါ်သနည်း။

၄။ ပစ္စယုပ္ပန္နပုဒ် ဝိဂြိုဟ်ပြု၍, ပစ္စယုပ္ပန္နမည်သော တရားများကို အချုပ်အားဖြင့် ပြပါ။

၅။ ပစ္စနိက် ဟူသည် ဘယ်လို တရားမျိုးနည်း, အဘယ်ပါဠိမှ ကူးပြောင်း၍ မြန်မာလို ပစ္စနိက်ဟု ခေါ်သနည်း။

## ၃ ချက်စု ဆိုရိုးနှင့်
## ဘာသာဋီကာ

**ဟေတုပစ္စည်း** ဟေတုပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ် ၃ ချက်စု တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဤ ဟိတ် ၆ ပါး ပစ္စည်း တရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊

**ဟေတုပစ္စယော**။ ။ ဟေတုပစ္စယောအရ သတ္တိမန္တဖြစ်သော ဟိတ် ၆ ပါးကိုရင်း ထိုဟိတ် ၆ပါး၏သတ္တိကိုရင်းရ၏၊ ထင်ရှားစေအံ့–သစ်ပင်ကြီးများ၌ ရေသော်မြစ်ရှိ၏, ထိုရေသောက်မြစ်ကြောင့် သစ်ပင်တပင်လုံး မယိုင်မလဲ ခိုင်မြဲကြီးပွား စည်ကားရ၏၊ ထိုရေသောက်မြစ်၌ သစ်ပင်တပင်လုံး မယိုင်မလဲ ခိုင်မြဲကြီးပွား စည်ကားစေနိုင်သော သတ္တိထူးရှိသကဲ့သို့ ထို့အတူ လောဘစသော ဟိတ်၆ပါး၌လည်း ယှဉ်ဘက်တရားတို့ကို ခိုင်မြဲစေနိုင်သောသတ္တိထူးရှိ၏၊ ချဲ့ဦးအံ့–လိုချင်ဘွယ် အာရုံတခုခု၌ လောဘ အမြစ်တွယ်မိလျှင် ယှဉ်ဘက်တရားအားလုံးတို့ ထိုအာရုံပေါ်မှာ စွဲမြဲတည်တန့်ကြလေတော့၏၊ လောဘအမြစ်က ထက်သန်လေလေ ယှဉ်ဘက်တရားတို့ စွဲမြဲလေဖြစ်၏၊ လောဘအမြစ်က ထက်သန်သလော် စေတနာထက်သန်နိုင်ခန့်ရကား နောင်အကျိုးပေးသည့်အခါလည်း မကောင်းကျိုးများကို လောဘအမြစ် သန်မာသလောက် စေတနာက စည်စည်ကားကားပေးနိုင်လေသည်၊ ဒေါသစသည်တို့ အမြစ်တွယ်ရာ၌လည်း ဤနည်းပင်တည်း၊ ဤသို့လျှင် ရေသောက်မြစ်ပမာ ဆိုင်ရာအာရုံ၌ ယှဉ်ဘက်တရားတို့ကို စွဲမြဲခိုင်ခန့် တည်တန့်စေနိုင်သော သတ္တိထူးသည် ဟေတုသတ္တိမည်၏၊ ဤသတ္တိထူးဖြင့် ကျေးဇူးပြုမခံရသော အဟိတ်စိတ်တို့မှာ အမြစ် မပါသဖြင့် လေလာတိုင်း မျောရသော မှော်သေးမှော်ညှင်းပမာ ဆိုင်ရာအာရုံ ဆိုင်ရာကိစ္စတို့၌ စွဲမြဲခိုင်ခန့် တည်တန့်ခြင်း မရှိကြလေကုန်။

သဟိတ်စိတ် ကေသတ္တတိ, မောဟမူ ဒွေး၌ မောဟ
ကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ် စိတ္တဇရုပ်,
သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်, ဤတရားတို့သည် ယောတုပစ္စည်း၏

[ဆောင်] ရေသောက်မြစ်လျှင်, ကိုယ့်သစ်ပင်ကို, စိမ်းရှင်ညွန့်ဝေ,
စည်ပင်စေထ, ထောက်ပံ့ မသို့, တကွဖြစ်ဟန်, ရုပ်နှင့်နာမ်ကို,
စွမ်းသန်စေမှု, ကျေးဇူးပြု, ယောတုသတ္တိခေါ်။

**ရုပ်အားကျေးဇူးပြုပုံ။** ။ ဟိတ် ၆ ပါးသည် ယှဉ်ဘက်စိတ်စေတ
သိက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြုသောကြောင့်
ဆိုင်ရာအာရုံ၌ စွဲမြဲတည်တန့်အောင် ယှဉ်ဘက် စိတ် စေတသိက်တို့အား
ကျေးဇူးပြုသကဲ့သို့ ရုပ်တို့အားလည်း စွဲမြဲတည်တန့်အောင် ကျေးဇူးပြုနိုင်
ပါသလောဟု မေးဘွယ်ရှိ၏၊ အဖြေကား–ရုပ်တို့သည် အနာရမဏ (အာရုံ
ကိုမယူနိုင်သော တရား) ဖြစ်သောကြောင့် ဆိုင်ရာအာရုံ၌ နိုင်မြဲအောင်
ရုပ်တရားတို့ကို ကျေးဇူးမပြုနိုင်၊ ယောတုသတ္တိရှိသော တရားတို့နှင့် အတူ
တကွ ဖြစ်ရသောကြောင့်သာ ယောတုပစ္စယုပ္ပန်တွင် ရုပ်တရားတို့ ပါဝင်ကြရ
သည်၊ ဥပမာ– အလွန်ထက်မြက်သော ယောကျ်ားတယောက်သည်
အိမ်ကြီးနှင့် အိမ်သူအိမ်သားတွေကို အုပ်စီးနေရာ၌ ထိုယောကျ်ားအတွက်
အိမ်သူအိမ်သားတွေမှာ နိုင်ခန့်တည်တန့်ကြရသော်လည်း နေရာအိမ်ကြီး
မှာ ထူးခြား၍ မတည်တန့်တော့ချေ၊ သို့သော် ထိုသူ၏ အုပ်ချုပ်ရာဌာနတွင်
အိမ်ကြီးလည်း ပါဝင်သကဲ့သို့တည်း။ [ထက်မြက်သော ယောကျ်ားနှင့်
ဟိတ်တရား, အိမ်သူအိမ်သားနှင့် ယှဉ်ဘက်စိတ် စေတသိက်များ, အိမ်ကြီး
နှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်များ တူကြသည်၊ သဟဇာတ ကမ္မက္ကန္တြိယ
ဈာန မဂ္ဂပစ္စည်းတို့က ရုပ်အား ကျေးဇူးပြုရာ၌လည်း ဤနည်းပင်တည်း။]

**တနည်း။** ။ ရူပါရုံတခု၌ လောဘဖြစ်နေသည့်အခါ မျက်စိများလည်း
ထိုရူပါရုံ၌ စူးစိုက်လျက်ရှိ၏၊ ထိုကဲ့သို့ဖြစ်ရာဝယ် ရူပါရုံ၌ မျက်စိစူးစိုက်နေ
အောင် တကိုယ်လုံးမလှုပ်နိုင်ဘဲ ဖြစ်နေအောင် လောဘဟိတ်က စိတ္တဇရုပ်
တို့အား ယောတုသတ္တိဖြင့် ကျေးဇူးပြုနေခြင်းပင် ဖြစ်၏၊ ဒေါသဟိတ်က

ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ အဟိတ်စိတ် အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်း ဒွါဒသ, မောဟမူ ဒွေဋ္ဌ မောဟ, အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်, ဗာဟိယရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားတို့ မည်ကုန်၏။

ကျေးဇူးပြု၍ လူတယောက်အပေါ်၌ တကိုယ်လုံး ရိုက်ချင်နှက်ချင် ဖြစ်နေပုံ အံတကြိတ်ကြိတ် ဖြစ်နေပုံ, မောဟဟိတ်က ကျေးဇူးပြု၍ တကိုယ်လုံး ထူထိုင်းထိုင်း ဖြစ်နေပုံ, အလောဘ စသော ဟိတ်တို့က ကျေးဇူးပြု၍ ထိုအာရုံများ၌ တွယ်တာခြင်းလည်း မရှိ, ဒေါသလည်းမဖြစ်ဘဲ ဉာဏ် ပညာအတွက် တကိုယ်လုံး သွက်လက်ထက်မြက်သော အမူအရာဖြစ်ပုံ စသည်များလည်း ဆိုင်ရာစိတ်တို့က ရုပ်တရားအား ကျေးဇူးပြုခြင်း ကြောင့်ပင် ဖြစ်ကြလေသည်။ [သဟဇာတ စသည်တို့က ကျေးဇူးပြုရာ၌ လည်း ထိုက်သလို စဉ်းစားကြံစည်ကြရာ၏။]

**ဝိဂ္ဂဟာ။** ။ "ဟိနောတိ ပတိဋ္ဌာတိ ဧတ္ထာတိ ဟေတု" ဧတ္ထ–ဤ တရား၌၊ ဟိနောတိ ပတိဋ္ဌာတိ–ပစ္စယုပ္ပန်တရားတို့ တည်တန့်ရ၏၊ ဣတိ– ကြောင့်၊ ဟေတု–ဟိတ်မည်၏၊ ဤနေရာ၌ ဟေတုသဒ္ဒါသည် အကြောင်း ဟူသော "ကာရဏ" အနက်ကို မဟော,ဆိုင်ရာ အကျိုးတရား၏ တည်တန့် ဘို့ရာ အခြေအမြစ်ဟူသော "မူလ"အနက်ကို ဟော၏၊ "ဟေတုစသော ပစ္စယော စာတိ ဟေတုပစ္စယော" ဟေတုစ–ဟိတ်လည်းဟုတ်၏၊ သော– ထိုဟိတ်ဟူသည်၊ ပစ္စယောစ–ကျေးဇူးပြုတတ်သည်လည်းဟုတ်၏၊ ဣတိ– ကြောင့်၊ ဟေတုပစ္စယော–ဟေတုပစ္စည်းမည်၏၊ ဤဝိဂ္ဂြိုဟ်အရ သတ္တိမန္တ ဖြစ်သော ဟိတ် ၆ ပါးသာ တိုက်ရိုက်ရ၏၊ သို့သော် "လူ,လူ၏သတ္တိ" ဟူရာ၌ လူဆိုသည်မှာ တကိုယ်လုံးတည်း, လူ၏သတ္တိဆိုသည်ကား လူ၏ စိတ်စွမ်းတည်း– ဟု ခွဲခြားသေးသကဲ့သို့, ဤ၌ ဟေတုသတ္တိနှင့် သတ္တိ

မန္တပစ္စည်းတရားကို ခွဲခြား၍မရ၊ လောဘဟူသည် လိုချင်မှုသဘောတည်း။ လောဘ၏ ဟေတုသတ္တိဟူသည်လည်း ဆိုင်ရာအာရုံ၌ စွဲမြဲခိုင်ခန့် တည်တန့်စွာ လိုချင်နေမှု သဘောပင်တည်း၊ ဤသို့ သတ္တိနှင့် သတ္တိမန္တတရားကို ခွဲခြား၍ မရသောကြောင့် "ဟေတု စသော ပစ္စယောစ"ဟူသော ဝိဂြိုဟ်အရ သတ္တိမန္တတရားကို တိုက်ရိုက်ပြသော်လည်း ထိုတရားတို့၏ ဟေတုသတ္တိထူးကိုသာ ကောက်ယူရာ၏၊ ဒိုစကားမှန်၏ ကုသလာ ဓမ္မာ,အကုသလာ ဓမ္မာ အစရှိသော ဓမ္မသင်္ဂဏီ မာတိကာဥဒ္ဒေသ၌ တရားကိုယ်ဓမ္မကို ပဓာနပြုသကဲ့သို့ ဤဟေတုပစ္စယော အာရမ္မဏပစ္စယော စသောဥဒ္ဒေသ၌ တရားကိုယ်ဓမ္မကို ပဓာနပြု၍ ပြလိုရင်းမဟုတ်, ထိုသို့ တရားတို့၏ ကျေးဇူးပြုစွမ်းနိုင်သော သတ္တိထူးကို ပဓာနပြု၍ ပြတော်မူလိုရင်းဖြစ်သည်၊ ထို့ကြောင့် ပစ္စည်းတိုင်းမှာ သတ္တိကိုသာ ပဓာနကောက်ပါ။

**[မူလဋီကာ]** ဣဓာပိ ဝါ"ဟေတု စသော ပစ္စယောစာတိ" ဓမ္မေနေဝ ဓမ္မသတ္တိ' ဒဿေတိ၊ န ဟိ ဟေတုပစ္စယောစာတိ အာဒိကော ဥဒ္ဒေသော ကုသလာဒိ ဥဒ္ဒေသောဝိယ ဓမ္မပ္ပဓာနော, အထခေါ ဓမ္မာနံ ဥပကာရပ္ပဓာနောတိ။–ပဋ္ဌာန်း။

ပစ္စယုဒ္ဒေသ။ ။ [ပစ္စယ=ပစ္စည်းတို့ကို+ဥဒ္ဒေသ=အကျဉ်းချုပ်သရုပ်ပြသော ပါဠိတော်၊] ပဋ္ဌာန်းပါဠိတော်၌ "ဟေတုပစ္စယော အာရမ္မဏပစ္စယော၊ လေ၊ အဝိဂတပစ္စယော"ဟု ၂၄ ပစ္စည်းသရုပ်မျှ ပြသောပါဠိသည် ပစ္စယုဒ္ဒေသ မည်၏၊ ထို့နောက် "ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"စသည်ဖြစ် အကျယ်ပြသော ပါဠိသည် ပစ္စယနိဒ္ဒေသပါဠိ မည်၏၊ ဤ ၃ချက်စုဝယ် ပစ္စယုဒ္ဒေသကို မှတည်၍ ပြလိုသောကြောင့် "ဟေတုပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌" ဟု စချီရလေသည်။

သရုပ်တို့သည်၊ လေ၊ ၃ ပါးအပြားရှိကုန်၏။ ။ ဟေတုပစ္စယောဟူသော ပစ္စယုဒ္ဒေသအတွက်မှာ ပစ္စည်းပစ္စယုပ္ပန် ပစ္စနိက်ဟု ၃–ပါးမရနိုင်၊ ဟိတ် ၆ ပါးဟူသော ပစ္စည်းတမျိုးသာ ရနိုင်၏၊ သို့သော် ထိုပစ္စည်းနှင့် ဆက်သွယ်၍ ကျေးဇူးပြုခံရသော ပစ္စယုပ္ပန်တရား, ကျေးဇူးပြုမခံရသော

ပစ္စနိက်တရားများကိုလည်း တပေါင်းထည်း ပြလိုသောကြောင့် "ဟေတု ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်းပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ ပါး အပြားရှိကုန်၏" ဟု မိန့်ဆိုလေသည်၊ ဆိုလိုရင်းမှာ– "ဟေတုပစ္စယောဟူသော ပစ္စယုဒ္ဒေသနှင့် စပ်၍ ပစ္စည်းပစ္စယုပ္ပန် ပစ္စနိက် ၃ ပါးကို သိသင့်သိထိုက်သည်" ဟု ဆိုလိုရင်းတည်း။

**ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။** ။ "မင်အိုး၌ ကလောင် တပ်ထားသည်" ဟု ဆိုလျှင် "မင်အိုး၌ ကလောင်ရှိသည်" ဟု အဓိပ္ပာယ် ရသကဲ့သို့ ထိုအတူ ထိုထိုပစ္စယသတ္တိကို အတွင်းမှာ ထည့်သွင်းတပ်ထား သကဲ့သို့ ပစ္စယသတ္တိရှိသော တရားများကို "ပစ္စည်းတပ်သောတရား"ဟု ဆိုသည်။

**ပစ္စယုပ္ပန်တရားများ။** ။ [ဤဟေတုပစ္စည်း၌ ပစ္စည်းတရားစုမှာ ထင်ရှားပြီ၊] ပစ္စယုပ္ပန်တွင် မောဟမူဒွေး၌ မောဟကြဉ်သော်လည်း လောဘမူ ဒေါသမူ၌ယှဉ်သော မောဟရှိသေး၍ စေတသိက် ဒွေပညာသ ဟု ဆို၏၊ စိတ္တဇရုပ်မှာလည်း သဟိတ်စိတ်ကြောင့်ဖြစ်သော ရုပ် အဟိတ် စိတ်ကြောင့်ဖြစ်သောရုပ်ဟု ၂ မျိုးရှိရာတွင် အဟိတ် စိတ္တဇရုပ်ကိုကြဉ်လို၍ "သဟိတ်စိတ္တဇရုပ်" ဟု ဆိုသည်၊ ကမ္မဇရုပ်လည်း ပဋိသန္ဓေအခါ၌ ဖြစ် သော ကမ္မဇ, ပဝတ္တိအခါ၌ဖြစ်သော ကမ္မဇဟု ၂ မျိုးရှိရာ ပဝတ္တိကမ္မဇ ရုပ်ကို ကြဉ်လိုသောကြောင့်ရင်း, ပဋိသန္ဓေကမ္မဇတွင်လည်း သဟိတ်ပဋိ သန္ဓေစိတ်နှင့် တကွဖြစ်သော ကမ္မဇ, အဟိတ်ပဋိသန္ဓေစိတ်နှင့် တကွ ဖြစ်သော ကမ္မဇဟု ၂ မျိုးရှိပြန်ရာ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်ကို ကြဉ်လို သောကြောင့်ရင်း "သဟိတ်ပဋိသန္ဓေဇရုပ်" ဟု ဆိုသည်။ [အဟိတ် စိတ္တဇနှင့် အဟိတ်ပဋိသန္ဓေရုပ်များသည် ဟိတ် ၆ ပါးနှင့် အတူတကွ ဖြစ်ခြင်းမရှိသောကြောင့် ပစ္စနိက်တွင် ပါဝင်ကြလတ့်၊ ပဝတ္တိကမ္မဇရုပ် များအတွက် အကြောင်းပြချက်မှာ အကျယ်လာလိမ့်ဦးမည်။]

**ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ။** ။ပစ္စည်းပစ္စယုပ္ပန် ဖြစ်ကြရာ၌ ဟိတ်၆ပါး လုံးက သဟိတ်စိတ် စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား စည်းမဲ့ကမ်းမဲ့ တပြိုင်နက် ကျေးဇူးပြု ၁ည် မဟုတ်, အတူတကွ ဖြစ်သော

တရားချင်းသာ ကျေးဇူးပြုသည်၊ စေတသိက်ယှဉ်ပုံကို ကြေပွန်လျှင် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို နားလည်ဘို့အရေး၌ ဝန်လေးဘွယ် မရှိ၊ ထို့ကြောင့် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို အစုံအလင် မထုတ်ဘဲ နည်းရရုံမျှ ထုတ်ပြအံ့၊ စာချဆရာတို့က သင့်လျော်သော စိတ်များကို ထုတ်နုတ်၍ မေးမြန်း ပို့ချကြပါလေ။

**လောဘပဋ္ဌမစိတ်၌ စေတသိက် ၁၉ ယှဉ်ရာ**–ထို၌ပါသော လောဘသည် ပစ္စည်း, လောဘနှင့်ယှဉ်သော စိတ်စေတသိက်–ထို လောဘမူ ပဋ္ဌမစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည် ပစ္စယုပ္ပန်တည်း၊ ထို၌ပါသော မောဟသည် ပစ္စည်း, မောဟနှင့်ယှဉ်သော စိတ် စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ [လောဘပစ္စည်း ဖြစ်ခိုက် မောဟပစ္စယုပ္ပန်, မောဟပစ္စည်းဖြစ်ခိုက် လောဘပစ္စယုပ္ပန်, အပြန်အလှန်ကျေးဇူးပြုပုံကို သတိပြု။]

**မဟာကုသိုလ် ပဋ္ဌမစိတ်၌ စေတသိက် ၃၃ အပြဲယှဉ်ရာ** – ထို၌ပါသော အလောဘသည် ပစ္စည်း, အလောဘနှင့်ယှဉ်သော စိတ် စေတသိက် မဟာကုသိုလ် ပဋ္ဌမစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်သည် ပစ္စယုပ္ပန်တည်း၊ [အဒေါသ အမောဟတို့ကိုလည်း ဤနည်းအတိုင်း ဆိုလေ၊ ဤ၌ အလောဘ အဒေါသ အမောဟ ဟိတ် ၃ပါးတို့ ပစ္စည်းပစ္စယုပ္ပန် အပြန်အလှန် ကျေးဇူးပြုကြသည်၊ ဝိရတိ အပ္ပမညာတို့ ယှဉ်သည့်အခါလည်း ယှဉ်သော စေတသိက်ကို ပစ္စယုပ္ပန်တွင် သွင်း၍ဆို။]

**ပဋိသန္ဓေ ကိစ္စတပ်၍ မဟာဝိပါက် ပဋ္ဌမစိတ်စေတသိက် ၃၃ ပါးတို့ဖြစ်သည့်အခါ** – ထို၌ပါသော အလောဘသည် ပစ္စည်းအလောဘနှင့်ယှဉ်သော စိတ်စေတသိက် အတူတကွ ဖြစ်သော ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ [အဒေါသ အမောဟတို့ကိုလည်း ပြောင်းလွဲ၍ ပစ္စည်းတပ်စေ၊ အရူပဘုံ၌ ဖြစ်သော ဟိတ်တို့က ရုပ်အားဖြင့် ကျေးဇူးမပြုနိုင်ကြောင်းကို လည်း သတိပြု။]

**ပစ္စနိက်။** ။ ဟိတ်နှင့် အတူတကွ ဖြစ်ခြင်းမရှိသော တရားများကို ဟေတုသတ္တိဖြင့် ကျေးဇူးပြုမခံရသောကြောင့် ဟေတုပစ္စနိက်၌ ထုတ်ပြရ

လေသည်၊ ပစ္စနိယ ပဋ္ဌာန်းပါဠိတော်၌ ဟောပြသည့်အတိုင်း ဤပစ္စနိက်၌ ရုပ်ဟူသမျှကို အသီးသီး နာမည်တပ်လျက် ခွဲခြားကောက်ပြထားသည်၊ ထိုတွင် အဟိတ်စိတ် စေတသိက် - အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်များကို နားလည်လော်ပြီ၊ ဗာဟိယရုပ်ဟူသည် သတ္တာသန္တာန်မှ အပြင်ပ တောတောင် စသည်၌ ဖြစ်သော အနိန္ဒြိယဗဒ္ဓ ဥတုဇရုပ်များ တည်း၊ အာဟာရဇရုပ်ဟူသည် သတ္တာတို့သန္တာန်ဝယ် အစာအာဟာရ ကြောင့် ဖြစ်သော ရုပ်တည်း၊ ဥတုဇရုပ်ဟူသည်လည်း သတ္တာသန္တာန်၌ ဥတုကြောင့်ဖြစ်သော ရုပ်တည်း၊ ၎င်းဥတုဇရုပ်ကို ဣန္ဒြိယဗဒ္ဓဥတုဇရုပ်ဟု ခေါ်သည်။ [ဇီဝိတိန္ဒြေနှင့် မစပ်သော သက်မဲ့ရုပ်ကို အနိန္ဒြိယဗဒ္ဓ၊ ဇီဝိ တိန္ဒြေနှင့်စပ်သော သက်ရှိရုပ်ကို ဣန္ဒြိယဗဒ္ဓရုပ်ဟု ခေါ်သည်။]

**[မူလဋီကာ]** ဗာဟိယန္တိ ဧတေန အနိန္ဒြိယဗဒ္ဓရူပံ ဒဿေတိ၊ ပုန အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနန္တိ ဧတေဟိ သတ္တ ဣန္ဒြိယ ဗဒ္ဓံ အာဟာရ ဥတုသမုဋ္ဌာနရူပံ။

အသညသတ် ကမ္မဇရုပ်ဟူသည် အသညသတ် ဗြဟ္မာတို့သန္တာန်၌ ရှေးကံကြောင့် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ဖြစ်သောရုပ်တည်း၊ [အသည သတ် ဥတုဇမှာ ဣန္ဒြိယဗဒ္ဓဥတုဇတွင် ပါဝင်လေပြီ။] ပဝတ္တိကမ္မဇရုပ် ဟူသည် ကာမဘုံသားနှင့် ရူပဘုံသားသန္တာန်၌ ပဋိသန္ဓေ၏ ဋ္ဌီခဏမှစ၍ ပဝတ္တိအခါဝယ် ခဏတိုင်း ခဏတိုင်းဖြစ်သော ကမ္မဇရုပ်တည်း။ [အသည သတ် ကမ္မဇရုပ်မှာ သီးခြားဆိုပြီးဖြစ်၍ ဤပဝတ္တိကမ္မဇရုပ်၌မပါ။] ပဋိ သန္ဓေ ကမ္မဇရုပ်များသည် စိတ်နှင့်အတူတကွ ဖြစ်ရ တည်ရသဖြင့် တကွ ဖြစ်ဘက် ဟိတ်များ၏ ကျေးဇူးပြုကို ခံကြရသည်၊ ပဝတ္တိ ကမ္မဇရုပ်များ ကား စိတ်နှင့်ဆက်သွယ်ခြင်းမရှိ၊ ရှေးကံနှင့်သာ ဆက်သွယ်ခြင်းရှိသည်၊ ထို့ကြောင့်ပင်လျှင် ကံအရှိန်မကုန်သေးက စိတ်မဖြစ်သော်လည်း နိရောဓ သမာပတ် ဝင်စားခိုက်မှာ ထိုပဝတ္တိကမ္မဇရုပ်များ ဖြစ်နိုင်ကြသေးသည်၊ ထို့ကြောင့် ပဝတ္တိကမ္မဇရုပ်တို့ ပစ္စယုပ္ပန်တွင် မပါဝင်နိုင်ဘဲ ပစ္စနိက်ဖြစ် ကြရလေသည်။

[အဋ္ဌကထာ] ပဋိသန္ဓိယံ ဟိ ကမ္မဇရူပါနံ စိတ္တပတိဗဒ္ဓါ ပဝတ္တိ, စိတ္တ
ဝသေန ဥပ္ပန္နိန္ဒြိယ တိဋ္ဌန္တိ၊ ယေ၊ပဝတ္တိယံ ပန တေသံ စိတ္တေ ဝိဇ္ဇမာ
နေပိ ကမ္မပဘိဗဒ္ဓါဝ ပဝတ္တိ, နစိတ္တပတိဗဒ္ဓါ, အဝိဇ္ဇမာနေ တာပိ
စိတ္တေ နိရောဓသမာပန္နာနံ ဥပ္ပဇ္ဇတိယေဝ။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ။

## လေ့ကျင့်ခဏ်းမေးခွန်း

၁။ ဟေတုသတ္တိကို ဥပမာနှင့်တကွပြပါ။
၂။ ဟိတ်တရားတို့က ရုပ်အား ကျေးဇူးပြုပုံကို ၂ နည်းလုံး ပြပါ။
၃။ ဟေတုအရ ကာရဏအနက် မူလအနက် ၂ မျိုးရှိရာ အဘယ်
အနက်ကို ယူရမည်နည်း။
၄။ ဟေတုပစ္စယော စသည်၌ သတ္တိ-သတ္တိမန္တ ၂ မျိုးတွင် အဘယ်ကို
ပဓာနအားဖြင့် ယူစေလိုသနည်း။
၅။ အဘယ်ပါဠိကို ပစ္စယုဒ္ဒေသဟု ခေါ်သနည်း။
၆။ "ပစ္စည်းတပ်သောတရား" ဟူရာ၌ "တပ်" ဟူသော စကား၏
အဓိပ္ပာယ်ကို ရှင်းပြပါ။
၇။ ဒေါသမူပဋ္ဌမစိတ် စေတသိက်နှင့် စိတ္တဇရုပ်တို့ ပစ္စည်း ပစ္စယုပ္ပန်
ဖြစ်ပုံကိုပြပါ။
၈။ ရူပဝိပါက် ပဋ္ဌမစိတ်စေတသိက်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ပစ္စည်း
ပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။
၉။ ကျန်သမျှ ရုပ်များကို တပေါင်းထည်း ပစ္စနိက်မထုတ်ဘဲ ဘာ့ကြောင့်
ဗာဟိယရုပ် အာဟာရဇရုပ် စသည်ဖြင့် အသီးသီးပြရသနည်း။
၁၀။ ဗာဟိယရုပ်နှင့် ဥတုဇရုပ်များကို ခွဲခြားပြပါ။
၁၁။ အဘယ်ကြောင့် ပဝတ္တိကမ္မဇရုပ်များ ပစ္စယုပ္ပန်တွင် မပါနိုင်ဘဲ,
ပစ္စနိက်ဖြစ်ရသနည်း။

----------

**အာရမဏပစ္စည်း** အာရမဏပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌
**၃ ချက်ရ** သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်
အားဖြင့် ၃ ပြားအပြားရှိ၏၊ ထိုတွင် ပစ္စုပ္ပန်အတိတ်အနာဂတ်
ဖြစ်သော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ,
ရုပ်အဋ္ဌဝီသ, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်, ဤအာရုံ

**အာရမဏ ပစ္စယော။** ။ အာရမဏပုဒ်နှင့် အာလမ္ဗနပုဒ်သည်
သဘာဝတ္ထ(အာရုံဟူသော သဘာဝအနက်) ချင်းအားဖြင့် တူသော်လည်း
သဒ္ဒတ္ထချင်း ကွဲပြားသေး၏၊ ထို ၂ ပုဒ်လုံး၏ဝိဂြိုဟ်ကို အာရမဏသင်္ဂဟ၌
ပြခဲ့ပြီ၊ အာရမဏသဒ္ဒါသည် "လွန်စွာမွေ့လျော်ရာ"ဟူသော အနက်ကို
ဟော၏၊ အသီးအပွင့် အမျိုးမျိုးကို စိုက်ပျိုးထားသော အာရာမ်ဥယျာဉ်
သည် လွန်စွာမွေ့လျော်ဘွယ်ကောင်းသဖြင့် ထိုဥယျာဉ်၌ မွေ့လျော်ဘွယ်
ရာ၏အဖြစ်ဟူသော သတ္တိထူးရှိသကဲ့သို့, ရူပါရုံစသော အာရုံများလည်း
စိတ်စေတသိက်တို့ မွေ့လျော်ဘွယ်ရာ၏ အဖြစ်ဟူသော သတ္တိထူးရှိကြ
ပေသည်။ ထို့ကြောင့်ပင်လျှင် မည်သည့် စိတ်စေတသိက်မဆို အာရုံနှင့်
ကင်း၍ မဖြစ်နိုင်ဘဲ ရှိကြရလေသည်၊ ဤသို့ စိတ်စေတသိက်တို့ မခွဲနိုင်
လောက်အောင် မွေ့လျော်ဘွယ်ကို ဆောင်သော သတ္တိထူးသည် အာရ
မဏသတ္တိ မည်၏။

[ဆောင်] ဥယျာဉ်ကြီးဝယ်, သီးပွင့်ကြွယ်၍, ပျော်ဘွယ်သတ္တိ,
ကောင်းစွာရှိသို့, မိမိအထံ, နာမကျွန်တို့, ဖန်ဖန်စုပုံ,
ပျော်ရန်ဂုဏ်, အာရုံသတ္တိခေါ်။

အာလမ္ဗန သဒ္ဒါကား "ဆွဲမှီအပ်" ဟူသောအနက်ကိုဟော၏၊ မစွမ်း
မသန်သူတို့သည် ဒုတ် တောင်ဝှေး ကြိုးတန်းကို ဆွဲကိုင်မှီခို၍ ထကြရ
ရပ်တည်ကြရသဖြင့် တောင်ဝှေး ကြိုးတန်းတို့၌ ဆွဲမှီထိုက်သည်၏ အဖြစ်
ဟူသော သတ္တိထူးရှိသကဲ့သို့ အာရုံတို့၌လည်း စိတ်စေတသိက်တို့ ဆွဲမှီ
အပ်သည်၏ အဖြစ်တည်းဟူသော သတ္တိထူးရှိ၏၊ ထို့ကြောင့် မည်သည့်

၆ ပါး ပစ္စည်းတရားတို့သည် အာရမဏပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊ စိတ်တခုယုတ်ကိုးဆယ် စေတသိက် ၁ပြည့်ဒွေပညာသ ဤတရားတို့သည် အာရမဏပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်

စိတ် စေတသိက်မဆို အာရုံတခုခုကို မဆွဲမှီရဘဲ မဖြစ်နိုင်ကြချေ၊ ဤသို့ စိတ် စေတသိက်တို့ လက်မလွတ်နိုင်လောက်အောင် ဆွဲမှီဘွယ်ကို ဆောင်သော သတ္တိထူးသည် အာလမ္ဗနသတ္တိ မည်။

[ဆောင်] တောင်ဝှေးကြိုးတန်း, သူမစွမ်းကို, မပန်းရလေ, ထိုင်ထစေသို့, စိတ်စေတသိ, ဆွဲကိုင်ဘိရန်, သတ္တိမှန်, အာလမ္ဗနဓေါ်။

[တောင်ဝှေးသည် အဆက်အသွယ်မရှိ–တခုထည်း တည်နိုင်သကဲ့သို့, နာမ်နှင့်ပညတ် နိဗ္ဗာန်အာရုံတို့လည်း ပူးပေါင်းထပ်နေခြင်း မရှိကြချေ၊ ကြိုးသည် ချည်မျှင်အများ ဆက်သွယ်စုပေါင်းနေသကဲ့သို့, ရုပ်အာရုံများလည်း ရုပ်ကလာပ်များ ဆက်သွယ်စုပေါင်းနေ၏၊ ထို့ကြောင့် "နာမ် အာရုံနှင့် ပညတ် နိဗ္ဗာန်သည် ဒုတ် တောင်ဝှေးနှင့် တူ၏, ရုပ်အာရုံသည် ကြိုးနှင့် တူ၏"ဟု ကျမ်းဂန်တို့၌ ဆိုသည်။]

**ပစ္စည်း။** ။ ပစ္စည်းတရား၌"ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော" ဟူသော စကားကို စိတ်စေတသိက် ရုပ်တို့နှင့် ဆက်စပ်၊ "ကာလဝိမုတ် ဖြစ်သော" ဟူသော စကားကို နိဗ္ဗာန်ပညတ်တို့နှင့် ဆက်စပ်၊ စိတ်စေတသိက် ရုပ်အာရုံတို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ကာလ ၃ ပါး၌ ထိုက်သလိုဖြစ်သော အာရုံတည်း၊ နိဗ္ဗာန် ပညတ်တို့ကား ထိုကာလ ၃ ပါးမှ လွတ်သောကြောင့် ကာလဝိမုတ် အမည်ရသော အာရုံများတည်း၊ ကာလဝိမုတ်ဖြစ်ဟန်ကို အာရမဏသင်္ဂဟ၌ ပြခဲ့ပြီ၊ "အာရုံ ၆ပါး ပစ္စည်း တရား"ဟူရာ၌ကား ရုပ် ၂၈ ပါးတွင် ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗရုပ် ၅ ပါးသည် ရူပါရုံ စသော အာရုံ ၅ပါးတည်း, ကြွင်းသောရုပ်များနှင့်

ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် အာရမဏ ပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏။

စိတ်စေတသိက် ပညတ်တို့ကား ဓမ္မာရုံတည်း၊ ထို့ကြောင့် ဤစိတ် စေတသိက် ရုပ်နိဗ္ဗာန် ပညတ် ၅ မျိုးကိုပင် အာရုံ ၆ ပါးဟု ဆိုသည်၊ ပစ္စယုပ္ပန်တရားကား ထင်ရှားပြီ။

**ပစ္စနိက်။** ။ ပစ္စနိက်တရားများမှာ အာရုံကိုမယူတတ်၍ အနာရမဏ မည်သော ရုပ်အားလုံးတည်း၊ ထိုအားလုံးကို သိမ်းကြုံး၍ တပေါင်းတည်း မဆိုဘဲ "စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်" စသည်ဖြင့် ခွဲခြား၍ဆိုခြင်းမှာ ပစ္စနီယပါဠိတော် လာသည့်အတိုင်း ဆိုခြင်းဖြစ်သည်။

**ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ။** ။ "စက္ခုဒွါရိကဝီထိ ဖြစ်သောအခါ ပစ္စုပ္ပန် ရူပါရုံသည် ပစ္စည်း, ထိုရူပါရုံကို အာရုံပြုသော ပဉ္စဒွါရာဝဇ္ဇန်း စသော စက္ခုဒွါရိကဝီထိ စိတ်စေတသိက်သည် ပစ္စယုပ္ပန်" စသည်ဖြင့် ဝီထိဆိုရိုးက အာရုံပြုအတိုင်း "ထိုထို အာရုံကို အာရုံပြုသော ဝီထိစိတ် များကို ပစ္စယုပ္ပန်, ထိုဝီထိ၏အာရုံကို အာရမဏပစ္စည်း"ဟု ခွဲခြားလေ။

## လေ့ကျင့်ခန်းမေးခွန်း

၁။ အာရမဏ အာလမ္ဗနပုဒ်တို့၏ အနက်အသီးသီးကိုပြ၍ အာရုံ ၆ ပါး၏ အာရမဏသတ္တိ အာလမ္ဗနသတ္တိကိုလည်း ပြပါ။

၂။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ်များကို အာရုံ ၆ ပါးဖြင့် ခွဲခြားပြပါ။

၃။ သောတဒွါရိကဝီထိချ၍ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ပုံကို ပြပါ။

၄။ အတိတ်ရူပါရုံကို အာရုံပြုသော ကာမဇော မနောဒွါရဝီထိကို ချ၍ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

---

**အာရမဏာဓိပတိ** အဓိပတိပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌

၃ ချက်စု အဓိပတိ ပစ္စည်းသည် အာရမဏာဓိပတိ သဟဇာတာဓိပတိ အားဖြင့် ၂ပါး အပြားရှိ၏၊ ထိုတွင် အာရမဏာဓိပတိ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်

**အာရမဏာဓိပတိ။** ။ မိမိနှင့်စပ်သော အာရမဏိက တရားတို့ကို ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သောသတ္တိသည် အာရမဏာဓိပတိပစ္စည်းမည်၏၊ ထင်ရှားစေအံ့–ရူပါရုံသည် သာမန်ရူပါရုံ အလွန်အကဲ လှပသော ရူပါရုံဟု ၂ မျိုးရှိ၏၊ သာမန်ရူပါရုံ၌ အာရမဏသတ္တိသာရှိ၏, အာရမဏာဓိပတိသတ္တိမရှိ၊ အလွန်လှပသော ရူပါရုံ၌ကား အာရမဏသတ္တိ အာရမဏာဓိပတိသတ္တိ ၂ မျိုးလုံးပင်ရှိ၏၊ အာရမဏာဓိပတိသတ္တိရှိသော ရူပါရုံသည် မိမိကို အာရုံပြုသော အာရမဏိက လောဘမူစိတ်ကို လွှမ်းမိုးချင်တိုင်း လွှမ်းမိုးနိုင်၏,မမြင်ရလျှင် မနေနိုင်အောင် ဖြစ်စေ၏၊ ပဘာဝတီ ရူပါရုံ၏ အာရမဏာဓိပတိ သတ္တိကြောင့် အလောင်းတော် ကုသမင်းသည် ယူဇနာတရာဝေးသော ခရီးကို နေ့ခြင်းပေါက်လှမ်း၍ မြန်းတော်မူရလေ၏၊ ဂုတ္တိလ စောင်းဆရာ၏ စောင်းသံတည်းဟူသော သဒ္ဒါရုံ အာရမဏာ ဓိပတိကြောင့် ပြည့်တန်ဆာမသည် လေသောက်ပြူတင်းမှ ခုန်ဆင်းမိလေ၏၊ ဤသို့ စသည်ဖြင့် သာမန်အာရုံထက် လွန်လွန်ကဲကဲ ဆွဲဆောင်နိုင်သည့် သတ္တိထူးရှိသော အာရုံသည် အာရမဏာဓိပတိ ပစ္စည်းတပ်သော အာရုံမည်၏၊ ထို့ကြောင့် ပစ္စည်းတရား၌ "အလေးအမြတ် ပြုအပ်သော"ဟု၎င်း, ပစ္စယုပ္ပန်၌ "အလေးအမြတ် ပြုတတ်သော"ဟု၎င်း ဆိုသည်၊ "လေးလေးစားစား မြတ်မြတ်နိုးနိုး အာရုံပြုတတ်သော စိတ်စေတသိက်သည် ပစ္စယုပ္ပန်" ဟူလို။

[ဆောင်] သာမန်အာရုံ, အဖုံဖုံထက်, သတ္တိထွက်၍, စိတ်စက် အစု, လေးဂရုဖြင့် မပြု ပြုအောင်, စွမ်းဆောင်သတ္တိ, အာရုံရှိ, အဓိပတိခေါ်။

အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် အလေးအမြတ် ပြု အပ်သော ပစ္စုပ္ပန် အတိတ် အနာဂတ်–ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုက် ကာယ ဝိညာဉ်ကြဉ်သော စိတ် ၈၄ ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇ ခု, ကာလ

**ပစ္စည်း။** ။ "ပစ္စုပ္ပန် အတိတ် အနာဂတ်" ဟူသော ဝိသေသနကို ရုပ် စိတ် စေတသိက်တို့၌ စပ်၊ ဣဋ္ဌဖြစ်သော" ဟူသော ဝိသေသနကိုကား နိပ္ဖန္နရုပ်တွင်စပ်၊ ရုပ် ၂၈ ပါးတွင် အနိပ္ဖန္နရုပ် ၁၀ ပါးသည် ပရမတ္ထ အထည်ကိုယ် မရ–ပညတ်သဘောမျှသာဖြစ်၍ အလေးအမြတ် အာရုံမပြု အပ်ချေ၊ နိပ္ဖန္နရုပ်တွင်လည်း အနိဋ္ဌာရုံဖြစ်သော နိပ္ဖန္နရုပ်ကို အလေးဂရု အာရုံမပြုအပ်၊ ထို့ကြောင့် "ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ" ဟု ဆို သည်၊ စိတ်တို့တွင် ဒေါသမူ မောဟမူ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ် များသည် အလေးဂရုအာရုံပြုအပ်သော စိတ်များမဟုတ်၊ ထို့ကြောင့် ယှဉ်ဘက် ဖြစ်သော ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာနှင့်တကွ ထိုစိတ်များကို ကြဉ်ရလေသည်။ [ဤ ၃ ချက်စု စာသွားဖြင့် "မည်သည့် အာရမဏာဓိက စိတ်က မည်သည့်အာရုံကို အလေးအမြတ်အာရုံပြုသည်"ဟု ခွဲခြား၍ မသိ နိုင်၊ ထို့ကြောင့် အဋ္ဌကထာဖွင့်သည့်အတိုင်း ဆက့်မြတ်တို့ မိန့်အပ်သော လင်္ကာဖြင့် ဆိုင်ရာ အာရုံနှင့် အာရမဏာဓိကစိတ်များကို ခွဲခြားရာ၏။]

[ဆောင်] လောဘမူသည်, ဒေါသမူ မောဟ, ဒုက္ခကြဉ်ဖယ်,ခုနစ်ဆယ် ခြောက်ခု, လောကီစုနှင့်, စတုဇ်ဋ္ဌ, ရုပ်နိပ္ဖန်ကို, ကြည်ညိုသမှု, အလေးပြု၏၊ ကုသိုလ်ကာမ–စိတ်အဋ္ဌလည်း, လောကခေါ်ဆို, ကုသိုလ်သတ္တရပ်, လွန်လေးမြတ်၏၊ ရှစ်မှတ်သမုတ်, သမ္ပယုတ် လည်း, လောကုတ်နဝံ, သ–သက်ကို, ခြေင်စွဲမှိတ်၊ လောကုတ် စိတ်လည်း, အောင်မြိတ်နိဗ္ဗူ, အလေးမူသည်,...ဘုန်းလူ ဇိနေဉ် မော်ကွန်းတည်း။

ဝိမုတ်ဖြစ်သော နိဗ္ဗာန်, ဤအာရုံ ၆ ပါး ပစ္စည်းတရားတို့သည် အာရမဏာဓိပတိ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈ ခု, မဟာကုသိုလ်စိတ် ၈ ခု မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခု, လောကုတ္တရာစိတ် ၈ ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ၄၅, ဤ တရားတို့သည် အာရမဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ အလေးအမြတ် မပြုတတ်ခိုက် မပြု

**လောဘမှုသည်၊ ပေ၊ အလေးပြု၏။** ။ လောဘမူစိတ် ၈ ခုသည် ဒေါသမူ မောဟမူ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော ၇၆ ပါးသော လောကီစိတ်, ထိုစိတ်များနှင့်ယှဉ်သော ၄၇ ပါးသော စေတသိက်, စတုဇ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသကို ကြည်ကြည်ညိုညို လေးလေးမြတ်မြတ် အာရုံပြု၏၊ ကြည်ကြည်ညိုညို ဆိုသော်လည်း သဒ္ဓါတရားဖြင့် ကြည်ညိုခြင်း မဟုတ်, ချစ်ခင်မြတ်နိုးမှုကိုပင် ဆိုလိုသည်၊ စတုဇဣဋ္ဌဟူသည် ကံ စိတ် ဥတု အာဟာရဟူသော အကြောင်း ၄ပါးကြောင့် ထိုက်သလိုဖြစ်သော ဣဋ္ဌာရုံနိပ္ဖန္နရုပ်တည်း၊ ဤ၌ ဣဋ္ဌအရသာဘာဝဣဋ္ဌသာမက, ပရိကပ္ပ ဣဋ္ဌာရုံများကိုလည်း ယူသင့်သည်၊ "ကိုယ်ထင် ခတင် ရွှေနန်း"ဆိုသည့်အတိုင်း ဣဋ္ဌအစစ်မဟုတ်သော်လည်း တဉ္စုတယော် စိတ်အကြံအားဖြင့် ဣဋ္ဌာရုံထင်ကာ လွန်စွာ စွဲလမ်းကြသည်ကို သတိပြု၊ ဤစကားစဉ်အရ- "လွန်စွာလှပသော ရူပါရုံကို အာရုံပြုလျက် စွဲလမ်းနှစ်သက်သော စက္ခုဒွါရ မနောဒွါရိကဝီထိဖြစ်ရာ၌ ရူပါရုံသည် အာရမဏာဓိပတိ-ပစ္စည်း, လောဘဇောသည် အာရမဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်၊ မိမိ၏လောကီချမ်းသာကို လွန်စွာ သာယာသောအခါ၌ လောကီချမ်း စိတ် စေတသိက်သည် အာရမဏာဓိပတိပစ္စည်း, လောဘဇောသည် အာရမဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန်" စသည်ဖြင့် သိလေ။

တတ်နေ–လောကီစိတ် ကောသိတိ, စေတသိက် ဒွေပညာသ, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ် ဤတရားတို့သည် အာရမဏာဓိပတိပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

**ကုသိုလ်ကာမ၊** ပေါ၊ **လောကခေါ်ဆို, ကုသိုလ်သတ္တရသ်။** ။ မဟာကုသိုလ်စိတ် ၈ ပါးသည် လောကီကုသိုလ် သတ္တရသကို အလေးအမြတ် အာရုံပြု၏၊ မိမိကုသိုလ်ကိုဖြစ်စေ သူများကုသိုလ်ကို ဖြစ်စေ ဆင်ခြင်ရ အာရုံပြုရသည့်အခါ–မိမိ၏ချာန်ကုသိုလ်များကို အားရပါးရ ဆင်ခြင်သော ပစ္စဝေက္ခဏာ ကုသိုလ်ဇောဝီထိဖြစ်သည့်အခါတို့၌ လောကီကုသိုလ်အာရုံသည် အာရမဏာဓိပတိပစ္စည်း, အလေးဂရု အာရုံပြုတတ်သော မဟာကုသိုလ်ဇော စေတသိက် တေတ္တိံသသည် အာရမဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်၊ [ဝိရတိစေတသိက်သည် ဝီတိက္ကမိတဗ္ဗ (လွန်ကျူးအပ်သော) တရားကို အာရုံပြု၍, အပ္ပမညာက ပညတ်ကိုသာ အာရုံပြု၏၊ လောကီကုသိုလ်များသည် ဝီတိက္ကမိတဗ္ဗလည်း မဟုတ်, ပညတ်လည်း မဟုတ်သောကြောင့် ဝိရတိ အပ္ပမညာကို ကြဉ်၍ စေတသိက် တေတ္တိံသဟု ဆိုသည်၊ ထို့ပြင်–အပ္ပမညာ၏ အာရုံဖြစ်သော သတ္တပညတ်သည် အလေးပြုအပ်သော အာရုံတွင် မပါဝင်သောကြောင့် ပစ္စယုပ္ပန်ဘက်၌ အပ္ပမညာ လုံးဝမပါတော့လတ့်။]

**ရှစ်မှတ် သမုတ်, သမ္ပယုတ်လည်း, လောကုတ်နဝ, သ–သက်ကို။** ။ [သက် သက် ဆိုလိုလျက် လင်္ကာချောအောင်“သ သက်”ဟု ဆိုသည်၊ “မိမိ မိမိ၏ဥစ္စာ” ဟူလို။] မဟာကုသိုလ်ကြိယာ ဉာဏသမ္ပယုတ် ၈ ပါးသည် မိမိ မိမိ၏ဥစ္စာ ဖြစ်သော လောကုတ္တရာတရား ၉ ပါးကို ခြေခြေငင်ငင် ဖွဲဖွဲလမ်းလမ်း အာရုံပြု၏၊ သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်သည် (ပစ္စဝေက္ခဏာဝီထိ ဖြစ်သောအခါ သမာပတ်ဝင်စားသော အခါတို့၌) မိမိ၏ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏၊ သူများ၏ မဂ်ဖိုလ် နိဗ္ဗာန်

ကိုကား သာမန်လောသာ အာရုံပြုသည်၊ မိမိ၏ သကဒါဂါမိ အနာဂါမိ မဂ် ဖိုလ် နိဗ္ဗာန်တို့၌လည်း ဤနည်းပင်တည်း၊ ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်သည် မိမိဥစ္စာဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် နိဗ္ဗာန်ကို အာရုံပြု၏၊ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံဆို နားလည်လောက်ပြီ။

**လောကုတ်စိတ်လည်း, အောင်မြတ်နိဗ္ဗူ။** ။ လောကုတ္တရာစိတ်လည်း အောင်ရာအမတ နိဗ္ဗာနကို အလေးအမြတ် အာရုံပြု၏ ဤ၌လည်း သူများနိဗ္ဗာန်ကို မိမိမဂ်ဖိုလ်က လုံးဝအာရုံမပြုနိုင်သောကြောင့် မိမိမဂ်ဖိုလ် မိမိနိဗ္ဗာန်ကိုသာ အာရုံပြုသည်-ဟုမှတ် "နိဗ္ဗာန်သည် အာရမဏာဓိပတိပစ္စည်း, မိမိ၏မဂ်ဖိုလ် ဝိရတိနှင့်တကွ စေတသိက် ၃၆ ပါးသည် အာရမဏာဓိပတိ၏ ပစ္စယုပ္ပန်" ဟု သိလေ၊ ဤလောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အမြဲအာရုံပြုသောကြောင့် ပစ္စယုပ္ပန် အမြဲဖြစ်ရကား ပစ္စနိက်၌ ပါဝင်တော့မည်မဟုတ်။

**ပစ္စနိက်။** ။ "အလေးအမြတ် မပြုတတ်ခိုက် မပြုတတ်နေ" ဟူရာ၌ "ခိုက်" ဟူသောစကားသည် အနေကန်စကား အမြဲမဟုတ်ကြောင်းကို ပြသော စကားတည်း၊ "နေ" ဟူသော စကားကား ဧကန်စကား အမြဲဖြစ်ကြောင်းကို ပြသောစကားတည်း၊ ထို့ကြောင့် "အလေးအမြတ် - မပြုတတ်ခိုက်" ဟူသောစကားဖြင့် လောဘမူ ၈, မဟာကုသိုလ် ၈, မဟာကြိယာဉာဏသမ္ပယုတ် ၄, ဤတရားစုကို ပြ၏၊ ဤတရားတို့သည် ပြခဲ့သော အာရုံများကို အလေးအမြတ်ပြုတဲ့အခါလည်း ရှိ၏၊ ပြခဲ့သောအာရုံများကိုဖြစ်စေ အခြားအာရုံများကို ဖြစ်စေ အလေးအမြတ် မဟုတ်ဘဲ သာမန်အာရုံပြုတဲ့အခါလည်း ရှိ၏၊ အလေးအမြတ် အာရုံပြုတဲ့အခါ ပစ္စယုပ္ပန်ဖြစ်၍ အလေးအမြတ် မပြုတဲ့အခါဝယ် ပစ္စနိက်တွင် ပါဝင်သည်၊ "အလေးအမြတ် မပြုတတ်နေ"ဟူသော စကားဖြင့် လုံးလုံးအလေးအမြတ် အာရုံမပြုတတ်သော (လောဘမူ မဟာကုသိုလ် မဟာကြိယာသမ္ပယုတ်မှ တပါးသော) လောကီစိတ်များကိုပြ၏၊ ရုပ်တရားမှာ အာနရမဏတရားဖြစ်၍ "အလေးအမြတ် အာရုံပြုလေသလား မပြုလေသလား" ဟု ယုံမှားဘွယ်မလို။

လေ့ကျင့်ခန်းမေးခွန်း။

၁။ ရူပါရုံ၌ အာရမဏာသတ္တိ အာရမဏာဓိပတိသတ္တိ ၂ မျိုးကို ခွဲခြားပြပါ။

၂။ "အလေးအမြတ် ပြုအပ်–အလေးအမြတ် ပြုတတ်" ဟူသော စကားတို့၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

၃။ "ပစ္စုပ္ပန် အတိတ် အနာဂတ်" ဟူသော ဝိသေသန "ဣဋ္ဌဖြစ်သော"ဟူသော ဝိသေသနပုဒ်များကို အဘယ်၌ စပ်ဆိုက်ရမည်နည်း။

၄။ ပစ္စည်းတရား၌ အနိဋ္ဌရုပ်များကို အဘယ်ကြောင့် မပြပါသနည်း။

၅။ ပစ္စယုပ္ပန်တရားတို့တွင် မည်သည့်တရားက မည်သည့်အာရုံများကို အလေးဂရုပြုကြောင်း (လောဘမူသည် ဒေါသမူ မောဟစသော လက်သံအရ) ခွဲခြားပြပါ။

၆။ ယောဂီပုဂ္ဂိုလ်က မိမိဈာန်စိတ်ကို အားရပါးရ သာယာနေရာ၌ အာရမဏာဓိပတိ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

၇။ အဘိညာဉ်စိတ်ဖြင့် သူတပါး၏မဂ်ဖိုလ် နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြုနိုင်သလား, မပြုနိုင်လျှင် လက်သံပိုဒ်၌ အဘယ်စကားကို ထောက်မည်နည်း။

၈။ "ခိုက်" "နေ" ဟူသော စကားတို့သည် အဘယ်အဓိပ္ပာယ်ကို ပြကြသနည်း။

၉။ ပစ္စနိက်၌ "အလေးအမြတ်မပြုတတ်ခိုက်" ဟူသော စကားကို အဘယ်၌ စပ်မည်နည်း, (အကြောင်းပြ၍ဖြေပါ။)

၁၀။ လောဘမူစိတ်သည် ရူပါရုံတခုကို အလေးဂရုပြုရာ၌ ပစ္စယုပ္ပန် ပစ္စနိက် ၂ မျိုးတွင် အဘယ်အချက်၌ ပါဝင်၍, အလေးဂရုမပြုတဲ့အခါ အဘယ်အချက်၌ ပါဝင်သနည်း။

**သဟဇာတာဓိပတိ** သဟဇာတာ ဓိပတိ၌ သရုပ် တို့သည် ၃ **ချက်စု** ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ပါး အပြားရှိကုန်၏၊ ထိုတွင် အဓိပတိ ပစ္စည်းတပ်ခိုက် တပ်နေ– မောဟမူဒွေ ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂ ခု နာမက္ခန္ဓာ၌ရှိသော ဆန္ဒ ဝီရိယ စိမ်သ, သာဓိပတိဇော

**သဟဇာတာဓိပတိ။** ။ အာရမဏာဓိပတိ၏ ဥပမာသည် အာရမဏ ရိုးရိုးအတိုင်း တောင်ဝှေးကြီးတန်းတည်း၊ ဤသဟဇာတာဓိပတိသော ကိုကား စကြာမင်းဖြင့် ဥပမာပြကြ၏၊ ဤကျမ်း၌ကား မိမိနိုင်ငံ၌ အပြိုင် မရှိ စိုးစံရသော ပြည့်ရှင်မင်းဖြင့် ဥပမာပြလိုပေသည်၊ ပြည့်ရှင်မင်းသည် မိမိနိုင်ငံ၌ မိမိတဉ်းထည်းသာ ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သကဲ့သို့, ထို့ အတူ တကွဖြစ်သော စိတ် စေတသိက် နာမက္ခန္ဓာတို့တွင် တပါးထည်း အုပ်စိုးလျက် တွဲဘက် စိတ်စေတသိက်များကို လွှမ်းမိုးနိုင်သောသတ္တိသည် သဟဇာတာဓိပတိ ပစ္စည်း မည်၏၊ ထင်ရှားစေအံ့ – အလောင်းတော် သုမေဓာ ရှင်ရသေ့၏ ဒီပင်္ကရာဘုရားရှင်ကို ဖူးတွေ့ရသည့်အခါ ဘုရား ဖြစ်လိုသော ဆန္ဒသည် အလွန်ထက်သန်စွာ ဖြစ်ပေါ်လာ၏၊ ရှားမီးကျီးခဲ တွေ ပြည့်နေသော စကြာဝဠာကြီး၏ တောင်ဘက်တံတိုင်းမှ မီးကျီးခဲ တွေကို မကြောက်မရွံ့ ရဲဝံ့စွာ နင်းသွား၍ မြောက်ဘက်တံတိုင်းသို့ ရောက်သည့် အခါ ဘုရားဖြစ်ပါလိမ့်မည်–' ဟု ဆိုလျှင် ထိုမျှလောက် မီးကျီးတွေကိုပင် ဂရုမစိုက်ဘဲ ရဲဝံ့စွာနင်း၍ ချက်ခြင်းသွားလျက် ဘုရားအဖြစ်ကို ရရှိလို၏၊ ထိုကဲ့သို့ ဆန္ဒလွန်ကဲစွာ မဟာကုသိုလ်စိတ် ဖြစ်နေရာ၌ တကွဖြစ်ဘက် တရားတို့သည် ဆန္ဒ၏ အလိုကျ ဆန္ဒ အုပ်ချုပ်စီမံသည့်အတိုင်း ဖြစ်ကြရ တော့၏၊ ပညာ ဝီရိယ စိတ်တို့လည်း ထိုအခိုက်မှာ ဆိုင်ရာကိစ္စကို ဆန္ဒ အလိုအတိုင်း ရွက်ဆောင်ကြရလေသည်၊ မဟောသဓဇာတ်တော်လာ ပြဿနာ ဖြေမှု စသော ကိစ္စ၌ ပညာအဓိပတိ တပ်ပုံ, မဟာဇနက ဇာတ်တော် ဝယ် ရွက်လှေကြီးပျက်၍ ပင်လယ်ကူးရသော အချက်၌ ဝီရိယ အဓိ ပတိတပ်ပုံ, ထိုထို ကိစ္စ၌ စိတ်ထက်သန်ပုံကို ချဲ့ထွင်ကြည့်ပါ၊ ဤသို့လျှင်

၅၂ ခုဟု ဆိုအပ်သော စိတ်အားဖြင့် အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါးပါး, ဤတရားတို့သည် သဟဇာတာ ဓိပတိ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ အဓိပတိအတူတကွ ဖြစ်ဘက်တရားတို့ကို လွှမ်းမိုး၍ တပါးထည်း အုပ်စိုးနိုင်သော သတ္တိသည် သဟဇာတာဓိပတိသတ္တိပေတည်း။ [တပါးတပါးသာ အဓိပတိ ဖြစ်ရခြင်း၏ အကြောင်းကို သမုစ္စည်းပိုင်း ဘာသာဋီကာ၀ယ် "အဓိပတိ ကောဝ လဗ္ဘတိ" ၀ါကျ၌ ဖွင့်ပြခဲ့ပြီ။]

[ဆောင်] ကိုယ့်နိုင်ငံတွင်, မြတ်ဘုရင်သို့, များဖြင့်တရား, တွဲဘက်များကို, တပါးထည်းက, အလိုကျအောင်, စိုးရလေတတ်, သတ္တိမြတ်, သဟဇာတ် ဓိပတိခေါ်။

**ဓာတ်ခံရှိမှ မြှောက်တိုင်း မြင့်ပုံ။** သမုစ္စည်းပိုင်း ဘာသာဋီကာ၌ ပြခဲ့သည့်အတိုင်း "စိတ္တ၀တော ကိံ နာမ နသိဇ္ဈတိ" စသည်ဖြင့် ပုဗ္ဗာဘိသင်္ခါရဖြင့် မြှောက်မြှင့် ပေးအပ်သော တရားသာ အဓိပတိ တပ်နိုင်လျှင် ဖဿဝေဒနာစသော တရားများလည်း ထိုကဲ့သို့ မြှော်မြှင့်ပေးက အဓိပတိ ဖြစ်ထိုက်ကြသည်မဟုတ်လော–ဟု မေးဘွယ်ရှိ၏၊ အဖြေကား မြှော်တိုင်း မြင့်မှုဟူသည် တရားအားလုံး၌ မဖြစ်နိုင်, ပင်ကိုယ်က မြင့်လောက်တက်လောက်အောင် ဓာတ်ခံရှိမှသာ မြှောက်သည့်အတွက် မြင့်တက်လာနိုင်သည်၊ အဓိပတိ အကြီးအချုပ် ဖြစ်လောက်အောင် မြင့်မှုဟူသည်လည်း တော်တော်တန်တန် မြှော်လာရုံဖြင့် သတ္တိမမြင့်နိုင်၊ ဥပမာ–ပင်ကိုယ်က ဇနေတတ်သူ တိုင်းမှိုင်းဖျင်းအသူ သူတပါး မြှော်သည်ကို ဂရုမစိုက်ဘဲ မှန်မှန်လုပ်ကိုင် နေသူတို့မှာ သူတပါးက မြှောက်ပေးသည့် အတွက် အထင်အရှား သတ္တိတိုးတက်၍ မလာ, မသိမသာ တိုးသင့်သလောက် တိုးစေကာမူ အကြီးအချုပ် ဥက္ကဋ္ဌအခြေအနေသို့ မရောက်သေး၊ ထို့အတူ ဖဿ ဝေဒနာ သညာ စေတနာ စသည်တို့သည် ပုဗ္ဗာဘိသင်္ခါရဖြင့် မြှောက်ပေးသော်လည်း ဖဿ၏ အထိဓာတ်သတ္တိ, ဝေဒနာ သညာတို့၏ ခံစားဓာတ်–အမှတ်ဓာတ်သတ္တိတို့ အထင်အရှား ဟိုးတက်ဘွယ် မရှိပြီ၊

ပစ္စည်းကို ရခိုက် ရနေ– အဓိပတိ တရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂ ခု, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ကေပညာသ, သာဓိပတိစိတ္တဇရုပ်, ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည် စေတနာဟူသော တရားသော်မှလည်း သူ့အလိုအတိုင်း သတ္တိ တိုးတက်မည်မဟုတ်, ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ထက်မှ စေတနာလည်း ထက်သန်သည်ဟု ဆိုစရာရှိသည်၊ ပင်ကိုယ်က ထက်မြက်သော ဓာတ်ခံပါရှိသူတို့ကား (သူ့စိတ်နှင့် သင့်တော်အောင်) မြှောက်ပေးလျှင် ထောင်းကနဲ ထလျက် သတ္တိထက်လာ၏၊ ထို့အတူ ပင်ကိုယ်က ဓာတ်ခံကောင်းသော ဆန္ဒ စသည်တို့မှာလည်း ပုဗ္ဗာဘိသင်္ခါရဖြင့် မြှောက်မြှင့်ပေးက အဓိပတိ ဖြစ်လောက်အောင် သိသိသာသာ သတ္တိတိုးတက်လာနိုင်ပေသည်၊ ဤသို့ ပုဗ္ဗာဘိသင်္ခါရ အတွက် သတ္တိထွက်ခြင်း မထွက်ခြင်း ကွာခြားသောကြောင့် ဖဿစသော တရားတို့ကို အဓိပတိဟု မဆိုဘဲ ဆန္ဒ စသည်ကိုသာ အဓိပတိဟု ဆိုရလေသည်။

ပစ္စည်း။ ။ "အဓိပတိတပ်ခိုက်"ဟူသော စကားသည် မောဟမူ ဟသိတုပ္ပါဒ်မှတပါး ကာမဇောဆိုင်ရာကို ရည်ရွယ်သော စကားတည်း၊ ကာမဇော နာမက္ခန္ဓာ၌ပါသော ဆန္ဒ ဝီရိယ ဝီမံသနှင့် ကာမဇောစိတ်တို့သည် တရံတခါသာ အဓိပတိသတ္တိရှိ၏၊ ထို့ကြောင့် အဓိပတိတပ်တဲ့ အခိုက်အခါဝယ် အဓိပတိပစ္စည်းဖြစ်၍, အဓိပတိမတပ်တဲ့ အခိုက်အခါဝယ် အဓိပတိပစ္စည်း မဖြစ်ကြချေ၊ "တပ်နေ" ဟူသော စကားကား အပ္ပနာဇော ဆိုင်ရာကို ရည်ရွယ်သော စကားတည်း၊ အပ္ပနာဇော နာမက္ခန္ဓာ၌ရှိသော ဆန္ဒ ဝီရိယ ဝီမံသစိတ်တို့တွင် တပါးပါးသည် အမြဲ အဓိပတိတပ်လျက်ရှိ၏။

"သာဓိပတိဇော ၅၂ ခု နာမက္ခန္ဓာ၌ ရှိသော ဆန္ဒ ဝီရိယ ဝီမံသ" ဟူရာ၌ အဓိပတိနှင့်တကွဖြစ်သော ဇောကို "သာဓိပတိဇော" ဟု ခေါ်၏၊ ထိုဇောဟူသည် စိတ်စေတသိက်ဟူသော နာမက္ခန္ဓာ ၄ ပါး ဖြစ်ရကား

ကုန်၏၊ အဓိပတိပစ္စည်းကို မရခိုက် မရနေ–ကာမစိတ် ၈တု ပညာသ မဟာဂ္ဂုတ်ဝိပါက် ၉ ခု, စေတသိက် ၃၈ပညာသ, အဓိပတိပစ္စည်း တပ်ခိုက် တပ်နေ–သာဓိပတိဇော ၅၂ ခု "သာဓိပတိဇော ၅၂ ခု နာမက္ခန္ဓာ" ဟု ဆိုသည်၊ ထိုစကားအရ–သာဓိပတိဇော ၅၂ ခုဌ်ရှိသော ဆန္ဒ ဝီရိယ ဝီမံသအားဖြင့် အဓိပတိတရားကိုယ် ၃ ပါးသာ ရသေး၏, စိတ္တာဓိပတိမပါသေး၊ ထို့ကြောင့် "သာဓိပတိဇော ၅၂ ခုဟု ဆိုအပ်သောစိတ်" ဟု ဆက်ရပြန်သည်၊ "အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါးပါး" ဟူရာ၌ "၃ ပါး" ဟူသော စကားသည် ဝီမံသာဓိပတိ မရနိုင်သော အကုသိုလ်ဇော ဉာဏဝိပ္ပယုတ်ဇောများကို ရည်ရွယ်သော စကားတည်း၊ "၄ ပါး" ဟူသော စကားကား ဝီမံသာဓိပတိပါသော တိဟိတ်ဇောဆိုင်ရာကို ရည်ရွယ်သော စကားတည်း။ [ဇောတို့သာ အဓိပတိ တိုက်ပုံ, မောဟမူ ဟသိတုပ္ပါဒ်ဇောများ ကြဉ်ရပုံကို သမုစ္စည်းပိုင်း ဘာသာဋီကာ၌ ပြခဲ့ပြီ။]

ပစ္စယုပ္ပန်။ ။ "အဓိပတိပစ္စည်း ရခိုက်ရနေ" ဟူသော စကားကို "သာဓိပတိဇော ၅၂, စေတသိက်ကေပညာသ, သာဓိပတိစိတ္တဇရုပ်" ဟူသော စကားတို့နှင့် ဆက်စပ်ပါ၊ ထိုတွင် "ရခိုက်"ဟူသည်"ကျေးဇူးပြုခံရတဲ့အခိုက်"တည်း၊ ဤ "ရခိုက်"ဟူသောစကားဖြင့် ကာမဇောစိတ် စေတသိက် စိတ္တဇရုပ်များကို ရည်ရွယ်သည်၊ "ရနေ"ဟူသည်"ကျေးဇူးပြုအမြဲခံနေရခြင်း" တည်း၊ ဤ "ရနေ"ဟူသော စကားဖြင့် အပ္ပနာဇောစိတ် စေတသိက် စိတ္တဇရုပ်ကို ရည်ရွယ်သည်၊ "အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂ ခု စေတသိက် ကေပညာသ" ဟူရာ၌ ဆန္ဒ အဓိပတိ ပစ္စည်းတပ်တဲ့အခါ ဆန္ဒသည် ပစ္စယုပ္ပန်တွင် မပါနိုင်၍ ကြဉ်ရသည်, ဝီရိယ ဝီမံသစိတ်တို့လည်း အဓိပတိပစ္စည်းတပ်တဲ့အခါ ပစ္စယုပ္ပန်တွင် မပါဝင်နိုင်ကြ၍ ကြဉ်ရသည်၊ ထိုသို့ တပ်တဲ့အခါမှာ ပစ္စယုပ္ပန်အဖြစ်မှ ကြဉ်ရသော်လည်း မတပ်တဲ့အခါ ပစ္စယုပ္ပန်တွင် ပါဝင်ကြသေးသော ကြောင့် သရုပ်အရေအတွက် မလျော့ဘဲ "သာဓိပတိဇော ၅၂, ဝိစိကိစ္ဆာ

နာမက္ခန္ဓာ၌ ရှိသော အဓိပတိ တရားကိုယ် ၃ ပါး ၄ ပါး တို့တွင် တပါးပါး, နိရာဓိပတိစိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိယရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် သဟဇာတာ ဓိပတိပစ္စည်း၏ ပစ္စနီကဖြစ်သော တရားတို့ မည်ကုန်၏။

ကြံ့သော စေတသိက် ကေပညာသ" ဟု ဆိုသည်၊ ဝိစိကိစ္ဆာကိုကား သူ၏ယှဉ်ရာ မောဟမူဒွေ မပါ၍ ကြံ့သည်၊ ဤသို့ အဓိပတိပစ္စည်း တပ်ခိုက်မှာ ပစ္စယုပ္ပန်အဖြစ်မှ ကြံ့ရသောကြောင့် အချို့ ၃ ချက်စု စာအုပ်များ၌ "အဓိပတိပစ္စည်း ရခိုက် ရနေ" ဟုမပါဘဲ"အဓိပတိပစ္စည်း တပ်ခိုက် တပ်နေ အဓိပတိတရားကိုယ် ကြံ့သော" ဟု တမျိုးရှိလေ၏၊ သူ့နည်းနှင့်သူ အဓိပ္ပာယ်ရသော်လည်း "ရခိုက် ရနေ" သာ အာဘော် ကျမည်၊] "သာဓိပတိစိတ္တဇရုပ်" ဟူသည် အဓိပတိပစ္စည်း ရသော စိတ်ကြောင့်ဖြစ်သော ရုပ်တည်း၊

**ပစ္စနီက်**။ ။ "အဓိပတိပစ္စည်း မရခိုက်"ဟူသော စကားသည် အဓိပတိပစ္စည်း ရကောင်းသော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာ ကြိယာဇော,ထိုဇောများနှင့်ယှဉ်ဘက် စေတသိက်များကို ရည်ရွယ်သော စကား တည်း၊ ထိုတရားတို့သည် အဓိပတိပစ္စည်းရတဲ့အခိုက်မှာ ပစ္စယုပ္ပန်ဖြစ်ကြ၍, မရတဲ့အခိုက်မှာ ဤပစ္စနီက်၌ ပါဝင်ကြသည်၊ "မရနေ"ဟူသော စကားကား အဓိပတိပစ္စည်း လုံးဝ မရနိုင်သော မောဟမူ အဟိတ် ကြိယာ ကာမဝိပါက် မဟဂ္ဂုတ်ဝိပါက်, ထိုစိတ်များနှင့် ယှဉ်သော စေတသိက်များကို ရည်ရွယ်သော စကားတည်း၊ ထိုတရားတို့ ပစ္စနီက်၌ အမြဲပါဝင်ကြရသည်။

"အဓိပတိပစ္စည်းတပ်ခိုက်တပ်နေ သာဓိပတိဇော ၅၂ ခု နာမက္ခန္ဓာ၌ ရသော အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါးပါး"ဟူသည် ကား ပစ္စည်းတရားတုန်းက ပစ္စည်းတပ်သော တရားတို့ကိုပင် ပြသော စကားတည်း၊လောဘမူ ပဌမစိတ်၌ ဆန္ဒသည် ပစ္စည်းတပ်ခိုက် ပစ္စယုပ္ပန်

တွင် မပါနိုင်, ပစ္စနိက်၌ ပါဝင်ရမည်၊ ဤသို့စသည်ဖြင့် ပစ္စည်းတပ်သော တရားတပါးပါးသည် ပစ္စနိက်၌ ပါဝင်ရမည်–ဟူလို၊ "နိရာဓိပတိစိတ္တ ရုပ်"ဟူသည်ကား အဓိပတိ မရသောစိတ်ကြောင့် ဖြစ်သောရုပ်တည်း။

**ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ။** ။ လောဘမူပဋ္ဌမစိတ်၌ စေတသိက် ၁၉ ယှဉ်ရာ–စိတ်ထက်သန်နေသောအခါ ဖြစ်မူ စိတ်သည် အဓိပတိပစ္စည်း, ဆန္ဒ ဝီရိယတို့နှင့်တကွ စေတသိက် ၁၉ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်[ဤ၌ ပစ္စည်းတပ်သောစိတ်သည် ပစ္စနိက်၌ ပါဝင်၏။] ဆန္ဒထက်သန်ရာ၌ ဆန္ဒ အဓိပတိဖြစ်ပုံ, ဝီရိယလွန်ကဲရာ၌ ဝီရိယ အဓိပတိဖြစ်ပုံများကိုလည်း ချဲ့တွင် ကြည့်လေ၊ ဉာဏ်နှင့်ယှဉ်ရာ မဟာကုသိုလ် စသည်၌လည်း ဉာဏ်ထက် သန်တဲ့အခါ ဝိမံသ အဓိပတိပစ္စည်း ဖြစ်ပုံကို သိလေ၊ ပစ္စည်းတပ်သော တရား တပါးပါးသည် ပစ္စနိက်၌ အမြဲပါဝင်ရသည်။

### လေ့ကျင့်ခဏ်းမေးခွန်း

၁။ သဟဇာတာဓိပတိပစ္စည်း၏ သတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ ပင်လယ်ကြောဝယ် မျောတော်မူစဉ်က မဟာဇနကမင်း၏ စိတ် ဓာတ်၌ ဝီရိယာဓိပတိတပ်သော ပစ္စည်းပစ္စယုပ္ပန်ကိုပြပါ။

၃။ ပစ္စည်းတရား၌ "တပ်ခိုက်" "တပ်နေ" တို့၏ အဓိပ္ပာယ်ကိုပြ၍, ထိုစကား ၂ ရပ်တို့ စပ်ဆိုင်ရာ တရားစုကိုလည်း ခွဲခြားပြပါ။

၄။ သာဓိပတိဇော ဟူသော စကား၏အဓိပ္ပာယ်ကိုပြပါ။

၅။ "အဓိပတိပစ္စည်း ရခိုက် ရနေ" ဟူသော ပစ္စယုပ္ပန်စကားဝယ် "ရခိုက်–ရနေ"၏ အဓိပ္ပာယ်ကို ခွဲခြား၍, ထိုစကား ၂ ရပ်၏ စပ်ဆိုင်ရာ တရားများကို ခွဲခြားပြပါ။

၆။ ပစ္စနိက်၌ "အဓိပတိပစ္စည်းကို မရခိုက် မရနေ" ဟူသော စကား ဝယ် "ခိုက်–နေ" စကားတို့၏ စပ်ဆိုင်ရာ တရားစုကို ခွဲခြားပြပါ။

၇။ ပညာသင်ဘို့ရန် ဆန္ဒထက်သန်နေသူ၏ မဟာကုသိုလ် ပဋ္ဌမစိတ် စေတသိက်တို့ကို ထုတ်ပြ၍ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ဟန်ကိုပြပြီးလျှင်, ဆန္ဒ၏ ပစ္စနိက်၌ ပါဝင်ထိုက်–မပါဝင်ထိုက်ကိုလည်းပြပါ။

အနန္တရပစ္စည်း အနန္တရပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌
၃ ချက်စု သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်
အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် ရုဟန္တာတို့၏ စုတိ

**အနန္တရ ပစ္စယော။** ။ အနန္တရ၌ အန္တရသဒ္ဒါသည် အကြား ကာလကိုငင်း, ရှေ့စိတ် နောက်စိတ်၏ အလယ်ကြား၌ တရားတခုကိုငင်း ဟော၏၊ နောက်နည်း၌ "အန္တရယတိ(အန္တရံကရောတိ)–ခြားကွယ်မှုကို ပြုတတ်၏၊ ဣတိ–ကြောင့်၊ အန္တရံ–အန္တရ မည်၏" ဟု နာမတော် ကြံသည်၊ "နတ္ထိယေသံ အန္တရံတိ အနန္တရာ" ယေသံ–အကြင်တရားတို့၏၊ အန္တရံ–အကြားသည်၊ ဝါ–ခြားကွယ်မှုကို ပြုတတ်သော တရားတပါး သည်၊ နတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ တေ–ထိုတရားတို့သည်၊ အနန္တရာ–အနန္တရတို့ မည်၏၊ ဤဝိဂြိုဟ်အလိုအားဖြင့် ရှေ့စိတ်နောက်စိတ် ၂ မျိုး လုံးပင် အနန္တရဟု ဆိုသင့်သော်လည်း ထိုကဲ့သို့ အကြား မရှိခြင်းသည် ရှေ့စိတ် အစွမ်းကြောင့်သာ ဖြစ်သောကြောင့် ရှေ့စိတ်၏ သတ္တိသာလျှင် အနန္တရ ပစ္စည်း ဖြစ်သည်။

ဆက်ဥုးအံ့–ရှေးရှေးစိတ်များ၌ မိမိ ချုပ်ပြီးနောက် ဆက်လက်၍ စိတ်တမျိုး ဖြစ်ပေါ်ရစ်စေနိုင်သော သတ္တိထူးရှိကြ၏၊ ထိုသို့ စိတ်တမျိုး ကို ဖြစ်စေရာ၌လည်း "မည်သည့်စိတ် မဆို စိတ်တခုခုဖြစ်လျှင် ပြီးရော" ဆိုတဲ့ အနေမျိုးဖြင့် ကျေးဇူးပြုကြသည်မဟုတ်, ဝိထိခဏ်း၌ ပြခဲ့သော စိတ္တနိယာမအတိုင်း စက္ခုဝိညာဉ်က မိမိ အခြားမဲ့၌ သမ္ပဋိစ္ဆိုန်းဖြစ် အောင်, သမ္ပဋိစ္ဆိုန်းက မိမိ အခြားမဲ့၌ သန္တီရဏဖြစ်အောင် ဤသို့ စသည်ဖြင့် မိမိအခြားမဲ့၌ ဆိုင်ရာစိတ် စေတသိက်များသာ ဖြစ်ပေါ် လာအောင် ကျေးဇူးပြုသည်၊ ထို့ကြောင့် မိမိ၏ အခြားမဲ့၌ ဖြစ်ထိုက် သော စိတ်များကို စိတ္တနိယာမအတိုင်းဖြစ်စေ စွမ်းနိုင်သော ရှေးရှေးစိတ် ၏ သတ္တိကို အနန္တရပစ္စည်းဟု မှတ်။

[ဆောင်] နိယာမ လာ, ဓမ္မတာဖြင့်, မကွာခြားမဲ့, စိတ်ဖြစ်တဲ့
အောင်, ဂုမ်းဆောင်နိုင်ရန်, သတ္တိမှန်, အနန္တရခေါ်။

ကြဉ်သော ရှေးရှေးသော စိတ်တခု ယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ, ဤ တရားတို့သည် အနန္တရ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏၊ ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားတို့ မည်ကုန်၏၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် အနန္တရပစ္စည်း၏ပစ္စနိက်ဖြစ်သောတရားတို့ မည်ကုန်၏။

သမနန္တရပစ္စည်းလည်း နည်းတူ။

**သမနန္တရပစ္စယော။** ။ "သုဋ္ဌု အနန္တရာတိ သမနန္တရာ" သုဋ္ဌု-လွန်စွာ၊ အနန္တရာ-အကြားမရှိသော တရားတို့သည်၊ ဝါ-ခြားကွယ်သမှုပြုတတ်သော တရားတပါးမရှိသော တရားတို့သည် သမနန္တရာ-သမနန္တရတို့မည်၏၊ [သံ+အနန္တရ-ဟု ပုဒ်ခွဲ, သံသဒ္ဒါသည် သုဋ္ဌုအနက်ဟောတည်း၊] အလွန်အကြားမရှိဘဲ နောက်စိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သောရှေ့စိတ်၏သတ္တိသည် သမနန္တရပစ္စည်းမည်၏၊ "အလွန်အကြားမရှိ"ဟူသော စကား၏ အဓိပ္ပာယ်ကား-ရှေ့စိတ် နောက်စိတ်ဟု စိတ် ၂ မျိုး ခွဲထားသော်လည်း ရှေ့စိတ်၏ဘင်နှင့် နောက်စိတ်၏ဥပါဒ်တို့ကြားပြတ်ခြင်း မရှိတော့ရကား စိတ်တမျိုးထည်းကဲ့သို့ ဖြစ်နေသောကြောင့် "အလွန်ကိုယ် အကြားမရှိ, သိပ်ကိုယ် အကြားမရှိ" ဟု ဆိုလိုသည်။

ထင်ရှားစေအံ့-ရုပ်တရားသည် ၈ ခု ၉ ခုစသည် ပေါင်းစပ်တွေခဲ ကလာပ်တွဲ၍ ဖြစ်လေ့ရှိသောကြောင့် ပုံသဏ္ဍာန် ထင်ရှား၏၊ ထို့ကြောင့် ဤကလာပ်သည် ဤကလာပ်မှ အထက်၌တည်၏, အောက်၌တည်၏, ဝဲဘက် ယာဘက်၌တည်၏,ဟု ခွဲခြား၍ရလောက်အောင် ကလာပ်တခုနှင့်တခု၌ အကြား (အာကာသ)ရှိ၏၊ နာမ်တရားတို့မှာ ထိုကဲ့သို့ ပုံသဏ္ဍာန်လည်း မရှိ, တခဏထည်း၀ယ် စိတ် ၂ မျိုး ၃ မျိုး ပြိုင်တူ ဖြစ်လေ့လည်း

သဒ္ဒါထူးပုံကား အနန္တရ၌ သံသဒ္ဒါမပါဘဲ, သမနန္တရ၌ သံသဒ္ဒါပါခြင်းတည်း၊ ထိုသို့ သဒ္ဒါထူးလျှင် သံသဒ္ဒါအတွက် "အလွန်" ဟူသော သဒ္ဒါနက်လည်း ထူးတော့သည်သာ၊ ဗျဉ္ဇနမေဝ၌ ဧဝသဒ္ဒါကား တရားကိုယ်အရ မထူးကြောင်း(ပစ္စည်း ပစ္စယုပ္ပန် မထူးကြောင်း) ကို ပြသည်။]

**ဝါဒန္တရ။** ။ အရှင်ရေဝတမည်သော ဆရာကား "အတ္ထာနန္တရတာယ-အနက်ဒြဗ် ပရမတ်တပါး ခြားကွယ်ခြင်း မရှိသည်၏ အဖြစ်ကြောင့်၊ အနန္တရပစ္စယော-အနန္တရပစ္စည်းဖြစ်၏၊ ကာလာနန္တရတာယ-ကာလ အခြားမရှိသည်၏အဖြစ်ကြောင့်၊ သမနန္တရပစ္စယော သမနန္တရပစ္စည်းဖြစ်၏" ဟု အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း အထူးကို ဆို၏၊ ဆိုလိုရင်းကား စက္ခုဝိညာဉ်၏ဘင်နှင့် သမ္ပဋိစ္ဆိုန်း၏ ဉပါဒ်အကြား၌ ပရမတ်တရား ခြားကွယ်ခြင်းမရှိဘဲ စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုန်းအား ကျေးဇူးပြုခြင်းသည် အနန္တရသတ္တိတည်း၊ စက္ခုဝိညာဉ်၏ ဘင်ခဏပြီးလျှင် ကာလမခြားဘဲ သမ္ပဋိစ္ဆိုန်းဉပါဒ်လာအောင် ကျေးဇူးပြုနိုင်ခြင်းသည် သမနန္တရသတ္တိတည်း-ဆိုသတတ်၊ ထို အရှင်ရေဝတ၏ စကားသည် "နိရောဓသမာပတ် မဝင်စားမီ နေဝသညာ နာသညာယတနဇောသည် သမာပတ်အတွင်း၌ ကာလအတော်ကြာ ခြားပြီးမှ ဖိုလ်ဇောအား သမနန္တရသတ္တိဖြင့် ကျေးဇူးပြု၏" ဟု ဟောတော်မူသော ပါဠိတော်များနှင့် ဆန့်ကျင်၏-ဟု အဋ္ဌကထာ မိန့်ဆိုလေသည်။

**ဆက်ဦးအံ့-** အဋ္ဌကထာ၌ "နိရောဓသမာပတ်ဝင်စားရာဝယ် ရှေ့အဘို့က နေဝသညာ နာသညာယတနဇောသည် သမာပတ်မှ ထသောအခါ ဖိုလ်ဇောအား သမာပတ် ဝင်စားခိုက် ကာလခြားသော်လည်း ပရမတ္ထ အထည်ဒြပ် မခြားသောကြောင့် အနန္တရ သမနန္တရသတ္တိ ၂ မျိုးဖြင့် ကျေးဇူးပြု၍၊ အသညသတ်ဘုံသို့မရောက်မီ ကာမဘုံက စုတိသည် အသညသတ်ဘုံ၌ ကမ္ဘာ ၅၀၀ ကာလခြားသော်လည်း အသညသတ်မှ အပြန် ကာမဘုံ၌ဖြစ်သော ပဋိသန္ဓေအား ကျေးဇူးပြုနိုင်၏၊ ထို့ကြောင့် အနန္တရ သမနန္တရအရ ကာလအခြားမရှိခြင်းကို မဆိုလို၊ တရားတပါး ခြားကွယ်ခြင်း မရှိမှုကိုသာ အနန္တရ သမနန္တရဟု ယူလို၏၊ ဤအဋ္ဌကထာ

သဒ္ဒါထူးပုံကား အနန္တရ၌ သံသဒ္ဒါမပါဘဲ, သမနန္တရ၌ သံသဒ္ဒါပါခြင်း တည်း၊ ထိုသို့ သဒ္ဒါထူးလျှင် သံသဒ္ဒါအတွက် "အလွန်" ဟူသော သဒ္ဒါ နက်လည်း ထူးတော့သည်သာ၊ ဗျဉ္ဇနမေဝ၌ ဧဝသဒ္ဒါကား တရားကိုယ် အရ မထူးကြောင်း(ပစ္စည်း ပစ္စယုပ္ပန် မထူးကြောင်း) ကို ပြသည်။]

**ဝါဒန္တရ**။ ။ အရှင်ရေဝတမည်သော ဆရာကား "အတ္ထာနန္တရ တာယ–အနက်ဒြဗ် ပရမတ်တပါး ခြားကွယ်ခြင်း မရှိသည်၏ အဖြစ် ကြောင့်၊ အနန္တရပစ္စယော–အနန္တရပစ္စည်းဖြစ်၏၊ ကာလာနန္တရတာယ– ကာလ အခြားမရှိသည်၏အဖြစ်ကြောင့်၊ သမနန္တရပစ္စယော သမနန္တရပစ္စည်း ဖြစ်၏" ဟု အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း အထူးကို ဆို၏၊ ဆိုလိုရင်းကား စက္ခုဝိညာဉ်၏ဘင်နှင့် သမ္ပဋိစ္ဆိုန်း၏ ဥပါဒ်အကြား၌ ပရမတ်တရား ခြားကွယ်ခြင်းမရှိဘဲ စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုန်းအား ကျေးဇူးပြုခြင်းသည် အနန္တရသတ္တိတည်း၊ စက္ခုဝိညာဉ်၏ ဘင်ခဏပြီးလျှင် ကာလမခြားဘဲ သမ္ပဋိစ္ဆိုန်းဥပါဒ်လာအောင် ကျေးဇူးပြုနိုင်ခြင်းသည် သမနန္တရသတ္တိတည်း–ဆိုသတတ်၊ ထို အရှင်ရေဝတ၏ စကားသည် "နိရောဓသမာပတ် မဝင်စားမီ နေဝသညာ နာသညာယတနဇောသည် သမာပတ်အတွင်း၌ ကာလအတော်ကြာ ခြားပြီးမှ ဖိုလ်ဇောအား သမနန္တရ သတ္တိဖြင့် ကျေးဇူးပြု၏" ဟု ဟောတော်မူသော ပါဠိတော်များနှင့် ဆန့်ကျင် ၏–ဟု အဋ္ဌကထာ မိန့်ဆိုလေသည်။

**ဆက်ဦးအံ့**– အဋ္ဌကထာ၌ "နိရောဓသမာပတ်ဝင်စားရာဝယ် ရှေ့ အဘို့က နေဝသညာ နာသညာယတနဇောသည် သမာပတ်မှ ထသော အခါ ဖိုလ်ဇောအား သမာပတ် ဝင်စားခိုက် ကာလခြားသော်လည်း ပရမတ္ထ အထည်ဒြပ် မခြားသောကြောင့် အနန္တရ သမနန္တရသတ္တိ ၂ မျိုး ဖြင့် ကျေးဇူးပြု၍, အသညသတ်ဘုံသို့မရောက်မီ ကာမဘုံက စုတိသည် အသညသတ်ဘုံ၌ ကမ္ဘာ ၅၀၀ ကာလခြားသော်လည်း အသညသတ်မှ အပြန် ကာမဘုံ၌ဖြစ်သော ပဋိသန္ဓေအား ကျေးဇူးပြုနိုင်၏၊ ထို့ကြောင့် အနန္တရ သမနန္တရအရ ကာလအခြားမရှိခြင်းကို မဆိုလို၊ တရားတပါး ခြားကွယ်ခြင်း မရှိမှုကိုသာ အနန္တရ သမနန္တရဟု ယူလိုက်၏၊ ဤအဋ္ဌကထာ

အလိုအားဖြင့် အနန္တရ၌ အန္တရ အရ ခြားကွယ်သမှု ပြတတ်သော တရားကိုသာ ယူရမည်၊ အကြားကာလကို မယူရ။

မူလဋီကာကား - ကာလဟူသည် ပရမတ်တရားတို့၏ ဖြစ်ခြင်းကို စွဲ၍ ခေါ်ဝေါ်ရသော ပညတ်သာတည်း, နိရောဓသမာပတ် ဝင်စားနိုက် ကာလ အသညသတ်၌ ဖြစ်နိုက်ကာလသည် နာမ်တရားတို့ဖြစ်ရာ နာမ် ကာလံမဟုတ်, ရုပ်တရားတို့ဖြစ်ရာ ရုပ်ကာလတည်း၊ နာမ်တရားချင်း ဆက်သွယ်ရာဝယ် နာမ်ကာလ အခြား ရှိ-မရှိကိုသာ စိစစ်ထိုက်သည်၊ နေဝသညာ နာသညာယတနဈာနနှင့် ဖိုလ်ဇော, အသညသတ်ရှေ့စုတိနှင့်နောက် ပဋိသန္ဓေတို့၌ နာမ်ကာလအခြား မရှိ၊ ထိုသို့ နာမ်ကာလ အခြားမရှိခြင်းကိုပင် "အနန္တရ" ဟု မှတ်ယူထိုက်ကြောင်းဖြင့် အရှင်ရေဝတ၏ ဝါဒကိုပင် ထောက်ခံဖွင့်ပြလေသည်၊ ဤအလို အနန္တရ သမနန္တရ အရ ကာလအခြားမရှိခြင်း, တရားတပါး ခြားကွယ်လျက် မရှိခြင်း ၂ မျိုးလုံးကိုပင် ယူရပေမည်။

မေးဘွယ်။ ။ နိရောဓသမာပတ် ဝင်စားနိုက် အသညသတ်ဘုံ၌ ဖြစ်နိုက်တို့၌ ရုပ်တရားများ ဖြစ်လျက်ရှိမ၏၊ ထိုရုပ်တရားသည် နေဝသညာ နာသညာယတနဈာနနှင့် ဖိုလ်ဇောတို့အားရင်း, အသညသတ်၏ ရှေ့စုတိနှင့်နောက် ပဋိသန္ဓေတို့အားရင်း ခြားကွယ်နေသည် မဟုတ်ပါလော-ဟု မေးဘွယ်ရှိ၏၊ အဖြေကား-ရုပ်အစဉ်အဆက်နှင့် နာမ်အစဉ်အဆက်သည် ပင်ကိုယ်ကပင် သီးသန့်ခြားနားလျက်ရှိ၏၊ ထို့ကြောင့် ရုပ်တရားတို့သည် နာမ်တရား အစဉ်အဆက်၌ ဝင်ရောက်ခြားနားခြင်းငှာ မတတ်နိုင်၊ သို့အတွက် ရှေးရှေးဇောသည် နောက်နောက်ဇောအား ကျေးဇူးပြုသကဲ့သို့ရင်း, ရှေးရှေး ဘဝင်သည် နောက်နောက်ဘဝင်အား ကျေးဇူးပြုသကဲ့သို့ရင်း, နေဝသညာ နာသညာယတနဈာနသည် ဖိုလ်ဇောအား အသညသတ်ဘုံသို့ မရောက်မီ ရှေ့ကာမဘုံက စုတိသည် အသညသတ်မှအပြန်တွင် နောက် ကာမပဋိသန္ဓေအား တရားတပါး အခြားမရှိဘဲ တဆက်ထည်းဖြစ်အောင် ကျေးဇူးပြုနိုင်ကြပေသည်။

ပစ္စည်း ပစ္စယုပ္ပန်။ ။ ရုပ္ပဒ္ဓတို့ စုတိနောက်၌ ကျေးဇူးပြုဘို့ရာ စိတ်မဖြစ်သောကြောင့် ပစ္စည်းတရားဘက်၌ ရုပ္ပဒ္ဓတို့ စုတိကိုကြဉ်၍, စုတိမကျခင် ဇော–သို့မဟုတ် ဘဝင်တို့က ရုပ္ပဒ္ဓတို့စုတိအား ကျေးဇူးပြုသောကြောင့် ပစ္စယုပ္ပန်ဘက်၌ ရုပ္ပဒ္ဓတို့စုတိကို ထည့်သွင်းရသည်၊ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံမှာ–ဝီထိစဉ်ကိုကြည့်၍ ယှဉ်ဘက် စေတသိက်နှင့်တကွ ပဉ္စဒွါရာဝဇ္ဇန်းသည် ပစ္စည်း,ယှဉ်ဘက် စေတသိက်နှင့်တကွ စက္ခုဝိညာဉ်သည် ပစ္စယုပ္ပန် စသည်ဖြင့် တဒါရုံတိုင်အောင်ငင်း, ဒုတိယတဒါရုံစိတ္တုပ္ပါဒ်သည်ပစ္စည်း,ပဌမဘဝင်စိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်ပဌမဘဝင်သည် ပစ္စည်း, ဒုတိယဘဝင်စိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်–စသည်ဖြင့်ငင်း, နိရောဓသမာပတ်အခါသမာပတ် မဝင်စားမီ နေဝသညာနာသညာယတနကုသိုလ်ကြိယာဇောစိတ္တုပ္ပါဒ်သည် ပစ္စည်း, သမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော–သို့မဟုတ် အရဟတ္တဖိုလ်ဇောသည် ပစ္စယုပ္ပန်, ရှေ့ဘဝ စုတိစိတ္တုပ္ပါဒ်သည် ပစ္စည်း,ဤဘဝ ပဋိသန္ဓေစိတ်သည် ပစ္စယုပ္ပန်, အသညသတ်ဘုံသို့ မရောက်မီ ကာမဘုံ၌ စုတိစိတ္တုပ္ပါဒ်သည် ပစ္စည်း, (အသညသတ်ဘုံမှ စုမတေ၍)ကာမဘုံ၌ တဖန် ပဋိသန္ဓေစိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်, ဤသို့လျှင် ပရိနိဗ္ဗာန် မစံသေးသမျှ ရှေးစိတ် စေတသိက်က နောက်နောက်စိတ် စေတသိက်အား အနန္တရ သမနန္တရသတ္တိဖြင့် ကျေးဇူးပြုလျက်ရှိ၏၊ ရုပ်တရားတို့မှာ ထိုကဲ့သို့ ကျေးဇူးပြုမခံရ၍ ပစ္စနိက် အမြဲဖြစ်ရတော့သည်။

[ဤ] ၂ ပစ္စည်းတွင် အနန္တရပစ္စည်းသည် စကြာမင်းနတ်ရွာစံခြင်းနှင့်တူ၏, သမနန္တရပစ္စည်းသည် စကြာမင်း တောထွက်ခြင်းနှင့် တူ၏–ဟု ရှေးဆရာတို့ ဥပမာပြုကြ၏၊ (အဋ္ဌကထာ၌ ဥပမာမပြဲချေ။) စကြာမင်း နတ်ရွာစံခြင်း,သို့မဟုတ် တောထွက်ခြင်းသည် သားကြီးရတနာ မင်းဖြစ်ဘို့ရန် ထုံးစံဓမ္မတာ (နိယာမ) ဖြစ်သကဲ့သို့, ထို့အတူ ရှေးရှေးစိတ်ချုပ်ကွယ်သည့်အခါ နိယာမဓမ္မတာအတိုင်း နောက်နောက် စိတ်ဖြစ်ဘို့ရန် အနန္တရ သမနန္တရသတ္တိဖြင့် ကျေးဇူးပြု၍ ချုပ်ကွယ်ကြလေသည်၊ ဆရာမြတ်တို့ကား နတ်ရွာစံခြင်းက တောထွက်ခြင်းထက် သားကြီးရတနာ မင်းဖြစ်ဘို့ရန် သာ၍ လေးနက်၏, အနန္တရထက်လည်း သံသဋ္ဌါအထူး

ပါသော သမနန္တရက သာ၍ လေးနက်၏၊ ထို့ကြောင့် ရှေးဆရာတို့ဥပမာ ကို ပြောင်းပြန်ပြ၍ အနန္တရနှင့် တောလွှက်ခြင်း, သမနန္တရနှင့် နတ်ရွာစံ ခြင်း တူမျှ၏-ဟု မိန့်ဆိုတော်မူကြသည်။]

## လေ့ကျင့်ခဏ်း မေးခွန်း

၁။ အနန္တရပုဒ်၌ အန္တရသဒ္ဒါသည် အဘယ်အနက်များကို (ဤနေ ရာ၌) ဟောသနည်း။

၂။ အဘယ်သတ္တိကို အနန္တရပစ္စည်းဟု ခေါ်သနည်း။

၃။ သမနန္တရ၌ 'အလွန်အကြားမရှိ' ဟူသော စကားအရ အလွန် အကြားမရှိပုံကို ထင်ရှားအောင်ပြပါ။

၄။ အနန္တရနှင့် သမနန္တရတို့သည် တရားကိုယ် အရချင်း သတ္တိချင်း ထူးသလား, တူသလား၊ တူလျှင် အဘယ်ကြောင့် ၂ ပစ္စည်းခွဲ၍ ဟောတော်မူပါသနည်း။

၅။ ပရမတ်တရားတပါး ခြားခြင်းမရှိမှုကို အနန္တရ, ကာလအကြား မရှိမှုကို သမနန္တရဟု ကေစိဝါဒရှိရာ၌ ထိုဝါဒမသင့်ကြောင်း အဋ္ဌကထာ ဘယ်အရာထောက်၍ ပယ်သနည်း။

၆။ နိရောဓသမာပတ် ဝင်စားသည့်အခါ မဝင်စားမီ စတုတ္ထာရုပ္ပဇောက နိရောဓမှ ထသည့်အခါ ဖိုလ်ဇောအား ကျေးဇူးပြုရာ၌၎င်း အသညသတ်ဘုံသို့ မရောက်မီ စုတိက အသညသတ်မှ ပြန်၍ ကာမ ပဋိသန္ဓေအား ကျေးဇူးပြုရာ၌၎င်း ရုပ်ပရမတ်များ ခြားနေသည် ဟု၎င်း ၇ ရက်ကာလ ကမ္ဘာ ၅၀၀ ကာလ ခြားနေသည်ဟု၎င်း ယူထိုက်-မယူထိုက် (မူလဋီကာ အလိုကျ) စိစစ်ပါ။

၇။ ပစ္စည်းဘက်၌ ရဟန္တာတို့ စုတိကြဉ်ရပုံ,ပစ္စယုပ္ပန်ဘက်၌ ထိုစုတိ ပါရပုံကို ထင်ရှားပြပါ။

၈။ ဤ ၂ ပစ္စည်းတို့၏ ဥပမာကိုပြ၍ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကို စက္ခုဒွါရိကဝီထိစဉ်အတိုင်း ပြပါ။

---

**သဟဇာတပစ္စည်း** သဟဇာတပစ္စယော ဟူသော ပစ္စယုဒ္ဒေ
**၃ ချက်စု** သဒ္ဒြ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန်အား ဖြင့် နှစ်ပါးသော အပြားရှိကုန်၏၊ တို့တွင် အချင်းချင်းအားရင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားရင်း တတ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်, စေတသိက်

**သဟဇာတပစ္စယော။** ။ "ဇာယတိ ဖြစ်တတ်၏၊ တ္တတိ–ကြောင့်၊ ဇာတော–ဇာတမည်၏"(ဇနဓာတ် တပစ္စည်း ဇာနာဒီနမာတိမှိသုတ်ဖြင့် နကို အာပြု၊) သဟ–အတူတကွ၊ ဇာတော–ဖြစ်သောတရားတည်း၊ သဟ ဇာတော–အတူတကွ ဖြစ်သောတရား၊ ဆီမီးသည် မိမိ တောက်သည်နှင့် တပြိုင်နက် အလင်းပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့, ထို့အတူ မိမိဥပါဒ် သည်နှင့် တပြိုင်နက် ပစ္စယုပ္ပန်တို့ ဥပါဒ်လာအောင် ကျေးဇူးပြုနိုင်သော သတ္တိသည် သဟဇာတပစ္စည်း မည်၏၊ ထိုကဲ့သို့ ဖြစ်ပေါ်ဖြစ်ဘက်အားဖြင့် ကျေးဇူးပြုရာ၌ အတူတကွဖြစ်သော တရားတိုင်းမှာ သဟဇာတသတ္တိ မရှိနိုင်၊ ထင်ရှားစေအံ့–သွီးခင်ပွန်း ၂ ယောက်နှင့် လူမမယ်သားသွီးကလေးများ အတူ ခရီးသွားရာ၌ သွီးခင်ပွန်း ၂ ယောက်မှာ အချင်းချင်း အားပြုနိုင်သော်လည်း လူမမယ် သားသွီးများအတွက်အား အထူးမတတ်သကဲ့သို့, ထို့အတူ စိတ်စေတသိက် အချင်းချင်း မဟာဘုတ် အချင်းချင်း ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု အချင်းချင်းသာ သဟဇာတသတ္တိအရ အားပြုနိုင်ကြသော်လည်း တကွဖြစ်သော ရုပ်များအတွက် အားအထူး မတက်ကော့သဖြင့် ထိုတကွ ဖြစ်ဘက် ရုပ်များက သဟဇာတသတ္တိဖြင့် ပြန်၍ ကျေးဇူးမပြုနိုင်။

[ဆောင်] ဆီမီးတောက်သော်, အလင်းပေါ်သို့, ဖြစ်ပေါ်ဖြစ်ဘက်,
တပြိုင်နက်ဖြင့်, ဆက်ဆက်ဖြစ်ကြ, သတ္တိပြ,သဟဇာတခေါ်။

**နာမက္ခန္ဓာနှင့်ရုပ်။** ။ ပစ္စည်း ပစ္စယုပ္ပန်ဆိုပုံကို သင်္ဂြိုဟ်ဇာသွားနှင့် တိုက်ဆိုင်ပြအံ့– "အချင်းချင်းအားရင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်

ဒွေပဉ္စာသ ဟူသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး အချင်းချင်းအားငင်း ဥပါဒါရုပ်အားငင်း တတ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိယ အာဟာရဇ ဥတုဇ အသညသတ် ကမ္မဇ ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော မဟာဘုတ် ၄ ပါး, အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု, ဤ တရားတို့သည် သဟဇာတ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပဉ္စာသ ဟူသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး, ဥပါဒါရုပ်နှင့် ဒွေပဉ္စာသဟူသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး" ဟူသောစကားသည် "စိတ္တ စေတသိကကာ ဓမ္မာ အညမညံ-သဟဇာတရူပါနဉ္စ"ဟူသော သင်္ဂြိုဟ်ကို မြန်မာပြန်ထားသော စကားတည်း၊ ထိုစကားရပ်၌ နာမက္ခန္ဓာ ၄ ပါးဟူသည် နာမ်ခန္ဓာ ၄ ပါး စိတ်စေတသိက် တရားများပင်တည်း၊ ထိုနာမ်ခန္ဓာသည် ပဝတ္တိအခါဖြစ်သော ခန္ဓာပဋိသန္ဓေအခါဖြစ်သော ခန္ဓာ ဟု ၂ မျိုးရှိ၏၊ ထိုတွင် ပဋိသန္ဓေနာမ်ခန္ဓာက မိမိတို့ အချင်းချင်းအားငင်း အတူတကွဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်အားငင်း ကျေးဇူးပြု၍,ပဝတ္တိနာမ် ခန္ဓာက မိမိအချင်းချင်းအားငင်း အတူတကွဖြစ်သော စိတ္တဇရုပ်အားငင်း ကျေးဇူးပြုသည်၊ "၁–အချင်းချင်းအားငင်း, ၂–အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားငင်း" ဟု စကား ၂ရပ် ခွဲထားပါ၊ထိုတွင် ၁–နံပါတ်စကားဖြင့် စတုဝေါကာရဘုံ၌ဖြစ်သော နာမက္ခန္ဓာနှင့် ပဉ္စဝေါကာရဘုံဝယ် ရုပ်ကို မဖြစ်စေနိုင်သော စက္ခုဝိညာဉ် စသော နာမက္ခန္ဓာ များကိုပြ၏၊ ၂–နံပါတ်စကားဖြင့် ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေနာမက္ခန္ဓာ နှင့် ရုပ်ကိုဖြစ်စေနိုင်သော ပဝတ္တိနာမက္ခန္ဓာများကို ပြသည်၊ "တတ်သော" ဟူရာ၌ "ကျေးဇူးပြုတတ်သော"ဟု ဆိုလိုသည်၊ "အချင်းချင်း" ဟူရာ၌ "မိမိတို့နာမ်ခန္ဓာအချင်းချင်း အပြန်အလှန် ကျေးဇူးပြုသည်"ဟု ဆိုသည်။

တကွ အလုံးစုံသော မဟာဘုတ် ၄ ပါး, ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဤ တရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။ (ပစ္စနိက် မရှိ)

**၁–နံပါတ်အရ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ။** ။ စတုဝေါကာရဘုံဝယ် ပဋိသန္ဓေအခါ၌ အရူပဝိပါက် စိတ်စေတသိက်တို့သဟူသော ပဋိသန္ဓေ နာမက္ခန္ဓာတို့ဖြစ်ရာ ဝိညာဏက္ခန္ဓာသည် ပစ္စည်း,ကြွင်းနာမ်ခန္ဓာ ၃ ပါးသည် ပစ္စယုပ္ပန်, ကြွင်း ခန္ဓာ ၃ ပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်, ဝေဒနာက္ခန္ဓာသည် ပစ္စည်း, ကြွင်း နာမ်ခန္ဓာ ၃ ပါးသည် ပစ္စယုပ္ပန်, ကြွင်း နာမ်ခန္ဓာ ၃ ပါးသည် ပစ္စည်း, ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်, ဤသို့ စသည်ဖြင့် ခန္ဓာတပါးကို ပစ္စည်း, ခန္ဓာ ၃ ပါးကို ပစ္စယုပ္ပန်, ခန္ဓာ ၃ ပါးကို ပစ္စည်း, ခန္ဓာ ၁ ပါးကို ပစ္စယုပ္ပန်ဟုရင်း, ခန္ဓာ ၂ ပါးကို ပစ္စည်း, ခန္ဓာ ၂ ပါးကို ပစ္စယုပ္ပန်ဟုရင်း အပြန်အလှန် ပြုလေ၊ စတုဝေါကာရဘုံ ပဝတ္တိအခါနှင့် ပဥ္စဝေါကာရဘုံဝယ် ရုပ်ကို မဖြစ်စေနိုင်သော စက္ခုဝိညာဉ်စသည်တို့ဖြစ်ရာ အခါတို့၌လည်းနည်းတူ။

**၂–နံပါတ်အရ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ။** ။ ပဥ္စဝေါကာရဘုံဝယ် ပဋိသန္ဓေအခါ၌ ဆိုင်ရာ ပဋိသန္ဓေစိတ် စေတသိက်ဟူသော နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ဖြစ်ရာ–ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်း နာမ်ခန္ဓာ ၃ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်,ကြွင်း နာမ်ခန္ဓာ ၃ပါးသည် ပစ္စည်း ဝိညာဏက္ခန္ဓာနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်, ဤသို့စသည်ဖြင့် ခန္ဓာတပါးသည် ပစ္စည်း, ခန္ဓာ ၃ ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်, ခန္ဓာ ၃ ပါးသည် ပစ္စည်း, ခန္ဓာတပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်, ခန္ဓာ ၂ပါးသည်ပစ္စည်း, ခန္ဓာ ၂ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်ဟု အပြန်အလှန်ပြုလေ၊ [ကမ္မဇရုပ်သည် ပစ္စယုပ္ပန်ဘက်၌သာ ပါရ၏,သူကပစ္စည်းမဖြစ်နိုင်၊] ပဝတ္တိအခါ၌ လောဘမူ ပဌမစိတ် စေတသိက်ဟူသော နာမက္ခန္ဓာနှင့် ထို စိတ်ကြောင့်

စိတ္တဇရုပ်တို့ဖြစ်ရာ–ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းခန္ဓာ ၃ ပါးနှင့် စိတ္တဇရုပ်သည် ပစ္စယုပ္ပန် ဤသို့စသည်ဖြင့် စိတ်ဖြစ်တိုင်းဖြစ်တိုင်းသိလေ။

**မဟာဘုတ်နှင့် ဥပါဒါရုပ်။** ။ "အချင်းချင်းအားရင်း ဥပါဒါရုပ်အားရင်း တတ်သော စိတ္တဇပဋိသန္ဓေကမ္မဇ၊ ပေ၊ အလုံးစုံသော မဟာဘုတ် ၄ ပါး" ဟူသော စကားသည် "မဟာဘူတာ အညမညံ–ဥပါဒါရူပါနဉ္စ" ဟူသော သဂြိုဟ်ကို မြန်မာပြန်သောစကားတည်း၊ ထိုစကားအရ မဟာဘုတ် ၄ ပါးသည် မိမိတို့အချင်းချင်း အပြန်အလှန် ကျေးဇူးပြု၏၊ မိမိတို့နှင့် တကလာပ်ထည်း၌ အတူတကွဖြစ်သော ဥပါဒါရုပ်အားလည်း ကျေးဇူးပြု၏"ဟု မှတ်၊ စိတ္တဇ ပဋိသန္ဓေကမ္မဇ စသော စကား၌ စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် စသည်ဖြင့် မဟာဘုတ်ကို ချည်း ဆိုသည်ဟုမှတ်၊ "အလုံးစုံသော မဟာဘုတ်" ဟု တလုံးထည်း မဆိုဘဲ စိတ္တဇ ပဋိသန္ဓေကမ္မဇ စသည်ဖြင့် တမျိုးစီ ခွဲဆိုခြင်းကား ပါဠိတော်လာရင်းအတိုင်း အသီးသီး ထင်ရှားအောင် ဆိုခြင်းတည်း။

ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံကား–စိတ္တဇရုပ်ကလာပ်၌ ရုပ်ပေါင်း ၈ ပါး ၉ ပါး စသည်ဖြစ်ရာ ထို၌ပါသော ပထဝီဓာတ်သည်ပစ္စည်း, ကြွင်းဓာတ်ကြီး ၃ ပါးနှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်, ကြွင်းဓာတ်ကြီး ၃ပါးသည် ပစ္စည်း, ပထဝီဓာတ်နှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်, ဤသို့စသည်ဖြင့် ဓာတ်တပါးသည် ပစ္စည်း, ကြွင်း ဓာတ် ၃ ပါးနှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်, ဓာတ် ၂ ပါးသည် ပစ္စည်း, ကြွင်းဓာတ် ၂ ပါးနှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်ဟု သိလေ၊ ဤ၌ မဟာဘုတ်တို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်၏, ဥပါဒါရုပ်တို့ကား ပစ္စည်းဘက်၌ မပါ, ပစ္စယုပ္ပန် အမြဲသာတည်း၊ ထို့အတူ ပဋိသန္ဓေအခါ၌ ကာယဒသက ကလာပ်စသည်, ဗဟိဒ္ဓ၌ ဥတုဇကလာပ် အာဟာရဇကလာပ်, အဇ္ဈတ္တ၌ ဥတုဇကလာပ်, အသညသတ် ကမ္မဇကလာပ်, ပဝတ္တိကမ္မဇကလာပ်တို့၌ ပါသော မဟာဘုတ်နှင့် ဥပါဒါရုပ်တို့ကိုလည်း ချဲ့ထွင်ကြည့်လေ။

**ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု။** ။ "အချင်းချင်းအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု" ဟူသော

စကားသည် "ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမည်" ဟူသောသဂြိုဟ်ပါဠိကို မြန်မာပြန်သော စကားတည်း။ ဤစကားအရ – ပဋ္ဌာန်ပါဠိအရ ဘုံ၌ ပဋိသန္ဓေစိတ် စေတသိက်နှင့် ကမ္မဇကလာပ်ဝယ် ဟဒယဝတ္ထုတို့ ပါရှိလေရာ "ပဋိသန္ဓေစိတ် စေတသိက်ဟူသော နာမက္ခန္ဓာ ၄ ပါးသည် ပစ္စည်း, ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်, ဟဒယဝတ္ထုသည် ပစ္စည်း, ပဋိသန္ဓေနာမက္ခန္ဓာ ၄ပါးသည် ပစ္စယုပ္ပန်" ဟု ပဋ္ဌာန်ပါဠိရဘုံသား သတ္တဝါများ၏ ပဋိသန္ဓေ အခါတိုင်း၌ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ပုံကိုသိလေ။

[ဤ ဆိုအပ်ပြီးစကားအရ သဟဇာတ ၃ ပါးကို နားလည်စေရာ၏၊ ၁–အချင်းချင်းအားရင်း အချင်းချင်း နာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားရင်း ကျေးဇူးပြုသော နာမက္ခန္ဓာ ၄ ပါး, ၂–အချင်းချင်းအားရင်း ဥပါဒါရုပ်အားရင်း ကျေးဇူးပြုသော မဟာဘုတ် ၄ ပါး, ၃–အချင်းချင်းအား ကျေးဇူးပြုသော ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု, ဤသို့အားဖြင့် သဟဇာတ ၃ ပါး ပြား၏၊ ထို့ကြောင့် "တိဝိဓော ဟောတိ သဟဇာတ ပစ္စယော" ဟု သဂြိုဟ်၌ ဆိုသည်။]

**ပစ္စယုပ္ပန်။** ။ "အချင်းချင်းမှ ထောက်အပ်သော စိတ်တခုယုတ် ကိုးဆယ် စေတသိက်ဒွေပညာသ ဟူသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး" ဟူရာ၌ "ထောက်အပ်"ဟူသည်ကား "ထော်ဆအပ်"ဟု ဆိုလိုရင်းတည်း၊ "နာမက္ခန္ဓာ ၄ ပါးသည် အချင်းချင်းကို ထော်ဆ၍ ပစ္စယုပ္ပန်ဖြစ်ကြသည်, ဝိညာဏက္ခန္ဓာက ပစ္စည်းဖြစ်လျှင် ထို ဝိညာဏက္ခန္ဓာကို ထော်ဆ၍ ကြွင်း နာမ်ခန္ဓာ ၃ ပါးသည် ပစ္စယုပ္ပန်ဖြစ်၏, ကြွင်းနာမ်ခန္ဓာ ၃ ပါးက ပစ္စည်းဖြစ်လျှင် ထိုနာမ်ခန္ဓာ ၃ ပါးကို ထောက်ဆ၍ ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်ဖြစ်၏" ဤသို့ စသည်ဖြင့် အချင်းချင်းမှ ထော်ဆအပ်ပုံကို သိလေ၊ ပစ္စည်း ပစ္စယုပ္ပန် အပြန်အလှန်ရကောင်းသော ပစ္စည်းတိုင်းမှာ ပစ္စယုပ္ပန်ဘက်၌ "ထောက်အပ်" ဟု ချည်း အသုံးပြုလိမ့်မည်၊ အချို့ကား–"ထောက်အပ်"ဟူရာ၌ "ထောက်ပံ့အပ်" ဆိုလိုသတတ်၊ ထိုအဓိပ္ပာယ်ကို "အချင်းချင်းမှ" ဟူသော အပါဒါန်စာသွားနှင့် သင့် မသင့် စဉ်းစားရာ၏၊ ထို့ပြင်– "ထောက်ပံ့မှု"ဟူသည် ဋီအနိုက်နှင့်သာ

ဆိုင်၏, ဥပါဒ်ခဏ၌ ကျေးဇူးပြုကြသည်ကို "ထောက်ပံ့"ဟု ဆိုရိုးမရှိ။ ထို့ကြောင့် "တတောင်ရှိ ဒုတ်သည် တထွာရှိဒုတ်မှ ထောက်ဆအပ်လျှင် ဒုတ်ရှည်ဖြစ်၍, ၂ တောင်ရှိဒုတ်မှ ထောက်ဆအပ်လျှင် ဒုတ်တိုဖြစ်၏" ဟူသော ဥပနိဓ အထောက်မျိုးကိုပင် "ထော်အပ်"ဆိုသည်–ဟုမှတ်။

"ဥပါဒါရုပ်နှင့်တကွ အလုံးစုံသော မဟာဘုတ် ၄ ပါး" ဟူရာ၌ "အလုံးစုံသော" ဟူသည်ကား စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇ မဟာဘုတ် ဗာဟိယမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇ မဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်အားဖြင့် အားလုံးသော မဟာဘုတ်များဟု ဆိုလိုသည်၊ ထိုမဟာဘုတ်များလည်း အချင်းချင်းကို ထော်ဆ၍ ပစ္စယုပ္ပန် ဖြစ်ကြ၏၊ ပထဝီမဟာဘုတ်က ပစ္စည်းဖြစ်လျှင် ထိုပထဝီမဟာဘုတ်ကိုထော်ဆ၍ ကျန်မဟာဘုတ် ၃ပါးက ပစ္စယုပ္ပန်ဖြစ်ကြ၏–စသည် ဖြင့် သိလေ၊ ဥပါဒါရုပ်တို့ကား အမြဲပစ္စယုပ္ပန်သာတည်း၊ ထို့ကြောင့် "အလုံးစုံသော ဥပါဒါရုပ်" ဟု မဆိုသော်လည်း "အလုံးစုံသော ဥပါဒါရုပ်" ဟူ၍ပင် မှတ်။

"ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ" ဟူသောစကား၏ အဓိပ္ပာယ်မှာ သိသာပြီ၊ အညမည ပစ္စယုပ္ပန်၌လည်း ဤစကား ပါရှိ၏၊ အချို့ ၃ ချက်စုစာအုပ်၌ "ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထု, ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ" ဟု ရှိ၏၊ "တတ်သော" ဟူသည်မှာ ပစ္စည်းတရား၌ သုံးသော စကားတည်း, ပစ္စယုပ္ပန်၌ သုံးသော စကား မဟုတ်၊ ထို့ကြောင့် အညမညပစ္စယုပ္ပန်စကားနှင့် မထပ်မိသည့်ပြင်, သုံးစွဲရိုးလည်း မဟုတ်သော ထိုစကားကို မမှတ်သားထိုက်။

**ပစ္စနိက်**။ ။ ဤသဟာဇာတပစ္စည်း၌ အားလုံးသော သခ်တတရားများ ပစ္စယုပ္ပန်တွင် ပါဝင်ကြသောကြောင့် ပစ္စနိက်ထုတ်ဘွယ်မရှိပြီ၊ နိဗ္ဗာန် ပညတ်များ ကျန်သေးသော်လည်း အကြောင်းတရားကြောင့် ဖြစ်ရ

သော အကျိုး ပစ္စယုပ္ပန်တွင် အသခ်တ ဖြစ်သော နိဗ္ဗာန်ပညတ်တို့ အမြဲ မပါဝင်သောကြောင့် ထိုတရားများ အတွက်လည်း ပစ္စနိက် ထုတ်ပြဘွယ် မလို။

**လေ့ကျင့်ခဏ်းမေးခွန်း**

၁။ သဟဇာတသတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ "စိတ္တစေတသိကာ ဓမ္မာ အညမည် သဟဇာတရူပါနဉ္စ" ဟူသော သဂြိုဟ်ပါဠိအရ မြန်မာပြန် ဆိုရိုးစကားကို ပြပါ။

၃။ ထိုစကားရပ်၌ "စိတ္တစေတသိကာ ဓမ္မာ အညမည်" ဖြင့် အဘယ် အခါ-ဘယ်တရားစုကိုပြ၍ "စိတ္တစေတသိကာ ဓမ္မာ သဟဇာတ ရူပါနဉ္စ" ဖြင့် အဘယ်အခါ-အဘယ်တရားစုကို ပြသနည်း။

၄။ ထိုစကား ၂ ရပ်တွင် ပဌမစကားအရ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ, ဒုတိယစကားအရ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို အသီးသီးပြပါ။

၅။ "မဟာဘူတာ အညမည် ဥပါဒါရူပါနဉ္စ" ဟူသော သဂြိုဟ် ပါဠ်၏ မြန်မာပြန်ကို ပြပါ။

၆။ စက္ခုဒသက ကလာပ်၌ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

၇။ "ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမည်" ပါဠ်၏ မြန်မာပြန်ကို ပြ၍ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံကိုလည်း ပြပါ။

၈။ "တိဝိဓော ဟောတိ သဟဇာတပစ္စယော" အရ သဟဇာတ ၃ ပါးကို ရေတွက်ပြပါ။

၉။ ပစ္စယုပ္ပန်၌ "ထော်အပ်" ဟူသော စကား၏ အဓိပ္ပာယ်ကို (ဤ ကျမ်းဝါဒနှင့် ကေစိဝါဒပါ) ပြပါ။

၁၀။ ဤ သဟဇာတပစ္စည်းနှင့်စပ်၍ အဘယ့်ကြောင့် ပစ္စနိက် မရပါ သနည်း, နိဗ္ဗာန် ပညတ်များကို ပစ္စနိက်ဟု မဆိုသင့်ပါလော, (အကြောင်းပြ၍ဖြေပါ။)

**အညမညပစ္စည်း** အညမည ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ **၃ ချက်စု** သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် အချင်းချင်းအား ထောက်တတ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ် စေတသိက်ဒွေပညာသ ဟူသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး, အချင်းချင်းအား ထောက်တတ်သော စိတ္တဇ ပဋိသန္ဓေ ကမ္မဇ ဗာဟိယ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော မဟာဘုတ် ၄ ပါး, အချင်းချင်းအား ထော်တတ်သော ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု, ဤတရားတို့သည် အညမည ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ အချင်းချင်းမှ ထောက်အပ်သော စိတ်

**အညမညပစ္စယော**။ ။ [အညမည၌ အညတပုဒ်တည်, သိဝိဘတ်ကို အံပြု၍, အညံဟု ဖြစ်ပြီးနောက်"သဗ္ဗာ ဒိန် ဝိတိဟာရေ" ဟူသော မောဂ္ဂလာန်သုတ်ဖြင့် "အညံအညံ" ဟု ဒွိရုပ်ပြု,ရှေ့ပုဒ်၌ အံချေ,မအာဂုံရာ လာ၍ အညမညံဟု ပြီး၏။] အညမညံ–အချင်းချင်း၊ ဝါ–အပြန်အလှန်၊ ဟုတွာ–ဖြစ်၍၊ ပစ္စယော–ကျေးဇူးပြုသော သတ္တိသည်၊ အညမညပစ္စယော– အညမညပစ္စည်း မည်၏၊ ခြေထောက် ၃ ချောင်းဖြင့် ပြုလုပ်ထားအပ် သော ခုံကလေး၌ ခြေထောက် ၃ ချောင်းသည် အချင်းချင်း ကျေးဇူး ပြုကာ တချောင်းကြိုးလျှင် အခြား ၂ ချောင်းဖြင့် မထောက်နိုင် မတည် နိုင်သကဲ့သို့ တကွဖြစ်ဘက် တရားချင်း အပြန်အလှန်(ကျေးဇူးခံ ကျေးဇူး စားအနေအားဖြင့်) ကျေးဇူးပြုစွမ်းနိုင်သော သတ္တိသည် အညမည ပစ္စည်း မည်၏။

[ဆောင်] သစ်သားသုံးခွ,ချင်းချင်းမသို့, တကွဖြစ်ရန်, ပြန်အလှန် ဖြင့်, ထောက်ခံကူမ, သတ္တိပြ, အညမညခေါ်။

တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ဟူသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး, အချင်းချင်းမှ ထောက်အပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိယ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော မဟာဘုတ် ၄ ပါး, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထော်အပ်သော ဟဒယဝတ္ထု–ဟဒယဝတ္ထုမှ ထော်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဤ တရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ နာမက္ခန္ဓာမှ ထော်

**ပစ္စည်း။** ။ "အချင်းချင်းအား ထောက်တတ်သော စိတ်တခုယုတ်ကိုးဆယ်" စသော ၃ ချက်စုလာ (ပစ္စည်းဆိုင်ရာ) စကား ၃ ရပ်သည် "၁–စိတ္တစေတသိက်ကာ ဓမ္မာ အညမည, ၂–မဟာဘူတာ အညမည,'၃–ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညန္တိ စ တိဝိဓောဟောတိ အညမညပစ္စယော" ဟူသော သင်္ဂြိုဟ်ကို မြန်မာပြန်ဆိုသော စကားတည်း၊ အဋ္ဌကထာ၌ တိဒဏ္ဍ၏(ဒုတ် ၃ ချောင်း,သို့မဟုတ် ၃ ချောင်းထောက်ခုံ၏၊) အချင်းချင်း ထောက်ပုံကို ဥပမာပြထားသောကြောင့် ထိုဥပမာနှင့် ထပ်မိအောင် ၃ ချက်စု၌ "အချင်းချင်းအား ထောက်တတ်သော" ဟု "ထော်" ဟူသော စကားလုံးကို သုံးစွဲလေသည်၊ ဆိုလိုရင်းမှာ–"အချင်းချင်းအား ကျေးဇူးပြုတတ်သော" ဟု ဆိုလိုရင်းတည်း၊ ပစ္စယုပ္ပန်၌ "အချင်းချင်းမှ ထော်အပ်သော" စသော စကားဝယ် "ထောက်အပ်"ဟူသောစကား၏ အဓိပ္ပာယ်နှင့်တကွ မှတ်ဘွယ်ဟူသမျှကို သဟဇာတပစ္စယုပ္ပန်အတိုင်း သိလေ၊ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံလည်း သဟဇာတကို နည်းမှီ၍ သိလောက်ပြီ။

**ပစ္စနိက်။** ။ "နာမက္ခန္ဓာမှ ထော်အပ်သော စိတ္တဇရုပ် (ဟဒယဝတ္ထုမှတပါးသော) ပဋိသန္ဓေကမ္မဇရုပ်"ဟူရာ၌ ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ စိတ်စေတသိက် စိတ္တဇရုပ်တို့ ဖြစ်ကြလေရာ နာမ်ခန္ဓာအချင်းချင်း ပစ္စည်းပစ္စယုပ္ပန်ဖြစ်ကြသော်လည်း စိတ္တဇရုပ်တို့မှာ ပစ္စည်းပစ္စယုပ္ပန်တွင် မပါဝင်၊

**အပ်သော စိတ္တဇရုပ် (ဟဒယဝတ္ထုမှ တပါးသော) ပဋိသန္ဓေကမ္မဇရုပ်, မဟာဘုတ်မှ ထောက်အပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိယ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇ ဥပါဒါရုပ်, ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။**

ထိုတကွဖြစ်ဘက် နာမက္ခန္ဓာကို ထောက်ဆ၍ စိတ္တဇရုပ်တို့ ပစ္စနိက်ဖြစ်ရလေသည်၊ ပဉ္စဝေါကာရ ပဋိသန္ဓေအခါဝယ် ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ ဖြစ်ကြလေရာ, နာမက္ခန္ဓာ ၄ ပါးသည် အပြန်အလှန် အညမညပစ္စည်း ပစ္စယုပ္ပန်ဖြစ်၏, ထိုပဋိသန္ဓေ နာမက္ခန္ဓာနှင့် အတူဖြစ်သော (ဟဒယဝတ္ထုမှ တပါး) အခြား ကမ္မဇရုပ်များကား အညမည ပစ္စည်း ပစ္စယုပ္ပန်တွင် မပါဝင်နိုင်၍ ပစ္စနိက်ဖြစ်ကြရလေသည်၊ ဟဒယဝတ္ထုကား– "ပဋိသန္ဓေနာမ်ခန္ဓာ ၄ ပါးသည် ပစ္စည်း, ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်, ဟဒယဝတ္ထုသည် ပစ္စည်း, ပဋိသန္ဓေနာမ်ခန္ဓာ ၄ ပါးသည် ပစ္စယုပ္ပန်"ဟု ပစ္စည်း ပစ္စယုပ္ပန်တွင် ပါဝင်နိုင်၏။

"မဟာဘုတ် ၄ ပါးမှ ထော်အပ်သော စိတ္တဇပဋိသန္ဓေကမ္မဇ" စသည်၌ စိတ္တဇဥပါဒါရုပ် ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် စသည်ဖြင့် မှတ်လေ၊ စိတ္တဇကလာပ်ဖြစ်တိုင်း မဟာဘုတ် ၄ ပါးတို့ အပြန်အလှန် အညမညပစ္စည်း ပစ္စယုပ္ပန်ဖြစ်၏၊ ထို မဟာဘုတ် ၄ ပါးကို ထောက်ဆ၍ တကွဖြစ်ဘက် ဥပါဒါရုပ်တို့မှာ ပစ္စည်း ပစ္စယုပ္ပန်တွင်မပါ, ပစ္စနိက်သာ ဖြစ်ကြရလေသည်၊ ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် စသည်၌လည်း "ကမ္မဇကလာပ်တွင် မဟာဘုတ်တို့ အပြန်အလှန် ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ကြ၏, ထို ကမ္မဇ မဟာဘုတ်ကိုထောက်၍ တကွဖြစ်ဘက် ဥပါဒါရုပ်တို့ ပစ္စနိက်ဖြစ်ကြရ၏" စသည်ဖြင့် သိလေ။

ဤ ပြခဲ့ပြီးသော စကားစဉ်အရ "စိတ်စေတသိက်တို့သည် စိတ္တဇရုပ်အပေါ်၌ သဟဇာတသတ္တိ ရှိကြသော်လည်း အညမညသတ္တိမရှိ, မဟာ

ဘုတ်တို့သည် ဥပါဒါရုပ်တို့အပေါ်၌ သဟဇာတသတ္တိ ရှိကြသော်လည်း အညမညသတ္တိ မရှိ၊ ဤသို့လျှင် သဟဇာတသတ္တိသည် အရာကျယ်၍ အညမညသတ္တိက အရာကျဉ်းသောကြောင့် သဟဇာတပစ္စည်း ဖြစ်တိုင်း အညမညပစ္စည်း မဖြစ်နိုင်ရကား "သဟဇာတာဒိပစ္စယော ဟောန္တော ယေဝ ဟိ ယောစိ အညမညပစ္စယော န ဟောတိ"ဟု မူလဋီကာ မိန့်ပြီ။

### လေ့ကျင့်ခန်းမေးခွန်း

၁။ အညမညသတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ "အချင်းချင်းအား ထောက်တတ်" ဟူရာ၌ "ထောက်" ဟူသော စကား သုံးစွဲရပုံနှင့် ဆိုလိုရင်း အဓိပ္ပာယ်ကို ပြပါ။

၃။ "စိတ္တစေတသိကာ မေ့ဗ္ဗာ အညမညဲ" စသော သင်္ဂြိုဟ်စကား ၃ ရပ်နှင့် တွဲစပ်၍ မြန်မာပြန်ပုံကို ပိုင်းဖြတ်ပြပါ။

၄။ လောဘမူစိတ် စေတသိက်နှင့် စိတ္တဇရုပ်တို့ အတူတကွဖြစ်ကြရာ၌ မည်သည့်တရားတို့သာ အညမညပစ္စည်း ဖြစ်ကြသနည်း၊ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကိုလည်း ပြပါ။

၅။ ဤစိတ်စေတသိက် (နာမက္ခန္ဓာ ၄ ပါး) မှ ထောက်ဆအပ်သော စိတ္တဇရုပ်သည် အဘယ်အချက်၌ ပါဝင်မည်နည်း။

၆။ ဧက္ခဒသကကလာပ်၌ မည်သည့်တရားတို့သာ အညမည ဖြစ်ကြသနည်း၊ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

၇။ ဤဝတ္ထုဒသကကလာပ်၌ မဟာဘုတ် ၄ ပါးမှ ထောက်အပ်သော ဥပါဒါရုပ် ၆ ပါးသည် အဘယ်အချက်၌ ပါဝင်မည်နည်း။

၈။ မဟာဘုတ် ၄ ပါးသည် မိမိတို့ အချင်းချင်းလည်း သဟဇာတ သတ္တိ အညမညသတ္တိရှိ၏၊ ဥပါဒါရုပ်အပေါ်၌ကား သဟဇာတ သတ္တိသာရှိ၍ အညမညသတ္တိမရှိ၊ သို့ဖြစ်လျှင် ထိုသတ္တိ ၂ မျိုးတွင် မည်သည့်သတ္တိက အရာကျယ်သည်ဟု ယူမည်နည်း။

-------

**နိဿယပစ္စည်း** နိဿယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌

**၃ ချက်ရ** နိဿယပစ္စည်းသည် သဟဇာတ နိဿယ ပုရေဇာတ နိဿယအားဖြင့် ၂ ပါး အပြားရှိ၏၊ ထိုတွင် သဟ

**နိဿယပစ္စယော။** ။ "နိဿယန္တိ ဧတ္ထာတိ နိဿယော" ဧတ္ထ–ဤပစ္စည်းတရား၌၊ ပစ္စယုပ္ပန္နာ–ပစ္စယုပ္ပန်တရားတို့သည်၊ နိဿယန္တိ–မှီရ တည်ရကုန်၏၊ ဣတိ–ထိုသို့ မှီရာ တည်ရာ၏အဖြစ်ကြောင့်၊ သော–ထို ပစ္စည်းသည်၊ နိဿယော–နိဿယမည်၏၊ မြေကြီးသည် (သစ်ပင်တို့၏ တည်ရာအဖြစ်ဖြင့်) သစ်ပင်တို့အား ကျေးဇူးပြုသကဲ့သို့,ထိုအတူ အချို့ ပစ္စယုပ္ပန်တို့အား တည်ရာအဓိဋ္ဌာနာကာရအားဖြင့်၎င်း, ပုံဆွဲဘို့ရာပြုလုပ် အပ်သော ကားဘောင်အဝတ်သည် ပန်းချီဆေးရေးရုပ်အား မှီရာအဖြစ် ဖြင့် ကျေးဇူးပြုသကဲ့သို့, ထိုအတူ အချို့ပစ္စယုပ္ပန်တို့အား မှီရာ နိဿယာ ကာရအားဖြင့်၎င်း ကျေးဇူးပြုစွမ်းနိုင်သော သတ္တိသည် နိဿယပစ္စည်း မည်၏၊ ဤ၌ "တည်ရာ အဓိဋ္ဌာနာကာရအားဖြင့် ကျေးဇူးပြု" ဟူသော စကားဖြင့် တည်ရာသဘောရှိသော ပထဝီဓာတ်နှင့် စက္ခုဝတ္ထု စသော ဝတ္ထုရုပ် ၆ ပါးကို ရည်ရွယ်သည်၊ မှီရာနိဿသာကာ(ရ)အားဖြင့် ကျေးဇူး ပြု" ဟူသောစကားဖြင့် ပထဝီမှတပါး ကျန်မဟာဘုတ် ၃ ပါးနှင့် စိတ် စေတသိက်ဟူသော နာမက္ခန္ဓာကို ရည်ရွယ်သည်၊ ထို့ကြောင့် ဤနိဿယ သတ္တိဖြင့် ကျေးဇူးပြုပုံကို ယောဂီတို့ဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားလိုက်သည့် အခါ စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၆ ပါးနှင့် ပထဝီဓာတ်၏ ကျေးဇူး ပြုပုံသည် သစ်ပင်၏တည်ရာ မြေကြီးပမာ ပစ္စယုပ္ပန်တရားတို့၏ တည်ရာ အဓိဋ္ဌာန အခြင်းအရာဖြင့် ထင်လာ၏, ကြွင်း မဟာဘုတ် ၃ ပါးနှင့်နာမ် တရားတို့ ကျေးဇူးပြုပုံသည် ပန်းချီဆေးရေးရုပ်၏ မှီရာ ကားပုံ၌ အဝတ် ပမာ မှီရာနိဿယ အခြားအရာအားဖြင့် ထင်လာသည်–ဟုမှတ်။

**[မူလဋီကာ]** တရအာဒီနံ ပထဝီဝိယ အဓိဋ္ဌာနာကာရေန ပထဝီ

ဓာတု သေသဓာတူနံ – စက္ခာဒယော စ စက္ခုဝိညာဏာဒီနံ ဥပကာရကာ၊ စိတ္တကမ္မဿ ပဋာဒယောဝိယ နိဿယာကာရေန ခန္ဓာဒယော တံတံနိဿယာနံ ခန္ဓာဒီနံ။

ဓာတနိဿယသည် သဟဇာတပစ္စည်းနှင့် တူ၏၊ ပုရေဇာတ နိဿယ သည်လည်း ဝတ္ထုပုရေဇာတ နိဿယ ဝတ္ထာရမဏ ပုရေဇာတနိဿယအားဖြင့် ၂ ပါး အပြား ရှိပြန်၏၊ ထိုတွင်

[ဆောင်] သစ်ပင်တည်ရာ, မြေပမာနှင့်, မှီရာကားပုံ, အရုပ်စုံသို့, ဖုံဖုံတည်ရာ, မှီစရာဟု, မကွာဆန်းကြယ်, သတ္တိကြွယ်, မှတ်ဘွယ် နိဿယခေါ်။

**သဟဇာတနိဿယ**။ ။ ပြခဲ့ပြီးသော သဟဇာတပစ္စည်းတရားများ သည်ပင် တည်ရာမှီရာဟူသော နိဿယသတ္တိရှိသောကြောင့် သဟဇာတ နိဿယ အမည် ရပြန်လေသည်၊ ထင်ရှားစေအံ့–ပထဝီမဟာဘုတ်သည် ကြွင်းသော မဟာဘုတ်တို့နှင့် ဥပါဒါရုပ်တို့၏ တည်ရာ အခိဋ္ဌာန် အခြင်း အရာလည်းရှိ၏, တကွဖြစ်ဘက် သဟဇာတလည်း ဟုတ်၏၊ ကြွင်းသော မဟာဘုတ် ၃ ပါးသည် ပထဝီမဟာဘုတ်နှင့် ဥပါဒါရုပ်တို့၏ မှီရာ နိဿယ အခြင်းအရာလည်းရှိ၏, တကွဖြစ်ဘက် သဟဇာတလည်းဟုတ်၏၊ ဤကဲ့သို့ မှီရာတည်ရာ သဘောရှိသော တရားစုသာလျှင် သဟဇာတ ပစ္စယသတ္တိရှိသည်၊ အတူတကွ ဖြစ်ရုံမျှဖြင့် သဟဇာတသတ္တိ မရှိနိုင်၊ ထို့ကြောင့် မဟာဘုတ်နှင့် အတူဖြစ်ကြသော ဥပါဒါရုပ်များ – စိတ် စေတသိက်နာမက္ခန္ဓာနှင့် အတူတကွဖြစ်ကြသော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်များသည် တည်ရာမှီရာ သဘောမရှိသည့် အသဟဇာတပစ္စည်း မဖြစ်ကြဘဲ ပစ္စယုပ္ပန်သာ ဖြစ်ခဲ့ကြရလေသည်၊ ဤသို့လျှင် ပစ္စည်း တပါး၏ သတ္တိကို အလားတူ အခြားသော ပစ္စည်း၏သတ္တိဖြင့် ထောက်ဆ ကြည့်မှ အမှန်အတိုင်း သိရလေသည်။

**ဝတ္ထုပုရေဇာတနိဿယ**။ ။ ၁–ဝတ္ထုရုပ်လည်း ဟုတ်၏ ၂–ပစ္စ ယုပ္ပန်တရားတို့မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်သောကြောင့် ပုရေဇာတလည်း ဟုတ်၏, ၃–မှီရာ တည်ရာအဖြစ်ဟူသော နိဿယသတ္တိလည်းရှိ၏၊ ဤ ၃ ချက်နှင့် ညီသော တရားသာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်နိုင်၏၊ ထို့ကြောင့် စက္ခုဝတ္ထု စသော ဝတ္ထုရုပ် ၆ ပါးသာလျှင် ဤ

ဝတ္ထု ပုရေဇာတနိဿယ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြား ရှိကုန်၏၊ ထိုတွင် ပဝတ္တိအခါ– ဆဝတ္ထု, ဤတရားတို့သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

တနည်းကား – မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက အားဖြင့် ၃ ပါးသော စက္ခု ဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခု ဝတ္ထု

ဝတ္ထုပုရေဇာတ နိဿယသတ္တိရှိသည်။ [ပုရေဇာတဟူရာ၌ ပစ္စယုပ္ပန်တို့ မဖြစ်မီ ရှေးဦးစွာဖြစ်ရုံမျှကို မမှတ်ရ, အတ္ထိပစ္စည်း၌ ပုရေဇာတတ္ထိဟု လာလတံ့ဖြစ်သောကြောင့် "ရှေးဦးစွာ ဖြစ်ပေါ် ဥပါဒ်ပြီး၍ အတ္ထိ သဘောအားဖြင့် ဌီအခိုက်၌ ထင်ရှားရှိနေသော (မချုပ်သေးသော) တရားကိုသာ ပုရေဇာတ" ဟု မှတ်ယူရမည်။]

**ပစ္စည်း**။ ။ ပဋ္ဌာနည်း၌ "ပဝတ္တိအခါ ဆဝတ္ထု, ဤတရားတို့သည်" ဟုဆိုပြီး၍ ထိုစကားကိုပင် ချဲ့ပြလိုသောကြောင့် "တနည်းကား–မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုကအားဖြင့်" စသော ဒုတိယနည်းကို ဆိုသည်၊ ထိုတွင် စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၅ ပါးသည် ပဋိသန္ဓေခဏဝယ် စက္ခု ဝိညာဉ်စသည်အား ကျေးဇူးမပြုနိုင်၊ ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုလည်း ပဌမဘဝင်ဥပါဒ်အခိုက်ရောက်မှ (ပဝတ္တိအခါကျမှ) ကျေးဇူးပြုနိုင်သည်၊ ဤသို့လျှင် ဝတ္ထုရုပ် ၆ ပါးလုံးပင် ပဝတ္တိအခါကျမှ ဆိုင်ရာစိတ်တို့အား ကျေးဇူးပြုနိုင်သောကြောင့် ပဋ္ဌာနည်း၌ "ပဝတ္တိအခါ ဆဝတ္ထု" ဟု မိန့်တော်မူသည်။ [မန္ဒာမန္ဒ မဇ္ဈိမာယုက ခွဲခြားချက်ကို ဝီထိဆိုရိုးအဓိပ္ပာယ်၌ ပြခဲ့ပြီ၊ ယခုအခါ ဤကျမ်း၏ ဝါဒကို ပြရတော့ လတံ့။]

**မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု**။ ။ "စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဉ် ဥပါဒ်သည့်အခါ ဌီအဖြစ်ဖြင့် တည်ရှိသော စက္ခုပသာဒပေါင်း ၄၉ မျိုးရှိသည်" ဟု ဝီထိ

၊၆၀၊ မန္တာယုက အမန္တာယုက မဇ္ဈိမာယုက အားဖြင့် ၃ ပါး သော ကာယဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု ပဋိသန္ဓေအစရှိ သော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓ

ဆိုရိုးအဓိပ္ပာယ်၌ ပြခဲ့ပြီ၊ ထို ၄၉ မျိုးသော စက္ခုပသာဒတို့တွင် ပဌမဆုံး အတီတဘဝင်နှင့် ပြိုင်တူဥပါဒ်သော စက္ခုပသာဒသည် စက္ခုဒွါရိက ဝီထိ၏ အာရုံကို ထောက်ဆလျှင် ထိုအာရုံ၏ အလျင်လည်း မချုပ်, နောက်လည်း မကျ, ထိုအာရုံနှင့် တပြိုင်နက် ချုပ်ရမည် ဖြစ်သောကြောင့် မဇ္ဈိမာယုက စက္ခုပသာဒမည်၏၊ ထို ၄၉ မျိုးသော ပသာဒ တို့တွင် အားအကောင်း ဆုံးဖြစ်၍, ဤမဇ္ဈိမာယုက စက္ခုပသာဒကိုသာ စက္ခုဝိညာဉ်စိတ်က မှီရမည်တဲ့၊ "ထို ပဌမဆုံး အတီတဘဝင်နှင့် အတူ ဥပါဒ်သော စက္ခုပသာဒသည် ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်" ဟု အတော်ကြဲဖန်လျက် ရှေးခုလပ် ဆရာမြတ်တို့ ဝတ္ထုပုရေဇာတနိ ဿယပစ္စည်း တပ်ဘို့အရေးဝယ် ပဌမဆုံးအတီတဘဝင်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထု တခုကိုသာ ရွေးချယ် သတ်မှတ်တော်မူခဲ့ကြလေသည်။

ဤအရာဝယ် "စက္ခုဝိညာဉ်က စက္ခုဝတ္ထုကိုမှီ၏" ဟူသော စကားအရ "တခုအပေါ်၌ တခုတည်နေသလို စက္ခုဝတ္ထုအပေါ်၌ စက္ခုဝိညာဉ်က ငြိကပ် တည်နေသည်" ဟု မှတ်မှားတတ်၏။ စင်စစ်မှာ ထိုကဲ့သို့ ငြိကပ် မှီတည်တဲ့ အမှီမျိုး မဟုတ်, "ဆရာကိုတပည့်က မှီသည်" ဟု ဆိုရာ၌ဆရာ မရှိလျှင် တပည့်လည်း မရှိနိုင်, ဆရာကို အမှီတကဲ သဟဲပြုရသောကြောင့် သာ တပည့်ရှိနိုင်–တပည့် တည်တန့်နိုင်သကဲ့သို့ငှင်း, "မင်းကို မင်းခစား ယောကျ်ားမှီသည်" ဟူရာ၌လည်း မင်းမရှိလျှင် မင်းခစားယောကျ်ားမရှိ, မင်းကို အမှီပြု၍ မင်းခစားယောကျ်ားဖြစ်ရ တည်တန့်ရသကဲ့သို့ငှင်း, ထို့ အတူ စက္ခုဝတ္ထုမရှိလျှင် စက္ခုဝိညာဉ်လည်း မဖြစ်နိုင်, စက္ခုဝတ္ထုကိုအမှီ တကဲ သဟဲပြုရ၍သာ စက္ခုဝိညာဉ်ဖြစ်နိုင် တည်နိုင်သောကြောင့် "စက္ခု

သမာပတ်မှထသောအခါ ရှေ့စိတ္တက္ခဏ တချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် ၁၇ ချက်မြောက်သောစိတ်နှင့် အတူ ဥပါဒ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ ပဝတ္တိအခါ–

ဝတ္ထုကို စက္ခုဝိညာဉ်က မှီသည်" ဟု ဆိုရသည်၊ အခြားသော ဝတ္ထုကို အခြားဝိညာဉ်တို့က မှီရာ၌လည်း ဤနည်းပင်တည်း။

**[မဟာဋီကာ]** တံနိဿယတာ စဿန ကေဒေသေန အလ္လီယနဝသေန ဣစ္ဆိတဗ္ဗာ၊ ပေ၊ အထခေါ ဂုရုရာဇာဒီသု သိဿရာဇပုရိသာဒိနံ ဝိယ တပ္ပဋိဗဒ္ဓဝုတ္တိတာယ။

အဿ–ထိုဝိညာဉ်၏၊ တံနိဿယတာစ–ထိုဝတ္ထုရုပ်လျှင် မှီရာရှိသည်၏ အဖြစ် ဟူသည်ကိုလည်း၊ ဧကဒေသေန–တပိုင်းတစအားဖြင့်၊ အလ္လီယန ဝသေန–ငြိကပ်ခြင်း၏ အစွမ်းဖြင့်၊ နဣစ္ဆိတဗ္ဗာ–အလိုမရှိအပ်(မမှတ်အပ်) အထခေါ–စင်စစ်မှာ၊ ဂုရုရာဇာဒီသု–ဆရာ မင်း စသူတို့၌၊ သိဿရာဇ ပုရိသာဒိနံဝိယ–တပည့် မင်းခယောကျ်ား စသူတို့ မှီပုံကဲ့သို့၊ တပ္ပဋိဗဒ္ဓ ဝုတ္တိတာယ–ထိုဝတ္ထုနှင့် စပ်သွယ်သော ဖြစ်ရခြင်းရှိသည်၏ အဖြစ်ဖြင့်၊ ဣစ္ဆိတဗ္ဗာ–အလိုရှိအပ်(မှတ်သားအပ်)၏။

ဤမဟာဋီကာအရ စက္ခုဝိညာဉ်ဥပါဒ်သည့်အခါ ဌီအနိက်၌ တည်ရှိသော စက္ခုဝတ္ထု ၄၉မျိုးတွင် မည်သည့်ဝတ္ထုမဆို စက္ခုဝိညာဉ်၏မှီရာ နိဿယသတ္တိ ရှိကြမည်သာ၊ ထိုစက္ခုဝတ္ထုတွေသည် စက္ခုဝိညာဉ်မဖြစ်မီ ရှေးဉးစွာ ဖြစ်နှင့်ကြသောကြောင့် ပုရေဇာတလည်း ဟုတ်ကြ၏ ဌီအနိက် ၌ အားရှိပါးရှိ တည်နေကြသဖြင့် ပုရေဇာတတ္ထိလည်း ဟုတ်ကြ၏၊ ထို့ကြောင့် မဇ္ဈိမာယုက ပဿာဒတခုကိုသာ မသတ်မှတ်ဘဲ "ထို ၄၉ မျိုး လုံးဖြစ်စေ ထို ၄၉ မျိုးတွင် အမှတ်မရှိ တခုခုဖြစ်စေ ဝတ္ထုပုရေဇာတ နိဿယပစ္စည်း, စက္ခုဝိညာဉ်သည် နိဿယပစ္စည်း၏ ပစ္စယုပ္ပန်"ဟု မဆို

ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် ၄ ခုကြဉ်သော သတ္တဝိညာဏဓာတ် ၊စေတသိက် ဒွေပဉ္စာသ, ဤ တရားတို့ နိုင်ဘို့ရာ တစုံတခု ယုတ္တိသာဓက မရှိသောကြောင့် "မန္ဒာယုက အမန္ဒာယုက မရှိမာယုက ခွဲခြားခြင်းနှင့်တကွ မရှိမာယုက စက္ခုပသာဒ တခုကိုသာ စက္ခုဝိညာဉ် မှီသည်, ဝါ မရှိမာယုက စက္ခုပသာဒတခုသာလျှင် စက္ခုဝိညာဉ်အား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်" ဟူသော ဝါဒကို ဆရာမြတ်တို့ လက်မခံလိုကြကုန်၊ [ဝိထိပိုင်း အာရုံထင်ခဏ်းနှင့် ဆက်စပ်ကြည့်ရှုပါ။]

ဆိုဘွယ်ရှိသေး၏–ရုပ်ပိုင်း၌ ပြခဲ့သည့်အတိုင်း ကမ္မဇကလာပ်တို့ ခဏတိုင်း ဥပါဒ်ကြလေရာ, တခဏ တခဏလျှင် ကလာပ်များစွာ ဥပါဒ်ကြ၏၊ စက္ခုပသာဒတို့ဖြစ်ရာ မျက်နက်ဝန်းအတွင်းမှာလည်း စက္ခုဒသကကလာပ်တွေ သိန်းသန်းကုဋေရှိ၏၊ တချို့ဥပါဒ်တုန်း,တချို့ဌီ,တချို့ဘင်အားဖြင့် အမျိုးမျိုးပင်တည်း၊ ထို့ကြောင့် အတီတဘဝင်နှင့် ပြိုင်တူဥပါဒ်သော စက္ခုဒသကကလာပ်တို့လည်း အများအပြားပင် ရှိကြကုန်၏၊ သို့ဖြစ်လျှင် "မရှိမာယုက စက္ခုပသာဒတခုကိုသာ စက္ခုဝိညာဉ် မှီသည်"ဟု အယူရှိသော ဆရာတို့အတွက် "အတီတဘဝင်နှင့် ပြိုင်တူ ဥပါဒ်သောစက္ခုဝတ္ထုပေါင်း များစွာတွင် ဘယ်စက္ခုဝတ္ထုကို မှီပါလိမ့်မည်နည်း" ဟု စဉ်းစားဘွယ် ထွက်ပေါ်လာသည်၊ "ရှုပါရုံထင်ရာ ပသာဒတခုကို မှီသည်"ဟု ဆိုပြန်လျှင်လည်း "ပသာဒတခုထည်း၌ အာရုံ မထင်နိုင်ကြောင်းကို" ဝီထိပိုင်း ဘာသာဋီကာ အာရုံထင်ခဏ်း၌ ပြခဲ့ပြီ၊ ထို့ကြောင့် "မရှိမာယုက စက္ခုဝတ္ထုတခုသာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်၏"ဟု ရှေးဆရာတို့ သတ်မှတ်ချက်၌ လေးနက်သော ပါဠိတော်အဋ္ဌကထာ မူလဋီကာသာဓကလည်း မရှိ, ယုတ္တိလည်း မရသဖြင့် "စက္ခုဝိညာဉ် ဥပါဒ်သည့်အခါ ဌီခဏ၌တည်ရှိသော စက္ခုဝတ္ထုအများပင် ဝတ္ထုပုရေဇာတနိဿယသတ္တိရှိသည်" ဟု မှတ်ယူကြပါလေ၊ သောတ ဃာနဇိဝှါ ကာယဝတ္ထုများ၌လည်း ဤနည်းပင်တည်း။

သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ စတုဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ လောဘမူစိတ် ၈ ခု မောဟမူဒွေ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်စိတ် ၈ခု မဟာကြိယာစိတ် ၈ ခု အရူပစိတ် ၁၂ခု

**ပဋိသန္ဓေ အစရှိသော ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။** ။ ပဋိသန္ဓေစိတ်နှင့် အတု ဥပါဒ်သော ဟဒယဝတ္ထုသည် ပဌမဘဝင် ဥပါဒ်သည့်အခါ ဌီအခိုက်သို့ ရောက်နေပြီ၊ ထို့ကြောင့် ထိုဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း- ပဋိသန္ဓေနောင် ပဌမဘဝင်သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်, ဤသို့စသည်ဖြင့် (မရဏာသန္နအခါ မရောက်သေးသမျှ) ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပစ္စည်း (ဒွေပဥ္စဝိညာဉ်မှတပါး အခြားသော) နောက်နောက်စိတ်သည် ပစ္စယုပ္ပန်-ဟု ဆိုလိုသည်၊ ဝိထိဆိုရိုး၌ပြခဲ့သော "ကြွင်းလျှင်စိတ်စု, ရှေးရှေးဥသည်, ဝတ္ထုဟဒယ, စွဲမှီကြသည်"ဟူသော စကားလည်း ဤ ပစ္စည်း စာသွားကိုမှီး၍ ဆိုသော စကားပင်တည်း၊ ဤ အဆိုအားလုံးသည်-"ပဋိသန္ဓိစိတ္တဿ ဥပ္ပါဒက္ခဏေ ဥပ္ပန္နံ ဌာနပ္ပတ္တံ ပုရေဇာတံ ဝတ္ထုနိဿယ တတိယံ ဘဝင်္ဂ ဥပ္ပန္နတိ, ဣမိနာဝ နယေန ယာဝတာယုက စိတ္တုပ္ပဝတ္တိ ဝေဒိတဗ္ဗာ"-ဟူသော မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိမဂ္ဂဋ္ဌကထာနှင့် ညီညွတ်ပါပေသည်။

သို့သော် စဉ်းစားဘွယ်ကို ပြပါဦးအံ့-"ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီသည်" ဟု ဆိုရာ၌ အားအကောင်းဆုံး ဟဒယဝတ္ထုကို ရွေးချယ်ကြဟန် တူသည်၊ ထိုသို့ ရွေးချယ်ရာ၌ စဉ်းစားဘွယ်ရှိသည်ကား-ရှေးရှေးစိတ်၏ ဥပါဒ်နှင့်ပြိုင်၍ ဥပါဒ်သော ဟဒယဝတ္ထု,ရှေးရှေးစိတ်၏ ဌီနှင့်ပြိုင်၍ ဥပါဒ်သော ဟဒယဝတ္ထု, ဘင်နှင့်ပြိုင်၍ ဥပါဒ်သော ဟဒယဝတ္ထု, ဤ ၃မျိုးလုံးပင် နောံနောံစိတ် ဥပါဒ်သည့်အခါ ဌီအခိုက်၌တည်ရှိကုန်၏၊ ထို ၃ မျိုးတွင် ဌီ ဘင်တို့နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မမှီဘဲ, ဘာ့ကြောင့် ရှေ့စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု

သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇ ခု, ဒေါသလ္လာသော မစ္ဆရိယ ကုက္ကုစ္စ အပ္ပမညာ ကြဉ်သော စေတသိက်ဆ စတ္တာလီသ, ပဋ္ဌဝေါကာရ ပဋိသန္ဓေ ပန္နရသ စေတသိက်ပဋ္ဌတ္တိံသ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း၏ ပစ္စနိက်ဖြစ်သောတရားတို့ မည်ကုန်၏။

ကိုသာ မိုရသတဲ့နည်း၊ အားအကောင်းဆုံး ဝတ္ထုရုပ်ကို ရွေးချယ်ရိုးမှန်ပါလျှင် ရှေ့စိတ်၏ ဘင်နှင့်အတူဥပါဒ်၍ ဋီသို့ရော်ဝ လတ်လတ်ဆတ်ဆတ်ဖြစ်သော ဟဒယဝတ္ထုကို ရွေးချယ်သင့်သည်မဟုတ်ပါလော၊ နော်နော်စိတ် ဥပါဒ်သည့်အခါ ဋီအခိုက်၌ တည်နေသော ဟဒယဝတ္ထုပေါင်းဤ ၃ မျိုးအပြင် (၄၉ တွင် ၃ ခုနုတ်) ၄၆ မျိုးရှိသေး၏၊ ဤ ၄၉ မျိုးဟူသည်မှာလည်း ၄၉ ခဏာ၌ ဥပါဒ်ကြသည်ကို ရည်ရွယ်၍ ရေတွက်အပ်သော ဝတ္ထုများသာတည်း၊ တခဏ တခဏ၌ တသုတ်တသုတ် ဥပါဒ်လျှင်ဝတ္ထုရုပ်ပေါင်း များစွာ တပြိုင်နက် ဥပါဒ်နိုင်သောကြောင့် နောက်နောက်စိတ်ဥပါဒ်သည့်အခါ ဋီအခိုက်မှာ တည်ရှိသော ဝတ္ထုရုပ် ၄၉ မျိုးပေါင်း အများပင် ရှိရာလတ့်၊ ထိုများစွာသော ဝတ္ထုသည် ဝတ္ထုလည်းဟုတ် ပုရေဇာတလည်း ဟုတ်ပါလျက် ဘယ်အတွက် နိဿယသတ္တိမရှိကြောင်းကို ပညာရှင်တို့ ဆင်ခြင်သင့်လှပေသည်။

**နိရောဓသမာပတ်မှ ထသောအခါ ရှေ့စိတ္တက္ခဏ တချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု။** ။နိရောဓသမာပတ်မှ ထသည့်အခါ ရှေးဦးစွာအနာဂါမိဖိုလ်ဇောဖြစ်စေ အရဟတ္တဖိုလ်ဇော ဖြစ်စေ ဖြစ်၏, ထိုဇော၏ရှေ့က နိရောဓသမာပတ်အတွင်း၌ စိတ်မဖြစ်၊ ထို့ကြောင့် "ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု"ဟု သတ်မှတ်၍မဖြစ်ရကား "ရှေ့စိတ္တက္ခဏတချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု"ဟုခန့်မှန်း၍ သတ်မှတ်ရလေသည်၊

**မရဏာသန္နအခါ၊ ဃေး ဆဝတ္ထု။** ။"မရဏကာလေ ပန စုတိစိတ္တော ပရိ သတ္တရသမစိတ္တဿ ဌိတိကာလ မုပါဒါယ ကမ္မဇရူပါနိ နုပ္ပဇ္ဇန္တိ" ဟူသော ရုပ်ပိုင်းပါဠိ၌ ဖွင့်ပြခဲ့သည့်အတိုင်း စုတိစိတ်ကို ထောက်လျှင် ၁၇ ချက်မြောက် စိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးဝတ္ထုရုပ် ဖြစ်ပါး ဖြစ်၏, ထို့နောက် ထိုဘဝ၌ ဝတ္ထုရုပ် မဖြစ်တော့ပြီ, ထို့ကြောင့် "စုတိစိတ်မှ အထက် ၁၆ ချက်မြောက် စိတ်ကစ၍ စုတိတိုင်အောင် စိတ်များသည် ထို ၁၇ ချက်မြောက် နောက်ဆုံးဖြစ်သော ဝတ္ထုရုပ်ကိုသာ မှီကြရတော့သည်။ [ရှေး ၃ ချက်စု စာအုပ်များ၌ "၁၇ ချက်မြောက်စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု"ဟု ရှိ၏, ဆင်ခြင်။]

**ပစ္စယုပ္ပန်။** ။ ပဥ္စဝေါကာရဘုံ၌သာ ဝတ္ထုရုပ် ရှိသောကြောင့် ပစ္စယုပ္ပန် တရားတို့သည် ပဥ္စဝေါကာရဘုံ၌ ဖြစ်သော တရားချည်းသာ ဖြစ်ရမည်၊ "ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက်" ဟူသော စကားကား စတုဝေါကာရဘုံ၌လည်း ဖြစ်ကောင်းသော လောဘမူစိတ် စသော ၄၂ ပါးကို ရည်ရွယ်သည်၊ "ဖြစ်နေ" ဟူသော စကားကား ပဥ္စဝေါကာရဘုံ၌ အမြဲဖြစ်၍ စတုဝေါကာရဘုံ၌ မဖြစ်ကောင်းသော ဒေါသမူ စသော ၄၃ ပါးကို ရည်ရွယ်သည်၊ အရူပဝိပါက် ၄ ခုကို ပဥ္စဝေါကာရဘုံ၌ မဖြစ်ကောင်းသောကြောင့် ကြဉ်ရသည်။

**ပစ္စနီက်။** ။ စတုဝေါကာရဘုံ၌ ဝတ္ထုရုပ်တို့ကို မမှီဘဲ ဖြစ်လေ့ရှိသောကြောင့် စတုဝေါကာရဘုံ၌ စိတ်စေတသိက်များကို ပစ္စနီက် ထုတ်ရသည်၊ "ဖြစ်ခိုက်" ကား ပဥ္စဝေါကာရဘုံ၌ ဖြစ်ကောင်းသော လောဘမူစသည်တည်း၊ "ဖြစ်နေ" ကား စတုဝေါကာရဘုံ၌သာ အမြဲဖြစ်သော အရူပဝိပါက် ၄ ခုတည်း၊ စတုဝေါကာရဘုံ၌ ဖြစ်သော စိတ်ဟူသမျှ သတ္တပညတ်ကို အာရုံမပြုသောကြောင့် စေတသိက်များတွင် အပ္ပမညာကို ကြဉ်ရသည်၊ ဒေါသ ကုက္ကုစ္စ မစ္ဆရိယ ကုက္ကုစ္စတို့မှာ သူတို့ယှဉ်ရာ ဒေါသမူစိတ် မရှိသောကြောင့်တည်း၊ ဝိရတီကိုကား မဂ်ဖိုလ်စိတ်တို့၌ယှဉ်ရသေးသဖြင့် မကြဉ်ဘဲ ကောက်ရသည်၊ ပဥ္စဝေါကာရ ပဋိသန္ဓေစိတ်စေတသိက်လည်း မိမိတို့နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကိုမှီရသဖြင့် မှီရာဝတ္ထုက

ပုရေဇာတ မဟုတ်, သဟဇာတဖြစ်နေသောကြောင့် ပစ္စနိက်၌ ပါဝင်ရလေသည်။

## လေ့ကျင့်ခဏ်းမေးခွန်း

၁။ ဤ နိဿယပစ္စည်း၌ အဓိဋ္ဌာန(တည်ရာ) သဘောရှိသော တရား, နိဿယ(မှီရာ) သဘောရှိသော တရားကို ဆိုင်ရာ ဥပမာနှင့်တကွ ခွဲခြားပြပါ။

၂။ "သဟဇာတနိဿယသည် သဟဇာတနှင့် တူသည်" ဟု ဆိုရာ၌ သတ္တိပါတူသလား, သတ္တိမတူလျှင် သတ္တိအထူးကိုပြပါ။

၃။ သဟဇာတပစ္စည်း၌ နာမက္ခန္ဓာက စိတ္တဇရုပ်အား–မဟာဘုတ်က ဥပါဒါရုပ်အား ကျေးဇူးပြုသလို, စိတ္တဇရုပ်က နာမက္ခန္ဓာအား– ဥပါဒါရုပ်က မဟာဘုတ်အား ပြန်၍ ကျေးဇူးပြုနိုင်သလား, မပြုနိုင်လျှင် ဘာကိုထောက်၍ သိရမည်နည်း။

၄။ ဝတ္ထုပုရေဇာတနိဿယ၌ ပစ္စယုပ္ပန်တို့၏ ရှေးဦးစွာ ဖြစ်နှင့်၍ ချုပ်လေပြီး ဝတ္ထုများ ပစ္စည်းထိုက်–မထိုက်, မထိုက်လျှင် ဘာကို ထောက်၍ သိရမည်နည်း။

၅။ စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဉ်အား ဝတ္ထုပုရေဇာတနိဿယပစ္စည်း တတ်သော ဝတ္ထုကို ဘယ်ခဏ၌ ဥပါဒ်သောဝတ္ထုဟု ရှေးခုလပ်ဆရာတို့ ယူကြသနည်း, ထိုသို့ယူရာ၌ ထိုဆရာတို့ အလိုကိုပြပါ။

၆။ ထိုဝါဒ၌ အပြစ်ပြ၍ ဤကျမ်း၏ ဝါဒကိုလည်း ပြပါ။

၇။ ပစ္စယုပ္ပန်၌ "ဖြစ်ခိုက်–ဖြစ်နေ" စကားတို့ဖြင့် ရည်ရွယ်အပ်သော တရားကို ခွဲခြားပြပါ။

၈။ သောတဒွါရဝီထိချ၍ အတီတဘဝင် အစ တဒါရုံ တိုင်အောင် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

၉။ နိရောဓသမာပတ်မှအထတွင် ပစ္စည်း ပစ္စယုပ္ပန် မရဏာသန္နဝီထိချ၍ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

**ဝတ္ထာရမဏ ပုရေဇာတနိဿယ ပစ္စည်း။**

ဝတ္ထာရမဏ ပုရေဇာတနိဿယ၌ သရုပ်တို့သည်ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည် ရှိသော် ၁၇ ချက်မြောက်သော ။ "ဝတ္ထု+အာရမဏ+ပုရေဇာတ+နိဿယ" ဟု ၄ ချက်ခွဲ၍, အကြောင်တရားသည် ၁-ဝတ္ထုရုပ်လည်း ဟုတ်၏, ၂-ပစ္စယုပ္ပန်တို့၏ အာရုံလည်း ဟုတ်၏, ၃-ပစ္စယုပ္ပန်တို့ မဖြစ်မီ ရှေ့ကဖြစ်နှင့်၍ ဋီအခိုက်၌ တည်ရှိသည်လည်း ဟုတ်၏, ၄-နိဿယသတ္တိဖြင့် အမှီခံရသည်လည်း ဟုတ်၏, ဤ ၄ ချက် ညီညွတ်သော တရားမှာ ဟဒယဝတ္ထုသာတည်း၊ ထို့ကြောင့် ပစ္စည်းတရားအရ ဟဒယဝတ္ထုကို ကောက်ရမည်မှာ သေချာပြီ၊ သို့သော်-အချို့က မရဏာသန္န ဟဒယဝတ္ထုကိုသာ ကောက်လို၍ ပကတိအခါ ဟဒယဝတ္ထုကို မကောက်လိုကြ၊ အချို့ကမူ ၂ မျိုးလုံးကိုပင် ကောက်ယူလိုကြ၏၊ ထိုတွင် ပဌမဆရာတို့ အလိုကား-အကြောင်ဟဒယဝတ္ထုကို အကြောင်စိတ်က မှီ၏, ထိုစိတ်သည် ထိုဟဒယဝတ္ထုကိုပင် အာရုံပြုရမည်၊ သို့မှ "နိဿယလည်း ဖြစ် အာရုံလည်းဖြစ်" ဟူသော လက္ခဏာနှင့် ညီမည်၊ မရဏာသန္နအခါ၌ မနောဒွါရာဝဇ္ဇန်း စသော စိတ်တို့သည် စုတိမှ အထက် ၁၇ ချက်မြောက်စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပိုင်းဝန်းမှီကြရကုန်၏, မိမိ၏ပစ္စယုပ္ပန် ဟဒယဝတ္ထုကို အာရုံပြု၍ အနစ္စစသည် ရှုလျက်သော်၎င်း သာယာနှစ်သက်လျက်သော်၎င်း နှလုံးမသာမယာ ဖြစ်လျက်သော်၎င်း ဝိစိကိစ္ဆာ ဥဒ္ဓစ္စဖြစ်လျက်သော်၎င်း မရဏာသန္နဇောဇောလျှင် ထိုမနောဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့သည် ယခင် နောက်ဆုံးဥပါဒ်သော ဟဒယဝတ္ထုကိုပင် အာရုံပြုကြရမည်၊ ဤသို့လျှင် တရားကိုယ်တခုထည်းက မှီရာအာရုံ ၂ ပါးစုံ ဖြစ်နိုင်ဘို့မှာ မရဏာသန္န ဟဒယဝတ္ထုတခုသာ ရှိသည်။

မရဏာသန္န မဟုတ်သော ပကတိအခါ၌ကား ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို နောံနောံစိတ်က မှီရ၏, ထိုရှေးရှေးစိတ်နှင့်

စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားသည် ဝတ္ထာရမဏ ပုရေဇာတ နိဿယပစ္စည်း တပ်သော တရား မည်၏။ မရဏာသန္နအခါ – မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တခုယုတ်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို နောက်နောက်စိတ်က တဆက်ထည်းအာရုံမပြုနိုင်၊ အကယ်၍ ပြုနိုင်သည်ဟုဆိုလျှင် တဝိထိအတွင်း၌ အာရုံချင်းကွဲပြားရာ၏၊ မနောဒွါရာဝဇ္ဇန်းက ဆင်ခြင်ပေးအပ်သော အာရုံကိုလည်းနောက်နော်ဇောတို့က ဆက်လက်မယူနိုင်ရာ ရောက်၏၊ ထင်ရှားစေအံ့–ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီလဲမှီ အာရုံလဲပြုနိုင်လျှင်ဘဝင်္ဂုပစ္ဆေဒနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မနောဒွါရာဝဇ္ဇန်းကဆင်ခြင်ပေး၍၊ ပဌမဇောကား မနောဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကို အာရုံပြုရလိမ့်မည်၊ ဤသို့စသည်ဖြင့် မနောဒွါရာဝဇ္ဇန်းဆင်ခြင်ပေးအပ်သော အာရုံကိုလည်း ဇောတို့ကမယူ၊ ရှေ့စိတ်၏အာရုံနှင့်နောက်စိတ်၏အာရုံလည်း မတူရာရောက်၏၊ မဂ္ဂဝိထိ ဖလသမာပတ္တိဝိထိစသော ထူးခြားသော ဝိထိမှတပါး ရိုးရာဝိထိများ၌ ဤသို့အာဝဇ္ဇန်း၏အာရုံကို ဆက်လက်၍ မယူဘဲလည်း မရှိရ၊ ဝိထိ စိတ်ချင်းလည်း အာရုံမကွဲပြားရချေ၊ ဤသို့လျှင် ပကတိအခါ ဟဒယဝတ္ထုသည် မှီရာနှင့်အာရုံ ၂–ပါးစုံ တပြိုင်နက် မဖြစ်နိုင်သောကြောင့် ဤဝတ္ထာရမဏပုရေဇာတနိဿယအရ မရဏာသန္န ဟဒယဝတ္ထုကိုသာ ၃ ချက်စု ဆရာ စသောရှေးဆရာတို့ ကောက်ယူရိုး ပြုတော်မူခဲ့ကြသည်။

**ပဋ္ဌာနသာရဒီပနီ ပရမတ္ထဒီပနီ စသည်တို့၌ကား–** "ပကတိရိုးရာအခါ၌လည်း ဟဒယဝတ္ထုသည် တရံတခါမှီရာ အာရုံ ၂ပါးစုံဖြစ်နိုင်သည်" ဟု ယူလိုကြ၏၊ ထိုဆရာတို့အလိုကို ထင်ရှားစေအံ့– ပစ္စုပ္ပန် ဟဒယဝတ္ထုကိုအာရုံပြု၍ ဝိပဿနာရှုမှု သာယာမှုစသည်ကိုပြုရာ၌ မနောဒွါရာ ဝဇ္ဇန်းသည် ဟဒယဝတ္ထုကို ဆင်ခြင်ပေး၏၊ နော်နောက်ဇောတို့လည်း ဟဒယဝတ္ထုကိုပင် အာရုံပြုကြ၏၊ ပရွက်ဆိပ်ကလေးတွေ စဉ်တန်းသွားနေသလိုသန္တတိပညတ်အားဖြင့် တခုထည်း ထင်မှတ်ရလောက်အောင် ဆက်သွယ်

၃၀, တဒါရုံ ကောဒသ, ဣသာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် စတုစတ္တာလီသ, ဤတရားတို့သည် ဝတ္ထာရမဏ ပုရေဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ ဝတ္ထာရမဏ ပုရေဇာတ

နေသော ဟဒယဝတ္ထု အစဉ်အတန်းကြီးဝယ် "သူ့ဟဒယဝတ္ထု ငါ့ဟဒယဝတ္ထု" ဟု ရွေးချယ်၍ အာရုံမပြုနိုင်ကြ၊ မနောဒွါရာဝဇ္ဇန်းမှစ၍ နောံနောံ ဇောတို့သည် ဟဒယဝတ္ထု သာမန်ကိုသာ မှီလည်းမှီ, အာရုံလည်းပြုကြလေသည်၊ ဤသို့လျှင် မှီရာလည်း ဟဒယဝတ္ထု အာရုံလည်း ဟဒယဝတ္ထု ဖြစ်ရကား ပကတိကာလ ဟဒယဝတ္ထုများလည်း တရံတခါ ဝတ္ထာရမဏ ပုရေဇာတ နိဿယပစ္စည်း ဖြစ်နိုင်ကြပေသည်-ဟူလို။ [မရဏာသန္န ဟဒယဝတ္ထုအတွက်မှာ ပဋ္ဌာနည်းအတိုင်းသာတည်း။]

**ပစ္စယုပ္ပန်။** ။ ပစ္စယုပ္ပန်အကောက်မှာလည်း အဘိညာဉ်ပါထိုက် မပါထိုက်ဟု ဝါဒကွဲလျက်ရှိ၏၊ ပဲခူးမြို့ ထီးနန်းစိုက်စဉ်က သာသနာတော်စောင့် နတ်ကြီးကို ပူးဝင်စေလျက် ဝတ္ထာရမဏပုရေဇာတ နိဿယ ပစ္စယုပ္ပန်ဝယ် အဘိညာဉ်ပါ မပါကိုမေးရာ * နတ်မင်းကြီးက အဘိညာဉ်ပါကြောင်း ပြောသွားသတဲ့၊ ထို ၂ ဝါဒတွင် အဘိညာဉ်မပါထိုက်ဟု အယူရှိသူတို့က "အဘိညာဝီထိသည် မရဏာသန္နဝီထိမဖြစ်ထိုက်, မရဏာသန္နဝီထိမဖြစ်လျှင် အဘိညာစိတ်က ဟဒယဝတ္ထုကို မှီလည်းမှီ အာရုံလည်းပြု-၂ခုလုံး တပြိုင်နက် မဖြစ်နိုင်"ဟု အယူရှိဟန်တူသည်၊ သို့သော် မရဏာသန္နအဘိညာ ဝီထိဖြစ်ထိုက်ကြောင်းကို ဝီထိဆိုရိုးဌ် ပြခဲ့ပြီးဖြစ်၍ ဤပဋ္ဌမဝါဒကို မထောံခံနိုင်၊ အဘိညာဉ်ရထိုက်၏-ဟူသော ဝါဒ၌ကား "အဘယ် အဘိညာဉ် ရထိုက်သနည်း" ဟု စစ်ဆေးဘွယ်ရှိ၏၊ ဒိဗ္ဗစက္ခုစသော အဘိညာဉ်တို့သည် ပစ္စုပ္ပန်ရူပါရုံစသည်ကို အာရုံပြုကြသဖြင့် ထိုအဘိညာဉ်များမရထိုက်၊ ဣဒ္ဓိဝိဓအဘိညာဉ်သည် မိမိ ကရဇကာယကို အာရုံပြုနိုင်၏, ကရဇကာယ

* နတ်များကို အဘိဓမ္မာနားလည်သည်ဟု ထင်ကြဟန်တူသည်။

နိဿယ ပစ္စည်းကို မရခိုက် မရနေ စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်, ဤတရားတို့သည် ဝတ္ထာရမဏပုရေဇာတ နိဿယပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏။

တွင် ဟဒယဝတ္ထုလည်း ပါဝင်ပြီ၊ ထို့ကြောင့် ဣန္ဒြိယဒဘိညာဉ်သာရထိုက်၏၊ မိမိဟဒယဝတ္ထုကို အာရုံပြုလျက် မရဏာသန္နအဘိညာဝီထိ ဖြစ်လျှင် မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘု အဘိညာစိတ်တို့သည် မှီရာလည်း ဟဒယ အာရုံလည်း ဟဒယဖြစ်သဖြင့် ဝတ္ထာရမဏပုရေဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်နိုင်ကြသည် ဟူလို။ [ပရမတ္ထဒီပနီစသည် တို့အလိုအားဖြင့် ပဝတ္တိ အဘိညာဇောများလည်း ပစ္စယုပ္ပန် ဖြစ်နိုင်ကြသည်–ဟု မှတ်။]

အဘိညာဇောနှင့်တကွ ပဝတ္တိအခါလည်း ဤပစ္စည်း ရနိုင်သည်–ဟု အယူရှိသော ဆရာတို့အလိုအားဖြင့် ဤသို့ ဆိုရိုးပြင်ရလိမ့်မည်–

"မှီရာလည်းဖြစ် အာရုံလည်း ဖြစ်သည့်အခါ ပစ္စုပ္ပန်ဟဒယဝတ္ထုသည် ဝတ္ထာရမဏပုရေဇာတနိဿယပစ္စည်းတပ်သော တရားမည်၏၊ ဝတ္ထာရမဏပုရေဇာတနိဿယပစ္စည်းကို ရခိုက် မနောဒွါရာဝဇ္ဇန်းကာမဇောတခုယုတ် ၃၀ တဒါရုံကောဒသ အဘိညာဉ်ဒွေ, ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် စတုစတ္တာလီသ, ဤတရားတို့သည် ဝတ္ထာရမဏပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏" ဟု ပြင်။

စေတသိက်ယှဉ်ရာ၌ မိမိဟဒယဝတ္ထုကို အာရုံပြု၍ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ မဖြစ်နိုင်, ဟဒယဝတ္ထုသည် ဝိတိက္ကမိတဗ္ဗဝတ္ထုလည်း မဟုတ်, သတ္တပညတ်လည်း မဟုတ်၊ ထို့ကြောင့် ဝိရတိ အပ္ပမညာ တို့ကလည်း

ဟာဒယဝတ္ထုကို အာရုံမပြုနိုင်၊ သို့အတွက် ဣဿာစသည်ကို ကြဉ်ရသည်၊ ပစ္ဆနိုက် ဆိုရိုးမှာ အထူးပြင်စရာမရှိ၊ "မရှိုက် မရနေ"ဟူရာဝယ် မရနိုက်ကား ဝတ္ထာရမဏာပုရေဇာတနိဿယ သတ္တိဖြင့် ကျေးဇူးပြု ခံရစကောင်းသော မနောဒွါရာဝဇ္ဇန်း စသည်ကို ရည်ရွယ်သည်၊ "ကျေးဇူးပြုခံရတဲ့အခိုက်၌ ပစ္စယုပ္ပန်ဖြစ်၍ ကျေးဇူးပြုမခံရတဲ့အခိုက်မှာ ပစ္စနိုက်ဖြစ်သည်"ဟူလို၊ မရနေကား အမြဲကျေးဇူးပြု မခံရသော ဒွေပဉ္စဝိညာဉ် မနောဓာတ် ၃ နှင့် အဘိညာဉ်မှ တပါးသော အပ္ပနာဇောများကို ရည်ရွယ်သော စကားတည်း၊ ထိုတရားတို့ကား ကျေးဇူးပြု အမြဲမခံရသဖြင့် ကောန်ပစ္စနိုက်ဖြစ်ကြရသည်–ဟူလို။

### လေ့ကျင့်ခန်းမေးခွန်း

၁။ ဝတ္ထာရမဏာပုရေဇာတနိဿယ၌ ဝါဒ ၂ မျိုးရှိရာ မရဏာသန္နဟာဒယဝတ္ထုကိုသာ ယူလိုသော ဆရာတို့၏ အလိုကိုပြပါ။

၂။ ပဝတ္တိအခါ မရဏာသန္နအခါ ၂ မျိုးလုံး ဟာဒယဝတ္ထုကို ယူလိုသော ဆရာတို့၏ အလိုကိုလည်းပြပါ။

၃။ ပစ္စယုပ္ပန်၌ အဘိညာ ပါထိုက်မပါထိုက် ၂ မျိုးတွင် မပါထိုက်ဟု အယူရှိသော ဆရာတို့၏ အလိုကိုပြပါ။

၄။ ပါထိုက်–ဟု အယူရှိသော ဆရာတို့အလို အဘယ်အဘိညာဉ်ကို ယူမည်နည်း။

၅။ ပစ္စယုပ္ပန်၌ ဣဿာ စသော စေတသိက်တို့ကို ဘာကြောင့်ကြဉ်ရသနည်း။

၆။ "ပစ္စယုပ္ပန်ဝယ် အဘိညာဇောနှင့်တကွ ပဝတ္တိဟာဒယဝတ္ထုပေည်းပစ္စည်း ဖြစ်နိုင်၏"ဟူသော ဝါဒအတိုင်း ပစ္စည်းပစ္စယုပ္ပန်ဆိုရိုးကို ပြင်ပြပါ။

**ဥပနိဿယပစ္စည်း** ဥပနိဿယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ
**၃ ချက်စု** ၌ ဥပနိဿယ ပစ္စည်းသည် အာရမဏူပ
နိဿယ အနန္တရူပနိဿယ ပကတူပနိဿယ အားဖြင့် ၃ပါး

**ဥပနိဿယ**။ ။"ဥပါယာသော–ပြင်းစွာ ပင်ပန်းခြင်း"ဟူရာ၌ ဥပ သဒ္ဒါကဲ့သို့ ဤ ဥပနိဿယ၌ ဥပသဒ္ဒါလည်း လွန်လွန်ကဲကဲ ဟူသော အနက်ကို ဟော၏၊ "ဘုသော+နိဿယော ဥပနိဿယော" ဘုသော–လွန်ကဲသော၊ နိဿယော–မှီရာ အကြောင်းသည်၊ ဥပနိဿယော– ဥပနိဿယမည်၏၊ ဤဝိဂ္ဂဟ်အရ–"သာမန်မဟုတ်ဘဲ နိဿယသတ္တိထက်ပင် လွန်ကဲစွာဖြစ်သော မှီရာသတ္တိကိုသာ ဥပနိဿယခေါ်သည်"ဟုမှတ်။

ဤ ဥပနိဿယပစ္စည်းကို မိုဃ်းနှင့်တူ၏ဟု ဥပမာပြုကြ၏၊ မိုဃ်းသည်–မိုဃ်းရေကိုမှီ၍ ပေါက်ရောက်ကြီးပွားရသော သစ်ပင်နှင့် သတ္တဝါဟူသမျှ တို့၏ အလွန်အရေးကြီးစွာ မှီရာအကြောင်းဖြစ်သကဲ့သို့, ထို့အတူ အာရမဏ အနန္တရ ပကတူပတရားတို့လည်း ဆိုင်ရာ ပစ္စယုပ္ပန် တရားတို့၏ အားကြီးသော မှီရာအကြောင်း ဖြစ်ကြလေသည်–ဟူလို။

[ဆောင်] မိုဃ်းနှင့်မကင်း, စုံခပင်း၏, မိုဃ်းတွင်း မိုဃ်းသာ, လွန်ကဲစွာလျှင်, မှီရာအကြောင်း, ဖြစ်စကောင်းသို့, အပေါင်း ပစ္စယုဖြစ်ဘို့မှု၌, အားပြုဘွယ်ရာ, လွန်ကဲစွာသည့်, မှီရာဗလ, သတ္တိပြ, ဥပနိဿယ ခေါ်။

**နိဿယနှင့် ဥပနိဿယ အထူး**။ ။အရင်းအမြစ် အခြေခံဖြစ်သော မှီရာသတ္တိသည် ဥပနိဿယ, အကျိုးတရားပေါ်ချိန်ကျမှ မကင်းရာ မကင်းကြောင်း ဖြစ်သော မှီရာသတ္တိသည် နိဿယတည်း။ ဥပမာ–သလေးထမင်း ဖြစ်ဘို့အရေး၌ သလေးမျိုးစေ့ သလေးခင်း မိုဃ်းရေတို့သည် အရင်းအမြစ် အခြေခံမှီရာဖြစ်၍ ထမင်းအိုး ထင်းမီး စသည်တို့မှာ သလေးထမင်းဖြစ်ချိန်ကျမှ မကင်းရာ မကင်းကြောင်း မှီရာဖြစ်သကဲ့သို့ ထို့အတူ စက္ခုဝိညာဉ် ဝိပါက်စိတ် ဖြစ်ဘို့အရေး၌ ကံသည် အခြေအမြစ် အားကြီး

အပြားရှိ၏၊ ထိုတွင် အာရမဏူပနိဿယသည် အာရမဏာ ဓိပတိနှင့် တူ၏၊ အနန္တရူပနိဿယသည် အနန္တရနှင့် တူ၏၊ သော မိုရာအကြောင်း ဥပနိဿယဖြစ်၍, စက္ခုဝတ္ထုမှာ စက္ခုဝိညာဉ် ပေါ်ချိန်မှ မကင်းရာမကင်းကြောင်း မှီရာနိဿယသာ ဖြစ်သည်။

[ဆောင်] အရင်းမှီစရာ, ကြောင်း ဗလဝကို, ဥပနိဿယည်း, ခေါ်သတည်းတဲ့, အနီးကပ်ချဉ်း, စွဲမှီတင်ဘို့, မကင်း စကောင်း, အကြောင်းကြောင်းမှာ, ခေါ်ရာနိသျ, အမည် ပြသည်, ငိုကာ့ဖွင့်နည်း အထူးတည်း။

**အာရမဏူပနိဿယ**။ ။ သာမန်အာရုံမျိုးမဟုတ်ဘဲ တန်းတန်းစွဲ ငန်းငန်းတက် စွဲမက်လောက်သော လောဘနေယျအာရုံ, ပီတိပဿဒ္ဓိဖြစ် စရာ လွန်စွာ ကြည်နူးဘွယ်ကောင်းသော အာရုံများသည် အာရမဏိက စိတ်ဖြစ်ဘို့ရာ လွန်စွာကြီးကျယ်သော အကြောင်းဖြစ်ရကား အာရမဏူပ နိဿယ အမည်ရပြန်လေသည်၊ တရားကိုယ်မှာ အာရမဏာဓိပတိနှင့် (ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်) အားလုံးတူ၏၊ သတ္တိချင်းထူးပုံကား မိမိနှင့် စပ်သော အာရမဏိကစိတ္တုပ္ပါဒ်တို့ကို အာရုံမပြုလှူ မနေနိုင်လောက် အောင် ဆွဲဆောင် အုပ်စိုးလွှမ်းမိုးနိုင်သော သတ္တိသည် အာရမဏာဓိပတိ သတ္တိ မည်၏၊ အာရမဏိကစိတ္တုပ္ပါဒ်တို့ဖြစ်ဘို့ရာ လွန်ကဲသော မှီရာ၏ အဖြစ်သည် အာရမဏူပနိဿယသတ္တိ မည်၏။

**အနန္တရူပနိဿယ**။ ။ အနန္တရပစ္စည်း တရားစုပင်လျှင် နောက် နောက်စိတ်တို့ ဖြစ်ဘို့ရာ လွန်စွာအရေးကြီးသော မှီရာအကြောင်းဖြစ်၍ အနန္တရူပ နိဿယ အမည် ရပြန်လေသည်၊ သတ္တိချင်း ကွာခြားပုံကား– မိမိ၏အခြားမဲ့၌ ထိုက်သင့်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေနိုင်သော သတ္တိ သည် အနန္တရသတ္တိမည်၏၊ နောက်နောက်စိတ် ဖြစ်ဘို့ရာ လွန်စွာကြီးမားသော မှီရာအကြောင်း၏ အဖြစ်သည် ဥပနိဿယသတ္တိမည်၏၊ ဤသို့လျှင် တရားကိုယ်အရ မထူးသော်လည်း သတ္တိအမျိုးမျိုးရှိသောကြောင့် သတ္တိ အားလျော်စွာ အမည်အမျိုးမျိုးတပ်၍ ဟောတော်မူအပ်ပြန်လေသည်။

ပကတူပနိဿယ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် ဗလဝဖြစ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာ သ, ရုပ်အဋ္ဌဝီသ, ပစ္စည်းထိုက်သော အချို့သော ပညတ်,

**ပကတူပနိဿယ။** ။ "ပကတ+ဥပနိဿယ"ဟုငင်း "ပကတိ+ ဥပနိဿယ"ဟုငင်း ၂ နည်းပုဒ်ဖြတ်၍ ဖွင့်ပြကြ၏၊ ပကတ၌ ပသဒ္ဒါသည် ဘုသတ္ထ-အလွန်ဟူသော အနက်ရှိ၏၊ ဘုသနှင့် သုဋ္ဌုမှာ အဓိပ္ပာယ်တူ တည်း၊ထို့ကြောင့် "သုဋ္ဌု ကရိယိတ္တာတိ ပကတော"ဟု ဝိဂြိုဟ်ပြု၊ သုဋ္ဌု-ကောင်းစွာ၊ ကရိယိတ္တ-ပြုအပ်ပြီ၊ ဣတိ-ထို့ကြောင့်၊ ပကတော-ပကတ မည်၏၊ ကေန်မုချ အကျိုးတရားကို ဖြစ်စေနိုင်လောက်အောင် ပြုအပ်ပြီး ဖြစ်သည်ကို "ပကတ-ကောင်းစွာပြုအပ်ပြီ"ဟု ဆိုသည်၊ "အကျိုးမပေးဘဲ နေပါ့မလား, အလွန်ကျနအောင် ပြုထားတာဘဲ" စသော စကားသုံးမျိုး တည်း၊ ဤ၌ ,ကတ အရဝယ် မိမိသန္တာန်၌ဖြစ်စေမှုဟူသော ဥပ္ပါဒနတမျိုး အာရုံပြုသောအားဖြင့် ဖြစ်စေ ပေါင်းသင်းတွေ့ထိခြင်း စသောအားဖြင့် ဖြစ်စေ မှီဝဲဆီးကပ်မှုဟူသော ဥပသေဝနတမျိုး,ဤ ၂ မျိုးလုံးပါဝင်သည်၊ "ပကတော-ကောင်းစွာ ပြုအပ်ပြီးသော၊ ဥပနိဿယော-အားကြီးသော မှီရာအကြောင်းသည်၊ ပကတူပနိဿယော-ပကတူပနိဿယ မည်၏"။

**တနည်း။** ။ ပကတိယာယေဝ-ပင်ကိုယ်သဘောအားဖြင့် ပင်လျှင်၊ ဥပနိဿယော - အားကြီးသော မှီရာအကြောင်းသည်၊ ပကတူပနိဿ ယော-မည်၏၊ ဤနည်းဖြင့် အာရမဏာသတ္တိ အနန္တရသတ္တိတို့နှင့် မရော နှောဘဲ ˎနဂိုရှိသဘောအတိုင်းပင် အားကြီးသော အကြောင်း တမျိုး ဖြစ်နေသည်ကို "ပကတိ"ဟု ဆိုသည်၊ ဥပမာ-ဂုရုဉ္စုံးစွာ သဒ္ဒါတရား ဖြစ်ပြီးနောက် ထိုသဒ္ဒါတရားကိုအစွဲပြု၍ နှော်နှော် ကုသိုလ်တိုးပွားရာ၌ ရှေ့သဒ္ဒါတရားသည် အာရမဏာသတ္တိ အနန္တရသတ္တိ မရှိ- ပကတိ နဂိုရှိ အတိုင်းပင် နောက်နောက်ကုသိုလ်တရား ပွားများဘို့ရာ လွန်စွာကြီးမား သော အကြောင်းတမျိုး ဖြစ်လေသည်၊ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌-

ဤတရားတို့သည် ပကတူပနိဿယ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ နောက်နောက်သော စိတ်တခုယုတ် ကိုးဆယ်, "ပကတိယာဃေဝ ဝါ ဥပနိဿယော ပကတူပနိဿယော, အာရမဏာနန္တရေဟိ အသံမိဿောတိ အတ္ထော" ဟု ဖွင့်ပြပြီ။

[ဤ၌ အာရမဏ အနန္တရသဘောနှင့် လုံးလုံးမရောရ–ဟု မမှတ်နှင့်, အာရမဏ အနန္တရ သဘောနှင့် ရောနှောခြင်း မရှိ – ပကတိ နဂိုရ် အားဖြင့်ပင် အားကြီးသော အကြောင်းဖြစ်နိုင်ပြီ, အာရမဏ အနန္တရ သဘောနှင့် ရောပါမူ ဘာပြောဘွယ်ရာ ရှိတော့အံ့နည်း" ဟု အဓိပ္ပာယ်မှတ်ပါ၊ သို့မှ "မဂ္ဂစေတနာက ဖိုလ်အား ကျေးဇူးပြုရာ၌ အနန္တရပကတူပ ၂ မျိုးလုံးရသည်" ဟူသော ဆိုလတ္တံ့စကားနှင့် ညီမျှမည်။]

**ပစ္စည်း။** ။ "ဗလဝဖြစ်သော" ဟူသော စကားကို စိတ်စေတသိက်ရုပ် ပညတ် အားလုံးနှင့်စပ်၊ ဤဗလဝဟူသော စကားသည် ဥပနိဿယ၌ ဥပအတွက် ရအပ်သော စကားတည်း၊ ထို့ကြောင့် မိမိကို အစွဲပြု၍ နောံ အခါ၌ စိတ်စေတသိက် ဖြစ်နိုင်လောက်ရုံမျှကို ဗလဝ–အားရှိသော"ဟု မဆိုရ, အတော့်ကိုယ် ထက်ထက်မြက်မြက် အားကောင်းမှသာ ဗလဝဟု ဆိုရမည်၊ ဥပမာ– ကံသည် ကံတပါး မနှောက်ရှက်နိုင်လောက်အောင် အားကောင်းသော ကံ,ကံတပါးက နှောံရှက်လျှင် ပျက်ပြယ်မည့် ကံတု ၂ မျိုးရှိ၏၊ ဒုတိယကံမျိုးမှာ ဒုဗ္ဗလကံသာတည်း, ဤ ပကတူပနိဿယနှင့် မဆိုင်၊ ပဌမကံမျိုးသာ ဥပနိဿယ၌ ဥပအရ ဗလဝ–ဟူသောစကားနှင့် ညီမျှသည်၊ "ပစ္စည်းထိုက်သော အချို့သောပညတ်" ဟူရာ၌ များစွာသော ပညတ်တွေ ဤပကတူပနိဿယပစ္စည်း မဖြစ်ထိုက်ကြ, အသုဘပညတ် ကောဋ္ဌာသပညတ် ကသိုဏ်းပညတ် စသည်တို့ကို ပကတူပနိဿယ ဟူ၍ အဆိုမရှိ, ပုဂ္ဂိုလ်ဟူသော သတ္တပညတ် နေရာထိုင်ခင်းစသော ပညတ်စုကိုသာ "ပုဂ္ဂလော သေနာသနံ" စသည်ဖြင့် ပကတူပနိဿယဟု အဆိုရှိ၏၊ ထို့ကြောင့် "အချို့သောပညတ်" ဟု ဆိုသည်၊ [ပစ္စယုပ္ပန်နှင့် ပစ္စနိက်၌ ခက်ခဲသောအချက်မရှိ။]

ဖေတသိက် ဒွေပညာသ, ဤတရားတို့သည် ပကတူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသည သတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် ပကတူပ နိဿယပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏။

ဤ ပကတူပနိဿယပစ္စည်းကို သင်္ဂြိုဟ်အဆိုနှင့် ဆက်သွယ်ပြဉုးအံ့–

"ရာဂါဒယော ပနဓမ္မာ သဒ္ဓါဒယောစ သုခံ ဒုက္ခံပုဂ္ဂလော ဘောဇနံ

ဥတု သေနာသနဥ္စ ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ ကုသလာဒိဓမ္မာနံ,

ကမ္မံ ဝိပါကာနန္တိစ, ဗဟုဓာ ဟောတိ ပကတူပနိဿယော"

ဟူသော သင်္ဂြိုဟ်ပါဠိ၌ "ရာဂါဒယော၊ ပေ၊ သေနာသနဥ္စ"ဟူသော ကတ္တားပါဌ်ဖြင့် ပစ္စည်းတရားကိုပြ၍ "ကုသလာဒိဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပစ္စယုပ္ပန်တရားကိုပြ၏၊ ကမ္မံ–ဟူသော ကတ္တားပါဌ်ဖြင့် ပစ္စည်းတရားကိုပြ၍, ဝိပါကာနံ–ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပစ္စယုပ္ပန်ကို ပြ၏၊ "ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ" ဟူသော ပါဌ်ကိုလည်း ကုသလာဒိ ဓမ္မာနံနှင့် တွဲစပ်၍ "ရာဂစသော ပစ္စည်းတရားတို့သည် မိမိ သန္တာန်၌ ဖြစ်သော ကုသလာဒိဓမ္မ – သူတပါး သန္တာန်၌ ဖြစ်သော ကုသလာဒိဓမ္မတို့အား ထိုက်သည်အားလျော်စွာ ကျေးဇူးပြုကြသည်" ဟု အဓိပ္ပာယ်မှတ်ပါ၊ ထိုတွင် ရာဂါဒယောပါဌ်ဖြင့် "ရာဂံ ဥပနိဿာယဒေါသံ, မောဟံ, ဒိဋ္ဌိံ, ပတ္ထနံ (တောင့်တသောတဏှာ) ဥပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ ဈာနံ ဥပ္ပါဒေတိ" စသော ပဋ္ဌာဝါရ ပါဠိတော်ကို ရည်ရွယ်သည်၊ ထို့ကြောင့် ရာဂါ ဒယော၌ အာဒိဖြင့် ဒေါသ မောဟစသည်တို့နှင့်တကွ အကုသိုလ်ဒုစရိုက် ဟူသမျှကိုယူ၊ သဒ္ဓါဒယောပါဌ်ဖြင့် "သဒ္ဓံ ဥပနိဿာယ၊ ပေ၊ သီလံ,သုတံ, စာဂံ, ပညံ ဥပနိဿယ မာနံ ဇပ္ပေတိ" စသော ပါဠိတော်ကို ရည်ရွယ် သည်၊ ထို့ကြောင့် သဒ္ဓါဒယော၌ အာဒိဖြင့် သီလ သုတ စာဂ ပညာ တို့နှင့်တကွ ကုသိုလ် သုစရိုက်ဟူသမျှကိုယူ၊ သုခံ ဒုက္ခံ ပုဂ္ဂလော ဘောဇနံ

ဥတု သေနာသနံတို့ကား ပါဠိတော်၌ တိုက်ရိုက်လာသော ပစ္စည်းများတည်း၊ ဤ သုခံ ဒုက္ခံ စသည်ဖြင့် နိဗ္ဗာန်မှတပါးသော အဇ္ဈာတတတရားစုနှင့် ပစ္စည်းထိုက်သော အချို့သော ပညတ်များကို ယူစေလိုသည်။

**ရာဂ စသည်ကြောင့် ကုသိုလ် စသည်ဖြစ်ပုံ။** ။ရှေးဦးစွာ ကာမဂုဏ်၌ တပ်မက်မှုရာဂဖြစ်၏, ထိုရာဂကြောင့် ကာမဂုဏ်ခံစားဘို့ရန် လူ့ပြည် နတ်ပြည်ရောက်ကြောင်း ကောင်းမှုကိုပြု၏, ထိုရာဂငြိမ်းဘို့ရန်ဖြစ်စေ ထိုရာဂကို အကြွင်းမဲ့သတ်ဖြတ်ဘို့ရန်ဖြစ်စေ ဒါန သီလကိုပြု၏ သမထဝိပဿနာကို အားထုတ်၏, အားထုတ်၍ ဈာန်အဘိညာဉ်မဂ်ကိုရ၏၊ ထိုကဲ့သို့ဖြစ်ရာ၌ ရာဂသည် ပကတူပနိဿယပစ္စည်း,ဖြစ်ခဲ့သော ကာမ မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ်များသည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်–ရှေးဦးစွာ ရာဂဖြစ်၍, ထိုရာဂကြောင့် နောက်နောက် ရာဂဝိုးမွားရာ–ထိုရာဂကို အကြောင်းပြု၍ မိမိအလိုမပါသူတို့ကို သတ်ဖြတ်မှု လုယက်မှုဖျက်ဆီးမှု စသည်ကိုပြုရာ၌ ရှေးရှေးရာဂသည် ပကတူပနိဿယပစ္စည်း,နောက် အကုသိုလ်များသည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်၊–ထိုရာဂကို အကြောင်းပြု၍ ကုသိုလ် အကုသိုလ်၏ အကျိုးဝိပါက်ကို ခံစားရာအခါ ရာဂကို အကြွင်းမဲ့သတ်ဖြတ်ဘို့ မဂ်ကိုအားထုတ်၍ ဖိုလ်စိတ် ကြိယာစိတ်များဖြစ်ရာ အခါတို့၌ ရာဂသည် ပစ္စည်း, ဝိပါက်ကြိယာ အဇ္ဈာကတသည် ပစ္စယုပ္ပန်၊ မိမိသန္တာန်၌ဖြစ်သောရာဂကို တပါးသူတို့က ရှုံ့မုန်းစက်ဆုပ်၍ ကုသိုလ်ပြုရာ, သို့မဟုတ် တယောက်၏ ရာဂကိုသိ၍ တယောက်၌ ရာဂစိတ်ဖြစ်ပြန်ရာ, သို့မဟုတ် ထိုရာဂကို အကြောင်းပြုလျက် ကောင်းမကောင်းသောအကျိုးဝိပါက်ကြိယာကိုဖြစ်စေရာတို့၌ မိမိရာဂသည် ဗဟိဒ္ဓသူတပါး၌ဖြစ်သော ကုသိုလ် အကုသိုလ် အဇ္ဈာကတအား ကျေးဇူးပြုပြန်လေသည်။ ဤသို့လျှင် ရာဂသည် မိမိသန္တာန်၌ရှင်း သူတပါးသန္တာန်၌ရှင်း ကုသိုလ် အကုသိုလ် အဇ္ဈာကတအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုနိုင်သည်၊ ဒေါသစသည်တို့က ကျေးဇူးပြုပုံကိုလည်း ချဲ့ထွင်ကြည့်လေ။

**သဒ္ဓါစသည်ကြောင့် ကုသိုလ်စသည်ဖြစ်ပုံ။** ။ ရှေးဦးစွာ သဒ္ဓါဖြစ်၏, ထိုသဒ္ဓါတရားကြောင့် ဒါန သီလ အစ မဂ်တိုင်အောင် ကုသိုလ်

များကို ပြုလုပ်အားထုတ်၏၊ သဒ္ဓါသည် ပကတူပနိဿယပစ္စည်း, ဒါန စသော ကုသိုလ်ကား ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်၊ -လုံသဒ္ဓါ တရားကို အကြောင်းပြု၍ ဒါနစသည်ပြုလေရာ (ဥပမာ–ကျောင်းဆောက်ပြီး လှူရာ၌ မတရားသောဘုန်းကြီးကို ကိုးကွယ်မိသဖြင့် "ဧစေဘို့ တရားနာ, ပွဲဓာစ အကျိုး"ဆိုတာမျိုးကဲ့သို့) အကုသိုလ် တိုးပွားရလျှင် သဒ္ဓါသည် ပစ္စည်း, အကုသိုလ်သည် ပစ္စယုပ္ပန်၊–ထိုသဒ္ဓါကြောင့် ကုသိုလ် အကုသိုလ် ဖြစ်ပြီးနောက် ဆိုင်ရာဝိပါက်ကြိယာကို ရရာ၌ သဒ္ဓါသည် ပစ္စည်း,အဗျာ ကတ တရားစုသည် ပစ္စယုပ္ပန် မိမိသဒ္ဓါကိုအကြောင်းပြု၍ သူတပါးအား ပြောဟောသဖြင့် သူတပါး၌ သဒ္ဓါတိုးပွားရာ,–ဟောပြောသည်ကို မနာ လိုသဖြင့် အကုသိုလ်တိုးပွားရာ,ကောင်းကျိုး မကောင်းကျိုးကို ရရာတို့၌ မိမိသဒ္ဓါက သူတပါး၏ ကုသိုလ် အကုသိုလ် အဗျာကတအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုပြန်၏၊ ဤသို့လျှင် သဒ္ဓါသည် မိမိသန္တာန်၌ ရှင်း သူတပါးသန္တာန်၌ရှင်း ကုသိုလ်အကုသိုလ် အဗျာကတအား ကျေးဇူး ပြုသည်၊ သီလ သုတစသည်တို့က ကျေးဇူးပြုပုံကိုလည်း ချဲ့ထွင်ကြည့်လေ။

**သုခစသည်ကြောင့် ကုသိုလ် စသည်ဖြစ်ပုံ။** ။ [ကာယဝိညာဉ်နှင့် ယှဉ်သော ကာယိကသုခဝေဒနာ ကာယိကဒုက္ခဝေဒနာကို သုခဒုက္ခအရ ကောက်ပါ။] ခန္ဓာကိုယ် ချမ်းသာသုခရသည့်အခါ ထိုသုခကို အကြောင်း ပြု၍ အချို့က အဆက်ဆက် သုခပွားရန် ဒါနသီလ စသော ကောင်းမှုကို ပြု၏၊ အချို့ကား စည်းစိမ်ကိုခံစားလျက် အကုသိုလ် တိုးပွားစေ၏၊ ထို ကောင်းမှုမကောင်းမှုအတွက် ပစ္စက္ခမှာဖြစ်စေ တမလွန်မှာဖြစ်စေ အကျိုး ဝိပါက်ကို ခံစားရရာ၏၊ ထို့ကြောင့် မိမိသုခသည် မိမိ၏ ကုသိုလ် အကုသိုလ် အဗျာကတဖြစ်ဘို့ရန် ကျေးဇူးပြု၏၊ လူတယောက် သုခခံစား ရပုံကို မြင်ရကြား၍ အခြားသူတို့က ထိုသုခမျိုးကို ရလိုသဖြင့် ကုသိုလ် စသည်ပြုရာ၌ အခြားသူတို့ ကုသိုလ် စသည်အားလည်း ကျေးဇူးပြု၏၊– ဒုက္ခခံစားနေရသည့်အခါ ထိုဒုက္ခမျိုးမှ ကင်းလွတ်ဘို့ရာ ဒါနစသည်ပြုရာ၌ ဒုက္ခက ကုသိုလ်အား ကျေးဇူးပြု၍, ဒုက္ခမှ သက်သာစေတော့ အနေဖြင့် အကုသိုလ်ကို ပြုရာ၌ အကုသိုလ်အားရှင်း, အကျိုးပေးသည့်အခါ အဗျာ

ကတအားရင်း ကျေးဇူးပြု၏၊ လှူတယောက်၏ ဒုက္ခကို မြင်ရကြားရ၍ ကုသိုလ်စသည်ပြုရာ၌ ထိုသူ့ဒုက္ခက သူတပါး၏ ကုသိုလ် စသည်အား ကျေးဇူးပြု၏။

**ကလျာဏ မိတ္တ စသည်ကြောင့် ကုသိုလ် စသည်ဖြစ်ပုံ။** ။ ကလျာဏမိတ္တပုဂ္ဂိုလ်ကို မှီခိုရ၍ ကုသိုလ်ဖြစ်ရာ၊ ရဟန္တာဖြစ်အောင် အားထုတ်၍ အရဟတ္တဖိုလ် ကြိယာဈာန်များကို ရရာ၊ ဘုရားသာသနာ မှီ၍ မတရားကြီးသူများကဲ့သို့ ကလျာဏမိတ္တကြောင့် အကုသိုလ်ဖြစ်ရာတို့၌ ကလျာဏ မိတ္တပုဂ္ဂိုလ်က သူတပါး၏ ကုသိုလ် အဗျာကတ အကုသိုလ် အား ကျေးဇူးပြု၏၊ အကလျာဏမိတ္တကြောင့် အကုသိုလ်ဖြစ်ပုံ"စိုင်ကော် ၍ ချုံပေါ်ကျ" ဆိုသလို မသူတော်အတွက် သံဝေဂရ၍ ကုသိုလ်ဖြစ်ပုံ ဝိပါက် ကြိယာ အဗျာကတ ဖြစ်ပုံကိုရင်း၊ လျောက်ပတ်သော ဥတု လျောက်ပတ်သောအစာ အိပ်ရာ နေရာ ကျောင်းကိုရ၍ တရားအားထုတ် လျက် ကုသိုလ်အဗျာကတ တိုးပွားပုံကိုရင်း၊ "သူတောင်းစား ထမင်းဝ သလို" အကောင်းအမွန်ကို တွေ့ကာမှ စိတ်နေ စိတ်ထား ဟန်မရ၍ အကုသိုလ် တိုးပွားရပုံကိုရင်း ရှဲ့ထွင်ကြည့်လေ။

ကမ္မဝိပါကာနံ၌ ကမ္မအရ (ပစ္စည်းတရား၌ ပြခဲ့သည့်အတိုင်း) ဖလဝက် ကိုသာယူ၍၊ ဝိပါကအရ နာမ်ဝိပါက်ကိုသာ ယူရမည်၊ ဖလဝဖြစ်သော ကုသိုလ် အကုသိုလ်ကံကြောင့် ပဝတ္တိပဋိသန္ဓေအခါဝယ် ဝိပါက်ဝိညာဉ် ဖြစ်ရာ၌ ကံသည် ပစ္စည်း–ယှဉ်ဘက်စေတသိက်နှင့်တကွ ဝိပါက်ဝိညာဉ် သည် ပစ္စယုပ္ပန်–ဟူလို။

**ဥပ္ပါဒိတ ဥပသေဝိတပစ္စည်း။** ။ ဤ ပြခဲ့သော ပစ္စည်းတို့တွင် ရာဂစသည် သဒ္ဓါစသည်တို့ကား မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်စေအပ် သော ဥပ္ပါဒိတ ပစ္စည်းမျိုးတည်း၊ ပုဂ္ဂလ ဘောဇန ဥတု သေနာသနတို့ ကား မိမိ၏ အပြင်ပ ဗဟိဒ္ဓ၌ ပေါင်းသင်းဆက်ဆံခြင်း စားသောက် တွေ့ထိခြင်းတို့ဖြင့် မှီဝဲဆည်းကပ်အပ်သော ဥပသေဝိတ ပစ္စည်းမျိုးတည်း၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ အရှင် အနုရုဒ္ဓါဆရာသည်ပင် နာမရူပ ပရိစ္ဆေဒ၌ မိန့်တော်မူသည်မှာ–

"ရာဂသဒ္ဒါဒယော ဓမ္မာ၊ အဇ္ဈတ္တ-မနုပ္ပါဒိတာ၊
သတ္တသန်္တါရဓမ္မာစ, ဗဟိဒ္ဓေါ ပနိသေဝိတာ" ဟူသည်တည်း။

[ဤ၌ ဘောဇနဥတုသေနာသနတို့ကရုပ်သန္တာနဖြစ်၍ သန္တါရဓမ္မ-ဟု ဆိုသည်၊ သူတပါး၏ ရာဂ သဒ္ဒါစသည်ကိုကား ဗဟိဒ္ဓေါပနိသေဝိတာ အရတွင် သွင်းသင့်၏၊ ဤဂါထာကို သာဓကပြု၍ ဋီကာကျော်၌"ယထာ ရဟံ အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါစ"ဟူသော ပါဌ်ကို ရာဂါဒယောစသော ပစ္စည်း တရားနှင့် တွဲစပ်၍ တနည်း ဖွင့်ပြထားသေးသည်မှာ သူ့နည်းနှင့်သူ အဓိပ္ပာယ်ရသော်လည်း သဂြိုဟ်ပါဋ္ဌိရင်း၏ အာဘော်ကျမည်မထင်။]

**ဗဟုဓာ ဟောတိ ပကတူပနိဿယော။** ။ ဤသို့လျှင် ပကတူပ နိဿယပစ္စည်းသည် စိတ် စေတသိက် ရုပ်နှင့်တကွ ပုဂ္ဂလ ဥတု ဘောဇန သေနာသနတိုင်အောင် ပြန့်နှံ့ရကား အလွန်များပြားပေသည်၊ သို့ရာတွင် စဉ်းစားဘွယ်ရှိသေး၏၊ ဤမျှလောက် ကျယ်ဝန်းသော ပကတူပနိဿယ သည် စိတ်စေတသိက်အားသာ ကျေးဇူးပြု၍ ရုပ်တရားတို့အား အဘယ် ကြောင့် ကျေးဇူးမပြုပါလိမ့်မည်နည်း၊ မြေရေတို့ကြောင့် မျိုးစေ့မှပေါက် ပွား၍ သစ်ပင်တွေ စည်ကားရာ၌ မြေရေတို့သည် သစ်ပင်တို့အား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟုရင်း၊ ဆေးစား၍ ရုပ်ကြည်လင်ရာ၌ ဆေးသည် ရုပ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည် ဟုရင်း မှတ်ယူသင့်သည် မဟုတ်ပါလော၊ ဤသို့ စဉ်းစားဘွယ်ရှိသည်။

အဖြေကား-ပကတူပနိဿယဝယ် ပကတပုဒ်နက်ကို လေးနက်စွာ စဉ်းစားရာ၏၊ "ကောင်းစွာပြုအပ်"ဟူသော စကားဝယ် "မိမိသန္တာန်၌ ဖြစ်စေအပ်, မှီဝဲဆည်းကပ်အပ်" ဟူသော ဥပ္ပါဒန ဥပသေဝန ၂ မျိုးလုံး ရ၏၊ ထိုမှီဝဲဆည်းကပ်မှု ဖြစ်စေမှုဟူသည် မှီဝဲတတ် ဖြစ်စေတတ်သော နာမ်တရားနှင့်သာ ဆိုင်၏, ရုပ်တရားကား မမှီဝဲတတ် မဖြစ်စေတတ်ချေ၊ (သက်သက် အစေတန အဗျာပါရတရားသာတည်း)ထို့ကြောင့် "ကိုယ်

ဖြူမှ ကိုယ်ရ" ဆိုတာလို အကြင်နာမ်တရား အစဉ်သည် ရာဂသဒ္ဓါစသည်ကို ဖြစ်စေခဲ့၏၊ ပုဂ္ဂလစသည်ကို မှီဝဲခဲ့၏၊ ထိုနာမ်တရား အစဉ်သာလျှင် မိမိ ဖြစ်စေအပ် မှီဝဲအပ်သော ရာဂပုဂ္ဂလစသည်၏ အကျိုးကို ခံစားခွင့်ရှိသည်၊ ထိုကဲ့သို့ မပြုတတ်သော ရုပ်တရားမှာ ထိုရာဂ ပုဂ္ဂလ စသည်၏ အကျိုးကို ခံစားခွင့်မရှိ၊ ထို့ကြောင့် ကျယ်ဝန်းစွာသော ဤ ပကတူပနိဿယသည် ရုပ်တရားတို့အား အဘိဓမ္မာနည်းအရ ကျေးဇူးပြုခွင့် မရှိကြချေ။

**သုတ္တန်ပကတူပနိဿယ။** ။ သို့သော် "ဣမသ္မိံ-ဤအကြောင်းသည်၊ သတိ-ရှိလျှင်၊ ဣဒံ-ဤအကျိုးသည်၊ ဟောတိ-ဖြစ်၏၊ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ" ဟူသော သုတ္တန်လာပကတူပနိဿယသတ္တိအားဖြင့် ယခင် ပြခဲ့သော ရုပ်တရားတို့မှာ ကျေးဇူးပြုခံကြရပေသေးသည်၊ ထို့ကြောင့် အဘိဓမ္မာ ပကတူပနိဿယနည်း သုတ္တန်ပကတူပနိဿယနည်းဟု ခွဲခြား၍ စိတ်စေတသိက် ရုပ်ပညတ်တို့က စိတ် စေတသိက်အား ကျေးဇူးပြုရာ၌ အဘိဓမ္မာနည်း သုတ္တန်နည်း ၂ မျိုးရ၍၊ ရုပ်အား ကျေးဇူးပြုရာ၌ သုတ္တန်နည်းသာ ရ၏၊ သုတ္တန်ပကတူပနိဿယနည်းမှာ သာလွန်၍ ကျယ်ဝန်းလှပေသည်-ဟူလို။

### လေ့ကျင့်ခဏ်းမေးခွန်း

၁။ ဥပနိဿယသတ္တိကို ဥပမာနှင့်တကွပြ၍၊ နိဿယနှင့် ဥပနိဿယတို့ ထူးခြားပုံကို ထင်ရှားအောင်ပြပါ။

၂။ အာရမဏာဓိပတိနှင့် အာရမဏူပနိဿယ, အနန္တရနှင့် အနန္တရူပနိဿယတို့ သတ္တိချင်း ကွဲပြားပုံကို ပြပါ။

၃။ ပကတူပနိဿယ၌ "ပကတ+ဥပနိဿယ" "ပကတိ+ဥပနိဿယ" တို့၏ အဓိပ္ပာယ်ကို အသီးသီးပြပါ။

၄။ ပစ္စည်းတရား၌ "ဗလဝဖြစ်သော" ဟူသော စကားကို အဘယ်၌ စပ်မည်နည်း, ဗလဝကံ ဒုဗ္ဗလကံ ၂ မျိုးကိုလည်း ခွဲခြား၍ ဤပစ္စည်း၌ မည်သည့်ကံကိုသာ ယူရမည်-ဟုလည်း ပြပါ။

၅။ "အချို့သောပညတ်"အရ အဘယ်ပညတ်မျိုးကိုသာ ယူစေလို၍ "အချို့" ဟု ဆိုပါသနည်း။

၆။ သင်္ဂြိုဟ်ပါဠိဝယ် "ရာဂါဒယော-သဒ္ဓါဒယော" တို့၌ အာဒိအရ ဘယ်တရားစုကို ယူရမည်နည်း။

၇။ မိမိ၏ ရာဂကြောင့် မိမိသန္တာန်၌ ကုသိုလ် အကုသိုလ် အဗျာကတဖြစ်ပုံ, သူများသန္တာန်၌ ကုသိုလ် စသည် ဖြစ်ပုံကိုပြပါ။

၈။ မိမိ၏ သဒ္ဓါကြောင့် မိမိသန္တာန်-သူများသန္တာန်၌ ကုသိုလ် စသည် ဖြစ်ပုံကို အသီးသီး ခွဲခြားပြပါ။

၉။ သုခ ဒုက္ခတို့ အရကို ကောက်ပြ၍, သုခ ဒုက္ခကြောင့် ကုသိုလ် စသည် ဖြစ်ပုံကို အသီးသီးပြပါ။

၁၀။ ကလျာဏမိတ္တကြောင့် ကုသိုလ်စသည်ဖြစ်ပုံ, အကလျာဏမိတ္တကြောင့် ကုသိုလ် စသည်ဖြစ်ပုံကို အသီးသီးပြပါ။

၁၁။ ပစ္စည်းတရားများကို "ဥပ္ပါဒိတ-ဥပသေဝိတ" ခွဲပြပါ။

၁၂။ ဤ ပကတူပနိဿယသည် အဘယ့်ကြောင့် ရုပ်တရားတို့အား ကျေးဇူးမပြုနိုင်ပါသနည်း, မည်သည့်နည်းနှင့်မျှ ရုပ်တရားတို့အား ကျေးဇူးမပြုနိုင်ဟု မှတ်ရမည်လော။

---------

**ပုရေဇာတ** ပုရေဇာတ ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌
**၃ ချက်ရ** ပုရေဇာတ ပစ္စည်းသည် ဝတ္ထု ပုရေဇာတ အာရမဏ ပုရေဇာတ အားဖြင့် ၂ ပါး အပြားရှိ၏၊ ထိုတွင် ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတ နိဿယနှင့် တူ၏၊ အာရမဏ ပုရေဇာတ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန်

**ပုရေဇာတ။** ။"ပုရေ-ပစ္စယုပ္ပန်တို့ မဖြစ်မီ ရှေး၌၊ ဇာယိတ္ထ-ဖြစ်နှင့်ပြီ၊ ဣတိ-ကြောင့်၊ ပုရေဇာတော-ပုရေဇာတမည်၏"၊ ဆိုင်ရာ ပစ္စယုပ္ပန်အား မိုရာ အဖြစ်ဖြင့်ဖြစ်စေ အာရုံအဖြစ်ဖြင့် ဖြစ်စေ ကျေးဇူး ပြုဘို့ရာ ထို ပစ္စယုပ္ပန်တို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နေနိုင်သောသတ္တိသည် ပုရေဇာတပစ္စည်းမည်၏၊ "ရှေးကဖြစ်နှင့်" ဟု ဆိုသော်လည်း ဖြစ်နှင့်၍ ချုပ်သွားပြီးလည်း မဟုတ်ရ, နောက်၌ ပုရေဇာတတ္တိဟု လာလတံ့ဖြစ်ရ ကား အတ္တိသဘောအားဖြင့် ဋ္ဌီအခိုက်၌ ထင်ရှား တည်ရှိရဦးမည်၊ ဤပုရေဇာတသည် ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေလ ၂ ပါး နှင့်တူ၏-ဟု ရှေးဆရာတို့ ဉပမာပြကြ၏၊ "ကမ္ဘာဦးကစ၍ ပေါ်ထွန်း ခဲ့သော နေသည် ယခုတိုင်အောင် ထင်ရှားရှိလျက် နေလပေါ်ထွက်ပြီး နောက် ပေါ်ပေါက်သူများအား အလင်းရောင်ပေး၍ ကျေးဇူးပြုသကဲ့သို့ ထို့အတူ ပစ္စယုပ္ပန်တို့၏ ရှေးဦးစွာ ဥပါဒ်ပြီးလျှင် မချုပ်သေးဘဲ ဋ္ဌီအခိုက် ၌တည်လျက် မိမိနောက်မှ ဥပါဒ်သော စိတ်စေတသိက်အား ကျေးဇူးပြု နိုင်သောသတ္တိ" ဟူလို၊ ဤ ပုရေဇာတ ၂ ပါးတွင် ဝတ္ထုပုရေဇာတ ဟူသည် ဝတ္ထုရုပ် ၆ ပါးပင် ဖြစ်၍ ဝတ္ထုပုရေဇာတနိဿယနှင့် လုံးဝ တူလေပြီ။

[ဆောင်] ကမ္ဘာဦးက, ပေါ်ထွန်းစသည့်, နေလနှစ်ပါး, ခုထင်ရှား
လျက်, နောက်ပွား လူစု, အလင်းပြုသို့, ပစ္စယုပ္ပန်လျှင်,
မဖြစ်ခင်က, ကြိုတင်ဖြစ်နေ, သဘာ့ပေ, ပုရေဇာတခေါ်။

ပစ္စနိက်အားဖြင့် ၃ ပါးအပြား ရှိကုန်၏၊ ထိုတွင် ပစ္စယုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဇ္ဈာရသ–ဤတရားတို့သည် အာရမဏပုရေဇာတပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊ အာရမဏပုရေဇာတ ပစ္စည်းကို ရခိုက် ရနေ–ကာမစိတ် စေတသိကသ, အဘိညာဉ်ဒွေး, အပ္ပမညာကြဉ်သော စေတသိက် ပညာသ, ဤ တရားတို့သည် အာရမဏ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်

အာရမဏပုရေဇာတပစ္စည်း။ ။သင်္ဂြိုဟ်၌ "ပဉ္စာရမဏာနိစ ပဉ္စဝိညာဏဝီထိယာ" ပါဠ်ဖြင့် ဤအာရမဏပုရေဇာတကို ပြ၏၊ ထို သင်္ဂြိုဟ်အလို "ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံသာ အာရမဏပုရေဇာတ ပစ္စည်းတပ်သည်" ဟု ထင်မှတ်ဘွယ်ရှိ၏၊ သို့သော် "စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ" စသော ပဋ္ဌာဝါဠိပါဠိတော် အလိုအားဖြင့်ကား ပစ္စုပ္ပန်စက္ခုပသာဒကို အာရုံပြု၍ ဝိပဿနာရှုရာ၌ ထိုပစ္စုပ္ပန်စက္ခုပသာဒသည် ပုရေဇာတလည်းဟုတ် အာရုံလည်း ဟုတ်သောကြောင့် အာရမဏပုရေဇာတဖြစ်နိုင်သည်၊ သောတပသာဒစသော ပသာဒရုပ်များနှင့် ဘာဝဓိဝိတရုပ်များလည်း ဤနည်းပင်တည်း၊ ထို့ကြောင့် ၃ ချက်ဝုကောက်ပုံသည်သာ ပါဠိတော်အဋ္ဌကထာကြီးတို့နှင့်ညီညွတ်၍ သင်္ဂြိုဟ်ဆိုပုံမှာ မစုံလင်ချေ၊ [အနိပ္ဖန္နရုပ်တွေမှာ ပရမတ္ထအစစ် မဟုတ်ကြသဖြင့် ပစ္စုပ္ပန်ဟု ကောက်မဆိုရ၍ ဤအာရမဏပုရေဇာတ မဖြစ်နိုင်ကြတော့ပြီ။]

ပစ္စယုပ္ပန်။ ။ "အာရမဏပုရေဇာတပစ္စည်းကို ရနေ" ဟူသော စကားသည် ဒွေပဉ္စဝိညာဉ်နှင့် မနောဓာတ်ကို ရည်ရွယ်သောစကားတည်း၊ ထိုတရားများသည် ပစ္စုပ္ပန်ပဉ္စာရုံကို အမြဲအာရုံပြုလျက် ပဉ္စဒွါရဝီထိကျွင်း၌သာ ဖြစ်ရသောကြောင့် အာရမဏပုရေဇာတသတ္တိဖြင့် အမြဲ ကျေးဇူးပြုခံရသည်၊ "ရခိုက်" ဟူသော စကားမှာ ကြွင်းသော ကာမဝိတ်နှင့်

ဖြစ်သော တရားတို့ မည်ကုန်၏ အာရမ္မဏပုရေဇာတ ပစ္စည်းကို မရခိုက် မရနေ (ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃ ခုကြဉ်သော) စိတ် ၇၆ ခု, စေတသိက် ဒွေပညာသ, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ်

အဘိညာဉ်ကို ရည်ရွယ်သောစကားတည်း၊ ထိုတရားစုကား ပစ္စုပ္ပန် နိပ္ဖန္နရုပ်ကို အာရုံပြုသည့်အခါ အာရမ္မဏပုရေဇာတပစ္စည်း၏ကျေးဇူးပြုကို ခံကြရ၏, ကြွင်းသောအာရုံများကို အာရုံပြုသည့်အခါ အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုမခံကြရချေ၊ [အချို့ ၃ ချက်စုစာအုပ်၌ "ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ" ဟု ရှိ၏၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သည့်အခါတိုင်း ဤ ဝတ္ထာရမ္မဏပုရေဇာတဖြင့် ကျေးဇူးပြုမခံရ, ပဉ္စဝေါကာရဘုံ၌ ဖြစ်သည့်ပြင် ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံပြုမှ ကျေးဇူးပြုမခံရသောကြောင့် ထို "ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ" ဟူသော စကားကို မမှတ်သားအပ်။]

စေတသိက်ယှဉ်ကိုပြရာ၌ နိပ္ဖန္နရုပ်များက သတ္တာပညတ် မဟုတ်သောကြောင့် အပ္ပမညာကြဉ်ရသည်၊ မဟဂ္ဂုတ်လောကုတ္တရာတို့မှာ ဤနိပ္ဖန္နရုပ်ကို အာရုံမပြု(ကသိုဏ်းပညတ်စသည်ကိုသာ အာရုံပြု) သောကြောင့် ပစ္စုပ္ပန်တွင် မပါဝင်နိုင်ကြ၊–ပစ္စနိက်၌ "မရခိုက်"ဟူသောစကားသည် (အမြဲရသော ဒွေပဉ္စဝိညာဉ် မနောဓာတ်မှ ကြွင်းသော) ကာမစိတ်များကို ရည်ရွယ်သောစကားတည်း၊ "မရနေ" ကား လုံးဝမရနိုင်သော မဟဂ္ဂုတ် လောကုတ္တရာကို ရည်ရွယ်သောစကားဖြစ်သည်။

**ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ။** ။ ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၍ စက္ခုဒွါရဝီထိဖြစ်ရာ၌ ပစ္စုပ္ပန် ရူပါရုံသည် ပစ္စည်း, စက္ခုဝိညာဉ်နှင့်တကွ စက္ခုဒွါရိကဝီထိစိတ်သည် ပစ္စယုပ္ပန်၊ သဒ္ဒါရုံစသည်ကို အာရုံပြု၍ သောတဒွါရိကဝီထိစိတ် စသည်ဖြစ်ရာ၌လည်းနည်းတူ၊ စက္ခု ဝတ္ထုကို အာရုံပြု၍ ဝိပဿနာရှုရာ၌ ပစ္စုပ္ပန် စက္ခုဝတ္ထုသည် ပစ္စည်း, ဝိပဿနာရှုသော မနောဒွါရိက

အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်, ဤတရားတို့သည် အာရမဏ ပုရေဇာတ ပစ္စည်း၏ ပစ္စနိုက်ဖြစ်သော တရားတို့ မည်ကုန်၏။

ဇောဝီထိသည် ပစ္စယုပ္ပန်၊ မိမိ၏ပစ္စုပ္ပန်စက္ခုဝတ္ထုကို သာယာလျှင် လောဘဇော, နှလုံးမသာယာလျှင် ဒေါသဇော, ယုံမှားလျှင် ပျံ့လွင့်လျှင် ဝိစိကိစ္ဆာ ဥဒ္ဓစ္စသဟဂုတ်ဇောတို့အား ကျေးဇူးပြု၏၊ သောတဝတ္ထု စသည်ကို အာရုံ ပြုရာ၌လည်း ဤနည်းပင်၊ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ဒိဗ္ဗစက္ခုအဘိညာဉ် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ ဒိဗ္ဗသောတအဘိညာဉ် ဖြစ်ရာ၌ ထိုရူပသဒ္ဒ အာရုံတို့က ပစ္စည်း, အဘိညာဉ်စိတ်က ပစ္စယုပ္ပန်၊ "ငါ၏ကိုယ်သည် စိတ်၏အလား လျင်မြန်စွာ သွားနိုင်စေသား" ဟု ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် မိဋ္ဌာန်မှုကို ပြုရာ၌ ခန္ဓာကိုယ်၌ တည်ရှိသော ပစ္စုပ္ပန် နိပ္ဖန္နရုပ်တခုခုသည် ပစ္စည်း, ဣဒ္ဓိဝိဓအဘိညာဉ်သည် ပစ္စယုပ္ပန်၊ ဤသို့ စသည်ဖြင့် ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ဟန်ကို သိလေ။

မှတ်ချက်။ ။ဤပုရေဇာတပစ္စည်း၌ ပစ္စယနိဒ္ဒေသ ပဋ္ဌာနဋ္ဌကထာနှင့် မူလဋီကာတို့ ဖွင့်ပြထားသော အချက်နှင့်ပဥ္စဝိါရဂဏနာ အနုဋီကာဝယ် "အဘိညာညာဏဿပန ကဒါစိ သဟဇာတံပိ အာရမဏံ ဟောတိ" ပါဠ်ဖြင့် မိမိဟဒယဝတ္ထုကို အာရုံပြုရာ၌ သဟဇာတဟဒယဝတ္ထုသည်ပင် အဘိညာဉ်၏ အာရုံဖြစ်နိုင်ကြောင်း သို့သော် ထိုကဲ့သို့သော အာရုံမှာ အလွန်ရှားသဖြင့် များစွာ မရှိသောကြောင့် သဟဇာတအာရမဏပစ္စည်း ဟု အသီးအခြား မဟောန်ကြောင်းကို ဆိုထားသောအချက်တို့မှာ လေးနက်သော ဥာဏ်ကြီးရှင်တို့အရာသာဖြစ်၍ ဤကျမ်း၌ လစ်လျူရှုခဲ့ရတော့သည်၊ ထို့ပြင်–အချို့ ၃ ချက်စုစာအုပ်၌ "ဝတ္ထုပုရေဇာတ ဝတ္ထာရမဏ ပုရေဇာတ အာရမဏပုရေဇာတ အားဖြင့် ၃ မျိုးပြားသည်" ဟု အဆိုရှိ၏၊ ထိုစကားသည် "တံ သဗ္ဗံပိဝတ္ထုပုရေဇာတံ အာရမဏပုရေဇာတံ ဒွိဓာ ဌိတံ"ဟူသော အဋ္ဌကထာနှင့်မညီ၊ သို့သော်– ဟဒယဝတ္ထုသည်

ဝတ္ထာရမဏာပုရေစာတနိဿယ၌ ပြခဲ့သည့်အတိုင်း တရံတခါ ဝတ္ထုလည်း ဖြစ် အာရုံလည်းဖြစ် ပုရေစာတလည်း ဖြစ်နိုင်သောကြောင့် ထိုကဲ့သို့ ၃မျိုး ခွဲခြင်းကို အမှားဟူ၍လည်း မဆိုထိုက်၊ ၂ မျိုးခွဲသော အဋ္ဌကထာအလိုမှာ ယို ဝတ္ထာရမဏာပုရေစာတသည် အာရမဏာပုရေစာတအတွင်း၌ ပါဝင်ရ တော့သည်။

## လေ့ကျင့်ခဏ်းမေးခွန်း

၁။ ပုရေစာတသတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ "(က) ဆဝတ္ထုနံ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ (ခ)ပဉ္စာ ရမဏာနိစ ပဉ္စဝိညာဏဝီထိယာ"ဟူသော သဂြိုဟ်ပါဌ်၌ (က) ဖြင့် ဘယ်ပစ္စည်းကိုပြ၍ (ခ)ဖြင့် ဘယ်ပစ္စည်းကို ပြသနည်း။

၃။ (ခ) အရ သဂြိုဟ်ဆိုပုံနှင့် ဤ ၃ ချက်စုကောက်ပုံသည် တူသလော, မတူလျှင် ဘယ်နည်းက သာ၍ သင့်မြတ်သနည်း။

၄။ အာရမဏာပုရေစာတ ပစ္စည်း၌ အနိပ္ဖန္နရုပ်များကို ဘာ့ကြောင့် ကြဉ်ရသနည်း။

၅။ ပစ္စယုပ္ပန်၌ "ရခိုက်-ရနေ"တို့၏ စပ်ရာတရားစုကို ပြပါ။

၆။ ပစ္စနိက်၌ "မရခိုက်-မရနေ" တို့၏ စပ်ရာတရားစုကိုပြပါ။

၇။ ဒိဗ္ဗစက္ခုအဘိညာဝီထိချ၍ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံကိုပြပါ။

---------

**ပဋ္ဌာနတ ၃ ချက်စု** ပဋ္ဌာနတပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ ပါးအပြားရှိကုန်၏၊ ထိုတွင် ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရူပဝိပါက် ၄ ခု ကြဉ်သော ပဋိသန္ဓေမှစ၍ ဘဝင် အစရှိသော နောက်နောက်သောစိတ် ၈၅ ခု, စေတသိက် ၅၂ ပညာသ, ဤတရားတို့သည် ပဋ္ဌာနတ ပစ္စည်းတပ်သော

**ပဋ္ဌာနတ ပစ္စယော။** ။"ပဋ္ဌာ ဇာယတီတိ ပဋ္ဌာနတော" ပဋ္ဌာ–ပစ္စယုပ္ပန်၏နောက်မှ၊ ဇာယတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ ပဋ္ဌာ ဇာတော–ပဋ္ဌာနတမည်၏၊ ပစ္စယုပ္ပန်တရားတို့၏ နောက်မှဖြစ်၍ ရှေ့က ဖြစ်နှင့်သော ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့ကူညီတတ်သော သတ္တိသည် ပဋ္ဌာနတပစ္စည်း မည်၏၊ ဤပဋ္ဌာနတပစ္စည်းကို လင်းတငယ်တို့ ကိုယ် အား ထောက်ပံ့သော အာဟာရာသာစေတနာဖြင့် အဋ္ဌကထာ၌ ဥပမာ ပြ၏၊ ချဲ့ဥုးအံ့–လင်းတကြီးတို့သည် အစာအာဟာရကို မိမိတို့သာရှာဆွေ စားသောက်၍ အသိုက်၌ ကျန်ရစ်သော လင်းတကလေးများအတွက် ယူ ဆောင်လာရိုး မရှိဘူးတဲ့၊ လင်းတကလေးတို့မှာကား မိဘတို့ပြန်လာလျှင် မိမိတို့အတွက် အစာပါနိုးနိုးဖြင့် မြော်ကိုးတောင့်တကြရှာသတဲ့၊ ဤသို့ အစာ အာဟာရ၌ မြော်ကိုးတောင့်တသော ရသတဏှာ "အာဟာရာ သာ"ဟု ခေါ်၍ ထိုအာဟာရာသာနှင့် ယှဉ်သော စေတနာကို "အာဟာ ရာသာ စေတနာ" ဟု ခေါ်သည်၊ အစာအာဟာရကို မစားဘဲလျက် ဤ အာဟာရာသာ စေတနာတည်းဟူသော မြော်လင့်ချက်က လင်းတငယ် တို့၏ကိုယ်ကို ထောက်ပံ့ထားသည့်အတွက်ကြောင့် လင်းတငယ်တို့ ကိုယ် သည် အတောင်အလက်စုံ၍ ကိုယ်တိုင် အစာရှာနိုင်သည့် ကာလတိုင် အောင် တည်တန့်နိုင်လေသည်၊ ဆိုလိုရင်းကား– "အစာ မစားရလျှင် သေဘွယ် ရှိ၏, သို့သော် လင်းတငယ်တို့မှာကား အာဟာရာသာ စေတနာ၏ ထောက်ပံ့မှုကြောင့် မသေဘဲ တည်တန့်နိုင်သည်"ဟူလို။ ဤအာဟာရာသာစေတနာ ဟူသည် အခြားမဟုတ်, ပဋ္ဌာနတ စိတ်

တရားတို့ မည်ကုန်၏၊ ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော **ကေဇကာယ** ဒွိဇကာယ တိဇကာယ စတုဇကာယ, ဤတရားတို့သည် ပဋ္ဌာဓာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားတို့ မည်ကုန်၏၊ စိတ်

စေတသိက်တွင် ပါဝင်သော စေတနာစေတသိက်တည်း၊ ထို့ကြောင့် ဤ အာဟာရသာစေတနာဖြင့် ဥပမာဖြစ်ရုံမျှမဟုတ်, ဥပမာလည်း ရ ပဋ္ဌာဓာတသတ္တိဖြင့် ကျေးဇူးပြုပုံကိုလည်း ပြသည်၊ ထိုစကား မှန်၏– လင်းတငယ်၏ အာဟာရသာစေတနာသည် မိမိမဥပါဒ်မီ ရှေးဦးစွာ ဖြစ်၍ ဌီအခိုက်သို့ ရောက်နှင့်သော ခန္ဓာကိုယ်ရှိ ရုပ်အပေါင်းအား မိမိ ဥပါဒ်သည့်အခါ ပဋ္ဌာဓာတသတ္တိဖြင့် ထောက်ပံ့သည်။]

[ဆောင်] လင်းတပေါက်စ, ကိုယ်ကာယ၌, ဟာရအာသာ, စေတနာက, ရှေ့မှာ ပေါ်ပေါက်, ဌီသို့ရောက်သည့်၊ ထက်အောက်သိမ်းချုပ်, ကိုယ်လုံးရုပ်ကို, လွှမ်းအုပ်အကုန်, ထောက်ပံ့ပုံသို့, ကြည်ယုံမခြား, ဌီခိုက်ငြားသည့်, ရှေ့ဖွား-ရုပ်ထု, နောက်စိတ်စုက, ထောက်မှုပံ့ကာ,သတ္တိဖြာ, ပဋ္ဌာဓာတ ခေါ်။

**ပစ္စည်း ပစ္စယုပ္ပန်။** ။ပစ္စည်းတရား၌ "ပစ္ဆာဝါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ" ဟူသော စကား၏အဓိပ္ပာယ်ကို နိဿယပစ္စည်းအတိုင်း သိလေ၊ ပစ္စယုပ္ပန်ဝယ် "ကေဇကာယ" စသော စကားကို ရုပ်ပိုင်း ရူပပဝတ္တိက္ကမ အသွားအတိုင်း ဆိုထားသည်–ဟုမှတ်၊ "ဤ ၃ ချက်စုနှင့်တကွ အချို့ဆရာတို့သည် ပဋိသန္ဓေစိတ်၏ ဌီခဏရောက်လျှင် ပဋ္ဌာဓာတပစ္စည်း၏ကျေးဇူးပြုကို ခံရပြီ"ဟု အယူရှိကြ၏၊ ထို့ကြောင့် ကေဇကာယဟူသည် ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်၍ ပဋိသန္ဓေစိတ်၏ ဌီခဏ၌ တည်ရှိသော ကမ္မဇရုပ်အပေါင်းတည်း၊ [ကေ=တခုသော အကြောင်းကြောင့်+ဇ = ဖြစ်သော + ကာယ= ရုပ်အပေါင်း၊] ဒွိဇကာယဟူသည် (ထိုဆရာတို့အလို) ပဋိသန္ဓေစိတ်၏ ဘင်ခဏ၌ တည်ရှိသော ရုပ်အပေါင်းတည်း၊ ထိုခဏ၌ ကမ္မဇရုပ်

တခုယုတ် ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, နောက်နောက် စိတ်နှင့် အတူ ဥပါဒ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အပေါင်းဥတုဇရုပ်အပေါင်းဟု ၂ မျိုးသော အကြောင်းကြောင့်ဖြစ်သော ရုပ်အပေါင်းသည် ဋ္ဌီအခိုက်၌ ရှိလေပြီ၊ တိဇကာယဟူသည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဋ္ဌီခဏ၌ တည်ရှိသော ရုပ်အပေါင်းတည်း၊ ထိုခဏ၌ ကမ္မဇ စိတ္တဇ ဥတုဇရုပ် ၃ မျိုးလုံး ဋ္ဌီအခိုက်၌ တည်ရှိကြ၏၊ စတုဇကာယဟူသည် အာဟာရဇရုပ် ဥပါဒ်ပြီးနောက် ဋ္ဌီသို့ ရောက်သည့်အခါ တည်ရှိသော ရုပ်အပေါင်းတည်း။ [အာဟာရဇရုပ် ဖြစ်ရာကာလကို ဘာသာဋီကာ ရူပပဝတ္တိက္ကမခဏ်း၌ ကြည့်။] ထိုအခါမှစ၍ ကာမဘုံ၌ (နိရောခသမာပတ်ဝင်စားခိုက်မှ တပါး) စတုဇကာယ အမြဲရှိ၏၊ ရူပဘုံ၌ တိဇကာယသာ အမြဲရှိသည်၊ ဤသို့လျှင် ၃ ချက်စု ဆရာသည် ရူပပဝတ္တိက္ကမ စာသွားကို ကြည့်၍ ဧကဇကာယ စသည်ဖြင့် ခွဲခြားကောက်ပြလေသည်။

၃ ချက်စုစစ်တမ်း။ ။"ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ရောက်သော" ဟု ၃ ချက်စု၌ဆို၏၊ ထိုစကားအရ– ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ရုပ်ကိုသာ နောံနောံစိတ်က ကျေးဇူးပြုရာရောက်၏၊ ရှေးရှေးစိတ်၏ ဋ္ဌီဘင်တို့နှင့် အတူဥပါဒ်သော ရုပ်များကိုကား ကျေးဇူးပြုရာ မရောက်ချေ၊ ထို့ပြင်–ထို ၃ ချက်စု စကားသွားအတိုင်းဆိုလျှင် ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ရုပ်ဟူသမျှကို နောက်နောက် ၂ စိတ် ၃ စိတ် စသည် ခြားသောစိတ်များက ကျေးဇူးမပြုနိုင်၊ ဥပမာ– "အတီတဘဝင်နှင့် အတူဥပါဒ်သောရုပ်ကို ဘဝင်စလနကသာ ကျေးဇူးပြု၍ ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စသည်တို့က ကျေးဇူးမပြုနိုင်" ဟု အဓိပ္ပာယ်ကျ၏၊ စင်စစ်ကား – နောက်နောက်ဂ်ဘ် အဖြစ်အဖြဝ်မှာ ခန္ဓာကိုယ်တကိုယ်လုံးရှိ ရုပ်တွေကို (ဥပါဒ်ပြီး၍ ဋ္ဌီအခိုက်၌ တည်ရှိသမျှ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ ရုပ်တွေကို အားရှိလာအောင် ထောံပံ့နိုင်တဲ့ သတ္တိကို ပစ္ဆာဇာတသတ္တိ ဟု ခေါ်ရကား, ရှေးရှေးစိတ်များ၏ ဥပါဒ် ဋ္ဌီ ဘင်တို့နှင့်အတူ ဖြစ်ထိုက်သမျှ ဖြစ်ကြသော ရုပ်တွေကို မချုပ်

ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်, ဤတရားတို့သည် ပဋ္ဌာနတ ပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

မခြင်းနောက်နောက် ဖြစ်သောစိတ်တွေက ထပ်ကာထပ်ကာ ကျေးဇူးပြု နေကြသည်၊ ဤအဓိပ္ပာယ်မှာ ၃ ချက်စုစာသွားဖြင့် မထင်ရှားသော်လည်း ပါဠိတော် အဋ္ဌကထာရင်း၌ ရှင်းလင်းပြတ်သား ထင်ရှားလှပေသည်။

[ပါဠိတော်] ပဋ္ဌာနတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပဋ္ဌာနတပစ္စယေန ပစ္စယော။

[အဋ္ဌကထာ] ဣမဿ ကာယဿတိ– ဣမဿ စတုသမုဋ္ဌာနိက တိ သမုဋ္ဌာနိက ဘူတုပါဒါယရူပသင်္ခါတဿ ကာယဿ။

[စတုသမုဋ္ဌာနိကဟူသည် ကာမဘုံသားတို့၏ ကံ စိတ် ဥတု အာဟာရ အကြောင်း ၄ ပါးကြောင့် ဖြစ်သော ကိုယ်တည်း၊ တိသမုဋ္ဌာနိက ကား အာဟာရဇရုပ် မရနိုင်သော ဗြဟ္မာတို့၏ ကိုယ်တည်း၊ ကိုယ်ဟူသည်မှာ လည်း ထိုအကြောင်းများကြောင့် ဖြစ်ရသော ႀ ဟရုပ် ဥပါဒါရုပ် အပေါင်းပင်တည်း၊ ဤပါဠိတော် အဋ္ဌကထာအရ "နောက်နောက်ဖြစ်သော စိတ် စေတသိက်သည် ပဋ္ဌာနတပစ္စည်း, ရှေ့ကဖြစ်နှင့်၍ ဋ္ဌီသို့ရောက်နေ ကြသော ရုပ်အပေါင်းသည် (ရှေ့အခြားမဲ့စိတ်၏ ဥပါဒ် ဋ္ဌီ ဘင်နှင့်ပြိုင်၍ ဥပါဒ်သည် ဖြစ်စေ, ၂စိတ် ၃ စိတ်စသည် လွန်ခဲ့ရာကာလက ဥပါဒ်ခဲ့သည် ဖြစ်စေ မချုပ်သေးသမျှ ရုပ်အပေါင်းသည်)ပစ္စယုပ္ပန်တည်း" ဟူသော အဓိပ္ပာယ်မှာ လွန်စွာထင်ရှားလေသည်၊ ဧကဇ ဒွိဇတိဇ စတုဇ ဟုရင်း, ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ဟုရင်း, ခွဲခြားနေဘွယ်မလို။]

**ပဋိသန္ဓေဋ္ဌီခဏာ၌ ပဋ္ဌာနတရ–မရ**။ ။ ပဋိသန္ဓေစိတ်နှင့် အတူ ဥပါဒ်သော ကမ္မဇရုပ်များသည် ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏာ၌ ပဌမဘဝင်က ပဋ္ဌာနတသတ္တိဖြင့် ကျေးဇူးပြုခံရပြီဟု မခံရသေးဟု ငင်းဝါဒကွဲပြားချက် ရှိ၏၊ ဤကျမ်းက "မခံရသေး"ဟူသော ဝါဒကို ထော်ခံမည်၊ ကျေးဇူးပြု

ခံရပြီဟု ယူကြသောဆရာတို့က "ပဋ္ဌမဘာဝင်စိတ်သည် မိမိ မဖြစ်ခင်ကပင် ပဋိသန္ဓေ၏ ဋ္ဌီခဏာ၌ရှိသော ရုပ်အား ကျေးဇူးပြုရမည်တဲ့၊ ဥပမာ–အရှင် ဇာကုလသည် ငယ်ရွယ်စဉ် မြစ်ကမ်း၌ အထိန်းက ရေချိုးပေးခိုက်ဝယ် ငါးကြီး မျိုသွားရာ၌ ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်က မဖြစ်ခင်ကပင် ကျေးဇူးပြုခြင်းကြောင့် မသေဘဲ ရှိရသကဲ့သို့တည်းတဲ့" ထိုဉပမာမှာ ဉာဏ် နှံ့သူ သဘောကျရုံလောက်သာ ဖြစ်၏၊ အရှင်ဇာကုလ မသေခြင်း၌ ထိုအရဟတ္တမဂ်ဉာဏ်၏ မဖြစ်ခင် ကျေးဇူးပြုနိုင်သော တန်ခိုးမှန်၏,ဉာဏာ ဝိပ္ပါရိဒ္ဓိဟုခေါ်၏, "ဖြစ်လတ္တံ့သော ဉာဏ်၏ အရှိန်တန်ခိုး လွှမ်းမိုးပြန့်နှံ့ ခြင်း" ဟု ဆိုလိုသည်၊ ရိုးရိုးစိတ်တွေမှာ ထိုကဲ့သို့မဖြစ်ခင် ပြန့်နှံ့လာသော အရှိန်တန်ခိုးမရှိကြ၊ ထိုတန်ခိုးမျိုးရှိရိုးမှန်လျှင် ဘာ့ကြောင့် ဋ္ဌီအခိုက်ကျမှ ကျေးဇူးပြုသနည်း, ဥပါဒ်တုန်းကပင် ကျေးဇူးပြုပါတော့လေ၊ [ထိုဆရာ တို့သည် ရုပ်ပိုင်း "ပစ္ဆာဇာတာဒိပစ္စယုပတ္ထမ္ဘလာဘေန ဥတုသြဇာနံဗလဝ ဘာဝေါ" ဟူသော ဋီကာကျော်စကားကို သာဓကပြုကြ၏, ထိုစကား၏ သာဓကမမြောက်နိုင်ပုံကို ဘာသာဋီကာ ရူပသမုဋ္ဌာနခဏ်း၌ ပြခဲ့ပြီ။]

ဆက်ဦးအံ့–နောဲနောဲစိတ် မဖြစ်ခင်ကပင် ကျေးဇူးပြုနိုင်သည်ဟု အယူ ရှိသောဆရာတို့သည် ပစ္ဆာဇာတ၌ "ဇာတ"ဟူသော စကား, ဝိပ္ပယုတ္တ ပစ္စည်း အတ္ထိပစ္စည်းတို့၏ သဘောသွားနှင့် ပစ္စုပ္ပန်ပစ္စည်း အတိတ်ပစ္စည်း စသောအခွဲများကို စဉ်းစားကြရာ၏၊ စဉ်းစားစေဦးအံ့– ဇာတသဒ္ဒါသည် ဖြစ်ပြီးဖြစ်ဆဲ ၂ မျိုးကိုသာ ဟောနိုင်၏,မဖြစ်ခင် ဖြစ်လတ္တံ့ကို မဟောနိုင်, အရပ်ရပ်သဒ္ဒါနည်းကို ကြည့်လေ၊ ဝိပ္ပယုတ္တပစ္စည်းသဘောမှာ "သမ္ပ ယုတ် လေလား" ဟု ယုံမှားလောက်အောင် အတူတကွတည်ရှိသော တရားများ ကိုသာ သမ္ပယုတ်မဟုတ်ကြောင်းကို ထင်ရှားစေရန် "ဝိပ္ပယုတ်"ဟု ဟောပြ ရခြင်းဖြစ်၏၊ ပဋိသန္ဓေနှင့် အတူဥပါဒ်သော ကမ္မဇရုပ်သည် ပဋိသန္ဓေ စိတ်၏ ဋ္ဌီခဏ ဘင်ခဏတို့၌ ပဋ္ဌမဘာဝင်နှင့် တွေ့တွေ့ဆိုင်ဆိုင် မတွေ့ကြ သေး, ထိုသို့ မတွေ့ကြသေးသဖြင့် သမ္ပယုတ်လေလားဟု ယုံမှားဘွယ် မရှိသေး၊ ပဋ္ဌမဘာဝင်ဥပါဒ်သည့်အခါ ပဋိသန္ဓေစိတ်၏ ဥပါဒ် ဋ္ဌီ ဘင်နှင့်

အတူဥပါဒ်ခဲ့သော ရုပ်အားလုံးပင် ပဋ္ဌမဘဝင်နှင့် တွေ့မိ ဆိုင်မိကြ၏, ထိုအခါ နောက်မှဖြစ်သော ပဋ္ဌမဘဝင်က အရင်ဖြစ်နှင့်သော ရုပ်များအား ထောက်ပံ့သမှု ကျေးဇူးပြုလေရာ "သမ္ပယုတ်သဘောအားဖြင့် ရောနှောမိလေရော့သလား" ဟု ယုံမှားဘွယ်ရာ ဖြစ်ပေါ်လာသဖြင့် အတူတကွ တွေ့ဆိုင်မိကြသော်လည်း သမ္ပယုတ်မဟုတ်ကြောင်းကို ထင်ရှားစေခြင်းငှာ "ပစ္ဆာဇာတဝိပ္ပယုတ်" ဟု ထပ်မံထုတ်ပြရလေသည်။

အတ္ထိပစ္စည်း၏သဘောကား ပစ္စည်းပစ္စယုပ္ပန် ၂ ပါးလုံးပင် ထင်ရှားရှိဆဲဖြစ်ရမည်,ရှိလတ့်ဖြစ်လတ့်တရား၌ အတ္ထိပစ္စည်းမတပ် ပဋ္ဌမဘဝင်ကလည်း အတ္ထိ, ပစ္စယုပ္ပန်ဖြစ်သော ရုပ်ကလည်း ဋ္ဌီအခိုက်၌ အတ္ထိဖြစ်သောကြောင့် ပစ္ဆာဇာတတ္ထိဟု ဟောပြရပြန်သည်၊ "ပစ္စုပ္ပန္နာဝ ဟောန္တေ့တ္ထ, ပစ္စယာဒသပဥ္စ" စသော ကာလအခွဲ၌လည်း ဤပစ္ဆာဇာတသည် ပစ္စုပ္ပန်ပစ္စည်းများတွင် ပါဝင်၏ (အနာဂတ်သက်သက်ပစ္စည်းမရှိ) ပစ္စုပ္ပန်မှန်လျှင်လည်း ဥပါဒ် ဋ္ဌီအခိုက် ၂ မျိုးတွင် တမျိုးမျိုးသို့ရောက်ဆဲဖြစ်ရမည်၊ ထို့ကြောင့် "ပစ္ဆာဇာတပစ္စည်းသည် မဖြစ်ခင်လှမ်း၍ ကျေးဇူးပြုနိုင်၏, ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ကမ္မဇကာယကို ပဋိသန္ဓေ ဋ္ဌီခဏရောက်လျှင်ငင်း ပဋိသန္ဓေ၏ ဋ္ဌီအခိုက်၌ ဥပါဒ်သော ကမ္မဇဥတုဇကာယကို ပဋိသန္ဓေ ဘင်ခဏသို့ရောက်လျှင်ငင်း, ဖြစ်လတ့်သော ပဋ္ဌမဘဝင်က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်ပြီ"ဟူသောစကားကို ဤကျမ်းက လက်မခံနိုင်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ဋ္ဌီဘင်တို့နှင့်ပြိုင်၍ ဖြစ်ထိုက်သမျှ ဖြစ်ခဲ့ကြပြီးလျှင် ဋ္ဌီသို့ရောက်နေသော ကမ္မဇဥတုဇကာယကို ပဋ္ဌမဘဝင်ဥပါဒ်မှသာ ကျေးဇူးပြုသည်, နောက်နောက်စိတ်များလည်း မိမိဥပါဒ်ခိုက် ဥပါဒ်ခိုက်ကျမှ ဋ္ဌီအခိုက်၌ တည်ရှိသမျှ ရုပ်အားလုံးကို သိမ်းကြုံး၍ ကျေးဇူးပြုသည်–ဟုသာ အယူရှိပေသည်။

[အချို့က "မိဘတို့ပြန်လာလျှင် စားရလိမ့်မည်အထင်နှင့် လင်းတယ်တို့၌ အာသာဖြစ်နေရာဝယ်, စားရလတ့်သော အစာက ကျေးဇူးပြုသည် မဟုတ်ပါလော" ဟု စောဒနာကြ၏, အလွန်သဘောဝေးသော စောဒနာ

တည်း၊ လင်းတယေ်တို့ကိုယ်အား စားရလိမ့်မည်ဟု မြော်လင့်အပ်သော အစာက ကျေးဇူးပြုပုံကို ဥပမာပြခြင်းမဟုတ်, ရသာတဏှာနှင့်ယှဉ်သော စေတနာက လင်းတယေ်တို့ကိုယ်အား ထောက်ပံ့ပုံကို ပြခြင်းဖြစ်သည်။]

**ထောက်ပံ့ပုံ။** ။"မိမိတို့ဆိုင်ရာ ကံ စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်ပြီးသားရုပ်ကို နောံနောံစိတ်က ကျေးဇူးပြုရာ၌ အဘယ်သို့အကျိုးထူး ရှိသနည်း"ဟု မေးဘွယ်ရှိ၏၊ အဖြေကား–ရုပ်အစဉ်အဆက်ကို တာရှည် စွာ တည်တန့်စေခြင်းအကျိုးရှိ၏၊ ချဲ့ဦးအံ့–ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ပစ္စည်းတရားတို့က ကျေးဇူးပြုရာ၌ ၁–ဇနကသတ္တိ, ၂–ဥပတ္ထမ္ဘကသတ္တိ, ၃–ဇနကောပတ္ထမ္ဘကသတ္တိအားဖြင့် သတ္တိ ၃ မျိုးတွင် တမျိုးမျိုးဖြင့် ကျေးဇူးပြု၏၊ [ဤ ၃ မျိုးအခွဲကို နောက်၌ပြအံ့၊] ဤ ပစ္ဆာဇာတ ပစ္စည်း ကား ဥပတ္ထမ္ဘကသတ္တိရှိ၏, ဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ပြီးသော ရုပ်တရားတို့အား ထောံပံ့အားပေးသောအားဖြင့် ကျေးဇူးပြုသည်၊ ထင် ရှားစေအံ့–မျိုးစေ့ကြောင့်ပေါက်လာသော သစ်ပင်သည် ရေဖြင့် ထပ်မံ၍ ထောံပံ့ခြင်းမရှိက စည်ပင်ကြီးမား ထွားကြိုင်းခြင်းမရှိဘဲ မကြာမီ ပျက် စီးရသကဲ့သို့၎င်း, ကံလျှင် အရင်းခံ၍ မိဘတို့၏သုက်သွေးကြောင့် ဖြစ်ရ သော သူငယ်သည် နို့ချိုတိုက်ကျွေး အားပေးထောက်ပံ့ခြင်း မရှိက အသက်မရှည်နိုင်သကဲ့သို့၎င်း, ထို့အတူ ကံကြောင့်ဖြစ်ရသော ကမ္မဇရုပ်တို့ သည် မိမိတို့ ချုပ်သည့်အခါ အလားတူ ရုပ်အစဉ်ဖြစ်ဘို့ရာ ကျေးဇူးပြု သွားကြ၏, (သင်္ဂြိုဟ်ဘာသာဋီကာ ရုပ်ဓိဝိတခဏ်းကြည့်၊] ထိုကဲ့သို့ ကျေး ဇူးပြုရာ၌ စိတ်တို့က ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပံ့ ပေးမှသာ၍ အားရှိ ကြသဖြင့် ဆက်ကာဆက်ကာ ကျေးဇူးပြုနိုင်ကြသည်၊ စိတ္တဇ ဥတုဇ အာ ဟာရဇ ရုပ်အစဉ်များ၏ ရူပပဝတ္တိက္ကမကိုလည်း ထိုက်သင့်သမျှ တာရှည် အောင် စိတ် စေတသိက်တို့က ထောံပံ့လေသည်၊ ဤသို့လျှင် နောက် နောက်စိတ်တို့က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရုပ်အစဉ် အဆက်ကို တာရှည်စွာ တည်တန့်စေခြင်း အကျိုးရှိ၏–ဟု မှတ်။

**[ဋီကာကျော်]** ပစ္ဆာဇာတပစ္စယေ. အသတိ သန္တာန ဋ္ဌိတိဟေတုဘာဝံ
အဂစ္ဆန္တသ ကာယဿ ဥပတ္ထမ္ဘနဝသေန ဥပကာရကာ
ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပစ္ဆာဇာတပစ္စယော။

[အသညသတ်ဘုံ၌ ပစ္ဆာဇာတ အထောက်အပံ့မရဘဲ တာရှည်စွာ ဆက်လက်နေနိုင်ရကား ဤပစ္ဆာဇာတအတွက် ရုပ်အစဉ်မှာ ပိုမို၍ အားတက်သည်-ဟူသာ မှတ်, အထောက်အပံ့မရလျှင် လုံးဝ အားမရှိ-ဟု မမှတ်နှင့်။]

**ပစ္စည်းတပ်ပုံ။** ။ပဋ္ဌမဘဝင် ဥပါဒ်သည့်အခါ ဋ္ဌီသို့ရောက်နေသော ရုပ်အပေါင်းရှိ၏၊ ပဋ္ဌမဘဝင်သည်ပစ္စည်း, ထိုရုပ်အပေါင်းသည် ပစ္စယုပ္ပန်, ဤသို့စသည်ဖြင့် စုတိတိုင်အောင် ပစ္စည်းပစ္စယုပ္ပန်ဖြစ်ဟန်ကို ချဲ့ပါလေ။

**ပစ္စနိက်။** ။ "စိတ် စေတသိက်တို့မှာ ပစ္စယုပ္ပန်တွင် မပါဝင်သောကြောင့် ပစ္စနိက်ထုတ်လျှင် ရှိပါစေတော့, အသညသတ်မှတပါး သတ္တဝါတို့ သန္တာန်၌ရှိသော ရုပ်တွေမှာ ပစ္စယုပ္ပန်တွင် ပါဝင်ပါလျက် ဘာ့ကြောင့် ပစ္စနိက် ဖြစ်ရပါလိမ့်မည်နည်း" စဉ်းစားဘွယ် ရှိ၏၊ ပစ္ဆာဇာတသတ္တိသည် ဋ္ဌီအခိုက်ရောက်မှ ကျေးဇူးပြု၏, ဥပါဒ်တုန်းက ကျေးဇူးမပြုနိုင်၊ ထို့ကြောင့် ပစ္စယုပ္ပန်မဖြစ်နိုင်သော ဥပါဒ်ခိုက်ရုပ်များကို မှန်းထား၍ သဝိညာဏကရုပ်များကိုလည်း ပစ္စနိက် ထုတ်ရပေသည်၊ သို့အတွက် "နော်နောက်စိတ်နှင့် အတူဥပါဒ်သော စိတ္တဇရုပ်"ဟု ယခု ၃ ချက်စုထုတ်သည်မှာ မစုံလင်,နော်နော်ဖြစ်ဖြစ် ရှေးရှေးဖြစ်ဖြစ် အားလုံးစိတ္တဇရုပ် အာဟာရဇရုပ် ဥတုဇရုပ် ပဝတ္တိကမ္မဇရုပ်နှင့် ပဋ္ဌမဆုံး ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်သော ပဋိသန္ဓေကမ္မဇရုပ်သည်ပင် ပစ္စနိက်၌ ပါဝင်ရလေသည်၊ အသညသတ် ကမ္မဇရုပ်နှင့် ဗာဟိယရုပ်အတွက်မှာ ဆိုဘွယ်ရာမရှိပြီ၊ ထို့ကြောင့် ပစ္စနီယပဋ္ဌာန်းပါဠိတော်၌ "ပစ္ဆာဇာတပစ္စနိက်ကို အဓိပတိပစ္စနိက်နှင့် တူ၏" ဟု ပြပြီးလျှင် အဓိပတိပစ္စနိက်၌ကား-"ကုသလံ ဓမ္မံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ ပေ၊ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံပဋိစ္စ တယောခန္ဓာ ကဋတ္တာစရူပံ" သည်ဖြင့် ထုတ်ပြလေသည်။

ဤပါဠိတော်သွားကို သတိမထားမိသော ဆရာတို့ကား "အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, ဗာဟိယရုပ် အသညသတ် ကမ္မဇရုပ်,–နိရောဓသမာပတ္တိဝီထိ၌ နေဝသညာနာသညာယတန ဈာန်အဆုံးဇောနှင့် အတူဥပါဒ်သော စိတ္တဇရုပ် ထိုခဏမှစ၍ နောံနောံ ခဏတို့၌ဖြစ်သော အနာဂါမိဖိုလ် အရဟတ္တဖိုလ်မဖြစ်မီ ချုပ်နှင့်ကြသော အာဟာရဇရုပ် ဥတုဇရုပ် ပဝတ္တိကမ္မဇရုပ်,–စုတိစိတ်နှင့်အတူဥပါဒ်သော စိတ္တဇရုပ် အာဟာရဇရုပ် ဥတုဇရုပ်, ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏" ဟု တနည်း ပြင်ကြသေး၏၊ ထိုပြင်ဆင်ချက်မှာ ရှုပ်ထွေးသလောက် အကျိုးမရှိချေ။

အကယ်၍ ပြင်လိုလျှင်–"ပဋိသန္ဓေ အစရှိသော ရှေးရှေးစိတ်တို့၏ ခဏတ္တယနှင့်အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော တိသမုဋ္ဌာနိက စတုသမုဋ္ဌာနိက ရုပ်အပေါင်း, ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, သဝိညာဏကသန္တာန်၌ ဥပါဒ်ခိုက်ဖြစ်ကြသော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အာဟာရဇရုပ် ဥတုဇရုပ် ပဝတ္တိကမ္မဇရုပ်, –ကြွင်းသော ဗာဟိယရုပ် အသညသတ်ကမ္မဇရုပ်, ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏"ဟု ပြင်ရာ၏၊ ပစ္စည်းတရားမှာ ပြင်ဘွယ်ရာမရှိပြီ။

ဇာတ ၃ မျိုး။ ။ သဟဇာတ၌ ဇာတသဒ္ဒါသည် ဥပါဒ် ဌီဘင် အခိုက်၌ရှိသော ရုပ်နာမ် ၂ ပါးကိုဟော၏၊ ပုရေဇာတ၌ ဇာတသဒ္ဒါကား ဌီအခိုက်၌ရှိသော ရုပ်ကိုသာ ဟော၏၊ ပစ္ဆာဇာတ၌ ဇာတသဒ္ဒါကား ဥပါဒ် ဌီအခိုက်၌ ရှိသော (စိတ် စေတသိက်) နာမ်တရားကိုသာ ဟောသည်၊ ဤသို့ ဇာတသဒ္ဒါချင်း တူပါလျက် အမျိုးမျိုး ကောက်ယူရခြင်း၏ အကြောင်းမှာ ထိုပစ္စည်းများ၏ သဘောသွားကို ပြန်၍ကြည့်က ထင်ရှားပါလတံ့။ [ဆရာအချို့ကား သဟဇာတ၌ ဇာတအရ ဥပါဒ် ဌီအခိုက်ရှိ ရုပ်နာမ်ကိုသာ ယူ၍ ဘင်အခိုက်ရှိ ရုပ်နာမ်ကို မယူလိုကြ၊

ထို အယူကို သဟဇာတသတ္တိ၌ အတ္တိအရ ဘင်အခိုက် တရားပါ ယူရပုံကို ထောက်ထား၍ စဉ်းစားကြပါလေ။]

## လေ့ကျင့်ခန်းမေးခွန်း

၁။ ပဋ္ဌာနတသတ္တိကို ဥပမာနှင့်တကွပြ၍, အာဟာရသာစေတနာ အရ ပီပီသသ ကောက်ပြပါ။

၂။ အာဟာရသာ စေတနာက လင်းတယ်တို့၏ကိုယ်အား ကျေးဇူး ပြုရာ၌ အာဟာရသာစေတနာနှင့် ကိုယ်ခန္ဓာ၌ရှိသော ရုပ်တို့ သည် ပစ္စုပ္ပန် အနာဂတ် ၂ မျိုးတွင် အဘယ်အမျိုး၌ ပါဝင် သနည်း။

၃။ ပစ္စည်း၌ "ဧကဇကာယ–ဒွိဇကာယ" ဆသော စကားသည် အဘယ် အသွားကို မှီ၍ ဆိုသောစကားနည်း, ထိုစကားအရ ဧကဇ, ဒွိဇ, တိဇ, စတုဇကာယကို ခွဲခြားပြပါ။

၄။ ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်သောရုပ်ကိုသာ ကျေးဇူးပြုသလား, အတီတဘဝင်၏ ဥပါဒ် ၌ ဘင်နှင့်ပြိုင်၍ဖြစ်သော ရုပ်တွေကို (ဘဝင်စလနနောက်) ဘဝင်္ဂုပစ္ဆေဒစသည်က ကျေးဇူးမပြုနိုင် ဘူးလား။

၅။ ရှေးရှေးစိတ်က ကျေးဇူးပြုပြီးသား ရုပ်တွေကို နောက်နောက် စိတ်တွေက ထပ်၍ ကျေးဇူးပြုလျှင် ဘာအပြစ်ရှိနိုင်မည်နည်း။

၆။ "ပဋိသန္ဓေ၏ ဠီခဏ၌ရုပ်များသည် ပဥ္စမဘဝင် မဥပါဒ်ခင်ကပင် ကျေးဇူးပြုခံရပြီ"ဟု ဆိုကြရာ၌ ယုတ္တိရှိ–မရှိကို စိစစ်ခဲ့ပါ။

၇။ ဆိုင်ရာ အကြောင်းကြောင့် ဖြစ်ပြီးသော ရုပ်တို့ကို နောက်နောက် စိတ်တို့က မထောက်ပံ့လျှင် ဘယ်အပြစ်ရှိသနည်း, ထောက်ပံ့ ခြင်း၏ အကျိုးကိုပြပါ။

၈။ ပဋိသန္ဓေနောင် ပဥ္စမဘဝင် ဥပါဒ်ခိုက်၌ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ပုံ ကို ပြပါ။

---------

**အာသေဝန** အာသေဝနပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌
**၃ ချက်စု** သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်
အားဖြင့် ၃ ပါးအပြားရှိကုန်၏၊ ထိုတွင် ဇာတ်တူအဆုံး ဇော
ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ
စေတသိက် ဒွေပဉ္စာသ, ဤတရားတို့သည် အာသေဝနပစ္စည်း
တပ်သော တရားတို့ မည်ကုန်၏၊ ပဌမဇော ဖိုလ်ဇောကြဉ်
သော နောက်နောက်ဇော ကေပဉ္စာသ စေတသိက် ဒွေပဉ္စာသ

**အာသေဝန ပစ္စယော။** ။ [ အာ=အဘန်ဘန် အထပ်ထပ်၊ သေဝနံ=ပြုခြင်း, ဖြစ်စေခြင်း၊] "အဘန်ဘန်ဖြစ်စေခြင်း"ဟု ဆိုသဖြင့် တရားတမျိုးထည်းကိုပင် ထပ်၍ထပ်၍ ဖြစ်စေခြင်း-ဟု သိသာ၏၊ ထို့ကြောင့် "စက္ခုဝိညာဉ်ပြီး သမ္ပဋိစ္ဆိုန်း, သမ္ပဋိစ္ဆိုန်းပြီး သန္တီရဏ" စသည်ဖြင့် မတူသော တရားများ တမျိုးပြီးတမျိုး ဖြစ်စေခြင်းသည် အာသေဝနမဟုတ်, ဇောတခုဖြစ်ပြီးနောက် ထိုဇောမျိုးကိုပင် ထပ်၍ ထပ်၍ ဖြစ်စေနိုင်ခြင်းသာလျှင် အာသေဝန-ဟု မှတ်၊ တနည်း-မိမိနှင့် အလားတူစွာ နောက်တရားတခု ထပ်မံ၍ ဖြစ်ပေါ်လာအောင် မိမိ၏သတ္တိအရှိန်ကို ပေးခဲ့ခြင်း မိမိ၏သတ္တိကို ထုံမွှမ်းထားခဲ့ခြင်းသည် အာသေဝန မည်၏။

**အကျိုး။** ။ဤကဲ့သို့ အလားတူ တရားတမျိုးကို ထပ်၍ထပ်၍ဖြစ်စေခြင်း,-အလားတူ ဖြစ်ရစ်အောင် မိမိ၏ သတ္တိအရှိန်ကို ထုံမွှမ်းပေးခြင်းကြောင့် နောက်နောက် ဖြစ်ရသောတရားတို့ ဆိုင်ရာကိစ္စ၌ အလေ့အလာရသဖြင့် အားရှိခြင်း အကျိုးရှိ၏၊ ဥပမာ-ကျမ်းဂန်တခုကို သင်ယူရာ၌ သင်ခါစဝယ် ခက်ခဲသော်လည်း တဖြေးဖြေး အရှိန်ရသည့်အခါ လွယ်ကူလာ၏၊ ထိုသို့ဖြစ်ရာ ရှေးရှေးသင်ယူမှုက နောက်နောက် သင်ယူမှုအား လွယ်ကူအောင် ကျေးဇူးပြုသကဲ့သို့တည်း၊ ထို့ကြောင့် အခြားမဲ့၌ မိမိနှင့်

ဤတရားတို့သည် အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ ကာမဇော တခုယုတ်သုံးဆယ်၏ ပဌမဇော, အာဝဇ္ဇန်းဒွေ, ဝိပါက်ဆတ္တိံသ, ဧတသိက် ဒွေပညာသ,

အလားတူ တရားတမျိုး အားရှိပါးရှိ ဖြစ်ရစ်အောင် ကျေးဇူးပြုနိုင်သော သတ္တိသည် အာသေဝနသတ္တိ မည်၏–ဟုမှတ်။

[အဋ္ဌကထာ] အာသေဝနဋ္ဌေန အနန္တရာနံ ပဂုဏဗလဝဘာဝါယ ဥပကာရကော ဓမ္မော အာသေဝနပစ္စယော၊ ဂန္ထာဒီသု ပုရိမ ပုရိမာဘိယောဂေါဝိယ။

[မူလဋီကာ] ကုသလာဒိဘာဝေန အတ္တနာ သဒိသဿ ပယောဂေန ကရဏီယဿ ပုနပ္ပုနံ ကရဏံ ပဝတ္တနံ အာသေဝနဋ္ဌော, အတ္တသဒိသတာပါဒနံ ဝါသနံ ဝါ။

[အဋ္ဌကထာ၏ ဂန္ထာဒီသုဝယ် ဂန္ထာဒီသုဟူသော ပါဌ်ကို တွေ့ရသော ရှေးဆရာတို့က "အဝတ်ကို နံ့သာဖြင့် ထုံရာ၌ ရှေးရှေးထုံမှုသည် နောက်နောက် ထပ်၍ထပ်၍ ထုံမှုအား (သာ၍ အနံ့ထွက်အောင်, အနံ့အားရှိအောင်) ကျေးဇူးပြုသကဲ့သို့"ဟု အဓိပ္ပာယ်ပြောကြ၏၊ ထို ဥပမာသည် အဋ္ဌကထာ လာရင်းမဟုတ်သော်လည်း တမျိုးအားဖြင့် သင့်မြတ်ဘွယ် ရှိပေ၏၊ ဋီကာ၌ "ပယောဂေန–ပယောဂဖြင့်၊ ကရဏီယဿ–ပြုအပ်သော တရားကို"ဟူသော စကားသည် ဇောမဟုတ်သောတရားနှင့် ဖိုလ်ဇောကို တားမြစ်သော စကားတည်း။

ထိုစကား 'မှန်၏၊–ဇောတို့သည် တမင်ဖြစ်အောင် ပြုအပ်သကဲ့သို့ ဝိပါက်တို့မှာ တမင်ဖြစ်အောင် မပြုအပ်ကြ၊ ကံအားလျော်စွာ ယခုဘဝ၌ အလိုလိုဖြစ်ပေါ်လာသော တရားများတည်း၊ အာဝဇ္ဇန်းများလည်း တမင် ပြုပြင်ရသော တရားများမဟုတ်ချေ, ဇောတို့ကား မဖြစ်မီ ရှေ့အဘို့ကလည်း

စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

ဖြစ်စေဘို့ရန် ပယောဂစိုက်ရ၍, ဖြစ်သည့်အခါလည်း ထက်မြက်အောင် ပယောဂစိုက်၍ ရကောင်းသောတရားများတည်း]

[ဆောင်] ကျမ်းဂန်တို့တွင်, ရှေးရှေးသင်ကား, နောက်သင်ယူမှု, လွယ်အောင်ပြုသို့၊ စုစုရှေ့သွား, ဇောတရားက, နောက်ပါးဇောဆက်, သတ္တိတက်၍, ထက်မြက်ပစေ, ထုံမွမ်းလေ, အာသေဝန ခေါ်။

**ပစ္စည်း။** ။ "ဇာတ်တူ အဆုံးဇော"ဟူရာ၌ ကုသိုလ်ဇာတ်ချင်း အကုသိုလ်ဇာတ်ချင်း ကြိယာဇာတ်ချင်းတူသော ဇောတို့၏ အဆုံးဇောတည်း, ၇ ကြိမ်စောရာ၌ သတ္တမဇော–၅ကြိမ်စောရာ၌ ပဥ္စမဇောနှင့် အဆုံးဖြစ်သော ဈာန်ဇောများတည်း၊ ထိုဇောများနောင် နောက်ထပ်ဇော မရှိသောကြောင့် ထိုဇောများက အာသေဝနပစ္စည်း မတပ်ကြသဖြင့် ကြဉ်ရလေသည်၊ ထင်ရှားစေအံ့– အသက် ၇၀ တန်း၌ လူတို့သည် ငယ်ရွယ်စဉ်ကစ၍ တဖြေးဖြေး အင်အား တိုးတက်ကြီးမားလေရာ ၄၀ အရွယ်တိုင်အောင် အစွမ်းကုန်(ကံအရှိန်ရှိသမျှ) တိုးတက်၍ ထိုမှနောင်၌ တဖြေးဖြေး ဆုတ်ယုတ်ပြီးလျှင် (များသောအားဖြင့်) ၇၀ အရွယ်မှာ နောက်ထပ်မဆက်နိုင်တော့ဘဲ ပျက်စီးရသကဲ့သို့ငှင်း,သစ်ပင်များလည်း ကြီးပွားသင့်သလောက် အစွမ်းကုန်ကြီးပွားသည့်အခါ နောက်ထပ် ရေလောင်းပေးသော်လည်း တိုးတက်ခြင်းမရှိ–တဖြေးဖြေး ဆုတ်ယုတ် ပျက်စီးရသကဲ့သို့ငှင်း, ထို့အတူ ၇ ကြိမ်စောရာ၌ ပဥ္စမဇော၏ အရှိန်အငွေ့ကို ဒုတိယ

ဇောက ရ, ဒုတိယဇော၏ အရှိန်အငွေ့ကို တတိယဇောက ရ၍ မှန်မှန် တိုးတက်လေရာ ၄ ကြိမ်တိုင်အောင် အစွမ်းကုန် တိုးတက်ပြီးနောက် စတုတ္ထ ဇောက ပဉ္စမဇောအား အရှိန်အငွေ့ ထုံမွမ်းပေးခဲ့သော်လည်း တဖြေးဖြေး အရှိန်သတ္တိ လျော့ပါး ဆုတ်ယုတ်ခဲ့ပြီဖြစ်၍ ၇ ကြိမ် ဇောသည့်အခါ နောက်ထပ် ဇောတခုဖြစ်စေနိုင်သော အရှိန်အငွေ့မရှိတော့သဖြင့် ဇော အစဉ် ပြတ်စဲရတော့၏၊ ဤသို့ သတ္တမဇော၌ အရှိန်အငွေ့ အာသေဝန သတ္တိ ကုန်ခန်းပြီဖြစ်၍ အာသေဝနပစ္စည်း အဖြစ်မှ ကြဉ်ရလေသည်၊ အခြားသော အဆုံးဇောများ၌လည်း ဤနည်းအတိုင်း အာသေဝနသတ္တိ မရှိကြောင်းကို သိပါလေ၊ [ဤသတ္တမဇောသည် အာသေဝနသတ္တိဖြင့် နောက်နောက်ဇော ဖြစ်အောင် မတတ်နိုင်သော်လည်း တစုံတခုသော ကံကို ပြုရာ၌မူ သတ္တမဇောကျမှ ကံအထမြောက်လေသည်၊ ထို့ကြောင့် ကြီးလေးသော အာနန္တရိယကံစသည်တို့မှာ သတ္တမဇောသာ ဖြစ်လေသည်။]

ဤပစ္စည်းတရား၌ လောကီဇောများသာ ပါဝင်နိုင်၏,မဂ်ဇောတို့သည် တကြိမ်တည်းဖြင့် ကိလေသာသတ်ခြင်းကိစ္စကို ပြီးပြတ်အောင် ရွက်ဆောင် ရကား မိမိတို့နောက်၌ မဂ်တခုဖြစ်ဘို့ရာ အရှိန်အငွေ့ပေးဘို့ ဗျာပါရမရှိကြချေ၊ မိမိတို့နောက်၌ဖြစ်သော ဖိုလ်ဇောအားလည်း ကုသိုလ်ဇာတ်နှင့် အဗျာကတဇာတ်ဖြစ်၍ ဇာတ်ချင်းမတူသောကြောင့် မိမိ၏ သဘောသတ္တိ ငွေ့ကို မထုံမွမ်းနိုင်ချေ၊ ထို့ကြောင့် မဂ်ဇော၌ အာသေဝနသတ္တိမရှိ၊ဖိုလ် တရားတို့ကား ကံအားလျော်စွာဖြစ်သော အကျိုးတရားမျှသာဖြစ်၍ အထူး ပြုပြင်တတ်သော အရှိန်အငွေ့သတ္တိမရှိကြ၊ ထို့ကြောင့် ဖိုလ်ဇောနှင့်တကွ ဝိပါက်ဟူသမျှတို့ အာသေဝနပစ္စည်း မထိုက်ရုံသာမက, ကံပစ်ချတိုင်းဖြစ် ရသောတရားများ ဖြစ်သောကြောင့် သူတပါး၏အထုံအငွေ့ကိုလည်း မယူနိုင်ကြသဖြင့် ပစ္စယုပ္ပန်တွင်လည်း မပါဝင်ကြချေ၊ အာဝဇ္ဇန်းဒွေးဘို့လည်း ထင်လာသော အာရုံကို ဆင်ခြင်ရုံမှတပါး အထုံအငွေ့ပေးနိုင်သော သတ္တိ မရှိရကား ပစ္စည်းတရားတွင် မပါနိုင်, မိမိရှေ့ဘဝင်က အာသေဝနသတ္တိ မရှိသဖြင့် အာဝဇ္ဇန်းတို့ ပစ္စယုပ္ပန်မထိုက်ကြောင်းမှာ ပြောဘွယ်မလို။

**ပစ္စယုပ္ပန်။** ။ပစ္စယုပ္ပန်၌ ပဋ္ဌဓောကြဉ်ရသည်မှာလည်း မိမိတို့ရှေ့၌ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနိုင်သည့် တရား မရှိသောကြောင့်တည်း၊ ဤပဋ္ဌမဓောဟူသည်မှာလည်း ကာမဇောပင်ဖြစ်၏၊ ရှာန်ဇော မဂ်ဇော ဟူသမျှမှာ မိမိတို့ရှေ့က ဂေါတြဘု ဝေါဒါန်ကိစ္စတပ်သော ကာမဇော၏ အာသေဝနအထုံကို အမြဲရကြသည်၊ ထို့ကြောင့် ပစ္စနိက် "ကာမဇော တခုယုတ်ကိုးဆယ်၏ ပဋ္ဌမဇော"ဟု ထုတ်ပြရလေသည်။

**ပစ္စည်း ပစ္စနိက်။** ။ ကာမဇောဝါရ၌ ယေဘုယျအားဖြင့် ဇော ၇ ကြိမ်ဖြစ်ရာ "ပဋ္ဌမဇောသည် ပစ္စည်း– ဒုတိယဇောသည် ပစ္စယုပ္ပန်, ဒုတိယဇောသည် ပစ္စည်း–တတိယဇောသည် ပစ္စယုပ္ပန်, ဤသို့ စသည်ဖြင့် ဆဋ္ဌဇောသည် ပစ္စည်း–သတ္တမဇောသည် ပစ္စယုပ္ပန်"ဟု သိလေ၊ မဟဂ္ဂုတ် အပ္ပနာဇောဝါရ၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘုရှာန်တို့အစဉ်အတိုင်း ဖြစ်ရာ "ပရိကံသည် ပစ္စည်း– ဥပစာသည် ပစ္စယုပ္ပန်, ဤသို့ စသည်ဖြင့် ဂေါတြဘုသည် ပစ္စည်း– ရှာန်ဇောသည် ပစ္စယုပ္ပန်၊ သမာပတ် ဝင်စားသည့် အခါ၌ ရှေးရှေးရှာန်သည် ပစ္စည်း– နောက်နောက် ရှာန်သည် ပစ္စယုပ္ပန်"ဟု သိလေ၊ သောတာပတ္တိမဂ္ဂဝီထိ၌ "ဂေါတြဘုသည် ပစ္စည်း– မဂ်ဇောသည် ပစ္စယုပ္ပန်" အထက်မဂ္ဂဝီထိ၌ "ဝေါဒါန်သည် ပစ္စည်း– အထက်မဂ်ဇောသည် ပစ္စယုပ္ပန်" ဟု သိလေ။

ဂေါတြဘု ဝေါဒါန်နှင့် ရှာန်မဂ်တို့မှာ ကာမနှင့် မဟဂ္ဂုတ် ကာမနှင့် လောကုတ္တရာဟု ဘုံချင်း ကွဲပြားသော်လည်း ကုသိုလ်ဇာတ်ချင်း တူသည့်အတွက် ဂေါတြဘု ဝေါဒါန်တို့က ရှာန်မဂ်တို့အား အာသေဝနအထုံကို ပေးနိုင်ကြသည်။ [အချို့အဓိပ္ပာယ်စာအုပ်များ၌ ပရိကံကို ပစ္စယုပ္ပန်၌ သွင်းကြသတဲ့၊ ပရိကံ ဥပစာဟု အစဉ်အတိုင်းဖြစ်ရာ၌ အစဆုံးပရိကံသည် ပစ္စယုပ္ပန်မဖြစ်နိုင်၊ပရိကံချည်း ၂ ကြိမ် ၃ ကြိမ်ချသောနည်းရှိ၏၊ (ဝိထိခဏ်းကြည့်)၊ ထိုသို့ချရာ၌ကား ဒုတိယ တတိယပရိကံတို့ ပစ္စယုပ္ပန်ဖြစ်နိုင်ကြ၏၊ အဘိညာဝိထိ မရဏာသန္နဝိထိ စသည်ပုံ၌လည်း ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ

ကို ဝိထိဆိုရိုးအတိုင်း သိနိုင်လောက်ပြီ။] ဤသို့လျှင် အဆုံးဇောတို့ ပစ္စည်းမဖြစ်, ပဌမဇောတို့ ပစ္စယုပ္ပန်မဖြစ်, ဖိုလ်ဇောတို့ ပစ္စည်း ပစ္စယုပ္ပန် ၂ မျိုးလုံး မဖြစ်နိုင်သောကြောင့် သဂြိုဟ်ကျမ်းလာ "ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝနပစ္စယော" ပါဠ်၌ ယထာလာဘနည်းဖြင့် ရထိုက်သော ဇောများကိုသာ ရွေးချယ်ယူရမည်။

## လေ့ကျင့်ခန်းမေးခွန်း

၁။ အာသေဝန၌ အာ–သေဝနတို့၏ အနက်ကိုပြ၍, ထိုအနက်အား လျော်သော အာသေဝန သတ္တိကိုလည်း ပြပါ။

၂။ "အတ္တသဒိသံတာပါဒနံ ဝါသနံဝါ" ဟူသော ဋီကာအရ ဥပမာ နှင့်တကွ အာသေဝနသတ္တိကို (တနည်း)ပြပါ။

၃။ ရှေးရှေးဇောက နောက်နောက်ဇောအား ကျေးဇူးပြုရာ၌ ရရှိသော အကျိုးကို ပြပါ။

၄။ ပစ္စည်းတရားဝယ် "ဇာတ်တူ, အဆုံးဇော" တို့၏ အဓိပ္ပာယ်ကို ပြပါ။

၅။ အဆုံးဇောတို့၌ အာသေဝနသတ္တိ မရှိပုံကို ယုတ္တိပြပါ။

၆။ မဂ်ဇော ဖိုလ်ဇော ဝိပါက်နှင့် အာဝဇ္ဇန်းဒွေတို့ အာသေဝန သတ္တိ မရကြခြင်း၏ အကြောင်းကို အသီးသီးပြပါ။

၇။ ကာမဇော မနောဒွါရဝိထိ–မဂ္ဂဝိထိကိုချ၍ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံ ကိုပြပါ။

-------

**သဟဇာတကမ္မ ၃ ချက်စု** ကမ္မပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ကမ္မပစ္စည်းသည် သဟဇာတကမ္မ နာနက္ခဏိက ကမ္မအားဖြင့် ၂ ပါး အပြားရှိ၏၊ ထိုတွင် သဟဇာတကမ္မ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာတခုယုတ် ကိုးဆယ်, ဤတရားတို့သည် သဟဇာတ ကမ္မပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ စိတ်တခု ယုတ် ကိုးဆယ်, စေတနာ ကြဉ်သော စေတသိက် ၅၁ ပညာသ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်, ဤတရားတို့သည် သဟဇာတ ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ စိတ် တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာတခုယုတ် ကိုးဆယ်, ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် သဟဇာတ ကမ္မပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

**သဟဇာတကမ္မပစ္စယော။** ။ "ကရဏံ-ပြုလုပ်ခြင်း၊ ကမ္မံ-ပြုလုပ်ခြင်း" ကိုယ်၏ အမူအရာ အထူးသည် ကာယဝိညတ်ဖြစ်၍ နှုတ်၏အမူအရာအထူးသည် ဝစီဝိညတ်ဖြစ်သကဲ့သို့, ထို့အတူ စိတ်၏ အမူအရာ အထူးကို ပယောဂဗျာပါရဟု ခေါ်၏, တရားကိုယ်အားဖြင့် စေတနာပင်တည်း၊ ထို့ကြောင့် စေတနာကို လုံ့လကြောင့်ကြဗျာပါရ အားကြီးသော တပည့်ကြီး စသည်နှင့်တူ၏-ဟု ဥပမာပြသည်၊ ထိုစေတနာ၏ ထူးခြားသော အမူအရာ ဗျာပါရသတ္တိသည် ကမ္မပစ္စည်းမည်၏၊ ကမ္မ ၂ မျိုးတွင် တကွဖြစ်ဘက်တရားစုအား ကျေးဇူးပြုသော စေတနာသည် သဟဇာတ

**နာနက္ခဏိကကမ္မ ၃ ချက်စု** နာနက္ခဏိကကမ္မ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြား ရှိကုန်၏၊ ထိုတွင် အတိတ်ဖြစ်သောကုသိုလ် အကုသိုလ် စေတ

ကမ္မပစ္စည်းဖြစ်ရကား၊ သူသည် ပစ္စယုပ္ပန်မဖြစ်နိုင်တော့သဖြင့် ပစ္စနိက်မှာ ပါဝင်ရပြန်သည်။

[ဆောင်] တပည့်ကြီးများ၊ ဗိုလ်ချုပ်များ၌၊ ငယ်သားထက်ကဲ ဗျာပါသဲသို့၊ ထိုနဲမကွာ၊ စေတနာ၏၊ သချာကဲစွာ၊ ဗျာပါရ၊ ကမ္မသတ္တိခေါ်။

**ပစ္စည်း ပစ္စယုပ္ပန်**။ ။လောဘမူပဌမစိတ် စေတသိက်တို့ ဖြစ်ရာ ထိုခဲ့ပါသော စေတနာသည် ပစ္စည်း–လောဘမူပဌမစိတ် စေတနာမှ ကြွင်းသော စေတသိက် ၁၈ လောဘမူစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည် ပစ္စယုပ္ပန်၊ ဤ၌ ပစ္စည်းထိုက်သော စေတနာမှာ ပစ္စနိက် ဖြစ်တော့၏၊ ဤနည်းအတိုင်း အရဟတ္တဖိုလ်စိတ်တိုင်အောင် သိလေ၊] ပဋိသန္ဓေကိစ္စ တပ်၍ မဟာဝိပါက် ပဌမစိတ် စေတသိက်ဖြစ်ရာ–ထိုခဲ့ပါသော စေတနာ သည် ပစ္စည်း–မဟာဝိပါက် ပဌမစိတ် စေတနာမှ ကြွင်းသော စေတသိက် ဗာတ္တိံသ ပဋိသန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ပဋိသန္ဓေစိတ်ဟူသမျှ ဤနည်းအတိုင်းသိလေ၊ အရူပဘုံ၌ ဖြစ်ခိုက်မှာ ပစ္စယုပ္ပန်၌ ရုပ်မပါ ခြင်းသာ ထူး၏၊ ပစ္စနိက်အကောက်လည်း လွယ်ပြီ။

**နာနက္ခဏိကကမ္မ**။ ။နာနာ–သီးခြားသော၊ ခဏော–ခဏတည်း၊ နာနက္ခဏော–သီးခြားသော ခဏ၊ နာနက္ခဏေ–သီးခြားသော ခဏ၌၊ ပဝတ္တံ–ဖြစ်သောကံသည်၊ နာနက္ခဏိကံ–နာနက္ခဏိကမည်၏၊ သဟဇာတ ကမ္မသည် အကျိုးပစ္စယုပ္ပန်နှင့် တပြိုင်နက်သောခဏ၌ ဖြစ်သကဲ့သို့၊ ဤ နာနက္ခဏိကကမ္မကား တပြိုင်နက်သောခဏ၌ ဖြစ်သည်မဟုတ်၊ အကျိုး ပစ္စယုပ္ပန်ဖြစ်ရာ ခဏက နောက်–ကံ(စေတနာ) ဖြစ်ရာခဏက ရှေ့တည်း၊

နာ ၃၃ ခု, ဤ တရားတို့သည် နာနက္ခဏိက ကမ္မပစ္စည်း
တပ်သော တရားတို့ မည်ကုန်၏၊ ဝိပါက်စိတ် ဆတ္တိံသ
စေတသိက် အဋ္ဌတ္တိံသ, ပဋိသန္ဓေ ကမ္မဇရုပ် အသညသတ်

ဤသို့ ပစ္စယုပ္ပန်မှ တသီးတခြားကွဲပြားသော ခဏဋ္ဌဖြစ်သော စေတနာ
သည် နာနက္ခဏိကကမ္မမည်၏၊ မျိုးစေ့သည် မြေရေစသော အကြောင်း
အထောက်အပံ့ရလျှင် ကြီးကျယ်သော သစ်ပင်ကို ဖြစ်စေနိုင်သကဲ့သို့,
ဤ နာနက္ခဏိက စေတနာလည်း ဂတိကာလ-ဥပဓိပယောဂ ဟူသော
အကြောင်း အထောက်အပံ့ရလျှင် ကြီးကျယ်သော ဝိပါက်နာမက္ခန္ဓာ
ကမ္မဇရုပ်များကို ဖြစ်စေလျက် (ခန္ဓာအစဉ် ဘဝတည်းဟူသော သစ်ပင်
ပေါက်အောင်) ထမြောက် ဖြစ်ပေါ်စေနိုင်သည်၊ ဆက်ဦးအံ့ - ဆီမီး
တန်ဆောင်သည် တကြိမ်မျှ ထွန်းပြောင်လျှင် အမှောင်ကိုလည်း ခွင်း
အလင်းကိုလည်း ပြ-ဤ ၂ကိစ္စကို တပြိုင်နက် ပြီးစေနိုင်သကဲ့သို့ ကုသိုလ်
အကုသိုလ်စေတနာလည်း တကွဖြစ်ဘက် တရားတို့အား သဟဇာတ
ကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကိစ္စ နောင်အကျိုးဝိပါက်တို့အား နာနက္ခ
ဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စ-ဤ ၂ ကိစ္စကို တပြိုင်နက်
ပြီးစေနိုင်ပေသည်။

**မရှိဘဲနှင့် အကျိုးပေးပုံ။** ။ "ကုသိုလ်အကုသိုလ် စေတနာသည်
ချုပ်ပြီးနောက်မှ ခဏချင်းကွာခြား၍ရင်း ဘဝများစွာ ကွာခြား၍ရင်း
အကျိုးဝိပါက်ကို ဖြစ်စေ၏" ဟူရာ၌ သာမန်စဉ်းစားလျှင် ယုံကြည်နိုင်
ဘွယ်မရှိ၊ သို့သော် လောက၌ ထင်ရှား မရှိခါမှ အကျိုးပေးနေသော
အရာတွေ အတော်များစွာရှိ၏၊ အမြော်အမြင်ရှိသော မိဘသည် မိမိတို့
သား သမီးကို နုနယ်နယ် ငယ်ရွယ်စဉ်ကပင် ကျန်းမာစေကြောင်း အစာ
ကောင်း ဆေးကောင်းကို ကျွေးမွေး၏၊ ထိုဆေး ထိုအစာနှင့် ထိုဆေး
အစာတို့ကြောင့် ဖြစ်သော ရုပ်တို့သည် အတော်အတန်ကြီးသည့်အခါ
စွဲမြဲတည်ရှိကြတော့သည် မဟုတ်, သို့ရာတွင် ၎င်းသူငယ်တို့ ကြီးရင့်သည့်

ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် နာနက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ ကုသိုလ်စိတ် စေတနာ အကုသိုလ်စိတ်၌ဒါဒသကြိယာစိတ် ဝိသ

အခါ သူတကာထက် ကျန်းမာသန့်ရှင်းသော ရုပ်အဆင်းများကို ရရှိနိုင်ကြလေသည်၊ ထို့ပြင် ငယ်ရွယ်စဉ်က သင်ကြားထားအပ်သော နှုတ်မှု လက်မှုစိတ်မှု အတတ်တို့သည် ခန္ဓာကိုယ်တွင်း၌ စွဲမြဲ တည်ရှိကြတော့သည်မဟုတ်, အချို့အတတ်များကို မှတ်ပင် မမှတ်မိတော့ပေ၊ သို့သော် ငယ်ရွယ်စဉ်က သင်ကြားမှုကြောင့် (အောက်အောက်အတန်း၌ သင်ကြားမှုကြောင့်) ကြီးရင့်သည့်အခါ (အထက် အထက်အတန်းမှာ) ကျေးဇူးပြုလျက် အသိဉာဏ် တိုးတက်ကြပေသည်၊ ထိုကဲ့သို့ မရှိဘဲ ချုပ်ကွယ်ပြီး နောက်မှ ကျေးဇူးခံစားရသော်လည်း အခြားသူ ခံစားရသည် မဟုတ်, ထိုသူပင် ခံစားရသည်၊ ဤသို့လျှင် ချုပ်ကွယ်ပြီးမှ ကျေးဇူးခံစားရသော အရာတွေ လောကမျက်မြင် အထင်အရှား ရှိလေရကား ဤကုသိုလ် အကုသိုလ် စေတနာတို့ ချုပ်ကွယ်ပြီးမှ အကျိုးပေးမှု၌ ယုံမှားဘွယ် မရှိထိုက်တော့ပြီ။

**သတ္တိထင်ရှားရှိပုံ။** ။"ကုသိုလ် အကုသိုလ် စေတနာတို့သည် ချုပ်ကွယ်သွားပြီ" ဟု ဆိုသော်လည်း ပြီးပြီးပျောက်ပျောက်"ဆိုသလို ဘာမှ အစအန မကျန်အောင် ချုပ်ကွယ်ကြသည်မဟုတ်, ဥပါဒ် ဌီဘင် ခေ့၍ ပရမတ္ထ အထည်ကိုယ်သဘော ပျောက်ကွယ်သွားသော်လည်း ကုသိုလ် အကုသိုလ်စေတနာ၏ သတ္တိမှာ ကျန်ရစ်လေသည်၊ ဤအရာဝယ် ကုသိုလ် အကုသိုလ်စိတ်ဖြစ်ပုံနှင့် ဝိပါက်စိတ်ဖြစ်ပုံကို လေးလေးနက်နက် စဉ်းစားရာ၏၊ ထိုထို အမှုကိစ္စကို ပြုလုပ်နေတဲ့အခါ ဇောစိတ်တွေနှင့် ရောနှောနေမှုကြောင့် ဝိပါက်စိတ်များဖြစ်ပုံကို မသိသော်လည်း ဝိပါက်ချည်းသတ်သတ်ဖြစ်နေရာ အိပ်ပျော်နေတဲ့ အခါ၌ လွန်စွာသိသာ၏၊ ဝိပါက်စိတ်အစဉ် ဖြစ်နေပုံသည် အလွန်ညင်သာ၏, ထို ဝိပါက်နှင့် ယှဉ်သော

စေတသိက် ဒွေပညာသ, စိတ္တဇရုပ် ဇာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ်, ဤတရားတို့သည် နာနက္ခဏိက ကမ္မပစ္စည်း၏ ပစ္စနိက်ဖြစ်သော ဝဲတရားတို့ မည်ကုန်၏။

စေတနာတို့လည်း ဗျာပါရ မများလှချေ, ထို့ကြောင့်ပင်လျှင် ခန္ဓာကိုယ်ကြီးသည် အိပ်ပျော်နေခိုက်မှာ မလှုပ်မရှက် ငြိမ်သက်လျက် နေလေသည်၊ သာမန် ကုသိုလ် အကုသိုလ်စိတ် ဖြစ်ပုံမှာ မသိသာသော်လည်း တကယ်ထက်သန်သော စေတနာနှင့် ပြုသော ကုသိုလ် အကုသိုလ်တို့ ဖြစ်ပုံမှာ အလွန်သိသာ၏၊ ချစ်ဘွယ်အာရုံတခု၌ လောဘစိတ်ဖြစ်ပုံ မုံးဘွယ်အာရုံ၌ ဒေါသစိတ်ဖြစ်ပုံ ဘုရားစသည်ကို လေးနက်စွာ အာရုံပြုရာ အလှူအဒါန်းရွှင်လန်းစွာ ပေးကမ်းရာ၌ မဟာကုသိုလ်စိတ် ဖြစ်ပုံကို ကိုယ်တွေ့ကြံသမျှ စဉ်းစားပါ၊ ထိုအခါ၌ စိတ်စေတနာတို့ ဖြစ်ပုံသည် တက်တက်ကြွကြွ ထက်ထက်သန်သန်ရှိလှ၏၊ ထို့ကြောင့် ထိုစေတနာတွေ ဥပါဒ် ဋ္ဌီဘင် စေ့၍ ချုပ်ကွယ်သွားသော်လည်း စေတနာ၏သတ္တိမှ ခန္ဓာအစဉ်၌ အဖတ်တင်ရစ်၏၊ အနန္တရသတ္တိဖြင့် စိတ်တခုက စိတ်တခုအား ကျေးဇူးပြုလျက် ဆက်သွယ်နေရာ၌ ထိုစိတ်အစဉ်ဝယ် စေတနာပေါင်းများစွာ၏ သတ္တိပေါင်းများစွာသည် ကေန်ပါဝင်လျက် ရှိလေတော့၏။

ထို့ကြောင့် ကာလဂတိ ဥပဓိ ပယောဂ ညံ့ဖျင်းသည့်အခါ အကုသိုလ်စေတနာ၏သတ္တိကြောင့် မကောင်းကျိုး ပေါ်ထွက်လာ၍ ကာလစသည်တို့က ကောင်းမွန်သည့်အခါ ကုသိုလ်စေတနာ၏ သတ္တိကြောင့် ကောင်းကျိုး ပေါ်ထွက်လာ၏၊ မျိုးစေ့တခုလျှင် ဆိုင်ရာသစ်ပင်ကို တကြိမ်ပေါက်စေပြီးနောက် ထိုမျိုးစေ့ အသုံးမကျတော့သကဲ့သို့,ဆိုင်ရာအကျိုးကိုပေးပြီးသည့်အခါ ထိုသတ္တိအရှိန် ကုန်ခန်းလေတော့၏၊ ထို့ကြောင့် "စေတနာကွယ်ပျောက်ရာ၌ တရားကိုယ်သာ ကွယ်ပျောက်၍ သူ၏ နာနက္ခဏိကကမ္မသတ္တိမှာ မပျောက်ပျက် ဆက်လက်တည်ရှိရစ်၏၊ အကျိုးပေးပြီးသည့်အခါနှင့် ' အကျိုးပေးခွင့်မရ၍ အဟောသိကံ ဖြစ်သည့်အခါကျမှ ထို

စေတနာတို့၏ သတ္တိများ လုံးဝကင်းရှင်းသည်ဟု မှတ်ပါ။ [ဤအရာဝယ် ခန္ဓာအစဉ်၌ အနုသယဓာတ်လိုက်ပုံ "ဝါသနာဘာဂီဆက်တိုင်းမှီ"ဆိုသည့် အတိုင်း အထုံဝါသနာလိုက်ပုံများကိုပါ ဥပမာဆောင်ကြပါလေ]

[အနုဋီကာ] ယသ္မိံဟိ သန္တာနေ ကုသလာကုသလစေတနာ ဥပ္ပဇ္ဇတိ,
တတ္ထ ယထာဗလံ တာဒိသံ ဝိသေသာဓာနံ ကတွာ နိရုဇ္ဈတိ,
ယတော ကတ္တေ့ဝ အဝသေသပစ္စယသမဝါယေ တဿာဖလ
ဘူတာနိ ဝိပါက ကဋတ္တာရူပါနိ နိဗ္ဗတ္တိဿန္တိ။ -ပဋ္ဌာန်း။

ဟိ-မှန်၏၊ ယသ္မိံ သန္တာနေ-အကြင်သန္တာန်၌၊ ကုသလာ ကုသလ စေတနာ ဥပ္ပဇ္ဇတိ-ကုသိုလ် အကုသိုလ်စေတနာဖြစ်၏၊ ယတော-အကြင် ဝိသေသာဓာနကြောင့်၊ တတ္တေ့ဝ-ထိုသန္တာန်၌ပင်၊ အဝသေသပစ္စယ သမ ဝါယေ-ကြွင်းသော ကာလဂတိ ဥပဓိ ပယောဂအကြောင်းတို့ ပေါင်းဆုံ ညီညွတ်လတ်သော်၊ တဿာ ဖလဘူတာနိ- ထိုစေတနာ၏ အကျိုးဖြစ်၍ ဖြစ်ကုန်သော၊ ဝိပါက ကဋတ္တာရူပါနိ-ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ သည်၊ နိဗ္ဗတ္တိဿန္တိ-ဖြစ်ကုန်လတ္တံ့၊တတ္ထ-ထိုသန္တာန်၌၊ ယထာဗလံ-စွမ်း အားရှိသသောက်၊ တာဒိသံ- ထိုဝိပါက်ကဋတ္တာရုပ်ကို ဖြစ်စေနိုင်လော ာက် သော သဘောရှိသော၊ ဝိသေသာဓာနံ - သတ္တိထူးကို မြှုပ်နှံခြင်းကို၊ ကတွာ-ပြု၍၊ နိရုဇ္ဈတိ-ချုပ်သွားလေ၏။

ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ။ ။ [ပစ္စည်းတရား၌ "အတိတ်ဖြစ်သော" ဟူသည်ကား ပစ္စယုပ္ပန်တရားတို့ဖြစ်သည့်အခါ ထိုနာနက္ခဏိကကမ္မစေတ နာက ချုပ်ပြီးဖြစ်၍ "အတိတ်"ဟုဆိုသည်။]အတိတ်လောဘမူပဌမစိတ်၌ ယှဉ်သော စေတနာသည် နာနက္ခဏိကကမ္မပစ္စည်း-ထိုစေတနာကြောင့် အပါယ်ဘုံ၌ ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ်သည်၎င်း ပဝတ္တိအခါ အကုသလဝိပါက် စက္ခုဝိညာဏ်စသော နာမက္ခန္ဓာသည်၎င်း ပဝတ္တိအခါဖြစ်ဖြစ်သမျှသော အနိဋ္ဌကမ္မဇရုပ်သည်၎င်း နာနက္ခဏိက ကမ္မ ပစ္စည်း၏ ပစ္စယုပ္ပန်၊ ဤသို့ စသည်ဖြင့် အကုသိုလ် နာနက္ခဏိကကမ္မပစ္စည်း တပ်ပုံကို သိလေ။

အတိတ်မဟာကုသိုလ် ပဋ္ဌမစိတ်၌ရှိသော စေတနာသည် နာနက္ခဏိက ကမ္မ ပစ္စည်း–ထို စေတနာကြောင့် ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်သည်၎င်း ပဝတ္တိအခါ ကုသလဝိပါက်စက္ခု ညာဏ်စသော ဝိပါက်နာမက္ခန္ဓာသည်၎င်း ပဝတ္တိအခါဖြစ်ဖြစ်သမျှ ကဋတ္တ ကမ္မဇရုပ်သည်၎င်း နာနက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်, ရူပကုသိုလ် စေတနာသည် ပစ္စည်း–ရူပဘုံ၌ ပဋိသန္ဓေနာမက္ခန္ဓာ ကမ္မဇရုပ်နှင့် ပဝတ္တိ နာမက္ခန္ဓာကမ္မဇရုပ်သည် ပစ္စယုပ္ပန်, သညာဝိရာဂ ဘာဝနာ ဖြစ်သော အတိတ်ရူပပဋ္ဌမဈာန်၌ရှိသော စေတနာသည် ပစ္စည်း–အသညသတ် ကမ္မဇ ရုပ်(ပဋိသန္ဓေပဝတ္တိ ၂ပါးစုံသည် ပစ္စယုပ္ပန်, မဂ်စော၌ရှိသော စေတနာ သည် ပစ္စည်း–ဖိုလ်ဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်၊ [ဤ မဂ္ဂစေတနာက ဖိုလ်ဇောအား ကျေးဇူးပြုရာ၌ အနန္တရစသည်နှင့် ပကတူပနိဿယ သတ္တိ လည်းရသည်။] ပစ္စနိက်အား ထင်ရှားပြီ။

**လေ့ကျင့်ခန်းမေးခွန်း**

၁။ ကမ္မသတ္တိကို ဥပမာနှင့်တကွပြ၍, လောဘမူပဋ္ဌမစိတ် စေတသိက် တို့၌ (သဟဇာတကမ္မ) ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

၂။ နာနက္ခဏိကကမ္မ၌ နာနာဟူသည် မည်သည့်တရားမှ သီးခြား နည်း။

၃။ အကြောင်းတရားမရှိသည့်နေ့မှ အကျိုးရပုံများကိုလည်းပြပါ။

၄။ ကုသိုလ် အကုသိုလ် (စေတနာ)တို့ ဥပါဒ် ဋ္ဌီဘင်စေ၍ချုပ်သွား သည့်အခါ ဘာတစုမှ မကျန်ရစ်တော့ပြီဟု မှတ်ရမည်လော, အဘယ်အရာ ကျန်ပါသေးသနည်း။

၅။ လောဘမူ ပဋ္ဌမစိတ်၌ရှိသော စေတနာ၏ အကျိုးများကို (ပဋိ သန္ဓေအခါ–ပဝတ္တိအခါစုံအောင်) ပြ၍ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကို လည်း ပြပါ။

၆။ မဂ်ဇောစေတနာက ဖိုလ်ဇောအား ကျေးဇူးပြုရာ၌ အဘယ်ပစ္စည်း များ ရနိုင်ပါသေးသနည်း။

---

**ဝိပါကပစ္စည်း** ဝိပါက ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်
**၃ ချက်စု** တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့်
၃ပါး အပြားရှိကုန်၏၊ ထိုတွင် အချင်းချင်းအားရင်း အချင်း

**ဝိပါကပစ္စယော**။ ။ဝိပါက်တို့၏ သဘောသည် ပြအပ်ခဲ့ပြီးသော စေတနာကံသဘောနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်၏၊ ကုသိုလ် အကုသိုလ်ဇောတို့သည် နောင်အခါ အကျိုးပေးဘို့ရန်ငင်း ယခုလောလောဆယ် ကိုယ်မှု နှုတ်မှု စိတ်မှုဟူသော အမှုအရာ ကြိယာစုကို ဖြစ်စေဘို့ရန်ငင်း ဗျာပါရရှိကြကုန်၏၊ ဝိပါက်စိတ်တို့ကား ကုသိုလ် အကုသိုလ်ကံကြောင့် အဆင်သင့်ဖြစ်ကြရသည့်အတွက် ထိုကဲ့သို့ဗျာပါရမျိုးမရှိကြ၊ ထို့ကြောင့် ကုသိုလ် အကုသိုလ်ဇောတို့၏ ဖြစ်ပုံသည် ငြိမ်ငြိမ်သက်သက်မရှိ ကြီးပွားရေးကို လိုလားသူ၏ ဗျာပါရများပုံ ဧမေနေတတ်ပုံနှင့်တူ၏၊ ဝိပါက်စိတ်တို့၏ဖြစ်ပုံကား ငြိမ်ငြိမ်သက်သက်ရှိလှ၏, ဆရာမိဘတို့အရှိန်ကြောင့် ငြိမ်ငြိမ်ကလေးနေရသူ–ကြီးပွားရေးကို လုံးလုံးမလိုက်စားသူတို့ ဧစက်စက်နေထိုင်ပုံနှင့်တူ၏။

ဤဝိပါက်စိတ်တို့ ငြိမ်ငြိမ်သက်သက် ဖြစ်ပုံမှာလည်း အိပ်ပျော်စဉ်ဘဝင်ကျနေသည့်အခါဖြင့် ထင်ရှားလှ၏၊ ထိုစကားမှန်၏–အိပ်ပျော်သည့်အခါ ဘဝင်ဟူသော ဝိပါက်စိတ်အစဉ်သာ ဖြစ်နေ၏၊ ထိုဝိပါက်စိတ်တို့ဖြစ်နေပုံသည် စိတ်ဖြစ်မှန်းပင် မသိအောင် ငြိမ်သက်လှ၏, ထိုအိပ်ပျော်ခိုက်သက်သက်၌ မည်သည့် ကိုယ်မှု နှုတ်မှု စိတ်၏ပယောဂမှုမျှ မဖြစ်ကြတော့ချေ၊ ပဥ္စဒွါရဝီထိ အခိုက်မှာလည်း ပဥ္စဝိညာဉ် သမ္ပဋိစ္ဆိုန်းစသော ဝိပါက်စိတ်များချည်းသာဆိုလျှင် ဖြစ်မှန်းပင် သိရှိမည်မဟုတ်၊ ဇောစသည်လို့သာ ထို ပဥ္စဒွါရဝီထိများ ထင်ရှားရလေသည်၊ ဤမျှလောက်ပင် ဝိပါက် စိတ်တို့သည် ဗျာပါရကင်းလျက် ငြိမ်သက်သော တရားများပေတည်း။

ထို့ကြောင့် "လူတေယော်က အခြားလူတေို့အား ဧနေနေရန် စိမ်သကဲ့သို့ မိမိကိုယ်တိုင် ဗျာပါရကင်းလျက် ငြိမ်သက်သည်ဖြစ်၍ တကွဖြစ်ဘက်တရားစုအားလည်း ဗျာပါရကင်းလျက် ငြိမ်သက်ဘို့ရာ ကျေးဇူးပြုတတ်သော သတ္တိသည် ဝိပါကသတ္တိမည်၏ဟုမှတ်၊ [ရှေးဆရာတို့က ဤဝိပါက

ချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားဖြင့် တတ်သော ဝိပါက် ဆတ္တိံသ စေတသိက် အဋ္ဌတ္တိံသ ဟူသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ပါး, ဤတရားတို့သည် ဝိပါကပစ္စည်း၏ ကျေးဇူးပြုပုံကို "အရိပ်ထည်းနေသူအား လေညှင်းတိုက်ခတ်၍ မြေပုံနှင့်တူ၏"ဟု ဥပမာပြကြ၏, သို့သော် ထိုမြေပုံမှာ သီတတေဇော လွှမ်းမိုးသော မြေခြင်းတည်း၊ ဤဝိပါကပစ္စည်း၏ငြိမ်သက်ပုံကား"သီတ" ခေါ်တဲ့ အဇမဟုတ်, ကိုယ် နှုတ် စိတ် အမှုအရာကိုဖြစ်စေဘို့ရာ ဗျာပါရ ကင်းသော ငြိမ်သက်ခြင်းတည်း၊ ထို့ကြောင့် ထိုဥပမာကို စဉ်းစားပါ။]

[ဆောင်] မိမိကိုယ်က, ဗျာပါရတို့, လုံးဝမရှိ, ငြိမ်သက်ဘိ၍, မိမိ တမှု, တူအောင်ငြိမ်သက်, ဖြစ်စေချက်, ဝိပါက်သတ္တိခေါ်။

[ပဋ္ဌာနုဋ္ဌ] နိရုဿာဟသန္တဘာဝေန နိရုဿာ ဟသန္တဘာဝါယ ဥပ ကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော။

"နိရုဿာဟသန္တဘာဝေန-ဗျာပါရမရှိသော ငြိမ်သက်ဆေးသည်၏ အဖြစ်ဖြင့်၊ နိရုဿာဟသန္တဘာဝါယ-ဗျာပါရမရှိသော ငြိမ်သက်ဆေး သည်၏ အဖြစ်အကျိုးငှာ"ဟု အနက်ပေး၊ ဤ၌ "သန္တ"အရ"ငြိမ်သက် ဆေးမှု"ဟူသည် ကိလေသာအပူဝေးသော ငြိမ်းခြေင်းမဟုတ်, ပယောဂ ဗျာပါရကင်းဝေးသော ငြိမ်းခြေင်းတည်း-ဟု သိစေလို၍ "နိရုဿာဟ"ဟု ဝိသေသနကူမရသည်၊ ထို့ကြောင့် နိရုဿာဟသည် သန္တဘာဝ၏ ဝိသေ သနတည်း၊ ဥဿာဟအရလည်း ဝီရိယကို မယူရ, ဗျာပါရကို ယူရမည်။

[အနုဋီကာ] တေန သဥဿာဟောတိစ ကြိယာ မယစိတ္တုပ္ပါဒဿ (ကိုယ်နှုတ် စိတ် အမှုအရာ ကြိယာကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်၏) ပဝတ္တိအာကာရော ဝေဒိတဗ္ဗော၊ ယောဗျာပါ ရောတိ ဝုစ္စတိ၊ န ဝီရိယုဿာဟော။

မဏိမဉ္ဇူကား "နိရုဿာဟသန္တဘာဝေန"ဟူသော စကားကို သဲနှံစ ယူပြီးလျှင် ၁-သဥဿာဟ အသန္တသဘာဝစိတ်, ၂-သဥဿာဟသန္တ

ပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊ အချင်းချင်းမှ ထောက်အပ်သော ဝိပါက်ဆတ္တိံသ စေတသိက် အဌတ္တိံသ ဟူသော နာမက္ခန္ဓာ၊ ထို နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော (ဝိညတ်ဒွေ ကြဉ်သော) စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်, ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်

သဘာဝစိတ်, ၃–နိရုဿာဟ သန္တသဘာဝစိတ်, ၄–နိရုဿာဟ သန္တ သဘာဝ သဥဿာဟ သန္တသဘာဝစိတ်,ဟု စိတ် ၄ မျိုး ခွဲခြားပြ၏။

ထိုတွင် ၁–နံပါတ်အရ အကုသိုလ်စိတ်ကို ယူလိုသတတ်၊ ထိုအလိုကို ထင်ရှားစေအံ့–အကုသိုလ်စိတ်သည် ဗျာပါရရှိ၏, ဗျာပါရရှိသည့်အတွက် ကိုယ်မှု နှုတ်မှု စိတ်မှုများကို ဖြစ်စေနိုင်၏, နောင်အခါ အကျိုးဝိပါက်ကို လည်း ဖြစ်စေ၏, ကိလေသာ အပူစာတ်နှင့်တကွ ဖြစ်ရသောကြောင့် ငြိမ်သက် မေြခြင်းသဘောလည်းမရှိချေ။ ထို့ကြောင့် အကုသိုလ်စိတ်ကို သဥဿာဟ အသန္တသဘာဝ (ဗျာပါရရှိလျက် ငြိမ်သက်မေြခြင်းသဘော မရှိသောစိတ်)ဟု ဆိုလိုသတတ်။

၂–နံပါတ်ကား ကုသိုလ်စိတ်များတည်း၊ ထိုစကားမှန်၏–ကုသိုလ်စိတ် များသည် အကုသိုလ်စိတ်ကဲ့သို့ပင် ကိုယ်မှုနှုတ်မှု စိတ်မှုနှင့် အကျိုးဝိပါက် ကိုဖြစ်စေဘို့ရန် ဗျာပါရရှိကြပေ၏၊ သို့သော် အကုသိုလ်ကဲ့သို့ ကိလေသာ အပူမပါသဖြင့် လွန်စွာမေြ သန္တသဘောရှိပေရကား သဥဿာဟ သန္တ သဘာဝစိတ်ဟု ဆိုလိုသတတ်၊ ၃–နံပါတ်ကား အာဝဇ္ဇန်းဒွေနှင့် ဤဝိပါက ပစ္စည်းတပ်သော ဝိပါက်စိတ်များပင်တည်း။

၄–နံပါတ်ကာ ကြိယာစိတ်များတည်း၊ ထိုစိတ်များ ဖြစ်သည့်အခါ ကိလေသာအပူမပါသဖြင့် သန္တသဘောရှိကြ၏၊ နောင်ခါအကျိုးပေးဘို့ ဗျာပါရ မရှိသည့်အတွက် နိရုဿာဟလည်း ဖြစ်၏၊ ယခုလောလောဆယ် ကိုယ်မှု နှုတ်မှု စိတ်မှုကို ဖြစ်စေဘို့ရာ ဗျာပါရမကင်းသဖြင့် သဥဿာဟ ဟုလည်း ဆိုသတဲ့၊ ဤကား မဏိမဉ္ဇူ အဆိုတည်း။

ဖြစ်သော တရားတို့ မည်ကုန်၏၊ ကုသိုလ်စိတ် ကေဝိသ အကုသိုလ်စိတ် ဒွါဒသ ကြိယာစိတ် ဝီသ စေတသိက် ဒွေပညာသ ဟူသော နာမက္ခန္ဓာ, ထို ကုသိုလ် အကုသိုလ် ကြိယာ

**စဉ်းစားဘွယ်။** ။ဤမဏိမဥ္ဇူအဆိုကို စဉ်းစားထိုက်၏၊ အဋ္ဌကထာ၌လာသော "သန္တဘာဝေန သန္တဘာဝါယ"၌ သန္တဟူသည် ကိလေသာ အပူဧးသော ငြိမ်းခြင်းမဟုတ်၊ ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ဖြစ်စေဘို့ရာ ဗျာပါရကင်းဝေးသော ငြိမ်းခြင်းတည်း၊ ထို့ကြောင့် ကုသိုလ်ကြိယာ စိတ်များကို ကိလေသာ အပူဝေး၍ ငြိမ်းခြင်းသန္တသဘောရှိ၏,အကုသိုလ်တို့မှာ ကိလေသာ အပူဓာတ်ကြောင့် ငြိမ်းခြင်း သဘောမရှိဟု ကိလေသာ မီးကို အခြေခံပြုထားခြင်းမှာ အဋ္ဌကထာရင်းမှ ဆန်းပြား၍ တစခန်း သွားခြင်းသာ ဖြစ်၏၊ ထို့ပြင်-အာရုံအသစ်ကို ဆင်ခြင်မှု ဗျာပါရ မကင်းသော အာဝဇ္ဇန်းဒွေကို ဝိပါက်နှင့် အလားတူထား၍ နိရုဿာဟ သန္တဟု ဆိုခြင်းမှာလည်း စဉ်းစားစရာပင်။

ထိုမှတပါး-ကြိယာစိတ်များကို သဉဿာဟ နိရုဿာဟဟု ၂ ဖွ ဆိုခြင်းမှာလည်း "ကြိယာမယ စိတ္တုပ္ပါဒတာယ-ကိုယ်နှုတ်စိတ် အမှုအရာကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်၏ အဖြစ်ကြောင့်၊ သဉဿာဟာ ဧဝ-ဗျာပါရ ရှိကုန်သည်သာတည်း"ဟု ဝေသဒ္ဒါနှင့်တကွ ယတိပြတ် ဆိုသော စကား "တတောပိ-ထို သဉဿာဟဖြစ်သော ကြိယာမယ စိတ္တုပ္ပါဒ်မှလည်း၊ ဝိသေသနတ္ထံ-ဝိပါက်တို့ကို အထူးပြုခြင်းငှာ၊ နိရုဿာဟသန္တဘာဝေနာတိ - ဟူ၍၊ ဝုတ္တံ - အဋ္ဌကထာ ဆိုအပ်ပြီ" ဟူသော (အနုဋီကာ) စကားတို့နှင့် ဆန့်ကျင်ပြန်သည်၊ ထို့ကြောင့် မဏိမဥ္ဇူလာ သဉဿာဟ အသန္တသဘာဝစိတ် စသော ၄ ချက်အခွဲကို စဉ်းစားကြပါကုန်။

**ပစ္စည်းပစ္စယုပ္ပန်။** ။"အချင်းချင်းအားရင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားရင်း တတ်သော"ဟူရာ၌ အချို့ ၃ချက် နဝယ် "ထော်တတ်သော"ဟု ရှိ၏၊ ထိုစကားမှာ အညမည၌သာ သင့်၏,

နာမက္ခန္ဓာတို့သည် ဟထာရဟ ပြုအပ်သော စိတ္တဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားတို့ မည်ကုန်၏။

အခြားပစ္စည်းများ၌ မသင့်၊ ထို့ကြောင့် "ထောက်" ဟူသော စကား မပါသော ၃ ချက်စု စာအုပ်အတိုင်း ပြလိုက်သည်၊ ဤစကားစုနှင့်တကွ ပစ္စယုပ္ပန်မှာ လာသည့် "အချင်းချင်းမှ ထောက်အပ်သော" ဟူသော စကား၏အဓိပ္ပာယ်ကို သဟဇာတပစ္စည်း၌ ပြခဲ့ပြီ။

ပစ္စယုပ္ပန်ဝယ် "ထိုနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော ဝိညတ် ဒွေကြဥ်သော စိတ္တဇရုပ်"ဟူရာ၌ "ယထာရဟ ပြုအပ်သော" ဟူရာ၌ "ထိုက်သည်အားလျော်စွာ ကျေးဇူးပြုအပ် ဖြစ်စေအပ်သော"ဟု ဆိုလို သည်၊ ဝိပါက်စိတ်တို့တွင် အရူပဝိပါက် ဒွေပဉ္စဝိညာဉ်တို့က ရုပ်ကို မဖြစ် စေနိုင်, အရူပဘုံ၌ဖြစ်ခိုက် ဖိုလ် ၄ ခုလည်း ရုပ်ကိုမဖြစ်စေနိုင်၊ ထို့ကြောင့် "ယထာရဟပြုအပ်"ဟု ဆိုသည်၊ ထိုဝိပါက်နာမက္ခန္ဓာတို့က (ရုပ်ပိုင်း၌ ပြမဲ့သည့်အတိုင်း) ဝိညတ်ရုပ်ကိုမဖြစ်စေနိုင်သောကြောင့် "ဝိညတ်ဒွေကြဉ် သော စိတ္တဇရုပ်"ဟု ဆိုသည်။ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို သဟဇာတ ပစ္စည်း၌ ပြခဲ့သည့်အတိုင်း နည်းမှီ၍ သိလောက်ပြီ။

**ခန္ဓာသုံးစွဲရပုံ။** ။စိတ် စေတသိက်ချင်း အပြန်အလှန် ကျေးဇူး ပြုရာ၌ "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ"စသည်ဖြင့် ကျေးဇူးပြုပုံကို ပါဠိတော်ရင်းမှာ တိုက်ရိုက်ပြထား၏၊ ထို့ကြောင့် စိတ်စေတသိက်တို့ အပြန်အလှန် ကျေးဇူးပြုရာ ,သဟဇာတစသော ပစ္စည်းများ၌ ပစ္စည်း ပစ္စယုပ္ပန်ဝယ် ခန္ဓာဟူသော စကားလုံးကို အသုံးပြုရသည်၊ ထိုကဲ့သို့ စေတသိက်ချင်း အပြန်အလှန်မရသော ပစ္စည်းများ၌ ခန္ဓာဟု မသုံးစွဲရ။

**ပစ္စနိက်။** ။"ထို ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော"ဟူသော စကားကို စိတ္တဇရုပ်တွင် စပ်၊ "ထို နာမက္ခန္ဓာတို့ ယထာရဟ ကျေးဇူးပြုအပ် ဖြစ်စေအပ်သော စိတ္တဇရုပ်"

ဟူလို၊ ဤ၌ စိတ္တဇရုပ် ဟူရာဝယ် ဝိညတ်လည်းပါ၏၊ ထို ဝိညတ်ကို အဘိညာမှ တပါးသော အပ္ပနာ ဇောများက မဖြစ်စေနိုင်သောကြောင့် ၎င်း၊ အရူပဘုံ၌ ဖြစ်ခိုက် နာမက္ခန္ဓာတို့က ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ၎င်း "ယထာရဟပြအပ်သော"ဟု ဆိုရပြန်သည်၊ "ဝေါဋ္ဌပနကာမာဝစရ ဇဝနာဘိညာပန ဝိညတ္တိံပိ သမုဋ္ဌာပေန္တိ"အရ ဝိညတ်ဖြစ်စေနိုင်သော စိတ်များကို သတိပြုပါ။

## လေ့ကျင့်ခဏ်းမေးခွန်း

၁။ ဝိပါကသတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ မဏိမဉ္ဇူသာ ဆိုသည့်အတိုင်း စိတ်အားလုံးကို သဥဿာဟသန္တ သဘာဝစသော ၄ ချက်၌ ထည့်သွင်းပြပါ။

၃။ ထို မဏိမဉ္ဇူခွဲပုံ၌ ယုတ္တိမရှိပုံ, အနုဋီကာနှင့် ဆန့်ကျင်ပုံကိုပြပါ။

၄။ "ထိုနာမက္ခန္ဓာတို့သည် ယထာရဟပြအပ်"ဟူသော ပစ္စယုပ္ပန်၌ "ပြအပ်"၏ အဓိပ္ပာယ်နှင့် "ယထာရဟ"၏ အဓိပ္ပာယ်ကိုပြပါ။

၅။ "ဝိညတ်ဒွေကြဉ်သော စိတ္တဇရုပ်" ဟူရာ၌ ဝိညတ်ဒွေ ကြဉ်ရခြင်း အကြောင်းကို ပြပါ။

၆။ သဟဇာတပစ္စည်းမှစ၍ အချို့ပစ္စည်းများ၌ ခန္ဓာဟူသော စကား လုံးကို အသုံးပြုလျက် "နာမက္ခန္ဓာ ၄ ပါး" ဟုဆို၏၊ ဟေတု စသော အချို့ပစ္စည်းများ၌ကား ခန္ဓာဟူသော စကားလုံးကို မသုံးဘဲ သာမန် ဆိုထား၏၊ ထိုကဲ့သို့ အသုံးအစွဲ ကွဲပြားရာ၌ "မည်သည့်ပစ္စည်းမျိုး၌ ခန္ဓာဟု သုံးရမည်, မည်သည့်ပစ္စည်းမျိုး၌ ခန္ဓာဟု မသုံးရ"ဟု ခွဲခြားပြပါ။

၇။ မဟာဝိပါက် ပဋိသန္ဓေစိတ် စေတသိက် စိတ္တဇရုပ်တို့ဖြစ်ရာ၌ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကိုပြပါ။

၈။ ပစ္စနိက်၌ "ယထာရဟ ပြအပ်သော" ဟူရာဝယ် ယထာရဟ ဆိုရခြင်း၏အကြောင်းကို ပြပါ။

**ရုပ်အာဟာရ** အာဟာရပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ၃ ချက်ရ အာဟာရပစ္စည်းသည် ရုပ်အာဟာရ နာမ် အာဟာရအားဖြင့် ၂ ပါး အပြားရှိ၏၊ ထိုတွင် ရုပ်အာဟာရ၌ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် ကဗဠီကာရ အာဟာရဟုဆိုအပ်သော ခဲဘွယ် ဘောဇဉ် အစရှိသည်၌ တည်သော ဇဟိဒ္ဓသြဇာ, ဤ တရားတို့သည် ရုပ်အာဟာရ ပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊ အာဟာရ သမုဋ္ဌာနိကရုပ်, ဤတရားတို့သည် ရုပ်အာဟာရ

**အာဟာရပစ္စယော။** ။ သကသကပစ္စယုပ္ပန္နေ-မိမိ မိမိ၏ပစ္စယုပ္ပန် တရားတို့ကို၊ အာဟရတိ(ဘူသော ဟရတိ) - လွန်စွာ ဆောင်တတ်၏၊ ဣတိ-ကြောင့်၊ အာဟာရော-အာဟာရမည်၏၊ ဟိတ်အာရုံစသော ပစ္စည်း တို့လည်း မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားများကို ဆောင်ကြပေ၏၊ သို့သော် အဇ္ဈတ္တသန္တာန်မှာ (ခန္ဓာအစဉ်မှာ) လွန်စွာ ကျေးဇူးများသည့်အတွက် ကဗဠီကာရစသော ၄ ပါးကိုသာ "အာဟာရ" ဟု ခေါ်ဝေါ်ကြောင်းကို သမ္မစ္စည်းပိုင်း ဘာသာဋီကာ၌ပြခဲ့ပြီး၊ "အာဟရတိ-လွန်စွာ ဆောင်တတ် ၏" ဟူရာ၌ "ဆောင်" ဟူသည်ကား အကျိုးပစ္စယုပ္ပန်တရားစုကို အစွန့် ရှည်စွာ ဆက်လက် တည်တန့်အောင် ထောက်ပံ့မှု ဥပတ္ထမ္ဘနသဘောပင် တည်း၊ "သူဆောင်နေလို့ သည်အလုပ်ကြီး တည်တန့်နိုင်တယ်, သူမရှိလျှင် ပျက်မှာဘဲ" ဟူသော လောကပြောရိုးစကား၌ တည်တန့်အောင် ဆောင် ရွက်မှုကို "ဆောင်" ဟု သုံးနှုန်းသကဲ့သို့တည်း၊ ထို့ကြောင့် "ဤအာဟာရ ပစ္စည်းကို အိမ်စသည်၌ မယိမ်းမယိုင် မြဲနိုင်အောင် ထောက်ထားသည့် "ကျား" ခေါ်သော ထောက်တိုင်နှင့်တူ၏" ဟု ဥပမာပြကြလေသည်။

[ဆောင်] ကျားထောက်သည့်ဟန်, ပစ္စယုပ္ပန်ကို, မြဲမြဲစေလျက်, နော်နောင် ဆက်အောင်, ဆောင်ရွက်နိုင်ဘိ, ထောက်ပံ့ သည်, သတ္တိအာဟာရ ခေါ်။

ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ စိတ်တခု ယုတ် ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်, ဗာဟိယရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်, ဤ တရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စနိက်ဖြစ်သောတရားတို့ မည်ကုန်၏။

ဆက်ဦးအံ့- "ဤ အာဟာရပစ္စည်းတရားတို့၌ ထောက်ပံ့မှု ဥပတ္ထမ္ဘန သတ္တိသာ ရှိ၏, ပစ္စယုပ္ပန်တရားကို ဖြစ်စေနိုင်သော ဇနကသတ္တိကားမရှိ" ဟု ထင်မှားတတ်၏၊ စင်စစ်မှာ ဇနကသတ္တိလည်း ရှိပါ၏,ဇနကသတ္တိဖြင့် ဖြစ်စေသည့်အရာဝယ်(အခြားပစ္စည်းများလို ဖြစ်စေရုံမျှမဟုတ်, သွားရင်း ဟန်လွဲ ဆိုသလို) အဆက်မပြတ်အောင် ထော်ပံ့လျက်ဖြစ်စေသောကြောင့် "ထောက်ပံ့တတ်သည်" ဟု ဆိုသည်၊ ထင်ရှားစေအံ့-အစာ စားလိုက် သည့်အခါ ထို အစာအာဟာရကြောင့် အာဟာရဇရုပ် ဖြစ်ရုံသာမက, တကိုယ်လုံး၌ရှိသော ကမ္မဇ စိတ္တဇ ဥတုဇရုပ်များလည်း တောင့်တောင့် တင်းတင်း လန်းလန်းဆန်းဆန်း ရှိကြ၏၊ ထိုကဲ့သို့ လန်းလန်းဆန်းဆန်း ရှိကြသဖြင့် ထိုကမ္မဇ စသောရုပ်တို့ မပြတ်စဲနိုင်ဘဲ ဆက်လက်ဖြစ်ပွား ကြပြန်လေသည်၊ နာမ်အာဟာရတို့ကလည်း တကွဖြစ်ဘက် တရားတို့ကို ဖြစ်လည်း ဖြစ်စေ၏, သမ္ပယုတ္တပစ္စည်းပိုင်း၌ ပြခဲ့သည့်အတိုင်း နာမ်တရားတို့ အဆက်ဆက်တိုးပွားအောင် ထောက်လည်းထောက်ပံ့လေသည်။

[မူလဋီကာ] ဇနယမာနောပိ ဟိ အာဟာရော အဝိစ္ဆေဒဝသေန ဥပတ္ထမ္ဘေန္တောယေဝ ဇနေတီတိ ဥပတ္ထမ္ဘနဘာဝေါ အာဟာရဘာဝေါ။

**ပစ္စည်းပစ္စယုပ္ပန်။** ။"ဩဇာသင်္ခါတော အာဟာရော အာဟာရ သမုဋ္ဌာနရူပံ အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ"ဟု ပြခဲ့ သည့်အတိုင်း ခဲဘွယ်သောဇဉ်စသော အစာတွင် ပါဝင်သော ဩဇာသည် ရုပ်အာဟာရပစ္စည်း- အာဟာရသမုဋ္ဌာနိက႐ုပ်သည် ပစ္စယုပ္ပန်။

**တနည်းကား** - အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ, ဤတရားတို့ သည် ရုပ်အာဟာရ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ **တနည်းကား။** ။ ပဌမနည်း၌ ဗဟိဒ္ဓ အာဟာရက ဇနကသတ္တိဖြင့် ကျေးဇူးပြုနိုင်ရာလောက်ကို ရည်ရွယ်၍ ကောက်သည်၊ ထိုအကော်သည် ကုသလတိက ပဋ္ဌာနဝါရနှင့်ညီ၏၊ သို့သော် အဇ္ဈတ္တအာဟာရတို့က ဇနက ဥပတ္ထမ္ဘက သတ္တိ ၂ မျိုးဖြင့် ကျေးဇူးပြုနိုင်သောအရာ ဗဟိဒ္ဓအာဟာရက ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုနိုင်သောအရာတွေ အတော်များစွာ ကျန် သေး၏၊ ထင်ရှားစေအံ့-ခန္ဓာကိုယ်၌ ကမ္မသမုဋ္ဌာနရုပ်အစဉ် စိတ္တသမုဋ္ဌာန ရုပ်အစဉ် ဥတုသမုဋ္ဌာနရုပ်အစဉ် အာဟာရသမုဋ္ဌာန ရုပ်အစဉ်ဟု ၄မျိုး ရှိ၏၊ ထိုရုပ်အစဉ်မှာပါသော ဩဇာတွေသည် (ဥတုကဲ့သို့) အာဟာရ သမုဋ္ဌာနရုပ်ကလာပ်ကို ဖြစ်စေ၍ အခြားရုပ်ကလာပ်များကို ထောက်ပံ့နိုင် သတဲ့၊ ဗဟိဒ္ဓဩဇာလည်း ခန္ဓာကိုယ်၌ အာဟာရဇရုပ်ကိုလည်း ဖြစ်စေ၏, မိမိဖြစ်စေအပ်သော အာဟာရဇရုပ်တပါး အခြားဩဇာက ဖြစ်စေအပ် သော အာဟာရဇရုပ်အား ထော်လည်း ထော်ပံ့၏၊ ကြွင်းသော တိဇရုပ်တို့ ကိုကား ထောက်ပံ့ရုံသာ ထောက်ပံ့သည်၊ ထို့ကြောင့် ပဌမနည်း၌ အဇ္ဈတ္တ ဩဇာစုက ဖြစ်စေပုံကို အဇ္ဈတ္တဗဟိဒ္ဓ ဩဇာ ၂ မျိုးက ထောက်ပံ့များမပါ သေးချေ၊ ထို့ကြောင့် "တနည်းကား" စသည်ဖြင့် ဒုတိယ တနည်းပြရ လေသည်၊ [အဇ္ဈတ္တဩဇာတို့က အာဟာရသမုဋ္ဌာန် ရုပ်ကလာပ်ကို ဖြစ် စေကြောင်းကို ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိခဏ်း ကြည့်။]

[အဋ္ဌကထာ] စတုသန္တတိသမုဋ္ဌာနော ကဗဠီကာရာဟာရော ကိဋ္ဌာပိ ဣမဿ ကာယဿာတိ အဝိသေသတော ဝုတ္တော၊ ဝိသေသ တော ပနာယမေတ္တ အာဟာရသမုဋ္ဌာနရူပဿ ဇနကောစေဝ အနုပါလကောစ ဟုတွာ အာဟာရပစ္စယေန ပစ္စယော ဟော တိ, သေသ တိသန္တတိသမုဋ္ဌာနဿ အနုပါလကော ဟုတွာ အာဟာရပစ္စယေန ပစ္စယော ဟောတိ။...ပစ္စယနိဒ္ဒေသ။

ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ – ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်, ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏၊ စိတ်တခု ယုတ် ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, ဗာဟိယရုပ်, ဤ တရားတို့သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားတို့ မည်ကုန်၏။

**နာမ်အာဟာရ** နာမ်အာဟာရ၌ သရုပ်တို့သည် ပစ္စည်း ပစ္စ
**၃ ချက်ရ** ယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါးအပြားရှိကုန်၏၊ ထိုတွင် ဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃–ပါး, ဤတရားတို့သည် နာမ်အာဟာရ ပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊ စိတ် တခုယုတ်

**ပစ္စည်း။** ။ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာဟူသည် ခန္ဓာကိုယ်တွင်း၌ ကံ စိတ် ဥတု အာဟာရအကြောင်း ၄ ပါးကြောင့် အသီးသီးဖြစ်ကြသော ကမ္မသမုဋ္ဌာန စိတ္တသမုဋ္ဌာန ဥတုသမုဋ္ဌာန အာဟာရသမုဋ္ဌာန ရုပ်ကလာပ်အစဉ်တွင် ပါဝင်သော ဩဇာတည်း၊ အပြင်ပခဲဘွယ်ဘောဇဉ် စသည်ကား ဥတုဇရုပ်တည်း, ထို ဥတုဇရုပ်၌ ပါသော ဩဇာကို ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဥတုဇဩဇာဟု ဆိုသည်။

**ပစ္စယုပ္ပန်။** ။"ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ် ပြားဖြစ်သော စတု သမုဋ္ဌာနိကရုပ်" ဟူရာ၌ ဥပမာ–ဧကဇ္ဈသကဉ်၌ရှိသော ဩဇာသည် ပစ္စည်းဖြစ်ခိုက်, သူသည် ပစ္စယုပ္ပန်တွင် မပါနိုင်,သူမှ ကြွင်း သော ကလာပ်တူ ရုပ် ၉ခုနှင့် ကလာပ်မတူသော ၂ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇရုပ် (ခန္ဓာကိုယ်တွင်းရှိ ရုပ်အားလုံးတို့) ပစ္စယုပ္ပန် ဖြစ်ကြ၏။

[ဥပါဒိန္နပါဒါနိယတိကအဖွင့် မူလဋီကာ၌ကား အဇ္ဈတ္တရုပ်က ကျေးဇူးပြုခြင်းကို အလိုရှိဟန်မတူ, ဇနကသတ္တိဖြင့် ဖြစ်စေ ဥပတ္ထမ္ဘကသတ္တိဖြင့်ဖြစ်စေ ဗဟိဒ္ဓဩဇာကသာ ကျေးဇူးပြုနိုင်သည်–ဟု ယူလိုဟန်တူ၏။]

ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်, ဤအရာတို့သည် နာမ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရား တို့သည် နာမ်အာဟာရ ပစ္စည်း၏ ပစ္စနိက်၊ပေ၊မည်ကုန်၏။

**နာမ်အာဟာရ။** ။ ဖဿ ပစ္စည်းဖြစ်ခိုက် စေတနာ ဝိညာဉ်တို့ ပစ္စယုပ္ပန်၌ ပါ၏, ထို့အတူ စေတနာ ပစ္စည်းဖြစ်ခိုက် ဖဿဝိညာဉ်တို့ ပစ္စယုပ္ပန်, ဝိညာဉ်ပစ္စည်းဖြစ်ခိုက် ဖဿ စေတနာတို့ ပစ္စယုပ္ပန်ဖြစ်ရကား ပစ္စယုပ္ပန်၌ ထို ၃ပါးကို မကြဉ်ရ, အားလုံး စိတ်စေတသိက်တို့ ပစ္စယုပ္ပန် ဖြစ်ကြရသည်၊ လောဘမူ ပဌမစိတ်စေတသိက် စိတ္တဇရုပ် တပြိုင်နက်ဖြစ် ရာ–ဖဿသည် ပစ္စည်းစိတ် (ဖဿမှတပါး) စေတသိက် ၁၈ စိတ္တဇရုပ် သည် ပစ္စယုပ္ပန်၊ ထို့အတူ စေတနာသည်၊ ပေ၊ ဒလောဘမူ ပဌမစိတ်ဟူ သော ဝိညာဉ်သည် ပစ္စည်း, စေတသိက် ၁၉ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်၊ ပဋိသန္ဓေ ကိစ္စတပ်၍ ဆိုင်ရာစိတ်စေတသိက် ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ရာ၌ ဖဿသည် ပစ္စည်း–စိတ် စေတသိက် ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်, စသည်ဖြင့် သိလေ။

## လေ့ကျင့်ခန်းမေးခွန်း

၁။ အာဟာရသတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ ရုပ်အာဟာရ၌ ပဌမနည်းအရ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ပြ၍, ဒုတိယ တနည်းဆိုရခြင်း၏အကြောင်းကိုလည်း ပြပါ။

၃။ စတုသမုဋ္ဌာနိက ဩဇာဟူသည် အဘယ်နည်း, ထိုအဇ္ဈတ္တဩဇာက ရုပ်ကို ဖြစ်စေသလော, ထောက်ပံ့သလော၊ ဖြစ်စေလျှင် အဘယ်ရုပ် ကို ဖြစ်စေ၍, ထောက်ပံ့လျှင် ဘယ်ရုပ်ကို ထောက်ပံ့သနည်း။

၄။ ဒုတိယနည်းအရ ဗဟိဒ္ဓဩဇာ တည်းဟူသော ပစ္စည်းတရား၏ ဖြစ်စေအပ်–ထောက်ပံ့အပ်သော ပစ္စယုပ္ပန်တရားတို့ကို ခွဲခြားပြပါ။

**သဟဇာတိန္ဒြိယ** ဣန္ဒြိယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌
**၃ ချက်စု** ဣန္ဒြိယပစ္စည်းသည် သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယအားဖြင့် ၃ ပါးအပြားရှိ၏၊ ထိုတွင် သဟဇာတိန္ဒြိယ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားဖြင့် ၃ ပါးအပြားရှိကုန်၏၊ ထိုတွင် ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟူသော နာမ်ဣန္ဒြေ တရားကိုယ် ၈ ပါး, ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊ စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပဉ္စသ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်, ဤ တရားတို့သည် သဟဇာတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော

**ဣန္ဒြိယပစ္စယော**။ ။ဣန္ဒတိ-လွန်စွာအုပ်စိုးတတ်၏၊ ဣတိ-ကြောင့်၊ ဣန္ဒြိယံ-ဣန္ဒြိယမည်၏၊ စက္ခုပသာဒရုပ် ကြည်လင်လေ စက္ခုဝိညာဉ်က ရူပါရုံကို အမြင်သန်လေဖြစ်၏ မည်မျှပင် ကြည့်ချင်အားကြီးသော်လည်း စက္ခုပသာဒက ညံ့ဖျင်းနေလျှင် ဒဿနကိစ္စ (မြင်ခြင်း)လည်း အားသေးရ တော့၏၊ ထို့ကြောင့် စက္ခုပသာဒသည် ဒဿနကိစ္စ၌ အစိုးရပေသည်၊ ဤသို့လျှင် ဆိုင်ရာကိစ္စ၌ မိမိအလိုအတိုင်းဖြစ်ရအောင် ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော သတ္တိသည် ဣန္ဒြိယပစ္စည်းမည်၏၊ ဥပမာ-ပြည်ထဲရေး အမတ် ပညာရေးအမတ်စသော မှူးမတ်တို့သည် မိမိဆိုင်ရာကိစ္စ၌ အစိုးရ ကြသကဲ့သို့တည်း၊ ဆိုင်ရာကိစ္စ၌ အုပ်စိုးဟန်ကို သမုစ္စည်းပိုင်း၌ ညွှန်ပြခဲ့ ပြီ၊ အဓိပတိနှင့် ဣန္ဒြေတို့ သတ္တိထူးကိုလည်း ထို သမုစ္စည်းပိုင်းအဓိပတိ၊ တရား၌ ပြခဲ့ပြီ။

[ဆောင်] တပြည်တွင်း၌, ချင်းချင်းမဆန့်၊ ခွဲခန့်အုပ်စီး, မှူးမတ် နည်းသို့, သီးသီးဌာန, ကိုယ့်ကိစ္စ၌, စိုးရပလေ, သတ္တိတွေ, ဣန္ဒြေပစ္စည်း ခေါ်။

တရားတို့ မည်ကုန်၏၊ ဇာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်, ဤတရားတို့သည် သဟဇာတိန္ဒြိယ ပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

**ပုရေဇာတိန္ဒြိယ ၃ ချက်ဓ** ပုရေဇာတိန္ဒြိယဌ် သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် မန္ဒာယုက အမန္ဒာယုက မၛ္ဈိမာယုကအားဖြင့် ၃ ပါးသော စက္ခုဝတ္ထုတို့တွင် မၛ္ဈိမာယုကဖြစ်၍ အတီတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ ပေ၊ မၛ္ဈိမာယုက ဖြစ်၍ အတီတဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု, ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်း

**သဟဇာတိန္ဒြိယ။** ။ တကွဖြစ်သော **ရုပ်နာမ်** တရားတို့အား အုပ်စိုးတတ်သော တရားသည် သဟဇာတိန္ဒြိယမည်၏၊ **တရားကိုယ်မှာ** သမ္ပယုတ္တစည်းပိုင်း၌ ပြခဲ့သော နာမ်ဣန္ဒြေတရားကိုယ် ၈ပါးတည်း၊ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံကား–လောဘမူ ပဌမစိတ် စေတသိက် စိတ္တဇရုပ်တို့ဖြစ်ရာ, ထို၌ပါသော ဇီဝိတိန္ဒြေသည် ပစ္စည်းကြွင်းသော စိတ်စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်၊ လောဘမူပဌမစိတ်သည် ပစ္စည်း–ယှဉ်ဘက်စေတသိက်နှင့် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်, ဤသို့စသည်ဖြင့် ဝေဒနာသည် ပစ္စည်း ၊ပေ၊ ဝီရိယသည် ပစ္စည်း ၊ပေ၊ ဧကဂ္ဂတာသည် ပစ္စည်း–ကြွင်းသော လောဘမူ ပဌမစိတ် စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန် သဒ္ဓါသတိ ပညာတို့ကား လောဘမူ၌ မယှဉ်ကြ၊ ထိုသဒ္ဓါစသည်တို့နှင့် ယှဉ်သော မဟာကုသိုလ်စသည် ဖြစ်ရာ၌ သဒ္ဓါ စသည်ကိုလည်း ပစ္စည်းဘက်၌ လဲလှယ်ထည့်သွင်းရမည်၊ ပဋိသန္ဓေစိတ် ဖြစ်သည့်အခါလည်း ပဋိသန္ဓေ ကမ္မဇရုပ်ကို ထည့်သွင်းရုံသာ၊ အရူပဘုံ၌ ဖြစ်ခိုက်မှာ ပစ္စယုပ္ပန်ဘက်၌ ရုပ်မပါခြင်းသာ ထူး၏။

တပ်သော တရားတို့ မည်ကုန်၏၊ ဒွေပဉ္စဝိညာဉ် ၁၀, သဗ္ဗ စိတ္တသာဓာရဏ စေတသိက် ၇ ခု, ဤတရားတို့သည် ပုရေ ဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ ဒွေပဉ္စဝိညာဉ် ၁၀ ကြင်သော စိတ်တခု ယှဉ်ရှစ်ဆယ် စေတ သိက် ဒွေပဉ္စာသ, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိယ ရုပ် အာဟာရဇရုပ်, ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏။

**ရူပဇီဝိတိန္ဒြိယ** ရူပဇီဝိတိန္ဒြိယ၌ သရုပ်တို့သည် ပစ္စည်း ပစ္စ **၃ ချက်စု** ယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် ပဝတ္တိပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေ,

**ပုရေဇာတိန္ဒြိယ။** ။စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဉ်သည် စက္ခုဝတ္ထုကို မှီရ၏၊ ထိုစက္ခုဝတ္ထုသည် စက္ခုဝိညာဉ်မဖြစ်မီ ဖြစ်နှင့်သောကြောင့် ပုရေ ဇာတလည်း ဟုတ်၏, ဒဿနကိစ္စ၌ အစိုးရသည့်အတွက် ဣန္ဒြိယလည်း ဟုတ်၏,ထို့ကြောင့် ပုရေဇာတဣန္ဒြိယသတ္တိ ရှိ၏၊ သောတ ဃာန ဇိဝှါ ကာယဝတ္ထုများလည်း ဤနည်းပင်တည်း၊ မန္တာပယုကစသော အဓိပ္ပာယ်မှာ နိဿယပစ္စည်း၌ပြခဲ့သည့်အတိုင်းသာတည်း၊ စက္ခုဝိညာဉ်မဖြစ်မီ ဖြစ်နှင့် ၍ ဋ္ဌီသို့ ရော်သောစက္ခုဝတ္ထုသည် ပစ္စည်း—စက္ခုဝိညာဉ်နှင့် သဗ္ဗစိတ္တသာဓာ ရဏစေတသိက် ၇ ခုသည် ပစ္စယုပ္ပန်, ဤသို့စသည်ဖြင့် ပစ္စည်းပစ္စယုပ္ပန် ဖြစ်ဟန်ကို သိရာ၏၊

**ရူပဇီဝိတိန္ဒြိယ။** ။ ပဝတ္တိအခါဖြစ်စေ ပဋိသန္ဓေအခါဖြစ်စေ ကမ္မဇ ကလာပ်ဖြစ်တိုင်း ဇီဝိတရုပ် ပါ၏၊ ထို ဇီဝိတရုပ်ဟူသမျှသည် မိမိနှင့် တကလာပ်ထည်း ဖြစ်ကြသော ကမ္မဇရုပ်တွေကို စောင့်ရှောက်တတ်၏, စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးတရဖြစ်၏၊ ထို့ကြောင့် ပဝတ္တိ ပဋိသန္ဓေ

ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ ရုပ်ဇီဝိတ်နဝကြွေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉ ခု, ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားကို မည်ကုန်၏၊ စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပဉ္စာသ, စိတ္တဇရုပ် ဗာဟိယရုပ် အာဟာရဇ ရုပ် ဥတုဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်၌ တည်သော ရုပ်ဇီဝိတ်နဝကြွေ, ဤ တရားတို့ သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

အားဖြင့် အလုံးစုံသော ရုပ်ဇီဝိတသည် ဣန္ဒြိယပစ္စည်းဖြစ်၏၊ ထို ရုပ်ဇီဝိတ သည် ပစ္စည်းအမြဲဖြစ်ရကား ပစ္စယုပ္ပန်တွင် မပါဝင်နိုင်တော့ဘဲ ပစ္စနိက်မှာ ပါဝင်ရသည်၊ [ပစ္စနိက်၌ "ပဋိသန္ဓေကမ္မဇ အသညသတ်ကမ္မဇ ပဝတ္တိ ကမ္မဇရုပ်၌တည်ရှိသော ဇီဝိတ်နဝကြွေ" ဟူသည် ထိုပစ္စည်းဖြစ်သော ဇီဝိတရုပ် ပင်တည်း၊ ပဋိသန္ဓေကမ္မဇကလာပ်၌ တည်ရှိသော ဇီဝိတ်နဝကြွေ, အသညသတ် ကမ္မဇရုပ်ကလာပ်၌ တည်ရှိသော ဇီဝိတ်နဝကြွေ, ပဝတ္တိကမ္မဇရုပ်ကလာပ်၌ တည်ရှိသော ဇီဝိတ်နဝကြွေဟု ဆိုလိုသည်၊] စက္ခုဒသက ကလာပ်၌ ဇီဝိတ ရုပ်သည် ပစ္စည်း–ဇီဝိတမှကြွင်းသော ကလာပ်တူ (တကလာပ်ထည်း ဖြစ်သော) ကမ္မဇ ၉ ခုသည် ပစ္စယုပ္ပန်၊ သောတဒသကစသော ကမ္မဇ ကလာပ် ၈ စည်း၌လည်း ဤနည်းပင်တည်း။

**ရူပဇီဝိတိန္ဒြေကို သီးခြားထုတ်ရပုံ။** ။ရူပဇီဝိတသည် တကွဖြစ်ဘက် ကမ္မဇရုပ်တို့အား ကျေးဇူးပြုသောကြောင့် သဟဇာတိန္ဒြိယတွင် ပါဝင် သင့်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် သီးခြားခွဲရပါသနည်းဟု မေး၊ အဖြေကား–ဇီဝိတသည် တကွဖြစ်ဘက် ကလာပ်တူ ကမ္မဇရုပ်အား ကျေးဇူးပြုသော်လည်း နာမ်ဣန္ဒြေများကဲ့သို့ ဥပါဒ်ခိုက်၌ အထင်အရှား

ကျေးဇူးမပြုနိုင်၊ ဩဇာသည် မိမိနှင့်အတူဖြစ်သော ရုပ်အား ထောက်ပံ့သကဲ့သို့ ဤ ဇီဝိတရုပ်လည်း ဌီအခိုက်ကျမှ စောင့်ရှောက်ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသည်၊ ထို့ကြောင့် ရုပ်ဇီဝိတကို သဟဇာတ ပုရေဇာတ ၂မျိုး၌ မသွင်းနိုင်ဘဲ သီးခြားထုတ်ရပြန်သည်။

[ဋီကာကျော်] ရူပဇီဝိတိန္ဒြိယံ စေတ္တ ဩဇာဝိယ ဌိတိက္ခဏေ ဥပကာရ ကတ္တာ သဟဇာတပစ္စယေသု နဂယှတီတိ ဝိသုံ ဝုတ္တံ။

**ဘာဝိန္ဒြေ ၂ ပါးပစ္စည်းမထိုက်။** ။ဣတ္ထိန္ဒြေပုရိသိန္ဒြေတို့၌ အဘယ့် ကြောင့် ဣန္ဒြိယပစ္စည်း မတပ်ပါသနည်း၊ လိင်္ဂနိမိတ္တ ကုတ္တ အာကပ္ပတို့သည် ဘာဝရုပ်၏အကျိုးဖြစ်ရကား "ဣတ္ထိန္ဒြေပုရိသိန္ဒြေတို့က ဣန္ဒြိယပစ္စည်း လိင်္ဂ စသည်ကိုက ဣန္ဒြိယပစ္စည်း၏ပစ္စယုပ္ပန်"ဟုဆိုဘို့ရန် မသင့်ပါလော-ဟု စောကြောမေးမြန်းဘွယ်ရှိ၏၊ အဖြေကား-ဤဣန္ဒြိယပစ္စည်းသည် အတ္ထိ ပစ္စည်းတွင် ပါဝင်သောကြောင့် ဣန္ဒြိယပစ္စည်းတပ်လျှင် အတ္ထိပစ္စည်းလည်း ဖြစ်ရမည်၊ အတ္ထိပစ္စည်း၏သဘောကား ပစ္စည်းပစ္စယုပ္ပန် ၂ပါးလုံး ဥပါဒ် ခိုက်မှာဖြစ်စေ ဌီအခိုက်မှာဖြစ်စေ ထင်ရှားရှိစေရမည်၊ ဘာဝရုပ်တို့သည် ပဋိသန္ဓေခဏပင် ဖြစ်ကြ၏၊ ထို ပဋိသန္ဓေခဏ၌ လိင်္ဂစသည်တို့ မရှိကြ သေး၊ ဤသို့လျှင် ဘာဝရုပ်ဖြစ်သည့်အခါ လိင်္ဂစသည်တို့က ထင်ရှားမရှိ သေးသည့်အတွက် အတ္ထိသဘော မသက်သောကြောင့် ဘာဝရုပ်တို့က လိင်္ဂ စသည်တို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။

**အာဒနုဘူး။** ။ "ပစ္စည်းပစ္စယုပ္ပန် ထင်ရှားရှိမှ ကျေးဇူးပြုမည် မှန်လျှင် ဘာဝဒသက ကလာပ်၌ မိမိနှင့်တကွ ဖြစ်ဘက် ရုပ်၉ ခုအားရင်း ဩဇာသည် ကလာပ်တပါး၌ ထင်ရှားရှိခိုက် ရုပ်တို့အား ထောက်ပံ့သကဲ့သို့ ကလာပ်တပါး၌ရှိသော ရုပ်တို့အား ထောက်ပံ့သောအားဖြင့်ရင်း ကျေးဇူး ပြုပါတော့လား"ဟူအံ့ တကွဖြစ်ဘက်ရုပ် ၉ခုအားရင်း ကလာပ်တပါး၌ ပြုသောရုပ်တို့အားရင်း မည်သည့်နည်းနှင့်မျှ အစိုးမရသောကြောင့် တကွ

ဖြစ်ဘက်ရုပ်–ကလာပ်တပါး၌ ရှိကြသော ရုပ်တို့အားလည်း ဘာဝရုပ်က ကျေးဇူးမပြုနိုင်။

**[မူလဋီကာ]** ယသ္မာ ဣန ဘာဝဒသကေပိ ရူပါနံ ဣတ္ထိန္ဒြိယံ နဇနကံ နာပိ အနုပါလကံ– ဥပတ္ထမ္ဘကံ ဝါနစ အညကလာပရူပါနံ၊ တသ္မာ တံ ဇီဝိတိန္ဒြိယံ ဝိယ သကလာ ရူပါနံ အာဟာရော ဝိယ ဝါကလာပဋ္ဌ ရရူပါနဥ္စဣန္ဒြိယအတ္ထိ အဝိဂတပစ္စယောတိ နဝုတ္တံ၊ သေန ယော ပုရိသိန္ဒြိယေပိ။–ရူပကဏ္ဍ။

**ဣန္ဒြိယသတ္တိမရှိသော်လည်း ဣန္ဒြိယမည်ပုံ။** ။ လိင်္ဂစသည်တို့အား ကျေးဇူးမပြု, တကွဖြစ်ဘက်ရုပ်တို့အားလည်း ကျေးဇူးမပြုနိုင်ဘဲလျက် ဤ ဘာဝရုပ် ၂ ပါးကို ဘယ်အတွက် ဣန္ဒြိယဟု နာမည်မှည့်ထားပါသနည်း။ အဖြေကား– ဘာဝရုပ် ၂ပါးက လိင်္ဂစသည်အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူး မပြုနိုင်သော်လည်း သုတ္တန်နည်းအရ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူး ပြုလျက် အစိုးရလျက်ရှိသောကြောင့် ဣန္ဒြိယ ဟု နာမည်မှည့်ရပေသည်၊ ထင်ရှားစေအံ့–ဣတ္ထိဘာဝရုပ် ဖြစ်ရာသန္တာန်၌ ထိုဘာဝရုပ်အရှိန်ကြောင့် လိင်္ဂ (အသွင်သဏ္ဌာန်) နိမိတ္တ (ပြုံးရယ်ဟန်စသည်) ကုတ္တ (ကစားပုံ) အာကပ္ပ(သွားလာပုံ) စသည်များသည် သေးသွယ်နွဲ့ပြောင်းပြော့ပျောင်း သိမ်မွေ့လျက်ရှိရသည်သာများ၏၊ ပုရိသဘာဝရုပ်ဖြစ်ရာ သန္တာန်၌ကား ထိုဘာဝရုပ်တန်ခိုးကြောင့် လိင်္ဂစသော အကျိုးတို့ ကြီးမားခန့်ကျန်းလျက် ရှိသည်သာများ၏၊ ဤသို့လျှင် ဘာဝရုပ်က "ငါ့သန္တာန်မှာ လိင်္ဂစသည်တို့ မည်ကဲ့သို့ ဖြစ်စေရမည်"ဟု မစီမံသော်လည်း စီမံသကဲ့သို့ သုတ္တန်ပကတူပ နိဿယသတ္တိဖြင့် ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သောကြောင့် လိင်္ဂစသည်ကို အစိုးရသော ဣန္ဒြိယတရားများဟု နာမည်မှည့်ထားရလေသည်။

[အချို့ကား "လိင်္ဂစသည်တို့သည် ပဋိသန္ဓေအခါ ကလလရေကြည် အနိုက်စသည်၌ အတ္တိသဘောအားဖြင့် အထိုက်အလျော် ရှိကြ၏,သို့သော် လိင်္ဂစသည်တို့က ပရမတ်တရားအစစ် မဟုတ်ကြ, ပရမတ်ဖြစ်သော ရုပ်

အပေါင်းကိုစွဲ၍ ပညတ်ရသော ပညတ်မျှသာ ဖြစ်သောကြောင့် ဘာဝရုပ်တို့က ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ဘဲ ရှိရလေသည်”ဟု အဋ္ဌကထာနည်းအပေါ်မှာ တမျိုးကျော်၍ ပြောဆိုကြသေး၏၊ ကလလရေကြည်အခိုက်မှာ နိမိတ္တ ကုတ္တ အာကပ္ပတို့ရှိဘို့အရေးကား ဝေးလှချေ၏,လိင်ရှိ-မရှိကပင် ဆင်ခြင်စရာပေ။]

## လေ့ကျင့်ဖဏ်းမေးခွန်း

၁။ ဣန္ဒြိယသတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ မဟာကုသိုလ် -ပဌမစိတ် စေတသိက် စိတ္တဇရုပ်တို့ဖြစ်ကြရာ၌ သဟဇာတိန္ဒြိယ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကိုပြပါ။

၃။ ကာယဒွါရဝိထိချ၍ ပုရေဇာတိန္ဒြိယပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကိုပြပါ။

၄။ စက္ခုဒသက ကလာပ်၌ ရူပဇီဝိတိန္ဒြိယ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ပုံကို ပြပါ။

၅။ စက္ခုဒသကၥ်ပါသော ဇီဝိတသည် အခြားကမ္မဇကလာပ်ရုပ်အား ကျေးဇူးပြုနိုင်သလော, မပြုနိုင်လျှင် ဆိုရိုး၌ ဘယ်စကားကို ထော်မည်နည်း။

၆။ ရုပ်ဇီဝိတကို သဟဇာတိန္ဒြိယ၌ မသွင်းဘဲ အဘယ့်ကြောင့် သီးခြားထုတ်ရသနည်း။

၇။ ဘာဝရုပ် ၂ ပါးတို့ အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်သနည်း။

၈။ ဣန္ဒြိယသတ္တိ မရှိဘဲလျက် ဘာဝရုပ် ၂ ပါးကို အဘယ့်ကြောင့် ဣန္ဒြိယဟု အမည်ပေးရသနည်း။

-----

**ဈာနပစ္စည်း** ဈာနပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်
**၃ ချက်စု** တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်၌ရှိသော ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ ဝေဒနာဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅ပါး, ဤတရားတို့သည် ဈာနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ ဒွေပဉ္စဝိညာဉ် တဆယ် ကြဉ်သော စိတ်တခုယုတ်ရှစ်ဆယ်

**ဈာနပစ္စယော။** ။ ဈာယတိ ဥပနိဇ္ဈာယတိ-အာရုံကို စူးစူးစိုက်စိုက် ရှုတတ်၏၊ ဣတိ-ကြောင့်၊ ဈာနံ-ဈာန်မည်၏၊ ဈာယတိကို ဥပနိဇ္ဈာယတိ ဟု ဖွင့်ရာ၌ ဥပသဒ္ဒါက ကပ်နေအောင် စွဲနေအောင် ရှုခြင်းကို ထွန်းပြ၏၊ ထို့ကြောင့် ရူပါဝစရစိတ်၌ ပြခဲ့သည့်အတိုင်း ဝိတက် ဝိစာရ ပီတိဝေဒနာ တို့က မိမိဆိုင်ရာကိစ္စကို ရွက်ဆောင်အားပေးကြသဖြင့် ဧကဂ္ဂတာသည် အာရုံတခု အပေါ်၌ ကပ်နေသလို စွဲနေသလိုဖြစ်အောင် ငြိမ်သက် တည်ကြည်စွာ ကျကျနန အာရုံပြုမှုကို "ဥပနိဇ္ဈာန-စူးစူးစိုက်စိုက်ရှုမှု"ဟု ခေါ်၏၊ ထိုကဲ့သို့ စူးစူးစိုက်စိုက် ရှုနိုင်သောသတ္တိသည် ဈာနပစ္စည်းမည်၏၊ ဤဥပနိဇ္ဈာနသတ္တိဖြင့် စူးစိုက်စွာ ရှုသည့်အခါ အာရုံများ အလွန်ထင်ရှားလာသောကြောင့် အနုဋီကား၌ "ဥပနိဇ္ဈာနန္တိ-ဟူသည်ကား၊ ဥပနိကစ္စ-ကပ်ရောက်၍၊ နိဇ္ဈာန ဈာနာရမဏာသ-ကြည့်ရှုအပ်သော ဈာန်၏အာရုံကို၊ ဈာနစက္ခုနာ-ဈာန်စက္ခုဖြင့်၊ ဗျတ္တတရံ-အထူးထင်ရှားစွာ၊ ဩလောကနံ-ကြည့်ရှုခြင်းတည်း"ဟု ဖွင့်ပြီ။

ဤ ဈာနသတ္တိကို သစ်ပင်ပေါ်-သို့မဟုတ် တောင်ထိပ်ပေါ်သို့ တက်သူဖြင့် ရှေးဆရာတို့ ဥပမာပြကြ၏၊ သစ်ပင်ပေါ် တောင်ထိပ်ပေါ်သို့ တက်သူသည် ထိုထို ဤဤ၌ အထူးအဆန်း အမျိုးမျိုးကို ကိုယ်တိုင်လည်း ကြည့်ရ မြင်ရ၏, မိမိမြင်ရသမျှကို အောက်လူတို့အားလည်း ပြောပြ၏၊

စေတသိက် ဒွေပဉ္စဝိညာဏ်, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်, ဤတရား တို့သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန် ၏၊ ဒွေပဉ္စဝိညာဉ်တဆယ် သဗ္ဗစိတ္တသာဓာရဏ စေတသိက်၇ခု, ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စနိက်ဖြစ် သော တရားတို့ မည်ကုန်၏။

ထို့အတူ ဝိတက်စသော ဈာန်တရားတို့သည် အာရုံကို မိမိတို့လည်း စူးစိုက်စွာ ယူ၏၊ သဟဇာတ်တရားတို့အားလည်း မိမိတို့ကဲ့သို့ အာရုံကို စူးစိုက်ဘို့ရန် ဈာနသတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုစကားမှန်၏–ဝိဘက်စသည် တို့၏ ကူညီချက်ဖြင့် အာရုံတခု၌ ကေဂ္ဂတာကျ (သမာဓိရ)နေသည့်အခါ ယှဉ်ဘက်တရားတို့လည်း ထိုအာရုံမှာ စွဲမြဲစွာ အာရုံပြုကြရတော့သည်။

[ဆောင်] အာရုံစုစု, ဈာန်စကျဖြင့်, ရှုလေတိုက်ရိုက်, စူးစိုက်စိုက်တည်း,
နောက်လိုက်တို့အား, ကိုယ့်အလားဖြင့်, ရှုစားစေရ, သတ္တိပြ,
ဈာနပစ္စည်းခေါ်။

ပစ္စည်းပစ္စယုပ္ပန်။ ။လောဘမူပဋ္ဌမစိတ် စေတသိက် စိတ္တဇရုပ်တို့ တကွဖြစ်ရာ၌ ဝိတက်သည် ပစ္စည်း–ဝိတက်မှကြွင်းသော စိတ်စေတသိက် ၁၈ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်၊ ယို့အတူ ဝိစာရသည် ပစ္စည်း ၊ပေ၊ ပီတိ သည် ပစ္စည်း ၊ပေ၊ ကေဂ္ဂတာသည် ပစ္စည်း၊ ပေ၊ ဝေဒနာသည် ပစ္စည်း– ဝေဒနာမှကြွင်းသော လောဘမူပဋ္ဌမစိတ် စေတသိက် ၁၈ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်၊ ပဋိသန္ဓေအခါ ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္စယုပ္ပန်၌ သွင်းရာ၏၊ ဤနည်းအတိုင်း အရဟတ္တဖိုလ် တိုင်အောင်သိလေ၊ အရူပဘုံ၌ ပစ္စုယုပ္ပန် တွင် ရုပ်မပါခြင်းသာ ထူး၏၊ [ဒွေပဉ္စဝိညာဉ်၌ ဈာနသတ္တိ မရှိပုံကို "ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ"ဟူသော သမုစ္စည်းပိုင်း၌ ပြခဲ့ပြီ။]

**မဂ္ဂပစ္စည်း** မဂ္ဂပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့ ၃ ချက်ရှိ သည့် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ပါး အပြားရှိကုန်၏၊ ထိုတွင် သဟိတ်စိတ် ကေသတ္တတိ၌ ရှိသော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ

**မဂ္ဂပစ္စယော။** ။မဂ္ဂသဒ္ဒါသည် သွားရိုးလာစဉ်လမ်းခရီးကို ဟောရင်းတည်း၊ ဤ၌ ထိုလမ်းခရီးနှင့်တူသော ပညာစသည်ကို မဂ္ဂဟုခေါ်သည်၊ ချဲ့ဥုးအံ့–ပကတိလမ်းခရီးသည် ကောင်းသောအရပ်သို့လည်း ရောက်စေတတ် မကောင်းသောအရပ်သို့လည်း ရောက်စေတတ်သကဲ့သို့ ဤပညာစသော သမ္မာမဂ္ဂင်တို့သည် ဒုဂ္ဂတိဘဝမှ သုဂတိဘဝသို့ရှင်း ညစ်နွမ်းသော သံကိလေသအဘို့မှ ဖြူစင်သော ဝေါဒါနအဘို့သို့ရှင်း ရောက်စေတတ်၍ ဒိဋ္ဌိစသော မိစ္ဆာမဂ္ဂင်တို့က သုဂတိဘဝမှ ဒုဂ္ဂတိဘဝသို့ရှင်း ဝေါဒါနအဘို့မှ သံကိလေသအဘို့သို့ရှင်း ရောက်စေတတ်သည်၊ ဤသို့လျှင် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ထိုထိုဘဝ ထိုထိုအဘို့သို့ရောက်စေနိုင် ဆောင်ပို့နိုင်သော သတ္တိသည် မဂ္ဂပစ္စည်းမည်၏၊ ဤမဂ္ဂပစ္စည်းကို ရှေးဆရာတို့က လှေသင်္ဘောနှင့်တူ၏–ဟု ဥပမာပြ၏၊ လှေသင်္ဘောသည် ဤဘက်ကမ်းမှ ဟိုဘက်ကမ်း–ဟိုဘက်ကမ်းမှ ဤဘက်ကမ်းသို့ ဆောင်ပို့သကဲ့သို့ သုဂတိမှ ဒုဂ္ဂတိသို့ရှင်း ဒုဂ္ဂတိမှ သုဂတိသို့ရှင်း ဆောင်ပို့တတ်သော တရားများ–ဟူလိုသတတ်၊ ဤကား အနုဋီကာစသော ရှေးဋီကာတို့ ဖွင့်ပြချက်တည်း။

**ဤကျမ်းအယူ။** ။ထိုအဓိပ္ပာယ်အတိုင်း ထိုထိုဘဝ ထိုထိုအဘို့မှအခြားဘဝ အခြားအဘို့သို့ ဆောင်ပို့တတ်သောကြောင့် မဂ္ဂဟု ဆိုလျှင် ဝိပါက်ကြိယာတို့သည် ထိုကဲ့သို့ မဆောင်ပို့နိုင်ကြသဖြင့် မဂ္ဂသတ္တိမရှိကြလေရာ, ထိုကဲ့သို့ သတ္တိမရှိလျှင်လည်း မဂ္ဂပစ္စည်းမဖြစ်နိုင်၊ "ယတောဝါ တတောဝါ နိယျာနဋ္ဌေန ဥပကာရကာနိ ကုသလာဗျာကတာနိ ဒွါဒသမဂ္ဂါနိ မဂ္ဂပစ္စယော"ဟူသော အဋ္ဌကထာဝယ် "ယတောဝါ တတောဝါတိ သမ္မာဝါ မိစ္ဆာဝါ"ဟုသာ မူလဋီကာဖွင့်၏၊ ထိုအဖွင့်၌ သမ္မာဝါဖြင့် သမ္မာဒိဋ္ဌိစသော မဂ္ဂင်များက, မိစ္ဆာဝါဖြင့် မိစ္ဆာဒိဋ္ဌိစသော မဂ္ဂင်များကို ရည်ရွယ်သည်။

ဝိရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး, ဤတရားတို့သည် မဂ္ဂပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊ သဟိတ်စိတ် ကေသတ္တတိ စေတသိက် ဒွေပညာသ, သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်, ဤ တရား တို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏၊ အဟိတ်စိတ် အဋ္ဌာရသ ဆန္ဒကြဉ်သော အညသမာန်း ဒွါဒသ, အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇ ရုပ်, ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

ဤသို့လျှင် အဋ္ဌကထာဋီကာတို့၌ မည်သည့်အရာမှ မည်သည့်အရာသို့ ရောက်အောင် ဆောင်ပို့သည်ဟု အထင်အရှား ဖွင့်မပြသဖြင့် အဓိပ္ပာယ် သင့်သလိုယူခွင့်ရှိ၏၊ ထို့ကြောင့် အနုဋီကာစသည်တို့ အယူအတိုင်း မဟုတ် ဘဲ-"ပကတိလမ်းခရီးသည် မိမိအပေါ်၌ သွားလာသူကို လိုရာအရပ်သို့ ဆောင်ပို့သကဲ့သို့ ကုသိုလ်အကုသိုလ် ဝိပါက်ကြိယာတို့၌ ပါရှိသော မဂ္ဂင် တရားတို့လည်း မိမိတို့နှင့်တကွ ဖြစ်ဘက်တရားစုကို လိုရာအာရုံလိုရာကိစ္စသို့ ဆောင်ပို့နိုင်သော သတ္တိသည် မဂ္ဂပစ္စည်းမည်၏"ဟု ကြံမိပေသည်။

[ဆောင်] ပကတိလမ်း, လိုရာမြန်းဘို့, ဆောင်စွမ်းသည့်နှယ်, သတ္တိ<br>ကြွယ်သို့, သွယ်သွယ်တကွ, ဖြစ်သမျှကို, ကိစ္စအာရုံ, လိုရာ<br>ကြံအောင်, ပို့ဆောင်နိုင်စွ, သတ္တိပြ, မဂ္ဂပစ္စည်းခေါ်။

**ပစ္စည်းပစ္စယုပ္ပန်။** ။ လောဘမူပဌမစိတ်၌ ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိတို့ယှဉ်ရာ ဝိတက်သည် မဂ္ဂပစ္စည်း, လောဘမူပဌမစိတ် ဝိတက်ကြဉ် သော စေတသိက် ၁၈ စိတ္တဇရုပ်သည် မဂ္ဂပစ္စည်း၏ပစ္စယုပ္ပန်,ဤသို့စသည် ဖြင့်သိလေ။ [မဂ္ဂင် ၁၂ ပါး၏ တရားကိုယ်ကောက်နှင့်တကွ သမ္မာမဂ္ဂင်မိစ္ဆာ မဂ္ဂင်ခွဲချက်ကို သမုစ္စည်းပိုင်း အခြေပြု၍ ဘာသာဋီကာတို့၌ ပြခဲ့ပြီ။]

**သမ္ပယုတ္တ** သမ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ် ၃ ချက်စု တို့သည် ပစ္စည်းပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ပါး အပြားရှိကုန်၏၊ ထိုတွင် အချင်းချင်းအား တတ်သောအလုံးစုံ သော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပဉ္စာသ ဟူ သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ပါး, ဤတရားတို့သည် သမ္ပယုတ္တပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ အချင်းချင်း မှ ထောက်အပ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်

**သမ္ပယုတ္တပစ္စယော။** ။ သမ္ပယုတ္တ၌ သံသဒ္ဒါသည် သမ အနက် (အညီအမျှ သမဟူသောအနက်)ရှိ၏၊ ပသဒ္ဒါသည် ပကာရ (အပြား) ဟူသော အနက်ရှိ၏၊ အပြားဟူသည် ဧကုပ္ပါဒတာအစရှိသော စေတသိက် ပိုင်းလာအပြားပင်တည်း၊ သံ သဒ္ဒါအရ အညီအမျှ သမဖြစ်ပုံက စတုမဓု ရောပုံဖြင့် ဥပမာပြကြ၏၊ ထောပတ် ပျားရည်သကာ ဆီဟူသော အဆိမ့် အချို ၄ မျိုးကိုရောလျက် သမအောင် ကျိုချက်ပြီးသည့်အခါ ဤအရသာက ထောပတ်အရသာ ဤအရသာက ဆီအရသာ စသည်ဖြင့် ခွဲခြား၍မသိ သာအောင် သမနေသကဲ့သို့, ထို့အတူ နာမ်ခန္ဓာ ၄ပါးတို့ အတူတကွ ယှဉ်ကြသည့်အခါ ဤသဘောက ဝိညာဏက္ခန္ဓာ ဤသဘောက ဝေဒ နာက္ခန္ဓာစသည်ဖြင့် ခွဲခြား၍ မသိသာအောင် သမကြလေတော့သည်ဟူလို၊ ထို့ကြောင့် "နာမက္ခန္ဓာ ၄ ပါးတို့ ဧကုပ္ပါဒတာစသောအပြားတို့ဖြင့်အညီ အမျှ သမလျက် ယှဉ်ကြရာ၌ အချင်းချင်း မဆန့်ကျင်ဘဲ တပါးသဘောကို တပါးက လိုက်ရောနိုင်သော သတ္တိသည် သမ္ပယုတ္တပစ္စည်းမည်၏"ဟုမှတ်၊ ["အချင်းချင်းအား တတ်သော, အချင်းချင်းမှ ထောက်အပ်သော" ဟူသော စကား၏အဓိပ္ပာယ်ကို သဟဇာတပစ္စည်းအတိုင်း သိပါ။]

[ဆောင်] စတုမဓု, ရောစပ်မှုကို နည်းယူ ရန်လုပ်, ပုံစံထုတ်၍, ဧကုပ္ပါဒ, ပကာရဖြင့်, သမလျက်သာ, ယှဉ်ကြရာဝယ်,မကွာ သဘော, လိုက်ရောနိုင်စွ, သတ္တိပြ, သမ္ပယုတ္တခေါ်။

စေတသိက် ဒွေပဉ္စာသ ဟူသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်, ဤ တရားတို့သည် သမ္ပယုတ္တ ပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့ မည်ကုန်၏။

**ပစ္စည်းပစ္စယုပ္ပန်။** ။လောဘမူပဉ္စမစိတ် ယှဉ်ဘက်စေတသိက်ဟူသော နာမ်ခန္ဓာ ၄ ပါးတို့တကွဖြစ်ရာ၌ ဝိညာဏက္ခန္ဓာသည် ပစ္စည်း–စေတသိက် ခန္ဓာ ၃ ပါးသည် ပစ္စယုပ္ပန်, ဝေဒနာက္ခန္ဓာသည် ပစ္စည်း–ကြွင်း ၃ပါးသည် ပစ္စယုပ္ပန်, ခန္ဓာ ၃ ပါးသည် ပစ္စည်း–တပါးသည် ပစ္စယုပ္ပန်,ခန္ဓာ၂ပါး သည် ပစ္စည်း– ၂ ပါးသည် ပစ္စယုပ္ပန်, ဟု အရဟတ္တဖိုလ် နာမက္ခန္ဓာ တိုင်အောင် ဤနည်းအတိုင်း သိလေ၊ ရုပ်တရားတို့မှာ ဧကုပ္ပါဒစသော လက္ခဏာ ၄ ပါးနှင့်အညီ မယှဉ်နိုင်ကြသဖြင့် ပစ္စနိက်ဖြစ်ကြရလေသည်။

## လေ့ကျင့်ခန်းမေးခွန်း

၁။ ဈာနသတ္တိကို ဥပမာနှင့်တကွပြ၍, လောဘမူပဉ္စမစိတ် စေတသိက် နှင့် စိတ္တဇရုပ်တို့ အတူတကွဖြစ်ရာ၌ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကိုလည်း ပြပါ။

၂။ မဂ္ဂသတ္တိကို ဥပမာနှင့်တကွပြ၍, မဟာကုသိုလ် ပဉ္စမစိတ်စေတ သိက် စိတ္တဇရုပ်တို့ အတူတကွ ဖြစ်ရာ၌ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို လည်း ပြပါ။

၃။ သမ္ပယုတ္တသတ္တိကို ဥပမာနှင့်တကွ ပြ၍, ဒေါသမူပဉ္စမစိတ် စေတ သိက်တို့ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံကိုလည်း ပြပါ။

--------

**ဝိပ္ပယုတ္တ ၃ ချက်စု** ဝိပ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတ ဝိပ္ပယုတ် ပုရေဇာတ ဝိပ္ပယုတ် ပစ္ဆာဇာတ ဝိပ္ပယုတ်အားဖြင့် ၃ ပါး အပြားရှိ၏၊ ထိုတွင် သဟဇာတဝိပ္ပယုတ်၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် ၃ ပါး အပြားရှိကုန်၏၊ ထိုတွင် ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ–အရူပဝိပါက် ၄ ခု ဒွေပဥ္စဝိညာဉ်

**ဝိပ္ပယုတ္တပစ္စယော။** ။ဤဝိပ္ပယုတ္တပစ္စည်းသည် သမ္ပယုတ္တ၏ပြောင်းပြန်ဖြစ်၏၊ ဧကုပ္ပါဒတာစသော အပြားတို့ဖြင့် မယှဉ်ရကား ပစ္စည်းနှင့် ပစ္စယုပ္ပန်တရားတို့ အချင်းချင်း မလိုက်ရောနိုင်သော သတ္တိသည် ဝိပ္ပယုတ္တပစ္စည်းမည်၏၊ သို့သော် မယှဉ်သောတရားတိုင်းကို ဝိပ္ပယုတ္တဟု မဆိုရ, "ယတ္ထ အာသင်္ကာ, တတ္ထ ပဋိသေဓော ကာတဗ္ဗော=အကြင်အရာ၌ ယုံမှားဘွယ်ရှိ၏, ထိုအရာ၌ တားမြစ်မှုကို ပြုရမည်"ဟူသော ပရိဘာသာအရ "သမ္ပယုတ်များ ဖြစ်လေရော့သလား" ဟု ယုံမှားရလောက်အောင် ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ အတူတကွ တွေ့မိဆိုင်မိရာ၌သာ သမ္ပယုတ်မဟုတ်ကြောင်း သိစေဘို့ရာ ဝိပ္ပယုတ္တဟု. ထုတ်ပြတော်မူသည်၊ထို့ကြောင့် ဤ ဝိပ္ပယုတ်ပစ္စည်းကို အရသာ ၆ ပါး ရောစပ်ထားပုံနှင့် တူ၏–ဟု ရှေးဆရာတို့ ဥပမာပြကြသည်၊ အရသာ ၆ပါး ရောစပ်ထားရာ၌ ရောပင်ရောသော်လည်း တခုနှင့်တခု မနှီးမနှောမိကြသဖြင့် "အညီအမျှသမ"မဖြစ်နိုင်သလို, ထို့အတူ ပစ္စည်းပစ္စယုပ္ပန်တို့ ရောနှောမိကြ တွေ့မိဆိုင်မိကြသော်လည်း အချင်းချင်း မလိုက်ရောနိုင်ကြသဖြင့် အညီအမျှ သမဆိုတဲ့ သမ္ပတ္တတ္တသဘော မရှိ–ဝိပ္ပယုတ်သာ ဖြစ်ကြသည်–ဟူလို။

[ဆောင်] ရသာခြောက်ပါး, ရောစပ်ထားသို့, နှစ်ပါး ရှင်နာမ်,
ပစ္စယုပ္ပန် ပစ္စည်း, တချိန်ထည်းဝယ်, သီးသီး တွေ့ကြ,
ဆုံမိကြလည်း, သမသဘော, မလိုက်ရောကြ, သတ္တိပြ,
ဝိပ္ပယုတ္တခေါ်။

၁၀ ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ပဉ္စသတ္တတိ စေတသိက် ဒွေပညာသဟူသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄ပါး, အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟာဒယဝတ္ထု, ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ စိတ္တရုပ် ပဋိသန္ဓေ

သဟဇာတဝိပ္ပယုတ်။ ။[အရူပဝိပါက် ဒွေပဉ္စဝိညာဉ် ရဟန္တာတို့၏ စုတိသည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့်ငင်း အရူပဘုံ၌ ဖြစ်ခိုက် စိတ်များလည်း ရုပ်ကို မဖြစ်စေနိုင်သောကြောင့်ငင်း ထိုစိတ်များကို ပစ္စည်းတရား၌ကြဉ်၍ ပဉ္စဝေါကာရဘုံ၌ဖြစ်သော ၇၅ ပါးကိုသာ ကော်သည်၊] ဤသဟဇာတဝိပ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကား သဟဇာတပစ္စည်း ပစ္စယုပ္ပန်တွင် ပါဝင်ခဲ့၍ သမ္ပယုတ်လေလားဟု ယုံမှားဘွယ်ရှိသော တရားများတည်း၊ ထင်ရှားစေအံ့-ပဋိသန္ဓေကိစ္စတပ်သော စိတ်တို့သည် ပဋိသန္ဓေ အခါ ကမ္မဇရုပ်နှင့် အတူတကွဖြစ်ကြ၏၊ ထို ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေ ဥပါဒ်ခဏ၌ အတူတကွ တွေ့မိ ဆိုင်မိကြလေရာ “သူတို့ချင်း သမ္ပယုတ်များ ဖြစ်ရော့သလား”ဟု ယုံမှားဘွယ်ရှိ၏၊ ပဋိသန္ဓေ စိတ် စေတသိက်ဟူသော နာမက္ခန္ဓာနှင့် မှီရာဟာဒယဝတ္ထုရုပ်လည်း ပဋိသန္ဓေခဏ၌ တကွဖြစ်၏,တွေ့မိဆိုင်မိ၏၊ ပဝတ္တိအခါ ယခင် ၇၅ ပါးသောစိတ်နှင့် စေတသိက်တို့လည်း မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်နှင့် အတူတကွဖြစ်၏ တွေ့မိ ဆိုင်မိ၏၊ ထို့ကြောင့် ထိုစိတ်နှင့်ထိုရုပ်တို့သည် သမ္ပယုတ်များဖြစ်ကြရော့သလား-ဟု ယုံမှားဘွယ်ရှိ၏၊ ထိုကဲ့သို့ အတူတကွ ဖြစ်သည့်အတွက် သမ္ပယုတ်ဖြစ်လေရော့သလား ဟု ယုံမှားဘွယ် ရှိသောကြောင့် ဝိပ္ပယုတ္တ ဟု ထုတ်ပြရလေသည်။

[မဟာဋီကာ] သမ္ပယုဇ္ဇမာနာနံ ဟိ အရူပါနံ ရူပေဟိ-ရူပါနဉ္စ တေဟိ သိယာ သမ္ပယောဂါသင်္ကာတိ တေသံ အညမညဝိပ္ပယုတ္တဘာဝ ဝုတ္တော။

ကမ္မဇရုပ်, ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာမှ ထော်အပ်သော ဟဒယဝတ္ထု, ဟဒယဝတ္ထုမှ ထော်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဤတရားတို့သည် သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ တပါး စိတ်တခုယုတ်ကိုးဆယ်

**ရုပ်တရားချင်း ဝိပ္ပယုတ်လည်းမဟုတ်။** ။ သဟဇာတပစ္စည်း၌ စိတ်စေတသိက် နာမက္ခန္ဓာ အချင်းချင်း ကျေးဇူးပြုပုံကိုပုံလည်း ပြခဲ့၏။ ထိုနာမက္ခန္ဓာ အချင်းချင်းမှာ ကေန်သမ္ပယုတ်ဖြစ်၍ သဟဇာတဝိပ္ပယုတ် မဖြစ်နိုင်တော့ပြီ၊ သဟဇာတပစ္စည်း၌ မဟာဘုတ် အချင်းချင်းအားရင်း မဟာဘုတ်က ဥပါဒါရုပ်အားရင်း ကျေးဇူးပြုပုံကိုလည်း ပြခဲ့၏၊ ထိုရုပ်များလည်း သမ္ပယုတ် ဝိပ္ပယုတ် ၂ ပါးလုံးပင် မဟုတ်၍ ဤဝိပ္ပယုတ္တပစ္စည်း၌ မပါဝင်နိုင်၊ ချဲ့ဦးအံ့ ဓာတုကထာ၌ “စတူဟိ သမ္ပယောဂေါ=နာမက္ခန္ဓာ ၄ ပါးနှင့် သမ္ပယုတ်ဖြစ်ခြင်း စတူဟိ ဝိပ္ပယောဂေါ=နာမက္ခန္ဓာ ၄ ပါးနှင့် ဝိပ္ပယုတ်ဖြစ်ခြင်း”ဟု သမ္ပယုတ် ဝိပ္ပယုတ် လက္ခဏာကို နာမက္ခန္ဓာနှင့်သာ တွဲယှဉ်၍ ပြခဲ့၏၊ ယို့ကြောင့် မဟာဘုတ် အချင်းချင်းဖြစ်စေ မဟာဘုတ်နှင့် ဥပါဒါရုပ်ဖြစ်စေ အဝိနိဗ္ဘောဂရုပ်ဖြစ်၍ မကွေမကွာ အတူတကွ ဖြစ်ကြသော်လည်း သမ္ပယုတ် ဝိပ္ပယုတ် ၂ ပါးလုံးပင် မဟုတ်တော့ရကား ဤဝိပ္ပယုတ္တသတ္တိ မရှိကြတော့ချေ။

**[မူလဋီကာ]** ရူပါနံ ရူပေဟိ သတိပိ အဝိနိဗ္ဘောဂေ သမ္ပယောဂေါ ဝိယ ဝိပ္ပယောဂေါပိ နတ္ထီတိ န တေသံ ဝိပ္ပယုတ္တပစ္စယတာ, ဝုတ္တဉှိ–စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါတိ။–ပစ္စယနိဒ္ဒေသ။

**ပစ္စည်းပစ္စယုပ္ပန်။** ။ လောဘမူပဌမစိတ် စေတသိက်နာမက္ခန္ဓာတို့ကြောင့် စိတ္တဇရုပ်ဖြစ်ရာ၌ နာမက္ခန္ဓာ ၄ပါးသည် ဝိပ္ပယုတ္တပစ္စည်း–စိတ္တဇရုပ်သည် ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်၊ ဤနည်းအတိုင်း အရဟတ္တဖိုလ်စိတ်

စေတသိက် ဒွေပဉ္စာသ, ဇာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်, ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရား

စေတသိက် နာမက္ခန္ဓာတိုင်အောင်သွား၊ ပဋိသန္ဓေအခါ မဟာဝိပါက်ပဉ္စမစိတ် စေတသိက် နာမက္ခန္ဓာနှင့်အတူ ပဋိသန္ဓေကမ္မဇရုပ် ဖြစ်ရာ၌ ပဋိသန္ဓေနာမက္ခန္ဓာ ၄ ပါးသည် ပစ္စည်း–ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ပဋိသန္ဓေအခါ မဟာဝိပါက်စိတ် စေတသိက်ဟူသော နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့ အတူတကွဖြစ်ရာ၌ ပဋိသန္ဓေနာမက္ခန္ဓာသည် ပစ္စည်း– ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်၊ ဟဒယဝတ္ထုသည် ပစ္စည်း–ပဋိသန္ဓေနာမက္ခန္ဓာသည် ပစ္စယုပ္ပန် ဤသို့ စသည်ဖြင့်သိလေ။ [ပဋ္ဌာဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထု၏ ကျေးဇူးပြုပုံကို ခံရသဖြင့် ပစ္စနိက်၌ မပါဝင်နိုင်၊ သို့သော် သူ့အတွက် စိတ်အရေးအတွက် မလျှော့သောကြောင့် "စိတ်တခုယုတ် ကိုးဆယ်"ဟုပင် ဆိုရ၏၊ ပစ္စနိက်၌ စာအမျိုးမျိုး ရှိသော်လည်း ဤမျှသာ သန့်ရှင်းသည်။]

ပုရေဇာတဝိပ္ပယုတ္တ။ ။"ပုရေဇာတဝိပ္ပယုတ်သည် ပုရေဇာတ ၂ ပါးနှင့် တူ၏"ဟု ဆိုသောကြောင့် "ပုရေဇာတပစ္စည်း၌ ပြခဲ့သော ဝတ္ထုပုရေဇာတ အာရမ္မဏပုရေဇာတ ၂ ပါးနှင့် တူသည်" ဟု ထင်မှားဘွယ်ရှိ၏၊ စင်စစ်မှာ–ထို ပုရေဇာတ ၂ ပါးနှင့် မတူ, ပုရေဇာတ နိဿယ၌ ပြခဲ့သော ဝတ္ထုပုရေဇာတ နိဿယ ဝတ္ထာရမ္မဏပုရေဇာတ နိဿယ ၂ပါးနှင့်သာတူနိုင်သည်၊ ထို့ကြောင့် အချို့ ၃ ချက်စု စာအုပ်၌ "ပုရေဇာတဝိပ္ပယုတ်သည် ပုရေဇာတနိဿယနှင့် တူ၏"ဟု ရှိသည်၊ ထိုစကားက သာ၍ သန့်ရှင်းပေသည်၊ ထင်ရှားစေအံ့– ရူပါရုံစသော အာရုံတို့သည် အာရမ္မဏိကတရားတို့နှင့် မယှဉ်ကြသဖြင့် ဝိပ္ပယုတ်ကား ဟုတ်ပါပေ၏၊ သို့သော် ထိုအာရုံတို့ ခန္ဓာကိုယ် အပြင်ပ၌လည်း ဖြစ်နိုင်

တို့မည်ကုန်၏၊ ပုရေဇာတဝိပ္ပယုတ်သည် ပုရေဇာတ ၂ ပါးနှင့် တူ၏ -ပစ္ဆာဇာတ ဝိပ္ပယုတ်သည် ပစ္ဆာဇာတ ပစ္စည်းနှင့် တူ၏။

ရကား အာရမဏကိစ်တ်တို့နှင့် သမ္ပယုတ်လေလားဟု ယုံမှားဘွယ်-မရှိ၊ ထို့ကြောင့် ဝိပ္ပယုတ္တပစ္စည်း မတပ်သဖြင့် အာရမဏပုရေဇာတ၌ လာသော ရူပါရုံစသည်ကို အာရမဏပုရေဇာတ ဝိပ္ပယုတ်ဟု မဆိုအပ်ချေ။

**[အဋ္ဌကထာ]** ရူပါဒယော ပန အာရမဏာဓမ္မာ ကိဥ္စာပိ ဝိပ္ပယုတ္တဓမ္မာ၊ ဝိပ္ပယုတ္တပစ္စယာပန နဟောန္တိ၊ ကိံကာရဏာ၊ သမ္ပယောဂါသင်္ကာယ အဘာဝတော၊-ပစ္စယနိဒ္ဒေသ။

**ဝတ္ထုရုပ်နှင့် ဝိညာဉ်တို့ကို ဝိပ္ပယုတ်ဟု ဟောရပုံ။** ။ စက္ခုဝတ္ထုစသည်ကို မှီ၍ စက္ခုဝိညာဉ်စသည် ဖြစ်ရသောကြောင့် ပင်ကိုယ်က မရှိသော ဝိညာဉ်သည် ဝတ္ထုရုပ်အတွင်းမှ ပေါ်ထွက်လာသလို ဖြစ်၏၊ ထို့ကြောင့် "ဝတ္ထုနှင့် ဝိညာဉ်တို့ သမ္ပယုတ်လေလား" ဟု ယုံမှားဘွယ် ရှိသည့်အတွက် ထိုယုံမှားချက်ကို ပယ်ဖျက်တော်မူလိုရကား ဝတ္ထုရုပ် ၆ပါးကို ဝိပ္ပယုတ်ဟု ဟောပြတော်မူရသည်။ [ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံမှာ ပုရေဇာတနိဿယ အတိုင်းတည်း။]

**[မဟာဋီကာ]** အရူပက္ခန္ဓာ ဟိ စက္ခာဒီနံ ဝတ္ထူနံ အဗ္ဘန္တရတော နိက္ခမန္တာဝိယ ဉပ္ပဇ္ဇန္တီတိ သိယာ တတ္ထ အာသင်္ကာ "ကိံနုခေါ ဣမေ ဣမေဟိ သမ္ပယုတ္တာ ဥဒါဟု ဝိပ္ပယုတ္တာ"တိ။

**ပစ္ဆာဇာတဝိပ္ပယုတ်။** ။နောက်နောက်ဥပါဒ်သောစိတ်တို့သည် မိမိရှေ့တူဖြစ်နှင့်၍ ဌီအခိုက်၌ တည်ရှိသောရုပ်များနှင့် တော့မိဆိုင်မိကြလေရာ၊ ထိုစိတ်နှင့် ထိုရုပ်တို့ သမ္ပယုတ်များ ဖြစ်လေရော့သလား-ဟု ယုံမှားဘွယ် ရှိပြန်ရကား ဝိပ္ပယုတ်ဟု ထုတ်ဖော် ဟောပြတော်မူရလေသည်၊ "ပစ္စည်းတရားတို့ မဖြစ်မီကပင် ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်ပြီ"ဟု ယူကြ

သော အချို့ဆရာတို့အလိုမှာ ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ မတွေ့မဆိုင်မိသော အခါလည်း ရှိနေ၏, ထိုအခါ သမ္ပယုတ်လေလား–ဟု ယုံမှားဘွယ် မရှိ၍ ပစ္စာဇာတဝိပ္ပယုတ် ဟုလည်း ဟောဘွယ်မလို၊ ပစ္စာဇာတပစ္စည်းဟူသမျှ ပစ္စာဇာတဝိပ္ပယုတ်ဖြစ်မည်သာ၊ ထို့ကြောင့် "ပစ္စည်းတရားမဖြစ်မီကပင် ပစ္စယုပ္ပန်တရားတို့အား ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်ပြီ" ဟူသော ဝါဒကို လုံးဝ လက်မခံထိုက်။

**ဝိပ္ပယုတ်အပြား။** ။ ဝိပ္ပယုတ်သည် မရှိခြင်း အဘာဝဝိပ္ပယုတ် မရောနှောခြင်း ဝိသံသဋ္ဌဝိပ္ပယုတ်ဟု ၂ မျိုးရှိ၏၊ ထိုတွင် စိတ်ပိုင်း၌ ဒိဋ္ဌိ ဂတဝိပ္ပ ယုတ္တံ စသည်ဖြင့်လာသော ဝိပ္ပယုတ်သည် အဘာဝဝိပ္ပယုတ်တည်း၊ ထိုစိတ်၌ ဒိဋ္ဌိမရှိခြင်း ဒိဋ္ဌိမပါခြင်းကို ဝိပ္ပယုတ်ဟု ခေါ်သည်ဟူလို၊ ဓာတု ကထာ ပဋ္ဌာန်းပစ္စည်းတို့၌ လာသော ဝိပ္ပယုတ်သည် ဝိသံသဋ္ဌဝိပ္ပယုတ် တည်း၊ အချင်းချင်း တွေ့မိဆိုင်မိကြသော်လည်း လိုက်လျောညီမျှ သံသဋ္ဌသဘော မရှိကြသည်ကို ဝိပ္ပယုတ်ဟု ခေါ်သည်ဟူလို။

ထိုတွင် ဓာတုကထာဝိပ္ပယုတ်၌ ယုတ္တအယုတ္တ ၂မျိုးလုံးကိုပင် ဝိပ္ပယုတ် ဟု သုံးစွဲ၏၊ ထင်ရှားစေအံ့–အတူတကွဖြစ်သော နာမ်နှင့် ရုပ်တရားတို့ သည် တကွဖြစ်ကြသဖြင့် ယုတ္တ(တွေ့မိဆိုင်မိခြင်း)သဘောကား ရှိကြ၏၊ သို့သော် ကေ့ပ္ပါဒထာစသော လက္ခဏာ ၄ပါးဖြင့် သမအောင် မနိုးနှော ကြရကား ဝိပ္ပယုတ်ပင်ဖြစ်သည်၊ နာမ်နှင့် နိဗ္ဗာန်သည်ငင်း ဓာတ်ကာလ ဘုံသဏ္ဌာန် ကွဲသည့် နာမ်တရားအချင်းချင်းသည်ငင်း တွေ့မိဆိုင်မိခြင်း မရကြ၍ အယုတ္တတည်း၊ ထိုအယုတ္တတရားစုကိုလည်း ဝိပ္ပယုတ်ဟု ဟော တော်မူသည်။

ဤပဋ္ဌာန်းအရာ၌ကား ယုတ္တဖြစ်သော (ပစ္စည်းပစ္စယုပ္ပန်အချင်းချင်း တွေ့ဆိုင်မိသော) နာမ်နှင့် ရုပ်တရားစုကိုသာ ဝိပ္ပယုတ်ဟု ဟောတော် မူသည်၊ ထို့ကြောင့် ဓာတုကထာနှင့် ပဋ္ဌာန်းပစ္စည်းလာ ဝိပ္ပယုတ်တို့သည် ဝိသံသဋ္ဌ ဝိပ္ပယုတ်ချင်း တူသော်လည်း ဓာတုကထာ ဝိပ္ပယုတ်မှာ ယုတ္တ

အယုတ္တ ၂ မျိုးကိုပင်ပြ၍ ပဋ္ဌာနဝိပ္ပယုတ်က ယုတ္တတမျိုးကိုသာ ပြရကား ပဋ္ဌာနဝိပ္ပယုတ်ထက် ဓာတုထာ ဝိပ္ပယုတ်က အရာကျယ်သည်–ဟုမှတ်။

[ဆောင်] စိတ်ပိုင်း၌ပြ, ဝိယုတ္တကို, အဘာဝဟု, အမြဲရှုလော၊ ဓာတုကထာ, ပဋ္ဌာန်းမှာမူ, မကွာမြဲမှတ်, ဝိသံသဋ္ဌတည်း၊ ထပ်၍နှစ်စု, ခွဲဝေမှုကား, ဓာတုကထာ, ဝိယုတ်မှာဝယ်, ယုတ္တာယုတ္တ, နှစ်မျိုးရ၏၊ ပဋ္ဌာနဟော, ဝိယုတ္တောမူ, မှတ်ယူယုတ္တ, ဟမျိုးမျှဟု, ဆရာ့လက်သုံး, ဤတွင် ချုံးသည်, သက်ဆုံးမှတ်ဘွယ် ကဗျည်းတည်း။

## လေ့ကျင့်ခဏ်းမေးခွန်း

၁။ ဝိပ္ပယုတ္တသတ္တိကို ဥပမာနှင့်တကွ ပြပါ။

၂။ နာမက္ခန္ဓာအချင်းချင်းမှာ သမ္ပယုတ်စင်စင်ဖြစ်၍ မဟောလျှင် ရှိပါစေတော့, မဟာဘုတ်နှင့် ဥပါဒါရုပ်တို့ကို အဘယ့်ကြောင့် သဟဇာတဝိပ္ပယုတ်ဟု မဟောပါသနည်း။

၃။ ရူပဘုံ ပဋိသန္ဓေခဏ၌ စိတ် စေတသိက်နှင့် ကမ္မဇရုပ်တို့ သဟဇာတဝိပ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ပြပါ။

၄။ ပုရေဇာတ ဝိပ္ပယုတ်သည် ဘယ်ပုရေဇာတနှစ်ပါးနှင့် တူသနည်း, အာရမဏပုရေဇာတနှင့် မတူနိုင်ခြင်း၏အကြောင်းကိုပြပါ။

၅။ "ပဥ္စမဘဝင် မဥပါဒ်မီ ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ရုပ်တို့သည် ပစ္ဆာဇာတသတ္တိဖြင့် ပဥ္စမဘဝင်၏ ကျေးဇူးပြုခံရပြီ" ဟူသော ဝါဒ၏ သင့်မသင့်ကို ပစ္ဆာဇာတဝိပ္ပယုတ်ထောက်၍ဆုံးဖြတ်ပါ။

---

**အတ္ထိဖွင့်ချက်စု**

အတ္ထိဖွဉ်း အတ္ထိပစ္စယော ဟူသော ပစ္စယုဒ္ဒေသဥ် အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ အာဟာရတ္ထိ ဣန္ဒြိယတ္ထိအားဖြင့် ၅ ပါး အပြားရှိ၏၊ ထိုတွင် သဟဇာတတ္ထိသည် သဟဇာတ ၃ပါးနှင့်တူ၏။ ပုရေဇာတတ္ထိသည် ပုရေဇာတ ၂ ပါးနှင့်တူ၏၊ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏၊ အာဟာရတ္ထိသည် ရုပ်အာဟာရနှင့် တူ၏၊ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတဣန္ဒြိယနှင့်တူ၏။

နတ္ထိ ဝိဂတသည် အနန္တရနှင့် တူ၏၊ – အဝိဂတသည် အတ္ထိနှင့်တူ၏၊ ၃–ချက်စု ပြီးပြီ။

**အတ္ထိပစ္စယော။** ။ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိသည် အတ္ထိပစ္စည်းမည်၏၊ ဤအတ္ထိပစ္စည်း၌ ပစ္စည်း ပစ္စယုပ္ပန် ၂ပါးလုံးပင် "အတ္ထိ"ဟူသော စကားအလိုက် ပစ္စုပ္ပန်အခိုက်၌ ထင်ရှားရှိရမည်၊ "ဥပါဒ်အခိုက်မှာ ဖြစ်စေ ဋ္ဌီအခိုက်မှာ ဖြစ်စေ ဘင်အခိုက်မှာ ဖြစ်စေ ထင်ရှားရှိနေကြသည်ကို ပစ္စယုပ္ပန်အခိုက်၌ ထင်ရှားရှိကြသည်"ဟု ဆိုလိုသည်၊ ထို့ကြောင့် "အတ္ထိပစ္စည်းကို သစ်ပင်တို့အား ထောက်ပံ့သောမြေကြီး မြင့်မိုရ်တောင်နှင့်တူ၏"ဟု ရှေးဆရာတို့ ဥပမာပြကြ၏၊ "မြေကြီးမြင့်မိုရ်တောင်တို့သည် မိမိတို့ထင်ရှားရှိခိုက်မှာ မိမိအပေါ်၌ ဆိုင်ရာ မျိုးစေ့ကြောင့် ပေါက်နေသော (ထင်ရှားရှိနေသော) သစ်ပင်တို့အား စိမ်းရှင်အောင် ထောက်ပံ့သကဲ့သို့, ဤ အတ္ထိပစ္စည်း တပ်သော တရားများလည်း မိမိတို့ ထင်ရှားရှိခိုက်ဝယ် မိမိတို့ကဲ့သို့ ထင်ရှားရှိနေသော တရားတို့အား ထောက်ပံ့သမှု ကျေးဇူးပြုသည်"ဟူလို။

[အဋ္ဌကထာ] ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန တာဒိသဿေဝ ဓမ္မဿ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကော ဓမ္မော အတ္ထိပစ္စယော။

ဆက်ဦးအံ့–ဤအတ္ထိပစ္စည်းသည် ဇနက ဥပတ္ထမ္ဘက သတ္တိ ၂ မျိုးလုံးပင် ထိုက်သင့်သလို ရှိ၏၊ သို့သော်– "အတ္ထိ–အထင်အရှားရှိ"ဟူသော စကားကို လေးနက်စွာ စဉ်းစားလျှင်. ဥပါဒ်ပြီးနောက် ဌီအခိုက်ရောက်မှ အတ္ထိသတ္တိ သာ၍ထင်ရှားကြောင်း သိသာ၏၊ "ဥပါဒ်အခိုက် ဘင်အခိုက်မှာ ထင်ရှားရှိပါသည်ဟု ဆိုရသော်လည်း ဖြစ်တုန်း ပျက်တုန်းမို့ ရှိကြောင်း မထင်ရှား၊ ဌီအခိုက်၌သာ ကောင်းကောင်းထင်ရှားသည်" ဟု ဆိုလိုသည်၊ ဤသို့လျှင် ဤအတ္ထိပစ္စည်း၌ ဇနကသတ္တိထက် ဥပတ္ထမ္ဘကသတ္တိက သာ၍ ပြဓာန်းသောကြောင့် အဋ္ဌကထာ၌ "ဥပတ္ထမ္ဘကဋ္ဌေန"ဟုရင်း, မူလဋီကာ၌ "သတိပိ ဇနကတ္တေ ဥပတ္ထမ္ဘကပ္ပဓာနာ"ဟု ၎င်း, အနုဋီကာ၌ "ယဒိပိ ဥပ္ပါဒတော ပဋ္ဌာယ ယာဝဘင်္ဂါ လဗ္ဘမာနတာ၊ အတ္ထိဘာဝေါ၊ တထာပိ တဿ ယထာ ဥပ္ပါဒက္ခဏတော ဌိတိက္ခဏေ သာတိသယော ဗျာပါရော, ဧဝံ ပစ္စယုပ္ပန္နေပိ"ဟုရင်း မိန့်တော်မူကြလေသည်။

[ဆောင်] မြင့်မိုရ်နှင့် မြေ, သစ်ပင်တွေတို့, ရှိလေရှိဆဲ, ထောံပံ့နဲ့သို့, ပစ္စဲ–ပစ္စယုပ်, ကင်းမချုပ်ဘဲ, ပစ္စုပ်ခိုက်ရှိ, ထောက်ပံ့ဘိ, အတ္ထိသတ္တိခေါ်။

**သဟဇာတတ္ထိ**။ ။သဟဇာတပစ္စည်း၌ ပြခဲ့သော ပစ္စည်းပစ္စယုပ္ပန်တရားတို့သည် ပစ္စယုပ္ပန် သဘောအားဖြင့် ထင်ရှားရှိကြရကား အတ္ထိသဘောလည်း သက်ရောက်ကြပေသည်၊ ထို့ကြောင့် "သဟဇာတတ္ထိသည် သဟဇာတ ၃ ပါးနှင့်တူ၏" ဟု ဆိုသည်၊ သဟဇာတ ၃ ပါးကို ထို သဟဇာတပစ္စည်း၌ ပြခဲ့ပြီ၊ [ အချို့ ၃ ချက်စု စာအုပ်၌ "သဟဇာတတ္ထိသည် သဟဇာတပစ္စည်းနှင့် တူ၏"ဟု ရှိ၏၊ အဆိုသာကွဲသည်, အဓိပ္ပာယ် တူပင်တည်း။]

**ပုရေဇာတတ္ထိ**။ ။"ပုရေဇာတတ္ထိသည် ပုရေဇာတ ၂ပါးနှင့်တူ၏" ဟူရာ၌ "ဝတ္ထုပုရေဇာတ အာရမ္မဏပုရေဇာတ ဟု ၂ပါးပြားသော ပုရေဇာတပစ္စည်းနှင့် တူ၏"ဟု ဆိုလိုသည်၊ ထိုစကားမှန်၏–ဝတ္ထုပုရေဇာတ၌ပြခဲ့သော ဝတ္ထုရုပ်တို့သည် ပစ္စယုပ္ပန်တရားတို့ဖြစ်သည့်အခါ မိမိတို့လည်း အတ္ထိသဘောအားဖြင့် ထင်ရှားရှိကြကုန်၏၊ အာရမ္မဏပုရေ

ဓာတတရားများလည်း အတ္ထိသဘောအားဖြင့် ထင်ရှားရှိနေသော ပစ္စုပ္ပန် အာရုံများပင်တည်း။ [ပုရေဇာတဝိပ္ပယုတ်နှင့် ပုရေဇာတတ္ထိတို့ မတူပုံကို သတိပြုပါ။]

**အာဟာရတ္ထိနှင့် ဣန္ဒြိယတ္ထိ။** ။ ပစ္ဆာဇာတတ္ထိသဘောကို ပစ္ဆာဇာတပစ္စည်းတုန်းက ပြခဲ့ပြီ၊ နာမ်အာဟာရနှင့် သဟဇာတိန္ဒြိယတို့သည် သဟဇာတတ္ထိ၌ပါဝင်ကြပြီး၊ ပုရေဇာတိန္ဒြိယလည်း ပုရေဇာတတ္ထိ၌ ပါဝင်ပြီးထို့ကြောင့် "အာဟာရတ္ထိသည် ရုပ်အာဟာရနှင့် တူ၏၊ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယတ္ထိနှင့် တူ၏" ဟု ဆိုသည်။

**နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတစ်။** ။"နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိရကား အတ္ထိပစ္စည်းဖြစ်ထိုက်သည် မဟုတ်ပါလော" ဟု စောဒနာဘွယ်ရှိ၏။ အဖြေကား "အတ္ထိ" ဟူသော စကားကို စဉ်းစားလျှင် "ရှိတဲ့အခါ ပစ္စည်းထိုက်၍မရှိတဲ့အခါ ပစ္စည်းမထိုက်" ဟု အဓိပ္ပါယ်စကားကျ၏၊ နိဗ္ဗာန်ကား ထိုကဲ့သို့ ၂မျိုးမရ၊ အမြဲထင်ရှားရှိနေသောကြောင့် အတ္ထိပစ္စည်း မဖြစ်ထိုက်၊ တနည်း ပစ္စည်း-တခု၏ သတ္တိသည် အခြားသော ဆန့်ကျင်ဘက်ပစ္စည်း၏ သတ္တိကို ထောက်စာလျှင် သာ၍ထင်ရှား၏၊ အတ္ထိ သတ္တိသည် နတ္ထိပစ္စည်း၏ သတ္တိနှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ နတ္ထိသဘောကား ဥပါဒ် ဌီ ဘင်အားဖြင့် ထင်ရှားရှိပြီးနောက် ချုပ်ပျောက်၍ မရှိခြင်း သဘောတည်း၊ နိဗ္ဗာန်မှာ ထိုကဲ့သို့သော နတ္ထိသတ္တိမရှိရကား နတ္ထိသတ္တိ၏ ဆန့်ကျင်ဘက်ဖြစ်သော အတ္ထိသတ္တိလည်း မရှိချေ။ [ဝိဂတ၏ ဆန့်ကျင်ဘက်ဖြစ်သော အဝိဂတသတ္တိ မရှိကြောင်းကိုလည်း သိပါ။]

**အဝိဂတပစ္စယော။** ။ [အတ္ထိပစ္စည်း၏အခြားမဲ့၌ အရကောက်ချင်း တူသော အဝိဂတပစ္စည်း၏ သဘောကို ဆက်ပြောမှ ရှင်းလင်းမည်၊] အတ္ထိသဒ္ဒါသည် "ထင်ရှားရှိ" ဟူသော အနက်ကို ဟော၏၊ အဝိဂတ သဒ္ဒါကား "မကင်းသေး=မချုပ်သေး" ဟူသော အနက်ကို ဟော၏၊ ဤအဝိဂတပစ္စည်းကို မဟာသမုဒ္ဒြာနှင့်တူ၏ဟု ရှေးဆရာတို့ ဥပမာပြကြ၏၊ မဟာသမုဒ္ဒြာသည် မိမိ၌ တည်ရှိသော ငါးလိပ်စသည်အား မိမိ မကင်းသေး မကုန်ခန်းသေးသမျှ မြဲမြဲတည်နေနိုင်ကြဘို့ရာ ကျေးဇူးပြု

သကဲ့သို့, ဤအဝိဂတပစ္စည်းလည်း မိမိမကင်းသေး မချုပ်သေးသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသည် ဟူလို၊ ထို့ကြောင့် ပရမတ္ထအထည်ကိုယ် ထင်ရှားရှိနေသော အားဖြင့် ကျေးဇူးပြုသော သတ္တိသည် အတ္ထိပစ္စည်း မည်၏၊ ပရမတ္ထသဘောမှ မကင်း မချုပ်သေးသောအားဖြင့် ကျေးဇူးပြု တတ်သော သတ္တိသည် အဝိဂတသတ္တိမည်၏၊ လေးလေးနက်နက် ဆင်ခြင် လျှင် အဝိဂတသတ္တိသည် ချုပ်လုခါးနီး ဘင်၏နောက် အစွန်းမရောက်ခင် အခိုက်မှာ သာ၍ အားကောင်းသည်ဟု ထင်၏, ဥပါဒ် ဌီ အခိုက်၌ အဝိဂတသတ္တိ မရှိဟု ကား မဆိုလို။

[မူလဋီကာ] အတ္ထိဘာဝေ သ သဘာဝတာယ ဥပကာရကတာ အတ္ထိ ပစ္စယတာ, သဘာဝါဝိဂမနေနနိရောဓေ အပ္ပတ္တိယာ ဥပကာရကတာ အဝိဂတပစ္စယတာတိ ပစ္စယဘာဝ ဝိသေသော မွောဝိသေသေပိ ဝေဒိတဗ္ဗော။ ပစ္စယုဒ္ဒေသ။

အတ္ထိဘာဝေ (သ သဘာဝတာယ)-ပရမတ္ထအထည်ကိုယ် ထင်ရှား ရှိခိုက်၏ အဖြစ်ဖြင့်၊ ဥပကာရကတာ-ကျေးဇူးပြုနိုင်သည်၏ အဖြစ်သည်၊ အတ္ထိပစ္စယတာ-အတ္ထိပစ္စည်း၏အဖြစ် (အတ္ထိသတ္တိ)မည်၏၊ သဘာဝါ ဝိဂမနေန-သဘောအထည်ကိုယ် မကင်းသေးသည်၏ အဖြစ်ဖြင့်၊ နိရော ဓေ အပ္ပတ္တိယာ-ချုပ်ခြင်းသို့ မရောက်သေးခြင်းဖြင့်၊ ဥပကာရကတာ- သည်၊ အဝိဂတပစ္စယတာ-မည်၏၊ ဣတိ-သို့၊ မွောဝိသေသေပိ-အရကော် မထူးပါသော်လည်း၊ ပစ္စယဘာဝဝိသေသော- ပစ္စယသတ္တိအထူးကို၊ ဝေဒိ တဗ္ဗော-၏။

[ဆောင်] သမုနဒ်နက်ရေ, ငါးလိပ်တွေကို မကင်းလေဘဲ, ထောက်ပံ့ နဲ့သို့''ပစ္စဲ-ပစ္စယုပ်, မကင်းချုပ်ဘဲ, ပစ္စုပ်ခိုက်ရှိ, ထောက်ပံ့ဘိ, အဝိဂတလည်းခေါ်။

**နတ္ထိ, ဝိဂတပစ္စယော**။ ။ နတ္ထိသဒ္ဒါသည် "မရှိ" ဟူသော အနက်ကို ဟော၏၊ ဝိဂတသဒ္ဒါကား "ကင်းပျောက်ခြင်း=ချုပ်ခြင်း" ဟူသော

အနက်ကိုယော်၏၊ ထို့ကြောင့် ငြိမ်းလေပြီးသောဆိမ်းသည် အမိုက်မှောင် ဖြစ်ရစ်ရန် အခွင့်ပေးသကဲ့သို့, မိမိတို့ မရှိခြင်းမှုဖြင့် နောက်တရားတို့အား ဖြစ်ရစ်စေရန် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်း မည်၏၊ နေရောင်၏ ပျောက်ကင်းခြင်းသည် လရောင်လင်းဘို့ရာ ကျေးဇူးပြုသကဲ့သို့, မိမိတို့ ချုပ်ကင်း ကွယ်ပျောက်မှုဖြင့် နောက်နောက် တရားစုအား အခွင့်ပေးမှု ကျေးဇူးပြုခြင်းသည် ဝိဂတပစ္စည်းမည်၏၊ နတ္ထိသဘောကား ချုပ်ပြီးသည့် အခြားမဲ့၌ ကင်းဆိတ်ခြင်း ဘာမှမရှိတော့ခြင်း သဘောတည်း၊ ဝိဂတ သဘောကား ချုပ်ကင်းမှုတည်း, (ချုပ်ပြီးနော် ရှိခြင်း– မရှိခြင်းမှာ ဝိဂတ သတ္တိ၏ တာဝန်မဟုတ်, နတ္ထိသတ္တိ၏ တာဝန်တည်း။)

[မူလဋီကာ] အဘာဝမတ္တေန ဥပကာရကတာ သြကာသဒါနံ နတ္ထိ ပစ္စယတာ, သဘာဝါဝိဂမနေန အပ္ပဝတ္တမာနာနံသဘာဝဝိဂမနေန ဥပကာရကတာ ဝိဂတပစ္စယတာ၊ နတ္ထိတာစ နိရောဓာနန္တရသုညတာ, ဝိဂတတာ နိရောဓပ္ပတ္တတာ၊ အယမေတေသံ ဝိသေသော။

အဘာဝမတ္တေန–မရှိခြင်းမျှဖြင့်၊ ဥပကာရကတာ–သည်၊ (သြကာသ ဒါနံ–နေ့ံတရားစုဖြစ်ခွင့်ပေးမှုသည်၊) နတ္ထိပစ္စယတာ–မည်၏၊ သဘာဝါ ဝိဂမနေန–အထည်ကိုယ်သဘောမှ မဂၤင်းချုပ်သေးခြင်းကြောင့်၊ အပ္ပဝတ္တ မာနာနံ–ဖြစ်ခွင့်မရကုန်သော နောက်တရားတို့အား၊ သဘာဝဝိဂမနေန– အထည်ကိုယ် သဘောမှ ကင်းချုပ်ခြင်းဖြင့်၊ ဥပကာရကတာ–သည်၊ ဝိဂတပစ္စယတာ–မည်၏၊ စ–ဆက်ဦးအံ့၊ နိရောဓာနန္တရသုညတာ–ချုပ် ပြီးသည့် အခြားမဲ့၌ ကင်းဆိတ်ခြင်းသည်၊ နတ္ထိတာ–မည်၏၊ နိရောဓပ္ပတ္တ တာ–ချုပ်ခြင်းသို့ ရောက်ခြင်း (ချုပ်ပြီးခြင်း) သည်၊ ဝိဂတတာ–မည်၏၊ အယံ ဧတေသံ ဝိသေသော–ဤကား ဤပစ္စည်း ၂ ပါးတို့ ထူးခြားပုံတည်း။

အချို့ကား–"နတ္ထိနှင့်ဝိဂတ, အတ္ထိနှင့် အဝိဂတတို့ကို ဒေသနာဝိလာသ ပုဂ္ဂလဇ္ဈာသယအားဖြင့် အရတူပါလျက် ၂ မျိုး ဟောတော်မူသည်" ဟု ဆိုကြ၏၊ ထိုဆရာတို့ကား "သတ္တိချင်းလည်း တူသည်" ဟု ယူလိုဟန်ရှိ

သည်၊ စင်စစ်မှာ– ပြခဲ့သည့်အတိုင်း နတ္ထိသတ္တိနှင့် ဝိဂတသတ္တိ၊ အတ္ထိသတ္တိနှင့် အဝိဂတသတ္တိတို့ . ကွဲပြားပေသည်သာ။

[ဆောင်] , ၁။ ဆီမီးငြိမ်းပျောက်၊ အမှောင်ရောက်သို့၊ ကိုယ့်နောက်စိတ်စေး၊ ဖြစ်ခွင့်ပေးလျက်၊ ရှေးရှေးစိတ်၏၊ ချုပ်ပျောက်ဘိ၊ နတ္ထိသတ္တိခေါ်။

၂။ နေရောင်ကွယ်ပျောက်၊ လရောင်ရောက်သို့၊ ကိုယ့်နောက်စိတ်စေး၊ ဖြစ်ခွင့်ပေးလျက်၊ ရှေးရှေးစိတ်၏၊ ကင်းကွာဘိ၊ ဝိဂတသတ္တိခေါ်။

**တိုက်တွန်းချက်။** ။ ပရမတ္ထ သဘာဝဓမ္မတို့၌"ဖဿ၏ တွေ့ထိခြင်းသဘော၊ ဝေဒနာ၏ ခံစားခြင်းသဘော" စသည်ကို နှုတ်ဖြော စာတွေ့သာမဟုတ်ဘဲ အမှန်အတိုင်း ဉာဏ်သက်ဝင်ဘို့ပင် ခဲယဉ်းလှချေပြီ၊ ထိုသဘာဝဓမ္မတို့၏ သတ္တိအမျိုးမျိုးကို ခွဲခြားဝေဘန်၍ ဇကန်သိဘို့အရေးမှာ သာလွန်၍ဝေးတော့၏၊ သို့သော် ကိလေသာ အနှောင့်အယှက်တို့ အထူးကင်းစင်၍ ကြည်လင်သော စိတ်ဓာတ်ဝယ် ကိန်းဝပ်ဖြစ်ပေါ်လေ့ရှိသော သဗ္ဗညုတဉာဏ်တော်စွမ်းဖြင့် စခန်းကုန်မြင်သိ၍ ၂၄ ပစ္စယသတ္တိထူးကို ငါတို့ဘုရားဖော်ဖော်အပ်ပေသည် တကား" ဟု ယုံကြည်သောသဒ္ဓါတရားကို ရှေ့သွားပြုလျက် ကျမ်းဂန်အဆိုကို အထပ်ထပ်ကြည့်၊ ပညာရှိတို့ထံတွင်လည်း အဘန်ဘန်မေး၊ လေးလေးနက်နက်လည်း ဆင်ခြင်ကာ သတ္တိထူး ထင်မြင်အောင် အစဉ်မပြတ် ကြိုးစားကြပါကုန်။

[မူလဋီကာ] ဓမ္မာနံ ဟိ သတ္တိဝိသေသံ ယာထာဝတော အဘိသမ္ဗုဇ္ဈိတွာ တထာဂတေန စတုဗ္ဗီသတိ ပစ္စယဝိသေသာ ဝုတ္တာတိ ဘဂဝတိ သဒ္ဓါယ "ဧဝံဝိသေသာ တေဓမ္မာ-ဟိ" သုတမယဉာဏံ ဥပ္ပါဒေတွာ စိန္တာဘာဝနာမယေဟိ တဒဘိသမယာယ ယောဂေါ ကာတဗ္ဗော။

## လေ့ကျင့်ခဏ်းမေးခွန်း

၁။ အတ္ထိသတ္တိကို ဥပမာနှင့်တကွ ပြပါ။
၂။ အဝိဂတသတ္တိကို ဥပမာနှင့်တကွ ပြပါ။
၃။ အတ္ထိနှင့် အဝိဂတသတ္တိအထူးကို (မူလဋီကာ အလိုကျ) ပြပါ။
၄။ ပုရေဇာတတ္တိသည် အဘယ်ပုရေဇာတ ၂ ပါးနှင့် တူသနည်း, အာရမဏပုရေဇာတတို့ အတ္ထိသဘောရှိပုံကို ပြပါ။
၅။ နာမ်အာဟာရ သဟဇာတိန္ဒြိယ- ပုရေဇာတိန္ဒြိယတို့သည် အတ္ထိ သဘောမရှိကြသလော, ရှိလျှင် အဘယ်အတ္ထိ၌ပါဝင်ကြသနည်း။
၆။ နိဗ္ဗာန်သည် ထင်ရှားရှိပါလျက် အဘယ့်ကြောင့် အတ္ထိ အဝိဂတ ပစ္စည်းတို့၌ မပါဝင် သနည်း။
၇။ နတ္ထိသတ္တိကို ဥပမာနှင့် တကွ ပြပါ။
၈။ ဝိဂတသတ္တိကို ဥပမာနှင့်တကွ ပြပါ။
၉။ နတ္ထိ၏ သဘောသည် ဘယ်အခိုက်မှာ ထင်ရှား၍, ဝိဂတသဘော က ဘယ်အခိုက်မှာ ထင်ရှားသနည်း။

-------

**မှာထားချက်။** ။ ဤနေရာ၌ ၃ ချက်စုဆိုရိုးနှင့် အဓိပ္ပာယ်ကားပြီး ပေပြီ၊ သို့သော် ဤ ၂၄ ပစ္စည်းကို ကာလစသည်ဖြင့် ထပ်မံ၍ခွဲပြမှသာ သုံးချက်စု အဓိပ္ပာယ်များ အားလုံး စုံလင်ဘွယ် ရှိသည်သာမက, စာမေးပွဲ များနှင့် ပဋ္ဌာန်းဆိုရိုးဝယ် အခြေခံလုံလောက်နိုင်မည် ဖြစ်သောကြောင့် ယခုညွှန်ပြလတ့်အတိုင်း ဆက်လက်လေ့လာ၍ ဆောင်ပုဒ်များကိုလည်း နှုတ်ရ မှတ်သားကြပါကုန်။

# ၃ချက်စု သရုပ်ခွဲ

[ဆောင်] ပဌာန်းနယ, ကြေပွန်ကြဘို့, ကာလဖြင့်တွဲ, အမျိုးခွဲလျက်, တန်ရှာလော, သဘာဝေါနှင့်, ဇနကော-ပထမ်, ယုဂဠ် ဟု, တဘာန်ဘဝါ, သဗ္ဗဌာတို့, ကျမ်းလာတိုင်းထိ, မဆိုင်းသိအောင်, နှိုင်းညှိဘန်ဘန် ထပ်လဲတည်း။

**ကာလအားဖြင့် ခွဲဟန်**

ပစ္စုပ္ပန္နာဝ ဟောန္တေတ္တ, ပစ္စယာ ဒသ ပဥ္စစ၊
အတီတာဧဝ ပဥ္စေကော, တေ ကာလေ ဒွေပိ နိဿိတော၊
တယော တိကာလိကာ ဧဝ, ဝိမုတ္တာပိ စ ကာလတော။

ဇတ္တ-ဤ ၂၄ ပစ္စည်းတို့တွင် ၊ ဒသ-ဆယ်ပါးလည်း ဖြစ်ကုန်သော၊ ပဥ္စစ-ငါးပါးလည်း ဖြစ်ကုန်သော (အားလုံး ၁၅ဟူလို)၊ ပစ္စယာ-ပစ္စည်းတို့သည်၊ ပစ္စုပ္ပန္နာဝ-ပစ္စုပ္ပန်တို့ချည်းသာလျှင်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ပဥ္စ ငါးပစ္စည်းတို့သည်၊ အတီတာဧဝ-အတိတ်တို့သာတည်း၊ ဧကော-တ ပစ္စည်းသည်၊ ဒွေပိ- ၂ပါးလည်းဖြစ်ကုန်သော၊ တေ ကာလေ- ထိုဆိုခဲ့ပြီးသော ပစ္စုပ္ပန် အတိတ်ကာလတို့ကို၊ နိဿိတော-မှီ၏၊ တယော- ၃ပစ္စည်းတို့သည်၊ တိကာလိကာဧဝ-ကာလသုံးပါး၌လည်း ဖြစ်ကုန်၏၊ ကာလတော-ကာလမှ၊ ဝိမုတ္တာပိစ-လွတ်သည်လည်းရှိကုန်၏။

ပစ္စုပ္ပန် ၁၅ ပစ္စည်းကား-ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ,သမ္ပယုတ္တ, ဝိပယုတ္တ, အတ္ထိ, အဝိဂတတည်း၊ ဟေတုပစ္စည်း၌ ဟိတ်တရားတို့သည် ဥပါဒ် ဌီ ဘင်အားဖြင့် ပစ္စုပ္ပန်အခိုက်၌ အထင်အရှား ရှိတုန်းသာလျှင် ဟေတုပစ္စည်းတပ်၏, ချုပ်ပြီး အတိတ်-မဖြစ်သေး အနာဂတ် အခိုက်မှာ ဟေတုပစ္စည်းမတပ်-ဟူလို၊ ဤနည်းအတိုင်း သဟဇာတစသော ပစ္စည်းတရားတို့ကိုလည်း သိလေ။

**အတိတ် ၅ ပစ္စည်းကား**–အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတတည်း၊ အနန္တရပစ္စည်း၌ ရှေးရှေးနာမက္ခန္ဓာသည်ချုပ်ပြီး၍ အတိတ်တရားအဖြစ်ရောက်မှ နောက်နောက်တရားဖြစ်ဘို့ရာ ကျေးဇူးပြုသည်, ပစ္စုပ္ပန်အခိုက်၌ တည်ရှိစဉ် ကျေးဇူးမပြုနိုင်, အနာဂတ်အခိုက်မှာ ဆိုဘွယ်ရာမရှိ၊ သမနန္တရစသည်လည်း ဤ နည်းပင်တည်း၊ [ဤ ပစ္စုပ္ပန်ပစ္စည်း အတိတ်ပစ္စည်းစသည်ခွဲရာ၌ ပစ္စည်းတရားကိုသာ ခွဲခြားဖြစ်သည်၊ ပစ္စယုပ္ပန်တရားများကို ခွဲခြင်းမဟုတ်–ဟု သတိပြုပါ။]

**ပစ္စုပ္ပန် အတိတ် ၂ မျိုးရသော တပစ္စည်းကား**– ကမ္မပစ္စည်းတည်း၊ ကမ္မပစ္စည်း ၂ မျိုးတွင် သဟဇာတကမ္မသည် ဥပါဒ် ဋ္ဌီ ဘင် ထင်ရှားသော ပစ္စုပ္ပန်ကာလ၌ ကျေးဇူးပြု၍, နာနက္ခဏိကကမ္မကား ချုပ်ပြီး၍ အတိတ်ဖြစ်မှ ကျေးဇူးပြုသည်–ဟူလို။

**တိကာလိက ကာလဝိမုတ္တ ၃ ပစ္စည်းကား**–အာရမဏ, အဓိပတိ, ဥပနိဿယတည်း, ရှုပါရုံသည် ပစ္စုပ္ပန်အခိုက်မှာလည်း အာရမဏ ပစ္စည်းတပ်၏, အတိတ် အနာဂတ် အခိုက်မှာလည်း ပစ္စည်းတပ်၏၊ ဤသို့လျှင် ရှုပါရုံသည် တိကာလိကတည်း၊ သဒ္ဒါရုံစသည်လည်း နည်းတူ၊ ဓမ္မာရုံတွင် ပါဝင်သော နိဗ္ဗာန်နှင့် ပညတ်တို့ကား ကာလဝိမုတ် အာရုံများတည်း။ အဓိပတိ ဥပနိဿယ ပစ္စည်းတို့ကိုလည်း စိစစ်လေ၊ ဥပနိဿယ၌လည်း ပုဂ္ဂလ သေနာသနစသော ပညတ် ကာလဝိမုတ်တရားတွေ ပါသည်၊ ဤကား ၂၄ ပစ္စည်းကို ကာလအားဖြင့် ပေါင်းစပ် ခွဲခြားပြခြင်းတည်း။

[ဆောင်] ပစ္စုပ္ပန်ဟု, ပစ္စည်းစုကား, ဟေတု–သဟ, အဉ်မညနှင့်,
နိဿယပါ, ပုရေဇာတည့်, ပစ္ဆာ–ဝိပါက်, ဟာ–ဣန်ဆက်လော,
ဈာန်–မဂ်–သံ–ဝိ, အတ်–အဝိဟု, မှတ်သိအလွယ်, ဆဲ့ငါးသွယ်
တည်း၊ မှတ်ဘွယ် တဘာန်, အတိတ်မှန်ကား, အနန္တရ, သမနနှင့်,
အာသေဝ–နတ်, ဝိဂတတ်ဟု, ငါးရပ်သွင်းချုပ်, စာရင်းကုပ်၏၊
ပစ္စုပ်တီတ, ပစ္စယမှာ, ကမ္မ နှစ်နည်း, တပစ္စည်းပေ၊
တေကာလိကံ, ဝိမုတ္တံမူ,အာရမ်–အဓိ, ဥပနိတို့, မှတ်သိပိုင်းခြား,
ပရိဏ်းသားသည်, ဤကား ကာလ အခွဲတည်း။

**အမျိုးအားဖြင့် ခွဲဟန်**

**သဟဇာတမျိုး ၁၅ ပါး**

| | | |
|---|---|---|
| ဟေတု | သဟဇာတကမ္မ | မဂ္ဂ |
| သဟဇာတာဓိ | ဝိပါက | သမ္ပယုတ္တ |
| သဟဇာတ | နာမ်ာဟာရ | သဟဇာတဝိပ္ပယုတ္တ |
| အညမည | သဟဇာတိန္ဒြိယ | သဟဇာတတ္ထိ |
| သဟဇာတနိဿယ | ဈာန | သဟဇာတအဝိဂတ |

**အာရမ္မဏမျိုး ၈ ပါး**

| | |
|---|---|
| အာရမ္မဏ | အာရမ္မဏပုရေဇာတ |
| အာရမ္မဏာဓိပတိ | ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ် |
| ဝတ္ထာရမ္မဏာပုရေဇာတနိဿယ | အာရမ္မဏပုရေဇာတတ္ထိ* |
| အာရမ္မဏူပနိဿယ | အာရမ္မဏပုရေဇာတအဝိဂတ* |

[အချို့ စာအုပ်များ၌*ဝတ္ထာရမ္မဏပုရေဇာတတ္ထိ ဝတ္ထာရမ္မဏပုရေဇာတ အဝိဂတ ဟု ဆို၏၊ ဝတ္ထာရမ္မဏပုရေဇာတဆိုလျှင် ဝတ္ထုမဟုတ်သော အာရဏပုရေဇာတတို့ မပါဝင်နိုင်, အာရမ္မဏ ပုရေဇာတဆိုမှ ဝတ္ထာရမ္မဏ ပုရေဇာတ အာရမ္မဏပုရေဇာတ အားလုံး ပါဝင်နိုင်သည်၊ ထို့ကြောင့် အချို့ စာအုပ်များ၌ ခွဲခြားပုံမှာ မစုံလင်။]

**အနန္တရ ၇ ပါး**

| | |
|---|---|
| အနန္တရ | အာသေဝန |
| သမနန္တရ | *ပကတူပနိဿယကမ္မတစိတ် |
| အနန္တရူပနိဿယ | နတ္ထိ, ဝိဂတ |

[*ဖိုလ်အား ကျေးဇူးပြုသော မဂ္ဂစေတနာကို ပကတူပနိဿယ နာနက္ခဏိကကမ္မ တစိတ်ဟု ခေါ်ထားသည်၊ ထိုစေတနာသည် နောံနောံစိတ် စေတသိက်အား ကျေးဇူးပြုသော ဗလဝ ရှေ့စိတ္တုပ္ပါဒ်တွင် ပါဝင်သော

ကြောင့် ပကတူပနိဿယတစိတ်လည်း ဟုတ်၏, စေတနာ တရားဖြစ်၍ နာနက္ခဏိက ကမ္မတစိတ်လည်း ဟုတ်၏၊ အခြားမဲ့ဖိုလ်အား ကျေးဇူးပြုသောကြောင့် အနန္တရမျိုးတွင်လည်း ပါဝင်ရသည်၊ ဤအနန္တရမျိုး ၇ ပါး ကို အချို့စာအုပ်၌ "အနန္တရူပနိဿယ ပကတူပမျိုး" ဟုလည်း နာမည် ပေး၏၊ ထိုသို့ ပေးခြင်းသည် "အာရမဏူပနိဿယ၊ ပေ၊ သမောစာနံ ဂစ္ဆန္တိ" ဟူသော သင်္ဂြိုဟ်၌ပြသည့် ပစ္စည်း ၄ မျိုးတွင် ဥပနိဿယမျိုး၌ ဤအနန္တရ ၇ ပါးလုံး ဝင်ကြရသောကြောင့် ကောင်းလှပေ၏။]

### ဝတ္ထုပုရေဇာတမျိုး ၆ ပါး

| | |
|---|---|
| ဝတ္ထုပုရေဇာတနိဿယ | ဝတ္ထုပုရေဇာတဝိပ္ပယုတ် |
| ဝတ္ထုပုရေဇာတ | ဝတ္ထုပုရေဇာတတ္ထိ |
| ပုရေဇာတိန္ဒြိယ | ဝတ္ထုပုရေဇာတအဝိဂတ |

[အချို့ စာအုပ်၌ "ပုရေဇာတမျိုး" ဟု နာမည်တပ်၏၊ ပုရေဇာတဟု သာမန်ဆိုလျှင် အာရမဏပုရေဇာတတွေပါ ပါဝင်ဘွယ် ရှိ၏၊ ထိုအာရမဏပုရေဇာတစုကား အာရမဏမျိုး၌ ပါဝင်ခဲ့ပြီ၊ ထို့ကြောင့် များစွာသော ဆရာမြတ်တို့က "ဝတ္ထုပုရေဇာတမျိုး" ဟု နာမည်တပ်ကြသည်။]

### ပစ္ဆာဇာတမျိုး ၄ ပါး

| | |
|---|---|
| ပစ္ဆာဇာတ | ပစ္ဆာဇာတတ္ထိ |
| ပစ္ဆာဇာတဝိပ္ပယုတ် | ပစ္ဆာဇာတအဝိဂတ |

### အာဟာရမျိုး ၃ ပါး

| | | |
|---|---|---|
| ရုပ်အာဟာရ | အာဟာရတ္ထိ | အာဟာရအဝိဂတ |

### ရူပဇီဝိတိန္ဒြိယမျိုး ၃ ပါး

| | | |
|---|---|---|
| ရူပဇီဝိတိန္ဒြိယ | ဣန္ဒြိယတ္ထိ | ဣန္ဒြိယအဝိဂတ |

["ရူပဇီဝိတိန္ဒြိယတ္ထိ" ဟုလည်း တချို့စာရှိ၏၊ ပစ္စည်း ၄ မျိုးဖြင့် ခွဲလျှင် အတ္ထိမျိုးတွင် ပါဝင်ရမည်ဖြစ်၍ ကောင်း၏။]

### ပကတူပနိဿယမျိုး ၂ ပါး

၁– နောက်နောင်စိတ် စေတသိက်အား တတ်သော ဗလဝဖြစ်သော ရှေးရှေးစိတ္တုပ္ပါဒ် ရုပ်ပညတ်ဟူသော သုဒ္ဓပကတူပနိဿယ။

၂– ဝိပါက်နာမက္ခန္ဓာအား တတ်သော ဗလဝကံဟူသော မိဿက ပကတူပနိဿယ နာနက္ခဏိကကမ္မ။

[(၁)သည် "ရာဂါဒယောပန၊ ပေ၊ ကုသလာဒိဓမ္မာနံ" နှင့် ညီ၏။ (၂) ကား "ကမ္မံ ဝိပါကာနံ" နှင့် ညီသည်၊ ဗလဝကံကို ကောက်ရာ၌ အနန္တရမျိုးတွင် ပါဝင်ပြီးသော မဂ္ဂစေတနာကိုကြဉ်၊ ဤပကတူပ ၃မျိုး သည် ၃ ချက်စု ဆိုရိုးစာအုပ်၌ မရှိသော်လည်း သဂြိုဟ်မှာပင် တိုက်ရိုက် ရှိပေသည်။]

### နာနက္ခဏိက ကမ္မမျိုးတပါး

ကာမဝိပါက်အား တတ်သော ဒုဗ္ဗလကမ္မ,
ကဋတ္တာရုပ်အား တတ်သော ဗလဝဒုဗ္ဗလကမ္မ။

[ကာမဝိပါက်အား တတ်သော ဗလဝကံမှာ ပကတူပနိဿယတွင် ပါဝင်ပြီ၊ မဟဂ္ဂုတ် လောကုတ္တရာ ကံဟူသော စေတနာတို့ကား ဒုဗ္ဗလ ဟု မရှိ, ဗလဝချည်းသာ ဖြစ်၍ ပကတူပနိဿယနှင့် အနန္တရမျိုးတွင် အသီးသီး ပါဝင်လေပြီ၊ ပကတူပနိဿယ ပစ္စယုပ္ပန်တွင် ကမ္မဇရုပ်များ မပါဝင် သောကြောင့် ထိုရုပ်တို့အား တတ်သော (ထိုရုပ်တို့ကို ဖြစ်စေတတ်သော) ကံဟူသမျှ ဗလဝ ဖြစ်ဖြစ် ဒုဗ္ဗလဖြစ်ဖြစ် နာနက္ခဏိက ကမ္မ သက်သက်သာတည်း။]

[ဆောင်] ဆဲ့ ငါးသဟ, ရှစ်ဝ အာနင့်, ခုနစ်ဖြာ နန်, ခြောက်တန် ဝတ္တု, လေးခု ပဉ္စာ, သုံးဖြာ ဟာရော, တယော ဣန္ဒြိ, ဒွိပကတူ, တခုယူ ကံ, မျိုးကိုးတန်ဟု, မှတ်ရန် အပြာ', ဝေဘန်ခြားသည်, ဤကား အမျိုးအခွဲတည်း။

---

## သင်္ဂြိုဟ်လာ ၄ မျိုးအားဖြင့် ခွဲဟန်

"အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု သဗ္ဗေပိပစ္စယာ သမောဓာနံ ဂစ္ဆန္တိ" ဟူသော သင်္ဂြိုဟ်အလိုအားဖြင့် အားလုံးပစ္စည်းတို့ အာရမ္မဏ ဥပ နိဿယ ကမ္မ အတ္ထိ ဤ ၄ ပစ္စည်းတွင် ပါဝင်ကြရ၏၊ ပါဝင်ပုံကား– သဟဇာတမျိုး ၁၅ ပါးသည် သဟဇာတတ္ထိ၌ပါဝင်၏, အာရမ္မဏမျိုး ၈ ပါးသည် အာရမ္မဏပစ္စည်း၌ ပါဝင်၏, အနန္တရမျိုး ၇ ပါးသည် အနန္တရူပနိဿယ၌ ပါဝင်၏, ဝတ္ထုပုရေဇာတမျိုး ၆ ပါးသည် ဝတ္ထုပုရေဇာတတ္ထိ၌ ပါဝင်၏, ပစ္ဆာဇာတမျိုး ၄ ပါးသည် ပစ္ဆာဇာတတ္ထိ၌ ပါဝင်၏, အာဟာရမျိုး ၃ ပါးသည် အာဟာရတ္ထိ၌ပါဝင်၏, ရူပဇီဝိတိန္ဒြိယမျိုး ၃ ပါးသည် ရူပဇီဝိတိန္ဒြိယတ္ထိ၌ ပါဝင်၏, ပကတူပနိဿယ မျိုး ၂ပါးသည် ပကတူပနိဿယ၌ ပါဝင်၏, နာနက္ခဏိကကမ္မမျိုး တပါးသည် ကမ္မပစ္စည်း၌ ပါဝင်၏၊ ဤသို့လျှင် အဆွယ်အပွားနှင့်တကွ ၂၄ ပစ္စည်းကို အကျဉ်းချုံး၍ သိမ်းကြုံးလိုက်လျှင် အာရမ္မဏ ဥပနိဿယ ကမ္မအတ္ထိ ၄ ပါး တွင် ထိုက်သလို ပါဝင်ကြရလေသည်။

ဋီကာကျော်။ ။ ဋီကာကျော်၌ "အာရမ္မဏူပနိဿ၊ ပေ၊ သမောဓာနံ ဂစ္ဆန္တိ" ဟူသော ဤဝါကျကို တမျိုးဖွင့်ပြလျက်ရှိ၏၊ ဖွင့်ပြပုံကား ခပ်သိမ်း သော ပရမတ် ပညတ် ပစ္စည်းတရား ဟူသမျှသည်စိတ်စေတသိက်တို့၏ အာရုံချည်းသာဖြစ်၍ အားလုံးပစ္စည်းတွေအာရမ္မဏပစ္စည်း၌ပါဝင်၏, မိမိ ဆိုင်ရာပစ္စယုပ္ပန်တရား၏ အားကြီးသောမှီရာ အကြောင်းတရားချည်းသာ ဖြစ်၍ အားလုံးပစ္စည်းတွေ ဥပနိဿယ၌ ပါဝင်လေ၏, တလောကလုံး၏ ဖြစ်မှုသည် ကံသာလျှင် အရင်းခံရှိသောကြောင့် (အကြောင်းကံ၏ ကမ္မ ဟူသော အမည်ကို အကျိုးတရားတွေပေါ်၌ တင်စား၍) ကာရဏူပစာရ အားဖြင့်ရင်း မုချအားဖြင့်ရင်း ကမ္မပစ္စည်း၌ပါဝင်ကြရ၏, အလုံးစုံသော ပစ္စည်းသည် ပရမတ္ထအားဖြင့် ဖြစ်စေ သမ္မုတိသစ္စာ အားဖြင့်ဖြစ်စေ ထင်ရှား ရှိသည်သာဖြစ်၍ အတ္ထိပစ္စည်း၌ ပါဝင်ကြ၏၊ ဤသို့ကပ်ကပ် သတ်သတ် ကြံကြံဖန်ဖန် ဖွင့်လေသည်၊ ထိုအဖွင့်·ကို မြန်မာနိုင်ငံ ဆရာ

အဆက်ဆက်တို့ ပယ်ဖျက်တော်မူကြပြီးလျှင် ပဋ္ဌာနနည်း အတိုင်းသာ အသုံးပြုတော်မူခဲ့ကြပေသည်။

ပစ္စည်းတခု၏ သတ္တိကို မူတည်၍ အခြားသဘောတူပစ္စည်းတို့၏ သတ္တိ များလည်း တပြိုက်နက်ပါဝင်လာနိုင်ပုံကိုပြသော စကားရပ်သည် "ပစ္စည်း ပြိုင်" မည်၏၊ ထိုပစ္စည်းပြိုင်ရာ၌ ရှေးဦးစွာ "မည်သည့် ပစ္စည်းနှင့် သတ္တိ သဘောချင်း တူနိုင်သော ပစ္စည်းပေါင်း မည်မျှရှိသည်" ဟု သဘောတူ ပစ္စည်းများကို ခွဲခြားနားလည်နှင့်ဘို့ အရေးကြီး၏၊ ထို့ကြောင့် ထို သဘာဝ ပစ္စည်းများကို ရှေးဆရာမြတ်တို့၏ လင်္ကာနှင့်တကွ အကျယ် လင်္ကာပါ ထည့်စွက်ပြပေအံ့၊ သတ္တိချင်းပြိုင်ပုံကို သိဘို့ရာမှာ မိမိတို့ ဆရာနည်းအတိုင်း ပစ္စည်းပြိုင်ကို လေ့လာကြပါကုန်။

[ဆောင်] ဆဲ့တစ်ဟေ–ဟာ, ခွန်အာ–သဟ, အညာ–ဝိပါက်, မှတ်ချက် တခြား, ဆဲ့ငါးနိပတ်, ခြောက်ရှိနန်–နန်, ကောန်ခွဲမှတ်, သမ်– နတ်ဝိဖြစ်, ဆဲ့နှစ်နိမင်, ဝိပ္ပစွက်ဖုံး, ဆဲ့သုံးဥယျူ, ရှစ်ပူ–သုံးပ, ပဋ္ဌအာသေ, ဆဲ့လေးဣန္ဒြိ, ကံ–အတ္ထိတည်း, အဝိ စွက်ပါ, ဈာန်မှာ တဆယ်, မှတ်ဘို့ချယ်သည်, ပြိုင်ဘွယ် ပစ္စယသဘာဝ။

[**ဆဲ့တစ်ဟေဟာ**= ဟေတုပစ္စည်းအာဟာရပစ္စည်းတို့နှင့်ပြိုင်ဘို့ရာ ပစ္စည်းပေါင်း ၁၁–ပါးရှိ၏၊ ဤသို့စသည်ဖြင့် လင်္ကာ၏အဓိပ္ပာယ်ကိုသိပါ၊ ထိုလင်္ကာ၌ပါသော သချာအတိုင်းအကျယ်ကော်ပြသော လင်္ကာကိုပြအံ့။]

[ဆောင်] ၁။ ဟေတုသတ္တိ, ပြိုင်ဘွယ်ညှိက, **အဓိ**–သဟ, အဉ်မညနှင့်, နိဿယ–ဝိပါက်, ဣန္ဒြိ–မဂ်ဟု, သံစွက်–ဝိပ်ထည့် အတ်–အဝိ တို့, မှတ်သိဘွယ်ပြ, ဆဲ့တဝတည်း၊ ဟာရသတ္တိ, ပြိုင်ဘွယ် ညှိလည်း, အဓိ–သဟ, အဉ်မညပင်, နိဿယ–ကံ, ဝိပါကံနှင့် ဣန်–သံ–ဝိပ်ထည့်, အတ်–အဝိဟု, ရသည့်အပြား, ဆဲ့တပါး သည်, မှတ်သား ဟေဟာ အရတည်း။

၂။ အာရမဏာ၏, ပြိုင်ဘွယ် ညှိသော်, ဓိပတိက, နိဿယနှင့်, ဥပ–ပုရေ, ဝိယုတ္တေထည့်, အတ်–အဝိဟု, မှတ်သိလေကြ, ခုနစ်ဝ တည်း၊ သဟဇာတ, သဘာဂကား, အညာ–နိသ်–ဝိ, သံ–ဝိပ် ထည့်၍, အတ္ထိအပြင်, အဝိယုဥ်လော၊ အညမည, ဝိပါကလည်း, ၎င်းနည်းဝယ်, ကိုယ့်ကိုယ်ပယ်၍, ဆွယ်သဟဇာတ်, လောင်းကာ ထပ်သည့်, ခေါ်မှတ် ခွန်အာ အရတည်း။

၃။ ဓိပတိမှာ, ပြိုင်ဘွယ်ရှာသော်, ဟေ–အာ–သဟ, အဉ်–နိဿယ တည်း၊ ဥပ–ပုရေ, ဝိ–ဟာရေနှင့်, ဣန္ဒြေ–မဂ်, သံ–ဝိပ်စွက်လော, တချက် အတ္ထိ, ဆွယ်အဝိဟု, မှတ်သိဘို့ရန်, ဆဲ့ငါးတန်သည့်, ကောန် မကျယ် မကျဉ်းတည်း။

၄။ အနန္တရ, ခုနစ်ဝမ္ဘ, သမနန်ရှိ, ဥပနိတို့, နှိုင်းညှိနေကျ, သေဝန နှင့်, ကမ္မနာနက်, တစိတ်ဘက်လော, မပျက်တမ္ဘ, နတ်–ဝိယု၍, နည်းတူ ရဟာန်, သမနန်တည်း၊ သမ္ဗယုတ္တ, သဘာဂကား, သဟ–အဉ်–နိ, ဝိပါထည့်လျက်, အတ္ထိတဖြာ, အဝိဘာတဲ့, နောက်မှာ ကပ်ရှိ, နိတ္ထိ–ဝိတို့, နည်းသိအမှန်, ကိုယ့်ကိုယ်ချန်၍, အနန္တရ သဘာဂနှင့်, အရတူလေစမြဲတည်း။

၅။ ပစ္စည်း နိဿယ, သဘာဂကား, အာရမဏာ, ဓိ–သဟာနှင့်, အညာ–ဥ–ပု, ဝိ–ဣန္ဒြလျက်, သမ်–ဝိပ်စွက်ဘိ, အတ်–အဝိ ဟု, မှတ်သိဘွယ်စစ်, တဆဲ့ နှစ်တည်း၊ မှတ်လစ်ဆက်ထုတ်, ဝိပ္ပယုတ် ဝယ်, သမ်ကို ပယ်ဘိ, ပဉ္စာထည့်၍, မိမိပယ်ချ, နိဿယဖြင့်, အရကောက်လေ, ဆဲ့နှစ်ထွေပင်၊ မှတ်စေ မဂ်ဟု, ပြိုင်ဘက်ရှိသော်, ဟေတု–အဓိ, သဟထည့်၍, အဉ်–နိ–ဝိပါ, ဣန္ဒြ–ဈာတည်း၊ တဖြာ သမ္ဗ, ဝိပ္ပကိုထည့်, အတ်–အဝိဟု, မှတ်သိစဘွယ်, ဆဲ့နှစ်သွယ်သည့်, အလွယ်ဆောင်ပုဒ် အကျဉ်း တည်း။

၆။ ဥပနိဿယ, သဘာဂမှု, အာရ အဓိ, နန်-နန် ဒွိနှင့်, နိဿိ-
ပုရေ, အာသေဝန, ကမ္မ-ဝိပါက်, အတ်-နတ် စွက်၍, တချက်
ဝိဂတ, အဝိဂတသည့်, မှတ်ကျ ဆဲ့သုံးအရတည်း။

၇။ ပုရေဇာတာ, သဘာဂါကား, အာ-အဓိ-နိဿ်, ဥပနိဿ်နှင့်, ဣန်-
ဝိပ်ကို ထည့်, အတ်-အဝိ ဟု, မှတ်သိရှစ်ဖြာ, အကျဉ်းလာ၏၊
ပစ္ဆာဇာတ, သဘာဂမှု, ဝိပ္ပ-အတ္ထိ, ဆက်အဝိဟု, တြိပစ္စယ,
အချုပ်ပြ၏၊ သေဝနတာ, ပြိုင်ဘက်ရှာသော်, နှစ်ဖြာ နန်-ဥ,
နတ်-ဝိ ရှုလျက်, ငါးခုံပစ္စယ, အလွယ်ရသည့်, ပြိုင်ကြ အကျယ်
သဘောတည်း။

၈။ ဣန္ဒြိယဈာ, ပြိုင်ဘွယ်ရှုက, ဃာတု-အဓိ,သ-အဉ်-နိနှင့်, ပု-ဝိ-
ဟာ-ရှာန်, မဂ္ဂ-သမ်တည်း, တဘာန် ဝိပ်-အတ်, အဝိထပ်လျက်,
သတ်မှတ်ပေါ်ပြ,-ဆဲ့လေးဝတဲ့, ကမ္မတွက်မှု, ပြိုင်ဘက်ရှုသော်,
နှစ်ခု နန်-နန်, သဟာဇံနှင့်, အညံ-နိဿ်ပါ, ဥ-ဝိ-အာတည်း,
ဆင့်ကာ သံ-ဝိပ်, နောက်ဆုံးပိတ်က, ထည့်သိပ်လေးဝ, ဆဲ့လေး
ရ၏၊ အတ္ထိတွက်တာ, ပြိုင်ဘက်မှာကား, အာရမဏ, မိ-သဟာနှင့်
အည-နိဿ် ဆက်, ဥ-ပုစွက်၍, ဝိပါက်-ပစ္ဆာ, ဣန္ဒြိ-ဟာဝယ်,
နှစ်ဖြာ သံ-ဝိပ်, အဝိသိပ်က, ကြိပ်လိပ်လေဘိ, ဆဲ့လေးပြည့်
သည့်, အဝိဂတာ ရင်းတည်း။

၉။ ပစ္စည်း ရှာန, သဘာဂမှာ, သဟ-အဉ်-နိ, ဝိပါ-ဣနှင့်,
မဂ်ထည့် သမ္ပတ်, ဝိယုတ္တတ်နှင့်, အတ္ထိရင်း၊ အဝိလောင်း၍,
စုပေါင်းတဆယ်, အရလွယ်သည့်, ပြိုင်ဘွယ် သဘာဂမေတည်း။

-----

### ဇနကဉပတ္ထမ္ဘကအားဖြင့် ခွဲပုံ

ဥပါဒ်အောင် ဖြစ်အောင်သော ကျေးဇူးပြု၍ ငြိအခိုက်၌ တည်တန့်အောင် ကျေးဇူးမပြုနိုင်သော ပစ္စည်းသည် ဇနကပစ္စည်းမည်၏၊ ဤဇနကပစ္စည်းကား အနန္တရ, သမနန္တရ, အနန္တရူပ, ပကတူပ, ဟူသောဉပနိဿယတစိတ်, နာနက္ခဏိက ကမ္မတစိတ်, အာသေဝန, နတ္ထိ, ဝိဂတတို့တည်း၊ [ပကတူပနိဿယ ကား အခြားမဲ့ဖိုလ်အား ကျေးဇူးပြုသော ဇလဝဖြစ်သော မဂ်စိတ္တုပ္ပါဒ်တည်း၊ နာနက္ခဏိက ကမ္မတစိတ်ဟူသည်လည်း ထိုစေတနာ ပင်တည်း၊] ဤ ၇ ပစ္စည်းသည် အခြားမဲ့ တရားတို့အား ဖြစ်ပေါ် ဥပါဒ်အောင် ဇနကသတ္တိဖြင့် သာ ကျေးဇူး ပြုကြ၏၊ ငြိခဏ ဘင်ခဏ တည်တန့်အောင်ကား ကျေးဇူး မပြုကြကုန်၊ ဤကား အဋ္ဌကထာအဆို တည်း။ [မူလဋီကာကမူ "ဇနကသတ္တိ က ပဓာနဖြစ်၍သာ ဇနကပစ္စည်းဟု ဆိုသည် ငြိခဏ၌ တည်အောင် ကျေးဇူးပြုနိုင်သော ဥပတ္ထမ္ဘက သတ္တိလည်း ရှိသည်" ဟု ယူလိုသည်။]

မိမိကိုယ်တိုင် ဖြစ်ပေါ် ဥပါဒ်လာအောင် ကျေးဇူးမပြုနိုင်, ဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ပြီးသော တရားစုကို ငြိအခိုက် ဘင်အခိုက်၌ တည်တန့်အောင် ထောက်ပံ့နိုင်သော (အစဉ်အဆက် တည်တန့်အောင်လည်း ထောက်ပံ့နိုင်သော) ပစ္စည်းသည် ဥပတ္ထမ္ဘကပစ္စည်းမည်၏၊ ထို ပစ္စည်းကား ပစ္ဆာဇာတ တပါးသာတည်း၊ ကြွင်းသော ယေဘုစသော ၁၈ ပစ္စည်းမှာ ဖြစ်အောင်လည်း ဇနကသတ္တိဖြင့် ကျေးဇူးပြုနိုင်၏, တည်တန့်အောင်လည်း ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူးပြုနိုင်၏၊ ထို့ကြောင့် ဇနကောပတ္ထမ္ဘက ပစ္စည်းများတည်း။ [ဤ ၁၈ ပစ္စည်းဟူရာ၌ ဇနကပစ္စည်းတွင် ပြခဲ့သော ဥပနိဿယတစိတ် ကမ္မတစိတ်မှ ကြွင်းသော ဥပနိဿယအားလုံး ကမ္မအားလုံးလည်း ပါဝင်သည်။]

ဇနကာ သတ္တဓာ ဟောန္တိ, ဧကောဝ ဥပတ္ထမ္ဘကော၊
သေသာ–ဋ္ဌာရသ ဝိညေယျာ, ဇနကာ စ ပတ္ထမ္ဘကာ။

--------

**အစုံအားဖြင့် ခွဲဟန်**

အစုံသည် အနက်စုံဟူသော အတ္ထယုဂ, သဒ္ဒါစုံဟူသော သဒ္ဒယုဂ, ကာလအားဖြင့် ဆန့်ကျင်ဘက်စုံသော ကာလပဋိပက္ခယုဂ, သဘောချင်း ဆန့်ကျင်ဘက် ဖြစ်၍ အစုံအစုံဖြစ်ကြသော အညောညပဋိပက္ခယုဂ, အကြောင်းအကျိုးအားဖြင့်စုံသော ဟေတုဖလယုဂ, အားဖြင့် ၅ ပါးပြား၏၊ ထိုတွင် အနန္တရနှင့် သမနန္တရသည် အခြားမဲ့ဟူသော အနက်အားဖြင့် တူမျှသော အတ္ထယုဂတည်း၊ [အချို့ကား "ပစ္စည်းပစ္စယုပ္ပန် အရကောက် အနက်တူမျှသောကြောင့် အတ္ထယုဂ'" ဟုဆို၏, ထိုအတိုင်းမှန်လျှင် အတ္ထိနှင့် အဝိဂတတို့လည်း အတ္ထယုဂ၌ ပါဝင်ကြရလိမ့်မည်၊ ပါကားမပါနိုင်ချေ။] နိဿယနှင့် ဥပနိဿယကား သဒ္ဒါချင်းတူမျှသည့် သဒ္ဒယုဂတည်း၊ [ဥပ နိဿယ၌ ဥပကား ဇောတကမျှသာဖြစ်၍ "ထူးသည်" ဟု မဆိုထိုက်။]

ပုရေဇာတသည် ရှေ့ကဖြစ်၍ ကျေးဇူးပြု၏, ပစ္ဆာဇာတကား နောက်မှ ဖြစ်၍ ကျေးဇူးပြု၏၊ ထို့ကြောင့် ထိုပစ္စည်း ၂ ပါးသည် ကာလချင်း ဆန့်ကျင်ဘက် ဖြစ်ကြသည့် ကာလပဋိပက္ခအစုံတည်း၊ သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တ, အတ္ထိနှင့် နတ္ထိ, ဝိဂတနှင့် အဝိဂတတို့သည် သဘောချင်း ဆန့်ကျင်ကြသည့် အညောည ပဋိပက္ခအစုံတည်း၊ သမ္ပယုတ္တသည် ယှဉ်လျက် ကျေးဇူးပြု၍, ဝိပ္ပယုတ္တက မယှဉ်ဘဲ ကျေးဇူးပြု၏၊ အတ္ထိက ရှိနိုက်မှာ ကျေးဇူးပြု၍ နတ္ထိက မရှိနိုက်မှာ ကျေးဇူးပြု၏၊ ဝိဂတက ကင်းကွာမှ ကျေးဇူးပြု၍, အဝိဂတက မကင်းခင် ကျေးဇူးပြု၏၊ ဤလို အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ကြသည်၊ ဟေတုဖလ တစုံကား ကမ္မနှင့် ဝိပါကတည်း။ [ဤကမ္မအရ နာနက္ခဏိကကမ္မကို ရည်ရွယ်သည်။]

ယုဂါတိ ယုဂဠာ အတ္ထ-သဒ္ဒ သာရိက္ခတာယစ၊
ကာလညောည ပဋိပက္ခာ, ဟေတုပ္ပလေန ပဉ္စဓာ။

ယုဂါတိ-ယုဂါဟူသော စကားအရ၊ ယုဂဠာ-အစုံတို့သည်၊ အတ္ထသဒ္ဒ သာရိက္ခတာယစ-အနက်တူသဒ္ဒါတူအားဖြင့်၎င်း၊ ကာလညောညပဋိ ပက္ခာ-ကာလပဋိပက္ခ, အညောညပဋိပက္ခအားဖြင့်၎င်း၊ ဟေတုပ္ပလေန- အကြောင်း အကျိုးအားဖြင့်၎င်း၊ ပဉ္စဓာ-၅ မျိုး ပြားကုန်၏။

### ဘဝအားဖြင့် ခွဲဟန်

ပဥ္စဝေါကာရဘုံ၌ ၂၄ ပစ္စည်းလုံးရ၏, စဉ်းစားကြည့်လေ၊ စတုဝေါကာရဘုံ၌ ပုရေဇာတ ပစ္ဆာဇာတ ဝိပ္ပယုတ္တကြဉ် ကြွင်း ၂၁ ပစ္စည်းရ၏၊ ပုရေဇာတသည် ရုပ်ပစ္စည်းဖြစ်၏, စတုဝေါကာရဘုံ၌ ထိုရုပ်ကိုစွဲ၍ဖြစ်မည့် ပစ္စယုပ္ပန်နာမ် မရှိကြ၊ ပစ္ဆာ ဇာတ၌ ပစ္စယုပ္ပန်တို့က ရုပ်တရားဖြစ်၍ အထူး ပြောဘွယ်မလို၊ ဝိပ္ပယုတ္တလည်း ဤသဘောမို့၍ စတုဝေါကာရဘုံ၌ မရထိုက်ကြောင်းကို သိလေ၊ ဧကဝေါကာရဘုံ၌ကား သဟဇာတ, အညမည, နိဿယ, နာနက္ခဏိကကမ္မ, ရူပဇီဝိတိန္ဒြိယ, အတ္ထိ, အဝိဂတ, ၇ ပစ္စည်းရ၏။ [“ရ” ဆိုသည်ကား “ကျေးဇူးပြုခံရသည်=ပစ္စယုပ္ပန်ရှိနိုင်သည်” ဟုဆိုလိုသည်၊] ဗဟိဒ္ဓ ဥတုဇရုပ်များ၌ သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ, ဤ ၅ ပစ္စည်းရ၏၊ [သစ်ပင် တောတောင် စသည်၌ရှိသော အဋ္ဌကလာပ်ရုပ်တို့၌ မဟာဘုတ် အချင်းချင်းအားငှင်း ဥပါဒါရုပ်အားငှင်း ကျေးဇူးပြုခံရပုံကို ကြည့်လေ။]

[ဆောင်]ဗဟိဒ္ဓ၌, ငါးဝအလွန်, ခွန်ဧကဝေါ, စတုဝေါတုံ, ဧက်ဝိ ကြုံ, လုံးစုံ ပဥ္စဝေါ။

**ဝါဒန္တရ**။ - ။တချို့ကား “ရ” ဆိုသော စကား၌ “ကျေးဇူးပြုခံရသည်- ကျေးဇူးပြုခံရသော ပစ္စယုပ္ပန်များ ရှိသည်” ဟု အဓိပ္ပာယ်မယူဘဲ “ပစ္စည်းတရားရသည်=ပစ္စည်းတရားရှိသည်” ဟု အဓိပ္ပာယ်ယူ၍ ဧကဝေါကာရဘုံ၌ “အာရမဏ, အာရမဏာဓိပတိ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ, ရူပဇီဝိတိန္ဒြိယ အဝိဂတ” အားဖြင့် ၉ ပစ္စည်းရသည်-ဟု ယူ၍ “ကိုးဧကဝေါ, စတုဝေါတုံ, ဧက်ဝိကြုံ, လုံးစုံ ပဥ္စဝေါ” ဟု ဆိုထား၏၊ ထိုနည်းအတိုင်းဆိုလျှင် အာရမဏပုရေဇာတလည်း ရကောင်း၏, ဗဟိဒ္ဓမှာလည်း ဤပစ္စည်းအားလုံး ရထိုက်၏၊ ထို့ကြောင့်ထိုဝါဒသည် အဋ္ဌကထာနှင့် မတူသော်လည်း သူ့နည်းနှင့် သူတမျိုးသင့်၏-ဟု မှတ်ရာ၏။

### သဗ္ဗာ–သဗ္ဗာဋ္ဌာနိကအားဖြင့် ခွဲဟန်

သဗ္ဗေသံ–အလုံးစုံသော သစိတ္တ ရုပ်နာမ်တရားတို့၏၊ ဌာနိကာ–တည်ရာအကြောင်းဖြစ်သော ပစ္စည်းတို့သည် ။သဗ္ဗဋ္ဌာနိကာ–သဗ္ဗဋ္ဌာနိက တို့မည်၏၊ မည်သည့်ရုပ်နာမ် သစိတ္တ မဆို အကြင်ပစ္စည်းနှင့် ကင်း၍ မဖြစ်နိုင်, ထိုပစ္စည်းကို သဗ္ဗဋ္ဌာနိကပစ္စည်းဟု ခေါ်၏၊ ထိုပစ္စည်းများကား သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ၄ ပစ္စည်းတည်း၊ ထိုစကားမှန်၏– အားလုံး ရုပ်နာမ်တရားတွေသည် သဟဇာတပစ္စည်းနှင့် ကင်း၍ မဖြစ်နိုင်, သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ချည်းသာတည်း၊ ထို့ကြောင့် သဟဇာတ ပစ္စည်း၌ ပစ္စနိက် မထုတ်ရတော့ချေ၊ နိဿယ, အတ္ထိ, အဝိဂတတို့၌လည်း သဟဇာတနိဿယ, သဟဇာတတ္ထိ, သဟဇာတအဝိဂတအတွက် အားလုံး ရုပ်နာမ် သစိတ္တတွေ ပစ္စယုပ္ပန်တွင် ပါဝင်ရလေသည်၊ ဤ ၄ ပစ္စည်းမှ ကြွင်းသော ပစ္စည်းပေါင်း ၂၀ ကား အားလုံး ရုပ်နာမ် သစိတ္တတို့၏ အကြောင်းမဟုတ်, ဆိုင်ရာ အချို့ရုပ်နာမ်၏သာ အကြောင်းဖြစ်ရကား အသဗ္ဗဋ္ဌာနိက ပစ္စည်းများတည်း။

သဗ္ဗဋ္ဌာနိကာ စတုရော၊ သေသာ အသဗ္ဗဋ္ဌာနိကာ။

**အမှာစကားချပ်။** ။ဤမှနောက်၌ "ဆဓာ နာမံတု နာမဿ" စသော ဂါထာအရ နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၆ ပါး– စသော ခွဲထားချက်မှာ သင်္ဂြိုဟ်၌ပင် အကျယ်လာလေပြီ၊ ထိုအားလုံး၏ အဓိပ္ပာယ် ကား ၃ ချက်စု အဓိပ္ပာယ်တွင် ပါဝင်လေပြီ၊ ယခုအခါ ရှေးဆရာမြတ်တို့၏ ၂၄ ပစ္စည်းအနက်ကျယ်ကို ကမ္ပတ်ဖုံး၍ နိဂုံး အုပ်တော့မည်၊ ၂၄ပစ္စည်း အနက်ကျယ်ဝယ် ဥပမာ ပစ္စယသတ္တိ, ပစ္စည်း သရုပ်အရ, ပစ္စယုပ္ပန်နှင့် တကွ, သဘာဂ သချင်္ာတို့ပါ တပေါင်းတည်း ပြထားသဖြင့် ဉာဏ်အားရှိသူများအတွက် အထူး ကျက်မှတ်သင့်ပေသည်၊ ထိုအနက်ကျယ်၏ အဓိပ္ပာယ်မှာ ၃ စု အဓိပ္ပာယ်တွင် ပါဝင်ပြီးဖြစ်၍ အထူး ပြတော့မည် မဟုတ်။

**ဟေတုပစ္စယော**– ရေသော် မြစ်လျှင်, ယင်း သစ်ပင်ကို, စိမ်းရှင်ညွန့်ဝေ, စည်ပင်စေထ, ထော်ပုံ မသို့, သဟဇာတံ, ရုပ်နှင့် နာမ်ကို, သန္ဓေပဝတ်, မလွတ်စေရ, သဘာဂ တာ, ဆုံနှစ်ဖြာတွင်, ကောင်းစွာခိုင်ကြည့်, တည်သည်၏ အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာ ရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားပါတကား။

**အာရမ္မဏပစ္စယော**– တောင်ဝှေး ကြိုးတန်း, သူမစွမ်းကို, မပန်းရလေ, ထိုင်ထစေသို့, စိတ် စေ လေးတန်, နာမက္ခန်ကို, ဖြစ်ဟန်တူစွာ, ရှုစ်သဘာတွင်, ဆွဲထောက်ရာ အာရုံ၏ အဖြစ် တည်းဟူသော အာရမ္မဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာ ရှိသော အာရုံခြောက်ပါး ပစ္စည်းတရားပါတကား။

**အဓိပတိပစ္စယော**– စကြာဘုန်းငွ, များဗိုလ်လူကို, ပြိုင်သူမရှိ, စိုးအုပ်ဘိသို့, ဟသိမောဟ, ကြဉ်ပ သည့်ဇော, လောဘ မူလ, အဋ္ဌ ပုညာ, ကြိယာသမ္ပယုတ်, လောကုတ် ရှစ်အား, ဆဲ့ခြောက် ပါးတွင် ကြီးမားလွှမ်းမိုး, အစိုးရခြင်း ဟူသော အဓိပတိ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒဝီရိယ စိတ္တ ဝိမံသာ ဟူသော သဟဇာတာဓိပတိ လေးပါး, ဒုက္ခသဟ, မောဟကြဉ်စိတ်, ကုဋ္ဌနိပ္ဖန်, နိဗ္ဗာန်ဟူသော အာရမ္မဏာ ဓိပတိ ခြောက်းပါး ပစ္စည်းတရားပါတကား။

**အနန္တရပစ္စယော**– ပျော်စံနတ်ရွာ, စကြာမင်းဖျား, သားကြီး အားသို့, အခြားမဲ့နေ, စိတ်နှင့်စေကို, မကွေတူစွာ, ခုနစ်ဖြာ တွင်, သမာနဇာတ်, ခြားမပြတ်ဘဲ, ဖြစ်စေတတ်သော အနန္တရ

သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရားပါတကား။

**သမနန္တရပစ္စယော**- စည်းစိမ်မမက်, တောကြီးထွက်သည့်, စက္ကဝတ်မင်းဖျား, သားကြီးအားသို့, အခြားမဲ့နေ, စိတ်နှင့်စေကို, မကွေပြိုင်ဘက်, ခုနစ်ချက်တွင်, အောက်ထက်ယာဝဲ, ဝေခွဲမရှိ, မိမိတမှု, တူသည့်အဖြစ်, ဆောင်လစ်ပမာ, ကောင်းမွန်စွာလျှင်, သမာနဇာတ်, ခြားမပြတ်ဘဲ, ဖြစ်စေတတ်သော သမနန္တရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ရှေးရှေးသော နာမ်ခန္ဓာ ၄ ပါး သမနန္တရပစ္စည်း တရားပါတကား။

**သဟဇာတ ပစ္စယော**- အလင်း ဖြစ်မှု, ဆီးမီးပြုသည့်, တန္တုပမာ, သဟဇာတ, နာမနှင့်ရုပ်, ဘူတုပ္ပါဒ်, သန္ဓေခါလည်း, ဝိပါဝတ္ထု, ယင်းခြောက်ခုအား, တူပြား အဋ္ဌ, သဘာဂတွင်, တကွမကွေ, ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘု, ဝတ္ထုပါက, သဟဇာတ ခြောက်ပါး ပစ္စည်းတရားပါတကား။

**အညမညပစ္စယော**- သစ်သားသုံးခွ, ချင်းချင်းမသို့, ဥပကာရာ, ထောက်ပံ့လာသော, နာမ်မဟာဘု, ဝတ္ထုနာမ်အား တူရှစ်ပါးတွင်, ထောက်ထား လှန်ပင်း, အချင်းချင်း ဟူသော အညမည သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နာမ်မဟာဘု, ဝတ္ထုပါက, အညမညသုံးပါး ပစ္စည်းတရားပါတကား။

**နိဿယပစ္စယော**– သစ်ပင် အားမြေ, ထောက်ပံ့ ပေသို့, နှစ်ထွေရုပ်နာမ်, သဟာဇ်အားရင်း၊ စိတ္တကမ္မ, ပဋ္ဌုံဟန်, သတ် ဝိညာဏ်အားရင်း၊ တူမှန်သဘာ, ဆဲ့သုံးဖြာတွင်, တည်ရာမှီရာ ဟူသော အဓိဋ္ဌာနာကာရ, နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘု, ဝတ္ထုပါက ဟူသော သဟဇာတနိဿယ ခြောက်ပါး, ပဝတ္တိစု, ဆဝတ္ထု ဟူသော ပုရေ ဇာတနိဿယ ခြောက်ပါး ပစ္စည်း တရားပါ တကား။

**ဥပနိဿယပစ္စယော**– မိုယ်းနှင့်မကင်း, စုံခပင်းကို, မိုယ်း တွင်း ခြိမ့်အုံး, ထစ်ချုန်းမြည်ကြိုး, ရွာသည့်မိုယ်းသို့, သုံးမျိုး ပြားလတ်, စိတ္တုပ္ပါဒ်အား ဆဲ့လေးပါးတွင်, အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ, မောဟကြဉ်စိတ်, ဉာဏ်နိပ္ဖန်, နိဗ္ဗာန်ဟူသော အာရမဏူပ နိဿယ, ရှေးရှေးသော နာမက္ခန္ဓာ ဟူသော အနန္တရူပ နိဿယ, ဗလဝရုပ်, စိတ္တုပ် ပညတ်ဟူသော ပကတူပ နိဿယသုံးပါး ပစ္စည်း တရားပါ တကား။

**ပုရေဇာတပစ္စယော**– အလင်းမှီနေ, များဗိုလ်ခြေကို, ကပွေ စစ္စာ, ပေါ်လာထွန်းပ, နေနှင့်လသို့, နောက်မှဖြစ်လေ, စိတ်နှင့်စေအား, တူကိုးပါးတွင်, ရှေးဖျားဖြစ်၍, ပစ္စုပ္ပန္နေ, ပုရေဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ဆဝတ္ထုဟူသော ဝတ္ထု ပုရေဇာတ, နိပ္ဖန္နရုပ် ဟူသော အာရ မဏပုရေဇာတ ၂ ပါး ပစ္စည်းတရားပါတကား။

**ပစ္ဆာဇာတပစ္စယော**– ဂိဇ္ဈပေါတက, သရီရအား, အာဟာရ ဝယ်, တာတွယ် အာသာ, စေတနာသို့, ပုရာဇာတ, ရုပ်မွေ့အား, မျိုးလေးပါးတွင်, နောက်ပါး၌ဖြစ်သဖြင့်, ထော်ပံ့ ခိုင်မာ, ပစ္ဆာဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နောက်နော် ပဋ္ဌဝေါကာ, နာမ်ခန္ဓာလေးပါး, ပစ္စည်းတရား ပါတကား။

**အာသေဝနပစ္စယော**– နောက်နောက်မွန်လေး, သာလွန် မွေးအောင်, ရှေးရှေးထုံထား, နံ့သာလားသို့, မခြားမပြတ် မျိုးဇာတ်တူစွာ, ကုသလာကုသလ, ကြိယသဘော, နော်နော် ဇောအား, တူခြော်ပါးတွင်, ခွန်အားဟုန်ပြင်း, ယူစေလျင်း၍, ထုံခြင်းဟူသော အာသေဝန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ, အာသေဝနသုံးပါး ပစ္စည်းပါတကား။

**ကမ္မပစ္စယော**– သစ်ပင်တို့အား, မျိုးစေ့လားသို့, ကြွင်း ငြားတူလတ်, သဟဇာတ်နှင့်, ကဋတ္တာဝိပါက်, ဤ နှစ်ချက် အား, တဆဲ့ ငါးတွင်, အားပါးထုတ်ထ, လုံ့လသည်းစွာ, အမှု အရာဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော သဟဇာတ် စေတနာ ဟူသော သဟဇာတကမ္မ၊ အတိတ် ကုသိုလ် အကုသိုလ် စေတနာဟူသော နာနက္ခဏိက ကမ္မနှစ်ပါး ပစ္စည်းတရားပါတကား။

**ဝိပါကပစ္စယော**––– ချမ်းရိပ်နားနေ, သွန်းလေပြေသို့, မကြွေဖြစ်လတ်, သဟဇာတ်အား, မျိုးရှစ်ပါးတွင်, အင်အား ချိပန်း ငြိမ်းချမ်းစေလျက်. ငြိမ်သက်ခြင်းဟူသော ဝိပါက

သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမ က္ခန္ဓာဟူသော ဝိပါက ပစ္စည်းတရားပါတကား။

**အာဟာရပစ္စယော–** မယိမ်းမယိုင်, ခိုင်စေ သောအား, ထောက်သည့် ကျားသို့, နှစ်ပါးသဟဇ်, ရုပ်နှင့် နာမ်အားငင်း၊ လေးတန်သန္တတိ, သမုဋ္ဌာနိက ရုပ်အားရင်း၊ ယထာက္ကမ, ဒွါ ဒသမျိုးတူတွင်, ဆောင်ယူ ထောက်ပံ့ခြင်းဟူသော အာဟာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ဖဿ စေတ နာ ဝိညာဉ်ဟူသော နာမ်အာဟာရ သုံးပါး၊ အဇ္ဈတ် ဗဟိ, စတုသမုဋ္ဌာနိက ဩဇာဟူသော ရုပ်အာဟာရ ပစ္စည်းတရားပါ တကား။

**ဣန္ဒြိယပစ္စယော–** တပြည်တွင်း၌, ချင်းချင်း မဟန့်, သီး မသန့်ဘဲ, ခွဲခန့်ပိုင်စား, မင်းအများသို့, သုံးပါးပြားလတ်, သဟ ဇာတ်နှင့်, ဓာတ်ပဥ္စဝိညာဏ, ကမ္မဇရုပ်အား, တူဆဲ ငါးတွင်, အခြားမသွေ, မိမိသို့ လိုက်စေခြင်း ဟူသော ဣန္ဒြိယသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ဣန္ဒြေ တရား ကိုယ် ရှစ်ပါး ဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက, ပသာဒရုပ် ငါးခုဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ် ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါး ပစ္စည်းတရားပါတကား။

**ဈာနပစ္စယော–** သစ်ပင် တောင်ငှ, တက်သ သူသည်, အော်လူတို့အား, ပြောသည့်လားသို့, နှစ်ပါးရုပ်နာမ်, သဟဇ် အား, ဆဲ့တပါးတွင်, ထင်ရှားတပ်တပ်, ကပ်၍ရှုခြင်းဟူသော အာရမဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူး

ပြုခြင်း လက္ခဏာရှိသော ပစ္စဝိဉ်ကြဉ်၊ စိတ်မှာ ယှဉ်သည့်, ရှုနှင်ခုနစ်ပါး ပစ္စည်းတရားပါတကား။

**မဂ္ဂပစ္စယော**– ထို ဤမှာသို့, ဆောင်ယူ ပို့သည့်, ကူးတို့ မသွေ, သဟေတုကတ်, သဟဇာတ်အား, ဆဲ့သုံးပါးတွင်, ဖြူစင်မည်းညစ်, ဤအဖြစ်မှ, ပြန်လစ်ဆုလှယ်, ထုတ်ဆယ် ဆောင်ယူ, ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ်, မဂ္ဂင် ဆဲ့နှစ်ပါး ပစ္စည်းတရားပါတကား။

**သမ္ပယုတ္တပစ္စယော**– စတုမဓု, ရောသည့်တူသို့, လေးဆူ နာမ်အား, ခုနစ်ပါးတွင်, လေးပါးအင်္ဂါ, မကွာချင်းချင်း ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တ ပစ္စည်းတရားပါ တကား။

**ဝိပ္ပယုတ္တ ပစ္စယော**– ခြောက်ထွေ ရသာ, ပေါင်းရော ပါသို့, သဟဇာရ, ဝတ္ထုသန္ဓေ, အစထွေသား, သုံးမျိုးအားကို, တူပြားသဘာ, ဆဲ့သုံးဖြာတွင်, နာနာဘာဝ, မယှဉ်ကြဟူသော ဝိပ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဥ္စဝေါကာရ, ရူပသမုဋ္ဌာနိက စိတ်စေ, သန္ဓေဟဒယ စသော သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ် ယုတ်သုံးပါး ပစ္စည်းတရားပါတကား။

**အတ္ထိပစ္စယော**– မြေမြင့်မိုရ်သည်, ထိုထို စိမ်းရှင်, မြက်, သစ်ပင်အား, ထင်ရှားရှိနေ, ထောက်ပံ့ပေသို့, တွက်ရေကုံထံ, ရုပ်နှင့် နာမ်အား, ဆဲ့ငါးပါးတွင်, ထင်ရှားရှိခိုက်, အထိုက်

လျော်ထ, ဥပတ္ထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ် ဟူသော သဟဇာတတ္တိ, ပုရေဇာတတ္တိ, ပစ္ဆာဇာတတ္တိ, အာဟာရတ္တိ, ဣန္ဒြိယတ္တိ ငါးပါးပစ္စည်းတရားပါတကား။

**နတ္ထိပစ္စယော–** မိုက်မှောင်ဖြစ်စေ, ငြိမ်းသေလေပြီး, ဆိမ်းပုံသွေး, ဖြစ်ခွင့်ပေး၍, ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရားပါတကား။

**ဝိဂတပစ္စယော–** နေရောင် ပျောက်ကင်း, လရောင် လင်းသို့, ချုပ်ကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်း တရားပါတကား။

**အဝိဂတပစ္စယော–** ငါးတို့ပျော်ရာ, မဟာသမုဒ်, ရေအစုပ်သို့, မချုပ်တင်းလင်း, မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတ ပစ္စည်းတရားပါတကား။

ဣတိ– ဤသို့၊ စတုဝီသတိ ပစ္စယာ– နှစ်ဆဲ့ လေးပါး, အကြောင်းတရားတို့သည်၊ မဟာပကရဏ–အနန္တနယ သမန္တပဋ္ဌာန်း စာတော်ကျမ်း၌၊ ဋီကာ–ထင်ရှား မူသေ, တည်ရှိကြပေကုန်၏။

၃ ချက်စု ဆိုရိုးနှင့်

**ဘာသာဋီကာ ပြီးပြီ။**

------

## ကျမ်းပြီးနိဂုံး

ဒိသန္တိ ဝါစနာမဂ္ဂါ, ပစ္စယုဒ္ဒေသ–ဝီထိယာ၊
သိဗ္ဗိတ္တဘော တေသံ ဘာသာ–ဋီကာ ဘာသာဘိသခ်တာ။

ပစ္စယုဒ္ဒေသဝီထိယာ–ပဋ္ဌာန်းပစ္စယ, ဥဒ္ဒေသနှင့်, ထုတ်ပြတလမ်း, ဝီထိခဏ်း၏၊ ဝါစနာ မဂ္ဂါ–ရှေးရှေးကလျှင်, ပို့ချစဥ်ဖြင့်, ခုပင်မခန်း,စာစောင်ကျမ်းတို့သည်၊ ဒိသန္တိ–မြန်မာတိုင်းဖြစ်, အဠကထာသစ်သို့, စနစ်မှုသေ, ထင်ရှားကြပေကုန်၏၊ တေသံ–ဝီထိနှစ်ခု, သုံးချက်စု ဟု, ချုပ္ပ မခန်း, ထို စာစောင်ကျမ်းတို့၏၊ ဘာသာဘိသခ်တာ–ခေတ်နှင့် လျော်စွာ, ကိုယ့်ဘာသာဖြင့်, ကောင်းစွာ တည်တွင်, စီစဥ်အပ်သော၊ ဘာသာဋီကာ–ဘာသာဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်းသည်၊ သိဗ္ဗိတ္တဘော–ဝန်းကျင်ပတ်ကုံး, ကမ္ပတ်ဖုံး၍, နိဂုံးအရောက်, ပြီးမြောက်ပေပြီတကား။

ယဒိ အညာ ဥပ္ပဇ္ဇေထ, ဣတောပိ သုခသမ္ဘတာ၊
တသော–ကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။

ဣတောပိ–အများမိုးလောက်, ခရီးရောက်၍, ပြီးမြော်ခဲ့ရာ ဤဘာသာဋီကာထက်လည်း၊ သုခသမ္ဘတာ–ကြည့်ရှုပို့ချ, လွယ်ကူလှသဖြင့်, အားရဘွယ်တောင်း, အကောင်းဟုသမုတ်အပ်သော၊ အညာ–ဝီထိနှစ်ခု, သုံးချက်စု၌, ဖွင့်မှုကျစ်လစ်, ဋီကာသစ်တမျိုးသည်၊ ယဒိ ဥပ္ပဇ္ဇေထ–ပညာလိုလား, နော်နော်သားတို့, ကြိုးစားရစ်သော်, အကယ်၍ဖြစ်ပေါ်လာအံ့၊ တသော–ထိုသို့ဖြစ်ရစ်, ဋီကာသစ်၏၊ ဩကာသံ ပဒါနာယ–ထွန်းတောက်တင့်ရေး, အခွင့်ပေးခြင်းငှါ၊ အယံ–နှစ်ပေါင်း မြားမြောက်, လွန်အားဆောက်မှ, ထွန်းတောက် ထွက်လာ, ဤဋီကာသည်၊ အန္တရဓာယတံ–ရိုးရာ မတဲ့, တိုးကာငဲ့၍, ကပ်ဖုံ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

**ဝီထိနှင့် သုံးချက်စု**
**ဘာသာဋီကာ ပြီးပြီ။**

# ဓာတုကထာဆောင်ပုဒ်
## အကောက်လက်ာ
## စကားချီ

မန္တလေးမြို့ဝယ် သကျသီဟ ဘုရားအတွင်း သေဋ္ဌေး ဦးသာညွှင်း၏ ဓမ္မာရုံကြီး၌ ကျင်းပသောကြောင့် "သကျသီဟ စာပြန်ပွဲ" ဟု ထင်ရှားသော ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ စာသင်တန်း စာပြန်ပွဲကို ဝင်ရောက်ဖြေဆိုရမည့် အချိန်က ဤအကောက်လက်ာကို ရေးသားခဲ့ပါသည်၊ ထိုအချိန်၌ မိမိ ဖြစ်ပုံမှာ နောင်လာ နောက်သားတို့ သတိပြုစရာ ဖြစ်၍ အကျဉ်းချုပ် ရေးပြပါဦးမည်။

မိမိသည် သာမဏေ ဘဝ၌ အစိုးရ ပဌမကြီးတန်းကို ဖြေဆိုပြီးနောက် "အထက်ကျမ်းစာကို နိုင်နင်းအောင် ပခုက္ကူ သွားရမည်" ဟု မြောင်းမြ ဆရာတော်၏ အမိန့်အရ ပခုက္ကူမဟာဝိသုတာရာမတိုက်၌ ရဟန်း ၃ ဝါ အထိ စာဆို၍, နောက်ထပ် ၃ ဝါစာချပြီးမှ (ရဟန်း ၆ ဝါရ၍ အစိုးရ ပဌမကြီး အောင်ပြီးနှစ်ကို ထောက်လျှင် ခုနစ်နှစ်လောက်ကြာမှ) သကျသီဟ စာသင်တန်းကို ဝင်ဘို့ရန် ပခုက္ကူ ဆရာတော်များထံ ခွင့်ပန်ပါသည်။

ထိုအခါ ယခု အချိန် ကွယ်လွန်တော်မူပြီးသော ဆရာတော်ကြီးက အမိန့်ရှိတော်မူသည်မှာ "အင်း...ငယ်ငယ်က ဓာတ်ကြီးထဲ လိုက်ပြီး ဓာတ်ရည်ဝမှ အငြိမ့်ကတဲ့သူလိုဖြစ်နေပြီ" ဟူ၍၊ "ပါဠိတော် အဋ္ဌကထာတို့၌ အတော်အတန် အရည်အချင်းရှိမှ စာသင်တန်း စာမေးပွဲကို ဝင်ရသေးသလား" ဟု မိန့်တော်မူလိုရင်းဖြစ်သည်၊ သို့ရာတွင် မန္တလေး မဟာ ဝိသုဒ္ဓါရုံတိုက်က အရင်းခံဖြစ်နေသဖြင့် အကြောင်းအားလျော်စွာ ကျေနပ်စွာ ခွင့်ပြုတော် မူလိုက်ပါသည်။

မန္တလေးရောက်သော်ကား "ပခုက္ကူစာချဘုန်းကြီးတပါး သကျသီဟ အဝင်လာသတဲ့" ဟူသော ဂယက်နှင့် "ပခုက္ကူစာချပေမဲ့ မန္တလေးတော့ ရမှာမဟုတ်ပါဘူး" ဟူသော ဂယက်သံသည် မိမိ အထံသို့ပဲ့တင်ပြန်လာ ပါတော့သည်၊ ထိုသို့ချီးမြှောက်မှုနှင့် ဖိနှိပ် ရန် ၂ မျိုးသော ပဲ့တင်သံသည် မိမိအား မပေါ့မဆ သတိရအောင် နှိုးဆွသကဲ့သို့ ဖြစ်နေတော့၏၊ မိမိ ငယ်စဉ်ကစ၍ ကိန်းဝပ်နေသော ဝါဒလည်း "မိမိအား လိုလားသူများ၏ စိတ်ကို ကျေနပ်စေလျက် မလိုလားသူတို့၏ ဖိနှိပ်မှုကိုမူ(အတုန့်မပြန်) အလုပ်ဖြင့်ခံမည်" ဟု ဖြစ်၏၊ ထိုသို့ဖြစ်စေမှုလည်း စိတ်ရှိရုံမျှဖြင့် မပြီး၊ မှန်မှန်ကြီး ကြိုးစားမှသာ ထမြောက် အောင်မြင်နိုင်ရကား...

"သော အပ္ပမတ္တော အကုဒ္ဓေါ၊ တာတကိုစ္စာနိကာရယ၊
ဝါယမသ္မိ အကိစ္စေသု၊ နာလသော ဝိန္ဒတေ သုခံ၊
တတ္ထေလတော ဝတ္တပဒါ၊ သော၀ အနုသာသနီ၊
အလံ မိတ္တေ သုခါပေတုံ၊ အမိတ္တာနံ ဒုခါစယ"
ဟူသော တေသကုနဇာတ်တော်နှင့် အညီ ကြိုးစားရမည်သာ ဖြစ်၏။

ထို့ကြောင့် ယခုနေရာ မဟာဂန္ဓာရုံတိုက်မှာပင် ၄ လခန့် အနားယူ၍ သကျသီဟစာသင်တန်း စာများကို ကြိုးစားစဉ် ဓာတုကထာ ဆောင်ပုဒ် များ၏ "(စ) အရ ၂၆, (ဖေါ) အရ ၂ ပါး" စသော သချာမျာနှင့် သချေ်ယျ အရကောက်တို့ကို မှတ်ဘို့ရာ လွန်စွာ တာဝန်ကြီးနေတော့၏၊ ထိုအချက် များကိုလည်း ရှေးမေးခွန်းဟောင်းများတွင် ပါဝင်လျက် ရှိရကား (ကျရှုံးမှု ကို မဆိုထားဘိ, အောက်ကျကျ ဂေဇက်ပါလာလျှင်ပင် ဆရာအရှင်များနှင့် အကျိုးလိုလားသော သီတင်းသုံးဘော်များအတွက် မျက်နှာပျက်ဘွယ် ဖြစ်နေသော မိမိမှာ) ပြဋ္ဌာန်းချက် အားလုံးကို အပြည့်အစုံ လေ့လာပြီး ဖြစ်နိုင်အောင် ကြိုးစားရမည် ဖြစ်သောကြောင့် ထိုဆောင်ပုဒ် များ၏ အရကောက်ကို ဖြစ်သလို လက်ာသွားဖြင့် အရကျက်ဘို့ ရေးသား ရပါတော့သည်။

ထိုစာမေးပွဲ ထမြောက်အောင်မြင်ပြီးနောက် အခါအခွင့် အလိုက် ဓာတုကထာချသည့်အခါ ထိုလင်္ကာများသည် အတော်အသုံးဝင်လာ၏၊ ဝင်ပုံကား "ဒွါသာယတနာ သတ္တရသ ဓာတုယော"စသော ဥဒ္ဒါန်း ဂါထာကို ရလျှင် တနယမှ တနယ အကူးတခဏ်းမှ တခဏ်း အကူး၌ ထိုဂါထာနှင့် ထိုလင်္ကာကိုကြည့်၍ အကောက်စာအုပ် မကြည့်ဘဲ စစ်တတ်လာ၏၊ ဥပမာ- ဒုတိယနယနိဒ္ဒေသကို ဟောတော်မူ၏၊ ထို ဒုတိယ နယနိဒ္ဒေသ၌လည်း ("သင်္ဂဟေန သမ္ပယောဂံ" စသည်ကိုသတိထား၍) အဗ္ဘန္တရ-ဗာဟိရမာတိကာ နိဒ္ဒေသ ၂ ပါး ပြားကြောင်း, အဗ္ဘန္တရ၌လည်း အာယတနနိဒ္ဒေသ ဓာတုနိဒ္ဒေသ စသည်ပြားကြောင်း, အာယတန နိဒ္ဒေသ၌လည်း (အာဓာတ် သြဍ္ဍာ ပသာဒ-စသည်ကြည့်၍) စက္ခာယတန နိဒ္ဒေသ စသည်ဖြင့် ၁၀ပါး ပြားကြောင်း သိနိုင်၏။

ထို့ပြင်-စက္ခာယတနနှင့် အလားတူ ပုဒ်ပေါင်း ၂၅ ပါးကား မည်သည့်ပုဒ်များဟု သိနိုင်သဖြင့် စက္ခာယတနတပုဒ်၏ ဆိုရိုးအတိုင်း စာအုပ်မကြည့်ဘဲ ထို ၂၅ ပုဒ်ကို ဆိုရိုးကျအောင် ဆိုနိုင်၏၊ ဤသို့ အသုံးဝင်သဖြင့်လည်း စာချစာသင် တော်တော်များပင် သုံးစွဲနေရကား ထို လင်္ကာ ကောင်းကလေး ပျောက်မသွားအောင် (လင်္ကာ၏ အဓိပ္ပါယ်ကိုပါ မဟာဂန္ဓာရုံ တိုက်၏ စာချဘုန်းကြီး တပါးဖြစ်သော ဦးစန္ဒောဘာသ အစိုးရမှာစရိယကို ရေးသားစီစဉ်စေကာ) စက်တင်ပုံနှိပ်စေရပါသည်။

အရှင်နေကာဘိဝံသ

## ဓာတုကထာ ၁၄ နယတို့၏

## ဟောပုဒ်ပေါင်း အကျဉ်းချုပ်

ဒုမှိရဋ္ဌါ နဋ္ဌာ တမှိ, စမှိ ရူတာ သမာရာ ပေ၊
ဒေဝရာ ဆ နိမက္ခာဝါ, သဂ္ဂါ သမှိ ဝိရာဂါဋ္ဌ၊
နဝါရိယာ ဒသာဒီသု, ကမာ ဆ စ နဝေသွိဝ၊
တေ နဂ္ဂိယာ ဘက္ခိလာ ဩ, သမ္မုဟာပန ကောသလာ။

ဒုမှိ–ဒုတိယနယဉ္စ၊ ရဋ္ဌါ–၄၂ ပုဒ်တို့ကို၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်၏၊ တမှိ–တတိယနယဉ္စ၊ နဋ္ဌာ–၉၀ သောပုဒ်တို့ကို၊ စမှိ–စတုတ္ထနယဉ္စ၊ ရူတာ–၆၉ ပုဒ်တို့ကို၊ ပေ–ပဉ္စမနယဉ္စ၊ သမာရာ–၂၅၇ ပုဒ်တို့ကို၊ ဆ–ဆဋ္ဌနယဉ္စ၊ ဝါ–အဋ္ဌကထာလာသောနည်းဖြင့်၊ ဒေဝရာ – ၂၄၈ ပုဒ်တို့ကို၊ ဝါ – ဋီကာလာသောနည်းဖြင့်၊ နိမက္ခာ–၂၅၀ သော ပုဒ်တို့ကို၊ သမှိ–သတ္တမနယဉ္စ၊ သဂ္ဂါ– ၃၇ ပုဒ်တို့ကို၊ အဋ္ဌ– အဋ္ဌမနယဉ္စ၊ ဝိရာဂါ– ၃၂၄ ပုဒ်တို့ကို ၊ နဝ– နဝမနယဉ္စ၊ အရိယာ–၁၂၀ သော ပုဒ်တို့ကို၊ ဒသာဒီသု–ဒသမနယ အစရှိသည်တို့၌၊ ဝါ–ဒသမနယ, ဧကာဒသမနယ, ဒွါဒသမနယတို့၌၊ ကမာ–အစဉ်အတိုင်း၊ ဆစန ဝေသွိဝ–ဆဋ္ဌနယ, စတုတ္ထနယ, နဝမနယတို့၌ကဲ့သို့၊ တေ–တေရသမနယဉ္စ၊ နဂ္ဂိယာ–၁၃၀ သောပုဒ်တို့ကို၊ ဩ–ဩသာနနယဉ္စ၊ ဝါ–အဆုံးဖြစ်သော စုဒ္ဒသမနယဉ္စ၊ ဘက္ခိလာ–၃၂၄ ပုဒ်တို့ကို၊ ဝုတ္တာ–ကုန်၏၊ သမ္မုဟာပန–ဟောတော်မူအပ်သော ပုဒ်အပေါင်းတို့သည်ကား၊ ကောသုလာ–၃၇၁ ပုဒ်တို့သည်၊ ဟောန္တိ–ကုန်၏။ [ရဋ္ဌါ စသည်၌ ပိဋကသင်္ချာ ဖြစ်သည်။]

# ဒုတိယနယ

## (ကျက် မှတ် ရန်)

## ဥဒ္ဒါန်းစဉ်ဂါထာ

ဒသာယတနာ သတ္တရသ ဓာတုယော,
သတ္တိန္ဒြိယာ အသညီဘဝေါ ဧကဝေါကာရဘာဝေါ၊

ပရိဒေဝေါ သနိဒဿန သပ္ပဋိဃံ အနိဒဿနံ,
ပုနဒေဝ သပ္ပဋိဃံ ဥပါဒါတိ။

[ဆောင်ပုဒ်] စ–ဖေါ–စ–ဣ–အ–အ–သ–ဥ။

## ဆောင်ပုဒ် အကောက်လက်ာ

အာဓာတ် ဩဠာ ပသာဒ–ဣန္ဒြိယ ပရိဒေ၊
သနိပဋိ သနိဒဿ်, နှစ်ဆဲ့ ခြောက်ရပ် (စ) မှတ်လေ၊
(ဖေါ) နှစ်ထွေ ဖေါဋ္ဌဗ္ဗ, သတ်ဝိညာဏ (စ) ယူစေ၊
ဘာဝိန္ဒြေ (ဣ) မှာ (အ) တော့, အသညသည့် ဘဝ၂
ထွေ၊
အနိဒဿ် သပ္ပဋိဃမှာ, (အ)မှတ်လေ
သပ္ပဋိဃော မတော့၊
(သ) ဟော၍ ဥပါဒါ, (ဥ) မှတ်ဘို့ရာ၊
စပေါ စဣ–အ အ သာငယ်, ဥရောကောက်ကာ
ပြလိုက် ပြီကွဲလေး။

## ကြည့်ရှုရန် အဓိပ္ပါယ်

စ ။ ။ ဖေါဋ္ဌဗ္ဗာယတန–ဓာတ် ၂ ပါးကို (ဖေါ) အရယူလတ့် ဖြစ်၍ ၎င်း ၂ ပါးကို ကြဉ်ပြီးလျှင် စက္ခာယတန စသော ဩဠာရိကာယတန ၉, စက္ခုဓာတ် စသော ဩဠာရိကဓာတ် ၉, စက္ခုန္ဒြေ၊ ပေ၊ ကာယိန္ဒြေ ဟူသော ပသာဒိန္ဒြေ ၅, ပရိဒေဝ, သနိဒဿနသပ္ပဋိဃ, (ဒုက်၌) သနိဒဿန, ဤနှစ်ဆဲ့ ခြောက်ပုဒ်သည် (စ) အရတည်း။

ဖေါ။ ။ ဖေါဋ္ဌဗ္ဗာယတန, ဖေါဋ္ဌဗ္ဗဓာတ်နှစ်ပါး။

စ ။ ။ [သတ်ဝိညာဏ=သတ္တဝိညာဏ။] စက္ခုဝိညာဏဓာတ်၊ ပေ၊ မနောဝိညာဏဓာတ်ဟူသော ဝိညာဏဓာတ် ၇ ပါး။

ဣ။ ။ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေဟူသော ဘာဝရုပ် ဣန္ဒြေ ၂ ပါး။

အ။ ။ အသညီဘဝ, နေဝသညာနာသညာဘဝဟူသော ဘဝ ၂ ထွေ။

အ။ ။ အနိဒဿန သပ္ပဋိဃပုဒ်တပါး။

သ။ ။ (ဒုက်၌) သပ္ပဋိဃပုဒ်တပါး။

ဥ ။ ။ (ဒုက်၌) ဥပါဒါ ဓမ္မာ ပုဒ်တပါး။

ဤ အားလုံး ပုဒ်များကို ပေါင်းလျှင် "ဒုမှိ ရူပ်ို" ဟူသော ပိဋကသရုပ် အရ ဒုတိယနယ၌ ဟောပုဒ်ပေါင်း ၄၂ ပုဒ် ဖြစ်၏။

------

## တတိယနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

တယော ခန္ဓာ တထာ သစ္စာ, ဣန္ဒြိယာနိ စသောဠသ၊
ပဒါနိ ပစ္စယာကာရေ, စုဒ္ဒသူပရိ စုဒ္ဒသ၊
သမတိံ သပဒါ ဟောန္တိ, ဂေါစ္ဆကေသု ဒသ-သွထ၊
ဒုဝေ စူဠန္တရဒုကာ, အဋ္ဌ ဟောန္တိ မဟန္တရာ။

[ဆောင်] ဝေ-သဉ်-သင်-နိ-ဣ-ဓိ-ဈာ-စေ-စိ။

### ဆောင်ပုဒ် အကောက်လင်္ကာ

ဝေခန္ဓာ ဣန္ဒြိယနှင့်-ဖဿပစ္စယဝေဒနာ၊
သောက ဒုက္ခ ဒေါမနာ-နောက်ဝေဒနာ ထည့်ကာစွက်,
တဆဲ့ တချက် (ဝေ) တွက်တာ၊
သညာက္ခန္ဓာ သညာနှစ်-(သဉ်) ဟု စင်စစ်
မှတ်လေပါ၊
နဝပညာ (သင်) မှာရှု, သင်္ခါ သမု မဂ်သစ္စာ,
ဣန္ဒြိယ ထက်ရှစ်ဖြာမှာ-သဒ္ဓါစသွာ, မှတ်ကာပ၊
ပဋိစ္စမ့တော့ ခုနစ်တန်, အ-သင်-ဖသ်-တ-ဥပါဒါန်၊
ကမ္မဘဝ ဥပါယံငယ်, သတိပဋ္ဌာန် သမ္မာနှင့်,
အပ္ပမညာ ဣန္ဒြေ, ဗိုလ် ဗောဇ် မဂ္ဂင်နေ၊

ဖဿ စေတနာ့-မိမောက္ခေဝယ်, မနသိကာရေ တပြွတ်ပြလို့,
ဂေါစ္ဆကဥ္စ တရားကိုယ်-ရကောင်း သုံးဆယ်ဆို။
(နိ) အလိုမှာ နိရောဓနှင့်, အပွစ္စယ အသင်္ခ,
သုံးပါး ဤသို့ကြံ၊
ဘာဝိန္ဒြေ. (ဣ) ဒွယ်ငယ်, (ဓိ) က လေးတန် ဓိဝိန္ဒြနှင့်,
ဓာတိ ဓရ မရဏာ, ရူပါန (ရူပ) တစ်သာ၊
စေတသိက သံနှစ်ဖြာငယ်, န-ဘု-တိ ပါ စဉ်ကာထားလို့,
ခြော်ပါး (စေ) ရှိ-(စိ) နှစ်ထွေ, စိတ္တသဟဘု နုပရိဝတ္တိပေ၊
ဝေသဉ် သင် နိ-ဣ ဓိ ရူပ စေငယ်, စိပါ ကိုးထွေဖြေလိုက်
ပြီကွဲလေး။

## ကြည့်ရှုရန် အစိပ္ပါယ်

ဝေ။ ။ ဝေဒနာက္ခန္ဓာ ၁, ဝေဒနိန္ဒြေ ၅, ပဋိစ္စသမုပ္ပါဒ်၌ ဖဿပစ္စယ ဝေဒနာ-သောက- ဒုက္ခ-ဒေါမနဿ ၄ပါး, ဖဿသတ္တက ရာသိ၌ ဝေဒနာ ၁, ဤတဆဲ့ တပုဒ်သည် (ဝေ) အရတည်း။

သဉ်။ ။ သညာက္ခန္ဓာ ၁, ဖဿသတ္တကရာသိ၌ သညာ ၁, ပေါင်း ၂ ပါး တည်း။

သင်။ ။ သင်္ခါရက္ခန္ဓာ ၁, သမုဒယသစ္စာ-မဂ္ဂသစ္စာ ၂, သဒ္ဓိန္ဒြေ၊ ပေ၊ အညာတာဝိန္ဒြေဟူသော အပေါက် ဣန္ဒြေ ၈, အဝိဇ္ဇာ-သင်္ခါရ-ဖဿ-တဏှာ-ဥပါဒါန်-ကမ္မဘဝ-ဥပပါယာသ ဟူသော ပဋိစ္စသမုပ္ပါဒ် ၇, သတိပဋ္ဌာန် - သမ္မပ္ပဓာန် - အပ္ပမညာ-

ဣန္ဒြေ–ဗိုလ်–ဘောဇ္ဈင်– မဂ္ဂင်– ဖဿ– စေတနာ– အဓိမောက္ခ– မနသိကာရ တဆဲ့ တပါး, ဂေါစ္ဆကဥ္ဍ တရားကိုသာ ရကောင်းသော ပုဒ်သုံးဆယ်, ဤငါးဆဲ့ ကိုးပါးသည် (သင်) အရတည်း။

နိ ။ ။ နိရောဓသစ္စာ, (စူဠန္တရဒုက်၌) အပ္ပစ္စယာ ဓမ္မာ, အသင်္ခတာ ဓမ္မာ ၃ ပါးတည်း။

ဣ။ ။ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ၂ ပါးတည်း။

ဓိ ။ ။ ဓိဝိတိန္ဒြေ, (ပဋိစ္စသမုပ္ပါဒ်၌) ဇာတိ–ဇရာ–မရဏ ၄ ပါးတည်း။

ဈာ။ ။ ဈာနပုဒ် တပါးသာတည်း။

ဝေ။ ။ (ဒုက်၌) စေတသိက, စိတ္တသမ္ပယုတ္တ, စိတ္တသံသဋ္ဌ, စိတ္တ သံသဋ္ဌသမုဋ္ဌာန, စိတ္တသံသဋ္ဌ သမုဋ္ဌာနသဟဘု, စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိ ဤခြောက်ပါးတည်း။

စိ ။ ။ စိတ္တသဟဘု, စိတ္တာနုပရိဝတ္တိ ၂ ပါးတည်း။

ဤတရားအားလုံးကို ပေါင်းလျှင် "နဠာ တမ္ဘိ" အရ တတိယ နယ၌ ဟောပုဒ်ပေါင်း ၉၀ ဖြစ်၏။

------

## စတုတ္ထနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

ဒွေ သစ္စာ ပန္နရသိန္ဒြိယာ, ကောဒသ ပဋိစ္စသမုပ္ပါဒါ၊
ဥဒ္ဓံ ပုန ကောဒသ, ဂေါစ္ဆကပဒမေတ္တ တိ သဝိစံ။

[ဆောင်] သ–မ–ဣ–သု–ပ။

### ဆောင်ပုဒ် အကောက်လက်ာ

သမုဒယာ သဒ္ဓါ ဝိ, သတိန္ဒြိ အဝိဇ္ဇာ၊
ဖဿတဏှာ ဥပါဒါယ်, ဥပါယာသာ တရပ်ပြလို့,
သတ္တက ဖဿ စေတနာ–မိမောက် မနသိကာ၊
သုံးဆယ် ဂေါစ္ဆက တရားကိုယ်သာငယ်,
တေစတ္တာလီ–(သ) မှာ ရသတဲ့,
သစ္စာ မဂ္ဂ သမာဓိန်–စသည် ငါးပါးဣန်၊
သင်္ခါရနှင့် ဘဝကမ်ချိန်သည်, သမ္ဗုပ္ပဓာန် သတိ
အပ္ပမညတို့,
ပဋ္ဌိန္ဒြိဗိုလ် ဗောဇ် မဂ္ဂင်, ဆဲ့ ငါး (မ) ၌ ခြင်၊
ဘာဝိန္ဒြေ (ဣ) နှစ်ပြင်ငယ်, (သု) ၌ ရှစ်အင် ဝေဒနိန္ဒြနှင်,
သောက ဒုက္ခ ဒေါမနဿ–(ပ) ကား ပရိဒေဝါ၊
သမဣ သု–ပ ငါးဖြာကို, ဓမ္မခြားကာ ဝေလိုက်ပြီ
ကွဲ့လေး။

## ကြည့်ရှုရန် အစိပ္ပါယ်

သ॥ ॥ သမုဒယသစ္စာ ၁, သန္တိခန္ဓာ–ဝိရိယိခန္ဓာ–သတိခန္ဓာ ၃, ပဋိစ္စ သမုပ္ပါဒ်၌ အဝိဇ္ဇာ ဖဿ တဏှာ ဥပါဒါန် ဥပါယာသ ၅, ဖဿသတ္တကရာသိ၌ ဖဿ စေတနာ အမိမောက္ခ မနသိကာရ ၄, ဂေါစ္ဆကတ္တ် တရားကိုယ်သာ ရသော ဟောပုဒ် ၃၀, ပေါင်း ၄၃ ပါးသည် (သ) အရတည်း။

မ ॥ ॥ မဂ္ဂသစ္စာ ၁, သမာဓိခန္ဓာစသော ဣန္ဒြေ ၅ ပါး, ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရ ကမ္မဘဝ ၂ ပါး, သတိပဋ္ဌာန် သမ္မပ္ပဓာန် အပ္ပမညာ ပဥ္စိခန္ဓာ ဗိုလ်ဗောဇ္ဈင် မဂ္ဂင် ၇, ပေါင်း ၁၅ ပါးတည်း။

ဣ॥ ॥ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ၂ ပါးတည်း။

သု॥ ॥ သုခိန္ဒြေ အစရှိသော ဝေဒနိန္ဒြေ ၅ ပါး ပဋိစ္စသမုပ္ပါဒ်၌ သောက ဒုက္ခ ဒေါမနဿ ၃ ပါး, ပေါင်း ရှစ်ပါးတည်း။

ပ ॥ ॥ ပရိဒေဝ တပါးသာတည်း။

ဤတရားအားလုံးပေါင်းလျှင် "စမို ဝှတာ" အရ စတုတ္ထနယ၌ ဟောပုဒ်ပေါင်း ခြောက်ဆဲ့ ကိုးပုဒ် ဖြစ်၏။

------

## ပဉ္စမနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

သဗ္ဗေ ခန္ဓာ တထာယတနာ, ဓာတုယော သစ္စတော တယော၊
ဣန္ဒြိယာနိပိ သဗ္ဗာနိ, တေဝီသတိ ပဋိစ္စတော၊

ပရတော သောဠသပဒါ, တေစတ္တာလီသကံ တိကေ၊
ဂေါစ္ဆကေ သတ္တတိ ဒွေစ, သတ္တ စူဠန္တရေ ပဒါ၊

မဟန္တရေ ပဒါ ဝုတ္တာ, အဋ္ဌာရသ တတော ပရံ၊
အဋ္ဌာရသေဝ ဉာတဗ္ဗာ, သေသာ ဣဓ န ဘာသိတာ။

[ဆောင်] ရှု —ဝေ–ဝိ–စ–သ–အ

### ဆောင်ပုဒ် အကောက်လင်္ကာ

ရူပက္ခန္ဓာ ဓာတ်အာဓမ္မနှင့်, ဘာဝဇီဝိတိန္ဒြေ၊
နာမရူပါ အသညော– ဧကဝေါကာရပေ၊
ဓာတိ ဇရ မရဏာငယ်, စူဠန္တရေ ရူပိဓမ္မနှင့်,
မဟန္တရ အနာရမဏံ နောစိတ် ဝိယုတ္တံ၊
သံသဋ္ဌနှင့် နဘုကြံသည်, နုပရိဝတ္တံ ဗာဟိရနှင့်,
ဥပါဒါဓမ္မ ပေါင်းမှတ်လေ–(ရူ)၌ ဗာဝီသေ၊
ဒွေအသီတိ ဆောင်ပုဒ် (ဝေ) မှာ, နည်းတတိယေ ဝေအရနှင့်
သဉ် သင် နှစ်ဝ နိဗ္ဗာ ဓေ–အရ ပေါင်းမှတ်လေ၊

တဆဲ့သုံး၀ (ဝိ) အနေမှာ, ဝိညာဉ်ခန္ဓေ မနာယတနနှင့်,
ဝိညာဏဓာတ် မနိဒ္ဒြေ-ပဋိစ္စ ဝိညာဏော၊
ဖဿသတ္တက မဟာန္တရေယ်, စိတ္တနှစ်ထွေ ထည့်ကာ
စွက်တော့,

(စ)၏ အတွက် သုံးဆယ်ဟူသည်, စဖေါ်အသမှိ၊
သဠာယတန အဲ့ချုတ္တိကို, (သ) တွက် နှစ်လီ မြဲမှတ် သားလို့,
တရာ့ရှစ်ပါး (အ) တွက်တာ, ဘ၀ နာမ်သုံးဖြာ၊
ဣန္ဒြိပါဒ တိက်ဂေါစ္ဆကာဝယ်, နာမက္ခန္ဓာ နိဗ္ဗာနတို့,
ရရသမျှ လေးဆဲ့ တဆူ-လေးဆဲ့ နှစ်ပါးဟူ၊
စဉ်တိုင်းထုတ်ခဲ့ နောက်ဒုက်စုမှာ, လောကုတ် အရူ ပြန်လှန်
ချတော့,

မဟာန္တရ သာရမဏာ-ပိဋ္ဌိ ဆဲ့ ရှစ်ဖြာ၊
ရူဝေ ဝိ စ-သ အ အလာဝယ်, ဓမ္မ ရရာ ကောက်လိုက်ပြီ
ကွဲလေး။

## ကြည့်ရှုရန် အခိပ္ပါယ်

ရူ ။ ။ ရူပက္ခန္ဓာ ၁, ဓမ္မာယတန ဓမ္မဓာတ် ၂, ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ နိဝိတိန္ဒြေ ၃, ပဋိစ္စသမုပ္ပါဒ်၌ နာမရူပ အသညီဘ၀ ဧကဝေါကာရဘ၀ ဓာတိရော မရဏ ၆, စူဠန္တရဒုက်၌ ရူပီဓမ္မာပုဒ် ၁, မဟာန္တရဒုက်၌ အနာရမဏာဓမ္မာ နောစိတ္တာဓမ္မာ စိတ္တဝိပ္ပယုတ္တ စိတ္တသံသဋ္ဌ စိတ္တသမုဋ္ဌာန စိတ္တသဟဘု စိတ္တာနုပရိဝတ္တိ ဗာဟိရာဓမ္မာ ဥပါဒါဓမ္မာ ပုဒ်အားဖြင့် ၉,ပေါင်း ၂၂ ပါး တည်း။

ဝေ။ ။ တတိယနယ၌ ပြခဲ့သော ဝေအရ ၁၁, သဥ်အရ ၂, သင်အရ ၁၉, နိအရ ၃, ဈာအရ ၁, စေအရ ၆, ဤအားလုံး ပေါင်းလျှင် ဤ၌ (ဝေ) အရ ၈၂ ပုဒ်ဖြစ်၏။

ဝိ ။ ။ ဝိညာဏက္ခန္ဓာ ၁, မနာယတန ၁, ဝိညာဏဓာတ် ၇, မနိန္ဒြေ ၁, ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရပစ္စယာ ဝိညာဏံ ၁, ဖဿသတ္တက ရာသိ၌ စိတ္တ ၁, မဟန္တရဒုက်၌ စိတ္တာဓမ္မာပုဒ် ၁, ပေါင်း ၁၃ ပါးတည်း။

စ ။ ။ ဒုတိယနယ၌ပြခဲ့သော စ အရ ၂၆, ဖေါအရ ၂, အ-အရ ၁, သ-အရ ၁, ဤအားလုံးပေါင်းလျှင် ဤ၌ (စ) အရ ၃၀ဖြစ်၏။

သ။ ။ သဠာယတန ၁, အဇ္ဈတ္တိကာ ဓမ္မာပုဒ် ၁, ပေါင်း ၂ ပါး ဖြစ်၏။

အ။ ။ ပဋိစ္စသမုပ္ပါဒ်၌ အရူပဘဝ, နေဝသညီနာသညီဘဝ, စတု ဝေါကာရဘဝ-ဟု နာမ်ခန္ဓာ တရားကိုယ်ရသော ဘဝ ၃ ပါး, ဣဒ္ဓိပါဒပုဒ် ၁, တိက်၌ နာမက္ခန္ဓာ နိဗ္ဗာန်တို့ကို (တစိတ် တဘို့ ဖြစ်စေ, အားလုံးဖြစ်စေ) ကောက်ရသော ဟောပုဒ် ပေါင်း ၄၁ နှင့်, ထိုအတူကောက်ရသော ဂေါစ္ဆက၌ ဟောပုဒ် ပေါင်း ၄၂, စူဠန္တရဒုက်၌ အရူပိနော ဓမ္မာပုဒ်နှင့် လောကုတ္တရာ ဓမ္မာပုဒ်, မဟန္တရဒုက်၌ သာရမဏာ ဓမ္မာပုဒ်, ပိဋ္ဌိဒုက်၌ နာမက္ခန္ဓာနှင့် နိဗ္ဗာန်တို့ကို ကောက်ရသောပုဒ် ၁၈ ပါး, ဤသို့အားဖြင့် (အ) အရ ဟောပုဒ်ပေါင်း တရာ့ရှစ်ပါးဖြစ်၏။

ဤတရားအားလုံးပေါင်းလျှင် "သမာရာပေ" အရ ပဥ္စမနယ၌ ဟောပုဒ်ပေါင်း ၂၅၇ ပုဒ် ဖြစ်၏။

-----

## ဆင်္ဂနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

ဓမ္မာယတနံ ဓမ္မဓာတု, ဒုက္ခသစ္စဉ္စ ဇီဝိတံ၊
သဠာယတနံ နာမရူပံ, စတ္တာရော စ မဟာဘဝါ၊
ဇာတိ ဇရာ မရဏဉ္စ, တိကေသွေကူနဝီသတိ၊
ဂေါစ္ဆကေသု စ ပညာသ, အဋ္ဌ စူဠန္တရေ ပဒါ၊
မဟန္တရေ ပန္နရသ, အဋ္ဌာရသ တတော ပရေ၊
တေဝီသတိ ပဒသတံ, တောံ သမ္ပယောဂေ န လဗ္ဘတိ။

[ဆောင်] ရူဝေ–ဝိ–စ–သ–သု–ဥ–ဖ–ရူ–အ–ဣ–ဈာ–
အ–သု–အ–ဝိ–နေ–အ–သ–အ–အ–စေ။

### ဆောင်ပုဒ် အကောက်လင်္ကာ

ရူပက္ခန္ဓာ ဓာတ်အာသြ–သစ္စနိရော ရုပ်ဣန္ဒြေ၊
ဘဝနှစ်ထွေ ကေဝေါ–ပရိဒေဝေါ မှတ်ပါလေ၊
သနိ အနိ သပ္ပဋိဃာယ်, အပ္ပစ္စယေ အံသခ်တနှင့်,
အနိဒဿန အပ္ပဋိဃံ–ရူပီပုဒ်လည်း မချန်၊
မဟန္တရ အနာရမဏံပါ, စိတ်ဝိယုတ္တံ ဝိသံသနှင့်,
ဥပါဒါဓမ္မ ပေါင်းမှတ်လေ–(ရူ) လေးဆဲ့ သုံးပေ၊
စေတသိက်ခန္ဓ သုံးပါးအနေဝယ် ပဋိစ္စမလေ
ဝေဒနာ့နှင့်,
ဖဿသတ္တက ဝေဒနာသညာ, ခြောက်ပါ.(ဝေ) တွက်တာ၊

ဝိညာဥ်ခန္ဓ မနာယတနာငယ်, မနိန္ဒြာ ဝိညာဏနှင့်,
သတ္တက မဟန္တရ စိတ်နှစ်တန်–ခြောက်ပါး (ဝိ)ဦ ကြဲ၊
ဝိညာဏဓာတ် ခုနစ်တန်ကို, (စ) တွက်အမှန်
မြဲမှတ်သားလို့,

ငါးဆဲ့ ကိုးပါး သင်အနေ, နည်း တတိယပေ၊

သခ်ါရနှင့် ဖဿနှစ်ထွေငယ်, စေဝိမောက် မနသိကာရေ
ခြောက်ဖြာနှုတ်လို့,

ငါးဆဲ့ သုံးပုဒ် ဤအရာ, (သ) ဟု မှတ်လေပါ၊

သု ဒု သော ဒေါ်ဣန္ဒြာငယ်, သောက ဒုက္ခ ဒေါမနတို့,
(သု) အရလို့ မှတ်ကြလေ, (ဉ) ကား ဥပေက္ခိန္ဒြေ၊
ပဋိစ္စ သတ္တက ဖဿနှစ်ထွေငယ်, စေတံနာ မနသိကာရေ
(ဖ) အရတဲ့ ,

ဘဝရူပ တပါး (ရူ)–(အ) လေးဆဲ့ ခြောက်မူ,
နာမက္ခန္ဓ အရယူသည် ဘဝသုံးဆူ တိက်ဂေါစ္ဆကဒ္ဒ်,
နှစ်ဆဲ့ သုံး၀ ဆဲ့ တတန်–ပိဋ္ဌိ ဒုက်ကိုးတန်၊

ဣဒ္ဓိပါဒ ဈာန်ခမ္မံငယ်–အဓိမောက္ခ (ဣ–ဈာ–အ) တဲ့,
သုခ ဒုက္ခ သမ္ပယုတ္တာ, သုခ သဟဂတာ၊
ပိဋ္ဌိဒုက်က သုခပါသည်, ပေါင်းတော့လေးဖြာ
(သု) အရဟု,

အဒုက္ခနှင့် ဥပေက်နှစ်ဖြာ–(အ) တွက် သုံးပါးသာ၊
(ဝိ) ခုနှစ်၀ ဝိပါကာငယ်, ပစ္စုပ် ပရိတ္တာ ရမဏနှင့်,
အဇ္ဈတ္တာရမဏ တိက်သုံးတန်, သာရမဏ မဟာန်၊

နေ၀ဝိပါက် နာဝိပါငယ်–အနုပါဒိန္နုပါဒနှင့်,
အနုပ္ပန္န–အနုပါဒိန္နာ–(နေ) တွက် လေးပါးလာ၊
ဥပါဒိန္န သံကိလိဋ္ဌာ၀ယ်–ပုဒ်တတိယာ အပ္ပမာဏနှင့်,
ပဏီတမေ့ ဒုက်စုဋ္ဌ, လောကုတ္တရာမ်၊
ဂေါစ္ဆကဉ် ဆဲ့ရှစ်တန်မှာ, လောကုတ်နိဗ္ဗာန် ရသမျှတဲ့,
ပိဋ္ဌိဒုက်က နကာမာ, အပရိ အနုတ္တရာ၊
နှစ်ဆဲ့ ခြောက်ဝ (အ) တွက်တာကို, ပေါင်း၍ မှတ်ပါ
(သ) သုံးဝမတော့,

သဝိတက္ကသဝိစာရာ–ပိဋ္ဌိဒုက်က နှစ်ဖြာ၊
ဆဲ့ခုနစ်ဝ (အ) တွက်တာမှာ, အဝိတက္ကာ ဝိစာရနှင့်,
ပီတိသဟ–ဂတမ်ေ, ဂေါစ္ဆက တရားကိုယ်ချန်၊
နာမက္ခန္ဓ လေးပါးမှန်သည်, ဆဲ့သုံးပဒ် အရထုတ်တော့,
ပိဋ္ဌိဒုက်၌ သပ္ပီတိကာ, ပီတိ သဟဂတာ၊
နောက် (အ) အတွက် သုံးပါးမှာမူအဝိတက္ကာအဝိစာရနှင့်,
ပိဋ္ဌိဒုက်က အဝိတက္ကာ, အဝိစာရပါ၊
(စေ) တွက်ခြောက်ဝ–ဟူသည်မှာလျှင်, စေတသိကာ စသည်
ရှုတော့,
မဟန္တရဒု သူ့အလာ ကောက်ပြကြဘို့ရာ၊
ရူ ဝေ ဝိ စ–သ သု ဥပါငယ်, ဖ ရူ အ ပါ–ဣရျာထည့်လို့,
အ သု အ ဝိ တဘာန်နေ–အ သ အ အ စေ၊
ဗာဝီသတိ ဆောင်ပုဒ်တွေကို, နောင်မရှုပ်စေ ဖြေလိုက်ပြီ
ကွဲလေး။

## ကြည့်ရှုရန် အဓိပ္ပာယ်

**ရူ** ။ ။ ရူပက္ခန္ဓာ ၁,. ဩဠာရိကာယတန ဆယ်ပါး, ဩဠာရိကဓာတ် ဆယ်ပါး, နိရောဓသစ္စာတပါး, စက္ခုန္ဒြေ အစရှိသော ရုပ် ဣန္ဒြေ ၇ ပါး, ပဋိစ္စသမုပ္ပါဒ်၌ အသညီဘဝ–ဧကဝေါကာရ ဘဝနှင့် ပရိဒေဝ ၃ ပါး, တိက်၌ သနိဒဿနသပ္ပဋိဃ– အနိဒဿန သပ္ပဋိဃ ၂ ပါး, စူဠန္တရဒုက်၌ အပ္ပစ္စယ– အသင်္ခတ– အနိဒဿန– အပ္ပဋိဃ– ရူပီပုဒ်အားဖြင့် ၅ ပါး မဟန္တရ ဒုက်၌ အနာရမ္မဏာဓမ္မာ စိတ္တဝိပ္ပယုတ္တာဓမ္မာ– စိတ္တဝိသံသဋ္ဌာ ဓမ္မာပုဒ်နှင့် ဥပါဒါဓမ္မာ ပေါင်း ၄ ပါး, ဤတရားများကို ပေါင်းလျှင် (ရူ) အရ ၄၃ ပါး ဖြစ်၏။

**ဓေ**။ ။ စေတသိက်ခန္ဓာ ၃ ပါး, ပဋိစ္စသမုပ္ပါဒ်၌ ဖဿပစ္စယာဝေဒနာ တပါး, ဖဿသတ္တကရာသိ၌ ဝေဒနာနှင့် သညာ ၂ ပါး, ဤသို့လျှင် (ဓေ) အတွက် ခြောက်ပါးဖြစ်၏။

**ဝိ** ။ ။ ဝိညာဏက္ခန္ဓာ ၁, မနာယတနာ ၁, မနိန္ဒြေ ၁, ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရပစ္စယာ ဝိညာဏံ ၁, ဖဿသတ္တကရာသိ၌ စိတ္တ ၁, မဟန္တရဒုက်၌ စိတ္တာ ဓမ္မာပုဒ် ၁, ဤသို့အားဖြင့် (ဝိ) အရ ခြောက်ပါးတည်း။

**ဓ** ။ ။ ဝိညာဏဓာတ် ခုနစ်ပါးတည်း။

**သ**။ ။ တတိယနယ၌ ပြခဲ့သော (သင်) အရ ၅၉ ပါးတွင် သင်္ခါ ရက္ခန္ဓာ ၁ ပါး, ဖဿ ၂ ပါး, စေတနာ–အဓိမောက္ခ–မနသိ ကာရ ဤခြောက်ပါးကို နုတ်၍ ကြွင်း ၅၃ ပုဒ်သည် (သ) အရ ဖြစ်၏။

**သု**။ ။ သုခိန္ဒြေ–ဒုက္ခိန္ဒြေ–သောမနဿိန္ဒြေ–ဒေါမနဿိန္ဒြေ ၄ ပါး, ပဋိစ္စသမုပ္ပါဒ်၌ သောက ဒုက္ခ ဒေါမနဿ အားဖြင့် ၃ ပါး, ဤသို့လျှင် (သု) အရ ၇ ပါးဖြစ်၏။

**ဥ** ။ ။ (ဥ) အရကား ဥပေက္ခိန္ဒြေ တပါးသာတည်း။

ဖ ။ ။ ပဋိစ္စသမုပ္ပါဒ်၌ ဖဿ, ဖဿသတ္တကရာသိ၌ ဖဿ– စေတနာ–မနသိကာရအားဖြင့် ၄ ပါးတည်း။

ရူ ။ ။ ရူပဘာဝ တပါးသာတည်း။

အ။ ။ ပဋိစ္စသမုပ္ပါဒ်၌ နာမ်ခန္ဓာတရားကိုယ်ရသော အရူပဘာဝ–နေဝသညီ နာသညီဘာဝ–စတုဝေါကာရဘာဝ ၃ ပါး, တိက်၌ နာမ်ခန္ဓာ ၄ ပါးကို အရကောက်ရသော ဟောပုဒ် ၂၃ ပါး, ထို့အတူ အရကောက်ရသော ဂေါစ္ဆကဥ္စ ဟောပုဒ် ၁၁ ပါး, ပိဋ္ဌိဒုက်၌ ၉ ပါး, ဤသို့အားဖြင့် (အ) အရ ၄၆ ပါး ဖြစ်၏။

ဣ။ ။ (ဣ) အရကား ဣန္ဒြိယပါဒ် တပါးသာတည်း။

ဈာ။ ။ (ဈာ) အရလည်း ဈာနာဝမ္မာ တပါးသာတည်း။

အ။ ။ (အ) အရလည်း အဓိမောက္ခ တပါးပင်တည်း။

သု။ ။ တိက်၌ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ–ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာနှင့် သုခသဟဂတာ ဓမ္မာပုဒ် ၃ပါး, ပိဋ္ဌိဒုက်၌ သုခသဟဂတာ ဓမ္မာ ၁ ပါး, ဤသို့ အားဖြင့် (သု) အရ ၄ ပါးတည်း။

အ။ ။ တိက်၌ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ–ဥပေက္ခာသဟဂတာဓမ္မာ ၂ ပါး, ပိဋ္ဌိဒုက်၌ ဥပေက္ခာသဟဂတာဓမ္မာ ၁ ပါး, ပေါင်း (အ) အတွက် ၃ ပါးတည်း။

ဝိ ။ ။ တိက်၌ ဝိပါကာ ဓမ္မာ–ပရိတ္တာရမဏာ ဓမ္မာ–ပစ္စုပ္ပန္နာ ရမဏာ ဓမ္မာ– အဇ္ဈတ္တာရမဏာတိက်၌ သုံးပုဒ်လုံးနှင့် မဟန္တရဒုက်၌ သာရမဏာဓမ္မာပုဒ်အားဖြင့် ၇ ပါးတည်း။

နေ။ ။ နေဝဝိပါက နာဝိပါကာ ဓမ္မ ဓမ္မာ, အနုပါဒိန္နုပါဒါ နိယာဓမ္မာ, အနုပ္ပန္နာဓမ္မာနှင့် မဟန္တရဒုက်၌ အနုပါဒိန္နာဓမ္မာ– ဤသို့လျှင် (နေ) အတွက် ၄ ပါးဖြစ်၏။

အ။ ။ ဥပါဒိန္နတိက်–သံကိလိဋ္ဌတိက်တို့၏ တတိယပုဒ်ဖြစ်သော အနုပါဒိန္နအနုပါဒါနိယာဓမ္မာနှင့် အသံကိလိဋ္ဌ အသံကို

လေသိကာ ဓမ္မာပုဒ် ၂, အပ္ပမာဏာ ဓမ္မာ–ပဏီတာ ဓမ္မာ ၂, စူဠန္တရဒုက်၌ လောကုတ္တရာ ဓမ္မာ ၁, ဂေါစ္ဆကဉ် လောကုတ္တရာ ဓိတ္တုပ္ပါဒ်နှင့် နိဗ္ဗာန်ကို အရကောက်ရသော ဟောပုဒ်ပေါင်း တဆဲ့ရှစ်ပါး, ပိဋ္ဌိဒုက်၌ န ကာမာဝစရာ ဓမ္မာ– အပရိယာပန္နာ ဓမ္မာ–အနုတ္တရာဓမ္မာ ဤသို့အားဖြင့် ပေါင်းလျှင် (အ) အတွက် နှစ်ဆဲ့ ခြောက်ပါး ဖြစ်၏။

၁၁။ ။ တိက်၌ သဝိတက္ကသဝိစာရာ ဓမ္မာ ၁, ပိဋ္ဌိဒုက်၌ သဝိတက္ကာ ဓမ္မာ–သဝိစာရာ ဓမ္မာ ၂, အားဖြင့် ၃ ပါးတည်း။

၁၂။ ။ တိက်၌ အဝိတက္ကဝိစာရမတ္တာ ဓမ္မာ–ပီတိသဟဂတာ ဓမ္မာ ၂ ပါး, ဂေါစ္ဆကဉ် တရားကိုယ်ကို ကောက်ရသော ဟောပုဒ်များကို ချန်၍, နာမက္ခန္ဓာ ၄ ပါးသာ ကောက်ရသော ဟောပုဒ်ပေါင်း ၁၃ ပါး, ပိဋ္ဌိဒုက်၌ သပ္ပီတိကာ ဓမ္မာနှင့် ပီတိသဟဂတာ ဓမ္မာ ၂ ပါး, ဤတရားများသည် (အ) အတွက် ၁၇ ပါးဖြစ်၏။

၁၃။ ။ နောက် (အ) အတွက်မှာ တိက်၌ အဝိတက္ကအဝိစာရာ ဓမ္မာ, ပိဋ္ဌိဒုက်၌ အဝိတက္ကာ ဓမ္မာ–အဝိစာရာ ဓမ္မာအားဖြင့် သုံးပါး တည်း။

၁၄။ ။ မဟန္တရဒုက်၌ စေတသိက်တရားချည်း အရကောက်ရသော (စေတသိကာဓမ္မာ–စသော) ဟောပုဒ် ခြောက်ပါးတည်း။ ဤသို့ ပြအပ်ပြီးသော တရားအားလုံးကို ပေါင်းလျှင် "ဒေဝရာဆ နိမက္ခာဝါ" ၌ "နိမက္ခာ" ဟူသော သင်္ချာအတွက် ဋီကာ နည်းအရ ဟောပုဒ်ပေါင်း ၂၅၀ ဖြစ်၏။

မှတ်ချက်။ ။ ဋီကာနည်းအရ ပြအပ်သော ဟောပုဒ်ပေါင်း (၂၅၀) တွင် ပါဝင်သော ပိဋ္ဌိဒုက်၌ အဝိတက္ကာဓမ္မာနှင့် အဝိစာရာ ဓမ္မာနှစ်ပုဒ်ကို နုတ်လျှင် "ဒေဝရာဆ" ဟူသော အဋ္ဌက ထာနည်းလာ (၂၄၈) ပါး ဖြစ်၏။

## သတ္တမနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

ခန္ဓာ စတုရော အာယတနဥ္စ, ဓေကံ ဓာတူသု သတ္တ ဒွေပိစ၊
ဣန္ဒြိယတော တယော ပဋိစ္စ, တထရိဝ ဖဿ ပဥ္စမာ၊
အခိမုစ္စနာ မနသိ, တိကေသု တိဏိ သတ္တန္တရာ၊
ဒွေ စ မနေန ယုတ္တာ, ဝိတက္ကဝိစာရနာ ဥပေက္ခာယ။

[ဆောင်] ၀ေ–စ–ဥ။

### ဆောင်ပုဒ် အကောက်လက်ာ

ဆဋ္ဌနည်းလာ ဝေနှင့် ဝိ, ဖ စေ အရှိ ပေါင်းလိုက် (၀ေ)၊
သတ်ဝိညာဏ ဓိမောက္ခငယ်, ဝိတက်တိက်နေ ပထမနှင့်,
သဝိတက္က သဝိစာရာ–ပိဋ္ဌိဒုက်နှစ်ဖြာ၊
ဆဲ့ တစ်မှတ်သား (စ) တွက်တာကို, စတုဗ္ဗိစာ (ဥ) အရ
မတော,
ဥပေက္ခိန္ဒြ တတိယ ဝေပီ–ပိဋ္ဌိဒုက် တလီ၊
ဝေ စ ဥ ထုတ် ဆောင်ပုဒ်တွေမှာ,
နောင်မရှုတ်ပြီ လွယ်လွန်းပါလိမ့်လေး။

### ကြည့်ရှုရန် အခိပ္ပာယ်

ဝေ။ ။ ဆဋ္ဌနယဥ္ဇ် ပြအပ်ပြီးသော ဝေ အရ ခြောက်ပါး, ဝိ အရ ခြောက်ပါး, ဖ–အရလေးပါး, စေ–အရခြောက်ပါး, ဤတရားများကို ပေါင်းလိုက်လျှင် (၀ေ) အရ နှစ်ဆဲ့နှစ်ပါး ဖြစ်၏။

၈ ။ ။ သတ္တဝိညာဏဓာတ် ၇ ပါး,အဓိမောက္ခ ၁-တပါး, ဝိဘင်္ဂ တိက် ပဌမပုဒ်တပါး, ပိဋ္ဌိဒုက်၌ သဝိတက္ကာ ဓမ္မာနှင့် သဝိစာရာ ဓမ္မာပုဒ် ၂ ပါး, ပေါင်းတဆဲ့ တပါးတည်း။

၉ ။ ။ ဥပေက္ခိန္ဒြေ ၁ ပါး, ဝေဒနာတိက်- ပီတိတိက်တို့၏ တတိယ ပုဒ် ၂ ပါး, ပိဋ္ဌိဒုက်၌ ဥပေက္ခာသဟဂတာ ဓမ္မာ ၁ ပါး, ပေါင်း လေးပါးတည်း။

ဤသို့အားဖြင့် ဟောပုဒ်အားလုံးကို ပေါင်းလျှင် "သင်္ဂါသမှိ" အရ သတ္တမနယ၌ ၃၇ ပုဒ် ဖြစ်၏။

-----

## အဋ္ဌမနယ

## (ကျုံ် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

ဓမ္မာယတနံ ဓမ္မဓာတု, အထ ဇီဝိတံ နာမရူပံ၊
သဠာယတနံ ဇာတိ ဇရာ မတံ, ဒွေစ တိကေ နု လဗ္ဘရေ၊
ပဌမန္တရေ သတ္တ စ, ဂေါစ္ဆကေ ဒသ အပရန္တေ၊
စုဒ္ဒသ ဆစ မတ္တကေ, ဣစ္စေတေ သတ္တစတ္တာလီသဓမ္မာ၊
သမုစ္ဆေဒေန လဗ္ဘန္တိ, မောဃပုစ္ဆကေနစ။

[ဆောင်] ရူ-ဝေ-စ-ဒု-သ-ဥ-ဥ-ကာ-ပ။

### ဆောင်ပုဒ် အကောက်လင်္ကာ

ရှစ်ဆဲ့ နှစ်ဆူ(ရူ) အရ-ဆင္ဓနည်းက "ရူ" နှစ်ထွေ၊
"နေ" လေး "အ"မှာ ဆဗ္ဗိသ, ဥပ္ပန်တိတ တိက်အနေ၊

အချုတ္တနှင့် ဗဟိဒ္ဓေကို၊ ကြိတ်ရေပါလေ (ဝေ) အရ မတော့၊
သတ္တမက "ဝေ" ၌တွင်၊ သာရမဏယှဉ်၊
နှစ်ဆဲ့ သုံးတဲ့ လုံးကွဲရှင်ရယ်၊ (စ) ဆဲ့ တအင် နည်းဆင့ှက၊
စသတ် အ ကော်-သသုံးတန်၊ ပေါင်းလိုက်ပါတော့ မကျန်၊
(ဒု) ပုဒ်အရ ခြောက်ဆဲ့ နှစ်တန်မှာ၊ ဒုက္ခသစ္စံ ကုသလနှင့်၊
သံကိလိဋ္ဌ ဒဿန ဟေပါ-အာစယ နောက်သေက္ခာ၊
ပုဒ်တတိယ ယူပြီးကာငယ်၊ ပရိတ္တပါ မဇ္ဈိမနှင့်၊
အနိယတ တိက်ကယူကာ- အဟေတုကာဒိ ဓမ္မာ၊
နာမ်လေးဝနှင့် ဝိပ္ပယုတ်ပါသည်၊ ဂေါစ္ဆကလာ လေးဆယ် ပုဒ်နှင့်၊
စူဠန္တရဒုက် လောကိယာ-ပိဋ္ဌိဒုက်၌မှာ၊
နာမ်လေးဝနှင့် ဝိပ္ပယုတ္တာကို၊ တဆဲ့တဖြာ ပေါင်းမှတ် ရစ်တော့၊
ရာသုံးဆဲ့ တစ် (သ) ၌မှာ၊ ဆဋ္ဌ နည်းအလာ၊
ငါးဆဲ့ သုံး သ-သု သတ္တာငယ်၊ လေးဆဲ့ ခြောက်ဖြာ တဖန်အနှင့်၊
ဣရျာနှစ်ဝ တပါးစိ နောက်အဆဲ့ ခုနစ်လီ၊
နောက်သု အရ စတုတ္ထိဝယ်၊ အချုတိက်ဆီ အာရမဏ၌၊
ရှေ့ပုဒ်နှစ်ဝ ထည့်စွက်မှန်မှန်၊ ပေါင်းလိုက်ပါတော့မကျန်၊
(ဥ) .ပုဒ်အရ အင်ငါးတန်မှာ၊ ဆဋ္ဌနယ် ဥအရနှင့်၊
အ-ကား သုံးဝ ဝိပါကာ၊ ပေါင်း၍မှတ်ယူပါ၊

နော် (ဥ) အရ ဥပပတ်ဘဝါငယ်– သညီတဖြာ ပဋ္ဌဝေါနှင့်
ဥပါဒိန္နော ပါဒါနီ–ဓိတက် တတိယီ၊

ဥပါဒိန္န မဟန္တ ရိုပါ, ပေါင်းတော့ခြောက်လီ ညီညာပြ၍,
ကာမဘဝ (ကာ) အနေ, သုံးပါး (ပ) မှတ်လေ၊

ပရိတ်ပစ္စုပ် အဇ္ဈဗဟောကို, အာရမဏေ ယှဉ်ကာစပ်လို့,
သတိချုပ်၍ မှတ်လိုက်ပါ, မောဃ နည်းအလာ၊

ရှ ဝေ စ ဒု–သ ဥ ဥ ကာငယ်, ပရောကောက်ကာ ပြလိုက်
ပြီကွဲလေး။

## ကြည့်ရှုရန် အမိပ္ပာယ်

ရှ ။ ။ ဆဋ္ဌနည်း၌ ပြအပ်ပြီးသော ပဌမ ရှအရ၌ လေးဆဲ့ သုံး, ဒုတိယ ရှအရတပါး, နေ အရ လေးပါး, အ–အရ နှစ်ဆဲ့ ခြောက်ပါး, ဥပ္ပန္နတိက်–အတီတတိက်တို့၌ သုံးပုဒ်လုံး စီရသောကြောင့် ခြောက်ပါး, အဇ္ဈတ္တတိက်၌ အဇ္ဈတ္တာရမ္မာ ပုဒ်နှင့် ဗဟိဒ္ဓါ ရမ္မာ ပုဒ်နှစ်ပါး, ပေါင်း ၈၂ ပါးသည် (ရှ) အရတည်း။

ဝေ။ ။ သတ္တမနယ၌ ပြအပ်သော ဝေ–အရ နှစ်ဆဲ့ နှစ်ပါးနှင့်သာရမဏာ ရမ္မာ ၁–ပါး, ပေါင်း ၂၃ ပါးတည်း။

စ.။ ။ ဆဋ္ဌနယ၌ ပြအပ်သော စ–အရ ခုနှစ်ပါး, အ–အရ တပါး, သ–အရ သုံးပါး, ပေါင်း ၁၁ ပါးတည်း။

ဒု ။ ။ ဒုက္ခသစ္စာ ၁ ပါး, ကုသလတိက်–သံကိလိဋ္ဌတိက်–ဒဿနတိက် ဒဿနဟေတုတိက်–အာစယဂါမိတိက် သေက္ခတိက်တို့၏ တတိယပုဒ်, ပရိတ္တာရမ္မာ– မဇ္ဈိမာရမ္မာ– အနိယတာရမ္မာ

ပုဒ်အားဖြင့် ၉ ပါး, အဟေတုကာဓမ္မာ အစရှိသော နာမက္ခန္ဓာ ၄ပါးနှင့် ဝိပ္ပယုတ်ဖြစ်သော ဂေါစ္ဆက၌ ဟောပုဒ်ပေါင်း ၄၀, စူဠန္တရဒုက်၌ လောကိယာဓမ္မာပုဒ် ၁ ပါး, ပိဋ္ဌိဒုက်၌ နာမက္ခန္ဓာ ၄ပါးနှင့် ဝိပ္ပယုတ်ဖြစ်သော ဟောပုဒ်ပေါင်း ၁၁ ပါး, ဤသို့ အားဖြင့် (ဒု) အရ ၆၂ ပါး ဖြစ်၏။

သ။ ။ ဆန္ဒနယ၌ ပြအပ်ခဲ့သော သ–အရ ၅၃, သု–အရ ၇, အ–အရ ၄၆, ဣ–အရ ၁, ရာ–အရ ၁, နောက် အ–အရ ၁၇, နောက် သု–အရ ၄, အဇ္ဈတ္တာရမဏာဓမ္မာ–ဗဟိဒ္ဓါရမဏာဓမ္မာ ဟူသော ရှေ့ပုဒ် ၂ ပါး, ဤတရားများကို ပေါင်းလျှင် (သ) အရ ၁၃၁ ပုဒ်ဖြစ်၏။

ဥ ။ ။ ဆန္ဒနယ၌ ပြအပ်သော ဥ–အရ ၁ ပါး, အ–အရ ၃ ပါး, တိက်၌ ဝိပါကဓမ္မာပုဒ် ၁ ပါး–ပေါင်း ၅ ပါးတည်း။

ဥ ။ ။ နောက် (ဥ) အရကား– ဥပပတ္တိဘဝ သညီဘဝ ပဉ္စဝေါကာရဘဝအားဖြင့် ပဋိစ္စသမုပ္ပါဒ်၌ ဘဝ ၃ ပါး, တိက်၌ ဥပါဒိန္နုပါဒါနိယာ ဓမ္မာပုဒ်, ဝိတက်တိက် တတိယပုဒ်, မဟန္တရဒုက်၌ ဥပါဒိန္နာဓမ္မာပုဒ်အားဖြင့် ၆ ပါးတည်း။

ကာ။ ။ (ကာ) အရကား–ကာမဘဝ တပါးသာတည်း။

ပ ။ ။ ပရိတ္တာရမဏာဓမ္မာ–ပစ္စုပ္ပန္နာရမဏာဓမ္မာ–အဇ္ဈတ္တ ဗဟိဒ္ဓါရမဏာဓမ္မာ ၃ ပါးတည်း။

ဤသို့ပြအပ်သော တရားများကို ပေါင်းလျှင် "ဝိရာဂါဒ္ဓ" အရ အဒ္ဓမနယ၌ ဟောပုဒ်ပေါင်း ၃၂၄ ပါးဖြစ်၏။

-------

## နဝမနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ် ဂါထာ

အရူပက္ခန္ဓာ စတ္တာရော, မနာယတနမေဝ စ၊
ဝိညာဏဓာတုယော သတ္တ, ဒွေ သစ္စာ စုဒ္ဒသိန္ဒြိယာ၊
ပစ္စယေ ဒွါဒသ ပဒါ, တတော ဥပရိ သောဠသ၊
တိကေသုအဋ္ဌ ဂေါစ္ဆကေ, တေစတ္တာလီသမေဝစ၊
မဟန္တရဒုကေ သတ္တ, ပိဋ္ဌိဒုကေသု ဆ နဝ-
မဿ ပဒဿေတေ, နိဒ္ဒေသေ သင်္ဂဟံဂတာ၊

**[ဆောင်]** ဝေ-ဝိ-စ-သ-သု-ဥ-ဖ-ဣ-ဈာ-အ-သု-သ-စေ။

### ဆောင်ပုဒ် အကောက်လက်ာ

ဆဋ္ဌနည်းလာ ဝေ-ဝိ-စ, သ-သု ငါး၀ ဤနည်းတူ၊
(ဥ) မူပက္ကိန်-ခြွေမှတ်, (ဖ) လည်းလေးရပ် ဆဋ္ဌနည်းတူ၊
ဣန္ဒြိပါဒ ဈာန တဆူငယ်, အဓိမောက်မူ ဣ ဈာ အတွဲ,
နေ့ဝံ (သု) အရ ခုနစ်ဖြာ, သုလေး အ-သုံး ပေါင်းလိုက်ပါ၊
(သ)၏ အရ ပုဒ်ဝိသာမှာ, ဝိတက်တိက်လာ ဒုနှင့်ပတွဲ,
ပီတိသဟ ဂတပဒံ, တိက် သုံးပါးကြိ၊
တရားကိုယ် မရသည့် ဂေါစ္ဆက ပဒံငယ်, လေးနာမက္ခန်
မှန်မှန်ရသတဲ့,
ဆဲ့သုံးပဒ ကောက်ယူကာ, ပိဋ္ဌိဒုက်ဠမှာ၊

သဝိတက္က ဝိစာရာငယ်, ဒွေပီတိလာ ပထမပုဒ်တို့,
တမဟုတ်မျှ ထုတ်ပြကောက်လေ, ဆဋ္ဌနည်းတူ (စေ)၊
ဝ-ဝိ-စနှင့်, သ-သု-ဉ-ဖ အနေငယ့်,
ဣ-ဈာ-အ တထွေ သု-သ-စေ-နှောလို့,
ဇောဗလဝ သဘောကျ ထင်မြင် ဟောပါ ရှင်ရှင်၊
ဆဲ့သုံးပဒ ပုဒ်အစဉ်ကို, မယုတ်တမင် ဖြေရှင်းပြီကွဲလေး။

## ကြည့်ရှုရန် အဓိပ္ပာယ်

ဝေးစသည်။ ။ဤနဝမနယ၌"ဝေ-ဝိ-စ-သ-သု" ဆောင်ပုဒ် ငါးခု အရမှာ ဆဋ္ဌနယ၌ အစဉ်အတိုင်း ပြအပ်သော "ဝေ-ဝိ-စ-သ-သု" ဆောင်ပုဒ် ငါးခုအရနှင့် လုံးဝတူ၏၊ [ပြန်ကြည့်ပါ။]

ဉ ။ ။ (ဉ) အရမှုဥပေက္ခိန္ဒြေ တပါးသာ မှတ်ပါ။

ဖ ။ ။ (ဖ) အရလည်း ဆဋ္ဌနယ၌ပြအပ်သော "ဖ" အရ ၄ ပါးတည်း။ [တအုပ်များ၌ (ပ) ဟုရှိသော်လည်း ဖဿကို စ၍ ကောက်ရသောကြောင့် ဆဋ္ဌနယ၌ ကဲ့သို့ (ဖ) သာ ဖြစ်သင့်၏။]

ဣ။ ။ (ဣ) အရ ဣန္ဒြိပါဒ်တပါး။

ဈ။ ။ (ဈာ) အရ ဈာနတပါး။

အ။ ။ (အ) အရလည်း အဓိမောက္ခတပါးပင်။

သု။ ။ အထက်ဆဋ္ဌနယ၌ ပြအပ်ခဲ့သော သု-အရ ၄ ပါး, အ-အရ ၃ ပါး, ပေါင်း ခုနစ်ပါးသည် (သု) အရတည်း။

သ။ ။ ဝိတက်တိက်၌ ပထမနှင့် ဒုတိယ ၂ ပါး, ပီတိသဟဂတာ ဓမ္မာပုဒ်တပါးအားဖြင့် တိက်၌ ၃ ပါး, ဂေါစ္ဆကၥ် တရားကိုယ် ကို ကောက်ရသော ဟောပုဒ်များကို ချန်၍ နာမက္ခန္ဓာ ၄ ပါးသာ ရကောင်းသော ဟောပုဒ် ၁၃ ပါး ပိဋ္ဌိဒုက်၌ သဝိတက္ကာ ဓမ္မာ-သဝိစာရာ ဓမ္မာ-သပ္ပီတိကာ ဓမ္မာ- ပီတိသဟ

ဂဏာစမ္မာ ၄ ပါး၊ ဤဟောပုဒ်များကို ပေါင်းလျှင် (သ) အရ ၂၀ ဖြစ်၏။

စေ။ ။ စေ အရ ဆဋ္ဌနယ၌ ပြအပ်ခဲ့သော စေ–အရ ခြောက်ပါးပင်တည်း။

ဤသို့ ပြအပ်ပြီးသော ဆောင်ပုဒ်များအရ တရားအားလုံးကို ပေါင်းလျှင် "နဝါရိယာ=နဝ+ အရိယာ" အရ နဝမနယ၌ ဟောပုဒ်ပေါင်း ၁၂၀ တည်း။

--------

## ဒသမနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

ဓမ္မာယတနံ ဓမ္မာဓာတု, ဒုက္ခသစ္စဥ္စ ဇီဝိတံ၊
သဠာယတနံ နာမရူပံ, စတ္တာရောစ မဟာဘဝါ၊
ဇာတိ ဇရာ စ မရဏံ, တိကေသွေကူန ဝီသတိ၊
ဂေါစ္ဆကေသုစ ပညာသ, အဋ္ဌ စူဠန္တရေ ပဒါ၊
မဟန္တရေ ပန္နရသ, အဋ္ဌာရသ တတော ပရေ၊
တေဝီသတိ ပဒသတံ, ဇေတံ သမ္ပယောဂေ န လဗ္ဘတိ။

[ဆောင်] ရူ–ဝေ–စ–ဥ–ရူ–အ–ဝိ–နေ–အ–အ။

### ဆောင်ပုဒ် အကောက်လင်္ကာ

ဆဋ္ဌနည့်တူ (ရူ) အရ, (ဝေ) သတ္တမ နည်းမကွာ၊
ရာသုံးဆဲ့နှစ် (စ) အလာမှာ, ဆဋ္ဌနယာ စ ခုနစ်ဝနှင့်,
ငါးဆဲ့ သုံးဝ သ– အလော, သု လည်း ခုနစ်ဖြာ၊

လေးဆုံ ခြော် အ–ဣနှင့် ရှာပါ, တစ်စီအမှာ ဆုံ ခုနစ်ဝတို့,
ပေါင်းလိုက်ကြတော့ (ဥ) လေးဖြာ, ဥ တစ် အ – သုံးလုံး
လိုက်ပါ၊

(ရှ) ပုဒ်အရ ရူပဘာဝါငယ်, ထို့နောက်ရှစ်ဖြာ (အ) အရ
မတော့,

ဆဋ္ဌနည်းက အ–တဖြာ, သုလည်း လေးပါးသာ၊
သ–သုံးထည့်စွက် ပေါင်းပြီးကာဝယ်, (ဝိ) ခုနစ်ဖြာ (နေ)
ခလေးဝနှင့်,

နှစ်ဆုံခြော် (အ) နောက် (အ) သုံးတန်, ဆဋ္ဌ နည်းတူကြံ၊
ရူ ဝေ စ ဥ– ရှ အဝိ မှန်တယ်, နေ အ နှစ်တန် လှန်လျော
· ပြီကွဲလေး။

## ကြည့်ရှုရန် အဓိပ္ပာယ်

ရူ။ ။ ဤ၌ (ရူ) အရကား– ဆဋ္ဌနယ၌ ပြအပ်သော "ရူ"အရ ၄၃ ပါးနှင့် တူ၏။

ဝေ။ ။ (ဝေ) အရလည်း သတ္တမနယ၌ ပြအပ်သော "ဝေ" အရ ၂၂ ပါး ပင်တည်း။

စ။ ။ ဆဋ္ဌနယ၌ ပြအပ်သော စ–အရ ၇ ပါး, သ–အရ ၅၃ ပါး, သု–အရ ၇ ပါး, အ–အရ ၄၆ ပါး, ဣနှင့် ရှာ အရ တပါးစီ, နောက် အ–အရ ၁၇ ပါး, ဤပြအပ်ပြီးသော ဟောပုဒ်များကို ပေါင်းလျှင် (စ) အရ ၁၃၂ ဖြစ်၏။ [ဤနေရာ၌ အကောက်စာမူများ မှားယွင်းနေ၏။]

ဥ။ ။ ဆဋ္ဌနယ၌ ပြအပ်ပြီးသော "ဥ" အရ တပါးနှင့် "အ" အရ ၃ပါး, ပေါင်း· ၄ ပါးတည်း။

ရှ။ ။ (ရှ) အရ ရူပဘာဝ တပါးသာတည်း။

အ॥ ॥ ဆင္ခနယ၌ ပြအပ်သော အ–အရ တပါး, သု–အရ ၄ ပါး, သ–အရ ၃ ပါး, ပေါင်း ရှစ်ပါးတည်း။ [ဤနေရာလည်း အကော်စာအုပ်များ၌ အတော်မှားယွင်းနေသည်၊ သတိပြု။]

ဝိ॥ ॥ (ဝိ) အရကား ဆင္ခနယ၌ ပြအပ်သော "ဝိ" အရ ၇ ပါးပင်တည်း။

နေ॥ ॥ (နေ) အရလည်း ထို့အတူ ဆင္ခနယအတိုင်း ၄ ပါးပင်။

အ॥ ॥ ၂၆–ပါးရသော ဆင္ခနယ၌ အ–နှင့် အတူပင်တည်း။

အ॥ ॥ ဤနောက် အ–အရလည်း ဆင္ခနယ၌ ပါသော တဆဲ့ ငါးခုမြောက် အ–အရ ၃ ပါးတည်း။

ဤတရား အားလုံးကို ပေါင်းလျှင် "ဒသာဒီသု ကမာ ဆစ" နှင့် အညီ ဆင္ခနယ၌ ဋီကာနည်းအရ ယောပုဒ်ပေါင်း (၂၅၀) ရသကဲ့သို့, ဤဒသမနယ၌လည်း ၂၅၀ ပင်ရ၏။

--------

## ကောဒသမနယ

## (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

ဒွေသတ္တာ ပန္နရသိန္ဒြိယာ, ကောဒသ ပဋိစ္စပဒါ၊
ဥဒ္ဒံ ပုန ကောဒသ, ဂေါစ္ဆကပဒမေတ္တ တိံ သဝိမံ။

[ဆောင်] သ–မ–ဣ–သု–ဥ–ပ။

[ဤမှစ၍ နော်နယများ၏ ဆောင်ပုဒ် အကော်လက်ာ အဓိပ္ပာယ်ကို အရာမကျယ် အလွယ်ညွှန်ပြရမည်သာ ဖြစ်သော ကြောင့် တပေါင်းထည်းရော၍ အဆုံးကျမှ ပြတော့မည်။]

-------

## ဒွါဒသမနယ

### (ကျက် မှတ် ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

အရူပက္ခန္ဓာ စတ္တာရော, မနာယတနမေဝ စ၊
ဝိညာဏဓာတုယော သတ္တ, ဒွေ သစ္စာ စုဒ္ဒသိန္ဒြိယာ၊
ပစ္စယေ ဒွါဒသ ပဒါ, တတော ဥပရိ သောဠသ၊
တိကေသု အဋ္ဌ ဂေါစ္ဆကေ, တေစတ္တာလီသမေဝစ၊
မဟန္တရဒုကေ သတ္တ, ပိဋ္ဌိဒုကေသု ဆ နဝ–
မဿ ပန ပဒဿေတေ, နိဒ္ဒေသေ သင်္ဂဟံ ဂတာ။

[ဆောင်] ဝေ–ဝိ–သ–သု–ဥ–ပ–အ–သု–စေ။

---

## တေရသမနယ

### (ကျက်မှတ်ရန်)

### ဥဒ္ဒါန်းစဉ်ဂါထာ

ရူပဉ္စ ဓမ္မာယတနံ ဓမ္မဓာတု, ဣတ္ထိပုမံ ဇီဝိတံ နာမရူပံ၊
ဒွေဘဝါ ဇာတိ ဇရာ စ, မစ္စု စ ရူပိ အနာရမဏံ၊
နောစိတ္တံ စိတ္တေန ဝိပ္ပယုတ္တံ, စိတ္တဝိသံသဋ္ဌံ သမုဋ္ဌာနံ၊
သဟဘု အနုပရိဝတ္တိ, ဗာဟိရူပါဒါ ဒွေ ဝိသယော၊
ဧသ နယော သုဗုဒ္ဓေါ, ဒွေဝိသယောတိ ဝါ။

[ဆောင်] ရူ–အ။

## စုဒ္ဒသမနယ
### (ကျက် မှတ် ရန်)
### ဥဒ္ဒါန်းစဉ်ဂါထာ

ဓမ္မာယတနံ ဓမ္မဓာတု, အထ ဓိဝိတံ နာမရူပံ၊
သဠာယတနံ ဇာတိ ဇရာ မတံ, ဒွေစ တိကေ နလဗ္ဘရေ၊
ပထမန္တရေ သတ္တ စ, ဂေါစ္ဆကေ ဒသ အပရန္တေ၊
စုဒ္ဒသ ဆ စ မတ္ထကေ, ဣစ္စေတေ သတ္တစတ္တာလီသ ဓမ္မာ၊
သမုစ္ဆေဒေန လဗ္ဘန္တိ, မောဃပုစ္ဆကေနစ။

**[ဆောင်]** ရူ-ဇေ-စ-ဒု-သ-ဥ-ဥ-ကာ-၂။

### ကောဒသမ, ဒွါဒသမ, တေရသမ, စုဒ္ဒသမနယတို့၏ ဆောင်ပုဒ် အကောက်လက်ာ

ကောဒသမ ပုဒ်ပဒမတော့, စတုတ္ထနည်းသူ့အနေ၊
ဥပေက္ခိန္ဒြေခွဲလို့ "ဥ" အကွဲထုတ်ရုံမျှပေ၊
ဒွါဒသမ နည်းနယေမှာ, မှီးနဝမေ ဝေ သဘောဥ္ဇ,
ရျာ မနှောနှင့် ခြောက်ခုသာ, မှတ်လိုက်ပါတော့မကွာ၊
ဝိ ခြောက် သတ်၊ စ-ဏ္ဍ တဖြာကို, သည့်မှာ (ဝိ) လာ
တဆဲ့ လေးလို့,
တေပညာ (သ) နဝမာ, သနှင့် နည်းတူစွာ၊
သု-ခုနစ်ဝ ရျာတစ်ပါငယ်, ပေါင်း၍ ရှစ်ဖြာ ဥဘာဝနှင့်,
ပစတုတ္ထ အတထွေ, နဝမ နည်းမှီလေ၊

နောက် (သု) အရ သတ်ဝိသေမှာ, သု–သ နှစ်တွေ ယှဉ်ကာစပ်တော့,
(စေ) ၌ ခြောက်ရပ် ဟူသည်မှာ, ဆဋ္ဌ နည်းစေသာ၊ ဝေဝိသနှင့် သု–ဥ–ပ မကျွာအောင်, သသုစေပါ ကောက်ကာပြတော့,

တေရသမ ပဉ္စမေ, (ရှု–အ) နည်းတူစေ၊
နည်းသြသာန အဋ္ဌမ မသွေအောင်, တကွမကွေ သဘောပိုက်လို့,
ဟောလိုက်ကြတော့ ခက်ခဲ ဓာတ်ကျမ်းကထာ, နက်နဲ မြတ်ကျမ်းစာ၊

သောတုဇန နဝင်သာအောင်, အစဉ်ကဗျာ ထွင်လိုက်ပြီ ကွဲလေး။

------

## (ကောဒသမနယ) ကြည့်ရှုရန် အခိပ္ပာယ်

**သ–စသည်** ။ ။ဤကောဒသမနယ၏ "သ–မ–ဣ–သု–ဥ–ပ" ဆောင်ပုဒ်ရှိရာ စတုတ္ထနယ၌ ပြအပ်သော ဆောင်ပုဒ် ၅–ခုဝယ် "သု" အရ ရှစ်ပါးမှ ဥပေက္ခိန္ဒြေတပါးခွဲယူ၍ သီးခြားဟောပုဒ်တခုလုပ်ရုံသာထူး၍, အားလုံး စတုတ္ထနယနှင့်တူ၏၊ {စတုတ္ထ နယ၌ သု–အရ ရှစ်ပါး, ဤ၌ သုအရ ၇ ပါးဟူလို။} ဤပြအပ်ပြီးသော နည်း အားဖြင့် ဘ–အရ ၄၃, မ အရ ၁၅,ဣ အရ ၂, သု–အရ ၇, ဥ–အရ ၁, ပ–အရ ၁, ဟု "ဒသာဒိ သုကမာ ဆဝ" အရ ဤဒကာဒသမနယ၌ စတုတ္ထ နယကဲ့သို့ ၆၉ ပုဒ်ဖြစ်၏။

## (ဒွါဒသမနယ) ကြည့်ရှုရန် အစီပွာယ်

**ဝေ**॥ ॥ ဤ၌ (ဝေ) အရကား နဝမနယ၌ ပြအပ်သော "ဝေ" အရ ခြောက်ပါးပင်တည်း။

[ရှေးအကော၌ ဗျာနကို ထည့်၍ကောက်ကြ၏၊ ထိုဗျာနကား နောက် (သု) အရ၌သာ ပါဝင်နိုင်သည်။]

**ဝိ**॥ , ॥ ဤ၌သည်း အထက်နဝမနယ၌ ပြအပ်သော ဝိ–အရခြောက်ပါး စ–အရ ခုနစ်ပါး, ဏ–အရ တပါး, ပေါင်း ၁၄ ပါးတည်း။

**သ**॥ ॥ ဤ (သ) အရလည်း နဝမနယ၌ ပြအပ်သော "သ" အရနှင့် နည်းတူ ၅၃ ပါးပင်တည်း။

**သု**॥ ॥ နဝမနယ၌ ပြအပ်သော သု–အရ ၇,ဗျာ–အရ ၁, ပေါင်း ရှစ်ပါးသည် ဤ (သု) အရ ဖြစ်၏။

**ဥ–ပ–အ**॥ ॥ဤပုဒ်များ အရလည်း နဝမနယ၌ ပြအပ်သော ဥ–အရ ၁, ပ–အရ ၄, အ–အရ ၁ ပါးနှင့် နည်းတူပင်။

**သု**॥ ॥ နဝမနယ၌ သု–အရ ၇ ပါးနှင့် သ–အရ ၂၀ ကို ပေါင်းလျှင် ဤနောက် (သု) အရ ၂၇–ပါး ဖြစ်၏။

**ဓေ**॥ ॥ ဤ (ဓေ) အရလည်း ဆဋ္ဌနယ၌ ပြအပ်သော ဓေ–အရ ခြောက်ပါးပင်တည်း။

ဤသို့လျှင် ဤဒွါဒသမနယ၌ ပြအပ်ပြီးသော တရားအားလုံး ပေါင်းလျှင် နဝမနယကဲ့သို့ (၁၂၀) ဖြစ်၏။

---

## (တေရသမနယ) ကြည့်ရှုရန် အစိပ္ပာယ်

ရှု–အ။ ။ဤ တေရသမနယ၌ ပြအပ်သော ရှု–အရ, အ–အရ တို့သည် အထက် ပဋ္ဌမနယ၌ ပြခဲ့သော ရှု–အရ ၂၂ ပါး, အ–အရ (၁၀၈) ပါးတို့နှင့် တူကုန်ပြီ။
ဤ ရှု–အ–အရ ၂ မျိုးပေါင်းလျှင် "တေ နဂ္ဂယာ" ဟူသော အချုပ်စကားနှင့်အညီ တေရသမနယ၌ ဟော ပုဒ်ပေါင်း (၁၃၀) ဖြစ်၏။

-------

## (စုဒ္ဒသမနယ) ကြည့်ရှုရန် အစိပ္ပာယ်

ရှု–ဝေစသည်။ ။ ဤသြသာနဖြစ်သော အဆုံးစုဒ္ဒသမနယ၌ ပါသော ဟောပုဒ်တို့သည် အထက်၌ ပြအပ်ပြီးသော အဋ္ဌမနယဆောင်ပုဒ်များနှင့် အရကော်ချင်း အလုံးစုံတူပြီ ဖြစ်သောကြောင့် အထူးမရေးတော့ပြီ။
"ဘက္ခိလာသြ" ဟူသော စကားအရ ဤနယ၌ ပါသော ဆောင်ပုဒ်အားလုံးကို ပေါင်းလျှင် (၃၂၄) ပုဒ်ဖြစ်၏။

ကောသလာ။ ။ ပထမနယမှ စ၍ စုဒ္ဒသမနယတိုင်အောင် ဟောပုဒ်တို့ကို ပေါင်းလိုက်လျှင် "ကောသလာ (ပိဋက သချ်ာအရ) ၃၇၁" ရှိ၏၊ ထို့ကြောင့် "သမ္ဗဟာ ပန ကောသလာ" ဟု မိန့်သည်။

အမှာ ။ ။ ဤ "ကောသလာ" အရ အမျိုးမျိုး တွက်ပုံကို ပြကြ၏၊ အမှန်မှာ–ပါဠိတော်၌ ဟောပုဒ်များကို ရေတွက်သော သချ်ာဖြစ်ရကား ပါဠိတော်ရင်းကို ကြည့်၍ ရေတွက်မှ အမှန်ရမည်၊ ပါဠိတော်ဟူသည် လည်း ပထမနယဟောပုဒ်များကို ပြသော ပါဠိတော် ပင်တည်း၊ မှန်၏–"ကောသလာဟု, နယရှေ့.ဖျား, ပုဒ်အများကို" ဟု ဆရာတို့ မိန့်တော်မူကြသည်။

ထို့ကြောင့် ပထမနယ ပါဠိတော်ကို ကြည့်လျှင် ပဋိစ္စသမုပ္ပါဒ်၌ "အဝိဇ္ဇာ သင်္ခါရ, ဝိညာဏ, နာမရူပ, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန, ကမ္မဘဝ, ဥပပတ္တိဘဝ, ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါ်မနဿ, ဥပါယာသ" အားဖြင့် ၂၈ ပါး ကို တွေ့ရလိမ့်မည်၊ ထို့နောက် သတိပဋ္ဌာန် စသည်၌ "သတိပဋ္ဌာန် သမ္မပ္ပဓာန်" စသည်ဖြင့် တပုဒ်စီသာ ဟောထားသည်ကို တွေ့ရလိမ့်မည်၊ ထိုဟောပုဒ်များအရ အောက်ပါ ဇယားကို ကြည့်ပါ။

| | | | | | |
|---|---|---|---|---|---|
| ခန္ဓာ | ၅ | သတိပဋ္ဌာန် | ၁ | မိုလ် | ၁ |
| အာယတန | ၁၂ | သမ္မပ္ပဓာန် | ၁ | ဗောဇ္ဈင် | ၁ |
| ဓာတ် | ၁၈ | ဣဒ္ဓိပါဒ် | ၁ | မဂ္ဂင် | ၁ |
| သစ္စာ | ၄ | ဈာန် | ၁ | ဖဿ သတ္တကရာသိ | ၇ |
| ဣန္ဒြေ | ၂၂ | အပ္ပမညာ | ၁ | တိက်ပုဒ် | ၆၆ |
| ပဋိစ္စသမုပ္ပါဒ် | ၂၈ | ပဋ္ဌိန္ဒြေ | ၁ | ဒုက်ပုဒ် | ၂၀၀ |

ဓာတုကထာ ဆောင်ပုဒ်

အကောက်လက်ာအစိပ္ပါယ် ပြီးပြီ။

---

# နေတ္တိအကောက်လက်ာ

## စကားချီ

ပရိယတ္တိသာသနဟိတ အသင်းကြီး၏ စာချတန်း စာမေးပွဲ၌ နေတ္တိ ပကရဏဒီပနီကို ဘာသာရပ် အစိတ်အပိုင်း အဖြစ်ဖြင့် ပြဋ္ဌာန်းထား၏၊ မိမိသည် မြန်မာစကားပြင်ဖြင့် ရေးသားအပ်သော ထိုနေတ္တိပကရဏဒီပနီ ကို အရကျက်ဘို့ရန် အလွန်တာဝန်လေးနေ၏၊ မရပြန်လျှင်လည်း ထိမိ အောင်ဖြေဆိုနိုင်ဘို့ ခဲယဉ်းမည်ကိုတွေးမိ၏၊ ထို့ကြောင့် ထိုအချိန်၌ မိမိ အတွက် တပွဲတိုးမျှ အသုံးချဘို့ရာ ဆရာတော် ဦးဖုမ်၏ နေတ္တိပကရဏ ဒီပနီ အဟောင်းကိုငင်း, ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် ဖြစ်တော် မူသော ဘေးတော်ဘုရား၏ ဒီပနီသစ်ကိုငင်း အမှီပြု၍ နေတ္တိအရကောက် လက်ာကို ရေးသားရပါတော့သည်။

ထို့နောက် ထိုအရကောက်လက်ာကိုပင် သုံးစွဲလိုသော ပုဂ္ဂိုလ်တချို့ လည်း အဆင့်ဆင့် ရေးကူး၍ အသုံးပြုနေကြောင်းကို သိရ၏၊ သို့ဖြစ်၍ အတော်အတန် အသုံးကျနေသော ထိုလက်ာအကောက်ကို ယခု အချိန်၌ ပျောက်ပျက်သွားမည်မှာ နှမြောစရာ ဖြစ်နေရကား ထိုလက်ာအကောက် ကိုပင် စကားပြေ အဓိပ္ပာယ်ဖြင့် တန်ဆာဆင်၍ စက်တင် ပုံနှိပ်စေရပါ တော့သည်၊ ဤလက်ာကို ရေးသားခဲ့စဉ်က အဋ္ဌကထာ ဋီကာတို့ကိုလည်း ကြည့်ရှုခွင့်မရှိပါ၊ နေတ္တိအကောက်အကျယ်ကိုလည်း ကုန်အောင် မချဲ့ နိုင်ပါ၊ စာမေးပွဲဖြေနိုင်ရုံလောက်ကိုသာ အလေးထား၍ ရေးသားခဲ့ခြင်း ဖြစ်သောကြောင့် အနည်းငယ် ချို့ယွင်းမှု တွေ့သော် ပြင်ဆင်၍ငင်း,မစုံ လင်သည်ကို လျစ်လျူရှု၍ငင်း ကြည့်ရှု သုံးစွဲကြလိမ့်မည်ဟု မြော်လင့် ပါသည်။

အရှင်ဇနကာဘိဝံသ

၎

## ဟာရ ၁၆ ပါး

ဒေသနာ ဝိစယော ယုတ္တိ, ပဒဋ္ဌာနော စ လက္ခဏော၊
စတုဗျူဟော စ အာဝဋ္ဋော, ဝိဘတ္တိ ပရိဝတ္တနော၊

ဝေဝစနော စ ပညတ္တိ, ဩတရဏော စ သောဓနော၊
အဓိဋ္ဌာနော ပရိက္ခာရော, သမာရောပနော သောဠသော၊

ဤတဆဲ့ ခြောက်ပါးသော (ပါဠိတော်ကိုဖွင့်ပြရာ) သံဝဏ္ဏနာ အထူးသည် ထိုထို သုတ္တ ဂေယျ စသော ပါဠိတော်ကို လေ့လာရာ၌ မသိခြင်းဟူသော သံသယ, မှားမှားယွင်းယွင်း မှတ်ယူခြင်းဟူသော ဝိပလ္လာသတို့ကို ပယ်ရှား နိုင်သောကြောင့် ဟာရမည်၏၊ [ဟရတိ – အညာဏသံသယ ဝိပလ္လာသတို့ကို ပယ်ရှားတတ်၏၊ ဣတိ–ထို့ကြောင့်၊ ဟာရော–ဟာရမည်၏။]

### ၁။ ဒေသနာဟာရ
### (ကျက်မှတ်ရန်)

(က) အဿာဒါဒီ–နဝမည်သား, တလိနိဿရဏ, ကျိုးဖလနှင့်, ဥပါယကြောင်း, ထပ်လောင်းအာဏတ္တိ, ဤဆဗ္ဗိဓ, ညွှန်ပြဖွင့်ရာ, ဒေသနာဝယ်,...

(ခ) သာယာအပ်စွ, သုခ သောမနဿ, တ၀ ဣဋ္ဌာ, သာယာကြကြောင်း, အပေါင်း , တဏှာ–ဝိပလ္လာသ, အဿာဒတည်း။

(ဂ) ဒုက္ခဝေဒနာ, ဒုက္ခတာ ဟူ, တေဘူမက–သခ်ါရမည်, အာဒီနဝ။

(ဃ) ဝဋ်မှထွက်ကြောင်း, မဂ်အပေါင်းနှင့်, ကောင်းကောင်း ထွက်တတ်, မြတ်အမတာ, နိဿရဏာပေ။

(င) သုတေမယ–ဉာဏ်မှစ၍, အတ္တမေ့–ဝေဒ ၂ တန်, ပစ္စုပ္ပန်ကျိုး, တမျိုးဘဝ, သမ္ပဒတို့, ဖလဆိုတာ။

(စ) အရိယာမဂ္ဂ, ထိုဖလ၏, ရှေ့၌ရှိသည့်, ပဋိပဒါ, ဟူသမျှ, ဉပါယတည်း။

(ဆ) သီးသီး ဟိတ, သုခ ကျိုးမြော်, ကျင့်လေနော် ဟု, အမိန့်တော်ရှိ, အာဏတ္တိက, ဉုးစွာပြ၍,

**(သစ္စာ)** နော်မှ တလှဲ့, သစ္စာဖွဲ့မည်, စိတ်က ရည်သော်... အာဒီနဝ, ဖလနှစ်တန်, ဒုက္ခံသစ္စာ၊ အဿာဒါမူ, သမုဒယဟူ၏၊ တဆူ နိဿရဏ, နိရောဓဟော၊ ဉပါယော နှင့်, အာဏတ်ဆင့်က, အသင့်မဂ္ဂ, သွင်းကုန်ကြလော၊... တဝါဒမှာ, လေးသစ္စာကို, ဉုးစွာအစ, ထုတ်ဘော်ပြ၍, အဿာဒတွင်း, စသည် သွင်းသည်, မူရင်း ဒေသနာဟာရတည်း။

### ကြည့်ရှုရန် စကားပြေ

(က) အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဉပါယ, အာဏတ္တိ အားဖြင့် ၆ ပါးသောအနက်တို့ကို ဖွင့်ပြခြင်း လက္ခဏာရှိသော ဟာရသည် "ဒေသနာဟာရ"မည်၏၊ [ဒေသီယတိ သံဝဏ္ဏီယတိ သုတ္တတ္ထော ဧတာယာတိ ဒေသနာ=ပါဠိသုတ်ပုဒ်၏ အနက်ကို ဖွင့်ပြကြောင်းဖြစ်သောကြောင့် ဒေသနာဟာရ။]

(ခ) သုခသဟဂုတ် ကာယဝိညာဏ်၌ယှဉ်သော ကာယိကသုခဝေဒနာ စေတသိက သော့မနဿဝေဒနာ, ဣဋ္ဌာရုံ ဟူသမျှသည် သာယာ အပ်သောကြောင့် အဿာဒ မည်၏။ [အဿာဒီယတေတိ အဿာဒေါ။] သာယာဘွယ် မဟုတ်ပါဘဲလျက် ဖောက်ပြန် မှားယွင်းစွာ သာယာတတ်–သာယာကြောင်းဖြစ်သော ဝိပလ္လာသ တဏှာသည်လည်း အဿာဒမည်၏၊ [အဿာဒေတီတိ အဿာ ဒေါ၊ အဿာဒီယတေ ဧတေနာတိ အဿာဒေါ။]

(ဂ) ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ယှဉ်သော ကာယိကဒုက္ခဝေဒနာ ၁ပါး, ဒေါသမူဒွေး၌ယှဉ်သော စေတသိက ဒုက္ခဝေဒနာ ၂ပါး, ဤသုံးပါးသည် ဒုက္ခဒုက္ခတာ (ဒုက္ခအစစ်)မည်၏၊ တေဘူမက သင်္ခါရ (လောကီစိတ် စေတသိက်ရုပ်) တရားသည်လည်း သင်္ခါရ ဒုက္ခပင်တည်း၊ ဤဒုက္ခအားလုံးသည် အာဒီနဝ(အပြစ်)မည်၏။

(ဃ) ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော အရိယာမဂ်သည် ("နိဿရတိ ဧတေန"အရ) နိဿရဏမည်၏၊ ဝဋ်မှထွက်မြောက်သော မြတ်အမတ (နိဗ္ဗာန်)သည်လည်း ("နိဿရတိ"အရ) နိဿရဏ မည်၏။

(င) ဒေသနာတော်ကို ကြားနာရ(ကြည့်ရှုရ)ခြင်းကြောင့် ရအပ်သော သုတမယဉာဏ်သည်၎င်း, ထိုဉာဏ်ကို အရင်းခံ၍ အကျိုးနှင့် အနက်အဓိပ္ပာယ်ကို သိခြင်းဟူသော အတ္ထဝေဒဉာဏ်, အကြောင်း နှင့် ပါဠိကို သိရခြင်းဟူသော ဓမ္မဝေဒဉာဏ်သည်၎င်း ပစ္စုပ္ပန် ဘဝ၌ ရအပ်သော အကျိုးတည်း၊ သုတမယဉာဏ် အရင်းခံ၍ တရားကျင့်ခြင်းကြောင့် ရအပ်သော သုဂတိဘဝဟူသော ဘဝ သမ္ပဒါသည်၎င်း, စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းဟူသော ဘောဂ သမ္ပဒါသည်၎င်း, တမလွန်ဘဝ၌ ရအပ်သော အကျိုးတည်း၊ထို အကျိုး ၂ မျိုးသည် ဖလမည်၏။

(စ) အရိယာမဂ်၏ ရှေ့အဘို့၌ဖြစ်သော သီလ-ဘာဝနာ (ပဋိပတ်) အကျင့်ဟူသမျှသည်၎င်း, ဒေသနာတော်ကို သင်အံမှတ်သားခြင်း, အလှူပေးခြင်း, တရားကျင့်ခြင်းသည်၎င်း (ပြခဲ့သော နိဿရဏ-ဖလ ၂ မျိုးကို ရဘို့ရန် အကြောင်းနည်းလမ်းဖြစ်သောကြောင့်) ဥပါယမည်၏။ [ဥပါယ-ရောက်ကြောင်း ရကြောင်းနည်းလမ်း။]

(ဆ) "ဒေသနာရှင် ဖြစ်တော်မူသော ဘုရားစသော ဒေသကပုဂ္ဂိုလ်၏ ထို နိဿရဏ အကျိုးဖလဟူသော စီးပွားချမ်းသာကို ရဘို့ရန် ပြခဲ့သော ဥပါယ အကြောင်းတို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်လေ"ဟု တိုက်တွန်းခြင်း (နှုတ်တော်ဖြင့် ထုတ်ဖော်၍ မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်ခြင်း)သည် အာဏတ္တိမည်၏။

**သစ္စာဖွဲ့။** ။ ထိုတွင် အာဒီနဝနှင့် ဖလသည် လောကီအကျိုးတရားဖြစ်သောကြောင့် ဒုက္ခသစ္စာ မည်၏၊ အဿာဒသည် ထို ဒုက္ခ၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာမည်၏၊ နိဿရဏ သည် နိရောဓသစ္စာမည်၏၊ ဥပါယနှင့် အာဏတ္တိသည် ထို နိဿရဏတိုင်အောင် ရောက်ကြောင်းဖြစ်သောကြောင့် မဂ္ဂသစ္စာမည်၏၊ ဤသို့လျှင် ရှေးဦးစွာ ဒေသနာတော်၌ တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ ဖြစ်စေ ရနိုင်သော တရားစုကို အဿာဒစသော ၆ပါးဖြင့် ခွဲခြား၍ နောက်မှ သစ္စာ ၄ပါး၌ သွင်းချခြင်းသည် ဒေသနာဟာရမည်၏။

**တနည်း-** ဒေသနာတော်၌ ရထိုက်သော တရားစုကို ရှေးဦးစွာ သစ္စာ ဖွဲ့၍ ထိုသစ္စာ ၄ ပါးကို အဿာဒ စသော ၆ပါး၌သွင်းပြသော ဝါဒလည်းရှိ၏၊ ထိုသို့ ကော်ယူသွင်းပြခြင်းသည်လည်း ဒေသနာ ဟာရတမျိုးပင် ဖြစ်သည်။

**ပုံစံ။** ။ ဤပြခဲ့သော အစဉ်ဖြင့် ကောက်ယူရပုံကို ပုံစံတခုပြမှထင်ရှားမည် ဖြစ်သောကြောင့် "ယံ လောကော ပူဇယတေ"ဟူသော နေတ္တိပါဠိတော် အစဆုံး ပြယုဂ်ကိုပင် ပုံစံထုတ်ရာ၏၊ [ယံ နရဝရံ-အကြင် မြတ်စွာဘုရားကို၊ လောကော - သတ္တလောက သည်၊ ပူဇယတေ-ပူဇော်၏။] ထို ပုံစံ၌ လောကောပုဒ်ကို၎င်း

ပူဇယတေပုဒ်ကိုရင်း ကောက်ပြနိုင်၏၊ ထိုတွင် ပူဇယတေပုဒ်ကို ရှေးဦးစွာ ကောက်ပြအံ့။

(က) ပူဇယတေပုဒ်၏အရညှ် အာမိသပူဇာ ဓမ္မပူဇာ ၂မျိုးရှိ၏၊ ထိုတွင် ဆွမ်းစသော အာမိသဖြင့် ပူဇော်ခြင်း (ဒါနစေတနာ) သည် အာမိသပူဇာမည်၏၊ ဟောပြောဆုံးမသည့်အတိုင်း သီလဆောက်တည်ခြင်း (သီလမယစေတနာ) ကမ္မဋ္ဌာန်းဘာဝနာအားထုတ်ခြင်း (ဘာဝနာမယစေတနာ)သည် အစ, မဂ်ဖိုလ်အလယ်, နိဗ္ဗာန် အဆုံးတိုင်အောင် တရားစုသည် ဓမ္မပူဇာမည်၏၊ "ဘုရားရှင်ကို ဓမ္မဖြင့် ပူဇော်ခြင်း"ဟူလို။

(ခ) ထိုပူဇာ ၂ မျိုးတွင် ပါဝင်သော လောကီစေတနာသည် အဿာဒ မည်၏၊ ["ဒါနံ ဒတွာ၊ ပေ၊ တံ အဿာဒေတိ" စသည်နှင့်အညီ သာယာအပ်သော ဣဋ္ဌာရုံ ဖြစ်ရကား ထိုစေတနာကို "အဿာဒ" ဟု ဆိုသည်။] သာယာတတ်သော တဏှာသည်လည်း အဿာဒမည်၏။

(ဂ) ပူဇော်ကြောင်းဖြစ်သော အာမိသဝတ္ထု ရုပ်တရားနှင့် စေတနာ ဓမ္မတို့သည် သင်္ခါရဒုက္ခချည်းဖြစ်၍ အာဒီနဝ မည်၏၊ မဂ်နိဗ္ဗာန် သည် နိဿရဏမည်၏။

(ဃ) ဖိုလ်သည်ရင်း (ဘုရားကို ပူဇော်သောအားဖြင့် တရားကျင့်သူကို တရားကပြန်၍ စောင့်ရှောက်သဖြင့်) အတ္တာနုဝါဒဘေး ဒဏ္ဍဘေး ဒုဂ္ဂတိဘေးတို့မှ လွတ်ခြင်း, ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို ရခြင်း ဟူသော ပစ္စုပ္ပန်ကျိုးသည်ရင်း ဖလမည်၏။

(င) ထိုဖလကို ရခြင်း၏အကြောင်းဖြစ်သော ပူဇော်ခြင်းသည် ဥပါယ မည်၏၊ "ထိုပြခဲ့သောအကျိုးဖလကို ရဘို့ရန် ဘုရားရှင်ကို ပူဇော်ကြလေ"ဟု တိုက်ရိုက် မတိုက်တွန်းသော်လည်း ဒေသက (ယံ လောကော ပူဇယကေကို ပြသော အရှင်မဟာကစ္စာယနထေရ်)၏ တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိမည်၏။

သစ္စာဖွဲ့။ ။ထိုတွင် အာဒီနဝ ဖလ ၂ပါးသည် ဒုက္ခသစ္စာ၊ အဿာဒ သည် သမုဒယသစ္စာ၊ နိဿရဏသည် နိရောဓသစ္စာ၊ ဥပါယနှင့် အာဏတ္တိသည် မဂ္ဂသစ္စာမည်၏၊ ဤကား "ပူဇယတေ"ကြိယာ အတွက် ဒေသနာဟာရထုတ်နည်းတည်း၊ စာမေးပွဲများ၌ကား "မည်သည့်ပုဒ်ကို ဒေသနာဟာရ ထုတ်ခဲ့ပါ" ဟု မေးလျှင် ဤအတိုင်း ထုတ်ကြရံသာတည်း။

တနည်း–လောကော အရဋ္ဌ (သတ္တလောက ရဋ္ဌ) လောကီခန္ဓာ ၅ပါး သည် ဒုက္ခသစ္စာ မည်၏၊ ထို ဒုက္ခသစ္စာ ခန္ဓာ ၅ပါး၏ အကြောင်းဖြစ်သော ရှေးဘဝတဏှာသည် သမုဒယသစ္စာမည်၏၊ ထိုဒုက္ခ သမုဒယ ၂ပါးတို့၏မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ထို နိရောဓကို သိရကြောင်းဖြစ်သော အကျင့်သည် မဂ္ဂသစ္စာမည်၏။[နောက်သစ္စာ ၂ ပါးကား ဆက်သွယ်၍ရအပ်သော သစ္စာတည်း။]

ထိုတွင် သမုဒယသစ္စာသည် အဿာဒ, ဒုက္ခသစ္စာသည် အာဒီနဝ, နိရောဓ မဂ္ဂသစ္စာ ၂ပါးသည် နိဿရဏမည်၏၊ လောကောကို ပူဇယ တေ၌ စပ်၍ ထိုသတ္တလောက၏ ပူဇော်ခြင်းကြောင့် ရအပ်သောပစ္စုပ္ပန် ကျိုး, ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိစသော တမလွန်ကျိုးသည် ဖလမည်၏၊ ထိုဖလ၏အကြောင်းဖြစ်သော ပူဇော်ခြင်းသည် ဥပါယမည်၏၊ "ထိုဖလ ကို ရဘို့ရန် အကြောင်း ဥပါယဖြစ်သော ပူဇော်မှုကို ပြုကြလေ"ဟု ဒေသကပုဂ္ဂိုလ်၏ တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိ မည်၏၊ ဤကား လောကောပုဒ်အရဋ္ဌ သစ္စာ ၄ ပါးကို ဥုးစွာပြု၍ အဿာဒ စသည် ခွဲခြားခြင်းတည်း။

[စာမေးပွဲများ၌ကား အဿာဒ စသည်ကို ဦးစွာပြု၍ သစ္စာ သွင်းခြင်း, သစ္စာကို ဥုးစွာပြု၍ အဿာဒ စသည် ခွဲခြင်း ၂ မျိုးတွင် မိမိလိုရာ တမျိုးကိုသာ သုံးစွဲကြပါလေ။]

## ၂။ ဝိစယဟာရ

### (ကျက်မှတ်ရန်)

ပဒ ပုစ္ဆာ, ဝိသဇ္ဇာတည့်, ပုဗ္ဗာပရ, နုဂ်ီတနှင့်, အဿာဒါဒိ, စရှိခြောက်ခု,ထည့်မှုဆယ့်တပါး, အနက်များကို, ခွဲခြားစိစစ်,အကြောင်းဖြစ်၍, ခေါ်လှစ်ဝိစယ, ဤဟာရဝယ်, မူလ အပြား, ဆဲ့တပါးတွင်,...

(က) ဉုးဖျားပဒ–ဝိစယကား, သဒ္ဒပညတ်, ဖော်ထုတ်မှတ်၍, စစ်လတ်စိတ္တဇ, ပစ္စယနှင့်, ဗျာကတကြိယာ, ကာမာဒိက, မာဂဓ–အရိယာ, သဘာဝါဆန္ဒ, သက–မူလိ, အာဒိကပ္ပ, ဗြဟ္မ–သုတာ, ပရမာ- ပညတ္တိ, မြဲဘိနိစ္စာ, တဇ္ဇာသမူဟ, သန္တတနှင့်, သဒ္ဒနာမာ, ရုဠှာပသိဒ္ဓ, တဗ္ဗိရဟ အနိပ္ပန်, ရတန်သမျှ, ဇစပြီးမှလျှင်,...ပဒသို့ ရောက်, ထပ်လှော်သျှာချာ, ဒုတိယာကေ, စယ ဂုဏာ, နာမ်ရောက်ခါမူ, သဗ္ဗာပယောဂ, အနိယမာ, ဒဗ္ဗာဗုဒ္ဓ, နရဝရေ, ကေကွရ, ဗျဉ္ဇနအန္တာ, သရာမဓ္ဈ, စိစစ်ရသည်, ပဒဝိစယာဟာရတည်း။

### (ကြည့်ရှုရန် စကားပြေ)

ပဒ, ပုစ္ဆာ, ဝိသဇ္ဇန, ပုဗ္ဗာပရ,အနုဂီတိနှင့် အဿာဒ စသော ၆ပါး, ဤ တဆဲ့တပါးအနက်များကို အထူးအားဖြင့် ထုတ်ဆောင်ရွေးစစ်ခြင်း လက္ခဏာ ရှိသော ဟာရသည် "ဝိစိယန္တိ ဧတေန–ဧတ္ထဝါ ပဒ ပဉှာ ဒယော"ဟူသော ဝစနတ္ထကြောင့် ဝိစယဟာရ မည်၏။ [ဧတေန ဤ

ဟာရဖြင့်၊ ဝါ–တနည်း၊ တွေ့ ဤဟာရဖြင့်၊ ပဒပဥာဒယော–ပဒပုဏ္ဏာ စသော အနက်တို့ကို၊ ဝိစိယန္တိ–အထူးအားဖြင့် ရွေးစစ်အပ်ကုန်၏။)

**သဒ္ဒပညတ် ။ပေ။ ကာမာဒိက။** ။"ယံ လောကော ပူဇယတေ"၌ ယံသည် သပ္ပတိ (သောတဝိညာဏာရမဏဘာဝံ ဂစ္ဆာတိ) တိ သဒ္ဒေါ ဟူသော ဝစနတ္ထနှင့်အညီ သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရော်တတ် သောကြောင့် သဒ္ဒမည်၏ ထိုသဒ္ဒသည်လည်း စိတ္တဇ ဥတုဇ ၂ မျိုးတွင် ရှေးဦးစွာဖြစ်သော သဒ္ဒသည် စိတ္တဇ, ထိုစိတ္တဇ၌ ပါဝင်သော ဥတုမှ ဆက်လက်ပေါက်ဖွားသော သဒ္ဒသည် စိတ္တပစ္စယဥတုဇတည်း၊ ကုသလာ ကုသလ အဗျာကတ စိတ္တဇတွင် (ရဟန္တာအရှင်မဟာကစ္စာယန၏ အသံ ဖြစ်သောကြောင့် အဗျာကတ စိတ္တဇတည်း၊ ဝိပါက ကြိယာဗျာကတတွင် ကြိယာအဗျာကတစိတ္တဇတည်း၊ ကာမရူပ ရူပကြိယာ ဗျာကတတွင် ကာမကြိယာ အဗျာကတ စိတ္တဇတည်း၊ သဟိတ် အဟိတ်တွင်သဟိတ် ကြိယာ အဗျာကတ စိတ္တဇတည်း၊ သောမနဿ ဥပေက္ခာတွင် သောမ နဿ သဟဂုတ် စိတ္တဇ၊ သမ္ပယုတ် ဝိပ္ပယုတ်တွင် ဉာဏသမ္ပယုတ်စိတ္တဇ၊ အသင်္ခါရိက သသင်္ခါရိကတွင် အသင်္ခါရိကစိတ္တဇတည်း၊ ဤသို့စသည်ဖြင့် စိတ်နှင့်ဆိုင်ရာအားလုံးကို စိစစ်ရာ၏၊ ရဟန္တာ၏ စကား မဟုတ်ဘဲ ပုထုဇဉ်သေက္ခ၏ စကားဖြစ်မူ ကုသိုလ်စိတ္တဇဖြစ်ကြောင်းကိုလည်းသိပါ။

**မာဂဓ၊ပေ၊ပညတ္တိ။** ။ မာဂဓ သက္ကတ စသော သဒ္ဒါတို့တွင် ယံပုဒ်သည် မာဂဓသဒ္ဒ၊ အရိယ မိလက္ခုစသော ဘာသာတို့တွင် အရိယ ဘာသာ၊ သဘာဝနိရုတ္တိ အသဘာဝနိရုတ္တိတွင် သဘာဝနိရုတ္တိ,(သဘာဝ နိရုတ္တိ အကြောင်းကို နာမရူပသိဒ္ဓိ အစမှာ ရှု။) ဆန္ဒာဆန္ဒနိရုတ္တိတွင် (ရဟန္တာ၏စကားဖြစ်၍ တဏှာဆန္ဒမပါသော) အစ္ဆန္ဒနိရုတ္တိ၊ သကာ သကနိရုတ္တိတွင် သကနိရုတ္တိ၊ မူလာမူလ ဘာသာတွင် မူလဘာသာ၊ အာဒိကပ္ပိက အနာဒိကပ္ပိကတွင် အာဒိကပ္ပိက ဘာသာ၊ ဗြဟ္မဘာသာ အဗြဟ္မဘာသာတွင် ဗြဟ္မဘာသာ၊ (ပါဠိစကားကို ကမ္ဘာဦးက လူများနှင့် နတ် ဗြဟ္မာများ ပြောကြသတဲ့။) သုတာလာပ အသုတာလာပတွင် အသုတာလာပ၊ (နာမ်ရူပသိဒ္ဓိ အစမှာ ရှု။) ပရမတ္ထသဒ္ဒ ပညတ္တိ

သဒ္ဒတွင် ပဌမ ဒုတိယဝိထိ၏အာရုံဖြစ်သော သဒ္ဒသည် ပရမတ္ထ၊ တတိယ စတုတ္ထဝိထိ၏ အာရုံဖြစ်သော သဒ္ဒသည် ပညတ္တိသဒ္ဒ၊ [သဒ္ဒံ ပဌမ စိတ္တေန စသော ဝိထိဆိုင်ရာကို သတိပြု။]

**မြိဘိနိစ္စာ၊ပေ၊ စစ်ပြီးမှလျှင်။** ။နိစ္စသဒ္ဒါ အနိစ္စသဒ္ဒါတွင် ပရမတ္ထ သဒ္ဒသည် အနိစ္စ ပညတ္တိသဒ္ဒကား နိစ္စတည်း၊ တဇ္ဇာပညတ် ဥပါဒါပညတ်တွင် တဇ္ဇာပညတ်၊ သမူဟပညတ်၊ သန္တတိပညတ် ပဌမဒုတိယဝိထိ၏ အာရုံဖြစ်ခိုက် သဒ္ဒပညတ်၊ တတိယ စတုတ္ထဝိထိ၏ အာရုံဖြစ်ခိုက် နာမ ပညတ်၊ အန္တတ္တရှင်ို့တွင် ယံပုဒ်သည် ရှင်နာမ်၊ ပသိဒ္ဓ (အထင်ရှင်ဥပစာရ (ဥပမာတင်စားထားသော) ရှင်ို့တွင် ပသိဒ္ဓရှင်၊ ဝါကျအနက်သို့ အစဉ် လိုက်သော ဝါကျတ္တာနုလောမရှင် ထိုသို့ မလိုက်သော တဗ္ဗိရဟာရှင်ို့တွင် တဗ္ဗိရ ဟာရှင်၊ နိပ္ပန္န အနိပ္ပန္န ၂ မျိုးတွင် ဓာတ်ပစ္စည်းတို့ဖြင့် မပြီးစေအပ် သောကြောင့် အနိပ္ပန္နသဒ္ဒါတည်း။

**ပဒသို့ရောက်၊ပေ၊ဝယာဝုဏာ။** ။ထိုသဒ္ဒါသည် "ပစ္စတေဉာယတေ အတ္တော ဧတေနာတိ ပဒံ" နှင့် အညီ အနက်ကိုသိကြောင်း ဖြစ်သော ကြောင့် ပဒမည်၏၊ သျာဒျန္တပဒ တျာဒျန္တပဒ ၂ မျိုးတွင် ယံပုဒ်သည် သျာဒျန္တ၊ ပဌမန္တ ဒုတိယန္တပဒ စသော(ဝိဘတ်ခွဲ၍)၇မျိုးတွင် ဒုတိယန္တ ပဒ၊ ကမ္မတ္ထ ဒုတိယာစသော ဆယ်မျိုးတွင် ကမ္မတ္ထ ဒုတိယန္တ၊ဧကဝစနန္တ ဗဟုဝစနန္တ ၂ မျိုးတွင် ဧကဝစနန္တ၊ ဧယာသိတ အင်္ဂါသိတ၂မျိုးတွင် (လက်ခြေစသော အပေါင်းကိုမှီ၍ ဧကဝုစ် ဆုံးသောကြောင့်)ဧယာသိတ ဧကဝစနန္တ၊ ဒဗ္ဗ, ဂုဏ, ကြိယာ ၃မျိုးတွင် အနိယမသာမညသောဂုဏ်ကို မှီသောကြောင့် ဂုဏဧယာသိတ ပုဒ်တည်း။

**နာမ်ရောက်ဓါမူ ၊ပေ၊ သရာမဇ္ဈ ။** ။ထိုပြခဲ့သော ယံပုဒ်သည် နာမ် အာချာတ် နိပါတ် ဥပသာ ၄ ဖြာသောပုဒ်တို့တွင် နာမ်ပုဒ်တည်း၊ နာမနာမ် သဗ္ဗနာမ် စသည်တို့တွင် သဗ္ဗနာမ်တည်း၊ ပယောဂဝန္တ,ဝစန, ပုစ္ဆာ, ပမာဏိက စသော သဗ္ဗနာမ်တို့တွင် ပယောဂဝန္တ သဗ္ဗနာမ်၊ အနိယမဝါစက နိယမဝါစက ၂ မျိုးတွင် အနိယမဝါစက၊ ဒဗ္ဗ,ဂုဏ, ကြိယာ, နာမ, ဇာတိ, ပယောဂဝန္တတို့တွင် (ယံ နရဝရံ-ဟု ဒြဗ်ပဟော

ပုဒ်နှင့်ယှဉ်သောကြောင့်) ဒဗ္ဗ ပယောဂဝန္တ သဗ္ဗနာမ်၊ ဒြဗ်အများတွင် ဘုရားဒြဗ်ကို ဟောသောကြောင့် ဗုဒ္ဓဒဗ္ဗပယောဂဝန္တ သဗ္ဗနာမ်၊ကေကွရ နာမ် စသည်တို့တွင် (ယံ)ဟု တလုံးထည်းရှိသောကြောင့် ကေကွရနာမ်၊ သုဒ္ဓသရ ကေကွရ, သရန္တ ကေကွရ ဗျဉ္ဇနန္တ ကေကွရတို့တွင်(နိဂ္ဂဟိတ် ဆုံးသောကြောင့်) ဗျဉ္ဇနန္တ ကေကွရတည်း၊ သရာဒိ, သရမဇ္ဈ, သရန္တ တို့တွင် သရမဇ္ဈနာမ်ပုဒ်တည်း၊ ဤသို့ ရသမျှပုဒ်ကို စိစစ်ခြင်းသည် ပဒ ဝိစယာဟာရ မည်၏၊ လောကောပုဒ်, ပူဇယတေပုဒ်တို့ကိုလည်းရသင့် သလို နည်းမှီး၍ စိစစ်ပါလေ။

**လောကော**။ ။ပဒသို့ မရောက်ခင် စိစစ်ပုံမှာ ယံပုဒ်စစ်သည့် အတိုင်းတည်း ထို့နောက် လောကောသည် ပုဒ်မည်၏၊ ထိုပုဒ်သည် သျာဒျန္တ၊ ကေဝစနန္တ၊ ပဌမန္တ၊ လိင်္ဂတ္ထ ပဌမာ စသည်တို့တွင် လိင်္ဂတ္ထ ပဌမာ၊ သုဒ္ဓသံသဋ္ဌတွင် သံသဋ္ဌ လိင်္ဂတ္ထ၊ ကတ္တတ္ထ သံသဋ္ဌစသည်တို့တွင် ကတ္တတ္ထ သံသဋ္ဌ လိင်္ဂတ္ထ၊ ဧယာသိတ, ဓာတိဧယာသိတ၊ အနေကက္ခရပုဒ်၊ ဩ ဆုံးသောကြောင့် သရန္တ အနေကက္ခရပုဒ်၊ သလိင်္ဂ အလိင်္ဂ ၂ ပါးတွင် လိန်ကြောင့် ရုပ်အထူးရှိရကား သလိင်္ဂပုဒ်၊ ဣတ္ထိပုမနပုံသကတွင် ပုမလိင်္ဂ (ပုံလိင်္ဂ) ပုဒ်၊ နာမ် အာချာတ် စသည်တွင် နာမ်ပုဒ်၊ ကြိယာနာမ်စသည် တို့တွင် ဓာတိနာမ်၊ သာမည ဂုဏစသည်တွင် သာမညနာမ်၊ အာဝတ္တိက နာမ် စသည်တွင်ကုသိုလ် အကုသိုလ်ဝိပါက်ဟု တည်ရာအကြောင်းကို စွဲသောကြောင့် နေမိတ္တိကနာမ်၊ နာမနာမ်, သမာသ်နာမ် စသည်တွင် ပုံလိန်ဝိသေသနှင့်ယှဉ်၍ လောကဟူသော အနက် ဝိသေသကို ဟော သောကြောင့် နာမနာမ်, သုဒ္ဓနာမ်လည်း မည်၏၊ ရှဋ္ဌိ သုဒ္ဓနာမ်စသော ၄ ပါးတို့တွင် ကိတ် သုဒ္ဓနာမ်၊ ကိတကိစ္စကိတ် ၂မျိုးတွင် ကိတကိတ်၊ ကတ္တုသာဓန စသော သာဓန ၇ ပါးတွင် (လောကီယန္တိ ပါပပုညာနိ တဗ္ဗိပါကောစ ဧတ္ထ" ဟု ဝစနတ် ပြုရသောကြောင့်) အဓိကရဏသာဓန၊ သာမ္ဗဟိကနာမ်-စသော ၆ ပါးတွင် သတ္တာအပေါင်းကို . စွဲသောကြောင့် သာမ္ဗဟိကနာမ်၊ သမာသ် တဒ္ဓိတ် ကိတ် ၃ ပါးတွင် ကိတန္တိပ္ပန္န နာမ်၊

အနုဿတ္တနာမ်၊ (တနည်း) လောက ၃ မျိုးတွင် သတ္တလောက၌သာ ထင်သောကြောင့် အထင်ရှဥ်နာမ်၊ ဂိုဏ်း ၁၃ ပါးတွင် ပုရိသာဒိဂိုဏ်းတွင် ပါဝင်သောနာမ်၊ ဤသို့ စိစစ်ရာ၏၊ ထိုသို့ စိစစ်ရာ၌ ပုဒ်စစ်ကိုများစွာ သတိပြုရာ၏။

**ပူဇယာတေ**။ ။ပဒသို့မရောက်မီ ယံအတိုင်းစစ်၍ ထို့နောင် တျာဒျန္တပုဒ်, စယာသိတပုဒ်၊ ကြိယာစယာသိတ၊ အနေကက္ခရ၊ နာမ်အာချာတ် စသည်တွင် အာချာတ်ပုဒ်၊ ဝတ္တမာန် စသော ဝိဘတ်တို့တွင် ဝတ္တမာန၊ ပရဿပုဒ် အတ္တနောပုဒ်တွင် အတ္တနောပဒန္တ၊ နာမယောဂ စသည်တွင် နာမယောဂ၊ ပယုဇ္ဇမာန အပ္ပယုဇ္ဇမာနတွင် လောကောဟု ကတ္တားကို တိုက်ရိုက်ယှဉ်အပ်သောကြောင့် ပယုဇ္ဇမာန၊ ကေဝစနန္တ၊ ကတ္တုဝါစက၊ သဗ္ဗဓာတုက၊ သဝိကရဏ အဝိကရဏတွင် ဏာယပစ္စည်းရှိသောကြောင့် သဝိကရဏ၊ ဘူဝါဒိစသော ဂိုဏ်းတို့တွင် စုရာဒိဂိုဏ်းဝင်ပုဒ်၊ ကေဂဏိက စသည်တွင် စုရာဒိ ကေဂဏိက၊ [ဒိဝါဒိစုရာဒိ ဒွိဂဏိကဟု ဆိုမှားကြ၏။] သကာရိတ အကာရိတတွင် ကာရိတ် မှည့်ရသောကြောင့် သကာရိတ၊ ကေကာရိတ (ပရိယောသာ ဝါပေတိကဲ့သို့) အနေကကာရိတတွင် ကေကာရိတ၊ မုချ ရှုဋ်ကာရိတ် ၂ မျိုးတွင် ရှုဋ်ကာရိတ် (ကာရိတာတိဒေသလည်း ဟူရ)။ သဝုဒ္ဓိက အဝုဒ္ဓိကတွင် ဝုဒ္ဓိမပြုရသောကြောင့် အဝုဒ္ဓိက၊ ကေ – ဒွိ – တိကာလိကတို့တွင် ကေကာလိက ဝိဘတျန္တ၊ သာဂမာ–နာဂမဝိဘတျန္တတွင် (အ–ဣ မလာရသောကြောင့်) အနာဂမဝိဘတျန္တ၊ သပုဗ္ဗက အပုဗ္ဗကတွင် (အနု–ဘူ စသည်ကဲ့သို့ ဥပသာရ ရှေးမရှိသောကြောင့်) အပုဗ္ဗက၊ အနုပပဒ အနောပသဂ္ဂပုဒ်တည်း၊ ဤကို နည်းမှီ၍ ပဒဝိစယ၌ ရသင့်သမျှ စိစစ်ရာ၏၊ ဤတွင် ပဒဝိစယသာ ပြီးသေး၏၊ ပုစ္ဆာဝိစယသည်ကိုလည်း ဆက်၍ မှတ်သားရလိမ့်ဦးမည်။

-------

## (ကျက်မှတ်ရန်)

(ခ) ပုစ္ဆာဝိစယ, ဟူသော်ကလည်း, အဒိဋ္ဌနှင့်, ဒိဋ္ဌ–ဝိမတိ, အနုမတိ–ကထေ, ၅ ထွေ သင့်ရာ, ခွဲလိုက်ပါလော၊ နောက်မှာသတ္တ–ဓမ္မဒိဋ္ဌာ, ဧ–နေကာတည့်, သမ္မုတိ–ပရမတ်, နှာဂတ်–တိတ်–ပစ်, ခွဲလှစ်ဝိသယ၊ ကော်သ ဝိဘဇ္ဇာ, ပဋိပုစ္ဆာ ဌပနီ, ၄ လီ ခွဲဝေ၊ သာဝသေနာ ဝသ, သုတ္တရ နုတ္တရာ, လောကိယာ လောကုတ်, မယုတ်ရစေ, ပုရေ–ပစ္ဆာ, ယမိုက်လာရှု, အနုနှင့် အနုသန္ဓိ, စိစစ်ညှိသည်, မှတ်သိ ပုစ္ဆာဝိစယတည်း။

## (ကြည့်ရှုရန် စကားပြေ)

**အဒိဋ္ဌ၊ ပေ၊ ၅ ထွေသင့်ရာ။** ။[ထိုထိုကျမ်းဂန်စကားဟူသမျှသည် (ပုစ္ဆာဝါကျမှ တပါး) အဖြေဝိသဇ္ဇနစကားချည်းတည်း၊ ထို့ကြောင့် "ယံ လောကော ပူဇယတေ" ဝါကျကိုလည်း ဝိသဇ္ဇဝါကျဟု မှတ်၊ "အဖြေမြင်က, အတင်ထုတ်မြဲ, မလွဲတံထွာ, ဓမ္မတာတည်း" နှင့် အညီ ထို အဖြေကို မြင်သဖြင့် "ယံလောကော ပူဇယတေ" ဟူသောစကားကို အဘယ် အကျိုးငှါ "ဆိုအပ်ပါသနည်း" ဟု ပုစ္ဆာထုတ်နိုင်၏၊ ထိုပုစ္ဆာသည် မသိ မမြင်အပ်သည်ဖြစ်၍ မေးသူ့အတွက် အဒိဋ္ဌဇောတနာ ပုစ္ဆာလည်း ဖြစ်နိုင်၏၊ သိအပ်ပြီးသည်ကို နှီးနှောလို၍ မေးသူ့အတွက် ဒိဋ္ဌသံသန္ဒနာလည်း ဖြစ်နိုင်၏၊ ယုံမှားသံသယဖြစ်၍ မေးသူ့အတွက် ဝိမတိစ္ဆေဒနာလည်း ဖြစ်နိုင်၏၊ ကျမ်းဆရာ၏ အလိုဆန္ဒအတိုင်း မေးသူ့အတွက် အနုမတိပုစ္ဆာလည်း ဖြစ်နိုင်၏၊ ဖြေဆိုလို၍ ကျမ်းဆရာကိုယ်တိုင် မေးလျှင် ကထေတုကမျတာ ပုစ္ဆာလည်း ဖြစ်နိုင်၏။]

**နောက်မှာသတ္တ၊ ပေ၊ ခွဲလှစ်ဝိသယ။** ။သတ္တာဓိဋ္ဌာန (ပုဂ္ဂလာဓိဋ္ဌာန လည်းဟူ) ဓမ္မာဓိဋ္ဌာန ၂ ပါးတွင် "ယံ လောကော ပူဇယတေ" ဟူသော

ဝစီဘေဒနာမပညတ္တိ သဒ္ဒါဓမ္မလျှင် တည်ရာရှိသောကြောင့် ဓမ္မာဓိဋ္ဌာန ပုစ္ဆာတည်း၊ ကောဓိဋ္ဌန အနေကာဓိဋ္ဌာန ၂ ပါးတွင် တစုသောဝါကျလျှင် တည်ရာရှိသောကြောင့် ကောဓိဋ္ဌာန၊ တနည်း– ၃ ပုဒ်ဖြစ်၍ ပုဒ်အများ လျှင် တည်ရာရှိသောကြောင့် အနေကာဓိဋ္ဌာန တည်း၊ သမ္ပတိဝိသယ ပရမတ္ထဝိသယ ၂ ပါးတွင် သဒ္ဒပညတ်လျှင် တည်ရာ ရှိသောကြောင့် သမ္ပတိဝိသယ၊ တနည်း–ဝစီဘေဒသဒ္ဒရုပ်လျှင် တည်ရာရှိသောကြောင့် ပရမတ္ထဝိသယတည်း၊ အဘိတဝိသယစသော သုံးပါးတွင် ဆိုအပ်ပြီးကို မေးသောကြောင့် အတိတဝိသယ၊ တနည်း–ပ္ပဓယတော အရ ပစ္စုပ္ပန် ပူဇော်ခြင်းကို မေးသောကြောင့် ပစ္စုပ္ပန္နဝိသယတည်း။

**ဧကံသ၊ပေ၊စိစစ်ညှိသည်။** ။ ဧကံသဗျာကရဏီယ,ဝိဘဇ္ဇ,ပဋိပုစ္ဆာ, ဌပနီယ ဗျာကရဏီယ ၄ ပါးတွင် စင်စစ်ဖြေဆိုလိုက်သောကြောင့် ဧကံသ ဗျာကရဏီယ၊ သာဝသေသနိရဝသေသ ပုစ္ဆာတွင် တဝါကျကိုသာ မေး၍ အကြွင်း ရှိသေးသောကြောင့် သာဝသေတပုစ္ဆာ၊ တနည်း–တဝါကျ တည်းတွင် အကြွင်းမရှိ အားလုံးကိုမေးသောကြောင့် နိရဝသေသပုစ္ဆာ တည်း၊ သဉတ္တရ အနုတ္တရပုစ္ဆာတွင် မိမိထက်အမြတ်ရှိသေးသော လောကီ တရားကိုမေးသောကြောင့် သဉတ္တရပုစ္ဆာ၊ လောကိယ လောကုတ္တရတွင် လောကီ အကြောင်းအရာကို မေးသောကြောင့် လောကိယပုစ္ဆာ၊ ပုရေ ပဥှာစသော ယမိုက်လာ ၄ ပါးတွင် ရှေးဦးအစ အကြောင်းအရာကို မေးခြင်း တည်းဟူသော အမြွက်အားဖြင့် ပုရေပဥှာ၊ တနည်း–အပြည့် အစုံ မေးခြင်းတည်းဟူသော အမြွက်အားဖြင့် ပရိပုဏ္ဏပဥှာတည်း၊ အနု သန္ဓိ–အနနုသန္ဓိ ၂ ပါးတွင် (မူလမေးရင်းစကားနှင့် ဆက်စပ်၍ မေးသော အနုသန္ဓိပုစ္ဆာ မဟုတ်) ဆက်သွယ်ခြင်း မရှိသောကြောင့် အနနုသန္ဓိ ပုစ္ဆာတည်း။

## (ကျက်မှတ်ရန်)

(ဂ) ဝိသဇ္ဇနံ, ဝိစယမ္ဘု, ပဥ္စမသေ့, အားလုံးဖြေ၍, ပုရေပဥ္စာ, စသည့် အရာဝယ်, ယမိုက်လာရှု, ဖြေငါးခုဟော, နောက်ဝိရောစ, အဝိရနှင့်, အဘျူပဂမာ, ထည့်စစ်ရာ သည်, ကျမ်းလာအဆို အမိန့်တည်း။

## (ကြည့်ရှုရန် စကားပြေ)

ဝိသဇ္ဇနံ၊ ပေ၊ အဘျူပဂမာ။ ။ ပြခဲ့သောအမေးဋ္ဌရတနာ ၃ ပါးကို ပူဇော်ခြင်းအကျိုးငှါ "ယံ လောကော ပူဇယတေ" ဟူသော ဤစကားကို ဆိုအပ်၏ ဟု ဖြေရာ၏၊ ထို ဝိသဇ္ဇနသည် မသိ မမြင်အပ်သည်ကို မေး၍ ဖြေသောအရာဖြစ်လျှင် အဒိဋ္ဌဇောတနဝိသဇ္ဇနမည်၏၊ ဤသို့ စသည်ဖြင့် "အလွန်အကဲရှိသောအရာကို ဖြေသောကြောင့် သဥတ္တရဝိသဇ္ဇန မည်၏၊ လောကီတရားကို ဖြေသောကြောင့် လောကိယဝိသဇ္ဇနလည်း မည်၏" တိုင်အောင် စိစစ်ပါလေ၊ ထို့နောက် ယမိုက်အဖြေ ၅ ပါးတွင်ပြည့်စုံစွာ ဖြေခြင်းတည်းဟူသော အမြွက်အားဖြင့် ပရိပုဏ္ဏဝိသဇ္ဇန၊ ပုစ္ဆာအစဉ်နှင့် အလားတူ ဖြေခြင်းဟူသော အမြွက်အားဖြင့် ပါဠိဂတိဝိသဇ္ဇန၊ စကား တုံ့ပေး၍ ဖြေခြင်းဟူသော အမြွက်အားဖြင့် ပဋိဝစနဝိသဇ္ဇန၊ သရုပ်ကိုပြ၍ ဖြေခြင်းဟူသောအမြွက်အားဖြင့် သရူပဒဿနဝိသဇ္ဇနတည်း၊ [တိုက်ရိုက် မဖြစ်နိုင်, အရိပ်အမြွက်လောက်သာ (အနည်းငယ်သာ) ဖြစ်နိုင်သော ကြောင့် "အမြွက်" ဟု သုံးစွဲထားသည်။] ဝိရောစ အဝိရောစ အဘျူပဂမ ၃ ပါးတွင် မဆန့်ကျင်သောအားဖြင့် ဖြေသောကြောင့် အဝိရောဓ၊ ရှေးရှု၍ သိစေခြင်းငှါ ဖြေသောကြောင့် အဘျူပဂမဝိသဇ္ဇန မည်၏။ [အဘိ-ရှေ့ရှု+ဥပ=ကပ်၍+ဂမ=သိစေခြင်း။]

(ကျက်မှတ်ရန်)

(ယ) ပုဗ္ဗာပရ, ဝိစယဉာဏ, ရှေးကမေးဟန်, လျှောက်ကန် အောင်, နောင်ထံဖြေမှု, နှီးနှောပြုရ, နည်းတူဝသော်, ၎င်းမှကတ္တာ, နောက်ကြိယာဟု, စိစစ်ပြု၍, ထိုသည့် အခါ, ဝိတ္တာဘိဟိ, ကထိ-သယံ, သုဒ္ဓ-ပကတိ, တလိ ပဓာန, ကာရကကြိယာ, ဝတ္တာခနိပ္ဖ, သာဓန-ဂုဏ်, သတ္တိမန္တ, ဝစ္စတ္ထာဝိ, ဤပုဗ္ဗာပြဓမ္မက, ဗျာပါရနှင့်, ဝတ္ထုဟုဥ္ကကား ကြိယာမှု, လျော်ရာထုတ်နာမည်ပြ၍, ၎င်းမှ ကတ္တာ, နောက်ကြိယာဟု စိစစ်ပြုသည်, မှတ်ရ ပုဗ္ဗာပရတည်း။

(ကြည့်ရှုရန်စကားပြေ)

ရှေးက မေးဟန် ပေါ် နှီးနှောပြုရ "အဘယ်အကျိုးငှါ" ဟု သမ္ပဒါန်ဖြင့်မေးသည်ကို "ပူဇော်ခြင်းအကျိုးငှါ" ဟု သမ္ပဒါန်ဖြင့်ဖြေခြင်း သည်၎င်း "အဘယ်အကျိုး ရှိသောကြောင့်" ဟူ၍ ဟိတ်ဖြင့်မေးသည်ကို "ပူဇော်ခြင်းအကျိုး ရှိသောကြောင့်" ဟု ဟိတ်ဖြင့် ဖြေသောကြောင့် ရှေးပုစ္ဆာနှင့် နောက်ဝိသဇ္ဇနသည် နှီးနှောမိ၏။

ရှေ့မှကတ္တား ပေါ် စိစစ်ပြု၏။ လောကော ဟူသော ကတ္တုနိဒ္ဒေသသည် ရှေ့ပုဒ်၊ ပူဇယတေ ဟူသော ကြိယာနိဒ္ဒေသကား နောက်ပုဒ် တည်း။ ဝိတ္တ၊ အဘိဟိတ၊ ကထိတ၊ သယံကတ္တား၊ သုဒ္ဓ-ပကတိ ပဓာနကတ္တားသည် ရှေ့ပုဒ်၊ ပူဇယတေ ဟူသော ကတ္တိ (ကတ္တားရှိသော ကြိယာ) ကား နောက်ပုဒ်တည်း၊ လောကော ဟူသော ကာရကကြိယာဝတ္တု သည် ရှေ့ပုဒ်၊ ပူဇယတေကြိယာကား နောက်ပုဒ်တည်း၊ လောကောဟူသော ကြိယာ နိပ္ဖါဒက သာဓနသည် ရှေ့ပုဒ်၊ ပူဇယတေ ဟူသော နိပ္ဖါဒေတဗ္ဗ သာဓျကား နောက်ပုဒ်၊ လောကော ဟူသော ဂုဏသတ္တိမန္တသည် ရှေ့ပုဒ်၊

ပုဇယတော ဟူသော မြက်သစ်တို့သည် နောက်ပုဒ်တည်း၊ [တုလျှထဲ "လိဂ်တ်လည်း ခွဲရောက်၍ ပုဇယတောကို လိဂ်တွံ (လိဂ်တ္တံ) ဆိုလို့မှ ကောင်းလှ။] လောကော ဟူသော ဝစ္စဘာဝီသည် ရှေ့ပုဒ်၊ ပုဇယတောဟူသော ဝါစကဘာဝကား နောက်ပုဒ်တည်း၊ လောမကော ဟူသော "ဉာဏ်ပဟာဝိဒ်" "ဓေဋ္ဌကာဝိဒ် ဗျာဝါရဝဝိဒ်" သည် ရှေ့ပုဒ်၊ ပုဇယတော ဟူသော "ဉာဏ်ပဟာ-ဓေဋ္ဌက-ဗျာပါရ" ကား နောက်ပုဒ်တည်း၊ ပြဆိုခဲ့ပြီ "ဓေဋ္ဌကာ" ဟု တွေ့ရသော် လည်း "ဓေဋ္ဌကာ" ဟု ထင်သည်။ ဉာဏ်သို့ ပါဆိုကိုရှာ ၂ ပုဒ်၏ နောက်ကို စိစစ်ခြင်းသည် ပုဗ္ဗာပရဝိစယမည်၏။

(ကျက်မှတ်ရန်)

(င) "အနုရူပ်ဂိတိ, စိစစ်ညိုသော, စွဲလျက်သည့်သုတ်ပုဒ်, ဖွဲ့ရှာထုတ်၍, ထိုသုတ်လျှော်စွာ, ဆိုသည့်တာကြောင်း, အနုရူပါဂီတိ, နဂိုတို့တည်း၊ အပ်ပိတ္တဝါ, နက်လျှော်စွာကြောင်းနှင့်

အနုရူပါဂီတိ, နဂိုဩဝိပ္ပန်၊ တနည်းလျှင်ကား နံ့ စိတ်တွင် ပိုင်းခြား၍ ထောက်ပြဆိုကာ နည်းမှုဂီတိ, အမည်ပြုမှ ညီ၍ နဂိတိမှန်သမျှ သင်္ဂဟဟု ဆက်သွယ်မှုထုတ်, ဝုတ္တာဝုတ္တ, ဥဘယကို, အတွက်တွင်မှ, စိစစ်ပြုသည်, အနုဂီတ ဝိစယတည်း။

(ကြည့်ရှုရန် စကားပြေ)

ရှေ့ဆိုသည့် သုတ်ပုဒ် ဖွဲ့ရှာထုတ်၍ ကြား။ ယံ လောကေ ပုဇယတော်ကို စိစစ်လိုလျှင် ဉာဏ်ပါ ထားနှင့်လျော်သော အခြားသုတ် ပါဠိတော်တပုဒ်ပုဒ်ကို ရှာဖွေ၍ ရှေးအကျ ထုတ်ရသည်၊ လျော်သော သုတ်ပုဒ်ကား

"ပူဇာရဟော ပူဇယတော, ဗုဒ္ဓေဝါ ယဒိ သာဝကေ။
ပပဉ္စသမတိက္ကန္တေ, တိဏ္ဏသောက ပရိဒ္ဒဝေ" တည်း။

**ထိုသုတ်လျော်စွာ၊ ဿေ၊ နုဂီတိတည်း။** ။ ဤ "ယံ လောကော ပူဇယတေ" သည် ထိုသုတ်အားလျော်စွာ ဆိုအပ်သောကြောင့် "အနုရူပါ+ဂီတိ" ဟူသော ဝစနတ္ထ အရ "အနုဂီတိ" မည်၏၊[အနုရူပါ–ပူဇာရဟော ပူဇယတော စသော သုတ် (ပါဠိတော်) အားလျော်စွာ၊ ဂီတိ–ရွတ်ဆို အပ်သော ဂါထာတည်း။]

**အပိထဝါ၊ ဿေ၊ နုဂီတိပင်။** ။ တနည်းကား–လောကပါလနှင့် တကွသော လောကသည် အမှန်ပင် ဘုရားရှင်ကို ပူဇော်ကြ၏၊ ထိုသို့ အနက်မှန် အားလျော်စွာ ဆိုအပ်သောကြောင့်လည်း "အနုရူပါ+ဂီတိ" အရ အနုဂီတိ မည်၏။

**တနည်းလျှင်ကား၊ ဿေ၊ နုပစ္ဆာဂီတိတည်း။** ။တနည်းကား–"ယံ လောကော ပူဇယတေ" ကို မဆိုမီ ရှေးဦးစွာ စိတ်ဖြင့် ထိုစကားအစဉ်ကို စီစဉ် မှတ်သားရသေး၏၊ [မနသာဝဝတ္ထာပိတာ ပညတ္တိသဒ္ဒါအနိုက်ကို ဆိုလိုသည်။] ထိုသို့ စိတ်ဖြင့် မှတ်သားပြီးနောက်မှ ဆိုအပ်သောကြောင့် "အနုပစ္ဆာ+ဂီတိ" အရ အနုဂီတိ မည်၏။

**နုဂီတိမှန်သမျှ၊ ဿေ၊ စိစစ်ပြသည်။** ။ ထို အနုဂီတိ အမည်သည် သင်္ဂဟဂါထာ၏ အမည်တည်း၊ ထို သင်္ဂဟသည် ဆိုအပ်ပြီးသော အနက်ကို ရည်မှတ်၍ ဆိုသော ဝုတ္တတ္ထသင်္ဂဟ, မဆိုအပ်သေး (ဆိုလတံ့)ကို ရည်ရွယ်၍ဆိုသော အဝုတ္တတ္ထသင်္ဂဟ, ၂ ပါးစုံကို ရည်ရွယ်၍ ဆိုသော ဥဘယတ္ထသင်္ဂဟ ဟု ၃ ပါးရှိ၏၊ထိုတွင် ဤ "ယံလောကော ပူဇယတေ" သည် လောက၏ ပူဇော်ပြီး အနက်ကို ရည်ရွယ်၍ ဆိုအပ်သောကြောင့် ဝုတ္တတ္ထသင်္ဂဟတည်း၊ တနည်း–ပူဇော်ပြီးကိုရင်း နောင်အခါ ပူဇော်လတံ့ ကိုရင်း ရည်ရွယ်၍ဆိုအပ်သောကြောင့် ဥဘယတ္ထသင်္ဂဟတည်း၊ [ပူဇော်ပြီးသူတွေ ရှိနေရကား အဝုတ္တတ္ထသင်္ဂဟ (ဒီပနီဟောင်းမှာ ဆိုသော်လည်း) ရထိုက်မည်မထင်၊]ဤသို့ စိစစ်ခြင်းသည် အနုဂီတိ ဝိစယမည်၏။

## (ကျက်မှတ်ရန်)

(စ) သုခ–သောမနဿ, ဣဋ္ဌ–တဏှာ, ဝိပလ္လာသ, ၅ မျိုးရသည့်, အဿာဒ ခေါ်, ဝိစယသော် ကား–ရှုမျှော် ကျမ်းမှ, သုခ အပြား, စသည်များကို, မှတ်သားစိစစ်၊...

(ဆ) ပြစ် အာဒီနဝ, ဒုက္ခဝေဒနာ, ဒေါမနဿနှင့်,ဒုက္ခာ ဒုက္ခ, သင်္ခါရ–ဝိပရိ, ဏာမမိက–သင်္ခါရ ဒုက္ခာ, ခွဲစိတ် ဖြာလော။

(ဇ) နိဿရဏာမှ, အရိယာမဂ် နိဗ္ဗာန်, ၂ တန်ခွဲပြ, အရိယ ဝယ်, သဒ္ဓ ပညာ, ၂ ဖြာစုရ, သုညတာဒိ, စရှိခွဲ ပြန်၊ နိဗ္ဗာန် သ ဥ, အနုခွဲဝေ။

(ဈ) ဆိုကျိုး ဖွေသော်, မှတ်လေ မုချ, ပရမ္ပရ တည်း၊ သုတမယဉာဏ်, အတ္တံဓမ္မ–ကျိုးဝေဒကို, မုချဆိုဘိ၊ သမ္ပတ္တိဘဝ, ဘောဂ ၂ တန်, ပရမ္ပရ–ဖလ အကျိုး, စိစစ်ရီးသား။

(ည) ဥပါယာလည်း, ရိယာမဂ္ဂ, ပုဗ္ဗဘာဂါ, ပဋိပဒါနှင့်, ဘဝါဘောဂ, ရမည့်အကြောင်း, နှစ်ခုပေါင်းဘိ။

(ဋ) အာဏာတ္တိကား, လူ့နတ်ပြဟ္မာ, ဗုဒ္ဓါပစ္စေက, သာဝက အာဏတ်, တရုပ်သာဂါ, အနာဂါရ, ဒေဏဒါန်, သိလံ ရက္ခထ, စသည်အပြား, စိစစ်ထားသည်... မှတ်သား ဝိစယချည်းတည်း။

(ကြည့်ရှုရန် စကားပြေ)

(စ) သုခသောမနဿ၊ ဆေး မှတ်သားစိစစ်။ ။သုခသဟဂုတ် ကာယ
ဝိညာဏ်၌ ယှဉ်သော ကာယိကသုခ ခေါ် သုခဝေဒနာ, သောမနဿ
သဟဂုတ် ၆၂ ပါး၌ ယှဉ်သော စေတသိကသုခခေါ် သောမနဿဝေဒ
နာ, ဤနှစ်ရပ်တို့ ကား, ဝိပဿနာ, ဤ ငါးမျိုးသည် အဿာဒ အပြား
တည်း၊ "ယံ လောကေ" ၌ လောကီ အရ လောကီခန္ဓာ ၅ ပါး ရ၏၊ ထို၌
ကာယိကသုခ ပါဝင်၏၊ စိတ္တုပ္ပါဒ် အားဖြင့် ကုသိုလ်ဝိညာဏ်၊ စိတ္တုပ္ပါဒ်
၁ ပါးသာ၊ ဘုံအားဖြင့်လည်း ကာမာဝစရ ၁ သာ, အာရုံအားဖြင့်လည်း
ဖေါ်ဋ္ဌဗ္ဗာရုံ ၁ သာ အာရုံပြု၍ ၁ ပါးသာ၊ ကာယဝတ္ထု၌သာ မှီသောကြောင့်
ဝတ္ထုအားဖြင့်လည်း ၁ ပါးသာ၊ ကာယဒွါရ၌ဖြစ်၍ ဖုသနကိစ္စ ၁ သာ
ရှိသောကြောင့်၎င်း, ပဋိသန္ဓေကျူတိမှန်အနှင့် သမ္မုတိနှင်းတို့၏အကြားတွင်ဖြစ်နိုင်သော
ရှိသောကြောင့်၎င်း, အဗျာကတ ဇာတ်ဖြစ်၍ သုခိန္ဒြေ ၁ ပါးသာ
ရှိသောကြောင့်၎င်း ဒွါရ ကိစ္စ ဌာနဇာတ် ဣန္ဒြေအားဖြင့်လည်း ၁ ပါးစိ
သာတည်း။

ထို လောကီအရ၌ သောမနဿဝေဒနာလည်း ပါဝင်၏၊ ထို သော
မနဿကား စိတ္တုပ္ပါဒ်အားဖြင့် ၆၂ ပါးရှိ၏ဟု ဗုဒ္ဓဝံသဋ္ဌကထာ ဆို၏၊
သို့သော် လောကအရ၌ လောကီခန္ဓာသာ ရသောကြောင့် လောကီ
သောမနဿ သဟဂုတ် စိတ္တုပ္ပါဒ် ၃၀ ဟူသော ယူစေလိုး၏။ ဖြတ်အားဖြင့်
(လောကီ သောမနဿဖြစ်၍) ကာမ ရူပါဝစရ ၂ ပါးသာ၊ အာရုံ ဒွါရ
ကိစ္စ ဌာနအားဖြင့်လည်း သင့်သလိုကို သိတိပြု၍ စိစစ်ပါ၊ ဇာတ်အားဖြင့်
ကုသိုလ်အကုသိုလ် အဗျာကတဇာတ် ၃ မျိုး ပြား၏၊ ဣန္ဒြေအားဖြင့်
သောမနဿိန္ဒြေတပါးတည်း၊ ထို သုခ သောမနဿ ၂ မျိုးလုံးသည်ဝင်
ဂေဟာဿိတ (ကာမဂုဏ်တည်းဟူသော အိမ်၌မှီသော) သုခသောမနဿ,
နေက္ခမ္မဿိတ (ကာမမှ ထွက်မြောက်သော အလောဘ ဈာန် စသည်၌
မှီသော) သုခသောမနဿဟု ၂ ပါးစီ ပြား၏၊ ထို သုခ သောမနဿ
၂ ပါးစုံသည် ဝေဒနာက္ခန္ဓာ၌ ပါဝင်၏။

လောကုတ္တရာအရ လောကုတ္တရာနိဗ္ဗာန် ဓမ္မဟူသော တေဘူမက သင်္ခါရသည် (လောကုတ္တရာအရ မဖြစ်ရကား) ကုသိုလ်၊ ဖုဿ၊ ထိုကုသိုလ်သည် သဘာဝကုသိုလ် ပရိကပ္ပကုသိုလ်အားဖြင့် ၂ ပါးရှိ၏၊ ထိုလောကော အရပ်၌ ထိုကုသိုလ် ၂ ပါးလုံးပင် ရအပ်၏၊ ထိုကုသိုလ်သည် ခန္ဓာ ၅ ပါး၌ ပါဝင်၏။

လောကောအရ၌ တရားလည်းပါဝင်၏၊ ထိုတရားသည် (လောဘမူ) စိတ္တုပ္ပါဒ်အားဖြင့် ၈ ပါး၊ တဏှာ ၃ တန် အရင်းခံ အာ ကာ သန်နှင့် မြွက်လျှင် တရားရှစ်ပါး၊ ထိုတရားသည် သင်္ခါရက္ခန္ဓာ၌ ပါဝင်၏။

လောကော အရတွင် ဝိပ္ပလ္လာသလည်း ပါဝင်၏၊ ထိုဝိပ္ပလ္လာသသည် သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသ အားဖြင့် ၃ ပါးပြား၏၊ သညာ စိတ္တဝိပ္ပလ္လာသ ၂ ပါးသည်- ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ္တုပ္ပါဒ်အားဖြင့် ၆ ပါးစီပြား၏၊ ဒိဋ္ဌိဝိပ္ပလ္လာသကား ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်အားဖြင့် ၄ ပါး၊ (နတ္ထိ ကမ္မံ၊ နတ္ထိ ဖိုပါခိကေ့ - စသော အယူမှားကိုစွဲ၍) စသည်အားဖြင့် ၁၈ ဝါ၊ ၆၂ သဿတ ဥစ္ဆေဒဒိဋ္ဌိ အကျယ်အားဖြင့် ၆၂ ပါးပြား၏၊ ထိုဝိပ္ပလ္လာသသည် သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့၌ အကြင်သင့်သလို ပါဝင်၏ဟု ကျိုးကြောင်း အသွယ်သွယ် စီရင်ထားသည်။

(ဃ) အာဒီနဝသည် ဒုက္ခ၊ ဒေါမနဿ၊ ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခအားဖြင့် ၅ ပါးရှိ၏၊ ထိုတွင် ဒုက္ခဝေဒနာဟူသော ဒုက္ခသည် (အသာဒ၌ ဖြစ်သော သုခကဲ့သို့ ပြား၏) ဒေါမနဿသည် (ဒေါသမူ) စိတ္တုပ္ပါဒ်အားဖြင့် ၂ ပါး၊ အရာအားဖြင့် ၆ ပါး၊ ဘုံစသည်အားဖြင့် ၅ ပါးစီသာ၊ ထိုဒုက္ခ ဒေါမနဿ ၂ ပါးသည် (ဒုက္ခဆိုမှ ဒုက္ခအစစ်ဖြစ်သောကြောင့်) ဒုက္ခဒုက္ခမည်၏၊ လောကီ ... ပါးသည် ဖေါက်ပြန် ပျက်စီးတတ်သောကြောင့် ဝိပရိဏာမဒုက္ခမည်၏၊ ... ဝေဒနာနှင့်တကွ တေဘူမက

သင်္ခါရ အားလုံးသည် (သဗ္ဗေ သင်္ခါရာ ဒုက္ခာ–အရ) သင်္ခါရ ဒုက္ခမည်၏၊ ထိုဒုက္ခအားလုံးပင် ခန္ဓာ ၅ ပါး၌ ပါဝင်၍ လောကော အရတွင် ရအပ်၏၊ ဤကား အာဒိနဝဝိစယတည်း။

(ဓ) နိဿရဏသည် အရိယမဂ်နိဗ္ဗာန်အားဖြင့် ၂ ပါးပြား၏၊ထိုတွင် အရိယမဂ်သည် သင်္ခါရရ ပညာရုရ အားဖြင့် ၂ ပါးပြား၏၊ [သင်္ခါကို အရင်းခံပဓာနပြု၍ ရအပ်သော မဂ်, ပညာကို အရင်းခံ ပဓာနပြု၍ ရအပ်သောမဂ်။] သုညတမဂ်, အနိမိတ္တမဂ်, အပ္ပဏိဟိတမဂ် အားဖြင့် ၃ ပါးပြား၏၊ သောတာပတ္တိမဂ်စသော အားဖြင့် ၄ပါး, ဈာန်အပြားအားဖြင့် ၅ ပါး, သတိပဋ္ဌာန် စသော ဗောဓိပက္ခိယ တရားအားဖြင့် ၃၇ ပါး, ဆန္ဒ စိတ္တ စသော တရားကိုယ်အားဖြင့် ၁၄ ပါးပြား၏။

နိဗ္ဗာန်သည် သဉပါဒိသေသ အနုပါဒိသေသအားဖြင့် ၂ ပါး၊ သုညတစသောအားဖြင့် ၃ပါး၊ "ဒွါရ ၆ ဖုံ, အာရုံ ၆ တန်, ဝိညာဉ်ခြောဝ, ဖဿ ၆ ဖြာ, ဝေဒနာ ၆, သညာ ၆ နှင့်, ခြောက်ဝေဒနာ, ၆ တဏှာဆက်, ဝိတက်ဝိစာ, ခြောက်စီသာတည်း"အရ ဤ ၆ ဆယ်လီ၌ ချုပ်ငြိမ်းခြင်းအားဖြင့် ခြောက်ဆယ်၊ ဤသို့ စသည်ပြား၏၊ ဤ ၂ ပါးသော နိဿရဏကား လောကောအရတွင် မပါ၊ ပုဇယတေအရ၌သာ ရအပ်၏၊ ဤကား` နိဿရဏ ဝိစယတည်း။

(ချ) ဖလသည် မုချအကျိုး ပရမ္ပရအကျိုးအားဖြင့် ၂ ပါးရှိ၏၊ ထိုတွင် မုချဖလသည် သုတာမယဉာဏ် အင်္ဂလ္လဝေဒ မမ္မဝေဒတည်း၊ ပရမ္ပရဖလသည်ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိမှစ၍ များ၏၊ ထိုဖလကို ပူဇယတေပုဒ်၌ ရအပ်၏၊ ဤကား ဖလဝိစယတည်း။ [ပရမ္ပရဖလကို အခြားနေရာ၌ အနုသင်္ဂကဟုလည်း ခေါ်၏။

(ည) ဉပါယသည် အရိယမဂ်၏ အကြောင်းဖြစ်သော ပုဗ္ဗဘာဂ ပဋိပဒါ (ရှေ့အဘို့၌ဖြစ်သော သီလ သမာဓိ ဝိပဿနာ ပညာ)

ဘဝ သမ္ပတ္တိ ဘောဂသမ္ပတ္တိကို ရခြင်း၏အကြောင်းဖြစ်သော ဒါနသီလစသော အကျင့်အားဖြင့် ၂ မျိုးပြား၏၊ ထိုဥပါယကိုလည်း ပူဇယတေအရ၌ ရအပ်၏၊ ဤကား ဥပါယ ဝိစယတည်း။

(၄) အာဏတ္တိသည် လူ၏အာဏတ္တိ၊ နတ်၏အာဏတ္တိ၊ ဗြဟ္မာ၏ အာဏတ္တိအားဖြင့် ၃ ပါးရှိ၏၊ ထိုတွင် ဤ ယံ လောကော ပူဇယတေ၌ ပြအပ်သော အာဏတ္တိသည် လူ၏ (အရှင်မဟာ ကစ္စည်းထေရ်၏) အာဏတ္တိတည်း၊ လူတွင်လည်း ဗုဒ္ဓအာဏတ္တိ၊ ပစ္စေက အာဏတ္တိ၊ သာဝကအာဏတ္တိ ၃ ပါးတွင် သာဝက အာဏတ္တိတည်း၊ သာဝကတွင်လည်း သာဂါရ အနာဂါရ ၂ ပါးတွင် အနာဂါရအာဏတ္တိတည်း၊ [ဘိက္ခု ဘိက္ခုနီတွင် ဘိက္ခု၏၊ ပုထုဇ္ဇန သေက္ခ အသေက္ခတွင် အသေက္ခ၏၊ အဂ္ဂမဟာ ပကတိ သာဝကတွင် မဟာသာဝက၏၊ သေတဒဂ္ဂ-နေတဒဂ္ဂတွင် သ တေဒဂ္ဂ (ဧတဒဂ်ရသော) မဟာသာဝက၏၊ ဧကဋ္ဌာန အနေကဋ္ဌာန ဧတဒဂ္ဂတွင် (ရှင်အာနန္ဒာကဲ့သို့ ဧတဒဂ် ၅ မျိုးရ မဟုတ်၊ တဋ္ဌာနသာ ရသော) ဧကဋ္ဌာန သေတဒဂ္ဂ မဟာ သာဝက၏ အာဏတ္တိတည်း။]

ထိုအာဏတ္တိလည်း ကျင့်ဘို့ရန် စေခိုင်းခြင်း၊ ရှောင်ကြဉ်ဘို့ရာ စေခိုင်းခြင်း ၂ မျိုးတွင် ဤပူဇယတေ အရ၌ ကျင့်ဘို့ရန် စေခိုင်း ခြင်းတည်း၊ ထိုကျင့်ဘို့ရန် စေခိုင်းခြင်းလည်း "ဒါနံ ဒေသ, သီလံ ရက္ခထ, ဘာဝနံဘာဝေထ" စသော အားဖြင့် များသော အပြား ရှိ၏၊ ထိုအာဏတ္တိကို ဤပူဇယတေ အရ၌ ရအပ်၏၊ ဤကား အာဏတ္တိဝိစယတည်း၊ ဤသို့ ပဒ စသော ၁၁ပါးကို စိစစ်ခြင်းသည် ဝိစယဟာရ မည်၏။

## ၃။ ယုတ္တိဟာရ
## (ကျက်မှတ်ရန်)

(က) သဒ္ဒ အတ္ထာ ၂ ဖြာယုတ္တိ၊ ရှိ-မရှိကို၊ နှိုင်းညှိကြောင်းရာ၊ ယုတ္တိဟာရတည်း။

(ခ) ဗမာဖော်ထုတ်၊ လောကောပုဒ်ကို၊ စိတ္တဇဆိုဘိ၊ အရိယမာဂဇာ၊ သျှာဒျန္တ၊ စသည်ယူမှ၊ သဒ္ဒယုတ္တိ၊ ကောင်းစွာရှိ၏၊ ဥတုဇနှင့်၊ မိလက္ခ တျာဒျန္တ၊ ယူရန် မသင့်။

(ဂ) တဆင့်တက်၍ကာ၊ အနက်ရှာသော်၊ သတ္တာလောက၊ ယူကုန်ကြမှ အတ္ထယုတ္တိ၊ ရှိ၏မှတ်လော့၊ ဩကာသနှင့်သင်္ခါရပယူရန်၊ ကောန်မသင့်၊ သို့နှင့်တူစွာ၊ ယုတ္တိရှာသည်၊ မှတ်ပါ ယုတ္တိဟာရတည်း။

### (ကြည့်ရှုရန် စကားပြေ)

(က) ယုတ္တိ ဝိစာရဏာတိ နေတ္တိနာတိ (ယုတ္တိဝိစာရဏာ-ဟု ဆိုသင့်လျက် ဝိစာရဟူသော နောက်ပုဒ်ကို ချေ၍) ယုတ္တိ၊ ဧတေနာ-ဤဟာရဖြင့်၊ ယုတ္တိ သဒ္ဒါအနက် သင့်သောအရာကို၊ (ယုတ္တိဖြင့် အယုတ္တိ ပါယူ၍) ဝိစာရေတိ-စိစစ်ရ၏၊ ဣတိ-ထို့ကြောင့်၊ ယုတ္တိ-မည်၏၊ ထိုယုတ္တိသည်. သဒ္ဒယုတ္တိ (သဒ္ဒါအနေသင့်ခြင်း) အတ္ထယုတ္တိ (အနက်အရ သင့်ခြင်း) အားဖြင့် ၂-ပါး ပြား၏၊ ဤနေရာ၌ လောကောပုဒ်ကို ထုတ်ပြ စိစစ်ရာ၏။

(ခ) လောကောပုဒ်ကို စိတ္တဇသဒ္ဒါ၊ အရိယကမာဂမသဒ္ဒါ၊ သျှာဒျန္တ သဒ္ဒါဟု ယူသော် သင့်၏၊ ဥတုဇသဒ္ဒါ၊ မိလက္ခသဒ္ဒါ၊ တျာဒျန္တ

သဒ္ဒါပဟု ယူလျှင် မသင့်၊ သိဝိဘတ်ကို ပဌမာဝိဘတ် ကေဝုဒ် ဟု ယူသော သင့်၏၊ ဒုတိယာ စသည်နှင့် ဗဟုဝုစ် ဟု ယူလျှင် မသင့်၊ ဤသို့ စသည်ဖြင့် ပဒဝိစယဒ္ဓ ပြခဲ့သည့် အတိုင်း သဒ္ဒါ၏ သင့် မသင့်ကို စိစစ်ခြင်းသည် သဒ္ဒယုတ္တိဟာရ မည်၏။

လောက၏ အနက်ကို သတ္တလောကဟု ယူသော် သင့်၏၊ ဩကာသ လောက သင်္ခါရလောကဟု ယူသော် မသင့် လောကော အရ ပရမတ္ထအားဖြင့် ခန္ဓာ ၅ ပါးဟု ယူသော် သင့်၏ ဣတ္ထိ ဝုရိသ ဟု ယူလျှင် မသင့်၊ ပညတ်အားဖြင့်ကား ဣတ္ထိပုရိသဟု ယူသော် လည်း သင့်သေး၏၊ "ပူဇော်တတ်"ဟု ယူသော် သင့်၏၊ "ပူဇော်အပ်"ဟု ယူလျှင် မသင့်၊ ပဌမာဝိဘတ်၏ အနက်ကို လိင်္ဂတ္ထဟု ယူသော် သင့်၏၊ ဟေတွတ္တ စသည် ယူလျှင် မသင့်၊ သံသဋ္ဌလိင်္ဂတ္ထ (ကတ္တား အနက်နှင့် ရောသော လိင်္ဂတ္ထ)ဟု ယူသော် သင့်၏၊ သုဒ္ဓလိင်္ဂတ္ထဟု ယူလျှင် မသင့်၊ ဤသို့ စသည်ဖြင့် ကတ္တုသံသဋ္ဌ, အဘိဟိတ ကတ္တား, သုဒ္ဓကတ္တား ဟု ယူသော် သင့်၏၊ ကမ္မသံသဋ္ဌ စသည် ယူလျှင် မသင့်၊ ဤသို့ အနက်၏ သင့် မသင့်ကို စိစစ်ခြင်းသည် အတ္ထယုတ္တိဟာရ မည်၏။

ယပုဒ်ကို သျာဒျန္တ, ဒုတိယန္တ, ကေဝစန ဒုတိယန္တဟု ယူသော် သင့်၏၊ ဘျာဒျန္တ, ပဌမန္တစသည်ဟု ယူလျှင် မသင့်၊ အနိယမတ္ထ အသတ္တ ပဓာန (အနိယမဘောဂုဏ်ကို ပဓာန) ယူသော် သင်၏၊ (နိယမတ္ထ သတ္တ ဒြဗ်) ပဓာနယူလျှင် မသင့်၊ ဒုတိယာဝိဘတ်၏ အနက်ကို ကမ္မတ္ထ, အဝုတ္တ, အနဘိဟိတက, ပတ္တိကံ, ကာယစိတ္တံ သမ္ပတ္တိကံ, ဓာတ်ကံ, ဣစ္ဆိတကံဟု ယူသော်သင့်၏၊ တတွတ္တစသည်, ဝုတ္တကံစသည်ဟု ယူလျှင် မသင့်၊ ဤသို့ စသည်ဖြင့် နာမ်ပုဒ်တူသမျှ စိစစ်ရာ၏။

ပုဇယတေကို တျာဒျန္တ, စယာသိတ, ကြိယာ စယာသိတ, အနေ ကက္ခရပုဒ် ယူသော် သင့်၏၊ သျာဒျန္တ, အင်္ဂါသိတ, ဒဗ္ဗဂုဏ စယာသိတ, ကေကက္ခရပုဒ်ဟု ယူလျှင် မသင့်၊ ပုဇဓာတ်၏ အနက်ကို ကြိယတ္ထယူသော် သင့်၏၊ အခြားအနက်ယူသော် မသင့်၊ ပူဇနအနက်ယူသော် သင့်၏၊ အခြား

အနက်ယူလျှင် မသင့်၊ ဏာယပစ္စည်း၏ အနက်ကို=ရူပသိဒ္ဓိမတ္တ (ရုပ်ပြီးရုံမျှ) ယူသော် သင့်၏၊. ကာရိတ် (ဟိတ်) အနက်ယူလျှင် မသင့်၊ စုရာဒိဂဏိက ဓာတုက ယူသော် သင့်၏၊ အခြားဂဏိက ဓာတုက, ဝါစက ယူလျှင် မသင့်၊ တေဝိဘတ်၏ အနက်ကို ကြိယာပဓာနယူသော် သင့်၏၊ သတ္တပဓာန (ဒြဗ် ပဓာန ယူလျှင် မသင့်၊ ကတ္တုတ္တယူသော် သင့်၏၊ ကမ္မတ္တ ယူလျှင် မသင့်၊ ပုဗ္ဗဧယတော တပုဒ်လုံး၏ အနက်ကို အာမိသ ဓမ္မပူဇာ ယူလျှင် သင့်၏၊ အဂ္ဂိဟုတ္တ (မီးပူဇော်ခြင်း) စသည်ယူလျှင် မသင့်၊ ဤသို့ စသည်ဖြင့် ကြိယာပုဒ် ဟူသမျှကိုလည်း စိစစ်ရာ၏၊ ဤသို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိ ရှိ–မရှိကို စိစစ်ခြင်းသည် ယုတ္တိဟာရ မည်၏။

---

## ၄။ ပဒဋ္ဌာနဟာရ
## (ကျက်မှတ်ရန်)

(က) ထိုထို့ ထုတ်ပြ, ပုဒ်အရကို, ပဋ္ဌမသီးသီး, ရှာဖွေပြီးသော်,
အနီးကြောင်းခံ, ပဒဋ္ဌာန်တွက်, သက်ကာ သက်ကာ,
ဩရှုယှာရင်း, တကြောင်းတက်ကာ, အာရုယျာ တနည်း၊

(ခ) ပုံစံမိုးလျှင်, ပုဗ္ဗဧယတောပင်တည်း၊ ထိုတွင်အရ, အာမိသ
နှင့်, ဓမ္မပူဇာ, စေတနာဆို၊ ထို၏ကြောင်းခံ, ပဒဋ္ဌာန်
ဟော, ယောနိုသော တဲ့၊ ထပ်လောယင်း၏, ပဒဋ္ဌာန်ညှိက,
သဒ္ဓမ္မသဝနာ၊ တဖြာထို၏, သပ္ပုရိသူ၊ တမူထိုမှ,
ပဋိရူပတည်း၊ ထိုမှ တဘာန်, ပဒဋ္ဌာန်ရှာဖွေ, ပုဗ္ဗေကတ,
မြတ်ပုညှ ဟု, အောက်အောက်ရှုလျက်, သက်ကာ

သင်္ကာ ဩရယှာဖြင့်၊ ဖွေရှာချင့်လျက်၊ တက်၍
တဘန်၊ ကြောင်းကျိုးပြန်လေ။
ပုဗ္ဗကတ–ပုညအကြောင်း၊ ၎င်းကျိုးတွက် ပဋိရူပထွက်၏၊
ဆက်ကာဆက်ကာ၊ ပူဇာအကြောင်း၊ ၎င်း ကျိုးလျှောက်၊
ပါမောဇ်ပီတိ၊ စရိုမပျက်၊ ပစ္စဝေက်ဟု၊ ဆက်ဆက်အကျိုး၊
တမျိုးဆက်ပြန်၊ နိဗ္ဗာန်တိုင်ပြ၊ အာရုယျတည်း၊ တနည်း
ထုတ်ဘွေ၊ ဗျာတိရေက၊ နည်းအရဖြင့်၊ သက်ပြတက်ပြန်၊
ပဒဋ္ဌာန်သည်၊ မှတ်ရန် ဟာရတမျိုးတည်း။

## (ကြည့်ရှုရန် စကားပြေ)

ပဒဋ္ဌာနံ ဝိစာရေတိ ဟောနာတိ (ပဒဋ္ဌာန ဝိစာရော–ဟု ဖြစ်သင့်
လျက် နောက်ပုဒ်ချေ၍) ပဒဋ္ဌာနော၊ နီးစွာသော အကြောင်းကို
"ပဒဋ္ဌာန"ဟု ခေါ်၏၊ [ပဒသဒ္ဒါလည်း အကြောင်းအနက်ဟော၊
ဋ္ဌာနသဒ္ဒါလည်း အကြောင်းအနက် ဟောရကား အနက်တူသဒ္ဒါ ၂
ခု တွဲထားသောကြောင့် "အနီးဆုံး အကြောင်း" ရသည်၊ ထိုပဒဋ္ဌာန်ကို
စိစစ်ကြောင်းဟာရသည် ပဒဋ္ဌာနဟာရ မည်၏၊ ပုံစံကို ပူဇယတော
ထုတ်၍ စိစစ်ရာ၏။
ပူဇယတော အရ အာမိသကို ဖြစ်စေ ဓမ္မကို ဖြစ်စေ ပူဇော်သော
အခြင်းအရာအားဖြင့် ဖြစ်သော စေတနာရ၏၊ ထိုစေတနာ၏
အကြောင်းသည် "ယောနိသောမနသိကာရတည်း၊ [ယောနိသော
မနသိကာရဟူသည် အသင့်အားဖြင့် နှစ်လုံးသွင်းတတ်သော အာဝဇ္ဇန်း
တည်း၊ ထို အာဝဇ္ဇန်းနောက်၌ ဝီထိစဉ်အားဖြင့် ဇော စေတနာ
ဖြစ်သောကြောင့် ယောနိသောမနသိကာရကို စေတနာ၏ အနီးဆုံး
အကြောင်းဟု ဆိုရသည်။]

ထို ယောနိသောမနသိကာရ၏ ပဒဋ္ဌာန်ကား သဒ္ဓမ္မသဝနတည်း၊ "သူတော်ကောင်းတရားကို ကြားနာရခြင်းကြောင့်—အရာရာ၌ ယောနိသောမနသိကာရ (အတ္တသမ္မာပဏိဓိ=စိတ်ထားတတ်မှု) ရှိသည်" ဟူလို၊ ထို သဒ္ဓမ္မသဝန၏ ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယတည်း၊ "သူတော်ကောင်းကို မှီဝဲရခြင်းကြောင့် သဒ္ဓမ္မကို ကြားနာရသည်" ဟူလို၊ ထို သပ္ပုရိသူပနိဿယ၏ အကြောင်းကား ပတိရူပဒေသဝါသတည်း၊ "သူတော်ကောင်းတို့ နေရာဖြစ်၍ နေထိုင်ဖို့ရာ သင့်လျော်၍ ငြိမ်ချမ်းကပ်ပတ်သော အရပ်၌ နေရခြင်းကြောင့် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခွင့် ရသည်" ဟူလို၊ ထိုပတိရူပဒေသဝါသ၏ ပဒဋ္ဌာန်ကား ပုဗ္ဗေစကတပုညတာ တည်း၊ "ရှေးရှေးဘဝ၌ ကုသိုလ်ကောင်းမှုကို ပြုခဲ့ခြင်းကြောင့် ပတိရူပ ဒေသ၌ နေရသည်" ဟူလို၊ ဤကား ရှေးလွန်လေပြီးကို "အောက်" ဟု ယူ၍ ဩရုယှ (အောက်သို့သက်သော) အားဖြင့် ပဒဋ္ဌာန်ကို စိစစ်ခြင်းတည်း။

**တက်၍ တဘန် ကြောင်းကျိုးပြန်လေ။** ဤသို့ ပဒဋ္ဌာန်ကို ရှာဖွေပြီးနောက် အကြောင်းအကျိုးဆက်၍ အာရုယှနည်းအားဖြင့် တဘန်တက်ရ ဦးမည်၊ တက်ပုံကား—ပုဗ္ဗေစကတပုညတာသည် အကြောင်း၊ ပတိရူပဒေသ ဝါသသည် အကျိုး၊ ၎င်းသည် အကြောင်း၊ သဒ္ဓမ္မသဝနသည် အကျိုး၊ ၎င်းသည် အကြောင်း၊ ယောနိသောမနသိကာရ (အတ္တသမ္မာပဏိဓိ) သည် အကျိုး၊ ၎င်းသည် အကြောင်း၊ ပူဇနီယတေ့အရ ပူဇော်ခြင်းသည် အကျိုး။

**၎င်းကျိုးလျောက်၊ ပေ၊ အာရုယှတည်း။** ပူဇော်ခြင်းသည် အကြောင်း၊ (ပူဇော်ခြင်းကို အကြောင်းပြု၍ ဖြစ်သောအား ပါမောဇ္ဇ ရှိနေသော ပီတိ)သည် အကျိုး၊ ဤသို့လျှင် ဆက်ကာဆက်ကာ ကြံယဖို့ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်တို့သည် ဖြစ်ရန်အတွက် ရှေးရှေးတရားသည် အကြောင်း၊ နောက်နောက်တရားသည် အကျိုး(ဖြစ်၍) ပစ္စဝေက္ခဏာဉာဏ်သို့ အကြောင်း၊ အနုပါဒိသေသနိဗ္ဗာန်သည် အကျိုးတည်း၊ ဤကား ကြံဖွယ်မဟောတော့အတွက် ဩရုယှ နည်းအားဖြင့် ပဒဋ္ဌာန်တည်း။

ပူဇာတိရေကိုနည်း။ ။ နှစ်ပူဇော်မှုကို မပြုခြင်း၏ ပဒဋ္ဌာန်သည် အယောနိသောမနသိကာရ ရှုဖွင့်၏ ပဒဋ္ဌာန်သည် အသဒ္ဓမ္မသဝန၊ ဤသို့ စသည်ဖြင့် အသပ္ပုရိသူပနိဿယ, အပ္ပဋိရူပဒေသဝါသ, ပုဗ္ဗေအကတပုညတာ တည်း၊ ဤသို့ သြရယုနည်းဖြင့်ရင်း—ထိုအကတပုညတာသည် အကြောင်း, အပ္ပဋိရူပဒေသဝါသသည် အကျိုး၊ ဤသို့ စသည်ဖြင့် တဘန် ထုတ်၍ အယောနိသောမနသိကာရသည် အကြောင်း, ပူဇော်မှုကို မပြုခြင်းသည် အကျိုး၊ မပူဇော်ခြင်းသည် အကြောင်း, ကုသိုလ်တရား မပွားများခြင်းသည် အကျိုး၊ ရင်းသည် အကြောင်း, အလုံးစုံသော ကုသိုလ်တရား တိုးပွားခြင်းသည် အကျိုး၊ ရင်းသည် အကြောင်း, အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ခြင်းသည် အကျိုး၊ ဤသို့ ပစ္စယုဒ္ဓေတအရ ဖျတ်ရွေ့ (ပြောင်းပြန်) နည်းအားဖြင့်လည်း အကြောင်းပေါင်းကို ရှာဖွေခြင်းသည် ပဒဋ္ဌာနဟာရ ရှာနည်း။

ယုံ့ အရ ပဒဋ္ဌာနဆက်စပ်။ ။ ယုံ့အရ မြတ်စွာဘုရား၏ ပူဇာရှာ (ပူဇော်ထိုက်သောဂုဏ်) ရှိ၏၊ ထိုဂုဏ်ကား မဟာဗောဓိဗြာ ဆိုအပ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တည်း၊ ထိုတွင် အရဟတ္တမဂ်ဉာဏ်၏ ပဒဋ္ဌာန်ကား အောင်မင် အောက်မိုလ်ဉာဏ်တည်း၊ [အောင်မင် အောင်ဖိုလ်၏ ပဒဋ္ဌာန်ကို ဒွါဒသင်, ဧကေကတွင်, လက္ခဏ သုံးထွေ, ကုဋေသိန်းစီ, အညီရှထွေ, ကုဋေသုံးသိန်း, ၆ သိန်း အညီးရှိသော မဟာ ဝဇီရဉာဏ်တော် တည်း၊ ဟု ဒီပနီဟောင်း၌ဆို၏၊ ပဋ္ဌာန်သမုဒ္ဒါ၌ အဂါ တပါးလျှင် လက္ခဏာ ၃ ပါး တွင်၍ အကြိမ်ပေါင်း ကုဋေ တသိန်းစီ (ပေါင်း ၃ သိန်း) ရှိ၏၊ သို့ဖြစ်၍ အားလုံးပေါင်းလျှင် ကုဋေ ၃ သန်း ၆ သိန်းရှိသော ဉာဏ်ကို မဟာဝဇီရဉာဏ်ဟု ဆိုလိုသည်။]

ထို၏ ပဒဋ္ဌာန်ကား "ဂမ္ဘီရ ဉာဏစရိတ်မှုအဓိဋ္ဌာန် အဝိဇ္ဇာသိသည်တု) ဥမ်သုသည့်တု နိဗ္ဗာန်သို့မှုအရှိရ မံသဉ္ဇာဟိတ"ဟု မဟာဗောဓိ ဖြစ်စေ ကောင်းသော ဝီရိယတည်း၊ ထို၏ ပဒဋ္ဌာန်ကား မဟာဗောဓိမဏ္ဍိုင်တည်း၊

ထို၏ ပဋ္ဌာန်ကား ပါရမီစာဂစရိယတည်း၊ ထို၏ ပဒဋ္ဌာန်ကား မဟာကရုဏာတော်တည်း၊ ထို၏ ပဒဋ္ဌာန်ကား ဝေနေယျာသတ္တာ အပေါင်းတည်း၊ ဤကား ဩရုယှတည်း။

ထိုတွင် ဝေနေယျသတ္တာအပေါင်းသည် အကြောင်း, မဟာကရုဏာသည် အကျိုး, စသည်ဖြင့် တက်၍, အရဟတ္တမဂ်သည် အကြောင်း, အရဟတ္တဖိုလ်သည် အကျိုး၊ ထိုသည်အကြောင်း, ပစ္စဝေက္ခဏာဉာဏ်သည် အကျိုး၊ ထိုသည် အကြောင်း, သဗ္ဗညုတဉာဏ်သည် အကျိုး၊ ထိုသည် အကြောင်း, အလုံးစုံသော ဘုရားဂုဏ်တော်သည် အကျိုး, ထိုသည် အကြောင်း, ဒေသနာဉာဏ်တော်သည် အကျိုး၊ ထိုသည် အကြောင်း, ဝေနေယျတို့ ရအပ်သော ဟိတသုခသည် အကျိုး၊ ဤကား အာရုယှ(တက်) နည်းတည်း။ [သဗ္ဗညုတဉာဏ်၏ ပဒဋ္ဌာန်ကား ပစ္စဝေက္ခဏာ ဉာဏ်တည်း" စသည်ဖြင့် ယံ အရ သဗ္ဗညုတဉာဏ်ကို ကောက်၍လည်း အရဟတ္တဖိုလ်, အရဟတ္တမဂ်, အောက်မဂ်, အောက်ဖိုလ် စသည် ပြ၍ ဩရုယှာရုယှနည်း ဖြင့်လည်း စိစစ်ပါလေ။]

**လောကောအရ ပဒဋ္ဌာန်ဆက်ပုံ။** ။ လောကောအရ (သတ္တလောကဟူသော) ခန္ဓာ ၅ ပါးရ၏၊ ပဒဋ္ဌာန်ကား အဝိဇ္ဇာတဏှာ ဥပါဒါန်ကံ အာဟာရတည်း၊ ထိုတွင် အဝိဇ္ဇာ၏ ပဒဋ္ဌာန်ကား အာသဝတည်း၊ [အာသဝါနံ သမုပ္ပါဒါအဝိဇ္ဇာစ ပဝတ္တတိ] တဏှာ၏ ပဒဋ္ဌာန်ကား ဝေဒနာ၊ ဥပါဒါန်၏ ပဒဋ္ဌာန်ကား တဏှာ၊ ကံ၏ ပဒဋ္ဌာန်ကား ဥပါဒါန်၊ ကဗဠီကာရာဟာရ၏ ပဒဋ္ဌာန်ကား ခဲဘွယ်သောစဉ်ဟူသော ဗဟိဒ္ဓအဋ္ဌ ကလာပ်ရုပ်နှင့် အဇ္ဈတ္တစတုသမုဋ္ဌာနိက ရုပ်ကလာပ်တည်း၊ ဤသို့ စသည်ဖြင့် ဩရုယှ (သက်) နည်း၊ ထိုရုပ်ကလာပ်သည် အကြောင်း, အာဟာရသည် အကျိုး, စသည်ဖြင့် အာရုယှ (တက်) နည်းအရ ပဋိစ္စသမုပ္ပါဒ်ပြ၍ ပဒဋ္ဌာန် ဆက်ပါလေ၊ ဤကား ပဒဋ္ဌာနဟာရတည်း။

## ၅။ လက္ခဏာဟာရ
## (ကျက် မှတ် ရန်)

(က) တိုက်ရိုက်ထုတ်ပြ၊ ပုဒ်ဓမ္မနှင့်၊ လက္ခဏာတူလစ်၊ တကွ ဖြစ်သား၊ စင်စစ်ကိစ္စ၊ ဟေတု–ဖလ–အာရုံ၊ ဓာတ်ဂုဏ် စသည်၊ တူညီတုံလတ်၊ မဟောအပ်လည်း၊ မှတ်၍ ယူရာ၊ လက္ခဏာဟာတည်း။

(ခ) ပမာသဘော၊ ပုံစံဟောမူ၊ ယံ လောကောမှ၊ ယံ အရ ဝယ်၊ အရဟတ္တမဂ်ဉာဏ်၊ သမ္မာဒိဋ္ဌိ၊ ယူတုံဘိသော်၊ ထို၏ တူမျှ၊ နိယျာနလက္ခဏာ၊ မဂ် ဖြ ဖြာကို၊ ကောက်ကာ ယူရ။

(ဂ) တကွဖြစ်လျှင်း၊ ပယ်ခြင်းကိစ္စ၊ တူမျှသည့်တွက်၊ မဂ်စိတ္တု ပ္ပါဒ်၊ ယူအပ်စကောင်း။

(ဃ) တကြောင်းမဂ္ဂ၊ ပစ္စယနှင့်၊ သမ္ပါပက ဟိတ်တူ၊ ယူလေ မဂ္ဂင်၊ ထို့ပြင် အလောဘ၊ အဒေါသတူ၊ ဟိတ်လည်း တူလတ်၊ စိတ္တုပ္ပါဒ်တည်း။

(င) တရပ်မှတ်ကြ၊ အရဟတ္တဖိုလ် ကျိုး၊ တူကြရိုးဆုံ၊ အာရုံ နိဗ္ဗာန်၊ တူရိုးမှန်တွက်၊ မဂ်စိတ္တုပ္ပါဒ်၊ ယူအပ်တမူ။

(စ) မဂ်ဓာတ်တူငြား၊ ခြောက်ပါးမဂ္ဂင်၊ ယူလျှင်တခို…၊ ကုသိုလ်ဓာတ်တူ၊ စိတ္တုပ်မူကား၊ လောကုတ္တရာ ဓာတ်ချင်း၊ တူရာသွင်းက၊ နဝလောကုတ်၊ သိမ်းသွင်း ထုပ်လော။

(ဆ) ဂုဏ်ပုဒ်တွဘိ, သံမာဓိ သီလ…, ပဇာနနကြိယာ, အတ္တရှာမှု, ဒ်သဗလာ, ဝေသာရဇ္ဇ, ဉာဏ်စုံရ၍, … ဓမ္မဒြဗ်, အတ္တမှတ်သော်, ပရမတ်အားလုံး, အကုန်ကြိုးပြီ, …နာမည်တွရာ, ယူသောခါဝယ်, ခြောက်ဖြာ မဂ္ဂင်, ယှဉ်လေရ, ဤနည်းချ၍, သေသမ္မော, ယူကြရာသည်, မှတ်ပါလက္ခဏာဟာရတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) သုတ်၌ တိုက်ရိုက် ထုတ်ပြထားသော ပုဒ်ကို အရကောက်၍ ထိုတရားနှင့် လက္ခဏာ, သဟာစာရီ, ကိစ္စ, ဟေတု, ဖလ, အာရုံ, ဓာတ်, ဂုဏ်, ကြိယာ, ဒြဗ်, နာမည်အားဖြင့် တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်သားကြောင်း (မှတ်သား၍ ယူကြောင်း) ဖြစ်သော ဟာရသည် "လက္ခိယန္တိ အဝုတ္တာပိဓမ္မာ ဧတေန ဧတ္တဝါတိ လက္ခဏော" ဟူသော ဝစနတ္ထနှင့်အညီ လက္ခဏာဟာရမည်၏၊ [ဧတေန–ဤဟာရဖြင့်၊ ဝါ–တနည်း၊ ဧတ္တ ဤဟာရ၌၊ အဝုတ္တာပိ ဓမ္မာ–တိုက်ရိုက် မဟောအပ်သော တရား တို့ကိုလည်း၊ လက္ခီ ယန္တိ–မှတ်သားအပ်ကုန်၏၊ ဥပလက္ခဏာနည်း ကဲ့သို့ တိုက်ရိုက် မဟောအပ်သော်လည်း ဤဟာရ အရ ယူနိုင်သည်–ဟူလို။]

(ခ) ယံလောကော၌ ယံအရ (အခြားပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ်ထက် ထူးကဲသာလွန်သော) ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ရ၏၊ [သဗ္ဗညုတဉာဏ်ကိုလည်း ရ၏၊ သို့သော် အရဟတ္တမဂ်ဉာဏ်ကို သာ ကောက်ယူသည်၊ ] ထိုအရဟတ္တ မဂ်ဉာဏ်ဟူသည် သမ္မာဒိဋ္ဌိ မဂ္ဂင် ဖြစ်ရကား (မဂ္ဂင် မှန်သမျှလည်း ဝဋ်မှ ထွက်မြောက် ကြောင်း နိယျာန လက္ခဏာ ရှိကြသောကြောင့်) ထို သမ္မာဒိဋ္ဌိ

မဂ္ဂင်နှင့် နိယျာနလက္ခဏာချင်း တူသော မဂ္ဂင် ၆ ပါးကိုလည်း ယံ အရ ယူနိုင်ပြန်သည်၊ ဤကား လက္ခဏာ တူသောကြောင့် ယူရပုံတည်း။ [သမ္မာဒိဋ္ဌိမှတပါး မဂ္ဂင် ၇ ပါး ကျန်သော်လည်း ဘုရားရှင်၏ အရဟတ္တမဂ်သည် အာနပါဏ စတုတ္ထဈာန်ကို အခြေခံပါဒကပြု၍ တက်လာသောကြောင့် ထိုပါဒက ဈာန်နှင့် တူသော မဂ်သာ ဖြစ်ထိုက်ရကား တိုအရဟတ္တမဂ်၌ သမ္မာသင်္ကပ္ပ မပါသော မဂ္ဂင် ၇ပါးသာရှိ၏–ဟု ယူဆကြသည်။]

(ဂ) ထိုသမ္မာဒိဋ္ဌိနှင့် အတူတကွ ဖြစ်လေ့ရှိသောကြောင့်၎င်း၊ သမုဒယ သစ္စာကို ပယ်ခြင်းကိစ္စအားဖြင့် တူသောကြောင့်၎င်း၊ မဂ် စိတ္တုပ္ပါဒ်ကိုလည်း ယူနိုင်ပြန်၏၊ ဤကား သဟစာရီ သမာန ကိစ္စအားဖြင့် ယူရပုံတည်း။

(ဃ) ထိုသမ္မာဒိဋ္ဌိနှင့် မဂ္ဂပစ္စည်းတည်းဟူသော ဟိတ်, နိဗ္ဗာန်သို့ရောက် စေတတ်သော သမ္ပါပကဟိတ်အားဖြင့် တူသော ကျန် မဂ္ဂင် ၆ ပါးကိုလည်း ယံအရ ယူနိုင်ပြန်၏၊ ထို့ပြင်–အလောဘ အဒေါ သ ဟိတ် ၂ ပါးရှိချင်း တူသော မဂ်စိတ္တုပ္ပါဒ်ကိုလည်း ယူနိုင် ပြန်၏၊ ဤကား သမာနဟေတု အရ ယူပုံတည်း။

(င) ထိုသမ္မာဒိဋ္ဌိနှင့် အရဟတ္တဖိုလ်တည်း ဟူသော တူသော အကျိုး ရှိသောကြောင့်၎င်း၊ နိဗ္ဗာန်တည်း ဟူသော တူသော အာရုံ ရှိသောကြောင့်၎င်း၊ အရဟတ္တ မဂ်စိတ္တုပ္ပါဒ်ကိုလည်း ယူနိုင်ပြန်၏၊ ဤကား ဖလ–အာရုံ တူသောကြောင့် ယူရပုံတည်း။

(စ) ထိုသမ္မာဒိဋ္ဌိနှင့် မဂ်ဇာတ်ချင်း တူသောကြောင့် မဂ္ဂင် ၆ ပါးကို၎င်း၊ ကုသိုလ်ဇာတ်ချင်း တူသောကြောင့် မဂ်စိတ္တုပ္ပါဒ်ကို၎င်း၊ လောကုတ္တရာ ဇာတ်ချင်း တူသောကြောင့် လောကုတ္တရာ ၉ ပါး လုံးကို၎င်း ယူနိုင်၏၊ ဤကား ဇာတ်တူအားဖြင့် ယူရပုံတည်း။

(ဆ) [သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်သည် ဘုရားရှင်၏ ထူးခြားသော သုတပါးနှင့် မထူးသော ဂုဏ်တည်း။] သမ္မာဒိဋ္ဌိသည် ပညာဂုဏ်ဖြစ်ရကား ထိုပညာဂုဏ်အားဖြင့် အထူးချင်း တူသော သီလ သမာဓိကိုလည်း ယူနိုင်၏၊ သမ္မာဒိဋ္ဌိသည် ပဇာနနကြိယာ ဖြစ်ရကား ထို သိခြင်း ကြိယာအားဖြင့် တူသော ဒဿနလဉာဏ် စတုဝေသာရဇ္ဇဉာဏ်စသော ဉာဏ်တော်များကိုလည်း ယူနိုင်ပြန်၏၊ ထို သမ္မာဒိဋ္ဌိနှင့် ပရမတ္ထချင်းတူသောကြောင့် အားလုံးသော ပရမတ္ထတရား အစိတ်အစိတ်ကိုလည်း ယူနိုင်ပြန်၏၊ မဂ္ဂ ဟူသော နာမည်အားဖြင့် တူသောကြောင့် မဂ္ဂင် ၆ ပါးကိုလည်း ယူနိုင်ပြန်၏၊ ဤကား ဂုဏ်ကြိယာ ဒြဗ် နာမ်အားဖြင့် တူသောကြောင့် ယူရပုံတည်း၊ ဤသို့ တိုက်ရိုက်ရသော တရားနှင့်လက္ခဏာစသည် တူသမျှကို ယူနိုင်ခြင်းသည် လက္ခဏာဟာရမည်၏။

**လောကောအရယူပုံ** ။ ။ လောကော အရ ပွဲဇော်တတ်သော သတ္တလောကကို တိုက်ရိုက်ရသောကြောင့် ထိုနှင့် လုစ္ဆန ပလုစ္ဆန လက္ခဏာချင်း တူသောကြောင့် မပွဲဇော်တတ်သော သတ္တလောကကိုငှင်း, ပွဲဇော်သော အခြင်းအရာ အားဖြင့် ဖြစ်သော (ရုပ်နာမ်) သင်္ခါရလောကကိုငှင်း, ဘုရားဖြစ်ရာ ကာလ စသည်တို့၌ ပွဲဇော်သော အနေအားဖြင့် တုန်လှုပ်တတ်သော ဩကာသလောကကိုငှင်း ယူအပ်၏။

**စဉ်းစားဘွယ်။** ။ ဒီပနီဟောင်း၌ကား "လောကောအရ ခန္ဓာ ၅ ပါးကို ယူသောကြောင့် ထိုနှင့် အနိစ္စ စသော လက္ခဏာချင်း, တတွ ဖြစ်လေ့ရှိသော သဟာဇာရီချင်း, မိမိတို့ ကိစ္စကို ပြီးစေမှုကိစ္စချင်း, အဝိဇ္ဇာ စသော အကြောင်း ဟေတုပစ္စည်းစသော အကြောင်းချင်း, အာရမဏ (ရုပ်ဖြစ်လျှင် အနာရမဏ) ချင်း, ရုပ္ပန နမနဓာတ်ချင်း, ဟိန ပဏီတ စသော ဂုဏ်ချင်း, အမူအရာ ကြိယာချင်း, ပရမတ္ထဒြဗ်ချင်း, ပရမတ္ထဓမ္မ

သင်္ခတ ဟူသော အမည်ချင်း တူသောကြောင့် အာယတန ဓာတ် သစ္စာ ဣန္ဒြေ တို့ကိုလည်း ယူအပ်ကုန်၏” ဟု ဆိုသေး၏။

“တိုက်ရိုက်ပြအပ်သော တရားနှင့် တူသော တရား” ဟူရာ၌ တိုက်ရိုက်ပြအပ်သော တရားက တမျိုး, တူသော တရားက တမျိုးဟု ၂ မျိုး ကွဲပြားစမြဲဖြစ်၏၊ ဥပမာ–လောကောအရ တိုက်ရိုက်ပြအပ်သော သတ္တလောက က တမျိုး, တူ၍ ယူရသော သင်္ခါရလောက ဩကာသလောက တို့က တမျိုးဟု ၂ မျိုး ပြားသကဲ့သို့တည်း၊ ထို့ကြောင့် အရ မပြားဘဲ နာမည်မျှသာ ပြားသော ထိုအာယတနစသည် ယူပုံကို စဉ်းစားကြပါလေ။

ပုဇယတော အရယူပုံ။ ။ ပူဇယတောအရ ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော စေတနာကို တိုက်ရိုက်ရသောကြောင့် ထိုစေတနာနှင့် ပူဇနိယ ပုဂ္ဂိုလ်သို့ ညွတ်ခြင်း လက္ခဏာ, မစ္ဆေရကို ပယ်ခြင်း ကိစ္စ, ယောနိ သော မနသိကာရဟူသော အကြောင်း, ဘဝသမ္ပတ္တိစသော အကျိုးအားဖြင့် တူသော ထိုစေတနာနှင့်တကွ ဖြစ်ဘက်စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။

တနည်း– ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ကာယ ဝိညတ် ဝစီဝိညတ်ကို တိုက်ရိုက်ရသောကြောင့် ထိုဝိညတ်နှင့် ရုပ္ပနလက္ခဏာ ချင်းတူသော ကြွင်းရူပက္ခန္ဓာကို ယူအပ်၏။ တနည်း ပူဇယတောသဒ္ဒါနှင့် ပူဇော်ခြင်း အနက်ကို ဟောသော ကိစ္စချင်းတူသော ဝန္ဒတော, မာနယတော, သက္ကရောတော စသော ပရိယာယ် သဒ္ဒါတို့ကိုလည်း ယူအပ်၏၊ ဤကား လက္ခဏာဟာရတည်း။

------

## ၆။ စတုဗျူဟဟာရ
## (ကျက် မှတ် ရန်)

(က) နိရုတ်–ဓိပ္ပါ, နိဒါ–နုသန်, လေးတန်စုပေါင်း, ဝေဘန်ကြောင်းကို, စတုဗျူဟာ ဆို၏။

(ခ) ဝိဂြိုဟ်ပြုလျှောက်, အရကောက်ကာ, ဝါကျာဝတ္ထိကန္တ, ပုဒ်ကိုပြုလျက်, ဝိဘတ်နက်လည်း, ဖော်ပြပြီးလတ်, သကတ်စသား, နက်ငါးပါးကို, ခွဲခြားဝေမှု, နိရုတ္တိဟူ၏။

(ဂ) ဟောသူ ဒေသက,ပုဂ္ဂလ၏, ဆန္ဒအလို, ဓိပ္ပါယဆိုလော။

(ဃ) ထိုထို ဒေသနာ, နိဒါန်းမှာကား, နှစ်ဖြာ အဇ္ဈ, ဗာဟိယတည်း၊ အဇ္ဈတ္တလည်း, ကရဏာဉာဏ်, နှစ်တန်ခွဲဝေ, ဗာဟိယေမှာ, ဒေသကနှင့်, ပဋိဂ္ဂါဟက တခြားလေးမျိုးပြား၏။

(င) နုသန္ဓိကား, အတ္ထ–ဗျဉ္ဇနာ, ဒေသနာ–နိဒ္ဒေသ, ပြားထမပျက်, လေးမျိုးထွက်၏။

၁။ အနက်ချင်းကပ်, ပညတ်တနည်း, ပဌာန်းပစ္စည်း တဖုံ, စပ်ပြတုံက, အတ္ထသန္ဓိ ခေါ်ဘိတခင်း။

၂။ သဒ္ဒါချင်းကပ်, စာစပ်သလို, စပ်နည်းဆိုက, ဗျဉ္ဇနသန္ဓိ။

၃။ ရှိသည့်ဒေသနာ, ရှေ့လာပုဒ်ပါဌ်, နောက်ပုဒ်ကပ်၍, 'စာစပ်နည်းပင်, ဒေသနာသန္ဓိတွင်၏၊–ထိုပြင်တခြာ, ဒေသနာများနှင့်, အသွားလျော်အောင်, ထုတ်ဆောင်စပ်ညှိ, ဤသန္ဓိပင်။

၄။ ထိုပြင်မှတ်စရာ, နိဒ္ဒေသဝယ်, ပဒ အတ္ထာ, နိဿိတာ
နိဿိတ–စိတ္တနှင့်တွဲ, လေးမျိုးကွဲ၏။...ပုဒ်ခွဲလေက, ပဒ
နိဒ္ဒေ, ပုဒ်နက်ဝေမှု, နိဒ္ဒေပဒတ္ထ, မှတ်ကုန်ကြလော၊

ပုထုဇ္ဇန, သေက္ခပုဂ္ဂိုလ်, အကုသိုလ် အကု, ထို ၂ ခုမှာ,
တဏှာဒိဋ္ဌိ, မှီစိတ်ရှိ၍, နိဿိတစိတ္တ, ခေါ်ဆိုရ၏။...ပူဇယ
တေ အရ, ထိုပုဂ္ဂလ၏, အာမိသမ္မော, ဘာဝနာနှင့်, သီလာဒါန,
ယူရသဘော, လောကော အရလည်း, သေက္ခ ပုထုဇဉ်,
ယူငင်သောခါ, ထိုဒေသနာကို, နိဿိတာစိတ္တ, ခေါ်ဝေါ်
ကြလော။...

ဗုဒ္ဓ ရဟန္တ, ပုဂ္ဂလနှင့်, အရဟတ္တ နိဗ္ဗာန်, ထို ၂ တန်
ကို, အမှန်အနိဿ– သိတစိတ် ဟု, ခွဲကြိတ်မှတ်ကာ၊...ပူဇာ
လောက, ထိုအရလည်း, ဗုဒ္ဓအရဟံ, ၂ တန်ပူဇာ, ယူငင်ခါ
ဝယ်, ဒေသနာကို, မကွာ အနိဿ–သိတစိတ်ဟု, ကြိတ်လိတ်
မှတ်ဘိ။...

နိဿိစိတ္တာ, ဒေသနာသည်, ဝဋ္ဋဝိဝဋ္ဋ, နိဿိတ ၂ တန်,
ကွဲပြားပြန်၏။ ဝဋ္ဋနိဿိတ, ဖြစ်တုံကမှု, ဝါသနာ ဘာဂီ,
ဘလီထည်းသာ၊ ဝိဝဋ္ဋာကား, နှစ်ဖြာဝါသနာ, နိဗ္ဗေဓ ဟု,
ခွဲပြလေဘိ, နိဿိစိတ္တ, သံသာရ ပဝတ္တိ, အနိဿိမှု, နိဝတ္တိ
ခွဲသည်..., စတုဗျူဟ ဟာရာတည်း။

(ကြည့်ရှုရန် စကားပြေ)

က) နိရုတ္တိ, အဓိပ္ပါယ, နိဒါန, အနုသန္ဓိအားဖြင့် လေးပါးသောအနက်
တို့ကို ဆောင်ခြင်း လက္ခဏာရှိသော ဟာရသည် "ဝိယူဟိယန္တိ

သမ္မိဉ္စိယန္တိ ဓောနေ ဓောဝိတိ ဗျူဟော၊ စတုန္နံ+ ဗျူဟော- ဝတုဗျူဟော” ဟူသော ဝစနတ္ထကြောင့် စတုဗျူဟ ဟာရမည်၏။ [ဓောနေ-ဤဟာရဖြင့်၊ ဝါ-ဓောတ္တ-၌၊ ဝိယူဟီယန္တိ သမ္မိဉ္စိယန္တိ၊ ပေါင်းစုအပ် (ပေါင်းစု၍ ဝေဘန်အပ်) ကုန်၏၊ ဣတိ ဗျူဟော- (ဝိပုဗ္ဗ+ ဥဟဓာတ်၊ အပစ္စည်း=ဃဉ်ပစ္စည်းဟု သဒ္ဒတ ဆို၏။) စတုန္နံ အနက်လေးပါးတို့၏၊ ဗျူဟော-ပေါင်းစုဝေဘန်ကြောင်း ဝေဘန်ရာ ဟာရသည်၊ စတုဗျူဟော-မည်၏။]

(ခ) **နိရုတ္တိ**။ ။ ဒေသနာ၌ ပါရှိသောပုဒ်ကို (ဝိဂြိုဟ်ပြုသင့်ရာ၌) ဝိဂြိုဟ်ပြုခြင်း, အရကောက်ခြင်း, ပဒါဝတ္ထိကန္တဖြင့်ပြီးစေ၍ ဝါကျာဝတ္ထိကန္တဖြင့် ပြခြင်း, ဝိဘတ်အနက်, သကတ်စသော အနက်များကို ခွဲပြခြင်းသည် နိရုတ္တိမည်၏၊ ထို့ကြောင့် “ယံလောကော ပူဇယတေ” ၌ ယံသည် သဗ္ဗနာမ်ပုဒ်ဖြစ်၍ “ရှင်ဥချာတံ နိပါတဥ္စ- ပသဂ္ဂလပန် တထာ-သဗ္ဗနာမန္တိ မေတေသု, နကတော ဝိဂ္ဂဟော ဆသု” နှင့်အညီ သဗ္ဗနာမ်ဖြစ်၍ ဝိဂြိုဟ်မပြုရ၊ ယပုဒ်+ အံဝိဘတ်၊ ယပုဒ်၏ အရ (အကြင်ဘုရားကိုဟု အံနက်ပေးရသော နေရာဖြစ်၍) အနိယမဖြစ်သော သာမညာကာရဘောဂုဏ်သာ ပဓာန အားဖြင့် ရ၏၊ အံဝိဘတ်၏ အရကား ပူဇော်ခြင်း ကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏနသတ္တိ ဟူသော ကမ္မကာရက, ကေဝုစ်သချာရ၏။

**အမှာ**။ ။ ဒီပနီဟောင်း၌ “သဗ္ဗနာမတာဝံ ယာတီတိ (သဗ္ဗနာမ် အဖြစ်သို့ ရောက်တတ်သောကြောင့်) ယော၊ အနိယမဝါစက ဘာဝံ ယာတီတိ ယော၊ ယာဓာတ် အပစ္စည်း” စသည်ဖြင့် ဝိဂြိုဟ်နှင့် ဓာတ်ပစ္စည်း ကိုလည်း ကြံ၍ အရကောက်ပြသေး၏။

**လောကော**။ ။ လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ ယော-အကြင် သတ္တလောကသည်၊ လုဇ္ဇတိ ပလုဇ္ဇတိ-ပျက်တတ်၏၊ ဣတိ လောကော, လုဇဓာတ်ဏပစ္စည်း၊ လုဇဓာတ်၏အရ လောကောဟု ခေါ်ဝေါ်အပ်သော ခန္ဓာ ၅ ပါးတို့၏ ဘင်ခဏကို မှချရ၏၊ အဝိဇ္ဇာ, တဏှာ, ကံ,

(တနည်း) ကံ စိတ် ဥတု အာဟာရ အကြောင်းတို့ကို ဖလူပစာရအား ဖြင့် ရ၏၊ ဏာပစ္စည်းအရကား ထိုမှုချ ဖလူပစာရတ္တဖြင့် မှတ်အပ်သော ဘာဂ်ကွဏ သမ်ဂီလောက ရ၏။ [လုဇ္ဇတိအရ လုဇဓာတ်၏ အနက်ကို ဥပါဒ်ကောက်၍ ပလုဇ္ဇတိအရ လုဇဓာတ်၏ အနက်ကို ဘင်ကောက်သေး ၏၊ ပလုဇ္ဇတိသည် လုဇ္ဇတိ၏ အဖွင့်သာ ဖြစ်၍ ထိုကောက်နည်းကို စဉ်းစားပါ။]

ထိုလောကောဒ္ဒ ပဋ္ဌမာ သိဝိတတ်၏ အရကား "သမာသ်–တဒ္ဒိတ်, ကိတ်ပြီးသက်ရာ, ပဌမာကား, ယင်းတို့ ဟောရာ, ဓောတကသာ" ဟူသည်နှင့်အညီ ထိုလောကသဒ္ဒါ၏အနက်ကို ထွန်းပြသော အကာရက ကေဝုစ်သချာရ၏၊ သတ္တလောက၏ တယောက်သည် တယောက်နှင့် တူသော အခြင်းအရာ ဓာတ်သည် သကတ်၊ သတ္တလောက ဖြစ် သည် ဖြစ်၊ သန့်ရှင်းသော အခြင်းအရာ ဝိသဒါကာရသည် ပုလ္လိန်၊ အပေါင်းဖြစ်၌ မှိသော တခုတည်းသော အခြင်းအရာသည် ကေဝုစ် သချာ၊ ပူဇော်ခြင်း ကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ပါဒကသတ္တိသည် ကတ္တုကာရက၊ ဤကား လောကော အရဥ္ဍ နိရုတ္တိဟာရတည်း။

**အမှာ။** ။ "လောကော" ဟု ပဌမန္တဖြင့် ထားခြင်းကို ဝါကျအခိုက် အတန့်ကို ဖြတ်သော ဝါကျာဝစိကန္တ နည်း (ဝါကျ+ အဝစိကန္တ နည်း) ဟုရင်း, ဆင်စွယ်ကို ဖြတ်သကဲ့သို့ ဝါကျတွင်းရှိ ပုဒ်အနေကို ဖြတ်သော ဒန္တစ္ဆေဒနနည်းဟုရင်း ဆိုသေး၏၊ ဝါကျတွင်း၌လည်း "ယံ လောကော . ပူဇယတေ" ဟု ပဌမန္တဖြင့်ပင် ရှိသောကြောင့် ထိုနည်းများရမည် မထင်၊ "ပူဇာစ ပူဇနီယာနံ" ဝယ် "ပူဇီယန္တေတိ ပူဇနီယာ" ဟု ဝါကျအတွင်း၌ ဆဋ္ဌီယန္တကို ဖြတ်တောက်၍ "ပူဇနီယာ" ဟု ပဌမန္တဖြင့် ထားရာ၌သာ ဤဝါကျာဝစိကန္တ ဒန္တစ္ဆေဒနနည်းဟု ဆိုသင့်မည် ထင်သာည်၊ ထို့ကြောင့် ပူဇနီယာနံကိုလည်း နိရုတ္တိဟာရ ထုတ်ပြဦးအံ့။

**ပူဇနီယာနံ** ။ ။ ပူဇိတဗ္ဗာတိ ပူဇနီယာ၊ (ကမ္မသာဓန) ပူဇဓာတ်, အနီယပစ္စည်း၊ ပူဇဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား ပူဇော်သော အခြင်း အရာ အားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်ကို မှုချရ၏၊ ကမ္မတ္တကြိယာကား

ထို စိတ္တုပ္ပါဒ်အား ကျေးဇူးပြုတတ်သော ဘုရား ရဟန္တာ စသည်တို့၏ အာရမဏသတ္တိ ဟူသော ကမ္မကာရကကို ဖလူပစာရတ္တ အားဖြင့်ရ၏၊ အနိယပစ္စည်း၏ အရကား ထိုမှုရ ဖလူပစာရတ္တတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ ဘုရား ရဟန္တာ စသော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ် ရ၏။

ဝိဂြိုဟ် ပုဒ်ထားနည်း ၂ ပါးတို့တွင် ပုဒ်အနိုက်အတန့်ကို ငဲ့၍ ထားသောကြောင့် ပဒါဝတ္တိကန္တ ဒန္တစ္ဆေဒန နည်းအားဖြင့် ပဌမန္တ ထား၏၊ ထို ပဌမာယောဝိဘတ်၏ အရကား ပူဇနိယသဒ္ဒါ၏ အနက်ကို ထွန်းပြရုံ ဖြစ်သော အတ္ထမတ္တ အကာရက ဗဟုဝုစ်သင်္ချာ ရ၏၊ ဝါကျာဝတ္တိကန္တ ဒန္တသောဓနနည်းအားဖြင့် မူလရှိရင်း ဝါကျ အနိုက်အတန့်ကို ငဲ့၍ "တေသံ ပူဇနိယာနံ" ဟု ဝိဘတ္တျန္တ ခံအပ်၏၊ ထိုနံဝိဘတ်၏ အရကား ပူဇော်ခြင်း ကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏနသတ္တိ, တနည်း- ပူဇော်ရာ ဖြစ်သော သမ္ဗဒါနသတ္တိနှင့် ဗဟုဝုစ်သင်္ချာ ရ၏။

ထို ပူဇနိယာနံ ပုဒ်လုံး၏ အနက်သည် သကတ် စသော အားဖြင့် ငါးပါးရှိ၏၊ သီလ သမာဓိ စသော ပူဇေတဗ္ဗဆေဟာဂုဏ် (ပူဇော်ထိုက်သူ၏ ဖြစ်ကြောင်း ဖြစ်ရာဂုဏ်) သည် သကတ်၊ ဘုရား ရဟန္တာ စသောပုဂ္ဂိုလ်သည် ဒြဗ်၊ ဝိသဒါကာရသည် ပုလ္လိန်၊ ဒြဗ်ဒွိမှိသော အများ၏ အဖြစ်သည် ဗဟုဝုစ်သင်္ချာ၊ ပြခဲ့သော ကြိယာပါပုဏန, တနည်း-ကြိယာပဋိပ္ပါဟက သတ္တိသည်ကာရကတည်း၊ ဤကား ပူဇနိယာနံ၏ နိရုတ္တိဟာရတည်း။

မှတ်ချက်။ ။ "ပဒါဝတ္တိကန္တ, ပဒါဝမိကန္တ" ဟုဋင်း "ဝါကျာဝတ္တိ' ကန္တ, ဝါကျာဝမိကန္တ" ဟုဋင်း အရေးအသား ၂ မျိုးကို တွေ့ရ၏၊ ထို အရေးအသားကိုလိုက်၍ အရကောက်လည်း မတူဘဲရှိသည်၊ ပဒါဝတ္တိကန္တ ၌ "ပဒ+ အဝတ္တာ+ ဣက+ အန္တ" ဟုခွဲ၊ ပဒဿ အဝတ္တာ ပဒါဝတ္တာ= ပုဒ်အနိုက်၊ ပဒါဝတ္တံ အပေက္ခတီတိ ပဒါဝတ္တိကော၊ ပဒါဝတ္တိကော+ အန္တော ယဿာတိ ပဒါဝတ္တိကန္တံ၊ ယဿ-အကြင်ပုဒ်၏၊ ပဒါဝတ္တိကော- ပုဒ်အနိုက်အတန့်ကိုငဲ့သော၊ အန္တော-အဆုံးသည်၊ အတ္ထိ၊ ဣတိတံ ပဒံ ပဒါဝတ္တိကန္တံ-ပုဒ်အနိုက်အတန့်ကို ငဲ့သောပုဒ်၊ ပုဒ်သည် အခြားစပ်ပုဒ်ကို မငဲ့ဘဲ မိမိဘာသာနေရလျှင် ပဌမန္တဖြင့် နေရ၏၊ ဘာ့ကြောင့်နည်း...

အခြားစပ်ပုဒ် မရှိလျှင် လိန် အနက်မျှသာ ရှိသောကြောင့်တည်း၊ ထိုသို့ ပဋ္ဌမန္တဖြင့် ထားခြင်းကို ပဒါဝတ္တိကန္တနည်းဟုခေါ်၏။

ထို ပဒါဝတ္တိကန္တကိုပင် "ဝါကျံအဝဒာတိ ပရိစ္ဆိန္ဒတီတိ ဝါကျာဝစိကော၊ ဝါကျာဝစိကော အန္တောဃယဿာတိ ဝါကျာဝစိကန္တ-ဝါကျကို ဖြတ်တောက်တတ်သော (ဝါကျအရှိကိုဖြတ်၍ ပုဒ်ရင်းအတိုင်း) အဆုံးရှိသောကြောင့်" ဝါကျာဝစိကန္တနည်းဟုလည်း ပြောင်းပြန် ကောက်ယူသေး၏၊ ထိုကြောင့် "ပဒါဝတ္တိကန္တ=ဝါကျာဝစိကန္တ" ဟူသော နာမည် ၂ မျိုး သည် ပူဇနီယာကဲ့သို့ ပဋ္ဌမန္တ ထားနည်း၏ နာမည် ချည်းတည်း၊ ဆင်စွယ်ကို နဂိုရ်ရှိမှ ဖြတ်သကဲ့သို့ ဝါကျအရှိမှ ဖြတ်သောကြောင့် ဒန္တစ္ဆေဒနနည်းလည်းခေါ်၏၊ ဝါကျဝတ္တိကန္တ (ဝါကျအခိုက်အတန့်ကို ငဲ့သော အဆုံးရှိသောပုဒ်) ပဒါဝစိကန္တ (ပုဒ်အတိုင်းကို ဖြတ်တောက်သော အဆုံး ရှိသောပုဒ်) ဟူသော နာမည် ၂ မျိုးသည် ပူဇနီယာန်ကဲ့သို့ ဝါကျတွင်းရှိသော ပုဒ်အတိုင်း ထားနည်း၏ နာမည်တည်း၊ ဖြတ်ပြီး ဆင်စွယ်ကို တဘန် ပြန်ချွန်လာအောင် သုတ်သင်ပွတ်တိုက်သကဲ့သို့ ဖြစ်သောကြောင့် ဒန္တသောဓန နည်းလည်း ခေါ်၏။

**ပူယဇတော။** ။ အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်=နိရုတ္တိမရ၊ ပူဇာတတ်, တေဝိဘတ်, ဏာယပစ္စည်း၊ ပူဇာတ်၏ အရ ပူဇော်သော ကိုယ်အမူအရာ နှုတ်အမူအရာ ဟူသော ဝိညတ်ဒွေးနှင့် စိတ္တုပ္ပါဒ်ကို မုချ ရ၏၊ ယောနိသော မနသိကာရ စသော ရှေးရှေးစိတ္တုပ္ပါဒ်ကို ဖလူပစာ ရတ္တ အားဖြင့် ရ၏၊ ပူဇော်ခြင်းကြောင့် ရအပ်သော ပစ္စုပ္ပန် သံသရာ ကျိုး ၂ ဖြာကို ကာရဏူပစာရတ္တအားဖြင့် ရ၏၊ တေဝိဘတ်၏အရကား ထိုမုချ ဖလူ ကာရဏူပစာရတ္တတို့ဖြင့် မှတ်အပ်သော သတ္တလောက ဒြဗ်ကို အပ္ပဓာနအားဖြင့်ရ၏၊ (အာချာတ်ပုဒ်ဖြစ်၍ ကြိယာနက်သာ ပဓာန ဖြစ်သောကြောင့်) ပူဇော်ခြင်း ကြိယာကိုသာ ပဓာန အားဖြင့် ရ၏၊ ဏာယ ပစ္စည်း၏ အရကား စုရာဒိဂဏဇောတက ရူပသိဒ္ဓိမတ္တဘောဂုဏ်ကို ရ၏၊ ဤသို့ ပုဒ်ကို ဝိဂ္ဂြိုဟ်ပြုခြင်း စသော ဝေဘန်မှုသည် နိရုတ္တိ မည်၏။

(ဂ) **အဓိပ္ပါယ**။ ။ ဒေသကပုဂ္ဂိုလ်၏ အလိုဆန္ဒသည် အဓိပ္ပါယ မည်၏၊ ဤ "ယံ လောကော ပူဇယတော" ဟုကျမ်း၏အစ၌ရေး သားရွတ်ဆိုသော ဒေသက (အရှင်မဟာကစ္စည်းထေရ်)၏ အလို ဆန္ဒကား "သတ္တလောကသည် မြတ်စွာဘုရားကို ပူဇော်၏" ဟု တိုက်ရိုက်ပြသဖြင့် သတ္တလောကတွင် ပါဝင်နေသော မိမိ၏ ပူဇော်ကြောင်းကိုလည်း သိစေလို၏၊ ကျမ်း၏အစ၌ ဘုရားစသည် ကို ပူဇော်ကြ ရှိခိုးကြခြင်းသည် ကျမ်းပြုဆရာတို့၏ ထုံးစံမွေတာ ဖြစ်ကြောင်းကိုလည်း သိစေလို၏၊ နောင်လာနောက်သားတို့အား လည်း ထိုကဲ့သို့ ပူဇော်စေလို၏၊ ဤသို့ ဝသည်ဖြင့် (အာဏတ္တိ ဒေသနာဟာရ၌ကဲ့သို့ တိုက်ရိုက်တိုက်တွန်းခြင်း မဟုတ်ဘဲ) မိမိ၏ အလိုဆန္ဒကို သိစေခြင်းသည် အဓိပ္ပါယ မည်၏။

(ဃ) **နိဒါန**။ ။ ယံလောကော ပူဇယတေ အစရှိသော နေတ္တိဒေသနာ တော်၏ အကြောင်းသည် နိဒါန်းမည်၏၊ ထိုနိဒါန်းသည် အဇ္ဈတ္တိ က နိဒါန်း ဗာဟိရနိဒါန်းအားဖြင့် ၂ ပါး ပြား၏၊ အဇ္ဈတ္တိက နိဒါန်းသည် ကရုဏာ, ဉာဏ်အားဖြင့် ၂ ပါး ပြား၏၊ နေတ္တိ ကျမ်းလာ ဒေသနာကို နားမလည်သေးသော ပုဂ္ဂိုလ်စုကို အာရုံ ပြု၍ အရှင်မဟာကစ္စည်း၏ အဇ္ဈတ္တသန္တာန်၌ ရှေးဦးစွာ ကရုဏာ ဖြစ်၏၊ ထိုကရုဏာကို အရင်းခံ၍ ဟောကြောင်း ဒေသနာ ဉာဏ်လည်း ဖြစ်၏၊ ထို ကရုဏာ ဉာဏ် ၂ ပါးကြောင့် ဤနေတ္တိပါဠိတော် ဖြစ်ပေါ်လာရသည်-ဟူလို။

**အမှာ**။ ။ ကရုဏာကို ဒေသနာနှင့် တကွ မဖြစ်သောကြောင့် အသဟဇာတနိဒါန်း, ဒေသနာဖြစ်အောင် ဘိုက်တွန်းတတ်သောကြောင့် သမုဋ္ဌာပက နိဒါန်း, ဥပတ္ထမ္ဘက အကြောင်းဖြစ်၍ ပစ္စယနိဒါန်း, ဥပတ္ထမ္ဘကနိဒါန်း, ဝေနေယျအများနှင့် ဆက်ဆံ၍ သာဓာရဏနိဒါန်းဟုလည်း, ဉာဏ်ကို သဟဇာတနိဒါန်း, ဒေသနာကို ဖြစ်စေတတ်၍ ပဝတ္တကနိဒါန်း, အသာဓာရဏ နိဒါန်းဟုလည်း နာမည်တပ်သေး၏။

ဗာဟိရနိဒါန်းသည် ဒေသ ကာလ ဒေသက ပဋိဂ္ဂါဟက (တနည်း ပရိသာ) အားဖြင့် ၄ ပါးပြား၏၊ ဤနေတ္တိပါဠိတော်ကို ဟောရာဖြစ်သော သမြေပြင်တောအုပ်သည် ဒေသ၊ ဟောရာအခါသည် ကာလ၊ အရှင်မဟာကစ္စည်းထေရ်သည် ဒေသက၊ နာယူသော ရဟန်းတို့သည် ပဋိဂ္ဂါဟက (ပရိသာ) မည်၏၊ ဤသို့စသည်ဖြင့် ဝေဘန်ခြင်းသည် နိဒါနမည်၏။

(င) အနုသန္ဓိသည် အတ္ထသန္ဓိ၊ ဗျဥ္ဇနသန္ဓိ၊ ဒေသနာသန္ဓိ၊ နိဒ္ဒေသသန္ဓိ အားဖြင့် ၄ ပါးပြား၏၊ ထိုတွင် (၁) သင်္ကာသန၊ ပကာသန၊ ဝိဝရဏ၊ ဝိဘဇန၊ ဥတ္တာနီကမ္မ၊ ပညတ္တိဟူသော အတ္ထပဒ ၆ပါး တို့၏ စပ်ခြင်းသည် အတ္ထသန္ဓိမည်၏။ [သင်္ကာသန စသည်တို့ အဖွင့်ကို အဋ္ဌကထာများဝယ် သာတ္ထံ သဗျဥ္ဇနံအဖွင့်ရှု။]

**အနက်ချဉ်းကပ်, ပညတ်တနည်း။** ။ အဓိပ္ပါယ်အားဖြင့် ဆက်စပ် လျက်ရှိသော အနက်များကို နာမည်ပညတ်တပ်၍ စပ်ပုံကား=ယံ၏ အရ ဘုရားဒြပ်တော်သည် ပုဗ္ဗယတေအရ စိတ္တုပ္ပါဒ်၌ အာရုံအကြောင်း နိမိတ် အဝုတ္တဖြစ်သော သမ္ပတ္တိကံ၊ စိတ္တုပ္ပါဒ်ကား အာရမဏိက နိမိတ္တဝန္တ ဖြစ်သော ကြိယာ၊ လောကောအရ သတ္တလောကသည် ပုဗ္ဗယတေ၌ တေဝိဘတ်သည် ဟောအပ်သော အကြောင်းနိမိတ် နိပ္ပါဒကဖြစ်သော ကတ္တား, ပုဗ္ဗယတေကား အကျိုးနိမိတ္တဝန္တ နိပ္ဖတ္တနီယဖြစ်သော ကြိယာ။

**ပဋ္ဌာန်းပစ္စည်းတဖုံ။** ။ လောကောအရ သတ္တလောက ဟူသော ခန္ဓာ ၅ ပါးတွင် အလောဘ စသော ဟိတ် ပါဝင်၍ ပုဗ္ဗယတေ အရ ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်နှင့် ဝိညတ်ဒွေး ပါဝင်ရကား...လောကောသည် ဟေတုပစ္စည်း, ပုဗ္ဗယတေသည် ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန်၊ ဤနည်းကိုမှီး၍ "လောကောသည် အဓိပတိပစ္စည်း, ပုဗ္ဗယတေသည်၊ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်" စသည်ဖြင့် ရသင့်သမျှ စပ်လေ၊ ယံနှင့် ပုဗ္ဗယတေ၌ ယံ အရ ဘုရားအာရုံယူ၍ ပုဗ္ဗယတေအရ အာရမဏိကစိတ္တုပ္ပါဒ်ကို ယူပြီးလျှင် "ယံသည် အာရမဏ, အာရမဏာ ဓိပတိပစ္စည်း စသည် ပုဗ္ဗယတေကား အာရမဏ, အာရမဏာဓိပတိ ပစ္စယုပ္ပန် စသည်၊ ဤသို့ စပ်လေ၊ ဤကား အတ္ထသန္ဓိတည်း။

၂။ သဒ္ဒါချဉ်းကပ်။ ။ သဒ္ဒါ ပညတ်ပရမတ် ၃ ရပ်သော စာစပ်နည်းတို့တွင် နောက် ၂ နည်းသည် အတ္ထသန္ဓိဖြစ်၍ သဒ္ဒါချဉ်းစပ်မှုကို ဗျဉ္ဇနသန္ဓိဟု ခေါ်သည်၊ စပ်ဟန်ကား–လောကောသည် ပူဇယတေ၌ ဝုတ္တ, အဘိဟိတ, သုဒ္ဓ, သယံကတ္တား၊ ပူဇယတေကား (ကတ္တားရှိသော) ကတ္တိ၊ [“ကထိတ, ပကတိ, ပဓာနကတ္တား” ဟုလည်း နာမည်တပ်သေး၏၊ ကထိတ အကထိတ, ပကတိ ဝိကတိ, ပဓာန အပ္ပဓာန ၂ မျိုးစီပြားရာ၌သာ ထိုနာမည်များ ရအပ်သောကြောင့် ဤ၌ ၂ မျိုးစီ မရသည့်အတွက် မပြဘဲ ချန်ထားသည်။]

လောကောသည် ကာရက, နိပ္ဖါဒက, သာမဏေ, ဂုဏီ (ဂုဏေး) သတ္တိမန္တ၊ ပူဇယတေကား ကြိယာ, နိပ္ဖါဒေတဗ္ဗ, သာဓ ၂ ဂုဏ်,သတ္တိ၊ [ဤ၌ တုလျတ်လိင်္ဂတ်လည်း စပ်သေး၏၊ ပူဇယတေသည် လိင်္ဂ မဟုတ်၍ ဤ၌ မပြ။] လောကောသည် ဝစ္စ, ဘာဝီ, ဤဟာဝန္တ, ဗျာပါရဝန္တ၊ ပူဇယတေကား ဝါစက, ဘာဝ, ဤဟာ, ဗျာပါရ၊ ယံသည် ပူဇယတေ၌ အဝုတ္တ, အနဘိဟိတ ကမ္မကာရက၊ ပူဇယတေကား ကတ္တိ ကြိယာ၊ ဤကား သဒ္ဒါ ချဉ်းစပ်သော ဗျဉ္ဇနသန္ဓိတည်း။

၃။ ဒေသနာသန္ဓိသည် (က) ဒေသနာတော်လာ ပုဒ်များကို ဗျဉ္ဇနသန္ဓိ၌ ပြခဲ့သည်အတိုင်း စာစပ်သလိုစပ်ခြင်း၊ (ခ) အခြားဒေသနာများနှင့် လျော်အောင် စပ်ခြင်းအားဖြင့် ၂ ပါးပြား၏၊ (က) စပ်နည်းကို ဗျဉ္ဇနသန္ဓိအတိုင်း စပ်ရာ၏။

(ခ) စပ်ပုံကား–“ယံလောကော ပူဇယတေ” သည် “ပူဇာရဟော ပူဇယတေ, ဗုဒ္ဓေ ဝါ ယဒိ သာဝကေ” ဟူသော အခြား ဒေသနာနှင့် လျော်၏၊ လျော်ပုံကား–ဤ၌ ယံ ဟူသောပုဒ်သည် ထို၌ “ဗုဒ္ဓေဝါယဒိ သာဝကေ” ဟူသော ပုဒ်များနှင့် ကံပုဒ်ချင်းတူ၏၊ ဤ၌ ပူဇယတေလည်း ထို၌ ပူဇယတေနှင့် ကြိယာချင်းတူ၏၊ ဤကား သုတ်တပါး၏ ပုဒ်များနှင့် လျော်အောင် စပ်ပြပုံတည်း။

(၄)။ နိဒ္ဒေသသန္ဓိသည် ပဒ, ပဒတ္ထ, နိယိတစိတ္တ, အနိယိတစိတ္တ အားဖြင့် ၄ ပါး ပြား၏၊ ပဒသည်လည်း ပဒစ္ဆေဒ–ပဒစိန္တာအားဖြင့် ၂ ပါးပြားပြန်၏၊ ထိုတွင် "ယံတိကော် ပဒံ, လောကောတိ ကော် ပဒံ, ပူဇယတေတိ ကော် ပဒံ" ဟု ဝိဘတ်ချန် (ဝိဘတ်ဆုံးသော တပုဒ်စီ)ခွဲခြား၍ ပြခြင်းသည် ပဒစ္ဆေဒမည်၏၊ "ယံတိ အနိယမနိဒ္ဒေသော, လောကောတိ ကတ္တုနိဒ္ဒေသော, ပူဇယတေတိ ကြိယာနိဒ္ဒေသော (ယံ သဒ္ဒါသည် အနိယမကို ညွှန်ပြသော, သဒ္ဒါတည်း စသည်) "ဟု ပုဒ်ကို ကြံကြောင်း, သိကြောင်း ဂကားသည် ပဒစိန္တာမည်၏၊ ဤနှစ်မျိုးလုံးကို ပဒနိဒ္ဒေသ ဟုခေါ်၏။ [သံဝဏ္ဏနာဆက္ကဥ္ဓ ပါသော ပဒစ္ဆေဒ – ပဒစိန္တာမျိုးပင် တည်း။]

ပဒတ္ထနိဒ္ဒေသလည်း ပဒစ္ဆေဒပဒတ္ထ–ပဒစိန္တာ ပဒတ္ထအားဖြင့် ၂ ပါး ပြား၏၊ ထိုတွင် "ယံတိ ဧကံ ကမ္မတ္ထပဒံ" ဟု အနက်နှင့် တကွ ဝိဘတ်ချန် ပုဒ်ကို ခွဲပြခြင်းသည် ပဒစ္ဆေဒပဒတ္ထ မည်၏၊ "ယန္တိ အနိယမတော ဥပယောဂ နိဒ္ဒေသော (ယံသဒ္ဒါသည် အနိယမအားဖြင့် ကံ အနက်ကို ညွှန်ပြသော သဒ္ဒါတည်း) , လောကောတိ ကတ္တုတ္ထနိဒ္ဒေသော, ပူဇယထေတိ ကြိယတ္ထနိဒ္ဒေသော" ဟု ပုဒ်အနက်ကို ကြံခြင်း သိခြင်းသည် ပဒစိန္တာ ပဒတ္ထမည်၏၊ ထို ၂ မျိုးလုံးကိုပင် ပဒတ္ထနိဒ္ဒေသဟု ခေါ်သည်။ [သံဝဏ္ဏနာဆက္ကဥ္ဓ သုံးလေ့ရှိသော ပဒတ္ထသံဝဏ္ဏနာမျိုးပင်တည်း၊ ထို့ကြောင့် ယံတိယံ နရုဝရုံ၊ လောကောတိ သတ္တလောကော၊ ပူဇယတေတိ မဟာယတေ" စသော အဖွင့်များလည်း ပဒတ္ထနိဒ္ဒေသပင် ဖြစ်သင့်သည်။]

နိယိတစိတ္တသည် ပုဂ္ဂလ ဓမ္မအားဖြင့် ၂ ပါးပြား၏၊ ထိုတွင် ပုဂ္ဂလသည် ပုထုဇဉ် သေက္ခအားဖြင့် ၂ပါး၊ ဓမ္မလည်း ပုညဓမ္မ အပုညဓမ္မအားဖြင့် ၂ ပါး၊ ထို ၄ မျိုးလုံးသည် "နိယိတံ စိတ္တံ ဧတေသံ" ဟူသောဝစနတ္ထနှင့် အညီ နိယိတစိတ္တ မည်၏။ [ဧတေသံ–တို့၏၊ နိယိတံ–တကျော ဒိဋ္ဌိကို မှီသော၊ စိတ္တံ–စိတ်သည်၊ အတ္ထိ။] "ယံလောကော ပူဇယတေ" ၌ ပူဇ

ယတော အရ ထို ပုထုဇဉ် သေက္ခတို့၏ အာမိသပူဇာ ဓမ္မပူဇာဟု ဆိုအပ် သော ဒါန သီလ ဘာဝနာကို ယူ၍, "လောကော" အရ ပုထုဇဉ်သေက္ခ ဟူသော သတ္တလောကကို ယူလျှင် ထို "ယံ လောကော ပူဇယတေ" ဒေသနာကို နိဿိတစိတ္တ ဒေသနာဟုခေါ်၏။

အနိဿိတစိတ္တလည်း ပုဂ္ဂလ ဓမ္မအားဖြင့် ၂ ပါး၊ ပုဂ္ဂလလည်း ဘုရား, ရဟန္တာ ပုဂ္ဂိုလ်အားဖြင့် ၂ ပါး၊ ဓမ္မလည်း အရဟတ္တဖိုလ် နိဗ္ဗာန် အားဖြင့် ၂ ပါးပင်၊ ဤအားလုံးသည် "နနိဿိတံ–အနိဿိတံ၊ အနိဿိတံ (တဏှာ ဒိဋ္ဌိကို မမှီသော) စိတ္တံ တေသံ"အရ အနိဿိတ စိတ္တမည်၏၊ "ယံ လောကော ပူဇယတေ" ၌ "ပူဇယတေ" အရ ဘုရား ရဟန္တာတို့၏ အာမိသ ဓမ္မ ပူဇာ ဟူသော ဒါန သီလ ဘာဝနာ (အရဟတ္တဖိုလ်တိုင် အောင်) ကို ယူ၍ "လောကော" အရ ဘုရား ရဟန္တာ ဟူသော သတ္တ လောကကို ယူလျှင် "ယံ လောကော ပူဇယတေ" ဒေသနာသည် အနိဿိတစိတ္တ ဒေသနာ မည်၏။

ထိုတွင် နိဿိတစိတ္တသည် ကုသိုလ်ပုညဖြစ်လျှင် ဝဋ္ဋနိဿိတ (သံသရာ ဝဋ်ကို မှီသော ကောင်းမှု) ဝိဝဋ္ဋနိဿိတ (နိဗ္ဗာန်ကို မှီသော ကောင်းမှု) ဟု ၂ ပါး ပြား၏၊ ဝဋ္ဋသိတ္တသည် နောက်နောင်အခါ ကုသိုလ် အထုံ ဝါသနာပါခြင်း အကျိုးရှိသော ဝါသနာဘာဂီ တမျိုးသာတည်း၊ ဝိဝဋ္ဋ နိဿိတကား ဝါသနာဘာဂီလည်း ဟုတ်၏၊ လောဘ ဒေါသ မောဟ အတုံးအခဲကို ဖောက်ခွဲနိုင်ဘို့ရာ နိဗ္ဗေဓဘာဂီလည်း ဟုတ်၏၊ ထို နိဿိတ ကုသိုလ်တိုင်းပင် သံသရာ၌ ဖြစ်ရဦးမည်ဖြစ်၍ သံသာရပဝတ္တိ အားဖြင့် ပြအပ်၏၊ အနိဿိတစိတ္တကား သံသရာမှ ဆုတ်နစ်တော့ပြီဖြစ်၍ သံသာရ နိဝတ္တိအားဖြင့် ပြအပ်၏၊ ဤကား နိဒ္ဒေသသန္ဓိ ၄ ပါးတည်း၊ ဤသို့ နိရုတ္တိ အဓိပ္ပါယ နိဒါန အနုသန္ဓိ အားဖြင့် ဖွင့်ပြခြင်းသည် စတုဗျူဟ ဟာရ မည်၏။

-----

## ၇။ အာဝဇ္ဇဟာရ

### (ကျက်မှတ်ရန်)

(က) သုတ္တာ ရှင်္ဂ, ပုဒ်ဓမ္မ၏, ပဒဋ္ဌာန်ကို, ရှာကြံပြီးနောက်, အစဉ်လျောက်ကာ, သဘာ–ဝိသဘာ, ဓမ္မအစုံ, လည်စေပုံပြ, အာဝဇ္ဇသဘော, ဟာရဟောကား…

(ခ) လောကော ပဇ္ဇလိတော, ပုဒ် ၂ ထွေကို, မသွေရှုဆ, သုံးလောက၏, ဗုဒ္ဓပူဇာ, စေတနာဝယ်, အဇ္ဈာသယကောင်း, ခေတ်လည်း ကောင်းသဖြင့်, ကောင်းမှုပုည, အတိသယ ဖြစ်၏။

(ဂ) ထို၏ ပဒဋ္ဌာန်, ရှာပြန်လေဘိ, ယောနိသော–သဒ္ဓမ္မ, သပ္ပုရိသ နိဿယာ, နဝမာခဏ, စက္ကသမ္ပတ်, တရပ် အပ္ပမာဒ, စသည်ပြ၏။

(ဃ) ထိုမှ ထပ်လော, ယောနိသောလျှင်, ယှဉ်င် သမ္မ, အကြောင်းပြု၍, ကောင်းမှုပုည, ဖြစ်လည်ကြ၏။

(င) သဒ္ဓမ္မဿဝနာ, ယှုပြန် ပါလည်း, မနာဘူးတောင်., ထုံးဟောင်း ကြားသိ., ကြားပြီး စင်စွာ, ကန်ါပျောက်ကင်း, ဖြောင့်စင်းအယူ, စိတ်ကြည်ဟူသား, ငါးဆူကျိုးရ, ကုသလတို့, မုချတဖုံ, လည်လေကုန်၏။

(စ) သပ္ပုရိသုပ–နိဿယနှင့်, နဝမ–စက္ကတ်, အပ္ပမာဒေါ ယှုလေသောကြောင့်, ထပ်လော၍လည်း, အသီးသီးမို,

ကုသိုလ် လည်း၏၊ ဤသည်တို့ကား, သဘာဝ အာဝဋ္ဋာ နည်းဟာရာတည်း။

(ဆ) အာဝဋ္ဋတဖြာ, ဝိသဘာဂကား, ပုဏ္ဏာယူချက်, ဆန့်ကျင် ဘက်တော်, မပူဇော်ပါ, ယူပြီးခါဝယ်, ပဒဋ္ဌာနဟော, အယောနိသောပြ, သဒ္ဓမ္မအသဝနာ, ဗာလာဥပနိဿယ, ထည့်သိပ် အကွဏာ, စက္ကဝိပတ်, တရပ် ပမာဒ, စရိ ယူငင်၊ ထိုလျှင် အကြောင်း, စုပေါင်း အကုသလ, ဖြစ်ရလည်းမှု, ရှေးနည်းရှုလော, မှာတမ်းဟောသည့်, မှတ်လော အာဝဋ္ဋဟာရတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) သုတ်၌ တင်အပ်သော ပုဒ်တခုကို တရားကိုယ် အရကောက်၍ ထိုတရား၏ ပဒဋ္ဌာန်ကို ရှာပြီးလျှင် ထိုပဒဋ္ဌာန်မှ အစဉ်လျှောက်၍ သဘာဂ-ဝိသဘာဂ ဖြစ်သော ကုသိုလ်အကုသိုလ် တရားတို့ကို လည်စေခြင်း (ဆက်ကာဆက်ကာ ဖြစ်ပုံကို ပြခြင်း) လက္ခဏာ ရှိသော ဟာရသည် "အာဝဋ္ဋိယန္တိ တေန ဗ္ဗဝါ သဘာဂ ဝိသဘာဂဓမ္မာ" ဟူသော ဝစနတ္ထကြောင့် အာဝဋ္ဋဟာရမည်၏၊ [တေန-ဤဟာရဖြင့်၊ ဝါ, ဗ္ဗ-၌၊ သဘာဂ ဝိသဘာဂဓမ္မာ- မူလ ကောက်ယူအပ်သော တရားနှင့် သဘောတူ သဘောမတူ တရားတို့ကို၊ အာဝဋ္ဋိယန္တိ-လည်စေအပ် (ဆက်ကာ ဆက်ကာ ဖြစ်ပုံကိုပြအပ်) ကုန်၏။]

(ခ) "လောကော ပူဇယတော" အရ လူ နတ် ဗြဟ္မာ ၃ ဖြာသော လောက၏ ဗုဒ္ဓမြတ်စွာကို ပူဇော်ကြောင်းဖော်ပြတော်မူသည် (ပူဇော် သူ၏ အရွှာသယစိတ်ဆန္ဒ လည်းကောင်း), ဘုရားတည်း ဟူသော

ပွဲတော်ရာကလည်း လယ်ယာမြေကောင်း (ခေတ္တ) လည်း ဖြစ်ရကား) လွန်ကဲမြင့်မြတ်သော ကောင်းမှုကုသိုလ်ကြီး ဖြစ်ပေသည်။

(ဂ) ထိုကောင်းမှု စေတနာ၏ နီးစွာသော ပဒဋ္ဌာန်အကြောင်းသည် ယောနိသော မနသိကာရတည်း၊ ထို၏ ပဒဋ္ဌာန်အဆက်ဆက်ကား သဒ္ဓမ္မဿဝန, သပ္ပုရိသုပနိဿယ, ဗုဒ္ဓုပ္ပါဒနဝမခဏ, စက္ကသမ္ပတ္တိ, အပ္ပမာဒ စသည်တည်း။

(ဃ) ထိုတွင် ယောနိသော မနသိကာရကို ယူသဖြင့် "ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ, ဥပ္ပန္နာဝ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ" ဟူသည်နှင့်အညီ ယောနိသော မနသိကာရလျှင် အကြောင်းရင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန် အဆက်ဆက်ဖြစ်ကုန်၏။

(င) သဒ္ဓမ္မဿဝနကိုယူသဖြင့် "ပဥ္စိမေ ဘိက္ခဝေ အာနိသံသာ သဒ္ဓမ္မဿဝနေ" စသည်နှင့်အညီ (၁) မကြားဘူးသေးသော အကြောင်းအရာကို ကြားနာရ၏, (၂) ကြားနာပြီး ဖြစ်လျှင်လည်း သာ၍ ရှင်းလင်း ပြတ်သားနားလည်သောအားဖြင့် စင်ကြယ်၏၊ (၃) နဂိုရ်က ယုံမှားသံသယဖြစ်နေသော အချက်လည်း ပျောက်ကင်း၏၊ (၄) အယူဒိဋ္ဌိကိုလည်း ဖြောင့်မှန်အောင်ပြုနိုင်၏၊ (၅) စိတ္တမဿ ပသီဒတိ= သူ၏စိတ်လည်း ကြည်လင်၏၊ ဤသို့အားဖြင့် ကုသိုလ်တရားတို့ အဆက်ဆက် လည်ကြ ဖြစ်ကြလေသည်။

(စ) သပ္ပုရိသုပနိဿယကို ယူသဖြင့်လည်း "သတ္တံ့ ရေဝ သမာသေထ" စသည်နှင့်အညီ သူတော်ကောင်းတရားကို သိရခြင်း စသော ကုသိုလ်တရားတို့လည်ကုန်၏၊ ဗုဒ္ဓုပ္ပါဒ နဝမခဏကို ယူသဖြင့်လည်း "ကောဝ ခေါ ဘိက္ခဝေ ခဏောစ သမယောစ ဗြဟ္မစရိယ ဝါသာယ" နှင့်အညီ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးနိုင်သည် အထိ ကုသိုလ်တရားတို့ အဆက်ဆက် လည်ကုန်၏၊ ပဋိရူပဒေသဝါသ စသော သမ္ပတ္တိစက်ကို ယူသဖြင့်လည်း "စတ္တာရိမာနိ

ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ စတုစက္ကံ ဝတ္တတိ"နှင့် အညီ ကုသိုလ်တရား စက် ၄ ပါးတို့ ဆက်ကာ ဆက်ကာလည် ကုန်၏၊ အပ္ပမာဒကို ယူသဖြင့် "အပ္ပမာဒံ ပသံသန္တိ,ပုညကြိယာသု ဝဏ္ဍိတာ" နှင့် အညီ ကုသိုလ်တရားတို့ ဆက်ကာ ဆက်ကာ လည်ကုန်၏၊ ဤကား သဘောတူသောအားဖြင့် လည်ပုံတည်း။

(ဆ) ပူဇယတေအရ ပူဇော်ခြင်းကို တိုက်ရိုက်ပြသဖြင့် မပူဇော်ခြင်းကို လည်း ဗျတိရေကနည်းအားဖြင့် ပြောင်းပြန်ပြလျက်ရှိ၏၊ ပူဇော် ခြင်း၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရစသည်ကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက် ဖြစ်သော မပူဇော်ခြင်း၏ အကြောင်း အယောနိသော မနသိကာရ, သဒ္ဓမ္မအဿဝန, ဗာလူပသေဝန, အကုသလ, စက္ကဝိပတ္တိ, ပမာဒ စသည်ကိုလည်း ယူအပ်၏။

ထိုတွင် အယောနိသော မနသိကာရကို ယူသဖြင့် "အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ" စသည်နှင့်အညီ အယောနိသော မနသိကာရလျှင် အကြောင်း ရှိသော အကျိုးတရားတို့ အဆက်ဆက် လည်ကုန် ဖြစ်ကုန်၏။

သဒ္ဓမ္မအဿဝန စသည်ကို ယူသဖြင့် "အဿဝနတာ ဓမ္မဿ ပရိဟာ ယန္တိ" စသည်နှင့်ရင်း, "ဒုက္ခော ဗာလေဟိ သံဝါသော" စသည်နှင့်ရင်း, "ခဏာတီတာ ဟိသောစန္တိ" စသည်နှင့်ရင်း "ဝိပ္ပန္နဒိဋ္ဌိ မာယာဝီ, ဘံ ဧညာ ဝသလော ဣတိ" စသည်နှင့်ရင်း, "ပမာဒေါ မစ္စုနော ပဒံ" စသည်နှင့်ရင်း, လျော်ညီစွာ ဒုက္ခရောက်ကြောင်း မကောင်းအကုသိုလ် တရားတို့ အဆက်ဆက် လည်ကြ ဖြစ်ကြလေသည်၊ ဤကား သဘော မတူသောအားဖြင့် လည်ပုံတည်း။

------

## ၈။ ဝိဘတ္တိဟာရ
## (ကျက်မှတ်ရန်)

(က) သုတ္တာဂတ, ပုဒ်အရကို, ဓမ္မ–ပဒဋ္ဌာန်, ဘုံအရင်းခံလျက်, ဝေဘန်သောခါ, သာဓာ–သာဓ, ၂ မျိုးချ၍, နာမ ဝတ္ထု, ၂မျိုးစုကာ, ဝေဘန်ရာသည့်, ဝိဘတ္တိကား၊...

(ခ) ယံ လောကောရှိ, ယံ၏အရ, ဝိသိဋ္ဌကရုဏာ, ယူပြီး ခါဝယ်, ၂ ဖြာကြောင်းကျိုး, ခွဲဝေရိုးတွင် , ရှင်သုမေဓာ, ကြောင်းကရုဏာတည်း၊ ထိုဟာသည်ကား, ပရိတ် မဟဂ္ဂတ, ကုသလ အမှန်, ဝေါဒါန်ဓမ္မ ဟု, ဝေဘန် ပြုလော။

(ဂ) တပါးသူ့လာ, ကရုဏာနှင့်, ကရုဏာ–အပ္ပမဉ်, ထို့ပြင် ဖြဟ္မ–ဝိဟာရ ဟု, နာမချင်းရှု, ဆက်ဆံပြု၏၊ ပုထုဇ္ဇန, သေက္ခ ဟုလည်း, ဝတ္ထုတည်ရာ, ဆက်ဆံပါ၏။

(ဃ) အနညသာဓာ, မဟာကရုဏာတည့်, နာမည်မှည့်၍, ဗောဓိသတ္တ–ဝတ္ထုပြုသော်, အသာဓာရဏာ, ဖြစ်ပြန် ရာသည်, မှတ်ပါ ဓမ္မ ဂိဘတ်တည်း။

(င) ထို ကရုဏာတော်, တည်ပြန်သော်ကား, ပစ္စုပ္ပန္န, သုခဝိဟာ, သမ္ပရာ၏, သမ္ပတ္တိပေါင်း, အကြောင်း ပဒဋ္ဌာန်, ဖြစ်ရပြန်၏။

(စ) သန္တာန်သူတပါး, ကရုဏာများလည်း, မခြားစင်စစ်, တို့တူဖြစ်၍, စနစ်မှန်မှန်, ပဒဋ္ဌာန်နာမ, သေက္ခ–ပုထု, တည်ရာရှု၍, ဝတ္ထုချင်းငှ, ဆက်ဆံပေ၏။

(ဆ) သုမေဓာသန္တာန်, ပစ္စုပ္ပန်ရှိ, ဘိနိဟာရ, ဗျာကရဏာ လဒ္ဓါ၊ သံသရာ၏, ဗောဓိသမ္ဘာရ, ဗုဒ္ဓတ္တတိုင်, ဆိုင်ဆိုင် ဂုဏ်ပေါင်း, ရကြောင်းပဒဋ္ဌာန်, အထူးကြံသော်, နာမံ ဝတ္ထု, ၂ ခုလုံးပင်, မဆက်ဆံချင်ဟု, ဝေဘန်ပြသည့်, မှတ်ရှု ပဒဋ္ဌာန် ဝိဘတ်တည်း။

(ဇ) အထက်၌ပြ, သာဓာရဏ ဂုဏ်ပေါင်း ရကြောင်း ပဒဋ္ဌာ, ကရဏာပင်၊ ပုထုဇဉ်ဘုံ, ကာမဘုံနှင့်, ဘုံ မဟဂ္ဂ, နာမဝတ္ထု, ၂ ခုလုံးမှန်, ကုန်ဆက်ဆံ၏၊ ဗောဓိသတ္တ, ဘုံဟုပြသော်, နာမဝတ္ထု, ၂ ခုလုံးတွက်, မဆက်မဆံ, အတန်တန်သည်, မှတ်ရန်ဘူမိ ဝိဘတ်တည်း။

(ဈ) ဤနည်းမခြား, ဘုရားသန္တာန်, ကရဏ်မျိုး, ကျိုးကရဏာ, ယူပြီးခါဝယ်, ကောင်းစွာခွဲမှု, ဝေဘန်ပြဘို့, နယပဒေ, သိလောက်ပေပြီ, မှတ်လေ ဝိဘတ္တိဟာရတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) သုတ်၌လာသော တရားတို့ကို ဓမ္မပဒဋ္ဌာန် ဘုံအရင်းခံ၍ သာဓာရဏ–အသာဓာရဏအားဖြင့် ၂ မျိုးစီပြားသော နာမည်, ဝတ္ထုတို့ဖြင့် ဝေဘန်ခြင်း လက္ခဏာရှိသော ဟာရသည် "ဝိဘဇိယန္တိ ဓေတေန ဓမ္မာ ဝါ သာဓာရဏာ သာဓာရဏာနံ သံကိလေသ ဝေါဒါန ဓမ္မာနံ ဘူမိယော" ဟူသော ဝစနတ္ထကြောင့် ဝိဘတ္တိဟာရမည်၏။ [ဧတေန–ဤဟာရဖြင့်၊ ဝါ, ဓမ္မာ–၌၊ သာဓာရဏာ သာဓာရဏာနံ–ဆက်ဆံကုန် မဆက်ဆံကုန်သော၊ သံကိလေသ ဝေါဒါနဓမ္မာနံ–ညစ်ညမ်းသော တရား ဖြူစင်သော တရားတို့၏၊ ဘူမိယော–ဘုံတို့ကို၊ ဝိဘဇိယန္တိ–ဝေဘန်အပ်ကုန်၏။]

(ခ) "ယံလောကော ပူဇယတော" ၌ ယံ၏အရ အလောင်းတော်ဘဝမှ စ၍ ဘုရားအဖြစ်တိုင်အောင် ခန္ဓာတော်အစဉ်၌ ကိန်းဝပ် တည်ရှိသော မြတ်စွာဘုရား၏ ဂုဏဝိသိဋ္ဌ ကရုဏာကို ယူရာ၏၊ ထိုကရုဏာသည် အကြောင်းကရုဏာ အကျိုးကရုဏာ အားဖြင့် ၂ ပါး ပြား၏၊ ရှင်သုမေဓာသန္တာန်၌ရှိသော ကရုဏာသည် အကြောင်း ကရုဏာတည်း၊ ထို ကရုဏာသည် ဘုံအားဖြင့် ရူပ်အနိုက် မဟုတ်လျှင် ပရိတ္တ (ကာမ) ဘုံတွင် ပါဝင်၏၊ ကရုဏာ ရူပ် အနိုက်၌ မဟဂ္ဂုတဘုံတွင် ပါဝင်၏၊ ဓမ္မအားဖြင့် ကုသိုလ်ဖြစ်သော ဝေါဒါနဓမ္မတည်း။

(ဂ) ထို ရှင်သုမေဓာ၏ ကရုဏာသည် သူတပါးသန္တာန်၌ ဖြစ်သော ကရုဏာနှင့် ကရုဏာဟူသော အပ္ပမညာဟူသော ဗြဟ္မဝိဟာရ ဟူသော နာမည်အားဖြင့်၎င်း, (ရှင်သုမေဓာ၏ ပုထုဇဉ်သေက္ခ ဖြစ်ခိုက်) အခြားသော ပုထုဇဉ်ဟူသော သေက္ခပုဂ္ဂိုလ်ဟူသော ဝတ္ထု၌ ကရုဏာတည်ရကား တည်ရာဝတ္ထုအားဖြင့်၎င်း ဆက်ဆံ တူမျှ၍ သာဓာရဏ ဖြစ်၏။

(ဃ) ဘုရားအလောင်း၏ ကရုဏာသည် အခြားသူ၏ ကရုဏာနှင့် ထူးခြားလေရကား အနညသာဓာရဏ မဟာကရုဏာ ဟူသော နာမည်မှည့်၍ ဘုရားအလောင်း ဟူသော ထူးခြားသော ပုဂ္ဂိုလ် ဝတ္ထု၌ တည်သော ကရုဏာဟု ယူလျှင် တပါးသူတို့၏ကရုဏာနှင့် နာမည်အားဖြင့်၎င်း, တည်ရာအားဖြင့်၎င်း မဆက်ဆံ မတူမျှ၍ အသာဓာရဏဖြစ်ရလေသည်၊ ဤကား ဓမ္မကို အရင်းခံ၍ ဝေဘန်ပုံတည်း။

(င) ရှင်သုမေဓာသန္တာန်၌ ကရုဏာတည်ရှိပြန်သော် ပစ္စုပ္ပန်ဘဝ၌ ချမ်းသာစွာနေထိုင်ရခြင်းနှင့်, သမ္ပရာယ (တမလွန်) ဘဝ၌ ဘဝ

သမ္မတ္တိ ဆောင သမ္ပတ္တိစ်သော အကျိုးတူးဂုဏ်ကိုရ၏၊ ထို့ကြောင့် ထိုကရုဏာသည် ထိုအကျိုးဂုဏ်တို့၏ အကြောင်းပဒဋ္ဌာန် ဖြစ်၏။

(စ) သူတပါး သန္တာန်၌ ကရုဏာများလည်း ထို့အတူ အကျိုးဂုဏ် တို့၏ တည်ကြောင်း ပဒဋ္ဌာန်ဖြစ်၏၊ ထို့ကြောင့် ရှင်သုမေဓာ၏ ကရုဏာသည် ပဒဋ္ဌာန်ဟူသော အမည် ပုထုဇဉ်သေက္ခဟူသော တည်ရာပုဂ္ဂိုလ် ဝတ္ထုအားဖြင့် သူတပါးတို့၏ ကရုဏာနှင့် ဆက်ဆံ တူမျှ၍ သာဓာရဏ ဖြစ်၏။

(ဆ) "ရှင်သုမေဓာ၏ ကရုဏာသည် ပစ္စုပ္ပန်ဘဝ၌ မဟာဘိနိဟာရ (ကြီးကျယ်စွာ ဘုရားဆုပန်ခြင်း) လဒ္ဓဗျာကရဏ (ဗျာဒိတ် ရခြင်း) ၏ အကြောင်းဖြစ်၍ သံသရာဝယ် ဗောဓိသမ္ဘာရ (ဘုရား ဖြစ်ကြောင်း ပါရမီအဆောက်အဦးကို) ဖြည့်ခြင်း, ဗုဒ္ဓတ္တ (ဘုရား ဖြစ်ခြင်း) အကျိုးတိုင်အောင် အကျိုးဂုဏ် အထူးကို ရခြင် ၏ အကြောင်း ပဒဋ္ဌာန်ဝိသေသ ဖြစ်၏" ဟု ယူလျှင် အခြားသူတို့၏ သာမညကရုဏာနှင့် နာအမည်ချင်းအားဖြင့်၎င်း, တည်ရာပုဂ္ဂိုလ် ဝတ္ထုအားဖြင့်၎င်း မတူမျှ၍ အသာဓာရဏ ဖြစ်သည်၊ ဤကား ပဒဋ္ဌာန ဝိဘတ္တိတည်း။

(ဇ) အထက်၌ ပြခဲ့သော သာဓာရဏ ဂုဏ်ကို ရကြောင်း ပဒဋ္ဌာန် ဖြစ်သော ကရုဏာသည် အခြားသူတို့၏ ကရုဏာနှင့် ပုထုဇ္ဇနဘုံ, ကာမဘုံ, ဈာန်အခိုက်၌ မဟဂ္ဂတဘုံဟူသော နာမည်–ဝတ္ထုအား ဖြင့် ဆက်ဆံတူမျှ သာဓာရဏဖြစ်၍, ဓောဓိသတ္တဘုံ ဟူသော နာမည်–ဝတ္ထုအားဖြင့်ကား မဆက်ဆံ မတူမျှသဖြင့် အသာဓာ ရဏ ဖြစ်ရလေသည်၊ ဤကား ဘူမိဝိဘတ္တိတည်း၊ ဤ ၃ မျိုးသော ဝိဘတ္တိလည်း အကြောင်းကရုဏာ အတွက်သာ ဖြစ်သည်။

(ဈ) ဘုရားသန္တာန်၌ ဖြစ်သော ကရုဏာတော်သည် အကျိုးကရုဏာ တည်း၊ ထိုသည် ပရိတ္တ မဟဂ္ဂတ အဗျာကတဖြစ်သော ဓေါဒါန်

ဓမ္မပင်တည်း၊ ထိုကရုဏာသည် သူတပါးတို့၏ ကရုဏာနှင့် (ပြခဲ့သော) နာမည်အားဖြင့်ရင်း, ရုပက္ခန္ဓာဟူသော ဝတ္ထုအားဖြင့်ရင်း သာဓာရဏ ဖြစ်၏၊ ထူးခြားသော မဟာကရုဏာဖြစ်၍ အနည သာဓာရဏ မဟာကရုဏာဟူသော အမည် ဘုရားတည်းဟူသော တည်ရာဝတ္ထုအားဖြင့်ကား အသာဓာရဏ ဖြစ်၏၊ ဤကား ဓမ္မ ဝိဘတ္တိတည်း။

ထိုကရုဏာဓမ္မ တည်ရှိပြန်လျှင် ဒိဋ္ဌဓမ္မသုခဝိဟာရနှင့် ဝေနေယျတို့၏ ဟိတသိဒ္ဓိဟူသော အထက်ဂုဏ်အထူးကိုရ၏၊ ထို့ကြောင့် ကရုဏာသည် ထိုဂုဏ်ထူးကို ရခြင်း၏ အကြောင်း ပဒဋ္ဌာန်ဖြစ်၏၊ ထိုပဒဋ္ဌာန် ဟူသော နာမည်, ရုပက္ခန္ဓာပုဂ္ဂိုလ်ဟူသော တည်ရာဝတ္ထုအားဖြင့် သူတပါးတို့၏ ကရုဏာနှင့် သာဓာရဏ ဖြစ်၏၊ ဘုရားသန္တာန်၌ဖြစ်သော အနညသာဓာ ရဏာဂုဏ်ထူးကို ရခြင်း၏ အကြောင်း ပဒဋ္ဌာန်ဝိသေသအဖြစ်ကို ယူလျှင် အခြားသူတို့ ကရုဏာနှင့် နာမည်ချင်း တည်ရာပုဂ္ဂိုလ် ဝတ္ထုချင်းအားဖြင့် အသာဓာရဏ ဖြစ်၏၊ ဤကား ပဒဋ္ဌာန်ဝိဘတ္တိတည်း။

ထိုအကြောင်းပဒဋ္ဌာန်ဖြစ်သော ကရုဏာသည် သူတပါးတို့ ကရုဏာနှင့် အသေက္ခဘုံ ကာမဘုံ မဟဂ္ဂတဘုံ ဟူသော နာမည်–ဝတ္ထုအားဖြင့် သာဓာရဏဖြစ်၍, ဗုဒ္ဓဘုံ (ဘုရားသန္တာန်၌ ဖြစ်ခြင်း) ဟူသော နာမည်– ဝတ္ထုအားဖြင့် အသာဓာရဏ ဖြစ်၏၊ ဤကား ဘူမိဝိဘတ္တိတည်း။

ယံ အရဉ္ဖ အရဟတ္တမဂ်ဉာဏ်ကို ယူလျှင် လောကုတ္တရာ ကုသိုလ် ဝေဒါန်ဓမ္မတည်း၊ သူတပါးတို့ မဂ်နှင့် မဂ္ဂအမည် သေက္ခပုဂ္ဂိုလ်ဟူသော ဝတ္ထုအားဖြင့် တူ၏၊ အနညသာဓာရဏ မဂ္ဂအမည်, ဗောဓိသတ္တဟူသော ဝတ္ထုအားဖြင့် မတူ၊ အထက်ဂုဏ်ထူးကို ရခြင်း၏ ပဒဋ္ဌာန်ဖြစ်၍ ထို ပဒဋ္ဌာန်ဟူသော နာမည်–ဝတ္ထုအားဖြင့်တူ၏၊ သဗ္ဗညုတဂုဏ်ကို ရခြင်း၏ အကြောင်း ပဒဋ္ဌာန် ဝိသေသ ဟူသော နာမည်–ဝတ္ထုအားဖြင့် မတူ။

ဘာဝနာဘုံ သေက္ခဘုံ လောကုတ္တရာဘုံ ဟူသော နာမည်–ဝတ္ထုအားဖြင့် တူ၏၊ ဗောဓိသတ္တဘုံဟူသော နာမည်ဝတ္ထုအားဖြင့်မတူ။

ယံ အရ သဗ္ဗညုတဉာဏ်ကိုယူလျှင် ပရိတ္တ အဗျာကတ ဝေါဒါန်ဓမ္မတည်း၊ သူတပါးတို့ ဉာဏ်နှင့် ဉာဏ်ဟူသော အမည်, အသေက္ခပုဂ္ဂိုလ်ဟူသော ဝတ္ထုအားဖြင့် တူ၏၊ သဗ္ဗညုတဉာဏ်ဟူသော အမည်, ဗုဒ္ဓဟူသော ဝတ္ထုအားဖြင့် မတူ၊ ဤသို့ စသည်ဖြင့် ပဒဋ္ဌာန်, ဘုံတို့ကို အခြေခံ၍လည်း ဝေဘန်ပါလေ။

**လောကောအရ**။ ။ လောကဟူသည် ဝေါဟာရ (ခေါ်ရိုး) အားဖြင့် သတ္တဝါဟူသော ပညတ်တည်း၊ ပရမတ္ထအားဖြင့် ခန္ဓာငါးပါးတည်း၊ ထိုလောကသည် (ဤ၌ပူဇော်သော လောကဖြစ်၍) မပူဇော်သော လောကနှင့် လောကဟူသောအမည်, ပုထုဇ္ဇန သေက္ခ အသေက္ခမနုဿ ဒေဝ ဟူသော တည်ရာဝတ္ထုအားဖြင့် ဆက်ဆံ၏၊ ပူဇော်သော လောကဝိသေသအမည်, ပူဇော်သော ပုဂ္ဂိုလ်ဟူသော တည်ရာဝတ္ထု အားဖြင့် မဆက်ဆံ၊ ဤကား ဓမ္မဝိဘတ္တိတည်း။

ထိုလောကဟူသော ပညတ္တိဓမ္မတည်သည်ရှိသော် အထက်၌ ပူဇော်ခြင်းဟူသော ဂုဏ်အထူးဖြစ်၍ ထို၏ အကြောင်း ပဒဋ္ဌာန်ဖြစ်၏၊ ထို့ကြောင့် ပဒဋ္ဌာန် ဟူသော နာမည်သာမညာ, တည်ရာလောက ဟူသော ဝတ္ထုသာမညအားဖြင့် မပူဇော်သော လောကနှင့် ဆက်ဆံ၏၊ ထိုဂုဏ်အထူး၏ အကြောင်း ပဒဋ္ဌာန် ဝိသေသဟူသော နာမည်, ပူဇော်သော လောကဟူသော ဝတ္ထုအားဖြင့် မဆက်ဆံ၊ ဤကား ပဒဋ္ဌာနဝိဘတ္တိတည်း။

ထိုပဒဋ္ဌာန်ဝိသေသဖြစ်သော လောကသည် ကာမစသောဘုံ, ပုထုဇ္ဇနစသောဘုံ ဟူသော နာမည်–ဝတ္ထုအားဖြင့် ဆက်ဆံ၏၊ ကာမဘုံချင်းတူသော်လည်း ဒုဂ္ဂတိဘုံ သုဂတိဘုံ ဟူသော နာမည်–တိရစ္ဆာန ပေတစသော တည်ရာဝတ္ထုအားဖြင့် မတူ၊ ဤကား ဘူမိဝိဘတ္တိတည်း။

**ပုဇယတော။** ။ ပူဇယတောအရ ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ကာယဝိညတ် ဝစီဝိညတ်နှင့် အကြောင်းစိတ္တုပ္ပါဒ် ဖြစ်သော ဒါန သီလ ဘာဝနာရ၏၊ ထိုတရားစုသည် ပရိတ္တ မဟဂ္ဂတ အပ္ပမာဏ ကုသိုလ် အဗျာကတ ဖြစ်သော ဝေါဒါနဓမ္မတည်း၊ ထိုဓမ္မသည် ပူဇော် ကြောင်း စေတနာနှင့်ငှင်း အနုပါန စသော ပူဇော်ဘွယ် ဝတ္ထုနှင့်ငှင်း ပူဇော်ခံပုဂ္ဂိုလ်နှင့်ငှင်း ပူဇနအမည်-ပူဇော်ရာ ဝတ္ထု သာမာန်အားဖြင့် ဆက်ဆံရ၏၊ ရတနတ္တယ ပူဇာအမည်, ရတနတ္တယ ဟူသော ဝတ္ထုအားဖြင့် မဆက်ဆံ၊ ဤကား ဓမ္မဝိဘတ္တိတည်း၊ ထိုပူဇာဓမ္မ တည်လတ်သော် ထိုပူဇာသည်...

"တေ တာဒိသေ ပူဇယတော, နိဗ္ဗုတေ အကုတောဘယေ၊
န သက္ကာ ပုညံ သင်္ခါတုံ, ယမေတ္တ မပိ ကေနစိ"

နှင့်အညီ မရေတွက်နိုင်အောင် များမြောင်သောအကျိုး၏ ပဒဋ္ဌာန်ဖြစ်၏၊ ထိုပဒဋ္ဌာန်သည် အကြောင်း ပဒဋ္ဌာန် သာမညဟူသော နာမည်-ဝတ္ထု အားဖြင့် အခြားပဒဋ္ဌာန်နှင့် ဆက်ဆံ၏၊ အသီးအသီးသော အကျိုးကို ရကြောင်း ပဒဋ္ဌာန်ဝိသေသဟူသော နာမည်-ဝတ္ထု အားဖြင့် မဆက်ဆံ၊ ဤကား ပဒဋ္ဌာနဝိဘတ္တိတည်း၊

ဒ

ပူဇော်ခြင်းသည် ဘုံ ၄ ပါး၌ ပါဝင်၏၊ ထို့ကြောင့် စတုဘူမိက ဟူသော အမည်သာမံ, ဘုံ ၄ ပါးတည်ဟူသော တည်ရာဝတ္ထုအားဖြင့် အခြားတည်ရာတို့နှင့် ဆက်ဆံ၏၊ ကာမဘုံ၌ ပါဝင်သော ပူဇာ စသော အသီးအသီးသော နာမည် ဝတ္ထုအားဖြင့် မဆက်ဆံ၊ ဤကား ဘူမိ ဝိဘတ္တိတည်း။

-----

## ၉။ ပရိဝတ္တနဟာရ
## (ကျက်မှတ်ရန်)

(က) သုတ္တာဂတ, ပုဒ်ဓမ္မကို, ရှာကြလေဘိ, ထင်စွာသိသော်, ပဋိပက္ခ–ဓမ္မတသင်း, ကုန်ပျောက်ကင်း၍, ယင်းသည့်မူလ, ဓမ္မကြောင်းခံ, ကျိုးတန်တန်ကို, လည်ပြန်စေဘိ, ပရိဝတ္တန, ဤဟာရကား–

(ခ) ပူဇယတေအရ, ဒါနသီလာ, ဘာဝနာမယ, ပူဇာပြ၏၊ ဒါနမယဖြင့်, အသဒ္ဒိယ, ကောသဇ္ဇနှင့်, ပမာဒ ဣဿာ, မစ္ဆရာဟု, ပဋိပက်စုပြင်, ထိုလျှင်အကြောင်း, ဘေး အပေါင်းစုံ, ပပျောက်ကုန်ရ၊ ယင်းဒါနကြောင့်, ဒိဋ္ဌ– သမ္ပရာ, ကျိုးများစွာလျှင်, စည်ပင်ပြန့်ပြော, လည်ရ သောတည်း။

(ဂ) ထိုနည်း သီလ–မယပူဇာ, စေတနာဖြင့်, အသဒ္ဒိယ, ဒုဿီလျစာရိ, ဒုပ္ပဋိ–မိစ္ဆာ–ပဋိပဒါဟု, ပဋိပက်စုပြင်, ထိုလျှင်အကြောင်း, ဘေး–အပေါင်းမှ, စ၍အဆို, ရှေးနည်း လိုသာ...ဘာဝနာမယ, ယင်းပူဇ၏, ရမည့်အချက်, ပဋိပက်ကား, သကာလဝဋ်ဒုက်, အကျယ်ထုတ်၍, မယုတ် ရှေ့ပုံ, လည်စေကုန်လော၊...

(ဃ) တဖုံ အကုသလ, သုတ်ပုဒ်ရမူ, ပက္ခ ပဋိ, ရှိရှိသမျှ, ကုသလနှင့်, ဖလကျိုးထွေ, ပပျောက်လေ၍, အနေ မူလ, အကုသလကြောင့်, ဒိဋ္ဌ–သမ္ပရာ, ၂ ဖြာ ပွားတိုး,

မကောင်းကျိုးတို့, လည်ရိုးတဖန်, ပြရပြန်သည်, မှတ်ရန် ပရိဝတ္တနဟာရတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) သုတ်ဥ္ဓလာသော ပုဒ်အရ ကုသိုလ်ဓမ္မ–သို့မဟုတ် အကုသိုလ်ဓမ္မဟု ရှာပြီးလျှင် ကုသိုလ်ဓမ္မကို ဆန့်ကျင်ဘက် အကုသိုလ်ဓမ္မအားဖြင့်, အကုသိုလ်ဓမ္မကို ဆန့်ကျင်ဘက် ကုသိုလ်ဓမ္မအားဖြင့် ပြန်လည်စေ ကင်းပျော်စေ၍ ထိုဓမ္မလျှင် အရင်းခံရှိသော အကျိုးအတန်တန်ကို လည်စေခြင်း လက္ခဏာရှိသော ဟာရသည် "ပရိဝတ္တိယန္တိကုသမိနာ ဓမ္မာဝါ သုတ္တေ ဝုတ္တာဓမ္မာ" ဟူသော ဝစနတ္တကြောင့် "ပရိဝတ္တန" မည်၏၊ [ကုသမိနာ–ဤဟာရဖြင့်၊ဝါ–ဓမ္မာ–ဥ္ဓ၊သုတ္တေ သုတ်ပါဠိတော် ဥ္ဓ၊ ဝုတ္တာဓမ္မာ–ဟောတော်မူအပ်သော တရားတို့ကို၊ ပရိဝတ္တိ ယန္တိ– လည်စေအပ်ကုန်၏။]

(ခ) ပုဇယတေအရ ဒါန သီလ ဘာဝနာဖြစ်သော ကုသိုလ်အဗျာကတ ပုဇာရ၏၊ ဒါနမယဖြင့် အသဒ္ဓိယ, ကောသဇ္ဇ, ပမာဒ, ဣဿာ, မစ္ဆရိယဟူသော ပဋိပက္ခ (ဆန့်ကျင်ဘက်) အကုသိုလ် ဓမ္မစုသည် ၎င်း, ထိုအကုသိုလ်လျှင် အကြောင်းရင်းရှိသော ပစ္စုပ္ပန်သံသရာ ဘေးတို့သည်၎င်း, ပပျောက်ကုန်၏၊ ထိုဒါနလျှင် အကြောင်းရင်း ရှိသော ပစ္စုပ္ပန် သံသရာကျိုးတို့သည် စည်ပင် ပြန့်ပွား များပြား ဖြစ်တည် အဆက်ဆက် လည်ကုန်၏။

(ဂ) သီလမယဖြင့် အသဒ္ဓိယ, ဒုဿီလျ, အာရာစာရီ (မေထုန်မှဝေးစွာ ကျင့်လေ့ရှိ) ဒုပ္ပဋိပတ္တိ, မိစ္ဆာပဋိပတ္တိ စသော ပဋိပက္ခ တရားစုံ သည်ရင်း, ထိုတရားစုလျှင် အရင်းခံရှိသော ပစ္စုပ္ပန်သံသရာဘေးတို့ သည်ရင်း ပပျောက်ကုန်၏၊ ထိုသီလလျှင် အကြောင်းရင်းရှိသော

ပစ္စုပ္ပန် သံသရာအကျိုးတို့ ပွားတိုးဖြစ်တည် အဆက်ဆက်လည် ကုန်၏၊ ဘာဝနာမယဖြင့် အလုံးစုံသော ဝဋ္ဋဒုက္ခတို့သည်၎င်း, ထိုလျှင် အကြောင်းရှိသော ဘေးတို့သည်၎င်း, ပပျောက်ကုန်၏၊ ထိုဘာဝနာလျှင် အကြောင်းရှိသော သုဂတိသုခနှင့် နိဗ္ဗာနသုခ တိုင်အောင် အကျိုးတို့လည်း အဆက်ဆက် လည်ကုန်၏၊ ဤကား သုတ်ပုဒ်အရ ကုသိုလ်ဆိုင်ရာ ရသဖြင့် ပရိဝတ္တနဖြစ်ပုံတည်း။

(ဃ) "သုတ်ပုဒ်အရ အကုသိုလ်ရလျှင်လည်း ဆန့်ကျင်ဘက် ကုသိုလ် တရားစုနှင့် ထိုကုသိုလ်လျှင် အကြောင်းရှိသော ပစ္စုပ္ပန်သံသရာ ကောင်းကျိုးတွေပပျောက်ကုန်၏၊ ထိုအကုသိုလ်လျှင် အကြောင်းရင်း ရှိသော ပစ္စုပ္ပန်သံသရာ မကောင်းကျိုးတွေ အဆက်ဆက် လည် ကုန်၏" ဟု "အသေဝနာ စ ဗာလာနံ" သုတ်ပုဒ်ဝယ် ဗာလ အရ အကုသိုလ်ဓမ္မကို ကောက်ယူ၍လည်း ပြကြပါလေ။

-----

## ၁၀။ ဝေဝစနဟာရ

## (ကျက်မှတ်ရန်)

(က) ထိုထို သုတ်ပုဒ်, ပရိယာယ် ထုတ်၍, ဝေဝုစ် ဖော်ပြ, ထိုဟာရကို "ဝေဝစန" ဆိုလော။

(ခ) ယံ လောကောရှိ, ယံပုဒ်၏ကား, ယာဒိသံပုဒ်, ယထာ ယုတ္တံ, ယံ ဇစ္စံနှင့်, ယံ နာမံတည့်, စရှိထုတ်လေ... လောကော ဝေမှု, မသွေမှတ်လော, ပါဏော သရိရိ, ဘိခာန်မှီပါ။

(ဂ) ပူဇာပဒ, ဝေဝစနကား, ပူဇန-မာနံ, မာနနံ-သက္ကာရော,. စသည်ဟောဘိ။...စ၏ ဝေဝုစ်, ပိ-အပိ ထုတ်ကာ, အရာရာသည်, မှတ်ပါ ဝေ ဝစနတည်း။

(ကြည့်ရှုရန် စကားပြေ)

က) သုတ်၌လာသောပုဒ်ကို ရသင့်သမျှ များစွာသော ပရိယာယ် သဒ္ဒါတို့ဖြင့် ဘွင့်ပြခြင်း လက္ခဏာရှိသော ဟာရသည် "ဝိဝိဓံ ကေဘ္တေယော ပဝတ္တံ ဝစနံ ဝိဝစနံ၊ ဝိဝစနမေဝ ဝေဝစနံ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဝစန မည်၏။[ကေဘ္တေယော-တခုတည်းသော အနက်၌ပင်၊ ဝိဝိဓံ-အထူးထူး အပြားပြား၊ ပဝတ္တံ-ဖြစ်သော၊ ဝစနံ-သဒ္ဒါတည်း၊ ဝိဝစနံ-တခုတည်းသော အနက်၌ပင် အထူးထူး အပြားပြား ဖြစ်သော သဒ္ဒါ၊ ဝိဝစနမေဝ-သည်ပင်၊ (သွတ္တအနက်၌ ဏပစ္စည်းသက်၍) ဝေဝစနံ-မည်၏။]

**ယံလောကော** ။ ။ယံ၏ ဝေဝုစ်ကား ယာဒိသံ,ယထာယုတ္တံ, ပထာဓစ္စံ, ယထာနာမံ, ယထာဂေါစရံ စသည်တည်း၊ [ယောပန ဘိက္ခုဳ ယာ၏ ပဒဘာဇနီအဖွင့် ဝိနည်းအတိုင်းတည်း။] လောကော၏ ဝေဝုစ်ကား-ပါဏော, သရီရို, ဘူတော, သဓတ္တာ, စသော အဘိဓာန် ခတိုင်းမှီပါ။

**ပူဇယတော**။ ။ ပူဇယတော၏ ဝေဝုစ်ကား-မာနယတော, သက္ကရောတ, အပစာယတော, ဂရုံကရောတော စသည်တည်း၊ ပူဇာစဉ်၌ ပူဇာ၏ ဝေဝုစ်ကား-ပူဇနာ, မာနံ, မာနနံ, သက္ကာရော စသည်တည်း၊ စ၏ ဝေဝုစ်ကား-ပိ, အပိတည်း။

-----

## ၁၁။ ပညတ္တိဟာရ

### (ကျက်မှတ်ရန်)

(က) ထိုထိုသုတ်ရှိ, ပကတိကထာ, ဒေသနာဟူသမျှ, ဝေနေယျ သန္တာန်, အသိဉာဏ်ကို, ဖြစ်ရန်မြော်ထွေ, သိပါစေ တတ်, ဟောထားအပ်ကြောင့်, ပညတ်နိက္ခေပ, ခေါ်ဆို ရ၏။

(ခ) ယံလောကောမှ, ယံပဒကို, နိက္ခေပ ပညတ်, ဉုးစွာ မှတ်ဘိ၊ ယံ၏ အရ, ဂုဏဝိသိဋ္ဌာ, ကရဏဘကား, များစွာ ဂုဏ, ပဘဝကြောင့်, ပဘဝပညတ်, တမျိုး မှတ်ကာ၊ ဒုက္ခာပနယန လက္ခဏတဇ္ဈာ, ပြသည့်တာ ကြောင့်, တဇ္ဈာပညတ်, ထပ်၍မှတ်ကြ၊ ဂုဏ်ဝိသိဋ္ဌာ, ခွဲသောခါဝယ်, ဥပါဒါလောင်း၊ ဂုဏ်ပေါင်း သမူဟ, ကရဏာ့ သမာပတ္တိ, ဝိထိအစဉ်, သန္တတိတွင်၏။

(ဂ) ယင်းပင် ကရဏ, နက်အတ္ထမို့, အတ္ထပညတ်, မှတ်အပ် ကောင်းစွာ၊ သင်္ကေတာနှင့် မနသာ ဝဝတ္ထ, သဒ္ဒ ပညတ်, တရပ်နာမ, ပဒ–သျှာချန်, ဒုတိယန္တ, စသည်ခွဲလျက်, အနက်မှန်က, ကာရကနှင့်, ကမ္မ–အဝုတ္တံ, စသည်ိ လှန်လော။

(ဃ) လောကော ဟူသည့်, ပကတိလည်း, ဟိဂိ ကမ္မသ်, ပစ္စတ်–နန္တ, ဗြဟ္မဝိဟာ, နိဝါသာနှင့်, ဒက္ခိဏာဝိသုဒ္ဓိ, သမ္မုတိလောက, ထိုရှုစ်ဝကား, ပုဂ္ဂလကထာ, ဟော

ကြောင်းသာတည်း၊ ရှစ်ဖြာထိုတွင်, နန္တ ရိယကြည်၍, ခုနစ်အင်မျှ, ကြောင်းအရဖြင့်, ထားပြ နိက္ခေ, တထွေဒုက္ခာ, ပရိညာနှင့်, အဘိညာမှတ်, ပညတ်တစ္ဆာ, စသည်ဖြာလေ။

(င) ပူဇယတောမှာ, နိက္ခေပပညတ်, တရပ်ဒေသနာ, တဖြာဟေတု, စသည်ရှုကာ, တစ္ဆာမှစ, ရာသမျှကို ,ရှေးနည်းဆိုသည်, မှတ်လို ပညတ္တိဟာရတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) "ယံ လောကော ပူဇယတေ" စသည်ဖြင့် ထိုထိုသုတ်၌ လာရှိသော ပကတိကထာ (ပင်ကိုယ်တရား) ဒေသနာသည် ဟောလိုရာ အနက် အဓိပ္ပာယ်ကို အပြားအားဖြင့် သိစေတတ်, ဝေနေယျ သန္တာန်၌ ထားအပ်သောကြောင့် "ပကာရေန ဉာပေတိ–အပြားအားဖြင့် သိစေတတ်၏၊ ပညပီယတိ–ဝေနေယျတို့ သန္တာန်၌ ထားအပ်၏" ဟူသော ဝစနတ္ထကြောင့် ပညတ္တိဟာရမည်၏။

(ခ) ယံ ဟူသော ဒေသနာသည်...

ဂုဏ်ထူးဝိသေသကို ရည်ရွယ်၍ ထားအပ်သောကြောင့် နိက္ခေပပညတ် မည်၏၊ ယံ၏ အရဖြစ်သော ဂုဏဝိသိဋ္ဌကရုဏာသည် များစွာသော ဂုဏ်တို့၏ အရင်းအစ ပဘဝ ဖြစ်၏၊ ထို ပဘဝ ကရုဏာကို သိစေတတ်သောကြောင့် ပဘဝ ပညတ်လည်းမည်၏။ ထိုကရုဏာ၏ ပရဒုက္ခာပနယန (သူတပါးဒုက္ခကို ပယ်ခြင်း) လက္ခဏာသည် တစ္ဆာမည်၏၊ ထို တစ္ဆာကို သိစေတတ်သောကြောင့် တစ္ဆာပညတ်လည်းမည်၏။ [တစ္ဆာ–ထိုအားလျော်စွာဖြစ်သည်။]

ကရဏာဂုဏ် အထူးကို ခွဲယူခြင်းသည် ဥပါဒါမည်၏၊ ဥပါဒါကို သိစေသောကြောင့် ဥပါဒါပညတ်လည်း မည်၏၊ ကရုဏာ စသော ဂုဏ်အပေါင်းသည် သမူဟမည်၏၊ ထိုသမူဟကို သိစေသော ကြောင့် သမူဟပညတ်လည်း မည်၏၊ ကရုဏာ သမာပတ္တိ ဝိထိ အစဉ်သည် သန္တတိမည်၏၊ ထိုသန္တတိကို သိစေသောကြောင့် သန္တတိပညတ်လည်း မည်၏။

(ဂ) ကရုဏာတရားဟူသည် (သဒ္ဒါမဟုတ်) အနက်ဒြဗ်အတ္ထတည်း၊ ထိုအတ္ထကို သိစေသောကြောင့် အတ္ထပညတ်လည်း မည်၏၊ ထို ဝိသိဋ္ဌကရုဏာ ဂုဏ်သည် ကောင်းစွာ အသိအမှတ် ပြုအပ်သော ကြောင့် သင်္ကေတတည်း၊ ထိုသင်္ကေတကို သိစေသောကြောင့် သင်္ကေတပညတ်လည်း မည်၏။

တရားဟူသမျှကို မဟောမီ ရှေးဦးစွာ စိတ်ဖြင့် ပိုင်းခြား မှတ်အပ်သောကြောင့် မနသာဝဝတ္ထာပိတ ဒေသနာတည်း၊ ထိုကို သိစေသောကြောင့် ယံသည် မနသာဝ ဝတ္ထာပိတ သဒ္ဒပညတ် လည်းမည်၏၊ ထိုယံသဒ္ဒါသည် နာမပညတ္တိသဒ္ဒါ၊ ဝါ–ပဒပညတ် မည်၏၊ ပဒတို့တွင် သျှာချန္တပဒ, ဒုတိယန္တပဒပညတ်လည်း မည်၏၊ ယံ၏အနက်သည် ကာရက, ကာရကတို့တွင် ကမ္မ ကာရက, အဝုတ္တ ကမ္မကာရကပညတ်, ဤသို့ စသည်ဖြင့် ပညတ် အမျိုးမျိုးကို သိရာ၏။

(ဃ) လောကောဟူသော ပကတိကထာဒေသနာသည် ပုဂ္ဂလကထာကို ဟောရခြင်း၏အကြောင်းရှစ်ပါးတို့တွင် အာနန္တရိယကံကိုပြုလိုခြင်း ဟူသော အကြောင်းမှတပါး ၇ ပါးသော အကြောင်းတို့ကြောင့် ဟောထားအပ်သည့်အတွက် နိက္ခေပပညတ်မည်၏၊ လောကော အရ ခန္ဓာ ၅ ပါးသည် "ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" နှင့်အညီ ဒုက္ခပညတ်တည်း၊ ပိုင်းခြား၍ သိအပ်သောကြောင့် ပရိညာပညတ်, ထူးသောဉာဏ်ဖြင့် သိအပ်သောကြောင့် အဘိညာပညတ်၊ ထို

ခန္ဓာ ၅ ပါး၏ ရုပ္ပနနမနသဘောသည် တဏှာမည်၏၊ ထိုတဏှာကို သိစေသောကြောင့် တဏှာပညတ်လည်းမည်၏၊ [ဤသို့စသည်ဖြင့် ဥပါဒါပညတ်မှစ၍ သျာချန္ဒပဒ, ပဌမန္တပဒ, ကာရက, ကတ္တု-ကာရက, ဝုတ္တကတ္တုကာရက တိုင်အောင် ဆိုလေ။]

**မှတ်ချက်။** ။ ပုဂ္ဂလကထာ ဟောခြင်း၏ အကြောင်း ၈ ပါး-ဟိရိ ဩတ္တပ္ပကိုပြခြင်း, ပစ္စတ္တပုရိသကာရ (အသီးသီးသော ယောကျ်ားတို့၏ ပြုလုပ်ဘွယ်) ကိုပြခြင်း, အာနန္တရိယကံကို ပြခြင်း, ဗြဟ္မဝိဟာရကိုပြခြင်း, ပုဗ္ဗေနိဝါသာနုဿတိကို ပြခြင်း, ဒက္ခိဏာဝိသုဒ္ဓိကို ပြခြင်း, လောက သမ္မုတိ မပယ်ကြောင်းကို ပြခြင်းတည်း။

(င) ပူဇယတေဟူသော ဒေသနာသည် ပူဇော်သော အခြင်းအရာအား ဖြင့် ဖြစ်သော ကိုယ်နှုတ် စိတ်အမူအရာကို ပြထားသောကြောင့် နိက္ခေပပညတ်၊ ဒါန သီလ ဘာဝနာ ပူဇာကို ဟောသောကြောင့် ဒေသနာပညတ်၊ အလောဘစသော ပူဇော်ခြင်း၏ အကြောင်းကို ပြသောကြောင့် ဟေတုပညတ်၊ ကောင်းမှု၏ အကျိုးကို ပြသော ကြောင့် ဖလပညတ်၊ ပူဇော်သော အမူအရာသည် တဏှာမည်၏၊ ထိုတဏှာကို ပြသောကြောင့် တဏှာပညတ်၊ ဤသို့ စသည်ဖြင့် ရှေးနည်းမှီ၍ ဆိုပါလေ။

------

## (၁၂)။ ဩတာရဏာဟာရ
### (ကျက်မှတ်ရန်)

(က) ထိုထိုသုတ်လာ, ပုဒ်ဓမ္မာကို, သရုပ်ရှာမှတ်, ခန်-အာ-ဓာတ်မှ, မဂ္ဂင်တိုင်ထိ, သွင်းချည့်တောင်း, အကြောင်း ဟောပြ, ဩတာရဏာတည်း။

(ခ) သိကြရန်ဟော, ယံလောကောရှိ, ယံ၏အရ, မဂ္ဂစိတ္တုပ်, တူဖြစ်ရုပ်ကို, သရုပ်ကောက်ကာ၊ ရုပ်မှာ ရူပက်, စိတ္တုပ်တွက်မူ, ဝေဒနာက်–သညာ, သင်္ခါ–ဝိညာဉ်, အစဉ်တဲ့တဲ့, ခန္ဓာဖွဲ့လေ။

(ဂ) နည်းမသွေရ, အာယတနနှင့်, အစု ဓာတု, စသည်ရှုလျက်, မေးမှုဖြေရှင်း, လျော်ရာသွင်းသည်, မှုရင်း ဩတာရဏတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) သုတ်၌လာသော ပုဒ်တို့ကို ရှေးဦးစွာ သရုပ် တရားကိုယ် အရကောက်၍, ထိုတရားတို့ကို ခန္ဓာ–အာယတန–ဓာတ်–သစ္စာ–ဣန္ဒြေမှစ၍ (ဓာတုကထာလာသော အစဉ်အတိုင်း) ဗောဓိမဂ္ဂင် အတွင်းသို့ သွင်းချခြင်း လက္ခဏာရှိသော ဟာရသည် "ဩတာရိယန္တိ အနုပ္ပဝေသိယန္တိ ဧတေန ဧတ္ထ ဝါ သုတ္တာ ဂတာ ဓမ္မာ ပဋိစ္စသမုပ္ပါဒါဒီသု" ဟူသော ဝစနတ္ထကြောင့် ဩတာရဏမည်၏။ [ဧတေန–ဤဟာရဖြင့်၊ ဝါ, ဧတ္ထ–၌၊ သုတ္တာဂတာ–သုတ်၌ လာကုန်သော၊ ဓမ္မာ–တို့ကို ၊ပဋိစ္စသမုပ္ပါဒါဒီသု–ပဋိစ္စသမုပ္ပါဒ် တရားစသည်တို့၌၊ ဩတာရိယန္တိ အနုပ္ပဝေသိယန္တိ= ချအပ် သွင်းအပ်ကုန်၏။]

(ခ) ယံ လောကော၌ ယံ၏အရ (ဘုရားရှင်) မဂ်စိတ္တုပ္ပါဒ် ထိုနှင့်အတူ ဥပါဒ်သော ရုပ်တရားစုကို ယူ၍, ရုပ်သည် ရူပက္ခန္ဓာ၊မဂ်စိတ္တုပ္ပါဒ်တွင် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့သည် အစဉ်အတိုင်းဝေဒနာက္ခန္ဓာစသည်မည်၏၊ ဤကားခန္ဓောတာရဏတည်း။

တနည်း–ယံ၏ အရကို ဖိုလ်စိတ္တုပ္ပါဒ်ယူ၍, ထိုဖိုလ်ဟူသော (မဂ္ဂင်) ရှစ်ပါးတွင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝသည်

သီလက္ခန်, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိသည် သမာဓိခန်၊ သမ္မာဒိဋ္ဌိသည် (သမ္မာသင်္ကပ္ပဝိတက် မယှဉ်) ပညာက္ခန်၊ ကြွင်းဖိုလ်စိတ္တုပ္ပါဒ်သည် ဝိမုတ္တိခန်၊ ထိုဖိုလ်ကို အာရုံပြုသော ပစ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တိဉာဏဒဿနက္ခန် မည်၏၊ ဤနည်းကိုလည်း ခန္ဓောတာရဏ ဟုဆို၏။

(ဂ) မဂ်စိတ္တုပ္ပါဒ်နှင့်အတူဥပါဒ်သော ကမ္မဇ စိတ္တဇရုပ်တို့တွင် စက္ခုပသာဒသည် စက္ခာယတန၊ ပေ၊ မဂ်စိတ်သည် မနာယတန၊ စေတသိက် သုခုမရုပ်သည် ဓမ္မာယတန၊ ဤကား အာယတနောတာရဏတည်း၊ စက္ခုပသာဒသည် စက္ခုဓာတ်, ဤသို့စသည်ဖြင့် သွင်းခြင်းသည် ဓာတောတာရဏတည်း၊ [ပဉ္စဝိညာဏဓာတ်, မနောဓာတ် မရနိုင်ပုံကို သတိပြု။] စက္ခုပသာဒသည် စက္ခုန္ဒြေ၊ ပေ၊ ဘုရားရှင်၏ ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေ၊ ဇီဝိတ, မန, ဥပေက္ခာ ဝေဒနာ, သဒ္ဓါ စသည်တို့သည် ဇီဝိတိန္ဒြေစသည်၊ သမ္မာဒိဋ္ဌိသည် အညိန္ဒြေ၊ ဤကား ဣန္ဒြိယောတာရဏတည်း။

အဝိဇ္ဇာ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" စသည်နှင့်အညီ, သင်္ခါရချုပ်ခြင်း၊ ပေ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့၏ ချုပ်ခြင်း ဖြစ်၏၊ ဤကား ပဋိလောမ ပဋိစ္စသမုပ္ပါဒေါတာရဏတည်း၊ ထိုအတူ မဂ်စိတ္တုပ္ပါဒ်၌ သတိသည် သတိပဋ္ဌာန်၊ ဝီရိယသည် သမ္မပ္ပဓာန၊ ဤသို့စသည်ဖြင့် မဂ္ဂတိုင်အောင် သတိပဋ္ဌာနောတာရဏ စသည်ပြုလေ။

လောကော၏အရဋ္ဌ ခန္ဓာ ၅ ပါးကို ယူ၍လည်း ခန္ဓောတာရဏ စသည်ပြုပါ၊ ဣန္ဒြေအရာ၌ မိန်းမဖြစ်လျှင် ဣတ္ထိန္ဒြေကို ရအပ်၏၊ ဒုက္ခခံ၍ ကျင့်ဝတ်ကို ဖြည့်ကျင့်ရာ၌ ဒုက္ခိန္ဒြေကို ရအပ်၏၊ ပုထုဇ်သော လောကဖြစ်၍ မဂ်ဖိုလ်ဟူသော ဓမ္မပုဗ္ဗာကို ယူလျှင် အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေတို့ကို ရအပ်ကုန်၏၊ ရဟန္တာလောက ဖြစ်လျှင် အညာတာဝိန္ဒြေကို ရအပ်၏။

ခန္ဓာ ၅ ပါးတွင် ပဋိစ္စသမုပ္ပါဒ်လာ အဝိဇ္ဇာပါဝင်၏၊ ထို အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ ဤသို့စသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ကိုငင်း, ရဟန္တာလောကဥ္စ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကိုငင်း ရအပ်၏၊ ပူဇယတေ အရ၌လည်း အကျိုးကာယ–ဝစီဝိညတ်နှင့် အကြောင်း စိတ္တုပ္ပါဒ်ရသော ကြောင့် လောကောအရ၌ကဲ့သို့ ခန္ဓောတာရဏာစသည် ပြုနိုင်၏။

အမှာ။ ။ စာမေးပွဲများ၌ "ရှာနံ အရကို ခန္ဓောတာရဏာပြုခဲ့ပါ" ဟု မေးလျှင် မေးသမျှကို ဩတာရဏာ ပြုပါ၊ ရှာနံအရ၌ ဝိတက်စသော ရှာန်အင်္ဂါ ၅ ပါးသာရသည်ကို သတိပြု၍ ဝေဒနာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ၂ပါးသာ ရသည်ဟုလည်းမှတ်ပါ။

------

## ၁၃။သောဓနဟာရ

## (ကျက်မှတ်ရန်)

(က) သုတ်၌ ထုတ်ပြ, ပုဒ်ဓမ္မကို, ပဒ–ပဒတ္ထာ, ပဉှာ–ဝိသဇ္ဇန, အာရမ္ဘဟု, ငါးခုဥဿုံ, သုတ်သင့်ပုံပြ, သောဓနေတည်း။

(ခ) မှတ်ကြရင်ဟော, ယံလောကောနှင့်, ပူဇယတေ ဆင့်၍, အသင့်ဝါကျ, ရှိစေရ၏၊...ဝါကျလုံးလုံး, မဆုံးသေးက, အာရမ္ဘသုဒ္ဓိ, မည်မရှိဘဲ, သုဒ္ဓိပဒ–စသည့် ၄ ဖြာ, ရှေ့မည်သာပြ, ဆုံးဝါကျ၏, ပဓာနမူ, ပဒစသည်, အာရာမ်မည်နှင့်, နှစ်လီနာမ, အမည်ရ၏။

(ဂ) ယံ ပဒသည်, ပဒသုဒ္ဓိ, အမည်ရှိ၏၊ ထို၏ အတွက်, ကံ အနက်က, ပဒတ္ထသုဒ်၊...လောကောပုဒ်လည်း, ထိုနည်းမသွေ၊ ... ပူဇယတေတွက်, ပုဒ်အနက်ကား,

ပဒ-ပဒတ္ထာ၊ ၂ ဖြာသုဒ္ဓိ၊ မည်ရှိသည့်ပြင်၊ လိုအင်
ဝါကျ၊ ပြီးဆုံးရသဖြင့်၊ ပဒအာရာမ်-သုဒ္ဓိမှန်၏၊...ဆိုရန်
ရည်ရွယ်၊ အဓိပ္ပာယ်လည်း၊ ပြည့်ကြွယ်စုံလတ်၊ ယင်း
သကတ်ကြောင့်၊ ပဒတ္ထရမ္ဘာ၊ သိဒ္ဓိပါတည်း။

(ဃ) ပဥ္စာဝိသဇ္ဇန၊ သုဒ္ဓိပြသော်၊ ကိမတ္ထမိဒံ-ဝုစ္စတေ ခံလျက်၊
ပုစ္ဆာ မြွက်ပြ၊ ရတနတ္တယ၊ ပူဇနတ္ထံ၊ ဣဒံ ဝုစ္စတေ၊
အဖြေလည်းဆို၊ ထိုတွင် ရှေးပြ၊ ပဒခိုက်မှာ၊ ဝုစ္စတေ
မပါသော်၊ ပုစ္ဆာ-ဝိသဇ္ဇန၊ သုဒ္ဓိမျှပေ၊ ဝုစ္စတေကျမှ၊
ပုစ္ဆ ဝိသဇ္ဇနံ၊ အာရာမ်သုဒ္ဓိ၊ ၂ မည်ရှိသည်၊...မှတ်ဘိ
သောာနေဟာရတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) ပဒ၊ ပဒတ္ထ၊ ပုစ္ဆာ၊ ဝိသဇ္ဇန၊ အာရမ္ဘ ငါးပါးကို သုတ်သင်ခြင်း လက္ခဏာရှိသော ဟာရသည် "သောဓိယန္တိ သမာဓိယန္တိ တေေန တွေဝါ" ဟူသော ဝစနတ္ထကြောင့် သောဓနမည်၏။ [တေေန-ဤဟာရဖြင့်၊ ဝါ၊ တွေ-၌၊ သောဓိယန္တိ-ပဒစသည်တို့ကို သုတ်သင်အပ်ကုန်၏၊ သမာဓိယန္တိ-ကောင်းစွာထားအပ်ကုန်၏။]

(ခ) ထိုသို့ သုတ်သင်ရာ၌ "ယံ လောကော ပူဇယတေ" ဟု ဝါကျရှိစေ ရ၏၊ ထိုတွင် ဝါကျမပြီးဆုံးသေးသော အခိုက်၌ အာရမ္ဘသုဒ္ဓိ အမည် မရသေး၊ ပဒ စသည်သာ မည်၏၊ အားထုတ်၍ ပြီးသော ဝါကျတစုလုံး၌ အဆုံးပဓာနပုဒ်ကား ပဒသုဒ္ဓိစသည်လည်း မည်၊ အာရမ္ဘသုဒ္ဓိလည်း မည်၏။

(ဂ) ယံ လောကော ပူဇယတေ ဝါကျ၌ ယံသည့် ပဒသုဒ္ဓိမည်၏။[ယံ ဟူသော ပုဒ်မှာ တစုံတရာ အပြင်အနာ မရှိ၊ သန့်ရှင်းစင်ကြယ်၏-

ဟူလို။] ယံ၏ ကံအနက်သည် ပဒတ္ထသုဒ္ဓိ မည်၏၊ လောကော ပုဒ်နှင့် ထိုပုဒ်၏ ကတ္တားအနက်လည်း ထိုနည်းအတိုင်းပင်၊ ဤ ၄ မျိုးပင် ဝါကျတရပ် အားထုတ်၍ အပြီး မသတ်သေး သောကြောင့် အာရမ္ဘသုဒ္ဓိ အမည်ကား မရကြသေး။

"ပူဇယတေ" ဟူသော ပုဒ်ကား ပုဒ်တခုနှင့် ပုဒ်တခု၏ အနက်ပြီး သောကြောင့် ပဒသုဒ္ဓိ ပဒတ္ထသုဒ္ဓိ အမည်ရှိသည့်အပြင် ဝါကျတရပ်အား ထုတ်၍ ပြီးသောကြောင့် အာရမ္ဘသုဒ္ဓိလည်း မည်၏။

(ဃ) ပုစ္ဆာ ဝိသဇ္ဇနသုဒ္ဓိကိုကား "ယံ လောကော ပူဇယတေတိ ကိမတ္တ မိဒ မုစ္စတေ" ဟု ပုစ္ဆာဝါကျကိုင်း "ရတန တ္တယ ပူဇနတ္ထ မိဒ မုစ္စတေ" ဟု ဝိသဇ္ဇနဝါကျကိုင်း ထုတ်၍ သိအပ်၏၊ ပုစ္ဆာ ဝါကျ၌ "ယံ လောကော ပူဇယတေတိပုဒ်, (အားလုံးမှ "ယံ လောကော ပူဇယတေတိ–ယံ လောကောပူဇယတေ"ဟူသော–ဟု အနက်ပေးရသော တပုဒ်သာ။) ကိမတ္ထံပုဒ်, ဣဒံ ပုဒ်တို့သည် ပဒပဥ္စ သုဒ္ဓိသာဖြစ်၏၊ ပုစ္ဆာရမ္ဘသုဒ္ဓိမဖြစ်သေး၊ ထိုပုဒ်တို့၏ ဝိသေသန, သမ္ဗန္ဓ, ကံ အနက်တို့သည် ပဒ ပဥ္စတ္ထသုဒ္ဓိသာ ဖြစ်၏၊ ဥစ္စတေ ပုဒ်ကား ပဒ ပဥ္စသုဒ္ဓိ, ပဒပဥ္စာရမ္ဘသုဒ္ဓိ ၂ မျိုး လုံးဖြစ်၏၊ ထိုပုဒ်၏ အနက်လည်း ပဒပဥ္စတ္ထသုဒ္ဓိ, ပဒပဥ္စာရမ္ဘသုဒ္ဓိ ၂ မျိုးလုံးဖြစ်၏၊ ဝိသဇ္ဇန ဝါကျ၌လည်း ဤအတိုင်း နည်းမှီ၍ စိစစ်ပါ၊ ပဒ ဝိသဇ္ဇနသုဒ္ဓိစသည် ဆိုရုံသာ ထူးသည်။

**အမှာ။** ။ "ပူဇာစ ပူဇနီယာနံ=ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း ၎င်း" ကဲ့သို့ ဝါကျတိုကလေးများဝယ် "ပူဇာ" ကဲ့သို့ ပုဒ်များ၊ "အဒ္ဒ အက္ခရာ သရာနာမ" ၌ သရာနာမ ကဲ့သို့ ပုဒ်များလည်း အာရမ္ဘသုဒ္ဓိ အမည်ရသည်သာ။

## ၁၄။ အဓိဋ္ဌာနဟာရ

## (ကျက်မှတ်ရန်)

(က) သုတ်ဥ္ဓလာဟာန်, ပုဒ်တန်တန်ကို, သာမန်–ဝိသေ, ခွဲစိတ်ဝေ၍, ကေတ်–ဝေမတ်, အနေမှတ်လျက်, ဝိကပ်ပယ်ခွါ, တည်စေရာဟိတ်, ကြောင်းနိမိတ်ကြောင့်, အဓိဋ္ဌာန, မည်ဟာရကား...

(ခ) ပဒမှန်ဘိ, အနက်ရှိကို, သိစေရိုးမှန်, လက္ခဏံကြောင့်, ယံ–ကေတ္တ, သျှဒ္ဓန္တမို့, ပေမတ္တမည်၊ သို့စသည်ဖြင့်, ရှေ့မည်ကေတ်, နောက်ဝေမတ်ဟု, ခွဲလုပ်ဘို့ရန်, ဒုတိယန္တ, ကမ္မတ္တနှင့်, ကေဝစနာ, စယာသိတ, ဂုဏစယာ, နာမာ ပဒ, သဗ္ဗ–ပယော, ထပ်လော ယ တ, ဧတိမ စသည်, အလိလိမှ, ယ ပယောဂါ, ဒဗ္ဗာ–ဗုဒ္ဓ, စသည့်ထွေထွေ, သင့်အောင်မွေလော၊...

(ဂ) တထွေ အတ္တ, ဓိဋ္ဌာနလည်း, အနိယမ, သာမညလျှင်, ကေတ်တွင်၏၊ မြတ်ရှင်ဗုဒ္ဓ, ဝေမတ္တာနှင့်, ကာရက–ကံ, အဝုတ္တံရှိ, ပတ္တိ–ကာယ, စိတ္တ ဒုဝိ, ဉာဏ္ဍိတ ကံ, စသည်လှန်လှစ်, နည်းပုဒ်စစ်မှ, ရသမျှယူလေ။

(ဃ) ပုဇယတေလည်း, ပုဒ်စစ်နည်းပင်, ထိုပြင်ပုဇန, သာမညကြောင့်, ကေတ္တမည်ရှိ, လောကော၏ ပုဇန, ဝိသေသကြောင့်, ဝေမတ္တမည်ပြန်, တဖန် နရဝရ, အာမိသနှင့်,

ဓမ္မပူဇာ, တဖြာဖြာတည်း၊ အန္တာပါန, စသည်တွေတွေ, ခွဲဝေ ရသမျှ, တည်စေရသည်, ...ဟာရဓိဋ္ဌာန် သဘောတည်း။

(ကြည့်ရှုရန် စကားပြေ)

(က) သုတ်၌လာသော ဓမ္မတို့ကို ဧကတ္တ–ဝေမတ္တ အားဖြင့် ထားခြင်း ထုတ်ဆောင်ခြင်း လက္ခဏာရှိသော ဟာရသည် "အဓိဋ္ဌိယန္တိ အနုပဝတ္တိယန္တိ ဧတေန ဧတ္ထ ဝါ သာမညဝိသေသဘူတာ ဓမ္မာ ဝိနာ ဝိကပ္ပေန" ဟူသော ဝစနတ္ထကြောင့် "အဓိဋ္ဌာန" မည်၏။ [ဧတေန–ဤဟာရဖြင့်၊ ဝါ, ဧတ္ထ–၌၊ သာမညဝိသေသဘူတာ–သာမညဝိသေသဖြစ်၍ ဖြစ်ကုန်သော၊ ဝါ–ဧကတ္တ ဝေမတ္တဖြစ်၍ ဖြစ်ကုန်သော၊ ဓမ္မာ–တို့ကို၊ ဝိကပ္ပေန (ဗိဝိဓကပ္ပနေန)– အမျိုးမျိုး စီရင်ခြင်းနှင့်၊ ဝိနာ–ကင်း၍ (အမျိုးမျိုးမရဘဲ နှော်နှော်တမျိုးသာ ရစေ၍) အဓိဋ္ဌိယန္တိ–တည်စေအပ် (အတည်ဖြစ်စေအပ်) ကုန်၏၊ အနုပဝတ္တိယန္တိ–နောက်နောက်အရ၌သာ ဖြစ်စေအပ်ကုန်၏။]

(ခ) [',ဧကတ္တ–တူသည်၏ အဖြစ်၊ ဝါ–သာမည၊ ဝေမတ္တ–မတူ ထူးခြားကွဲပြားသည်၏ အဖြစ်၊ ဝါ–ဝိသေသ။] ယံလောကော ပူဇယတေ ဝါကျ၌ ယံသည် "ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေန" ဟူသော ဝစနတ္ထနှင့်အညီ အနက်ကိုသိခြင်း၏ အကြောင်း ဖြစ်ခြင်း ဟူသော လက္ခဏာသာမည အားဖြင့် သျှာချွန္တ ပုဒ်တို့နှင့် ပဒချင်း တူသောကြောင်, ဧကတ္တ မည်၏၊ ယံ၏ သျှာချွန္တ အဖြစ်သည် ကား တျာချွန္တမှ ထူးသောကြောင့် ဝေမတ္တ မည်၏၊ ဤသို့ စသည်ဖြင့် ဧကတ္တ–ဝေမတ္တ သဘောကို သိပြီးလျှင်...

သျှာချွန္တ အဖြစ်သည် ဧကတ္တ–ပဋ္ဌမန္တ စသည် မဟုတ်သော ဒုတိယန္တ အဖြစ်သည် ဝေမတ္တ ထိုသည် ဧကတ္တ, ဝိသေသနတ္ထစသည်မဟုတ်သော ကမ္မတ္ထဒုတိယန္တ အဖြစ်သည် ဝေမတ္တ၊ ထိုသည် ဧကတ္တ,ဗဟု

ဝစနတ္ထ မဟုတ်သော ကေဝစနတ္ထ အဖြစ်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, ဒဗ္ဗစသည် မဟုတ်သော ဂုဏစယာသိတ အဖြစ်သည် ဝေမတ္တ။

ထိုသည် ကေတ္တ, ဥပသာရနိပါတ် မဟုတ်သော နာမပဒသျာဒျန္တ အဖြစ်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, နာမနာမ် စသည်မဟုတ်သော သဗ္ဗနာမ် အဖြစ်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, ဝစန သဗ္ဗနာမ်စသည်မဟုတ်သော ပယောဂဝန္တ သဗ္ဗနာမ် အဖြစ်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, တ-တေ-က္ကမစသည် မဟုတ်သော ယ ပယောဂဝန္တ အဖြစ်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, ဇာတိ ဂုဏ ကြိယာ နာမ မဟုတ်သော ဒဗ္ဗပယောဂဝန္တ အဖြစ်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, သာဝက ပစ္စေကစသည် မဟုတ်သော ဗုဒ္ဓဒဗ္ဗအဖြစ်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, ဗုဒ္ဓ-ဒသဗလ-သတ္ထာစသည် မဟုတ်သော နရဝရသဒ္ဒနှင့် ပယောဂဝန္တ အဖြစ်သည် ဝေမတ္တ၊ ဤကား သဒ္ဒါအားဖြင့် အဓိဋ္ဌာနတည်း။

(ဂ) အနက်အားဖြင့် အဓိဋ္ဌာနကား-ယံ၏ အနိယမသာမညသည် ကေတ္တ, ဗုဒ္ဓအနက်နှင့် ယှဉ်ခြင်းသည် ဝေမတ္တ၊ ဗုဒ္ဓဖြစ်နက်၏ ကာရကသာမညသည် ကေတ္တ, ကမ္မကာရကသည် ဝေမတ္တ၊ ဝုတ္တ-အဝုတ္တ ကမ္မကာရကသည် ကေတ္တ၊ အဝုတ္တ အဖြစ်သည် ဝေမတ္တ၊ နိပ္ဖတ္တိ, ဝိကတိ, ပတ္တိသာမညသည် ကေတ္တ, ပတ္တိကံ အဖြစ်သည် ဝေမတ္တ၊ ဤသို့ စသည်ဖြင့် ကာယဇိတ္တပတ္တိကံ ကုသိုလ်ကံစသည်ဖြင့် ပုဒ်စစ်ကို နည်းမှီ၍ စိစစ်ရာ၏။

လောကောပုဒ်၏ ပဒကေတ္တ, ဝေမတ္တကိုလည်း ပဒဝိစယဋ္ဌပြခဲ့သည်ကို နည်းမှီ၍ သိအပ်၏၊ အနက် ကေတ္တ ဝေမတ္တကား- သတ္တ, သြကာသ, သင်္ခါရအနက် သာမညသည် ကေတ္တ, သတ္တလောက အနက်သည် ဝေမတ္တ၊ ထိုသည် ကေတ္တ, မပွားဖော်တတ်မှ ထူးသော ပွားဖော်တတ်သော သတ္တလောက အနက်သည် ဝေမတ္တ၊ ထိုသည်

ကေတ္တ, နရဝရကို ပူဇော်သော သတ္တလောကသည် ဝေမတ္တ၊ ထိုသည် ကေတ္တ,··ပါဠိပုဂ္ဂလိက ပူဇက လောကသည် ဝေမတ္တ၊ ထိုသည် ကေတ္တ, ပါဠိတော်၌ "သဒါ" ဟူသော သဒ္ဒန္တရိတ်ကြောင့် အမြဲပူဇော်သော သတ္တလောကသည် ဝေမတ္တ။

(ဃ) ပူဇယတော၏ ပဒကေတ္တ ဝေမတ္တကိုလည်း ပဒဝိစယ နည်းမှီ၍ သိအပ်၏၊ အတ္တကား ပူဇနကြိယာ သာမညသည် ကေတ္တ၊ လောက၏ ပူဇနကြိယာဝိသေသသည် ဝေမတ္တ၊ ထိုသည် ကေတ္တ၊ နရဝရကို ပူဇော်ခြင်းသည် ဝေမတ္တ၊ ထိုသည် ကေတ္တ, အာမိသဓမ္မဖြင့် ပူဇော်ခြင်းသည် ဝေမတ္တ၊ ထိုသည် ကေတ္တ, အာမိသဓမ္မတပါးပါးကို ပူဇော်ခြင်းသည် ဝေမတ္တ၊ ထိုသည် ကေတ္တ, အနုပါနပူဇာ စသည်, ပရိယတ် ပဋိပတ် ပဋိဝေဓ ပူဇာ တပါးပါးသည် ဝေမတ္တ၊ ဤသို့ စသည်ဖြင့် နေ၁်နေ၁်အနက်၌သာ တည်စေရာ၏။

-----

## ၁၅။ ပရိက္ခာရဟာရ

## (ကျက်မှတ်ရန်)

(က) သုတ္တာဂတ, ပုဒ်မမွေ၏, သဘာ–အစ္ဆ, ဇနကနှင့်, အသာဓာရဏဟု, ဤလေးခုကို, ဟေတု အကြောင်း, မှတ်ကောင်း မှတ်ဘိ၊...ဝိသဘာဂ, ဗာဟိရနှင့်, ထမ္ဘက–သာဓာ, ဤလေးဖြာကို, ပစ္စယ ဆိုပါ၊ ထို ၂ ဖြာကို, ပေါင်းကာ စုပြ, ပရိက္ခာရ ဟု, မည်ရလေပြီး, ဟာရကြီးဝယ်၊...

(ခ) မီးထွန်းရာချင့်, မီးလျှံနှင့်တူ, မီးမူသဘာဂ, ဝိညာဏစက္ခု, ဖြစ်သည့်မူဝယ်, ဝတ္ထု မနသိ, အစ္ဆတ္တိတည်း၊ပဋိ

သန္တေ၊ တည်နေလေပြန်၊ ကံ ဇနက၊ ရုက္ခပေါက်သန္တေ့၊ မျိုးအစေ့မှာ၊ အသာဓာဟု၊ အကြောင်းစုကို၊ ဟောတု မှတ်လေ၊ ဆိတွေမိုးစာ၊ ဝိသဘာဂ၊ အာလောက–ရူပါရုံ၊ မှတ်ကုန် ဗာဟိ၊ တလီ အဝိဇ္ဇာ၊ တဏှာဥပါဒါန်၊စသည် ရုံခ၊ ထမ္ဘကနှင့်၊ အာပ–ပထဝီ၊ ရေ မြေ သည်ကား၊ မှတ်သား သာဓာရဏ၊ အကြောင်းမျှမို့၊ ပစ္စယဟော၊ ၄ ပါးသောတည်း။

(ဂ) ယံလောကောရှိ၊ ယံ၏အရ၊ ဂုဏဝိသိဋ္ဌာ၊ အဖြာဖြာတွင်၊ ပဋ္ဌမာဒိ–အစရှိမှ၊ ဥပစာရတိုင်၊ ဆိုင်ဆိုင်ရှေ့လာ၊ ကရ ဏာသည်၊ အပွနာရော့၊ နောက်နောက်ကရဏ၊ အဝဝ နှင့်၊ သဘာဂမှတ်၊ အစ္ဈတ် ဇနက၊ အသာဓလည်း၊ ဖြစ်သတည်းဟော၊ ယောနိသောမှု၊ မှတ်လောသဘာဂ၊ အစ္ဈတ္တနှင့် ဇနကသာ၊ သတ္တာ ဒုက္ခိတ၊ ဝေနေယျကား၊ အသဘာဂ၊ ဗာဟိရနှင့်၊ ထမ္ဘကဝင်း၊ သာဓာရဏ လောင်းလော၊ တကြောင်း ဟဒယ၊ ဝတ္ထုကမှု၊ အသ ဘာဂ၊ အစ္ဈတ္တနှင့်၊ ထမ္ဘက–အသာ၊ ၄ မျိုးဖြာဘိ။

(ဃ) လောက၏တွက်၊ ခန်ငါးချက်တွင်၊ ရူပက္ခန္ဓ အကြောင်း ပြသော်၊ အဝိဇ်–တဏှာ၊ ဥပါဒါနှင့်၊ အာဟာရ–ကံ၊ ဤ ငါးတန်ပင်၊ ထိုတွင် ရှေ့ရှိ၊ ကြောင်းသုံးကြည့်မူ၊ အစ္ဈတ္တိက၊ ပရံ ပရတည်း၊ ကံက အစ္ဈ၊ ဇနကနှင့်၊ ပရမ္ပရအကြောင်း၊ ၄ ပါးပေါင်းမှာ၊ မှတ်ပါအသဘာဂ၊ ·တမ္ဘကနှင့်၊ သာဓာရဏမည်၊ အာဟာရသည်ကား၊

အဇ္ဈတ္တိက, ဗာဟိရနှင့် ဧနက ထမ္ဘကာ, ၂ ဖြာသာဓ-အသာဓတည်း၊ ခန္ဓာနာမ်၏, အကြောင်းညှိသော်, အဲဝိ-တဏှာ, ဉပါဒါကို, သဘာဂါအဇ္ဈ, ဧနကနှင့်, ပရမ္ဗရဟိတ်ဟု, သတိပြုလော၊ ဝတ္ထု ဒွါရ, အာမရဏနှင့်, ဘောဇနေ ဉတု, စသည်စုကား, အသဘာဂ, ဗာဟိရ ထမ္ဘကာ, သာဓာရဏာပေ။

(င) ပူဇယတေအရ, ပူဇနကြိယာ, စိတ္တုပ္ပါနှင့်, နှစ်ဖြာဝိညတ်, ယှူပြီး လတ်သော်၊...စိတ္တုပ္ပါဒ်မှာ, သဒ္ဓါသဘာဂ, အဇ္ဈတ္တနှင့်, ဧနကကံ, သမနန် ပရမ္ဗရ, ဟောဘုပြဘိ၊... မနသိကား, သဘာဂ အဇ္ဈ, ဧနကနှင့်, သမနန္တရဟု, ကြောင်းဟောတုတည်း၊...ဝတ္ထုဒွါရ, ဂုဏာသွယ်သွယ်, ပူဇော်ဘွယ်မှာ, အသဘာဂ, ဗာဟိရနှင့်, ထမ္ဘက-သာဓာ, ပစ္စယသာမှတ်၊...ဝိညတ် နှစ်ဝ, ဟောတုပြသော်, စိတ္တဇဝါယော, ထပ်လောပထဝီ, ပစ္စယသည်ကား, နှစ်ပါးနာမ်ရုပ်, ခန္ဓာထုတ်သည်, မယုတ်ပရိက္ခာရတည်း။

## (ကြည့်ရှုရန် စကားပြေ)

(က) သုတ်ဒြလာသော တရားတို့၏ ဟေတု ပစ္စယအကြောင်း ၂ပါးကို ပြောဆိုဖွင့်ပြခြင်း လက္ခဏာရှိသော ဟာရသည် " ပရိကရောတိ အဘိသင်္ခရောတိ ဖလန္တိ ပရိက္ခာရော ဟောတုဇော, ပစ္စယောစ၊တံ အာစိက္ခတိတိ ပရိက္ခာရော" ဟူသော ဝစနတ္ထနှင့်အညီ "ပရိက္ခာရ" မည်၏။ [ဖလံ-အကျိုးကို၊ ပရိကရောတိ အဘိသင်္ခရောတိ-ပြုစီမံ

တတ်၏၊ ဣတိ, ပရိက္ခာရော–မည်၏၊ ဟေတုစေဝ–ဟေတုမည်ရ ဇနက အကြောင်းငှင်း၊ ပစ္စယောစ–ပစ္စယမည်ရ ဥပထမ္ဘက အကြောင်းငှင်း ရ၏၊ တံ–ထိုအကြောင်း ၂ ပါးကို၊ အာစိက္ခတိ–ပြောဆို ဖွင့်ပြတတ်၏၊ ဣတိ, ပရိက္ခာရော–မည်၏၊ "ပရိက္ခာရ အာစိက္ခန" ဆိုလိုလျက် အာစိက္ခနပုဒ်ကြေ။]

**ဟေတု ပစ္စယ။** ။သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏဖြစ်သော အကြောင်းသည် ဟေတု မည်၏၊ ဝိသဘာဂ, ဗာဟိယ, ဥပထမ္ဘက, သာဓာရဏ ဖြစ်သော အကြောင်းသည် ပစ္စယမည်၏။

(ခ) မိးညှိထွန်းရာ၌ ပဌမညှိသော (မီးခြစ်ဆန် စသည်မှ တော်သော) မီးသည် မီးတောက် မီးလျှံ ထသောအခါ ထိုမီးလျှံနှင့် သဘော တူသောကြောင့် သဘာဂအကြောင်း၊ စက္ခုဝိညာဏ် ဖြစ်ရာ၌ စက္ခုဝတ္ထုနှင့် မနသိကာရသည် ခန္ဓာကိုယ်၏ အတွင်း၌ဖြစ်သော အဇ္ဈတ္တိကအကြောင်း၊ ပဋိသန္ဓေ (ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်) တည်နေရာ၌ ရှေးကံသည် ဇနက အကြောင်း၊ သစ်ပင်ပေါက် ရာ၌ မျိုးစေ့သည် ထိုသစ်ပင်၏ အထည်ကိုယ်မှတပါး အခြား အကျိုးနှင့် မဆက်ဆံသောကြောင့် အသာဓာရဏအကြောင်း၊ ဤအကြောင်း လေးပါးကို "ဟေတု" ဟု မှတ်ပါ။

မီးထွန်းရာ၌ ဆီ–မီးစာတို့သည် မီးလျှံနှင့် သဘောမတူသောကြောင့် ဝိသဘာဂ အကြောင်း၊ စက္ခုဝိညာဏ်ဖြစ်ရာ၌ အာလောကနှင့် ရူပါရုံတို့သည် ဗာဟိရ အကြောင်း၊ ပဋိသန္ဓေနေရာ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဝတ္ထု အာရုံတို့သည် ဥပထမ္ဘက အကြောင်း၊ သစ်ပင်ပေါက်ရာ၌ မြေ ရေ (ပထဝီ အာပေါ) သည် ချိုချဉ်စသော အကျိုးအများနှင့် ဆက်ဆံသောကြောင့် သာဓာရဏအကြောင်း၊ ဤ ၄ ပါးကို "ပစ္စယ" ဟု မှတ်ပါ၊ ဤကား နေရာတိုင်း၌မှတ် ဘို့ရာ ဥပမာ ဥဒါဟရဏ် သဘောအားဖြင့် ထုတ်ပြခြင်းတည်း။

(ဂ) ယံ လောကောဒ္ဒ ယံ၏အရ ဂုဏဝိသိဋ္ဌတို့တွင် ကရုဏာတော်ကို ယူ၍ ပဌမဇော စသည်၌ဖြစ်သော ကရုဏာသည် ဒုတိယ ဇော စသည်၌ ဖြစ်သော ကရုဏာ၏၎င်း, ဥပစာရဈာန် ဇော၌ ဖြစ်သော ကရုဏာသည် အပ္ပနာဈာန်၌ဖြစ်သော ကရုဏာ၏၎င်း, သဘာဂ–အဇ္ဈတ္တိက–ဇနက–အသာဓာရဏ ဖြစ်သော ဟေတု အကြောင်းတည်း၊ ယောနိသော မနသိကာရသည် သဘာဂ–အဇ္ဈတ္တိက–ဇနက ဖြစ်သော ဟေတု အကြောင်းတည်း၊ ကုသိုလ် အားလုံးနှင့် ဆက်ဆံသောကြောင့် သာဓာရဏပစ္စယ အကြောင်း လည်း ဟုတ်၏။

ဒုက္ခိ တသတ္တာ ဝေနေယျတို့ကား ကရုဏာ၏ အသဘာဂ ဗာဟိရ–ဥပထမ္ဘက, သာဓာရဏဖြစ်သော ပစ္စယအကြောင်းတည်း၊ ကရုဏာ၏ မှီရာ ဟဒယဝတ္ထုကား အသဘာဂ–အဇ္ဈတ္တ–ဥပတ္ထမ္ဘက–အသာဓာရဏ အကြောင်းတည်း၊ [အသဘာဂနှင့် ဥပတ္ထမ္ဘက သည် ပစ္စယ၊ အဇ္ဈတ္တနှင့် အသာဓာရဏကား ဇနက။]

(ဃ) လောကော၏အရ ခန္ဓာ ၅ ပါးတွင် ရူပက္ခန္ဓာ၏ အကြောင်းကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရတည်း၊ ထိုတွင် အဝိဇ္ဇာ တဏှာ ဥပါဒါန်သည် အဇ္ဈတ္တိက ဥပထမ္ဘက ပစ္စယ အကြောင်း, ပရမ္ပရအကြောင်းလည်း မည်၏၊ ကံသည် အဇ္ဈတ္တိက ဇနက ဟေတု အကြောင်း, ပရမ္ပရအကြောင်းလည်း မည်၏၊ ထို ၄ ပါးလုံးပင် ရူပက္ခန္ဓာနှင့် သဘောမတူသောကြောင့် အသဘာဂ ဥပထမ္ဘက သာဓာရဏ အကြောင်းလည်း မည်၏၊ အာဟာရ သည် (အဇ္ဈတ္တအာဟာရနှင့် ဗဟိဒ္ဓအာဟာရ ၂ ခု ပေါင်းမိမှ ရုပ်ကို ဖြစ်စေနိုင်ရကား) အဇ္ဈတ္တာဟာရကို ရည်ရွယ်လျှင် အဇ္ဈတ္တိက, ဗဟိဒ္ဓါဟာရကို ရည်ရွယ်လျှင် ဗာဟိရသဘာဂ အကြောင်း, ထို ၂ ပါး အပေါင်းသည်ပင် ဇနက အသာဓာ ရဏ ဟေတုလည်း ဟုတ်၏၊ ထောက်ပံ့ရုံသာဖြစ်လျှင် ဥပထမ္ဘက သာဓာရဏ ပစ္စယလည်းဟုတ်၏။

နာမ်ခန္ဓာ ၄ ပါး၏ အကြောင်းကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ဝတ္ထု, ဒွါရ, အာရုံ, ဘောဇနု, ဥတုစသည်တည်း၊ ထိုတွင်အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် သဘာဂ, အဇ္ဈတ္တိက,ဇနကဟေတု အကြောင်းတည်း၊ ပရမ္မရ ဟိတ်လည်း ဟုတ်၏၊ ဝတ္ထု စသော ရုပ်တရားတို့ကား အသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏ ပစ္စယ အကြောင်းတည်း။

(င) ပူဇယတေ အရ ပူဇနကြိယာ ဟူသော စိတ္တုပ္ပါဒ်ကိုယူ၍ သဒ္ဒါ ယောနိသော မနသိကာရသည် ထိုစိတ္တုပ္ပါဒ်၏ သဘာဂ, အဇ္ဈတ္တ, ဇနက, ရှေ့နောက်ဖြစ်ရာ၌ သမနန္တရ–အဆက်ဆက် ဖြစ်ရာ၌ ပရမ္မရဟေတု အကြောင်း၊ ဝတ္ထု–ဒွါရ– ရတနတ္တယအာရုံ, အန္နပါန စသော ပူဇော်ဘွယ်များသည် အသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏ ပစ္စယအကြောင်း။...ပူဇယတေအရ ကာယဝိညတ် ယူလျှင် စိတ္တဇဝါယောဓာတ်သည် သဘာဂဟေတု အကြောင်း, ဝစီဝိညတ်ကို ယူလျှင် စိတ္တဇပထဝီဓာတ်သည် သဘာဂ ဟေတု အကြောင်း, ကြွင်းရုပ်နှင့် နာမ်ခန္ဓာတို့ကား ပကတူပနိဿယ ပစ္စယအကြောင်းတည်း။ [သဘာဂကို သမာနဘာဂ ဟုငင်း, အသဘာဂကို အသမာနဘာဂဟုငင်း၊ ဥပတ္ထမ္ဘကကို ပရိဂ္ဂါဟက ဟုငင်း နာမည်တပ်သေး၏။]

------

## ၁၆။ သမာရောပန ဟာရ

## (ကျက်မှတ်ရန်)

(က) သုတ္တာဂတ, ပုဒ်ဓမ္မကို, ပဒဋ္ဌာ–ဝေဝစန, ဘာဝနပဟာန်, လေးတန်တင်ပြ, ဟာရသမာ–ရောပနာကား။

(ခ) ပူဇာအရဲ့၊ အာမိသ–ခမ္မာ၊ ပူဇာစိတ္တုပ်၊ အရထုတ်ဘိ၊ ယောနိသော–နုံဒ္ဓမ္မ၊ စသည်နှင်နှင်၊ ပဒဠာန်တင်လော။

(ဂ) ထိုပြင်တဖြာ၊ ပါဠာနုသာရီ၊ စသည် ၄ ချက်၊ ပရိယာယ်စွက်၍၊ အနက်ပေးက၊ ဝေဝစနသမာ–ရောပနာတည်း။

(ဃ) ပူဇာအရ ၊ ပူဇော်ကြသည့်၊ဝေနေယျသန္တာန်၊ ဝေါဒါန်ပက္ခ၊ ဓမ္မထွေထွေ၊ သဒ္ဓိန္ဒြေမိုလ်၊ ထိုထိုဝိရိ၊ သတိသမ္မပ္ပဓာန်၊ စသည်နံ့လျက်၊ မဂ္ဂံတိုင်ထိ၊ ဗောဓိပက္ခ၊ ဖြူစင်ဓမ္မတို့၊ ပွားကြလေရာ၊ ဘာဝနာဟော၊ သမာရောတည်း။

(င) ထပ်လောပြောပြ၊ ဝေါဒါနဓါ၊ ပက္ခပဋိ၊ အသဒ္ဓိယ၊ ကောသဇ္ဇနှင့်၊ ပမာဒ–ကာမစ်၊ တရားညစ်တော၊ သံကိလေပက်၊ ကုန်ပျောက်ပျက်ဟု၊ ဆက်ဆက်ရှာပြ၊ ပဟာနသမာ–ရောပနာတည်း။

(စ) ဤမှာ ပြီးဆုံး၊ ကမ္ဘတ်ဖုံးဘို့၊ နိဂုံး အရောက်၊ တဆဲ့ခြောက်ဟု၊ မှတ်လောက်ဟာရ၊ သခေ်ပဖြင့်၊ ကာဗျလင်္ကာ၊ သဘင်စာကား၊ စဉ်လာ နွဲရိုး၊ တပွဲတိုးမျှ၊ အကျိုးရခွင့်၊ အမှန်သင့်၍၊ သို့နှင့်သည်တွင်၊ ပြီးစီးရင်သည်၊ သဘင်ခြိမ့်ခြိမ့် သဲစေသောဝ်။

(ကြည့်ရှုရန် စကားပြေ)

(က) သုတ်ဥ္ဒလာသော တရားတို့ကို ပဒဋ္ဌာန်၊ ဝေဝုစ်၊ ဘာဝနာ၊ ပဟာန်၊ လေးတန်သော အနက်တို့ဖြင့် ကောင်းစွာ တင်ပြခြင်း

လက္ခဏာ ရှိသော ဟာရသည် "သုမာရောပိယန္တိ တေန တွေဝါ ပဒတ္ထာနာဒိမုခေန ဓမ္မာ" ဟူသော ဝစနတ္ထကြောင့် "သမာရောပန" မည်၏။ [တေန၊ဤဟာရဖြင့်၊ဝါ, စုတ္တ–၌၊ ဓမ္မာ–သုတ်၌ လာသော တရားတို့ကို၊ ပဒဋ္ဌာနာဒိမုခေန–ပဒဋ္ဌာန် စသည်ကို အဦးပဓာန ပြုသဖြင့်၊ သမာရောပိယန္တိ–ကောင်းစွာ တင်ပြ အပ်ကုန်၏။]

ခ) ပူဇယတေဒ္ဓ ပူဇာအရ အာမိသပူဇာ ဓမ္မပူဇာနှင့် ပူဇော်ကြောင်း စိတ္တုပ္ပါဒ်ရ၏၊ ထို ပူဇာ–စိတ္တုပ္ပါဒ် ၊ ဖြစ်ခြင်း၏ အကြောင်း ပဒဋ္ဌာန်ကား ယောနိသော မနသိကာရ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပ နိဿယ, ပဋိရူပဒေသဝါသ, ပုဗ္ဗေစ၊ ကတပုညတာ တို့တည်း၊ ဤကား ပဒဋ္ဌာနသမာရောပနတည်း။

ဂ) **ယံလောကော ပူဇယတေ၊...(၁)** ယံနရဝရံ–အကြင်မြတ် ဘုရားကို၊ လောကော–သတ္တလောကသည်၊ ပူဇယတေ– ပူဇော် ၏– ဤကား ပါဠိလျှောက် အနက်ပေးသော ပါဠာနုသာရီသမ္ဗန် တည်း။

၂) ဝိပဿီအာဒိကံ–ဝိပဿီ အစရှိတော်မူသော၊ နရဝရံ–ရှေးရှေး မြတ်စွာဘုရားကို၊ လောကော–သည်၊ ပူဇယတေ ယထာ–ပူဇော် သကဲ့သို့၊ တထာ–ထို့၊ ယံ နရဝရံ–အကြင် ငါတို့ မြတ်စွာ ဘုရားကို၊ လောကော–သည်၊ ပူဇယတေ–၏၊ ဤကား ဥပမာ တည့်၍ အနက်ပေးသော ဥပမာသမ္ဗန်တည်း။

၃) ဂုဏဝိသိဋ္ဌတ္တာ–ဂုဏ်အထူး ရှိတော် မူသည်၏ အဖြစ်ကြောင့်၊ ယံ နရဝရံ–ကို၊ လောကော–သည်၊ ပုညပ္ပဝတ္တိဋ္ဌာနတ္တာ– ကောင်းမှု ဖြစ်ရာဌာန၏ အဖြစ်ကြောင့်၊ ပူဇယတေ–၏။ ဤကား ဟိတ် ထည့်၍ အနက်ပေးသော ဟေတုသမ္ဗန်တည်း။

(၄) ဂုဏဝိသိဋ္ဌတ္ထာ-ကြောင့်၊ ဝိပဿီအာဒိကံ-သော၊ နရဝရံ-ကို၊ လောကော-သည်၊ ပုညပ္ပဝတ္တိဋ္ဌာနတ္တာ- ကြောင့်၊ ပူဇယတေ ယထာ-သို့၊ တထာ-တူ၊ ဂုဏဝိသိဋ္ဌတ္ထာ-ကြောင့်၊ ယံ နရဝရံ-ကို၊ လောကော-သည်၊ ပုညပ္ပဝတ္တိဋ္ဌာနတ္တာ-ကြောင့်၊ ပူဇယတေ-၏၊ ဤကား ဥပမာ ဟေတုသမ္ဗန်တည်း။

ပါဌာနုသာရိ သမ္ဗန္ဓော, သမ္ဗန္ဓော ဥပမာယစ၊

ဟေတုနာပိစ သမ္ဗန္ဓော, ဥပမာဟေတုနာပိ စ၊

သမ္ဗန္ဓဘေဒါ ဝိညေယျာ, စတသောပိ ဝိဘာဝိနာ။

ထို့ပြင်- ဝေဝစနာဟာရ၌ ပြခဲ့သည့်အတိုင်း "ယံယာဒိသံ-အကြင်သို့ သဘောရှိသော၊ နရဝရံ ဗုဒ္ဓံ-မြတ်စွာ ဘုရားကို၊ လောကော သတ္တော-သတ္တအပေါင်းသည်၊ ပူဇယတေ မာနယတေ-မြတ်နိုး ကော်ရော် ပူဇော်၏" ဟု ဝေဝစနပရိယာယ် စကားလှယ်ထည့်၍ အနက်ပေးခြင်းကိုလည်း "ဝေဝစနသမာရောပန" ဟု ခေါ်၏၊

(ဃ) ပူဇယတေအရ ပူဇော်ကြသော ဝေနေယျတို့၏ သန္တာန်၌ ဝေါဒါနပက္ခ (ဖြူစင်သော အဘို့တွင် ပါဝင်သော) ဒါန သီလ ဘာဝနာ ဟူသော ဓမ္မအမျိုးမျိုး တိုးပွား၏၊ ဝါ-သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်မှစ၍ ဗောဇ္ဈင် မဂ္ဂင် တိုင်အောင်သော ဗောဓိပက္ခိယတရား အမျိုးမျိုးတို ပွားတိုးစည်ပင်ကုန်၏၊ ဤကား ဘာဝနာသမာရောပနတည်း၊ [ဘာဝနာ-ဖြစ်စေခြင်း၊ ဝါ-တိုးပွားစေခြင်း။]

(င) ထိုဝေါဒါနပက္ခ တရားအမျိုးမျိုး ပွားတိုးသည်နှင့်အမျှ ထို၏ ပဋိပက္ခ (ဆန့်ကျင်ဘက်) ဖြစ်သော လောဘ, ဒေါသ, မောဟ အရင်းခံရှိသည့် အသဒ္ဓိယ, ကောသဇ္ဇ, ပမာဒ, ကာမစ္ဆန္ဒနီဝရဏ. ညစ်ညမ်းသော သံကိလေသပက္ခတွင် ပါဝင်သော တရားဟူသမျှတို ပပျောက်ကြရလေသည်-ဤကား ပဟာနသမာရောပနတည်း။

**ဤမှာ ပြီးဆုံး။** ။ ဤ ၁၆ ပါးသော ဟာရတို့၏ အခြားမဲ့၌ နယနှင့် သာသနပ္ပဋ္ဌာနကိုလည်း ဆရာတော်တို့ ပြတော်မူကြသေး၏၊ ဤ၌ကား ဓမ္မာစရိယအတန်း စာမေးပွဲ၌ သုံးစွဲလောက်ရုံကိုသာ ရည်မှတ်၍ ရေးသားအပ်သော လင်္ကာဖြစ်သောကြောင့် ထိုနယ–သာသနပ္ပဋ္ဌာနတို့ကို မပြတော့ဘဲ သောဠသဟာရ အဆုံးမှာပင် နိဂုံးအုပ်ရပါတော့မည်။

**သဘင်စကား။** ။ အတော်ရှေးကျသော မြန်မာမင်းများ လက်ထက်၌ပင် "စာတော်ပြန် သဘင်" ဟု သာသနာ၀င် ပွဲလမ်းတရပ် သတ်မှတ် တည်ရှိခဲ့၏၊ ထို စာပြန်ပွဲကို ထို ရှေးကပင် နှစ်သက်–မနှစ်သက် ၂ ဘက် ကွဲပြားခဲ့၏၊ မနှစ်သက်ဘက်က အကြောင်းပြပုံမှာ–

(၁) စာအောင်ပုဂ္ဂိုလ်, ဓမ္မာစရိယ စသော ဂုဏ်ပကာသနနှင့် ထိုမှ ဆက်သွယ်သော လာဘသက္ကာရကို မြော်မြင်၍ စာသင်မှုသည် စာသင်နည်း ၃ မျိုးတွင် ဘုရားရှင် မြစ်တားအပ်သော အလဂဒ္ဒူပမာ (မြွေဖမ်းမတတ်ဘဲ မြွေဖမ်းသော အလမ္ပာယ်ဆရာသည် မြွေကိုက်ခံရသကဲ့သို့သော) စာသင်နည်းဖြစ်၍ အပြစ်ရှိခြင်း။

(၂) စာမေးပွဲ၌ ပြဋ္ဌာန်းအပ်သော ကျမ်းစာမျှကိုသာ (ထိုမျှကိုလည်း ပေါက်ပေါက် ရောက်ရောက် မဟုတ်, မှတ်စုမှတ်ရာ မျှကိုသာ) လေ့လာနေရသဖြင့် ဘုရားဟော ပါဠိတော်နှင့် အဋ္ဌကထာတို့ကို အသားကျကျ အ၀ါး၀အောင် မလေ့လာရခြင်း။

(၃) ပြဋ္ဌာန်းသမျှ ညဝါ နေ့ဝါ ကျက်စာတို့ကို နှုတ်တက်ကျက်ရသဖြင့် လေနာခြင်း အားနည်းခြင်းမှစ၍ ရောဂါ–မျိုးမျိုး ရတတ်သောကြောင့် စာမေးပွဲအောင်ပြီးသောအခါ ဂိလာနအလုပ်ဖြင့် အရိုးထုတ်ရတတ်ခြင်း။ [လယ်တီဆရာတော်ဘုရားကြီးကမူ မန္တလေး၌ ထင်ရှားသော စာပြန်ပွဲကြီးကို "လူသတ်ပွဲ" ဟုပင် အမွှန်းတင်တော် မူခဲ့သတတ်၊] ဤသို့ စသည်ဖြင့် အကြောင်းပြကြသည်။

စာပြန်ပွဲကို နှစ်သက်သော်ဘက်ကလည်း နှစ်သက်စရာ အကြောင်း ပြကြ၏။

(၁) စာမေးပွဲမဝင်လျှင် စာကို ကောင်းစွာ မသင်လိုကြ၊ စာမေးပွဲနှင့် ဖျားယောင်းမှသာ စာကို ကောင်းစွာသင်လိုကြသည်၊ ထို့ကြောင့် စာမေးပွဲ ဝင်သင့်သည်၊ [ငယ်ရွယ်စဉ်က ဂုဏ်–လာဘ်ကို မြှော်မြင်၍ ဝင်စေကာမူ (ရေမပြည့်ခင် ဖေါင်ဖင်ခတ်သော ရေအိုးသည် ရေပြည့်သောအခါ ဖေါင်ဖင်မခတ် ငြိမ်ဝပ်သကဲ့သို့) စာတတ်သောအခါ သူ့အသိဉာဏ်က သူ့ကိုဆုံးမ, ပါလိမ့်မည်တဲ့။]

(၂) စာမေးပွဲမဝင်သော ပုဂ္ဂိုလ်သည် (များသောအားဖြင့်) ညဝါကို သိပ်မကြိုးစားလို၊ ယခုအခါ မြန်မာနိုင်ငံ၌ ဆိုရှိုး ညဝါများ ကား အဘိဓမ္မာဘက်၌ နိုင်ငံခြား ပြိုင်ဘက်ကင်းလောက်အောင် အသိဉာဏ်ကို ဆောင်နေ၏။

(၃) စာမေးပွဲမဝင်လျှင် (များသောအားဖြင့်) ဆန်း အလင်္ကာတို့၌ ကျွမ်းကျင်မည်မဟုတ်၊ ထိုကျွမ်းမှုးကား အရေးအသား အပြော အပြောမှစ၍ အရာရာအသုံးဝင်လှ၏၊ တို့ကြောင့် စွမ်းနိုင်၍ အချိန်ရသော စာသင်သားတိုင်း စာမေးပွဲကို ဝင်သင့်ကြသည်၊ ဤသို့ စသည်ဖြင့် နှစ်သက်ဘက်ကလည်း အကြောင်း ပြကြပေသည်။

**လက်ရှိအခြေ။** ။ ဤသို့ စာပြန်ပွဲကို နှစ်သက်–မနှစ်သက် ၂ ဘက်လုံးက အကြောင်းပြပုံမှာ ကိုယ့်အယူအဆနှင့်ကိုယ် အများ အားဖြင့် ဖြစ်နိုင်ကြသည်ချည်းပင်တည်း၊ လက်ရှိအနေကို စဉ်းစား လျှင်ကား ရှေ့ပိုင်းတွင် စာပြန်ပွဲ မဝင်ဘက်က အရေးအသား လက်စွမ်း လက်စနှင့် စာပေပို့ချနေသည်ကို များစွာ တွေ့ရ၏၊ သို့သော် ယခုလက်ရှိအချိန်မှာမူ စာပြန်ပွဲမအောင်လျှင် ထိုပုဂ္ဂိုလ် အထံ၌ စာသင်လိုသူပင် နည်းပါးရုံသာမက, ထိုပုဂ္ဂိုလ်၏ အရေး အသားကိုလည်း လေးစားသော စာသင်သားများ နည်းပါးဘွယ် ရှိသောကြောင့် စာပြန်ပွဲ ဝင်ဘို့ရန် လမ်းညွှန်ရပါတော့သည်။

သို့ရာတွင် "စာပြန်ပွဲသက်သက်ကိုသာ ကြိုးစား၍ ကျမ်းရင်းစာသား ခွဲကား နိုင်နင်းသူနည်းပါးလှ၏" ဟု စာချဆရာတော်အများပင် ငြီးငြူရလောက်အောင် ဖြစ်ပျက်နေသော စာပြန်ပွဲမျိုးကိုကား စာပြန်ပွဲ လိုလားသော ဆရာတော်များ ကိုယ်တိုင်ကပင် ကျေနပ်ကြမည် မဟုတ်ပါ၊ ထိုကဲ့သို့ စာအောင်မျိုးလည်း သာသနာ့အရေးအရာဝယ် ဘယ်နေရာမှ ထယ်ထယ်ဝါဝါ မရှိနိုင်ပါ၊ ထို့ကြောင့် စာပြန်ပွဲလည်း လက်မလွှတ်စေရ၊ ကျမ်းရင်း စာသားကိုလည်း နိုင်ခွင်းအောင် အချိန်ခတ်နှောင်းနှောင်းကျမှ စာပြန်ပွဲဝင်ကြဘို့ သတိပေးလို ပါသည်။

မိမိကား အစိုးရပဌမကြီး အောင်ပြီးနောက် ၇ နှစ်လောက် စောင့် ဆိုင်း၍ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို အတော်လေ့လာပြီးမှ သကျသီဟနှင့် အစိုးရပဌမကျော်ကို ဝင်ခဲ့ပါသည်၊ ထိုမျှ အချိန် စောင့်၍ ဝင်ခဲ့သော်လည်း ဇာတကထာလက်ာ နေတ္တိ လက်ာ များကို အရကျက်ဘို့ ရေးသားခြင်းစသော ဉာဏ်ဝီရိယအပြင်, အောင်မြင်ဘို့ရာ ဘုရားကို ရည်မှန်း၍ ရေတော်ပန်းတော်လှူခြင်း ဘုရားရှင်၏ အပ္ပရာဇိတပလ္လင်တော်ဝယ် အောင်မြင်တော် မူပုံကို အာရုံပြုခြင်း စသည်ဖြင့် ကံ အသစ်ကိုလည်း အထူးပြုခဲ့ပါသေး သည်၊ ပဌမကျော် ဝင်မည့် အချိန်က သက်တော်ထင်ရှား မြတ် ဘုရားကို တမ်းတ တိုင်တယ်သော "ဥုံ နမော တေ ဝီရေတုံ မေ" စသော ဂါထာနှင့် တေးထပ်ကလေးမှာ ယခုတိုင် ရနေပါသေး၏။ [ဂါထာကို ရတနာ့ဂုဏ်ရည် အဆုံးမှာ ရှု။] တေးထပ်ကလေးကား–

**အောင်မြေပလ္လင် အောင်ပင်လှ၍, အောင်မြင်သပ ရန်သပုံ,**
**အောင်ရှင်ဘုရာ့ အရဟံဂုဏ်ဝယ်, မကျန်အကုန် တေဇာနှင့်၊**
**ဝေဆာမြင့်မြင့် ဆင်းရနဲ့လူတယ်, သတင်းပြန့်ကြူ ဆင့်ကဲသာ**
**လို့တင်း။**

မြင့်ဘဲသာလို့ မြင့်ရေးမပေါ်အောင်, အရှင့်မြေးတော်
ကျော်ကျော်သနင့်။
မလင့်တွေးမြွော်တော်လျော်သင့်ဘို့, ကော်ရော်သဖြင့် အရှင့်ထံ။
အောင်ပန်းထွေထွေ ညောင်ရေတကော်ဝီးနှင့် အောင်စေ
အကြောင်း ခွင့်တောင်း အောင်ဆုပန်။
အပွရာဇိတ ပလ္လင်ပျံမှာ, အရှင့်သဏ္ဍာန် စိတ်စဉ်ညွတ်လို့,
ထိပ်တင်တမွတ် အလွတ်ဖြိုးကြွယ်စွာ, မချွတ် ကိုးကွယ်ကာ၊
အောင်ပန်းဆင့်ဆင့် နိုင်ပွင့်ညှာကို, အနိုင်ကျင့်ကာ ယူစမ်းမယ်
ဖျလေး။
မရှောင်တန်းဖြင့် နိုင်သင့်ရာကို, အနိုင်ကျင့်ကာ ယူစမ်းမယ်
ဖျလေး။

ထိုကဲ့သို့ ကံဥာဏ်ဝိရိယဖြင့် ကြိုးစား၍ အခြေခံ ရမှုနှင့် စာပြန်ပွဲဂုဏ်စုကြောင့်ပင် ကျမ်းစာရေးသားရာ၌လည်း အထိုက်အလျော် အထမြောက်သည်ဟု ယူဆပါသည်၊ ထို့ကြောင့် မိမိ၏ နောင်လာ နောက်သား တူအရွယ် စာသင်သားတို့သည် မိမိလိုပင် နှစ်ရှည်ဆိုင်းငံ့ကာ အရာရာ အခြေရအောင် ကြိုးစားကြစေလိုပါသည်။

တပွဲတိုးမျှ...ခြိမ့်ခြိမ့်သဲစေသော်။ ။ ထို စာပြန်ပွဲများကို ဝင်နွဲချိန်က တပွဲတိုးမျှ ရည်ရွယ်၍ (ထယ်ထယ်ဝါဝါ မဟုတ်, ဖြစ်သလို) ရေးသားခဲ့ရသော နေတွင်အကောက် လင်္ကာသည် ဓမ္မာစရိယ တန်း စာသဘင်ဝယ် ပါဝင်သော ဘာသာတစိတ်ဖြစ်ရကား မိမိလိုပင် တပွဲတိုးနွဲမည့် အရှင်တို့၏စိတ်ကို နှစ်သိမ့်စေလျက် ခြိမ့်ခြိမ့်သဲမျှ အောင်ပွဲရ၍ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းနိုင်ကြပါစေဟု ရည်ညွှန်းပြုလျက် ယခုအခါ နိဂုံးအုပ်လိုက်ပါသည်။

နေတွင်ဟာရ
လင်္ကာနှင့် စကားပြေ ပြီးပြီ။